# အသင်းတော်အတွက်
# ဩဝါဒများ



မစ္စစ်အယ်လင်ဂျီဝှိုက်

# အသင်းတော်အတွက် ဩဝါဒများ

(ပထမပိုင်း)

အယ်လင်၊ဂျီ၊ဝှိုက်ရေးသားသည့် Counsels for the Church ကို ဦးစောဦးက
“အသင်းတော်အတွက်ဩဝါဒများ” အမည်ဖြင့်
မြန်မာပြန်ဆိုသည်။

| | | | | |
|---|---|---|---|---|
| ပထမပုံနှိပ်ခြင်း၊ | ၁၉၆၂ ခုနှစ်၊ | ဖေဖော်ဝါရီလ၊ | အုပ်ရေ | ၁၅၀၀ |
| ဒုတိယပုံနှိပ်ခြင်း၊ | ၁၉၈၅ ခုနှစ်၊ | စက်တင်ဘာလ၊ | အုပ်ရေ | ၂၀၀၀ |
| တတိယပုံနှိပ်ခြင်း၊ | ၂၀၀၁ ခုနှစ်၊ | ဇူလိုင်လ၊ | အုပ်ရေ | ၅၀၀၀ |
| စတုတ္ထပုံနှိပ်ခြင်း၊ | ၂၀၁၆ ခုနှစ်၊ | ဇန်နဝါရီလ၊ | အုပ်ရေ | ၂၇၅၀ |

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောမဲမရီထွန်း (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၂၇၅၀

တန်ဖိုး – ၃၀၀၀

# KEY TO ABBREVIATIONS

| | |
|---|---|
| AA | Acts of the Apostles |
| AH | Adventist Home |
| CD | Counsels on Diet and Foods |
| CG | Child Guidance |
| CH | Counsels on Health |
| CM | Colporteur Ministry |
| CS | Counsels on Stewardship |
| CT | Counsels to Parents, Teachers, and Students |
| DA | Desire of Ages |
| Ed | Education |
| Ev | Evangelism |
| EW | Early Writings of Ellen G. White |
| FE | Fundamentals of Christian Education |
| GC | Great Controversy |
| GW | Gospel Workers |
| LS | Life Sketches of Ellen G. White |
| ML | My Life Today |
| MH | Ministry of Healing |
| MM | Medical Ministry |
| MYP | Messages to Young People |
| PK | Prophets and Kings |
| PP | Patriarchs and Prophets |
| RH | The Adventist Review and Sabbath Herald (Review and Herald) |
| SC | Steps to Christ |
| SL | Sanctified Life |
| ST | Signs of the Times |
| Te | Temperance |
| 1T | Testimonies for the Church, Vol. 1 (2T, etc., for vols, 2 to 9) |
| 1TT | Testimonies Treasures, Vol.1 (2TT, 3TT, for vols. 2 and 3) |
| WM | Welfare Ministry |

# အမှာစာ

အာရှတိုက်တောင်ပိုင်းဒီဝီဇံနယ်ကြီးတွင် သတ္တမနေ့ဥပုသ်အသင်း၏ လုပ်ငန်းသည် တိုးတက်လာသောအခါ ဘာသာစကားအမျိုးမျိုးတို့ပြောဆို ရေးဖတ်တတ်ကြသောအသင်းသားတို့က အသင်းတော်အတွက် သက်သေခံ ချက်စာအုပ်များကို ဖတ်လိုကြသည်။ ဤစာအုပ်များသည် တစ်ကမ္ဘာလုံးရှိ အသင်းတော်ကိုခွန်အားနှင့်ပြည့်စေလျက် ကောင်းချီးပေးလေပြီ။ သက်သေခံ ချက်စာအုပ်ကိုးတွဲနှင့် မမဝှိုက်ရေးသောအခြားစာအုပ်များကို ရိုက်နှိပ်ရန်မဖြစ် နိုင်။ ဤစာအုပ်များမှထုတ်နုတ်ထားသောသြဝါဒများကို ဤစာအုပ်တွင် ဖော်ပြထားရာ ၎င်းတို့သည် အသင်းတော်အတွက် များစွာအကျိုးရှိလိမ့်မည်။

ဤစာအုပ်တွင် အခန်းခြောက်ဆယ့်ခြောက်ခန်းပါရှိ၍ ဤအရာများ ကိုရွေးချယ်စုပေါင်းရန် ဒီဝီဇံနယ်အသင်း၏ကော်မတီနှင့် မမဝှိုက်၏စာစောင် များကိုထိန်းသိမ်းထားရသော ဝါရှင်တန်မြို့၊ သတ္တမနေ့ဥပုသ်သာသနာအသင်း ချုပ်ကြီးတွင်ရှိအဖွဲ့တို့သည် စီမံပြုလုပ်ခဲ့ကြပြီ။

မမဝှိုက်စာအုပ်များမှရွေးချယ်ထားသောသြဝါဒများကို စုပေါင်းဘာသာ ပြန်၍ ရိုက်နှိပ်ထုတ်ဝေရသောအလုပ်သည် ပင်ပန်းသောလုပ်ငန်းတစ်ခုဖြစ် ပါသည်။ ဤစာအုပ်တွင် အရေးကြီးသောအချက်ကြီးများနှင့်ဆိုင်သောသြဝါဒ များကိုသာ ဖော်ပြထားသော်လည်း အကြောင်းအရာများစုံလင်စွာပါရှိသည်။ မည်သည့်စာအုပ်မှရွေးနုတ်ထားသည်ကို အခန်းအဆုံးတွင်ဖော်ပြထားပါသည်။ ချန်လှပ်ထားသောစာပိုဒ် (သို့မဟုတ်) စာကြောင်းများအကြောင်းကို ဖော်ပြ မထားပါ။

၁၉၅၅ ခုနှစ်က ပူးနားမြို့၌ ကျမ်းစာသင်ကျောင်းတွင် ဒီဝီဇံအသင်း ကြီးမှအမှုတော်ဆောင်အများစည်းဝေးကြရာ မမဝှိုက်၏အကြောင်းအရာနှင့် ၁၉၁၅ ခုနှစ်တွင် မမဝှိုက်သေဆုံးသည့်တိုင်အောင် အသင်းတော်နှင့်စပ်ဆိုင်၍ မမဝှိုက်ရရှိသောရူပါရုံများအကြောင်း နိဒါန်းတစ်ခုကိုဖော်ပြထားပါသည်။ ဤနိဒါန်းနှင့်စာအုပ်တွင်ဖော်ပြထားသောသြဝါဒ၏အခန်းများကို ရောနှော ရှုပ်ထွေးမသွားစေရန်သတိပြုပါ။

# အမှာစာ

ကြာမြင့်စွာကပင် မျှော်လင့်နေကြသော ဤစာအုပ်ကို ယခုရရှိပြီဖြစ်၍ ဝမ်းမြောက်စိတ်ကျေနပ်ဖွယ်ဖြစ်ပေသည်။ ဤသြဝါဒများနှင့်အကြံပေးချက်များအားဖြင့် စာဖတ်သူတို့သည် ကြွလာတော်မူခြင်းသတင်းစကားနှင့်ဆိုင်သော သမ္မာတရားကို ကောင်းစွာသိရှိနားလည်လာကြလျက် ခရစ်ယာန်ဇဟုသုတ ကို တိုး၍ရရှိကြလိမ့်မည်။ ၎င်းပြင် ဘုရားသခင်ကြွလာတော်မူသောနေ့တွင် အောင်မြင်ခြင်းရရှိဖို့ မျှော်လင့်နိုင်ကြလိမ့်မည်ဟု အာရုတိုက်တောင်ပိုင်းဒီဝီဇံ အသင်းကြီး၏အမှုဆောင်များနှင့် မမဂိုက်၏စာအုပ်များကိုထိန်းသိမ်းသော အဖွဲ့ကဆုတောင်းပါသည်။

မမဂိုက်စာအုပ်များကို
ထိန်းသိမ်းသောအဖွဲ့

# မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁၁ |
| ၁။ | သစ္စာရှိသောသူတို့အတွက်ဆုလာဘ်နှင့်ဆိုင်သောရူပါရုံ | ၇၁ |
| ၂။ | အမှုကုန်ဆုံးရာကာလ | ၈၁ |
| ၃။ | ဘုရားသခင်ကိုကြိုဆိုရန်ပြင်ဆင်ခြင်း | ၈၉ |
| ၄။ | ဘုရားသခင်၏သန့်ရှင်းသောဥပုသ်နေ့ကိုစောင့်ရှောက်ခြင်း | ၉၄ |
| ၅။ | သင်ဆောင်ရွက်ရန်အလုပ်တစ်ခုကိုခန့်ထားတော်မူခြင်း | ၁၂၁ |
| ၆။ | အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ | ၁၃၆ |
| ၇။ | အသင်းတော်၏စာပေစာစောင်များ | ၁၅၆ |
| ၈။ | ဘဏ္ဍာစိုးအရာနှင့်ဆိုင်သောဩဝါဒများ | ၁၆၁ |
| ၉။ | သခင်ခရစ်တော်နှင့်ပေါင်းစည်းခြင်းနှင့်ညီအစ်ကို အချင်းချင်းချစ်ခြင်း | ၁၈၇ |
| ၁၀။ | ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ သခင်ခရစ်တော် | ၁၉၆ |
| ၁၁။ | သန့်ရှင်းသောအသက်တာ | ၂၀၃ |
| ၁၂။ | မြေကြီးပေါ်ရှိအသင်းတော် | ၂၂၂ |
| ၁၃။ | အသင်းတော်တည်ထောင်ခြင်း | ၂၃၂ |
| ၁၄။ | ဘုရားသခင်၏အိမ်တော် | ၂၄၄ |
| ၁၅။ | မှားယွင်းသူများကိုပြုပြင်နည်း | ၂၅၄ |
| ၁၆။ | ဒုက္ခဆင်းရဲရောက်သောသူတို့အပေါ်၌ခရစ်ယာန်တို့ ထားအပ်သောသဘော | ၂၆၉ |
| ၁၇။ | လောကတစ်ဝန်းလုံးရှိခရစ်ယာန်တို့သည်သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြ၏ | ၂၇၈ |
| ၁၈။ | လူ၏ပုံသဏ္ဍာန်ရှိသောဘုရားသခင်၌ယုံကြည်ခြင်း | ၂၈၉ |
| ၁၉။ | ခရစ်ယာန်တို့သည်ဘုရားသခင်အကြောင်းကိုဖော်ပြခြင်း | ၂၉၈ |
| ၂၀။ | အသင်းတော်အတွက်သက်သေခံချက်များ | ၃၀၉ |

## မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| ၂၁။ | ကျမ်းစာအုပ် | ၃၂၆ |
| ၂၂။ | လောကဥ္စရှိသော်လည်းလောကနှင့်မသက်ဆိုင်ခြင်း | ၃၃၉ |
| ၂၃။ | သန့်ရှင်းသောဝိညာဉ်တော် | ၃၄၆ |
| ၂၄။ | ဆုတောင်းစည်းဝေး | ၃၅၄ |
| ၂၅။ | နှစ်ခြင်းမင်္ဂလာ | ၃၆၂ |
| ၂၆။ | ဘုရားသခင်၏ပွဲတော်မင်္ဂလာ | ၃၆၉ |

## နိဒါန်း
## သခင်ခရစ်တော်ကိုကြိုဆိုရန်ပြင်ဆင်ခြင်း

သခင်ယေရှုသည် မိမိတို့အတွက်လုပသောအိမ်ကိုပြင်ဆင်ရန်ကြွသွားတော်မူပြီးနောက် ထိုအိမ်သို့မိမိတို့ကိုယူဆောင်သွားရန် ပြန်ကြွလာတော်မူမည့်အချိန်ကို သတ္တမနေ့ဥပုသ်အသင်းသားအားလုံးတို့သည် မျှော်လင့်တောင့်တလျက်ရှိနေကြသည်။ ထိုကောင်းကင်အိမ်တော်တွင် အပြစ်၊ စိတ်ပျက်ခြင်း၊ ဆာငတ်မွတ်ခြင်း၊ ဆင်းရဲခြင်း၊ ဖျားနာခြင်းနှင့်သေခြင်းအမှုများ ရှိတော့မည်မဟုတ်ပါ။ သစ္စာရှိသောသူတို့ခံစားရမည့်အခွင့်အရေးတို့ကို တမန်တော်ယောဟန်သည် ဆင်ခြင်အောက်မေ့သောအခါ၊ "ဘုရားသခင်၏သားတော် ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။–– ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့ သောသူဖြစ်မည်ဟု မထင်ရှားသေး၊ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့." ဟု မကြွေးကြော်ဘဲမနေနိုင်ချေ။ (၁ယော ၃း၁၊၂)။

အကျင့်တွင် သခင်ယေရှုနှင့်တူညီခြင်းသည် မိမိ၏လူတို့အတွက် ဘုရားသခင်ရည်ရွယ်တော်မူချက်ဖြစ်၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် အညီဖန်ဆင်းထားခြင်းခံရသောလူ၏အိမ်ထောင်သားများတို့သည် ဘုရားသခင် ကဲ့သို့စုံလင်သောအကျင့်တို့ကိုကျင့်ရကြမည်အကြောင်း အစအဦးကပင် ဘုရားသခင်သည် ကြံစည်ထားတော်မူပြီ။ ဤအကြောင်းအရာကိုဖြစ်မြောက် စေရန် ကျွန်ုပ်တို့၏ပထမဦးဆုံးမိဘများသည် ဧဒင်ဥယျာဉ်၌ သခင်ခရစ်တော်နှင့်ကောင်းကင်တမန်များတို့ထံမှ မျက်နှာချင်းဆိုင်လျက် သွန်သင်ချက်များကို ခံယူရရှိခဲ့ရကြ၏။ သို့သော် လူသည်အပြစ်ပြုပြီးနောက် ကောင်းကင်သား များတို့နှင့် ဤကဲ့သို့လွတ်လပ်စွာပြောဆိုခွင့်မရနိုင်ကြ။

လူသည် လမ်းပြသွန်သင်သူမရှိဘဲမဖြစ်စေခြင်းငှာ ဘုရားသခင်သည် မိမိ၏လူတို့အား မိမိ၏အလိုတော်ကိုဖော်ပြရန် အခြားသောနည်းကိုရွေးချယ်တော်မူ၏။ အလွန်ထူးခြားသောနည်းမှာ ပုရောဖက်များအားဖြင့်ဖြစ်သည်။ ထိုသူတို့ကား၊ လူတို့အားကြားပြောရန် ဘုရားသခင်ထံတော်မှသတင်းစကား ကို ခံယူရရှိသောယောကျ်ား၊ မိန်းမများဖြစ်ကြသည်။ ဘုရားသခင်က ဣသရေလလူတို့အား၊ "သင်တို့တွင်ပုရောဖက်ရှိလျှင်၊ ငါထာဝရဘုရားသည် ထိုသူ၌ထူးဆန်းသောရူပါရုံအားဖြင့် ကိုယ်ကိုပြမည်၊ (သို့မဟုတ်) အိပ်မက်အားဖြင့်ဗျာဒိတ်ပေးမည်" ဟု ဖော်ပြတော်မူ၏။ (တော ၁၂း၆)။

ဘုရားသခင်၏လူတို့သည် မိမိတို့အသက်ရှင်နေသေးသောအချိန်ကာလသာမက နောင်လာလတ္တံ့သောခေတ်ကာလအကြောင်းကို သိရှိနားလည်စေခြင်းငှာ သူတို့အားကြိုတင်သိမြင်စေမည်အကြောင်း ဘုရားသခင်သည် ကြံစည်ထားတော်မူ၏။ "အကယ်စင်စစ် ဘုရားသခင်သည် မိမိကျွန်ပုရောဖက်တို့အားမဖော်မပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ" (အာမုတ် ၃း၇)။ ဤနည်းဖြင့် ဘုရားသခင်၏လူများတည်းဟူသော အလင်း၏သား (၁သက် ၅း၅) တို့ကို လောကသားများနှင့်ခြားနားစေ၏။

ပုရောဖက်၏လုပ်ငန်းသည် နောင်ကာလအတွက်ကြိုတင်ဟောပြောမှုထက်ပင် သာ၍များပြားပါသည်။ ကျမ်းစာခြောက်စောင်ကိုရေးသားခဲ့သော ပုရောဖက်မောရှေသည် နောင်ကာလဖြစ်ပျက်မည့်အကြောင်းအရာအနည်းငယ်မျှလောက်သာ ရေးသားခဲ့၏။ သူ၏လုပ်ငန်းအကြောင်းကိုဟောရှေက ဤကဲ့သို့သာ၍လေးနက်စွာဖော်ပြထားပါသည်။ "ထာဝရဘုရားသခင်သည် ပုရောဖက်အားဖြင့် ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှကယ်နုတ်၍ ပုရောဖက်အားဖြင့်လည်းစောင့်မတော်မူ၏" (ဟောရှေ ၁၂း၁၃)။

ပုရောဖက်ကိုလူအချင်းချင်းကခန့်ထားသည်မဟုတ်။ ကိုယ်တိုင်လည်း အလိုအလျောက်ဖြစ်လာသည်မဟုတ်။ လူ၏စိတ်နှလုံးကိုသိမြင်တော်မူသော ဘုရားသခင်တစ်ပါးတည်းသာလျှင် တစ်စုံတစ်ယောက်သောသူအား ပုရောဖက်အဖြစ်နှင့်ရွေးချယ်ခန့်ထားနိုင်တော်မူ၏။ လုံးလုံးဘုရားသခင်၏တာဝန်ပင်

ဖြစ်သည်။ ဘုရားသခင်၏လူတို့နှင့်ဆိုင်သောရာဇဝင်တွင် ကာလအဆက်ဆက် ဘုရားသခင်သည် မိမိအတွက်စကားပြောဆိုစေရန် ယောကျ်ား၊ မိန်းမတို့ကို ရွေးချယ်တော်မူခဲ့ကြောင်း အထူးသဖြင့်ထင်ရှားခဲ့ပြီ။

ဘုရားသခင်၏ကိုယ်စားတော်အဖြစ်ပြောဆိုရန် ရွေးချယ်ခြင်းခံရသော ဤယောကျ်ား၊ မိန်းမများတည်းဟူသော ဤပုရောဖက်တို့သည် သန့်ရှင်းသော ရူပါရုံ၌ ဘုရားသခင်ကသူတို့အားဖော်ပြတော်မူသောအရာများကိုပြောဆို၊ ရေးသားခဲ့ကြပြီ။ သူတို့၏သတင်းစကားများတွင် ဘုရားသခင်၏အဖိုးထိုက် သောနှုတ်ထွက်စကားတော်ပါရှိ၏။ ဤပုရောဖက်များအားဖြင့် လူ၏အိမ်ထောင် သားတို့သည် လူ၏ဝိညာဉ်များအတွက် တိုက်ခိုက်လျက်ရှိနေသောတိုက်လှန် ပွဲ၊ သခင်ခရစ်တော်နှင့် ကိုယ်တော်၏ကောင်းကင်တမန်များကတစ်ဘက်၊ စာတန်နှင့်သူ၏တမန်များကတစ်ဘက် တိုက်ခိုက်နေသောစစ်ပွဲအကြောင်းသိရှိ နားလည်ခွင့်ရရှိခဲ့ကြပြီ။ ကမ္ဘာမြေကြီး၏နောက်ဆုံးကာလတွင် ဤတိုက်လှန် ပွဲအကြောင်းကိုလည်းကောင်း၊ မိမိ၏အမှုတော်ကိုစောင့်ရှောက်ပြုစုရန်နှင့် မိမိ တို့၏ဘုရားသခင်ကိုစောင့်မျှော်နေကြသောယောကျ်ား၊ မိန်းမတို့တွင်ပါဝင်သော သူတို့၏အကျင့်ကိုစုံလင်စေရန် ဘုရားသခင်စီမံတော်မူသောနည်းလမ်းများ အကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့သည် သိရှိနားလည်ခွင့်ရရှိကြသည်။

ကျမ်းစာကိုရေးသားသူတို့တွင် နောက်ဆုံးဖြစ်သောတမန်တော်များက ကျွန်ုပ်တို့အား နောက်ဆုံးကာလ၏အဖြစ်အပျက်များအကြောင်းကို ထင်ရှားစွာ ဖော်ပြထားကြပါသည်။ ပေါလုသည် "ခဲယဉ်းဆိုးယုတ်သောကာလ" အကြောင်း ကိုရေးသား၍ မိမိတို့တပ်မက်ခြင်းအတိုင်းပြုကျင့်လျက် ကဲ့ရဲ့ပြစ်တင်ပြီး "သခင်ယေရှုကြွလာတော်မူမည်ဟူသောကတိတော်သည် အဘယ်မှာရှိသနည်း" ဟု ပြောဆိုနေသူတို့အကြောင်းကို ပေတရုကသတိပေးထား၏။ "ကြွင်းသော အမျိုးအနွယ်ကိုစစ်တိုက်ခြင်းငှာ ထွက်သွား" သောစာတန်ကို ယောဟန်သည် မြင်ရသောကြောင့် အသင်းတော်သည် ဤအချိန်ကာလတွင် တိုက်လှန်ပွဲ၌ ပါဝင်နေရလိမ့်မည်။

သခင်ယေရှုမကြွလာတော်မူမီ မိမိ၏လူများအား ထူးခြားသောအလင်းနှင့်အကူအညီကိုပေးရန် ဘုရားသခင်သည် စီမံကြံစည်ထားတော်မူကြောင်း ကျမ်းစာကိုရေးသားသောဤသူတို့သည် သိမြင်ရကြပြီ။

သခင်ခရစ်တော်ကြွလာတော်မူခြင်းကို မျှော်လင့်နေသောအသင်းတော်တည်းဟူသော သတ္တမနေ့ဥပုသ်အသင်းတော်သည် ဆုတော်တစ်စုံတစ်ခုမျှ မလျော့ဟု ပေါလုကဖော်ပြထား၏။ (၁ကော ၁း၇၊၈)။ ၎င်းသည် ကောင်းမြတ်သောခေါင်းဆောင်၏လက်အောက်၌ တစ်လုံးတစ်ဝတည်းကြီးပွားလျက် ပုရောဖက်ဉာဏ်တည်းဟူသောဆုကျေးဇူးဖြင့် ကောင်းချီးမင်္ဂလာကိုခံစားရလိမ့် မည်။ အကြောင်းမူကား၊ ထိုအသင်းတော်တွင် တမန်တော်၊ ပုရောဖက်၊ သာသနာပြုသူ၊ သင်းအုပ်နှင့်ဆရာများကို တွေ့ရှိရလိမ့်မည်။ (ဧ ၄း၁၁)။

တမန်တော်ယောဟန်က နောက်ဆုံးကာလရှိအသင်းတော်တည်းဟူ သော "ကျန်ကြွင်းသောအသင်းတော်" တွင်ပါဝင်သောသူတို့အား "ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်" သောသူများဖြစ်သည်ဟု ဖော်ပြထား၏။ ဗျာ၊ ၁၂း၁၇။ ထိုသို့အားဖြင့် သူတို့အားပညတ်တော်တို့ကိုကျင့်သောအသင်းတော် ဖြစ်စေ၏။ ဤကျန်ကြွင်းသောအသင်းတော်သည် "သခင်ယေရှု၏သက်သေ ဖြစ်သည်။" ပုရောဖက်ဟောသောစကားချက်သဘော" ကိုလည်း ရရှိထား ကြ၏။ (ဗျာ ၁၉း၁၀)။

အနာဂတ်စကားနှင့်ဆိုင်သောအသင်းတော်ဖြစ်သည့် သတ္တမနေ့ဥပုသ်အသင်းတော်သည် ဘုရားသခင်၏စီမံကိန်းအတိုင်း ဖြစ်ပေါ်လာသောအခါ ၎င်းပုရောဖက်ဟောသောစကားချက်သဘောရှိလာလိမ့်မည်ကို အသေအချာထင်ရှားစေ၏။ လွန်ခဲ့သောနှစ်ပေါင်းများစွာအထက်က အထူးလိုအပ်သောအချိန်ကာလတွင် ဘုရားသခင်သည် မိမိ၏လူများတို့အားမိန့်တော်မူခဲ့သည် နည်းတူ တိုက်လှန်ပွဲသည်အလွန်ပြင်းထန်၍ ခေတ်ကာလသည် အလွန်ဆိုးယုတ်လာသောအခါ ဘုရားသခင်သည် မိမိ၏လူတို့အား မြေကြီး၏နောက်ဆုံးကာလ၌မိန့်တော်မူဖို့ မည်မျှဆီလျော်လိမ့်မည်နည်း။

အနာဂတ်စကားနှင့်ဆိုင်သော အသင်းတော်တည်းဟူသော သတ္တမနေ့ဥပုသ်အသင်းသည် အနာဂတ်စကားအားဖြင့်သတ်မှတ်ထားသောအချိန်တွင် အနှစ်တစ်ရာကျော်အထက်ကဖြစ်ပေါ်လာသောအခါ "ဘုရားသခင်သည် ကျွန်ုပ်အားသန့်ရှင်းသောရူပါရုံတွင်ဖော်ပြတော်မူ၏" ဟု ပြောဆိုသော စကားသံတစ်ခုကို ကျွန်ုပ်တို့အထဲတွင်ကြားရလေ၏။

ဤအရာတို့သည် ကြွားဝါ၍ပြောသောစကားများမဟုတ်ပါ။ ဘုရားသခင်အတွက်တစ်ဆင့်ပြောဆိုရန် ရွေးချယ်ခြင်းခံရ၍ အသက်ဆယ့်ခုနစ်နှစ်ရှိမိန်းမပျိုတစ်ဦးက ပြောဆိုသောစကားများဖြစ်ပါသည်။ နှစ်ပေါင်းခုနစ်ဆယ်ကြား သစ္စာနှင့်အမှုတော်ဆောင်လျက်နေစဉ် ထိုအသံကိုကျွန်ုပ်တို့အထဲတွင်ကြားရပြီး ကျွန်ုပ်တို့အားလမ်းပြသွန်သင်ဆုံးမလျက်ရှိခဲ့ပြီ။ ဘုရားသခင်ရွေးချယ်တော်မူသောစေတမန်ဖြစ်သူ မစ္စစ် အီး၊ ဂျီ၊ ဝိုက်၏ကလောင်ဖြင့် မမောမပန်းရေးသားခဲ့သည့် ထောင်ပေါင်းများစွာသော စာမျက်နှာတို့အားဖြင့် ယခုခေတ်တွင် ထိုစကားသံကို ကျွန်ုပ်တို့သည် ကြားနေရကြသေးသည်။

### *သခင်ခရစ်တော်နှင့်စာတန်တို့၏တိုက်လှန်ပွဲကြီးအကြောင်းရူပါရုံ*

၁၈၅၈ ခု၊ မတ်လအလယ်လောက်တွင် တနင်္ဂနွေနေ့မွန်းလွဲအချိန်၌ အမေရိကန်ပြည်အရှေ့ပိုင်းရွာတစ်ရွာရှိ ကျောင်းကလေးတစ်ကျောင်း တွင် အမျိုးသား၊ အမျိုးသမီးများတို့သည် စည်းဝေးနေကြ၏။ ဆရာကြီးဂျိမ်း (စ်) ဝိုက်သည် လူငယ်တစ်ယောက်၏အသုဘကိစ္စအတွက် အသုဘတရားဟောပွဲကိုပြုလုပ်နေ၏။ သူသည် ဟောပြောပြီးသောအခါ မစ္စစ် အီး၊ ဂျီ၊ ဝိုက်သည် စိတ်မသာဝမ်းနည်းနေသောသူတို့အတွက် စကားအနည်းငယ် ပြောလို၏။ သူမသည်ထလျက် တစ်မိနစ်၊ နှစ်မိနစ်လောက်ပြောဆိုပြီးနောက် ရပ်နားနေ၏။ လူများတို့သည် သူမ၏နှုတ်မှ နောက်ထွက်လာမည့်စကားများ ကိုနားထောင်ရန်မျှော်ကြည့်ကြ၏။ "ဘုရားသခင်ဘုန်းကြီးတော်မူပါစေ၊ ဘုရားသခင်ဘုန်းကြီးတော်မူပါစေ၊ ဘုရားသခင်ဘုန်းကြီးတော်မူပါစေ" ဟု

သုံးကြိမ်တိုင်လေးနက်စွာအော်ပြောသောစကားကြောင့် သူတို့သည် အနည်းငယ် အံ့သြနေကြ၏။ မစ္စစ်ဝှိုက်သည် ရူပါရုံကိုမြင်နေရ၏။

ဆရာကြီးဝှိုက်က လူများတို့အား မစ္စစ်ဝှိုက်အားဖော်ပြခဲ့သော ရူပါရုံများအကြောင်းကိုပြောပြပါသည်။ သူမသည် ဆယ့်ခုနစ်နှစ်အရွယ်ရှိ မိန်းမပျိုဖြစ်ခဲ့စဉ်ကပင် ရူပါရုံများကိုမြင်ခဲ့ရသည်ဟု သူကရှင်းလင်းပြ၏။ သူမ၏မျက်စိများသည်ပွင့်နေလျက် အဝေး၌ရှိသောအရာကိုမျှော်ကြည့်နေသည် ဟု ထင်ရသော်လည်း သူမသည် မိမိ၏ပတ်လည်၌ဖြစ်ပျက်နေသောအရာ တို့ကိုဘာမျှမသိဟု သူကထိုလူများအားပြောပြ၏။ သူက တောလည်ရာကျမ်း ၂၄း၄၊၁၆ ကိုညွှန်ပြရာ "ဘဝင်ဖြစ်၍ မျက်စိပွင့်လျက် ဘုရားသခင်၏ရူပါရုံ ကိုမြင်၍၊ အမြင့်ဆုံးသောဘုရားသခင်ပေးတော်မူသောဉာဏ်ကိုရ၍ ဘုရားသခင် ၏အမိန့်တော်ကိုကြားသောသူအကြောင်းကို ကျွန်ုပ်တို့ဖတ်ရကြ၏။

သူမသည် ရူပါရုံကိုမြင်နေရစဉ်အသက်မရှူဟု သူကလူများအား ရှင်းပြ၍ ဒံယေလ ၁၀း၁၇ ကိုဖွင့်လျက် ရူပါရုံရစဉ် ဒံယေလ၏အဖြစ် အပျက်ကိုဖတ်ပြ၏။ "ယခုပင် အကျွန်ုပ်ကိုယ်၌ခွန်အားအလျှင်းမရှိပါ။ အကျွန်ုပ်အသက်လည်းကုန်ပါပြီ" ဟု သူမကဆို၏။ ထိုနောက် မစ္စစ်ဝှိုက် သည် ရူပါရုံကိုမြင်နေရစဉ် သူမကိုစစ်ဆေးကြည့်ရန် အလိုရှိသောသူတို့ကို ဆရာကြီးဝှိုက်ကခေါ်ပြ၏။ ထိုသို့စုံစမ်းစစ်ဆေးရန်သူကအမြဲအခွင့်ပေး၏။ ၎င်းပြင် ရူပါရုံကိုမြင်နေရစဉ် သူမအားစစ်ဆေးရန်ဆရာဝန်တစ်ယောက်ကို ရရှိနိုင်လျှင် သူသည်သဘောကျနှစ်သက်၏။

လူများသည် အနီးသို့ချဉ်းကပ်လာကြသောအခါ မစ္စစ်ဝှိုက်သည် အသက်မရှူသော်လည်း သူ၏နှလုံးသည် ထုံးစံအတိုင်းခုန်နေလျက် သူမ၏ ပါးစပ်များတွင် အရောင်အဆင်းမပြောင်းဘဲ ပကတိအတိုင်းရှိနေ၏။ မှန် တစ်ချပ်ကိုယူ၍ သူမ၏မျက်နှာရှေ့တွင်ထားရာ မှန်ပေါ်၌အခိုးအငွေ့များမရှိ ချေ။ ထိုနောက် သူတို့သည် ဖယောင်းတိုင်တစ်တိုင်ကိုမီးထွန်း၍ သူမ၏ နှာခေါင်းနှင့်ပါးစပ်တွင် ထားကြည့်ကြ၏။ မီးသည်အနည်းငယ်မျှလှုပ်ရှား ခြင်းမရှိဘဲငြိမ်နေ၏။ ထိုကြောင့် သူမသည်အသက်မရှူကြောင်း လူများ

တို့သည်သိရကြ၏။ သူမအားဖော်ပြသောအရာတို့ကို အနည်းငယ်ကွေးကြော်
ပြောဆိုသောအခါ သူမသည် အခန်းထဲ၌ဣန္ဒြေရရလှုပ်ရှားသွားလာ၍ လက်
များကိုလှုပ်ရှား၏။ ဒံယေလနည်းတူ ပထမဦးစွာနဂိုခွန်အားသည် ကုန်ခန်း
သွားပြီးနောက် ထူးခြားသောဝိညာဉ်ခွန်အားကို သူမသည်ရရှိလေ၏။ ဒံယေလ
၁၀း၇၊၈၊၁၈၊၁၉ ကိုကြည့်ပါ။

နှစ်နာရီကြာမစ္စစ်ဝိုက်သည် ရူပါရုံကိုမြင်နေရ၏။ ထိုနှစ်နာရီ
အတွင်းသူမသည် တစ်ကြိမ်မျှအသက်မရှူပါ။ ထိုနောက် ရူပါရုံသည်
အဆုံးသို့ရောက်သောအခါ သူမသည်အသက်ပြင်းပြင်းရှူပြီး တစ်မိနစ်လောက်
ရပ်နားပြီးမှ တစ်ဖန်အသက်ရှူပြန်၏။ ထိုနောက် မကြာမီထုံးစံအတိုင်း
အသက်ရှူရှိုက်လာ၏။ ထိုအခါ သူမသည် မိမိ၏ပတ်ဝန်းကျင်၌ဖြစ်ပျက်
နေသောအရာတို့ကိုသိရှိလာလေ၏။

မစ္စစ်ဝိုက်ရူပါရုံမြင်နေရစဉ်အခါ မကြာခဏတွေ့မြင်ရသောသူ
တစ်ဦးဖြစ်သူ မစ္စစ်မာသအမေဒုန်က အောက်ပါအတိုင်းဖော်ပြထားပါသည်။

"ရူပါရုံမြင်နေစဉ်၊ သူမ၏မျက်စိများသည်ပွင့်နေ၏။ အသက်ရှူ ခြင်းမရှိ၊
သို့ရာတွင် သူမမြင်သောအရာကိုဖော်ပြသည့်လက္ခဏာဖြင့် ပခုံးနှင့် လက်များသည်
ဣန္ဒြေရှိစွာလှုပ်ရှားနေ၏။ သူမ၏လက်များကို တစ်စုံ တစ်ယောက်ကရွှေ့ခြင်း၊
လှုပ်ခြင်းငှာမပြုလုပ်နိုင်။ ကောင်းကင် (သို့မဟုတ်)
မြေကြီးနှင့်ဆိုင်သောရှုခင်းများအကြောင်းကိုဖော်ပြရန် တစ်ခါတစ်ရံစကား
တစ်လုံးစီပြော၍ တစ်ခါတစ်ရံဝါကျကိုပြောဆို၏။"

ရူပါရုံတွင် ပထမဦးဆုံးသူမပြောဆိုသောစကားမှာ "ဘုန်းတော်" ဖြစ်၍
ပထမတွင်အနီးအနား၌ကြားရသကဲ့သို့ဖြစ်ပြီးနောက် အဝေးသို့ရောက်ရှိ သွားသကဲ့သို့
အသံသည်တဖြည်းဖြည်းပျောက်ကွယ်သွား၏။ တစ်ခါတစ်ရံ
ဤကဲ့သို့ထပ်ခါထပ်ခါပြောဆို၏။

ရူပါရုံရရှိနေစဉ် လာရောက်သောသူတို့၌ စိုးရိမ်ထိတ်လန့်ခြင်းမရှိ ကြဘဲ
ဆိတ်ငြိမ်၍ကြည်ညိုဖွယ်သောလက္ခဏာရှိ၏။

ရူပါရုံသည်ကုန်ဆုံးသွား၍ သူမသည်ကောင်းကင်အလင်းကိုမမြင် ရဘဲ မြေကြီးသို့ပြန်ရောက်လာပြီဟု ထင်ရသောအခါ သူမသည် ပထမ ဦးဆုံးထုံးစံအတိုင်းအသက်ရှူလျက် ရှည်စွာသက်ပြင်းချပြီး "မှောင်မိုက်" ဟု ကြွေးကြော်၏။ ထိုအခါ သူမသည် ပျော့အိလျက်ခွန်အားဆုတ်လျော့ သွား၏။

ကျောင်းခန်းတွင် နှစ်နာရီကြာရူပါရုံကိုမြင်ရသည့်အကြောင်းကို ပြန်၍ကြည့်ကြဦးစို့။ ဤရူပါရုံအကြောင်းကို မစ္စစ်ဝှိုက်သည် နောက်များ မကြာမီ ဤကဲ့သို့ရေးသားထား၏။

"သခင်ခရစ်တော်နှင့်စာတန်တို့သည် ကာလအဆက်ဆက်တိုက်လှန် ပွဲကြီးဖြစ်ပွားလျက်ရှိကြောင်းနှင့်စပ်ဆိုင်၍ ဆယ်နှစ်အထက်ကမြင်ခဲ့ရသော အကြောင်းအရာတို့ကို အများပင်ထပ်မံဖော်ပြ၍ ၎င်းအကြောင်းကိုရေးသား ထားဖို့ ကျွန်ုပ်အားသွန်သင်တော်မူပါသည်။"

"ရူပါရုံတွင်၊ သူမ၏ရှေ့၌ပေါ်လာသောရှုခင်းများကိုမြင်နေလျက် သူမကိုယ်တိုင်ထိုနေရာတွင်ရောက်ရှိနေသည်ဟုထင်ရ၏။ ပထမဦးစွာ သူမ သည် ကောင်းကင်သို့ရောက်နေသည်ဟုထင်ရ၍ သူမသည်လူစီဖါ (ခေါ်) နံနက်သား၏အပြစ်ပြုခြင်းနှင့်ကျဆုံးခြင်းအမှုကိုမြင်ရ၏။ ထိုနောက် သူမသည် လောကကိုဖန်ဆင်းတော်မူခြင်းအမှုနှင့် ဧဒင်ဥယျာဉ်အိမ်တွင် ကျွန်ုပ်တို့၏ ပထမဦးဆုံးမိဘများကို တွေ့မြင်ရ၏။ သူတို့သည် မြွေ၏သွေးဆောင်ခြင်း သို့လိုက်ပါသဖြင့် ဥယျာဉ်အိမ်ထဲမှနှင်ထုတ်ခံရကြောင်းကို သူမသည်မြင်ရ၏။ ကျမ်းစာ၏ရာဇဝင်သည် သူမ၏ရှေ့၌ တစ်ခုပြီးတစ်ခုလျင်မြန်စွာပေါ်လာ၏။ ဣသရေလလူတို့၏ဘိုးဘေးနှင့်ပုရောဖက်တို့၏အဖြစ်အပျက်အကြောင်းအရာ တို့ကို သူမသည်မြင်ရ၏။ ထိုနောက် ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ယေရှု ခရစ်တော်၏အသက်တာအကြောင်းနှင့် အသေခံခြင်းအကြောင်း၊ ၎င်းပြင် ကောင်းကင်သို့တက်ကြွသွားတော်မူပြီး ထိုအခါမှစ၍ ကျွန်ုပ်တို့၏ယဇ်ပုရော ဟိတ်မင်းအဖြစ်နှင့် အမှုဆောင်ရွက်လျက်ရှိတော်မူသည်ကို သူမသည်တွေ့မြင် ရ၏။ ထိုနောက် တပည့်တော်တို့သည် ကမ္ဘာမြေကြီးစွန်းတိုင်အောင် ဧဝံဂေလိ

သတင်းစကားကိုပျံ့နှံ့စေရန်ထွက်သွားကြသည်ကို သူမသည်မြင်ရ၏။ ဤအမှုနောက်တွင် ဖောက်ပြန်ခြင်းအမှုနှင့်မှောင်မိုက်ကာလသည် မည်မျှလျင်မြန်စွာဖြစ်ပေါ်လာခဲ့ပြီနည်း။ ထိုနောက် ဘာသာရေးပြောင်းလဲမှုကြီးတွင် မြင့်မြတ်သောယောကျာ်း၊ မိန်းမတို့သည် မိမိတို့၏အသက်ကိုအသေခံလျက် သမ္မာတရားဘက်၌တည်ကြည်ခဲ့ကြသည်ကို သူမသည်မြင်ရ၏။ ၁၈၄၄ ခုနှစ်တွင် ကောင်းကင်၌တရားစီရင်ခြင်းအစပြုသည့်အကြောင်းအရာ၊ ထိုနောက် ကျွန်ုပ်တို့ခေတ်ကာလ၏အကြောင်းအရာများကို သူမသည်ကြိုတင်မြင်ရ၏။ ၎င်းပြင်သူမသည် နောင်ကာလ၌မိုးတိမ်နှင့်ကြွလာတော်မူမည့် သခင်ခရစ်တော်၏အကြောင်းအရာများကိုပင်တွေ့မြင်ရ၏။ အနှစ်တစ်ထောင်ကာလနှင့်အသစ်ပြုပြင်ထားသော မြေကြီးသစ်တို့၏ရှုခင်းများကိုလည်း သူမသည်မြင်ရ၏။

သူမအားထင်ရှားစွာဖော်ပြထားသော ဤရူပါရုံကိုရရှိထားသဖြင့် မစ္စစ်ဝှိုက်သည် အိမ်သို့ပြန်ရောက်သွားသောအခါ ထိုရူပါရုံ၌မြင်ရကြားရ သမျှတို့ကို ရေးသားထားလေ၏။ ခြောက်လခန့်ကြာသောအခါ စာမျက်နှာ ၂၁၉ မျက်နှာရှိ "သခင်ခရစ်တော်နှင့်ကိုယ်တော်၏ကောင်းကင်တမန်များတို့ သည် စာတန်နှင့်သူ၏တမန်တို့အား ကြီးကျယ်စွာတိုက်လှန်သောစစ်ပွဲကြီး" အမည်ရှိစာအုပ်တစ်အုပ်သည် ပုံနှိပ်တိုက်မှထွက်လာလေ၏။

စာအုပ်ကလေးကိုစိတ်အားထက်သန်စွာနှင့်လက်ခံကြ၏။ အကြောင်း မူကား၊ အသင်းတော်ရှေ့၌ဖြစ်ပျက်မည့်အကြောင်းအရာကို သေချာထင်ရှားစွာ ရေးသားဖော်ပြထား၏။ ၎င်းပြင် မြေကြီးပေါ်၌နောက်ဆုံးတိုက်ပွဲတွင် စာတန်သည်အသင်းတော်နှင့်လောကအားလမ်းမှားအောင် မည်ကဲ့သို့သောအကြံအစည် များ၊ နည်းလမ်းများဖြင့်သွေးဆောင်တိုက်တွန်းမည့်အကြောင်းများကို ဖွင့်ပြ ထားလေသည်။ ဘုရားသခင်သည် ကတိထားတော်မူသည်အတိုင်း မိမိတို့ အား ဤနောက်ဆုံးကာလတွင် ပုရောဖက်ဟောသောစကားအချက်သဘော အားဖြင့် အမိန့်တော်ကိုကြားပြောလျက်နေတော်မူသည်ကို သတ္တမနေ့ဥပုသ် အသင်းသား တို့သည် မည်မျှကျေးဇူးတင်ဖို့ကောင်းသနည်း။

"ဝိညာဉ်ဆုကျေးဇူး" အမည်ရှိ ဤစာစောင်ကလေးတွင် အချုပ်အားဖြင့်ဖော်ပြထားသောတိုက်လှန်ပွဲကြီးအကြောင်းကို နောက်များမကြာမီ "ရေးစာပေများ" အမည်ရှိစာအုပ်၏နောက်ဆုံးတစ်ဝက်တွင် ထပ်မံရိုက်နှိပ်ထားသဖြင့် ၎င်းကိုယနေ့တိုင် ထိုစာအုပ်တွင်တွေ့ရှိနိုင်သည်။

သို့ရာတွင် အသင်းတော်သည်တိုးပွားလာ၍ အချိန်ကာလသည် ကုန်လွန်သွားသောအခါ ထာဝရဘုရားသည် တိုက်လှန်ပွဲကြီးအကြောင်းကို ဆက်ခါဆက်ခါရရှိသောရူပါရုံများတွင် သာ၍ပြည့်စုံစွာဖွင့်ပြတော်မူသဖြင့် မစ္စစ်ဝိုက်သည် ၁၈၇၀ ပြည့်နှစ်နှင့် ၁၈၈၄ ခုနှစ်ကြားတွင် "ပုရောဖက်ဟောသောစကားချက်သဘော" ဟူသောအမည်ဖြင့် စာစောင်လေးစောင်ကို ပြန်၍ရေးသားထား၏။ "ရွေးနုတ်ခြင်းအကြောင်း" ဆိုသောစာအုပ်တွင် ဤစာစောင်များမှတိုက်လှန်ပွဲကြီးအကြောင်းအရာအစိတ်အပိုင်းများကို ဖော်ပြ ထားသည်။ ဘာသာစကားအမျိုးမျိုးဖြင့်ရိုက်နှိပ်ထားသော ဤစာစောင်တွင်ရူပါရုံ များ၌ တိုက်လှန်ပွဲကြီးအကြောင်း မည်ကဲ့သို့ဖော်ပြထားသည်ကို များစွာသောလူမျိုးတို့သည် ဖတ်ရှုနိုင်ကြပါသည်။ ၎င်းပြင် နောက်များမကြာမီ မစ္စစ်ဝိုက် သည် "ကာလအဆက်ဆက်၏တိုက်ပွဲ" အမည်ရှိသောစာစောင်ငါးစောင်ကို ရေးသားခဲ့၏။ ၎င်းငါးစောင်၏အမည်အသီးသီးမှာ "ဘိုးဘေးများနှင့်ပုရောဖက် များ၊" "ပုရောဖက်များနှင့်ရှင်ဘုရင်များ၊" "ကာလအဆက်ဆက်၏တောင့်တ ချက်၊" "တမန်တော်ဝတ္ထု" နှင့် "ကြီးစွာသောတိုက်လှန်ပွဲကြီး" ဖြစ်ကြသည်။ ၎င်းစာအုပ်တို့တွင် တိုက်လှန်ပွဲကြီးအကြောင်း အလွန်သေချာစွာပြည့်ပြည့်စုံစုံဖော်ပြထား၏။

ဖန်ဆင်းခြင်းအကြောင်းမှ ခရစ်ယာန်တို့၏ခေတ်ကာလအကြောင်းကို ကျမ်းစာကဖော်ပြသောအချက်နှင့်ညီညွတ်၍ ခေတ်ကာလ၏အဆုံးအထိဖြစ်ပျက်သောအကြောင်းအရာတို့ကိုလည်း ဖော်ပြထားသောဤစာအုပ်များသည် များစွာအလင်းတရားနှင့်ခွန်အားကိုရရှိစေ၏။ ဤစာအုပ်များက သတ္တမနေ့ဥပုသ်အသင်းသားများအား အလင်း၏သားနှင့် နေ့၏သားများဖြစ်စေရန်

ကူညီမစကြ၏။ ဤအဖြစ်အပျက်အကြောင်းအရာအားဖြင့် ကတိတော်သည် ပြည့်စုံကြောင်း ကျွန်ုပ်တို့တွေ့ရှိရကြ၏။

"အကယ်စင်စစ် ထာဝရဘုရားသခင်သည် မိမိကျွန်ပုရောဖက်တို့ အားမဖော်မပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ" အာမုတ် ၃း၇။

တိုက်လှန်ပွဲကြီးအကြောင်းရေးသားထားသော ဤစာအုပ်များတွင် အလင်းတရားကို မည်ကဲ့သို့ရရှိကြောင်းဖော်ပြထားရာ၌ မစ္စစ်ဝှိုက်ကအောက်ပါ အတိုင်းဆိုထား၏။

"သန့်ရှင်းသောဝိညာဉ်တော်က အလင်းကိုပေးခြင်းအားဖြင့် အကောင်း နှင့်အဆိုးကြားတွင် ကြာရှည်စွာဆက်လက်ဖြစ်ပွားနေသော တိုက်လှန်ပွဲ၏ ရှုခင်းများကို ဤစာမျက်နှာများကိုရေးသားသူအား ဖွင့်ပြခဲ့လေပြီ။ ခေတ် ကာလအမျိုးမျိုးတွင် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို အစပြုစီမံတော်မူသော သခင်၊ အသက်ကိုပေးပိုင်တော်မူသောမင်းတည်းဟူသော သခင်ခရစ်တော်နှင့် အပြစ်ကိုအစိုးရသောမင်း၊ အပြစ်ကိုအစပြုသောသူ၊ ဘုရားသခင်၏သန့်ရှင်း သောပညာတော်ကို ပထမဦးဆုံးကျူးလွန်သောသူတည်းဟူသော စာတန်တို့၏ စပ်ကြားတွင်ဖြစ်ပျက်နေသော တိုက်လှန်ပွဲကြီး၏အခြေအနေအကြောင်းကို ကျွန်ုပ်သည်ခဏခဏကြည့်ရှုခွင့်ရရှိခဲ့၏။"

"ဘုရားသခင်၏ဝိညာဉ်တော်သည် မိမိနှုတ်ထွက်စကားတော်၏ မြင့်မြတ်သောသမ္မာတရားများနှင့် အတိတ်ကာလ၊ အနာဂတ်ကာလတို့၏ ရှုခင်းများကို ကျွန်ုပ်အားဖွင့်ပြသောအခါ ထိုသို့ဖော်ပြထားသောအရာကို အခြားသူတို့အားသိရှိစေဖို့ပြောပြရန် ကျွန်ုပ်အားမှာထားခဲ့လေပြီ။ ထိုအရာ မှာလည်း လွန်ခဲ့သောကာလတွင်ဖြစ်ပျက်ခဲ့သောတိုက်လှန်ပွဲအကြောင်းကို ပြန်၍ဖော်ပြရန်ဖြစ်သည်။ ၎င်းပြင် အထူးသဖြင့် နောင်ကာလတွင် လျင်မြန်စွာ ရောက်လာမည့်တိုက်ခိုက်ပွဲအကြောင်း အလင်းကိုရရှိစေရန် ၎င်းအကြောင်း ကိုဖော်ပြရန်ဖြစ်သည်။"

## ပုရောဖက်ထံသို့ မည်ကဲ့သို့အလင်းတရား ရောက်ရှိလာကြောင်း

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီးသည့်အတိုင်း တစ်ကြိမ်တစ်ခါက ဣသရေလလူတို့၏အဖြစ်အပျက်တွင် ထာဝရဘုရားက သူတို့အားပုရောဖက်အားဖြင့် မည်ကဲ့သို့အဆက်အသွယ်ပြုမည်အကြောင်း သူတို့အားမိန့်တော်မူ၏။

"သင်တို့တွင်ပုရောဖက်ရှိလျှင် ငါထာဝရဘုရားသည် ထိုသူ၌ထူးဆန်းသောရူပါရုံအားဖြင့် ကိုယ်ကိုပြမည်၊ (သို့မဟုတ်) အိပ်မက်အားဖြင့်ဖော်ပြ ပေးမည်" ဟု မိန့်တော်မူ၏။ တော ၁၂း၆။

နောက်ဆုံးအခန်းတွင် ကြီးစွာသောတိုက်လှန်ပွဲကြီးအကြောင်းနှင့် ဆိုင်သောရူပါရုံများအကြောင်း သင်တို့ဖတ်ကြည့်ကြပါ။ ထိုရူပါရုံများ ကိုရရှိနေစဉ် ကိုယ်ကာယနှင့်စပ်ဆိုင်၍ ထူးခြားသောအကြောင်းအရာများလည်း ဖြစ်ပွားခဲ့ပါသည်။ အဘယ်ကြောင့်ဤနည်းဖြင့် ရူပါရုံတို့ကိုပေးသနည်းဟု တစ်စုံတစ်ဦးက အလွန်ဆီလျော်စွာမေးလိမ့်မည်။ အမှန်အားဖြင့် လူများတို့၌ ယုံကြည်အားထားမှုရှိလျက် ထာဝရဘုရားသည် ဧကန်အမှန်ပင်ပုရောဖက်အားမိန့်တော်မူကြောင်း အသေအချာသိရှိစေရန်ဖြစ်ပေသည်။ မစ္စစ်ဝှိုက်သည် ရူပါရုံရရှိနေစဉ် မိမိ၏အခြေအနေကို မကြာခဏအသေအချာပြည့်စုံစွာ ဖော်မပြချေ။ သို့ရာတွင် တစ်ကြိမ်ကနောက်ဆုံးကာလ၌ ကျွန်ုပ်တို့သည် ပုရောဖက်ဟောသောစကားချက်သဘောကို ယုံကြည်အားကိုးကြမည် အကြောင်း လူအပေါင်းတို့၏ယုံကြည်ခြင်းကိုတည်မြဲစေရန် ဤသတင်း စကားများကို ထိုသို့ပေးတော်မူပြီဟု သူမကဖော်ပြ၏။

မစ္စစ်ဝှိုက်၏လုပ်ငန်းများသည် တိုးတက်လာသောအခါ ထိုပုရောဖက်တို့၏အကျင့်ကိုထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်ဟူသော အချက်ကဲ့သို့ ၎င်းလုပ်ငန်းကို ကျမ်းစာ၏နည်းများဖြင့် စစ်ဆေးကြည့်နိုင် သည်။ သို့ရာတွင် အကျင့်တည်းဟူသောအသီးကို တိုးပွားစေရန်အချိန်လို၏။ ၎င်းပြင် လူများသည် ယုံကြည်မည်အကြောင်း ရူပါရုံကိုပေးတော်မူကြောင်း

အနားတွင်ရပ်နေသောကောင်းကင်တမန်ပင် ညဥ့်အခါရူပါရုံ၌ အမေ၏ အနားတွင်ရပ်လျက် သွန်သင်ပေးနေသောကြောင့်ဖြစ်ပါသည်” ဟု သူမက ပြန်ဖြေ၏။ အခြားသောအချိန်အခါတွင် ကောင်းကင်မှစေတမန်ကို ကောင်းကင်တမန်၊ ကျွန်ုပ်၏လမ်းပြ၊ ကျွန်ုပ်ကိုသွန်သင်မှုမှစ၍ ဖော်ပြထား၏။

ညဥ့်အခါ၌ရရှိသော ဖော်ပြခြင်းနှင့်သက်ဆိုင်၍ ပုရောဖက်သည် စိတ်ရှုပ်ထွေးခြင်းမရှိ၊ မေးမြန်းခြင်းလည်းမရှိချေ။ ၎င်းနှင့်သက်ဆိုင်သော အကြောင်းအရာတို့ကိုထောက်ရှုခြင်းဖြင့် ၎င်းသည် ဘုရားသခင်ထံတော်မှ သက်ရောက်သောသွန်သင်ချက်ဖြစ်ကြောင်းထင်ရှား၏။

အခြားအချိန်အခါများတွင် မစ္စစ်ဝှိုက်သည်ဆုတောင်းနေစဉ်၊ စကား ပြောနေစဉ် (သို့မဟုတ်) စာရေးနေစဉ်တွင် ရူပါရုံများကိုမြင်ရ၏။ သူမ သည် လူအများရှေ့တွင်စကားပြောစဉ် (သို့မဟုတ်) ဆုတောင်းနေစဉ် အနည်းငယ်ကြာရပ်နားနေခြင်းမရှိလျှင် သူမ၏ပတ်လည်ရှိလူများတို့သည် ရူပါရုံအကြောင်းကိုမသိကြချေ။ တစ်ကြိမ်ကသူမသည် ဤကဲ့သို့ရေးသား ခဲ့၏။

“ကျွန်ုပ်သည်ဆုတောင်းနေစဉ် ကျွန်ုပ်၏ပတ်လည်ရှိအရာများကို ဘာမျှမသိပါ။ အခန်းသည် အလင်းနှင့်ပြည့်သွား၍ အစည်းအဝေးကြီးကဲ့သို့ ထင်မြင်ရသောအစည်းအဝေးတစ်ခုသို့ ကြားပြောနေသောသတင်းစကားတစ်ခု ကို ကျွန်ုပ်သည်ကြားနေရ၏။”

နှစ်ပေါင်း ၇၀ အတွင်း ကြာမြင့်စွာအမှုတော်ဆောင်ရွက်နေရသမျှ ကာလပတ်လုံး မစ္စစ်ဝှိုက်ရရှိသောရူပါရုံအများတွင် အကြာဆုံးရူပါရုံသည် လေးနာရီကြာ၍ အတိုဆုံးမှာအချိန်အနည်းငယ်မျှလောက်သာဖြစ်၏။ တစ်ခါတစ်ရံ၎င်းတို့သည် နာရီဝက်ကြာ၏၊ (သို့မဟုတ်) ထိုထက်အနည်းငယ် ပိုကြာ၏။ သို့ရာတွင် ရူပါရုံအားလုံးအတွက် စည်းကမ်းတစ်ခုတည်းမထား နိုင်။ အကြောင်းကား၊ ပေါလုက ဤကဲ့သို့ရေးသားသည်အတိုင်းဖြစ်၏။

“ရှေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းအနည်းဖော်ပြတော်မူသောဘုရားသခင်” ဟေဗြဲ ၁း၁။

ရူပါရုံအားဖြင့် ပုရောဖက်အားအလင်းကိုချပေးတော်မူ၏။ သို့ရာတွင် ပုရောဖက်သည် ရူပါရုံရရှိနေစဉ် စာရေးသားခြင်းမပြုပေ။ သူ၏အလုပ်သည် စက်ကိရိယာကဲ့သို့မဟုတ်ပေ။ ထူးခြားသောအချိန်အခါမှလွဲ၍ ထာဝရဘုရား

သည် ပုရောဖက်အားမိန့်တော်မူသမျှစကားတော်များကို တိကျသေချာစွာ ပြန်ပြောစေဖို့ အလိုရှိတော်မမူ။ သေချာတိကျသောစကားများကိုရေးသားစေဖို့ရန် ကောင်းကင်တမန်ကလည်း ပုရောဖက်၏လက်ကိုပွပြင်မပေးချေ။ ပရိသတ် သည် သတင်းစကားကိုဖတ်ရသည့်အခါဖြစ်စေ၊ နားဖြင့်ကြားရသည့်အခါ ဖြစ်စေ ပုရောဖက်သည် မိမိ၏စိတ်ထဲမှရူပါရုံအားဖြင့် အလင်းကိုရရှိသည့် အတိုင်း အလင်းတရားနှင့်သွန်သင်ချက်တို့ကို သဘောပေါက်စေသောစကား များကိုသာ ပြောဆိုရေးသားထားလေ၏။ ပုရောဖက်၏စိတ်သည် မည်ကဲ့သို့အလင်းကိုရရှိသနည်း။ လူများ တို့အားပြောဆိုရန် သတင်းစကားနှင့်သွန်သင်ချက်တို့ကို သူသည် မည်ကဲ့သို့ ရရှိသနည်းဟု ကျွန်ုပ်တို့ကမေးလိမ့်မည်။ ရူပါရုံကိုပေးရာ၌ စည်းကမ်းချက် တစ်ခုတည်းမထားနိုင်သကဲ့သို့ ဘုရားသခင်ထံမှသတင်းစကားကို ပုရောဖက်က ရရှိသောနည်းလမ်းတွင်လည်း စည်းကမ်းချက်တစ်ခုတည်းမထားနိုင်။ သို့ရာတွင် အမှုကိစ္စအသီးသီးတွင် အလွန်သေချာသောအဖြစ်အပျက်ကိုရရှိသဖြင့် ပုရောဖက်၏စိတ်ထဲ၌ ၎င်းသည်မပျက်နိုင်အောင်စွဲမြဲနေလေ၏။ ၎င်းပြင် ကျွန်ုပ်တို့ကြားရသောအရာထက် ကျွန်ုပ်တို့တွေ့မြင်၍ကိုယ်တိုင်ခံစားရသော အဖြစ်အပျက်တို့သည် ကျွန်ုပ်တို့၏စိတ်ထဲ၌ သာ၍စွဲမြဲတည်ရှိနေတတ်ကြ သည်နည်းတူ ပုရောဖက်သည် ဖြစ်ပေါ်လာသောအဖြစ်အပျက်တို့ကို ကိုယ်တိုင်တွေ့ကြုံရသောအခါ၌ ပုရောဖက်တို့အားဖော်ပြတော်မူသောအရာ တို့သည် သူတို့၏စိတ်ထဲ၌စွဲမြဲစွာတည်ရှိနေတတ်ကြသည်။

ရှေ့လာမည့်အခန်းတွင် ကြီးစွာသောတိုက်လှန်ပွဲကြီးနှင့်ဆိုင်သော ရူပါရုံကိုဖော်ပြထားရာ၌ ရာဇဝင်နှင့်ဆိုင်ရာအဖြစ်အပျက်တို့အကြောင်းကို သူမသည် မည်ကဲ့သို့သတင်းရရှိကြောင်း သူမ၏စကားများကိုပင် ကျွန်ုပ် တို့ကအသုံးပြုထားကြပါသည်။ အခြားအချိန်တွင် သူမထံမည်ကဲ့သို့အလင်း တရားရောက်ရှိလာကြောင်းဖော်ပြရာ၌ "သူမ၏ရူပါရုံတွင် မြေကြီးပေါ်၌ ဖြစ်ပျက်နေသောရှုခင်းများကို မကြာခဏသူမအား မည်ကဲ့သို့ညွှန်ပြကြောင်း သူမကဖော်ပြထားပါသည်။ မကြာခဏ သူမအားအလွန်ဝေးသောနောင်ကာလ အချိန်တိုင်အောင်ခေါ်ဆောင်သွား၍ မည်ကဲ့သို့ဖြစ်ပျက်သည့်အကြောင်းအရာ တို့ကို ပြသတော်မူပါသည်။ ထိုနောက် လွန်ခဲ့သောခေတ်များကဖြစ်ပျက် ခဲ့ပြီးသောအရာများကဲ့သို့သောအကြောင်းအရာတို့ကို သူမအားပြတော်မူပြန်၏။"

ဤအချက်ကိုထောက်ခြင်းဖြင့် အယ်လင်ပွိုက်သည် ဤအကြောင်း အရာအဖြစ်အပျက်များကို မျက်မြင်ကိုယ်တွေ့သက်သေကဲ့သို့မြင်ခဲ့ရပါသည်။ ၎င်းအဖြစ်အပျက်တို့ကို သူမ၏ရူပါရုံတွင် တစ်ဖန်ပြန်၍ခင်းကျင်းပြတော် မူသဖြင့် ၎င်းတို့သည် သူမ၏စိတ်ထဲ၌ စွဲမြဲစွာမှတ်မိနေ၏။ အခြားသောအချိန်အခါများတွင် သူမအားဖော်ပြသောရှုခင်းများတွင် သူမကိုယ်တိုင် အကယ်ပင်ပါဝင်ဆင်နွှဲနေရသဖြင့် သူမကိုယ်တိုင်တွေ့ထိ၊

သိမြင်၊ ကြားနာ၊ လိုက်နာရသည်ဟု ထင်မြင်နေရ၏။ သို့သော် အမှန် အားဖြင့် အကယ်ပင်ထိုသို့ဖြစ်သည်မဟုတ်ပါ။ သို့ရာတွင် မမေ့နိုင်လောက် အောင်သူမမြင်ရသောရှုခင်းသည် သူမ၏စိတ်ထဲ၌ စွဲလမ်းလျက်ရှိပေသည်။ အခန်း (၁) တွင်ဖော်ပြထားသော သူမ၏ပထမဦးဆုံးရူပါရုံများသည် ဤ ကဲ့သို့သောအရာမျိုးဖြစ်ပေသည်။

အခြားသောအချိန်အခါများ၌ မစ္စစ်အီး၊ ဂျီ၊ ဝှိုက်သည် ရူပါရုံ ထဲ၌လူအစုအဝေးများ၊ အိမ်များ (သို့မဟုတ်) ရပ်ဝေးရှိကျောင်း၊ ဆေးရုံမှ စသောအဖွဲ့အစည်းများတွင် ရောက်ရှိနေသည်ဟုထင်ရ၏။ ထိုသို့သောအစု အဝေးသို့ရောက်ရှိနေသည်ဟု ဤသို့ထင်မြင်နေရသည့်အမှုမှာ အလွန်သေချာ ထင်ရှားသဖြင့် မစ္စစ်ဝှိုက်သည် ထိုအစုအဝေးတွင်ရှိလူအသီးသီးတို့ကပြောဆို သောစကားများ၊ ပြုမူသောအမှုများကိုပင် အသေးစိတ်သေချာတိကျစွာဖော်ပြ နိုင်၏။ တစ်ကြိမ်က ရူပါရုံရရှိနေစဉ် မစ္စစ်ဝှိုက်သည် ကျွန်ုပ်တို့၏ဆေးရုံ တစ်ရုံသို့ အကြည့်အရှုရောက်သွား၍ အခန်းတိုင်းကိုလှည့်လည်ကြည့်ရှုလျက် ထိုနေရာ၌ဖြစ်ပျက်နေသောအရာတို့ကို မှန်ကန်သေချာစွာမြင်နေရသည်ဟု ထင်မြင်ရ၏။ ဤတွေ့ကြုံမှုအကြောင်း သူမကဤသို့ရေးထား၏။

"မရေရာသောစကားများ၊ မိုက်မဲစွာပြောင်လှောင်ကဲ့ရဲ့ခြင်းများ၊ အကျိုးမရှိဘဲရယ်မောခြင်း များကို နာကြည်းဖွယ်ကြားရပြီ။---မနာလိုငြူစူ သောသဘောများရှိကြသည်ကိုမြင်ရ၍ ဘုရားသခင်၏ကောင်းကင်တမန်များ တို့အား ရှက်ဖွယ်ဖြစ်စေမည့်မနာလိုသောစ ကားများကိုကြားရသောအခါ ကျွန်ုပ် သည်အံ့သြလျက်ရှိပါသည်။"

ထိုနောက် ထိုဆေးရုံတွင်နှစ်သက်ဖွယ်အခြေအနေကိုဖော်ပြထား၏။ သူမအား "ဆုတောင်းနေသောအသံများကြားရသောအခန်းများ" သို့ခေါ်ဆောင် သွား၏။ ထိုအသံကိုကြားရသည်မှာ မည်မျှဝမ်းသာရွှင်မြူးဖွယ်ဖြစ်သနည်း။ ဤဆေးရုံသို့ရောက်ရှိသွားခြင်းအကြောင်းကို လည်းကောင်း၊ အမျိုးမျိုးသော ဌာနနှင့်အခန်းများသို့ သူမအားလမ်းပြခေါ်ဆောင်သွားသည်ဟု ထင်ရသော ကောင်းကင်တမန်၏စကားများတို့ကိုလည်းကောင်း အမှီပြု၍သွန်သင်ဩဝါဒ ပေးထားသောသတင်းစကားများကို သူမသည်ရေးထားခဲ့၏။ မကြာခဏမစ္စစ်ဝှိုက်အား အလွန်ထင်ရှားသေချာသောပုံပမာများကို ဖော်ပြခြင်းဖြင့် အလင်းတရားကိုပေးတော်မူ၏။ ဒုက္ခရောက်နေသည်ဟု ထင်ရသောခေါင်းဆောင်အမှုတော် ဆောင်တစ်ဦးထံသို့ ပေးပို့လိုက်သော ကိုယ်တိုင်နှင့်ဆိုင်သည့်သတင်းစကားမှဖော်ပြထားသော အောက်ပါစကား များတွင် ထိုသို့သောပုံပမာကိုထင်ရှားသေချာစွာဖော်ပြထား၏။ "အခြားအချိန်တွင် သင့်အားမြင်းစီး၍အလံတစ်ခုကိုကိုင်ထားသော စစ်သူကြီးတစ်ဦးအဖြစ်နှင့်ပုံဆောင်လျက် ကျွန်ုပ်အားဖော်ပြထား၏။ လူတစ်စုံ တစ်ယောက်သည် ရောက်လာပြီးလျှင် 'ဘုရားသခင်၏ပညတ်တော်နှင့် သခင်ယေရှု၏ယုံကြည်ခြင်း' ဟူသောစာသားများ ပါရှိသောအလံကို သင်၏ လက်ထဲမှယူ၍ မြေကြီးပေါ်သို့ပစ်ချလျက် ခြေဖြင့်နင်းလေ၏။ သင့်အား လောကနှင့်ဆက်သွယ်ပေးသောလူများသည် သင့်ပတ်လည်၌ဝန်းရံနေကြသည် ကိုကျွန်ုပ်တွေ့မြင်ရ၏။" တစ်ခါတစ်ရံမစ္စစ်ဝှိုက်အား သဘောကွဲလွဲသောထင်မြင်ချက်နှစ်မျိုး ကိုဖော်ပြတတ်သည်။ တစ်ခုမှာ အချို့သောစီမံကိန်း (သို့မဟုတ်) စည်းကမ်း ချက်တို့ကိုလိုက်နာလျှင် မည်ကဲ့သို့ဖြစ်ပျက်မည်ကိုဖော်ပြ၏။ အခြားထင်မြင် ချက်ကား အခြားသောစီမံကိန်း

(သို့မဟုတ်) စည်းကမ်းချက်တို့ကိုလိုက်နာ ခြင်းဖြင့် ဖြစ်ပေါ်လာမည့် အရာတို့ကိုဖော်ပြ၏။ အကောင်းဆုံးပုံသက်သေ တစ်ခုမှာ အမေရိကန်ပြည် အနောက်ပိုင်းရှိ လိုမာလင်းဒါးမြို့တွင် ကျန်းမာ သောအစားအသောက် များကိုထုတ်လုပ်သော စက်ရုံတစ်ခုအတွက် နေရာ ရွေးချယ်ခြင်းအမှုနှင့် ပတ်သက်၍ ဖော်ပြသောအချက်ဖြစ်သည်။ မန်နေဂျာနှင့် သူ၏အဖွဲ့ဝင်လူကြီး တို့သည် ဆေးရုံအဆောက်အအုံနားတွင် ကြီးသော အဆောက်အအုံတစ်ခုကို ဆောက်လုပ်ရန် စီမံနေကြ၏။ စီမံကိန်းများကိုရေးဆွဲ နေကြစဉ် မိုင်ပေါင်း များစွာဝေးသောမိမိအိမ်၌ မစ္စစ်ဝှိုက်သည် ရူပါရုံနှစ်ခု ကိုမြင်မက်လေ၏။ ပထမရူပါရုံအကြောင်းကို သူမကဤကဲ့သို့ပြောပြ၏။

"အစားအသောက်များပြုပြင်ထုတ်လုပ်သော အဆောက်အအုံကြီး တစ်ခုကို ကျွန်ုပ်သည်တွေ့မြင်ရ၏။ မုန့်ဖုတ်သောစက်ရုံအနီးတွင် အဆောက် အအုံငယ်အချို့လည်းရှိ၏။ ကျွန်ုပ်သည် အနီး၌ရပ်ကြည့်နေစဉ် ပြီးစီးခဲ့သော အလုပ်နှင့်ဆိုင်၍ ကျယ်စွာအငြင်းအခုံဖြစ်နေသောစကားသံများကို ကျွန်ုပ် ကြားရ၏။ အလုပ်လုပ်သောသူတို့အထဲတွင် စိတ်သဘောညီညွတ်ခြင်းမရှိဘဲ ရှုပ်ထွေးခြင်းအမှုများဖြစ်ပေါ်လာ၏။"

"ထိုနောက် စိတ်ဆင်းရဲနေသောမန်နေဂျာသည် အလုပ်လုပ်သော သူတို့အထဲတွင် စိတ်သဘောညီညွတ်ခြင်းရှိရန် ဆွေးနွေးဖို့ကြိုးစည်နေသည် ကို ကျွန်ုပ်တွေ့မြင်ရ၏။ ဤငြင်းခုံနေသောစကားများကို ကြားရကြသဖြင့် ဆေးရုံနှင့်အလွန်နီး၍ လှပသာယာသောမြေကွက်ပေါ်တွင် အစားအသောက် ထုတ်လုပ်သောစက်ရုံကို တည်ဆောက်ထားရသည်ကို စိတ်ပျက်ဝမ်းနည်း ဖွယ်ပြောဆိုနေသောလူနာများကို ကျွန်ုပ်မြင်ရ၏။ ထိုနောက် လူတစ်ဦးသည် ရူပါရုံရှုခင်းတွင်ပေါ်လာ၍ အချို့သောစီမံကိန်းတို့ကိုလိုက်နာခြင်းကြောင့် ဖြစ်ပျက်ရသောအကြောင်းအရာကို သင်သိမြင်နိုင်မည်အကြောင်း ဤအမှု အပေါင်းသည် သင်၏ရှေ့၌သင်ရန်စာတစ်ခုအဖြစ်ပေါ်လာပြီ" ဟုပြောဆို၏။

"ထိုနောက် ရှုခင်းသည်ပြောင်းလဲသွား၍ အစားအသောက်စက်ရုံကို မီးရထားလမ်းဘက်သို့သွားသောလမ်းပေါ်တွင် ဆေးရုံနှင့်အတော်ဝေးသော နေရာ၌တွေ့မြင်ရ၏။" ဤနေရာ၌အလုပ်အကိုင်များကို ဘုရားသခင်၏စီမံ ကိန်းအတိုင်း နှိမ့်ချသောသဘောနှင့်ဆောင်ရွက်နေကြ၏။ ရူပါရုံကိုမြင်ပြီး နောက် နာရီအနည်းငယ်ကြာသောအခါ မစ္စစ်ဝှိုက်က လိုမာလင်းဒါးဆေးရုံ ရှိအမှုဆောင်တို့အားစာရေးလိုက်ရာ ဤစာအားဖြင့် ဘယ်နေရာ၌အစား

အသောက်စက်ရုံကိုတည်ဆောက်ရမည်အကြောင်းနှင့်သက်ဆိုင်သောအခက်အခဲ သည် ပြေလည်သွားလေ၏။ သူတို့၏မူလစီမံကိန်းကိုလိုက်နာပြုလုပ်ခဲ့ကြ လျှင် ဆေးရုံအနီး၌ ရောင်းဝယ်ဖောက်ကားမှုအတွက် အဆောက်အအုံကြီး တစ်ခုတည်ရှိနေသည့်အတွက် နောက်လာမည့်နှစ်များတွင် ကျွန်ုပ်တို့သည် များစွာစိတ်ဆင်းရဲရကြလိမ့်မည်။

ထိုသို့အားဖြင့် ထာဝရဘုရား၏စေတမန်သည် နေ့ (သို့မဟုတ်) ညတွင်ရူပါရုံ၌အမျိုးမျိုးသောနည်းတို့ဖြင့် သတင်းစကားနှင့်သွန်သင်ချက် တို့ကိုခံယူရရှိလေသည်။ ပုရောဖက်သည် အလင်းကိုရရှိသောစိတ်ထဲမှလူ များတို့အဖို့ သွန်သင်ချက်နှင့်သတင်းစကားကိုပြောဆိုရေးသားလေ၏။ ဤ သို့ပြုမူရာ၌ မစ္စစ်ဝှိုက်သည် ထာဝရဘုရား၏သန့်ရှင်းသောဝိညာဉ်တော်ထံမှ အကူအညီရရှိလေသည်။ သို့ရာတွင် စက်ကဲ့သို့စိုးမိုးချုပ်ချယ်ထားသည် မဟုတ်။ သတင်းစကားကိုဖော်ပြရန် သူမသည် မိမိသဘောအတိုင်းပြောဆို ရေးသားခွင့်ရှိ၏။ သူမသည် အသင်းတော်နှင့်ရေးဦးစွာ အမှုဆောင်ရွက်စဉ် အခါက အသင်းတော်၏စာစောင်တစ်ခုတွင် ဤကဲ့သို့ရေးသားဖော်ပြထား ပါသည်။

"ကျွန်ုပ်သည် ရူပါရုံများကိုရရှိစဉ်အခါ ဘုရားသခင်၏ဝိညာဉ် တော်ထံမှအကူ အညီဖြင့် ကျွန်ုပ်မြင်ရသောအရာတို့ကို ရေးသားရသော်လည်း ရေးသားသောစကားများမှာ ကျွန်ုပ်ကိုယ်တိုင်၏စကားများဖြစ်ပါသည်။ ကောင်းကင်တမန်က ကျွန်ုပ်အားဖော်ပြ သောစကားများကိုသာ တိုက်ရိုက် ဖော်ပြထားပါသည်။"

မစ္စစ် အီး၊ ဂျီ၊ ဝှိုက်၏အသက်တာနှင့်အလုပ်

အယ်လင်ဂျီ၊ ဝှိုက်နှင့် သူမ၏အမြွှာပူးညီမတို့သည် အမေရိကန် ပြည်ထောင်စု နိုင်ငံ၏အရှေ့မြောက်ဘက်ပိုင်းရှိ မိန်းနယ်၊ ဂေါ်ဟမ်မြို့တွင် ၁၈၂၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့၌မွေးဖွားကြသည်။ အသက်ကိုးနှစ် အရွယ်တွင် အယ်လင်သည် သတိမရှိသော ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက ကျောက်ခဲနှင့်ပစ်သဖြင့် ထိခိုက်ဒဏ်ရာရခဲ့၏။ သူမ၏မျက်နှာ၌ ထိခိုက် သောဒဏ်ရာကြောင့် သူမသည်သေလုမတတ်ဝေဒနာခံလိုက်ရသဖြင့် သူမ သည် အားနည်းချူချာသောသူဖြစ်လာသောကြောင့် ကျောင်းတွင်ပညာဆက် လက်သင်ကြားခွင့်မရှိတော့ချေ။

အသက်ဆယ့်တစ်နှစ်အရွယ်တွင် သူမသည်မိမိ၏စိတ်နှလုံးကို ဘုရားသခင်အားဆက်ကပ်၍ များမကြာမီပင်လယ်ရေတွင် နှစ်ခြင်းကိုခံယူလျက် မက်သဒစ်အသင်းတော်တွင် အသင်းဝင်သူတစ်ဦးဖြစ်လာ၏။ အခြားအိမ်ထောင် သားများနှင့်အတူ သူမသည်မိန်းနယ်၊ ပို့

(တ်) လန်မြို့တွင် သခင်ခရစ်တော် ကြွလာခြင်းအကြောင်းဟောပြောသော စည်းဝေးများသို့သွားရောက်နားထောင် ကြပြီး ဝီလျံမီးလားနှင့်သူ၏မိတ်ဆွေများ ဟောပြောသည့်အတိုင်း သခင်ခရစ်တော် ဒုတိယကြွလာဖို့နီးကပ်ခြင်းအကြောင်းကို လုံးလုံးသဘောကျလက်ခံကြပြီး သခင်ခရစ်တော်ပြန်ကြွလာမည်ကို ယုံကြည်အား ကိုးခြင်းနှင့်မျှော်လင့်နေကြ၏။

၁၈၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်နေ့သောနံနက်၌ သူမသည် အခြားသောအမျိုးသမီးလေးယောက်တို့နှင့်ဆုတောင်းနေစဉ် ဘုရားသခင်၏ တန်ခိုးတော်သည် သူမအပေါ်သို့သက်ဆင်းလာ၏။ ပထမဦးစွာသူမသည် လောကအရာများကိုမမြင်တော့ဘဲ ပုံပမာအားဖြင့်ဖော်ပြသောရူပါရုံတွင် ကြွလာခြင်းကိုမျှော်လင့်သောသူတို့သည် ဘုရားသခင်၏မြို့တော်သို့ ခရီးသွား နေကြသည်ကိုလည်းကောင်း၊ သစ္စာရှိသောသူတို့သည် အကျိုးကျေးဇူးကို ခံစားရသည်ကိုလည်းကောင်း သူမသည်တွေ့မြင်ရ၏။ ကြောက်ရွံ့တုန်လှုပ် ခြင်းနှင့် အသက်တစ်ဆယ့်ခုနစ်နှစ်အရွယ်ရှိ ဤမိန်းမပျိုသည် ဤရူပါရုံ နှင့်တကွ နောက်မြင်ရသောရူပါရုံတို့ကို ပို့ (တ်) လန်မြို့ရှိ မိမိ၏ခရစ်ယာန် ချင်းတို့အား ပြန်၍ပြောပြခဲ့၏။ ထိုနောက် အခွင့်သာသောအခါ မိန်းနယ် နှင့်အနီးအနားနယ်များမှ ကြွလာခြင်းကိုမျှော်လင့်နေသောလူတစ်စုအား ရူပါရုံတို့ကိုတစ်ဖန်ပြန်၍ပြောပြ၏။

၁၈၄၆ ခုနှစ်၊ ဩဂုတ်လတွင် အယ်လင်ဂိုက်သည် ပျိုရွယ်သူ၊ ကြွလာခြင်းမျှော်လင့်ခြင်းအသင်းအမှုဆောင်တစ်ဦးဖြစ်သူ ဆရာဂျိမ်း (စ်) ဂိုက်နှင့်အိမ်ထောင်ကျလေ၏။ နောက်သုံးဆယ့်ငါးနှစ်လုံးလုံး ၁၈၈၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၌ မိမိ၏ခင်ပွန်းသေဆုံးသွားသည်တိုင်အောင် မစ္စစ် ဂိုက်၏အသက်တာသည် ခင်ပွန်းသည်၏ပင်ပန်းလှသောဧဝံဂေလိတရားဟော လုပ်ငန်းနှင့် အလွန်နီးစပ်စွာဆက်သွယ်လျက်ရှိ၏။ သူတို့သည် အမေရိကန် ပြည်ထောင်စုတွင် အတော်ကျယ်ဝန်းစွာခရီးသွားလျက် တရားဟောခြင်း၊ စာပေရေးသားခြင်း၊ စိုက်ပျိုး၍ အဆောက်အအုံများဆောက်ခြင်း၊ သာသနာ တည်ထောင်လျက် အသင်းတော်လုပ်ငန်းများကိုစီမံခြင်းအမှုများဖြင့် အချိန် ကုန်လွန်ခဲ့ကြ၏။

ဆရာကြီးနှင့်မစ္စစ်ဂိုက်၊ ၎င်းပြင် သူတို့၏အဖွဲ့ဝင်များတို့ကချမှတ် ခဲ့သောတိုက်မြစ်များသည် မည်မျှကျယ်ဝန်းခိုင်မြဲလျက် သူတို့သည်မည်မျှ သတိပညာရှိစွာနှင့်လည်းကောင်း၊ ကောင်းမွန်စွာနှင့်လည်းကောင်း တည်ဆောက် ခဲ့ကြသည်ကို

အချိန်ကာလနှင့်စုံစမ်းစစ်ဆေးခြင်းအားဖြင့်သက်သေထင်ရှား၏။ ဥပုသ်နေ့ကိုစောင့်သော မျှော်လင့်ခြင်းအသင်းသားတို့အထဲတွင် ၁၈၄၉ ခုနှစ် နှင့် ၁၈၅၀ပြည့်နှစ်၌စာပေစာစောင်များ ပုံနှိပ်ဖြန့်ဖြူးရေးလုပ်ငန်းကို သူတို့ သည် အစပြုတည်ထောင်ခဲ့သည့်အပြင် ၁၈၄၀ မှ ၁၈၅၀ ပြည့်နှစ်များ အတွင်း ကြေးငွေတောင့်တင်းလျက် စည်းကမ်းကျနစွာအသင်းတော်တည်ထောင် မှု၌ တိုးတက်အောင်ဦးဆောင်ခဲ့ကြ၏။ အဆုံး၌ ၁၈၆၃ ခုနှစ်တွင် အမေရိကန် ပြည်ဆိုင်ရာ သတ္တမနေ့ဥပုသ်မျှော်လင့်ခြင်းအသင်း၏ဗဟိုဌာနချုပ်အသင်းကြီး ကို တည်ထောင်ခဲ့ကြရ၏။ ၁၈၅၀ မှ ၁၈၆၀ ပြည့်နှစ်များ၏အလယ် လောက်တွင် ကျန်းမာရေးသက်တို့၏ဆေးကုသခြင်း လုပ်ငန်းကိုအစပြုခဲ့ကြပြီး အသင်းတော် ၏ပညာသင်ကြားရေးလုပ်ငန်းကြီးကို ၁၈၆၀ မှ ၁၈၇၀ ပြည့်နှစ်များအတွင်း စောစောပိုင်းတွင် ဦးစွာစတင်တည်ထောင်ခဲ့၏။ နှစ်စဉ်တောစခန်းတွင် ရွက်ထည် တဲများဖြင့် စည်းဝေးပွဲများကျင်းပခြင်းစီမံကိန်းကို ၁၈၆၈ ခုနှစ်တွင်အစပြု ခဲ့၏။ ၎င်းပြင် ၁၈၇၄ ခုနှစ်တွင် သတ္တမနေ့ဥပုသ်အသင်းမှ မိမိတို့၏ပထမ ဦးဆုံးသာသနာပြုသူများကို ရပ်ဝေးသို့စေလွှတ်ခဲ့၏။

ဤကဲ့သို့တိုးတက်ကြီးပွားမှုကိစ္စအပေါင်းတို့သည် မစ္စစ်အီး၊ ဂျီ၊ ဝှိုက် အားဖြင့် ဘုရားသခင်က ဤလူမျိုးတို့အားပေးတော်မူသောအကြံဉာဏ်များကို နှုတ်အားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း ကူညီလမ်းပြမှုကိုရရှိ ခဲ့၏။

စောစောပိုင်းကအဆက်အသွယ်ပြုလျက် သွန်သင်ဩဝါဒပေးချက် များမှာ ကိုယ်တိုင်ရေးသားသောစာများတွင် ဖော်ပြထား၏။ (သို့မဟုတ်) ပထမဦးစွာအချိန်မှန်ထုတ် ဝေဖြန့်ဖြူးသော "ခေတ်ကာလ၏ဖြောင့်မတ်ခြင်း တရား" Present Truth (ခေါ်) စာစောင်တွင် ရေးသားထားသောဆောင်းပါး များအားဖြင့် ဖော်ပြထား၏။ စာမျက်နှာ ၆၄ မျက်နှာရှိ အယ်လင်ဂျီ၊ ဝှိုက်၏ "ခရစ်ယာန်အတွေ့အကြုံနှင့်မြော်မြင်ချက်များ (မြင်ကွင်း၊ ရူပါရုံ) များကို အကြမ်းဖျင်းဖော်ပြထားခြင်း" ဟု အမည်တပ်ထားသော ပထမစာအုပ် ကို မစ္စစ်ဝှိုက်က ၁၈၅၁ ခုနှစ်ကမထုတ်မီတိုင်အောင် ထိုသို့ဖော်ပြနေ၏။

၁၈၅၅ ခုနှစ်တွင်အစပြုလျက် စာစောင်ငယ် (ဝေစာ) များကို အစဉ်အလိုက် တစ်မျိုးစီထုတ်ဝေသွားလျက် စာစောင်အသီးသီးတွင် "အသင်း တော်၏သက်သေခံချက်" ဟု အမည်ပေးထား၏။ ဤအရာများအားဖြင့် တစ်ချိန်မှတစ်ချိန်သို့ ဘုရားသခင်က မိမိ၏လူများ အားကောင်းချီးပေးရန်၊ ဆုံးမရန်နှင့်လမ်းပြစောင့်ရှောက်ရန် ပို့ပေးတော်မူသည့်ဆုံးမသွန်သင်၍ ပြုပြင် ပေးသောသတင်းစကားကို ရရှိနိုင်ကြသည်။ ဤသွန်သင်ဆုံးမဩဝါဒပေး သောအချက်တို့ကို ဆက်လက်ရရှိသွားစေရန် ၎င်းကို ၁၈၈၅ ခုနှစ်တွင်

စာစောင်လေးစောင်တွဲလျက် စာအုပ်များကိုရိုက်နှိပ်၍ အခြားသောစာစောင် များကို ၁၈၈၉ မှ ၁၉၀၉ ခုနှစ်အတွင်းရိုက်နှိပ်ရာ “အသင်းတော်အတွက် သက်သေခံချက်များ” ဟူသောအမည်ဖြင့် ကိုးစောင်တွဲစာအုပ်များကို ဖြစ်ပေါ် လာစေလေပြီ။

ဝှိုက်တို့ဇနီးမောင်နှံတွင် သားသမီးလေးယောက်ထွန်းကားခဲ့၏။ အကြီးဆုံးသားဖြစ်သူ ဟင်နရီသည် အသက်ဆယ့်ခြောက်နှစ်အထိသာအသက် ရှင်၏။ အငယ်ဆုံးသားဖြစ်သူဟာ (ရ်) ဘတ်မှာ သုံးလသားကလေးအရွယ် မှာပင် သေဆုံးသွားရ၏။ အလယ်တွင်ရှိသားနှစ်ယောက်ဖြစ်သူ အက် (ဒ်) ဆန်နှင့်ဝီလျံတို့မှာ အသက်အရွယ်ကြီးရင့်သည်တိုင်အောင်နေရကြလျက် အသီးအသီးတို့သည် သတ္တမနေ့ဥပုသ်မျှော်လင့်ခြင်းအသင်း၏လုပ်ငန်းများ တွင် ထင်ထင်ရှားရှားအမှုတော်ဆောင်ရွက်ခဲ့ကြ၏။

ဗဟိုဌာနချုပ်အသင်းကြီးက တောင်းပန်ခဲ့သည်အတိုင်း မစ္စစ်ဝှိုက်သည် ၁၈၈၅ ခုနှစ်၊ နွေဥတုတွင် ဥရောပတိုက်သို့ခရီးထွက်ခဲ့၏။ ထိုနေရာ၌ သူမ သည် ထိုတိုက်ပေါ်တွင်အသစ်တိုးတက် တည်ထောင်ထားသောလုပ်ငန်းကို ခိုင်ခံ့လာစေရန် နှစ်နှစ်ကြာမျှတိုက်တွန်းနှိုးဆော် ကူညီပေးခဲ့၏။ ဆွစ်ဇာလန်ပြည်၊ ဘက်ဆယ် (လ်) မြို့တွင်နေထိုင်ပြီး ဥရောပတိုက်တောင်ပိုင်း၊ အလယ်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် အနှံ့အပြားခရီးထွက်ခဲ့ပြီးလျှင် အသင်း တော်၏စည်းဝေးများတွင်တက်ရောက်လျက် စုရုံးလာကြသော ယုံကြည်သူတို့ နှင့်တွေ့ဆုံစကားစမြည်ပြောဆိုခဲ့၏။

အမေရိကန်ပြည်ထောင်စုနိုင်ငံသို့ပြန်ရောက်ပြီး နောက်လေးနှစ်ကြာ သောအခါ ဗဟိုဌာနချုပ်အသင်းကြီးကဖိတ်ခေါ်သည်အတိုင်း မစ္စစ်ဝှိုက်သည် အသက် ၆၃ နှစ်တွင် ဩစတြေလျကျွန်းသို့ သင်္ဘောဖြင့်ခရီးထွက်ခဲ့၏။ ထိုအရပ်၌သူမသည် ကိုးနှစ်တိုင်တိုင်နေထိုင်ပြီး အစပြုတည်ထောင်လျက် တိုးပွားလာသောလုပ်ငန်း၊ အထူးသဖြင့် ပညာရေးနှင့်ဆေးကုသရေးဌာနများ တွင် အားပေးကူညီလမ်းပြခဲ့၏။ မစ္စစ်ဝှိုက်သည် ၁၉၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ အနောက်ပိုင်းသို့ပြန်လာပြီးလျှင် ၁၉၁၅ ခုနှစ် တွင်သေဆုံးသည်တိုင်အောင် သူမသည် ကာလီဖိုးနီးယားပြည်၊ စိန့်ဟယ်လင် နာမြို့တွင် နေထိုင်ခဲ့လေ၏။

အမေရိကန်ပြည်၌ နှစ်ပေါင်း ၆၀နှစ်၊ ပင်လယ်ရပ်ခြားနိုင်ငံများ၌ ၁၀နှစ်ကြာရှည်စွာ မစ္စစ်ဝှိုက်သည် အမှုတော်ဆောင်ရွက်ခဲ့သည့်ကာလအတွင်း သူမသည်အမှန်အားဖြင့် ရူပါရုံပေါင်း ၂၀၀၀ မျှကိုမြင်ခဲ့ရ၍ လူအသီးသီး၊ အသင်းတော်များ၊ လူအစုအဝေးများနှင့် ဗဟိုဌာနချုပ်အစည်းအဝေးများတွင် အကြံဉာဏ်ပေးရာ၌မမောမပန်းကြိုးပမ်းမှုအားဖြင့် ၎င်းရူပါရုံများသည် ဤလုပ်ငန်းကြီး၏တိုးတက် ကြီးပွားရေးကို များစွာပင်ပြုပြင်ဖန်တီးလျက် အကောင် အထည်ဖော်ခဲ့လေသည်။ သက်ဆိုင်သောသူ အပေါင်းတို့အား မိမိရရှိသော ဘုရားသခင်၏သတင်းစကားများကို ဖော်ပြခြင်းလုပ်ငန်းသည် ဘယ်အခါမျှ ပြီးဆုံးသည်မရှိပါ။

သူမရေးသားသောစာစောင်များမှာ စာမျက်နှာတစ်သိန်းကျော်ကျော်

ရှိ၏။ သူမ၏ကလောင်မှထွက်လာသောသတင်းစကားများသည် လူတို့ထံသို့ ကိုယ်တိုင်ရေးသောစာများ၊ တစ်ပတ်ပြီးတစ်ပတ်ရိုက်နှိပ်သော ကျွန်ုပ်တို့ အသင်းတော်၏ဂျာနယ်များတွင်ပါရှိသောဆောင်းပါးများနှင့် သူမ၏များစွာ သောစာအုပ်များဖြင့် ရောက်ရှိသွားကြသည်။ ၎င်းတို့တွင် ပါရှိသောအကြောင်း အရာတို့မှာ ကျမ်းစာ၏ရာဇဝင်၊ ခရစ်ယာန်တို့၏နေ့စဉ်ကိုယ်တွေ့ အတွေ့အကြုံ၊ ကျန်းမာရေး၊ ပညာရေး၊ ဧဝံဂေလိအမှုဆောင်လုပ်ငန်း၊ အခြားလက်တွေ့ အကြောင်းအရာများနှင့်သက်ဆိုင်ပေသည်။ သူမ၏စာအုပ်လေးဆယ်ခြောက် မျိုးထဲမှ အများသောစာစောင်တို့ကို လောက၏အရေးကြီးသော ဘာသာစကား ကြီးများဖြင့်ပုံနှိပ်လျက် သန်းပေါင်းများစွာသောစောင်ရေများကို ရောင်းချ ဖြန့်ဖြူးပြီးခဲ့လေပြီ။

အသက် ၈၁ နှစ်တွင် မစ္စစ်ဝှိုက်သည် ၁၉၀၉ ခုနှစ်၌ပြုလုပ်ကျင်းပ သော ဗဟိုဌာနချုပ်စည်းဝေးကြီးကိုတက်ရောက်ရန် အမေရိကတိုက်ကိုဖြတ် လျက် နောက်ဆုံးခရီးထွက်ခဲ့၏။ သူမအသက်တာတွင် နောက်ဆုံး (၆) နှစ်၌ သူမ၏စာပေလုပ်ငန်းတို့ကိုပြီးဆုံးသည့်တိုင် လုပ်ကိုင်နေခြင်းဖြင့်အချိန် ကုန်လွန်ခဲ့၏။ အသက်တာကုန်ဆုံးခါနီးအချိန်တွင် မစ္စစ်ဝှိုက်က ဤစကား များကိုရေးသားထားခဲ့ပါသည်။ "ကျွန်ုပ်အားအသက်ရှင်နေသေးဖို့အခွင့်ပြု တော်မူသည်ဖြစ်စေ၊ မပြုဘဲနေတော်မူသည်ဖြစ်စေ ကျွန်ုပ်၏စာစောင်များသည် ဆက်လက်ဟောပြောနေကြလိမ့်မည်။ ၎င်းပြင် အချိန်ကာလရှိနေသေးသမျှ ကာလပတ်လုံး ၎င်းတို့၏အလုပ်တာဝန်သည် ရှေ့သို့တိုးတက်သွားလျက်ရှိ လိမ့်မည်။"

သူမ၏သခင်ခရစ်တော်၌ရဲရင့်ခြင်း၊ လုံးလုံးအားထားခြင်းရှိလျက် သူမသည် မိမိကိုယ်ပိုင်အိမ်၌ ၁၉၁၅ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်သေဆုံး သွားသဖြင့် မိရှီဂန်နယ်၊ ဘက်တလ်ကရိ(ခ်) မြို့ရှိ အုတ်(က်)ဟီး(လ်) သင်္ချိုင်းတွင် မိမိ၏ခင်ပွန်းနှင့်သားများ၏အနားတွင် မြှုပ်နှံသင်္ဂြိုဟ်ခြင်းခံရ လေ၏။

သူမနှင့်အတူလုပ်ဖော်ဆောင်ဖက်များ၊ အသင်းတော်သားများနှင့် သူမ၏အိမ်ထောင်သားများတို့က မစ္စစ်ဝှိုက်ကို သစ္စာရှိ၍အိမ်ထောင်ကိုဂရုစိုက် သောမိခင်အဖြစ်နှင့်လည်းကောင်း၊ စိတ်အားထက်သန်၊ ရက်ရော၍မမောမပန်းဘဲ ဘာသာတရားကိုဂရုစိုက်သောအမှုတော်ဆောင်အဖြစ်နှင့်လည်းကောင်း ရိုသေ လေးစားချီးမွမ်းကြ၏။ သူမသည် ဘယ်အခါမျှအသင်းတော်၏လုပ်ငန်းဆိုင်ရာ ရာထူးကိုမယူခဲ့ချေ။ အသင်းတော်နှင့်သူမကိုယ်တိုင်ကပင် သူမသည် မိမိ၏ လူများအတွက် ဘုရားသခင်ထံတော်မှသတင်းစကား ကိုကြားပြောရသော စေတမန်ဟူ၍သဘောထားခဲ့၏။ အခြားသူများအား မိမိကိုယ်ကိုကြည့်ရှု လေ့လာစေခြင်းငှာ သူမသည်ဘယ်အခါမျှမပြော။ မိမိခံစားရသောဆုကျေးဇူး ကိုလည်း မိမိ၏စီးပွားရေး အလို့ငှာလည်းကောင်း၊ ထင်ပေါ်ကျော်စောမှုအလို့ ငှာလည်းကောင်း ဘယ်အခါမျှအသုံးမပြုပါ။ သူမ၏အသက်တာနှင့်သူမ၌ ရှိသမျှအရာခပ်သိမ်းကို ဘုရားသခင်၏အမှုတော်အတွက် အပ်နှံပူဇော်ထား၏။

သူမသေဆုံးသောအခါ၌ "အင်ဒီးပင်းဒင့်" (ခေါ်) လူကြိုက်များသော ရက်သတ္တပတ်တစ်ကြိမ် ထုတ်မဂ္ဂဇင်းတစ်ခု၏အယ်ဒီတာသည် ၁၉၁၅ ခု၊ ဩဂုတ်လ ၂၃ ရက်နေ့စွဲနှင့် ထုတ်သောစာစောင်တွင် သူမ၏အကျိုးဖြစ်ထွန်း

စေသောအသက်တာအကြောင်း အောက်ပါစကားများဖြင့် မိမိ၏ထင်မြင်ချက်ကိုဖော်ပြထားပါသည်။ "သူမသည် မိမိ၏ရုပါရုံများ၌ ယုံကြည်ခြင်းတွင် လုံးလုံးရိုးသားဖြောင့်မတ်၏။ သူမ၏အသက်တာသည် ၎င်းတို့နှင့်ထိုက်တန် ပေသည်။ သူမသည် ဝိညာဉ်ရေး၌ လည်းကြွားဝါခြင်းမရှိ၊ ၎င်းပြင် သူမသည် ညစ်ညူးသောအမြတ်အစွန်းကိုမရှာလို။ သူမသည် ပုရောဖက်၏အကျင့်နှင့် ညီညွတ်စွာနေထိုင်ပြုမူခဲ့ပေသည်။"

မသေမီနှစ်အနည်းငယ်အထက်က မစ္စစ်ဝှိုက်သည် ပစ္စည်းထိန်းသိမ်း ရေးအဖွဲ့တစ်ခုကို စီမံတည်ထောင်လျက် ၎င်းအဖွဲ့တွင် အသင်းတော်တွင် ထင်ရှားသောလူကြီးများပါဝင်၏။ သူတို့လက်ထဲတွင် သူမရေးသားခဲ့သော စာစောင်များအပ်နှံထားပြီး ၎င်းတို့ကိုစောင့်ရှောက် ထိန်းသိမ်း၍ ဆက်လက် ပုံနှိပ်ဖြန့်ဖြူးရန် သူတို့၌တာဝန်ရှိကြောင်းကို အသေအချာမှာထားခဲ့၏။ အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကိုလံဘီယာနယ်၊ ဝါရှင်တန်မြို့တွင် သတ္တမ နေ့ဥပုသ်မျှော် လင့်ခြင်းအသင်း၏ကမ္ဘာ့ဌာနချုပ်ရုံးတွင် ဤအဖွဲ့သည် အီး၊ ဂျီ၊ ဝှိုက်၏စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဆက်လက်ရိုက်နှိပ်ဖြန့်ဖြူး၍ တစ်အုပ်လုံး (သို့မဟုတ်) အစိတ်အပိုင်းတို့ကို အခြားသောဘာသာစကား များဖြင့် ရိုက်နှိပ်ဖြန့်ဖြူးရန်အားပေးတိုက်တွန်းလျက်ရှိကြသည်။ သူတို့သည် မစ္စစ်ဝှိုက်၏သွန်သင်သြဝါဒပေးချက်နှင့်ညီညွတ်စွာ ကာလအပိုင်းအခြားနှင့် ထုတ်ဝေသောစာစောင်တို့အထဲမှ ဆောင်းပါးများနှင့်စာမူများကိုလည်းစုပေါင်း ၍ များစွာရိုက်နှိပ်ဖြန့်ဖြူးခဲ့ကြ၏။ ဤအဖွဲ့၏ခွင့်ပြုချက်အရ ဤစာစောင် ကိုရိုက်နှိပ်ဖြန့်ဖြူးရ၏။

## မစ္စစ်ဝှိုက်အကြောင်းအခြားသူများသိမြင်ချက်

မစ္စစ်ဝှိုက်သည် ထာဝရဘုရား၏စေတမန်ဖြစ်သည်အလျောက် တွေ့ကြုံခံစားရသော ဗဟုသုတတို့အကြောင်းကို ကြားသိရကြပြီးဖြစ်သဖြင့် အချို့က သူမသည် မည်ကဲ့သို့ ပုဂ္ဂိုလ်ဖြစ်ပါသနည်းဟု မေးတတ်ကြသည်။ သူမသည်ကျွန်ုပ်တို့မှာကဲ့သို့ အလားတူအခက်အခ `များနှင့်ကြုံတွေ့ရပါသလော၊ သူမသည်ချမ်းသာသလော၊ ဆင်းရဲသလော၊ တစ်ခါတစ်ရံ ပြုံးရယ်ဖူးသလော။

မစ္စစ်ဝှိုက်သည် ဆင်ခြင်စဉ်းစားတတ်သောမိခင်ဖြစ်၏။ သူမသည် သေချာသတိရှိသောအိမ်ရှင်မဖြစ်၏။ သူမသည် ရက်ရောသောအိမ်ထောင်

ရှင်မဖြစ်လျက် ကျွန်ုပ်တို့၏လူများကို သူမ၏အိမ်တွင် မကြာခဏဧည့်ခံ ကျွေးမွေးခဲ့ပါ၏။ သူမသည် အိမ်နီးချင်းတို့ကိုကူညီမစတတ်သောသူဖြစ်၏။ သူမသည် အမှားကိုပိုင်းခြားသိမြင်တတ်သောမိန်းမဖြစ်လျက် စိတ်သဘော ကောင်း၍ အပြောအဆိုအပြုအမူတို့တွင် ယဉ်ကျေးသိမ်မွေ့၏။ သူမ၏ အသက်တာအတွေ့အကြုံတွင် သူမ၌ဘယ်အခါမျှမသာယာသောမျက်နှာ၊ ပြုံးရွှင်ခြင်းကင်းမဲ့သောအမူအရာ၊ ဘာသာတရား၌ပျော်မွေ့ခြင်းကင်းသော အခြေအနေမျိုးကိုမတွေ့ရ။ သူမ၏ရှေ့တွင် တစ်စုံတစ်ယောက်သည် လုံးလုံး စိတ်အေးချမ်းသာယာမှုကိုရရှိ၏။ မစ္စစ်ပိုက်အကြောင်းကို ကောင်းစွာသိကျွမ်းဖို့အကောင်းဆုံးနည်းမှာ ၁၈၅၉ ခုနှစ်တွင် သူမ၏အိမ်သို့သွားရောက်လည် ပတ်ခြင်းဖြစ်သည်။ ထိုနှစ်မှစ၍ သူမသည် တစ်နေ့ပြီးတစ်နေ့၊ ရက်ဆက် နေ့စဉ်မှတ်တမ်းများကိုရေးထားခဲ့၏။

ပိုက်တို့လူစုသည် ဘက်တလ်ကရိ(ခ်) မြို့ပြင်တွင် အတော်ကျယ်ဝန်း ၍ ဥယျာဉ်တစ်ခုပြု လုပ်ထားနိုင်ခွင့်ရရှိသော မြေကွက်တစ်ခုပေါ်တွင်ရှိသော အိမ်ကလေးတစ်ဆောင်တွင် ်နေထိုင်ကြသည်။ ထိုဥယျာဉ်တွင်သစ်သီးပင်အချို့၊ နွားမတစ်ကောင်၊ ကြက်အနည်းငယ်ရှိ၍ သားငယ်များကစားဖို့ရန်၊ အလုပ် လုပ်ဖို့ရန်နေရာတစ်ခုလည်းရှိ၏။ မစ္စစ်ပိုက်သည် ထိုအခါက အသက်သုံးဆယ် တစ်နှစ်ရှိပြီး ဆရာကြီးပိုက်သည် သုံးဆယ်ခြောက်နှစ်ရှိပြီ။ ထိုအချိန်၌ အသက်လေးနှစ်၊ ကိုးနှစ်၊ တစ်ဆယ့်နှစ် နှစ်ရှိသားကလေးသုံးယောက် ထိုအိမ် တွင်ရှိကြသည်။

မစ္စစ်ပိုက်သည် မကြာခဏအိမ်မှထွက်ခွာသွား၍ တရားဟောပြော ရေး၊ မိမိ၏စာပေ ရေးသားရေးတို့နှင့် အလွန်အလုပ်များနေတတ်သဖြင့် အိမ်မှု ရေးရာတွင်ကူညီရန်အတွက် ကောင်းသောခရစ်ယာန်မိန်းမငယ်တစ်ယောက် ကိုလည်း ထိုအိမ်တွင်ကျွန်ုပ်တို့တွေ့ရှိလိမ့်မည်။ သို့ရာတွင် မစ္စစ်ပိုက်သည် အိမ်ထောင်၏တာဝန်များကို ကိုယ်တိုင်ထမ်းဆောင်လျက် ထမင်းချက်ခြင်း၊ အိမ်ရှင်းလင်းခြင်း၊ အဝတ်လျှော်ခြင်းနှင့်အဝတ်ချုပ်ခြင်းအမှုများကိုပြုတတ် ၏။ အချို့သောနေ့များတွင် စာပုံနှိပ်တိုက်သို့သွား၍ စာရေးရန်တိတ်ဆိတ် သောနေရာမှာရှိနေတတ်၏။ အခြားသောနေ့များတွင် သူမသည် ဥယျာဉ် ထဲ၌ ပန်းပင်၊ သစ်ပင်များကိုစိုက်ပျိုးနေလျက် တစ်ခါတစ်ရံအိမ်နီးချင်း မိတ်ဆွေများမှ ပန်းပင်ချင်းလဲလှယ်နေသည်ကို တွေ့ရတတ်သည်။ သားသမီး များသည် အိမ်ကိုအလွန်နှစ်သက်ဖွယ် သောနေရာအဖြစ် သဘောထားကြမည် အကြောင်း၊ သူမသည်အိမ်ကို မိမိ၏အိမ်ထောင်သားများအတွက် ပျော်မွေ့ ဖွယ်ကောင်းနိုင်သမျှကောင်းအောင်ပြုလုပ်ဖို့ စိတ်ဆုံးဖြတ်၏။

မစ္စစ်ပိုက်သည်ဈေးဝယ်ရာတွင် စေ့စပ်သေချာသူဖြစ်၍ ဈေးနှုန်းကို သိရှိနေတတ်သဖြင့် အိမ်နီးချင်းဖြစ်သော သတ္တမနေ့ဥပုသ်အသင်းသားတို့ သည် သူမနှင့်ဈေးဝယ်သွားရသည်ကို သဘောကျနှစ်သက်ကြသည်။ သူမ၏ မိခင်သည် ဘယ်အရာမဆို အလွန်ပင်ကိုယ်တိုင်လက်တွေ့ လုပ်ကိုင်တတ်၍ သမီးများအား များစွာအဖိုးတန်အကျိုးရှိသောသင်ခန်းစာများကို သင်ကြား ပြသပေးခဲ့၏။ ညံ့ဖျင်းစွာပြုလုပ်ထားသောအရာတို့သည် ကြာရှည်မခံကြ သဖြင့် အမျိုးကောင်းသောကုန်များထက်ပင် သာ၍အကုန်အကျများတတ် သည်ကို သူမသည်တွေ့ရှိရ၏။

ဥပုသ်နေ့ကိုသားသမီးများအတွက် ရက်သတ္တပတ်တွင် အလွန်ပျော်မွေ့ဖွယ်ဖြစ်အောင်ပြုလုပ်၏။ အမှန်အားဖြင့်

အိမ်ထောင်တစ်ခုလုံးသည် စည်းဝေးများကိုတက်ရောက်ကြ၍ ဆရာကြီးနှင့်မစ္စစ်ဂိုက်တို့သည် ဟောပြော ရသောတာဝန်များမရှိသောအခါ အိမ်ထောင်တစ်ခုလုံးသည် စည်းဝေးကျင်းပ နေစဉ် တစ်ချိန်လုံးအတူ တကွတစ်နေရာတည်း၌ ထိုင်နေတတ်ကြသည်။ ထမင်းစားပွဲ၌လည်း အခြားသောနေ့များတွင် မရှိတတ်သောစားစရာများကို ရွေးချယ်ပြင်ဆင်ထား၏။ ၎င်းပြင် သာယာသောနေ့ဖြစ်လျှင် မစ္စစ်ဂိုက်သည် ကလေးများနှင့်တောရွာ၊ (သို့မဟုတ်) မြစ်ကမ်းပါးသို့လမ်းလျှောက်သွား၍ သူတို့သည် သဘာဝ၏လုပ တင့်တယ်သောအရာများကို သေချာစွာစစ်ဆေး ကြည့်ရှုပြီးလျှင် ဘုရားသခင်ဖန်ဆင်းထားတော်မူသော လုပ်ငန်းများအကြောင်းကို လေ့လာဆည်းပူးကြ၏။ မိုးရွာသော (သို့မဟုတ်) အလွန်အေးသောနေ့ ဖြစ်လျှင် သူမသည်ကလေးများကို အိမ်ထဲတွင်ရှိမီးဖိုပတ်လည်တွင်စုရုံးစေပြီး သူတို့အားစာဖတ်ပြ၏။ သူမခရီးထွက်စဉ် ထိုမှဤမှစုဆောင်းရရှိထားသော စာပေများမှ သူမသည်မကြာခဏဖတ်ပြ၏။ အခြားသောမိဘတို့သည် မိမိ တို့၏သားသမီးများအားဖတ်ပြနိုင်ကြမည်အကြောင်း၊ နောက်များမကြာမီ ဤပုံပြင်ကလေးများမှ အချို့တို့ကိုစာအုပ်များအဖြစ်နှင့်ပုံနှိပ်ထား၏။

မစ္စစ်ဂိုက်သည် ဤအချိန်အခါကကောင်းစွာကျန်းမာခြင်းမရှိလှချေ။ ၎င်းပြင် နေ့အခါတွင် မကြာခဏမူးမေ့သွားတတ်၏။ သို့ရာတွင် သူမသည် ဤအကြောင်းကြောင့် အိမ်တွင်မိမိ၏အလုပ် အကိုင်များတွင် ပျက်ကွက်ခြင်း မရှိ၊ ထာဝရဘုရားအတွက်အမှုဆောင်ရွက်ရာ၌လည်းပျက်ကွက်ခြင်းမရှိချေ။ နောက်နှစ်များမကြာမီ ၁၈၆၃ ခုနှစ်တွင် သူမသည် ကျန်းမာရေးနှင့်လူနာ များစောင့်ရှောက်ရေးအ ကြောင်းနှင့်စပ်ဆိုင်သော ရူပါရုံကိုရရှိ၏။ ရူပါရုံ၌ သင့်လျော်သောအဝတ်ကိုဝတ်ခြင်း၊ ဥင့်လျော်သော အစားအသောက်ကို သုံးဆောင်ခြင်း၊ သင့်လျော်သောကိုယ်လက်လှုပ်ရှားခြင်းနှင့်အနားယူခြင်းအမှု များနှင့်တကွ ကျန်းမာသန်စွမ်းသောကိုယ်ကာယကိုအမြဲရရှိနေစေရန် ဘုရားသခင် ၌ယုံကြည်အားထားဖို့ အရေးကြီးခြင်းအကြောင်းတို့ကိုလည်း သူမအားဖော်ပြ ထား၏။

အစားအသောက်အကြောင်းနှင့် အသားပါသောအစာများ၏ဘေးဖြစ်စေခြင်းအကြောင်းနှင့် စပ်ဆိုင်၍ ဘုရားသခင်ထံမှရရှိသောအလင်းတရားသည် အသားပါသောအစာကို ကျန်းမာရေးနှင့်ခွန်အားအတွက် လိုအပ်သည်ဟု မစ္စစ် ဂိုက်ကိုယ်တိုင်၏ထင်မြင်ချက်နှင့် အသေအချာဆန့်ကျင်ဘက်ဖြစ်နေ၏။ ရူပါရုံ၏ အလင်းနှင့် သူမ၏စိတ်ကိုလင်းစေခြင်းငှာ အိမ်ထောင်အတွက် စားစရာကိုပြင်ဆင်ရာတွင် ကူညီရသော မိန်းမငယ်အား ထမင်းစားပွဲပေါ်တွင် ဂျုံ၊ ဆန်စပါး၊ ဟင်းသီးဟင်းရွက်၊ အဆီထွက်သောသစ်သီး၊ နွားနို့၊ မလိုင်၊ ဒိန်နှင့် ကြက်ဥတို့မှပြုပြင်ထားသည့် ရိုးရိုးနှင့်ကျန်းမာစေသောစားစရာများ ကိုသာ ပြင်ဆင်ထားဖို့သွန်သင်ပေးလေ၏။

အိမ်ထောင်သည် ထမင်းစားပွဲသို့ရောက်လာသောအခါ အသား

အနည်းငယ်မျှမပါဘဲ ကျန်းမာစေ၍ ကောင်းသောစားစရာများကို များစွာ တွေ့ရကြ၏။ မစ္စစ်ပိုက်မှုကား၊ အသားမှတစ်ပါး အခြားစားစရာတို့ကိုမမက်မော လှချေ။ ထို့ကြောင့် သူမသည်ရိုးရိုးပြင်ထားသောအစားအစာတို့ကိုစားနိုင် လာသည့်တိုင်အောင် ထမင်းစားပွဲမှထသွားပြီးရှောင်နေလေ၏။ နောက်ထမင်း စားချိန်၌လည်း သူမသည်ဤအဖြစ်မျိုးကိုကြုံရပြန်၏။ ရိုးရိုးစားစရာကိုပင် သူမသည်မနှစ်သက်ချေ။ ထိုနောက် တစ်ဖန်သူတို့သည် ထမင်းစားပွဲသို့ ရောက်လာရကြပြန်သည်။ ရုပါရုံတွင် ကျန်းမာခြင်းနှင့်ခွန်အားအတွက် အကောင်းဆုံးဖြစ်သည်ဟု သူမအားဖော်ပြထားသည့် အတိုင်း စားပွဲပေါ်တွင် ရိုးရိုးပြင်ဆင်ထားသောစားစရာများကို တွေ့ရပြန်၏။ သို့သော် သူမ၏စိတ် သည် စားနေကျဖြစ်သောအသားကိုသာ တောင့်တနေ၏။ သို့ရာတွင် ယခု အသားသည် အကောင်းဆုံးအစာမဟုတ်ကြောင်းကို သူမသည်သိမြင်လာ၏။ သူမသည် မိမိ၏ဝမ်းဗိုက်ပေါ်တွင် လက်များကိုတင်လျက် "သင်သည် မုန့်ကိုစားနိုင်လာ သည့်တိုင်အောင်စောင့်နေနိုင်သည်" ဟု ၎င်းအားပြောဆို ခဲ့ပြီဟု သူမကကျွန်ုပ် တို့အားပြောပြ၏။

များမကြာမီပင် အယ်လင်ဂျီ၊ ဝိုက်သည် ရိုးရိုးပြင်ဆင်ထားသော အစားအ သောက်တို့ကို ကောင်းစွာသုံးဆောင်နိုင်လာရာ ဤကဲ့သို့အစား အသောက်ကိုပြောင်း လဲပေးခြင်းဖြင့် သူမ၏ကျန်းမာရေးအခြေအနေသည် ချက်ချင်းပင်တိုး၍ကောင်းမွန်လာပြီး သူမ၏ကျန်သောအသက်တာတစ်လျှောက် လုံးတွင် သူမသည်ကောင်းစွာကျန်းမာလျက် ရှိခဲ့၏။ ထိုသို့အားဖြင့် ကျွန်ုပ် တို့၌တွေ့ကြုံရသောအခက်အခဲများနည်းတူမစ္စစ်ဝိုက်၌လည်း အလားတူတွေ့ကြုံ ရသည်ကိုတွေ့မြင်ရပေသည်။ ကျွန်ုပ်တို့အားလုံးသည်အစားအသောက်နှင့် စပ်ဆိုင်၍ အောင်မြင်ခြင်းရှိရကြမည်နည်းတူ မစ္စစ်ဝိုက်သည် မိမိ၏ ကိုယ်တွေ့အ ဖြစ်အပျက်တွင် အစားအသောက်၌အောင်မြင်ခြင်းကိုရရှိခဲ့လေပြီ။ ကျန်းမာရေးနှင့်စပ်ဆိုင်၍ ပြုပြင်ပြောင်းလဲခြင်းအမှုကြောင့် ဝိုက်အိမ်ထောင်သား တစ်စု၌ များစွာကောင်းချီးကိုခံစား ခဲ့ရကြသည်နည်းတူ လောကတစ်ဝန်းလုံးရှိ မျှော်လင့်ခြင်းအသင်းသားအိမ်ထောင်ပေါင်း ထောင်သောင်းတို့သည်လည်း ထိုသို့ကောင်းချီးများကိုခံစားခဲ့ရကြပြီ။

ကျန်းမာရေးတွင်ပြုပြင်ပြောင်းလဲမှုနှင့်ဆိုင်သော ရုပါရုံကိုမြင်ရပြီး မစ္စစ်ဝိုက်၏ အိမ်တွင် လူနာတို့ကိုလွယ်ကူသောနည်းရိုးရိုးဖြင့် ကုသပြုစုနည်း ကိုအသုံးပြုပြီးနောက် ဆရာကြီးနှင့်မစ္စစ်ဝိုက်တို့သည် မကြာခဏဖျားနာနေ သောအိမ်နီးချင်းမိတ်ဆွေတို့အား သွားရောက်၍ကုသပြုစုပေးခဲ့ကြရာ ထာဝရ

ဘုရားသည် သူတို့၏ကြိုးပမ်းမှုကို များစွာကောင်းချီးပေးတော်မူ၏။ အခြား အချိန်အခါများတွင် လူနာများကိုမိမိတို့၏အိမ်သို့ခေါ်ဆောင်သွားပြီး ကောင်းစွာ ကျန်းမာလာသည်တိုင်အောင် ကြင်နာစွာသူတို့အားစောင့်ရှောက်ပြုစုထားရ ကြ၏။

မစ္စစ်ဝိုက်သည် အားလပ်ခွင့်ယူလျက် တောတောင်များတွင်ဖြစ်စေ၊ အိုင်တစ်ခုပေါ်တွင်ဖြစ်စေ၊ ပင်လယ်ခရီးထွက်ရာ၌ဖြစ်စေ စိတ်ဖျော်ဖြေမှု ကိုရှာကြံလျက် အချိန်ကိုကုန်လွန်စေတတ်ပါသည်။ လူလတ်အရွယ်တွင် အမေရိကန်ပြည်အနောက်ပိုင်းရှိ ကျွန်ုပ်တို့၏စာပေဖြန့်ဖြူးရေးဌာနဖြစ်သော ပစိဖိတ်စာပုံနှိပ်တိုက်နားတွင် နေထိုင်စဉ်အခါက တစ်နေ့လောက်အနားယူ လျက် စိတ်ဖျော်ဖြေမှုကိုရှာကြံရန် စိတ်ပိုင်းဖြတ်ထားကြ၏။ မစ္စစ်ဝိုက်၏ အိမ်ထောင်သားများနှင့် သူမ၏ရုံးအလုပ်သမား၏အိမ်ထောင် သားများ တို့အား စာပုံနှိပ်တိုက်အလုပ်သမားအိမ်ထောင်သားတို့က မိမိတို့နှင့်လာရောက်ပျော်ပွဲစား ထွက်ရန်ဖိတ်ခေါ်ရာ သူမသည် ချက်ချင်းပင်လက်ခံလိုက်၏။ သူမ၏ခင်ပွန်း မှာ အရှေ့ဘက်ဒေသတွင် အသင်းတော်လုပ်ငန်းအတွက် ခရီးထွက်နေရ၏။ သူ့ထံသို့ပို့ပေးသောစာတစ်စောင်တွင် ဤကဲ့သို့ ပျော်ပွဲစားထွက်ရာ၌ ကြုံရ သောအဖြစ်အပျက်အကြောင်း သူမကရေးထားသောအကြောင်းအရာကို အောက်ပါအတိုင်းကျွန်ုပ်တို့တွေ့ရှိရကြသည်။

ပင်လယ်ကမ်းခြေပေါ်တွင် ပျော်ရွှင်စွာကျန်းမာစေသောစားစရာများကို သုံးဆောင်ကြပြီးနောက် လာကြသောလူတစ်စုလုံးသည် သင်္ဘောစီးလျက် စန်ဖရန်စစ္စကိုပင်လယ်အော်ထဲသို့ထွက်သွားကြ၏။ သင်္ဘောကပ္ပတိန်သည် အသင်းတော်သားတစ်ဦးဖြစ်၍ ထိုနေ့လယ်တွင် အလွန်ပျော်ရွှင်ကြ၏။ ထိုနောက် ပင်လယ်ထဲသို့သွားရန်အကြံပေးကြ၏။ ထိုအဖြစ်အပျက်ကို အယ်လင်ဝိုက်ကရေးသားဖော်ပြထားသည်မှာ–

"လှိုင်းလုံးကြီးများသည် အတော်မြင့်အောင်ပုတ်ခတ်လျက် ကျွန်ုပ် တို့သည် အလွန်ပင်ကြီးကျယ် စွာမြင့်လိုက်နိမ့်လိုက်နှင့် လူးနေရကြ၏။ ကျွန်ုပ် သည်စိတ်ထဲ၌အလွန်ပျော်ရွှင်နေ၏။ သို့ရာတွင် မည်သူကိုမျှစကားမပြော နိုင်။ ထိုအခြင်းအရာသည် အလွန်ကြီးကျယ်ပါတကား။ ရေမှုန်တို့သည် ကျွန်ုပ်တို့၏အပေါ်သို့စင်လာကြ၏။ ဂိုး(လ်)ဒင်းဂိတ်အပြင်ဘက်တွင် လေသည်ပြင်းထန်စွာတိုက်ခတ်၍ ကျွန်ုပ်၏အသက်တာတွင် ဘယ်အခါမျှ ဤကဲ့သို့ပျော်ရွှင်ခြင်းမရှိခဲ့ချေ။

ထိုနောက် ကပ္ပတိန်၏စောင့်ကြည့်နေခြင်းအမှုနှင့် သူ၏အမိန့်ကို နာခံရန်အသင့်ရှိနေသော သင်္ဘောသားတို့ကို သူမသည်သတိပြုမိသဖြင့် သူမက ဤကဲ့သို့ဆင်ခြင်စဉ်းစားမိ၏။

"ဘုရားသခင်သည် လေတို့ကို မိမိ၏လက်တော်ထဲတွင်ကိုင်ထား တော်မူ၏။ ဘုရားသခင်သည် ပင်လယ်ရေတို့ကိုစိုးမိုးအုပ်ချုပ်တော်မူ၏။ ကျွန်ုပ်တို့သည် အလွန်ကျယ်ပြန့်၍နက်သောပစိဖိတ် သမုဒ္ဒရာကြီးတွင် အစက် ကလေးများကဲ့သို့ပင်ဖြစ်သော်လည်း ကောင်းကင်တမန်တို့အား လှိုင်းများပေါ်၌ခုတ်မောင်းနေသော ဤရွက်သင်္ဘောကလေးကို စောင့်ရှောက်ကာကွယ်ရန် စေလွှတ်ထားတော်မူ၏။ အို၊ မည်မျှအံ့ဩဖွယ်ကောင်းသောဘုရားသခင်ဖြစ် တော်မူသနည်း။

ကျွန်ုပ်တို့၏ဥာဏ်နှင့်မမီနိုင်သောအမှုပါတကား။ အမှတ်တမဲ့ လျှပ်တစ်ပြက်တမျှကြည့်ရုံမျှဖြင့် ဘုရားသခင်သည် အမြင့်ဆုံးသောကောင်းကင် နှင့်သမုဒ္ဒရာ၏အတွင်းကို မြင်တော်မူ၏။"

မစ္စစ်ပိုက်သည် စောစောကပင်စိတ်ပျော်ရွှင်သောအမှုအရာကိုဆောင် ခဲ့၏။ တစ်ခါက "ကျွန်ုပ်သည် စိတ်ပျက်ညှိုးငယ်၍ ညည်းညူနေသည်ကို တွေ့ဖူးသလော။ ဤသို့မဖြစ်သင့်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဤကဲ့သို့ သောအခြေအနေမျိုးသည် ခရစ်ယာန်အကျင့်အမူနှင့် ခရစ်ယာန်၏အလုပ်အကိုင် တို့၏မှန်ကန်သောပုံသက်သေကို အလွဲထင်မြင်မှတ်ယူစေ၏။ ထို့ကြောင့် သခင်ယေရှု၏အမှုကိုစိတ်ပါစွာဆောင်ရွက်ခြင်းအမှုသည် သာယာသော ဘာသာတရားကိုထင်ရှားစေ၏။ သခင်ခရစ်တော်နောက်သို့ သာ၍နီးကပ်စွာ လိုက်သောသူတို့သည် စိတ်ပျက်ညှိုးငယ်ခြင်းမရှိကြဟု သောအချက်ကို သတိပြု သင့်သည်" ဟု သူမကမေး၏။

ထိုနောက် အခြားအချိန်အခါတွင် သူမက "အချို့သောအမှုတို့၌ စိတ်ပျော်ရွှင်ခြင်းအမှုသည် ခရစ်ယာန်၏အမူအကျင့်နှင့်မညီညွတ်ဟု ထင်မှတ် ခဲ့ကြ၏။ သို့သော် ဤအချက်သည်မှား၏။ ကောင်းကင်တစ်ဝန်းလုံးသည် ပျော်ရွှင်ဖွယ်ရာဖြစ်၏" ဟု ရေးသားထား၏။ ၎င်းပြင် သင်သည် သူတစ်ပါး အားပြုံး၍ပြလျှင် သင်သည်သူတစ်ပါး၏ပြုံးပြခြင်းကိုခံရမည်။ သူတစ်ပါးအား သင်သည် ကြင်နာသောစကားကိုပြောဆိုလျှင် သင့်အားပြန်၍ကြင်နာသော စကားကို ပြန်ပြောကြလိမ့်မည်ကို သူမသည်တွေ့ရှိရ၏။

သို့ရာတွင် သူမသည် များစွာစိတ်ဆင်းရဲခဲ့ရသောအချိန်အခါလည်း ရှိပေသည်။ ဩစတြေးလျကျွန်းတွင်ရှိ သာသနာလုပ်ငန်းကိုကူညီရန် သူမ သည် ထိုကျွန်းသို့သွားရောက်ပြီး နောက်မကြာမီ ထိုသို့သောအချိန်အခါ မျိုးနှင့်ကြုံကြိုက်ရ၏။ သူမသည် တစ်နှစ်နီးပါးအလွန်ပင် မကျန်းမမာဖြစ်လျက် ရောဂါပြင်းစွာခံစားရ၏။ သူမသည် အများအားဖြင့်အိပ်ရာပေါ်တွင်သာနေရ လျက် ညဥ့်အခါတွင်နာရီအနည်းငယ်ကြာသာအိပ်ပျော်၏။ ဤအဖြစ်အပျက် အကြောင်းနှင့်ပတ်သက်၍ မိတ်ဆွေတစ်ဦးထံပေးသောစာတွင် သူမသည် ဤကဲ့သို့ရေးထား၏။

"ကျွန်ုပ်သည် အားကိုးရာမဲ့ဖြစ်နေသောအခြေအနေသို့ရောက်ရှိနေ သည်ကိုတွေ့ရှိရသောအခါ ကျယ်ပြန့်သောပင်လယ်ပြင်ကြီးများကို ဖြတ်ကျော် လျက်ရောက်လာရသည့်အတွက် ဝမ်းနည်းမိပါသည်။ အဘယ်ကြောင့် ကျွန်ုပ် သည် အမေရိကန်ပြည်တွင်မနေသနည်း။ အဘယ်ကြောင့် ဤမျှဆင်းရဲခံ လျက် ဤတိုင်းပြည်သို့ရောက်လာရသနည်း။ မကြာခဏ ကျွန်ုပ်သည်အိပ်ရာ ပေါ်တွင်မှောက်လျက် စိတ်ရှိလက်ရှိငိုကြွေးပစ်လိုက်ပါသည်။ သို့သော် ကျွန်ုပ် သည် ကြာမြင့်စွာမျက်ရည်မကျနေနိုင်ပါ။ ကျွန်ုပ်သည် မိမိကိုယ်ကို အယ်လင် ဂျီ၊ ဝှိုက်၊ ဒါဟာဘာအဓိပ္ပါယ်လဲ။ ဌာနချုပ်ကြီးက သင်သည်ဩစတြေးလျ ကျွန်းသို့သွားဖို့အသင့်လျော်ဆုံးဖြစ်သည်ဟု ဆုံးဖြတ်သည်အတိုင်း သင်၌ သွားဖို့တာဝန်ရှိသည်ဟု သင်ထင်မှတ်သောကြောင့် သင်သည်ဩစတြေးလျ တိုက်သို့ရောက် လာခဲ့ပြီမဟုတ်လော။ သင်သည် ဤကဲ့သို့ပြုလေ့ပြုထရှိခဲ့ပြီ မဟုတ်လောဟုမေးခဲ့ပြီ။"

## ကျွန်ုပ်က "ဟုတ်ပါတယ်" ဟုဆို၏

သို့ဖြစ်လျှင် သင်သည်အဘယ်သို့ငြီးငွေ့လျက် စိတ်ပျက်နေ သနည်း။ ဤအရာသည် ရန်သူ၏လုပ်ငန်းမဟုတ်လော။ ကျွန်ုပ်ကဟုတ်၏ ဟုပြန်ဆို၏။

ကျွန်ုပ်သည် မျက်ရည်များကိုမြန်နိုင်သမျှမြန်မြန်သုတ်ပစ်ပြီးလျှင် တော်လောက်ပြီ။ "ကျွန်ုပ်သည်မှောင်မိုက်ဘက်ကိုမကြည့်တော့ပါ။ ကျွန်ုပ် အတွက်အသေခံတော်မူသောကိုယ်တော်အတွက် ကျွန်ုပ်၏ဝိညာဉ်ကိုအသက်ရှင် ဖို့ဖြစ်စေ၊ သေဖို့ဖြစ်စေအပ်ပေးပါသည်" ဟု ပြောဆို၏။

ထိုနောက် ထာဝရဘုရားသည် အရာခပ်သိမ်းကိုကောင်းစွာစီမံတော် မူလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်၏။ ၎င်းပြင် ဤကဲ့သို့ရှစ်လလောက်အားကိုး ရာမဲ့ဖြစ်နေစဉ်အတွင်း ကျွန်ုပ်၌စိတ်ပျက်ခြင်း၊ ယုံမှားခြင်းအနည်းငယ်မျှမရှိ တော့ချေ။ ယခုဤတိုင်းပြည်ရှိလူများ၏ကောင်းကျိုးအတွက် အမေရိကန်ပြည် တွင်ရှိသောသူများ၏ကောင်းကျိုး၊ ကျွန်ုပ်ကိုယ်တိုင်၏ကောင်းကျိုးအတွက် ဤအမှုကိုဘုရားသခင်၏စီမံကိန်းကြီးတွင်အပါအဝင်တစ်ခုအဖြစ်နှင့် ကျွန်ုပ် သဘောထားပါသည်။ အဘယ်ကြောင့်၊ အဘယ်ကဲ့သို့စီမံတော်မူသည်ကို ကျွန်ုပ်မဖော်ပြနိုင်ပါ။ သို့ရာတွင် ဘုရားသခင်စီမံတော်မူကြောင်းကို ယုံကြည် ပါသည်။ ၎င်းပြင် ကျွန်ုပ်သည် အခက်အခဲတွေ့ရာတွင်ပျော်ရွှင်လျက်ရှိ၏။ ကျွန်ုပ်၏ကောင်းကင်ခမည်းတော်ကို ကျွန်ုပ်ယုံကြည်အားကိုးပါသည်။ ကျွန်ုပ် သည် ဘုရားသခင်၏ချစ်ခြင်းကိုယုံမှားခြင်းမရှိပါ။

မစ္စစ်ဝှိုက်သည် ကာလီဖိုးနီးယားပြည်တွင် သူမအသက်တာ၏ နောက်ဆုံးပိုင်းတစ်ဆယ့်ငါးနှစ်အတွင်း၌ နေထိုင်လျက်ရှိစဉ်အခါ သူမသည် တဖြည်းဖြည်းအိုမင်းမစွမ်းဖြစ်လာ၏။ သို့ရာတွင် သူမသည် လယ်ယာကလေး တစ်ခုတွင်ရှိလုပ်ငန်းတွင် စိတ်ဝင်စားမှုရှိလာ၏။ ၎င်းပြင် သူမ၏အလုပ် များတွင်ကူညီသောသူတို့၏အိမ်ထောင်များကို စောင့်ရှောက်ပြုစုလျက် စေတနာ့ ဝန်ထမ်းအလုပ်ကိုလုပ်ရာတွင် စိတ်ဝင်စား၏။ သူမသည် စောစောအိပ်ရာ

ဝင်တတ်သဖြင့် ညဥ့်သန်းခေါင်ကျော်လောက်တွင်ထလျက် မကြာခဏစာရေး နေခြင်းဖြင့် သူမသည်အလုပ်များနေတတ်သည်။ သာယာသောနေ့ဖြစ်ပြီး အလုပ်အားလပ်သောအခါ သူမသည် တောရွာသို့မြင်းရထားစီးသွားပြီး ဥယျာဉ်တစ်ခုခုတွင်မြင်သောမိခင် (သို့မဟုတ်) သူမဖြတ်သွားသောအိမ်ဦး ပိုင်းတွင်ရှိသော မိခင်တစ်ဦးထံဆင်းသွားပြီး စကားစမြည်ပြောဆိုတတ်ပါသည်။ တစ်ခါတစ်ရံအဝတ်အထည်နှင့်အစားအသောက်များကို လိုသောသူတို့ကိုတွေ့ ရသဖြင့် အိမ်သို့ပြန်သွား၍ မိမိအိမ်တွင်ရှိသောအရာအချို့ကို ယူဆောင် လာတတ်၏။ သူမသေဆုံးပြီးနှစ်များစွာကြာသောအခါ သူမနေထိုင်သောလွင်ပြင် တွင်ရှိအိမ်နီးချင်းတို့က သူမအား သခင်ယေရှုအကြောင်းကိုချစ်ခင်ကြင်နာစွာ ပြောပြသော ဆံပင်ဖြူနှင့်အဘွားအိုတစ်ဦးအဖြစ်နှင့်သတိရလျက်ရှိနေကြသည်။

သူမသေဆုံးသောအခါ သူမ၏အသက်တာတွင် သက်သာစွာနေထိုင် ဖို့လိုအပ်သော အရာများအပြင် အနည်းငယ်သောပစ္စည်းအပိုင်ရှိ၏။ သူမသည် ကျွန်ုပ်တို့ကဲ့သို့ သတ္တမနေ့ဥပုသ် မျှော်လင့်ခြင်းအသင်းဝင်သူတစ်ဦးဖြစ်၍ ထမြောက်တော်မူပြီးသော သူမ၏ဘုရားသခင်ပြု တော်မူခဲ့သောကောင်းကျိုးတို့ ကိုယုံကြည်အားကိုးလျက် ထာဝရဘုရားက သူမအားပေးအပ်တော်မူသော တာဝန်ကို သစ္စာနှင့်ဆောင်ရွက်ရန် ကြိုးစည်နေသောသူဖြစ်သောကြောင့် သူမ အားပုံသက်သေအ ဖြစ်ကြည့်ရှုစစ်ဆေးရန် သူမသည်အခြားသူတို့အားမပြော ခဲ့ပါ။ ထိုသို့သူမ၏စိတ်ထဲ၌ ယုံကြည်အားထားမှုရှိလျက် သူမ၏ခရစ်ယာန် ကိုယ်တွေ့အဖြစ်အပျက်နှင့်ညီညွတ်သော ပြည့်စုံသောအသက်တာ၏အဆုံးသို့ သူမသည်ရောက်ရှိလာလေ၏။

## အသက်တာကိုပြောင်းလဲစေသောသတင်းစကားများ

မိရှီဂန်နယ်၊ ဘွတ်(ရှ်)နဲလ်မြို့တွင် ဇဝ်ဂေလိအမှုဆောင်တစ်ဦးသည် စည်းဝေးများကို ကျင်းပနေ၏။ သို့ရာတွင် နှစ်ခြင်းခံပြီးနောက် ယုံကြည်သော သူတို့အား သတင်းစကားတွင် သင့်လျော်စွာအခြေအမြစ်မစွဲစေဘဲ သူသည် လူများထံမှထွက်သွားလေ၏။ လူများတို့သည် တဖြည်းဖြည်းစိတ်ပျက်လာ ကြပြီးလျှင် မိမိတို့၏မကောင်းသောအကျင့်များကိုအစပြု၍ ပြုကျင့်နေကြပြန် ၏။ နောက်ဆုံး၌ အသင်းတော်တွင် အလွန်လူနည်းလာသဖြင့် ကျန်သော အသင်းသား ၁၀၊ ၁၂ ယောက်တို့က အသင်းတော်ကိုဆက်လက်တည်ထောင် ထားဖို့အကျိုးမရှိတော့ချေဟု ဆုံးဖြတ်ကြ၏။ နောက်ဆုံးဟုသူတို့ထင်သော စည်းဝေးကို သူတို့သည်ရုပ်သိမ်းလိုက်ပြီး ခဏအကြာတွင်စာများရောက်လာ ရာ ၎င်းတို့တွင် "ရီဗျူးအင်ဟဲရဲလ်(ဒ်)" ဆိုသောစာစောင်တစ်ခုပါရှိလာ၏။ ထိုစာစောင်တွင်ပါရှိသော သာသနာပြုခရီးဟူသောအပိုင်း၌ ဆရာကြီးနှင့် မစ္စစ်ဝှိုက်တို့သည် ၁၈၆၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ တရားဟော စည်းဝေးများကို ဘွတ်(ရှ်) နဲလ်မြို့တွင်ကျင်းပလိမ့်မည်ဟု

ကြော်ငြာထား သည်။ ဤစည်းဝေးကိုကျင်းပရန်မှာလည်း တစ်ဝက်လောက်သာကြာတော့ ၏။ အိမ်သို့ပြန်သွားနေကြသောလူများကို ကလေးများအားလွှတ်၍ခေါ်ခိုင်း ရ၏။ တောအုပ်ငယ်တစ်ခုတွင် တစ်စုံတစ်ယောက်ကစည်းဝေးရန် နေရာ ကိုပြင်ဆင်ထားဖို့ဆုံးဖြတ်၏။ ၎င်းပြင် လူတိုင်းမိမိတို့၏ အိမ်နီးချင်းများ၊ အထူးသဖြင့် ဖောက်ပြန်သွားသောအသင်းသားတို့ကို ဖိတ်ခေါ်ရကြမည်။

ဇူလိုင်လ ၂၀ ရက်၊ ဥပုသ်နေ့မနက်တွင် ဆရာကြီးနှင့်မစ္စစ်ဝှိုက် တို့သည် လူပေါင်းခြောက်ဆယ်စုရုံးနေကြသော တောအုပ်ကလေးသို့ရောက် လာကြ၏။ မနက်ပိုင်းတွင် ဆရာကြီးဝှိုက်ကဟောပြော၏။ ညနေပိုင်းတွင် မစ္စစ်ဝှိုက်သည်ဟောပြောရန်ထ၏။ သို့သော် ကျမ်းစာဖတ်ပြီးနောက် သူမသည် စိတ်ရှုပ်သောအသွင်ရှိလာ၏။ သူမသည် အကျယ်ချဲ့၍ပြောဆိုခြင်းမပြုဘဲ ကျမ်းစာအုပ်ကိုပိတ်ပြီးလျှင် အချင်းချင်းရင်းနှီးစွာစကားပြောနေသကဲ့သို့ သူတို့ အားဟောပြောစပြုလေ၏။

"ကျွန်ုပ်သည် ဤညနေသင်တို့ရှေ့၌ရပ်နေစဉ် လွန်ခဲ့သောနှစ်နှစ် အထက်ကရူပါရုံတွင် ကျွန်ုပ်အားဖော်ပြသောသူတို့၏မျက်နှာတို့ကို ကျွန်ုပ် သည်စေ့စေ့ကြည့်ရှုမိနေ၏။ သင်တို့မျက်နှာတို့ကိုကြည့်နေစဉ် သင်တို့၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့သည် ကျွန်ုပ်၏စိတ်ထဲ၌ ထင်ရှားစွာပေါ် လာသဖြင့် သင်တို့အားဟောပြောရန် ထာဝရဘုရားထံမှ ကျွန်ုပ်ရရှိထားသော သတင်းစကားတစ်ခုကို ပြောပြလိုပါသည်။

"ဟိုထင်းရှူးပင်နားက ဤမောင်တစ်ယောက်ဖြစ်ပါသည်။ သင့်အားကျွန်ုပ်နှင့်မိတ်ဖွဲ့မပေးခဲ့သဖြင့် သင်၏အမည်ကို ကျွန်ုပ်မပြောနိုင်ပါ။ သို့သော် သင်၏မျက်နှာကို ကျွန်ုပ်ကောင်းကောင်းမှတ်မိပါသည်။ ၎င်းပြင် သင်၏ အဖြစ်အပျက်များမှာ ကျွန်ုပ်ရှေ့၌ထင်ထင်ရှားရှားပေါ်လွင်နေပါသည်။" ထိုနောက်သူမက ဤမောင်အား သူ၏ဖောက်ပြန်ခြင်းအကြောင်းကိုပြောပြ ၏။ သူ့အားပြန်လာ၍ ဘုရားသခင်၏လူများနှင့် အတူသွားလာနေထိုင်ဖို့ အားပေးတိုက်တွန်း၏။

ထိုနောက် လူပရိသတ်ထဲတွင် အခြားနေရာ၌ထိုင်နေသောညီမ တစ်ယောက်ထံလှည့်၍ သူမက "ဂရင်းဗီးလေးအသင်းတော်က ညီမမေနား(ဒ်) အနားမှာထိုင်နေသော ဤညီမတစ်ယောက်ရှိသေးသည်။ သင်၏အမည်ကို ကျွန်ုပ်အားပြောပြမထား၍မသိနိုင်ပါ။ သို့ရာတွင် နှစ်နှစ်လောက်အထက်က သင်၏အကြောင်းအရာကိုကျွန်ုပ်အားဖော်ပြထားသဖြင့် သင့်အဖြစ်အပျက် တို့ကို ကျွန်ုပ်ကောင်းကောင်း သိထားပါသည်" ဟုပြောဆို၏။ ထိုနောက် မစ္စစ်ဝှိုက်က ဤညီမကိုအားပေးတိုက်တွန်းစကားပြော၏။

"ထိုနောက် သစ်ချပင်နားမှာထိုင်နေသောမောင်တစ်ယောက်ရှိသေး ၏။ သင့်ကိုမတွေ့ဖူးသေး၍ သင်၏နာမည်ကိုတော့မပြောနိုင်။ သို့သော် သင့်အကြောင်းကိုကျွန်ုပ်ကောင်းကောင်းသိပါသည်။" ထိုနောက် ဤမောင် အကြောင်းနှင့်ပတ်သက်၍ပြောပြလျက် ထိုနေရာရှိလူတိုင်းအား သူ၏အတွင်း စိတ်သဘောအကြံ အစည်ကိုဖော်ပြပြီး သူ၏အဖြစ်အပျက်ကိုပြောပြ၏။

၎င်းပြင် ထိုစည်းဝေးတွင် လူတစ်ယောက်မှတစ်ယောက်သို့လှည့်

လျက် နှစ်နှစ်အထက်ကရူပါရုံတွင် သူမအားဖော်ပြခဲ့ပြီးသောအကြောင်း အရာတို့ကိုပြောပြ၏။ မစ္စစ်ပိုက်သည် တရားဟောပြောပြီးနောက် ဆုံးမ စကားအပြင် အားပေးတိုက်တွန်းစကားများကို လည်းပြောပြပြီးလျှင် ထိုင်နေ၏။ လူအစုအဝေးထဲမှလူတစ်ယောက်သည်ထလျက် ဤကဲ့သို့ဆို၏။” ဤညနေ တွင် မစ္စစ်ပိုက်က ကျွန်ုပ်တို့အားပြောသောအရာများသည် မှန်မမှန်ကိုသိလို ပါသည်။ ဆရာကြီးနှင့်မစ္စစ်ပိုက်တို့သည် ဤနေရာသို့တစ်ခါမျှမရောက်ဖူး ကြပါ။ သူတို့သည် ကျွန်ုပ်ကိုလည်းလုံးလုံးသိကျွမ်းခြင်းမရှိကြပါ။ မစ္စစ်ပိုက် သည် အများသောကျွန်ုပ်တို့အမည်များကို ပင်မသိပါ။ သို့သော် သူမသည် ဤညနေဤနေရာသို့လာရောက်၍ လွန်ခဲ့သောနှစ်နှစ်အထက်က ကျွန်ုပ်တို့၏ အဖြစ်အပျက်များကို သူမအားဖွင့်ပြခဲ့သောရူပါရုံအကြောင်းကို ကျွန်ုပ်တို့ အားပြောပြပါပြီ။ ၎င်းပြင် သူမသည် ကျွန်ုပ်တို့အသီးအသီးအားတစ်ယောက် စီစကားပြောလျက် လူတိုင်း၏အနေအထိုင်နှင့် အတွင်းစိတ်သဘောအကြံ အစည်တို့ကိုပင်ဖွင့်ပြပါသည်။ ဤအရာအားလုံးသည် လူအသီးအသီး၌ ဖြစ်ပျက်သည့်အတိုင်းမှန်ပါသလား၊ (သို့မဟုတ်) မစ္စစ်ပိုက်သည် အမှား တစ်စုံတစ်ခုကိုပြောခဲ့ပါသလား။ ကျွန်ုပ်သိလိုပါသည်။

လူများတို့သည် တစ်ယောက်ပြီးတစ်ယောက်မတ်တတ်ရပ်နေကြ၏။ ထင်ရှားပင်နားကလူသည် ရပ်နေရာမှ မစ္စစ်ပိုက်သည် သူ့ထက်ပင်သူ၏ အကြောင်းအရာတို့ကို သာ၍စုံလင်စွာပြောပြခဲ့ပါပြီဟုဆို၏။ သူသည် သူ၏ လမ်းမှားအကြောင်းကိုဝန်ခံပြီး ပြန်လာ၍ဘုရားသခင်၏လူများနှင့်အတူ သွားလာနေထိုင်ရန် စိတ်ဆုံးဖြတ်ခြင်းပြုကြောင်းဖော်ပြ၏။ ဂရင်းဗီးလေး အသင်းတော်မှ ညီမမေနား(ဒ်)၏အနားတွင် ထိုင်နေသောညီမကလည်း သက်သေခံ၏။ မစ္စစ်ပိုက်သည် မိမိထက်ပင်သာ၍စုံလင်စွာ မိမိ၏အဖြစ် အပျက်ကိုပြောပြခဲ့ပါပြီဟု သူမကပြောဆို၏။ ဝက်သစ်ချပင်နားတွင်ထိုင် လျက် မစ္စစ်ပိုက်က မိမိအားဆုံးမစကား၊ အားပေးစကားပြောဆိုခြင်းခံရသော သူက မိမိပြောပြနိုင်သည်ထက် မစ္စစ်ပိုက်သည် မိမိ၏အကြောင်းကို သာ၍ စုံလင်စွာဖော်ပြခဲ့ပါပြီဟု ပြောပြ၏။ အပြစ်များကိုဖော်ပြဝန်ချပြီး အပြစ်များ ကိုပယ်ရှားကြ၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် သက်ရောက်လာသဖြင့် ဘွတ်(ရှ်)နဲ(လ်) မြို့တွင် ဘုရားသခင်၏တရား၌ပြန်၍ပြုပြင်ပြောင်းလဲခြင်း ဖြစ်လာလေ၏။

ဆရာကြီးနှင့်မစ္စစ်ပိုက်တို့သည် နောက်ဥပုသ်နေ့တွင်ပြန်လာကြ၏။ နှစ်ခြင်းကိုပေးပြီးသဖြင့် ဘွတ်(ရှ်)နဲ(လ်) အသင်းတော်သည် ကောင်းစွာ တည်မြဲလျက်၊ အသက်ရှင်လျက်ရှိနေ၏။

ထာဝရဘုရားကိုမျှော်လင့်နေကြသောသူတို့ကို ထာဝရဘုရားသည် ချစ်တော်မူသည်နည်းတူ ဘွတ်(ရှ်)နဲ(လ်) မြို့တွင်ရှိ မိမိ၏လူများကိုလည်း ဘုရားသခင်သည်ချစ်တော်မူ၏။ “ငါချစ်သမျှသောသူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထိုကြောင့် ကိုယ်စိတ်ကိုနိုးဆော်လော့၊ နောင်တရလော့” (ဗျာ ၃း၁၉) ဟူသောစကားကို ထိုနေရာ၌လာရောက် လျက်ရှိကြသောသူတို့၏ စိတ်ထဲ၌ သတိရလာကြ၏။ လူများတို့သည် မိမိတို့၏ စိတ်နှလုံးကို ထာဝရဘုရားသိမြင်သကဲ့သို့ သိမြင်လာကြသောအခါ သူတို့ သည် မိမိတို့၏မှန်သောအခြေအနေကို သိနားလည်လာကြလျက် မိမိတို့၏ အသက်တာတွင် ပြောင်းလဲခြင်းအမှုကိုတောင့်တလာကြ၏။ မစ္စစ်ပိုက်အား ဖော်ပြသော အများသောရူပါရုံတို့၏ရည်ရွယ်ချက်တို့သည် ဤကဲ့သို့ပင် အမှန်ဖြစ်ကြသည်။

ဆရာကြီးဝှိုက်သေဆုံးပြီးနောက် များမကြာမီ မစ္စစ်ဝှိုက်သည် ဟီး(ဒ်စ်) ဘား(ဂ်) ကောလိပ်ကျောင်းအနီးတွင်နေထိုင်၏။ အမျိုးသမီးအများသည် ကျောင်း၌ပညာသင်ကြားနေကြစဉ် သူမ၏အိမ်တွင်နေထိုင်ကြ၏။ ထိုအချိန် အခါက တစ်နေ့လုံးဆံပင်များကို နေရာတကျ သေသေသပ်သပ်ရှိစေရန် ခေါင်းပေါ်၌ရိုးရိုးဇာကိုအုပ်ထားလေ့ရှိကြ၏။ တစ်နေ့သ၌ မိန်းမပျိုတစ်ယောက် သည် မစ္စစ်ဝှိုက်၏အခန်းထဲသို့ဖြတ်ကူးသွားစဉ် သူမလိုချင်နေသောဇာ အကောင်းစားကိုတွေ့ရှိရလေ၏။ မည်သူမျှမသိရှိနိုင်ဟုထင်မှတ်လျက် သူမ သည် ၎င်းကိုယူပြီးလျှင် သူမ၏သေတ္တာထဲတွင်အပေါ်ယံ ကတင်ထားလေ၏။ များမကြာမီ အပြင်သို့သွားရန် အဝတ်လဲနေစဉ် မိမိ၏ခေါင်းအုပ်ဇာပျောက် နေသည်ကို မစ္စစ်ဝှိုက်သည်သိရှိလေ၏။ ညဥ့်ဦးပိုင်းတွင် အိမ်သားများတို့ သည်စုရုံးကြသောအခါ မစ္စစ်ဝှိုက်က ပျောက်နေသောဇာအကြောင်းကိုပြော ရာ ဘယ်မှာရောက်နေသည်ကိုမည်သူမျှမပြောကြ။

တစ်ရက်နှစ်ရက်ကြာသောအခါ မစ္စစ်ဝှိုက်သည် မိန်းမပျိုများ၏ အခန်းထဲသို့ဖြတ်ကူးသွားစဉ် "ထိုသေတ္တာကိုဖွင့်ကြည့်ပါ" ဟုပြောဆိုသံကို ကြားရ၏။ ၎င်းသည် သူမ၏သေတ္တာမဟုတ်သဖြင့် သူမသည် ထိုသို့ မပြုလုပ်လို။ ဒုတိယအကြိမ်အမိန့်ပေးပြန်သောအခါ ထိုအသံသည်ကောင်းကင် တမန်၏အသံဖြစ် ကြောင်းကို သူမသည်သိရှိရ၏။ သေတ္တာ၏အဖုံးကိုဖွင့် လိုက်သောအခါ အဘယ်အတွက်ကြောင့် ကောင်းကင်တမန်ကအမိန့်ပေး ကြောင်းကို သိမြင်ရလေ၏။ အကြောင်းကား၊ ထိုသေတ္တာထဲ၌ သူမ၏ဇာ ကိုတွေ့ရ၏။ အိမ်သားများတို့သည် စုရုံးကြပြန်သောအခါ မစ္စစ်ဝှိုက်က ဇာအကြောင်းနှင့်ပတ်သက်၍ ၎င်းသည်အလိုအလျောက်ပျောက်မသွားနိုင်ဟု ဆိုလျက် မေးမြန်းပြန်ရာ မည်သူမျှပြန်မပြောသဖြင့် မစ္စစ်ဝှိုက်သည် ၎င်းအကြောင်းကိုမေ့ပစ်လိုက်လေ၏။

ရက်အနည်းငယ်ကြာသောအခါ မစ္စစ်ဝှိုက်သည် စာရေးနေရာမှ ခေတ္တအနားယူနေစဉ် ရူပါရုံတစ်ခုကို ခဏကလေးပင်မြင်လိုက်ရ၏။ မိန်းမပျိုတစ်ယောက်၏လက်သည် ခေါင်းအုပ်ဇာကိုကိုင်လျက် ရေနံဆီမီးခွက် ပေါ်တွင်ချနေသည်ကို သူမမြင်ရ၏။ ဇာသည် မီးကိုထိသောအခါ ချက်ချင်း မီးလောင်၍ ပျောက်ကွယ်သွား၏။ ထိုသို့ရူပါရုံသည်ပြီးဆုံးသွား၏။

နောက်တစ်ဖန်အိမ်သားတို့သည် အတူတကွစုရုံးကြပြန်သောအခါ မစ္စစ်ဝှိုက်က ခေါင်းအုပ်ဇာပျောက်ဆုံးနေခြင်းအကြောင်းကို အတင်းအကျပ် မေးမြန်းပြန်၏။ သို့ရာတွင် မည်သူမျှမိမိအပြစ်ကိုဝန်မခံကြ၊ ၎င်းသည် ဘယ်မှာပျောက်နေသည်ကို မည်သူမျှသိဟန်အသွင်မရှိ။ နောက်အနည်းငယ် ကြာသောအခါ မစ္စစ်ဝှိုက်သည် သေတ္တာပိုင်ရှင်မိန်းမငယ်အား အနားသို့ခေါ်၍ မိမိကြားရသောစကားသံအကြောင်း၊ သေတ္တာထဲတွင်ဇာကိုတွေ့ရကြောင်းကို

ပြောပြ၏။ ၎င်းပြင် မိန်းမပျိုသည် ဇာကိုမီးရှို့နေသည်ကို တစ်ခဏသာပေါ် လာသောရုပါရုံ၌မြင်ရကြောင်းပြောပြ၏။ ဤကဲ့သို့သောအကြောင်းကို ကြားသိရလျှင် မိန်းမပျိုသည်ဇာကိုယူကြောင်း လူများသိရှိသွားမည်စိုးရိမ် သဖြင့် မီးရှို့ပစ်ကြောင်း ဝန်ခံပြောဆို၏။ သူမသည် မစ္စစ်ဝှိုက်နှင့်ထာဝရဘုရားအား မိမိအပြစ်ကိုလွှတ်ရန်တောင်းပန်လေ၏။

ခေါင်းအုပ်ဇာကလေးအတွက် ထာဝရဘုရားသည် ဝင်ရောက်စွက်ဖက် ခြင်းအမှုသည် မရေရာသေးနုပ်သောအမှုဖြစ်သည်ဟု ကျွန်ုပ်တို့ထင်မှတ် ကောင်းထင်မှတ်ကြလိမ့်မည်။ သို့ရာတွင် ၎င်းသည် အခိုးခံရသောပစ္စည်း၏ တန်ဖိုးထက် သာ၍အရေးကြီးသောအမှုတစ်ရပ်ဖြစ်ပါသည်။ ယခုဤနေရာ၌ သတ္တမနေ့ဥပုသ်အသင်းဝင်သူ၊ မိန်းမပျိုတစ်ယောက်အကြောင်းဖြစ်၏။ သူမပြုသောအမှုသည် မှန်သည်ဟုသူမထင်၏။ သို့ရာတွင် သူမကိုယ်တိုင်၏ အကျင့်တွင် ချွတ်ယွင်းချက်ကို သူမသည်မမြင်ချေ။ သူမအားပစ္စည်းကိုခိုးစေ လျက် လိမ်လည်စေဖို့သွေးဆောင်နေသော ကိုယ်ကျိုးရှာခြင်းသဘောကို သူမသည်မမြင်ချေ။ ဘုရားသခင်သည် မြေကြီးပေါ်၌အလွန်အလုပ်ရှုပ်နေသော မိမိ၏စေတမန်အား ခေါင်းအုပ်ဇာကလေးတစ်ခုအတွက် ရူပါရုံကိုဖော်ပြ တော်မူရခြင်း၌ သေးနုပ်သောအရာကလေးများသည်ပင် မည်မျှအရေးကြီး ကြောင်းကို မိန်းမပျိုသည် ယခုသိမြင်လာသောအခါ ဤမိန်းကလေးသည် အမှုများတွင် မှန်သောအလင်းတရားကိုရရှိလေသည်။ ဤအဖြစ်အပျက်အား ဖြင့် သူမ၏အသက်တာတွင် ပြောင်းလဲခြင်းရှိလာ၍ သူမသည်သာယာမြဲမြံ သောခရစ်ယာန်အသက်တာနှင့် ညီညွတ်စွာနေထိုင်လာ၏။

၎င်းပြင် ထိုအကြောင်းကြောင့်ပင် မစ္စစ်ဝှိုက်အားရူပါရုံများကိုပေး တော်မူ၏။ မစ္စစ်ဝှိုက်ရေးသားသောသက်သေခံချက်များသည် အလွန်ထူးခြား သောအကြောင်းအရာတို့နှင့်သက်ဆိုင်သော်လည်း လောက၏နိုင်ငံအသီးအသီး တွင်ရှိ အသင်းတော်၌လိုအပ်သော အခြေခံစည်းကမ်းစည်းမျဉ်းများကို ဖော်ပြ သေး၏။ မစ္စစ်ဝှိုက်ကို သက်သေခံချက်တို့၏ရည်ရွယ်ချက်နှင့် ၎င်းတို့ကို အသုံးပြုရသောနေရာအကြောင်း ဤစကားများဖြင့်ရှင်းလင်းစွာဖော်ပြထား၏။

"ရေးသားထားသောသက်သေခံချက်များမှာ အသစ်သောအလင်း တရားကိုပေးဖို့မဟုတ်ဘဲ ဝိညာဉ်တော်အားဖြင့်ဖော်ပြပြီးသော ဖြောင့်မတ်သော တရားများကို စိတ်နှလုံးထဲ၌ထင်ထင်ရှားရှားစွဲလမ်းစေခြင်းငှာသာဖြစ်သည်။ ဘုရားသခင်အားလည်းကောင်း၊ မိမိလူအချင်းချင်းတို့အားလည်းကောင်း ပြုအပ်သောတာဝန်သည် အဘယ်အရာဖြစ်သည်ကို ဘုရားသခင်၏နှုတ်ထွက် စကားတော်တွင် ထူးခြားစွာခွဲခြားဖော်ပြထားပါသည်။ သို့ရာတွင် အနည်းငယ် မျှသောသူတို့သာ ဖော်ပြထားသော အလင်းတရားကို လိုက်နာစောင့်ရှောက် ကြသည်။ အသစ်သောဖြောင့်မတ်ခြင်းတရားကိုလည်း ဖော်ပြထားခြင်းမဟုတ် ဘဲ ဘုရားသခင်သည် သက်သေခံချက်များအားဖြင့် ဖော်ပြထားပြီးဖြစ်သော ဖြောင့်မတ်ခြင်းတရားကြီးများကို လွယ်ကူစွာရှင်းလင်းပြတော်မူပြီ။ သက်သေခံ ချက်များသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို သေးနုပ်ညှံ့ဖျင်းသွား စေအောင်ပြုလုပ်သည်မဟုတ်ဘဲ ဖြောင့်မတ်ခြင်းတရား၏အနက်ကို တင့်တယ် စွာရှင်းလင်းနားလည်နိုင်ကြမည်အကြောင်း နှုတ်ထွက်စကားတော်ကိုချီးမြှင့်၍ လူတို့၏စိတ်၌စွဲလမ်းစေရန်သာဖြစ်သည်။

မစ္စစ်ဝှိုက်သည် မိမိ၏တစ်သက်တာပတ်လုံး ဘုရားသခင်၏နှုတ် ထွက်စကားတော်ကို လူတို့ရှေ့၌ထင်ရှားစေ၏။

သူမရေးသားသောပထမဦးဆုံး စာအုပ်တွင် ဤထင်မြင်ချက်နှင့်အဆုံးသတ်ထား၏။ သူမဖော်ပြထားချက် မှာ –

"ဤစာစောင်ကိုဖတ်ရှုသူ၊ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို သင်၏ယုံကြည်ခြင်းတရားနှင့် သင်၏အလေ့အကျင့်တို့တွင် စည်းကမ်း စည်းမျဉ်းအဖြစ်လိုက်နာရန် သင့်အားအကျွန်ုပ်ထောက်ခံပါသည်။ ထိုနှုတ်ထွက် စကားတော်အားဖြင့် ကျွန်ုပ်တို့သည် တရားစီရင်ခြင်းခံရကြမည်။ ထိုနှုတ် ထွက်စကားတော်၌ ဘုရားသခင်က နောက်ဆုံးသောနေ့တွင် ဖော်ပြချက် ရူပါရုံတို့ကိုပေးမည်ဟု ကတိထားတော်မူရာ၌ ယုံကြည်ခြင်းတရား၌ အသစ်သောစည်းကမ်းချက်အတွက်မဟုတ်ဘဲ မိမိ၏လူများတို့အားစိတ်သက်သာ စေပြီး ကျမ်းစာ၏ဖြောင့်မတ်ခြင်းတရားမှ မှားယွင်းလမ်းလွဲသွားသူတို့အား ဆုံးမပြုပြင်ပေးရန် သာလျှင်ဖြစ်ပေသည်။"

## ပြောမပြနိုင်သောရူပါရုံ

၁၈၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် နယူးယောက်နယ်၊ ဆာလမန်ကာ မြို့တွင် မစ္စစ်ဝှိုက်ကလာရောက်ကြသောလူအစုအဝေးကြီးအား တရားဟော ပြောရသောစည်းဝေးများ ရက်ဆက်ကျင်းပပြုလုပ်နေစဉ်အခါ ထိုမြို့သို့လာ ရသောခရီးတွင် အအေးမိခဲ့သဖြင့် သူမသည် အလွန်အားနည်းလာ၏။ စည်းဝေးပွဲတစ်ခုအပြီးတွင် သူမသည် သူမ၏အခန်းထဲသို့ စိတ်အားလျော့ လျက်၊ ဖျားလျက်ထွက်သွား၏။ သူမ၏ဝိညာဉ်ကို ဘုရားသခင်ထံပေးအပ် ဖို့ရန် သူမသည်စဉ်းစားပြီးလျှင် မိမိအားကရုဏာသက်တော်မူလျက် ကျန်းမာ ခြင်းနှင့်ခွန်အားကိုချပေး တော်မူရန် တောင်းလျှောက်နေ၏။ သူမသည် ကုလားထိုင်နားတွင်ဒူးထောက်နေ၏။ ၎င်းပြင် မည်ကဲ့သို့ဖြစ်ပျက်သည်ကို ဖော်ပြရာ၌ သူမ၏စကားအတိုင်း သူမက ဤကဲ့သို့ဖော်ပြ၏။

"အခန်းတစ်ခန်းလုံးသည် ငွေရောင်ကဲ့သို့ဖျော့သောအလင်းရောင်နှင့် ပြည့်ဝနေသည် ဟုထင်ရလျက် စိတ်ပျက်ခြင်း၊ အားလျော့ခြင်းတို့ကြောင့် ကျွန်ုပ်ခံစားနေရသောအနာရောဂါတို့ကို ပယ်ရှားလိုက်သောအခါ မျှော်လင့် ခြင်းတည်းဟူသော သခင်ခရစ်တော်၏ငြိမ်သက်ခြင်း နှင့်ပြည့်ဝလာ၏။"

ထိုနောက်သူမသည် ရူပါရုံတစ်ခုကိုမြင်ရ၏။ ရူပါရုံကိုမြင်ပြီး နောက် သူမသည်အိပ်ချင်သော စိတ်မရှိတော့ချေ။ သူမသည် နားနေလိုသော စိတ်မရှိ။ သူမသည် ကျန်းမာသွား၏။ သူမသည်အားပြည့်သွား၏။

မနက်တွင်ဆုံးဖြတ်ချက်ကိုပေးရမည်။ သူမသည် နောက်ပြုလုပ်မည့် စည်းဝေးများကို ကျင်းပမည့်နေရာသို့သွားနိုင်ပါမည်လော၊ (သို့မဟုတ်) ဘက်တလ်ကရိ(ခ်) မြို့ရှိ သူမ၏အိမ်သို့ပြန်သွားရမည်လောဟု ဝေခွဲမရနိုင် ချေ။ တရားဟောလုပ်ငန်းကိုစီမံရသောဆရာကြီး အေ၊ တီ၊ ရော်ဘင်ဆန်နှင့် မစ္စစ်ဝိုက်၏သားဖြစ်သူ ဆရာကြီးဝီလျံဝိုက်တို့သည် သူမထံမှဆုံးဖြတ်ချက် အဖြေကိုရရှိရန် သူမ၏အခန်းထဲသို့ရောက်လာကြ၏။ သူမသည် အဝတ် များကိုကောင်းစွာဝတ်ထားလျက် ကျန်းမာစွာရှိနေသည်ကိုတွေ့ရကြ၏။ သူမ သည် ခရီးသွားရန်အသင့်ရှိ၏။ သူမက ကျန်းမာခြင်းသို့ ရောက်သွားသည် အကြောင်းကိုပြောပြ၏။ ရူပါရုံအကြောင်းကိုလည်းပြောပြ၏။ သူမက လွန်ခဲ့သောညက ကျွန်ုပ်အားအဘယ်အရာကိုဖော်ပြသည်ကို သင်တို့အား ကျွန်ုပ်ပြောပြချင်ပါသည်။ ရူပါရုံထဲ၌ ကျွန်ုပ်သည် ဘက်တလ်ကရိ(ခ်) မြို့တွင်ရောက်နေသည်ဟုထင်ရ၏။ ၎င်းပြင် စေတမန်ဖြစ်သောကောင်းကင် တမန်က "ငါ့နောက်သို့လိုက်လော့" ဟု ပြောဆို၏ဟုပြောဆိုနေစဉ် သူမ သည် စကားကိုရပ်ထားလိုက်၏။ သူမသည် ရူပါရုံကိုပြန်၍သတိမရတော့ ချေ။ နှစ်ကြိမ်တိုင်ပြန်ပြောပြရန်ကြိုးစည်သော်လည်း သူမအားဖော်ပြသော အရာကို ပြန်၍သတိမရနိုင်တော့ချေ။ နောက်နေ့များတွင် သူမအားဖော်ပြသောအရာတို့အကြောင်းကို သူမသည်ရေးသားထား၏။ ထိုအရာကား၊ ထိုအခါက "အမေရိကန်ကင်းစောင့်" (သို့မဟုတ်) "သည်အမယ်ရိကန် စင်တင်နယ်(လ်)" (ခေါ်) ကျွန်ုပ်တို့၏ဘာသာရေးလွတ်လပ်မှုစာစောင်အတွက် စီမံကိန်းပြုလုပ်နေကြခြင်းအကြောင်းဖြစ်သည်။

"ညဥ့်အချိန်တွင်ပြုလုပ်ကျင်းပသောတိုင်ပင်စည်းဝေးများတွင် ကျွန်ုပ် လည်းရှိရာ ဩဇာရှိသောလူများက အမေရိကန်ကင်းစောင့်ဂျာနယ်တွင် သတ္တမ နေ့ဥပုသ်မျှော်လင့်ခြင်းအသင်းဟူသောစကားကို ၎င်း၏ကော်လန်မှဖယ်ရှား ထား၍ ဥပုသ်နေ့အကြောင်းဘာမျှမပြောဆိုခဲ့လျှင် လောကတွင်ထင်ရှားသော လူကြီးများသည် ၎င်းကိုထောက်ခံအားပေးကြလိမ့်မည်။ ၎င်းသည် လူကြိုက်များလာ၍ ကြီးကျယ်သောလုပ်ငန်းကို ပြီးမြောက်စေလိမ့်မည်။ ဤကဲ့သို့ပြု လျှင် အများနှစ်သက်ဖွယ်ဖြစ်လိမ့်မည်ဟု ထပ်မံပြောဆိုကြသောအချက်ကို ကျွန်ုပ်ကြားရ၏။"

သူတို့၏မျက်နှာသည်ရွှင်လန်းလာလျက် "ကင်းစောင့်" ကို အောင်မြင် စွာလူကြိုက်များလာစေရန် စည်းကမ်းချက်များကို သူတို့သည် စတင်စီမံပြုလုပ် နေကြ၏။ ဖြောင့်မတ်ခြင်းတရားကို စိတ်နှလုံးနှင့်စိတ်ဝိညာဉ်ထဲ၌ကိန်းအောင်း နေစေဖို့ အလိုရှိကြသောသူများက ထိုအမှုတစ်ခုလုံးကို အဆိုတင်သွင်း ကြ၏။

လူတစ်စုသည် ဤစာစောင်အတွက် အယ်ဒီတာတို့လိုက်နာအပ်သော စည်းကမ်းများကို ဆွေးနွေးကြသည်ကို သူမသည်တွေ့မြင်ရသည်မှာထင်ရှား ၏။ ၁၈၉၁ ခုနှစ်တွင် ဗဟိုဌာနချုပ်ကြီး၏စည်းဝေးပွဲများကိုကျင်းပသော အခါ မစ္စစ်ဝိုက်အား မနက်စောစောတိုင်းငါးနာရီခွဲတွင် အမှုတော်ဆောင်တို့ အားဟောပြောရန်နှင့် ဥပုသ်နေ့ညနေတွင် လူပေါင်းလေးထောင်ခန့်ရှိသော စည်းဝေးကြီးတစ်ခုလုံးကိုဟောပြောရန် မှာထား၏။ ဥပုသ်နေ့ညနေတွင် သူမဟောပြောသောကျမ်းချက်မှာ "သူတစ်ပါးတို့သည် သင်တို့၏ကောင်းသော အကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဖဘုရားသခင်ကို ချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့" ဟူသောအချက်ဖြစ်၏။ ဟောပြောသောအချက်တစ်ခုလုံးမှာ မိမိတို့၏ခြားနား

သောယုံကြည်ခြင်းတရားကိုစွဲကိုင်ထားဖို့ရန် သတ္တမနေ့ဥပုသ်မျှော်လင့်ခြင်း အသင်းသားတို့အား တိုက်တွန်းနှိုးဆော်ချက်ဖြစ်သည်။ စည်းဝေးပွဲကျင်းပ နေစဉ်အတွင်း သူမသည်ဆာလမန်ကာမြို့ တွင်မြင်ရသောရူပါရုံအကြောင်း ကိုပြောရန် သုံးကြိမ်တိုင်အစပြုကြိုးစည်ခဲ့သော်လည်း အကြိမ်အသီးသီးတွင် သူမသည်မပြောနိုင်ဘဲ တားဆီးထားခြင်းခံရ၏။ ရူပါရုံ၌မြင်ရသောအဖြစ် အပျက်တို့သည် သူမ၏စိတ်ထဲ၌ ပျောက်ကွယ်သွားခဲ့၏။ ထိုနောက်သူမက "ဤအကြောင်းနှင့်သက်ဆိုင်၍ နောက်မှများစွာပြောပြပါမည်" ဟုပြောဆို၏။ သူမသည် မိမိ၏တရားဟောချက်ကို တစ်နာရီကြာခန့်ဟောပြောပြီး အလွန် ကောင်းမွန်စွာ အဆုံးသတ်ပြီးနောက် စည်းဝေးပွဲကိုရုပ်သိမ်းလိုက်ကြ၏။ သူမ သည် ရူပါရုံကိုပြန်၍သတိရရှိရန် ကြိုးစားသည်ကို အားလုံးမြင်ရကြ၏။

ဗဟိုဌာနချုပ်အသင်းကြီး၏ဥက္ကဋ္ဌသည် သူမထံသို့လာ၍ နောက် တစ်နေ့နံနက်စည်းဝေး တွင် သူမပင်ဟောပြောပါမည်လောဟုမေး၏။

သူမက "ကျွန်ုပ်ပင်ပန်းနေ၍မဟောနိုင်ပါ၊ ကျွန်ုပ်သည်သက်သေခံ ခဲ့ပါပြီ။ နံနက်စည်း ဝေးအတွက် အခြားစီမံကိန်းကိုပြုလုပ်ပါ" ဟုပြန်ပြော သဖြင့် အခြားသူဟောပြောရန်စီမံရ၏။

မစ္စစ်ဝှိုက်သည် မိမိ၏အိမ်သို့ပြန်သွားစဉ် သူမ၏အိမ်ထောင်သား တို့အား သူမသည် နောက်တစ်နေ့နံနက်စည်းဝေးကိုတက်လိမ့်မည်မဟုတ်ဟု ပြောပြ၏။ သူမသည် မောပန်းနေသဖြင့် ကောင်းစွာအနားယူရလိမ့်မည်။ သူမသည် တနင်္ဂနွေနေ့နံနက်တွင် အိပ်နေရလိမ့်ဦးမည်ဖြစ်၍ ထိုနံနက် စည်းဝေးအတွက် လိုအပ်သောအမှုတို့ကိုစီမံပြီးလေပြီ။

ထိုညဉ့် ဌာနချုပ်၏ကော်မတီစည်းဝေးပြီးသောအခါ လူအနည်းငယ် တို့သည် "ရီဗျူးအင်ဟဲရဲ(လ်ဒ်)" ပုံနှိပ်တိုက်တွင် ရုံးခန်းတစ်ခု၌စုရုံးကြ၏။ ထိုစည်းဝေးတွင် အမေရိကန်ကင်းစောင့်ကိုပုံနှိပ်ဖြန့်ဖြူးသောပုံနှိပ်တိုက်မှ ကိုယ်စားလှယ်များပါဝင်ကြ၏။ ၎င်းပြင် ဘာသာရေးလွတ်လပ်မှုအဖွဲ့မှ ကိုယ်စားလှယ်များလည်းလာရောက်ကြ၏။ သူတို့သည် အမေရိကန်ကင်းစောင့် နှင့်ဆိုင်ရာ အယ်ဒီတာအဖွဲ့၏စည်းကမ်းချက်များအတွက် အလွန်ရှုပ်ထွေး နေသောပြဿနာများကို ဆွေးနွေးဆုံးဖြတ်ရန် သူတို့သည်စုရုံးကြ၏။ ထိုနောက် တံခါးကိုသော့ခတ်ထားပြီး ပြဿနာကိုဆုံးဖြတ်၍မပြီးမီတိုင်အောင် တံခါးကိုဖွင့်ရမည်မဟုတ်ဟု အားလုံးသဘောတူဝန်ခံကြ၏။

တနင်္ဂနွေနေ့နံနက်စောစောသုံးနာရီမထိုးမီကလေးတွင် စည်းဝေးသည် လုံးလုံးပြီးဆုံးသွား လျက် ဘာသာရေးလွတ်လပ်မှုအဖွဲ့ဆိုင်ရာလူများအတွက် ပစိဖိတ်စာပုံနှိပ်တိုက်အဖွဲ့က "သတ္တမနေ့ဥပုသ်မျှော်လင့်ခြင်းအသင်းသား"

နှင့် "ဥပုသ်နေ့" ဆိုသောစကားတို့ကို ထိုစာစောင်၏ကော်လန်များထဲမှပယ်ရှား ၍ သူတို့တောင်းဆိုချက်တို့ကို သဘောတူလိုက်လျောခြင်းမပြုလျှင် သူတို့သည် ၎င်းစာစောင်ကို ဘာသာရေးလွတ်လပ်မှုအဖွဲ့၏စာစောင်အဖြစ် အသုံးပြုတော့ မည်မဟုတ်ဟု အခိုင်အမာဆုံးဖြတ်ပြောဆိုကြ၏။ ထိုသို့ပြုလုပ်လျှင် ထိုစာစောင်ကိုဖျက်ဆီးခြင်းနှင့်တူ၏။ သူတို့သည်တံခါးကိုဖွင့်ပြီး လူများတို့ သည် မိမိတို့၏အိပ်ခန်းများသို့ပြန်၍ အိပ်ရာထဲဝင်ကာအိပ်ပျော်သွားကြ၏။

သို့သော် ဘယ်အခါမျှငိုက်မျဉ်းအိပ်ပျော်ခြင်းရှိတော်မမူသော ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကို ထိုနေ့နံနက်စောစောသုံးနာရီ တွင် မစ္စစ်ဝှိုက်၏အခန်းထဲသို့ စေလွှတ်လိုက်တော်မူ၏။ သူမအားအိပ်ရာမှ နိုးထစေလျက် သူမသည် နံနက်ငါးနာရီခွဲတွင် အမှုဆောင်စည်းဝေးသို့သွား ရမည်။ ၎င်းပြင် ဆာလမန်ကာမြို့၌ သူမအားပြတော်မူသော အရာကို ထိုစည်းဝေး၌ဖော်ပြရမည်ဟုမှာထား၏။ သူမသည်အဝတ်လဲ၍ စာအုပ်ဗီရို ရှိရာသို့သွားပြီး ဆာလမန်ကာမြို့၌ သူမအားဖော်ပြထားသောအရာတို့ကို ရေးမှတ်ထားသော ဂျာနယ်တစ်စောင်ကို ထုတ်ယူလေ၏။ ရူခင်းကိုသူမသည် သေချာထင်ရှားစွာသတိရ လာသဖြင့် ၎င်းအကြောင်းကိုပြည့်စုံစေရန် ထပ်မံ ရေးသားပြန်၏။

သင်းအုပ်ဆရာများသည် တဲတော်တွင်ဆုတောင်းပြီးရာမှထရုံရှိသေး သည့်အခါ မစ္စစ်ဝှိုက်သည် စာမူတစ်ထုပ်ကိုပိုက်လျက် တံခါးဝအတွင်းသို့ ဝင်လာသည်ကိုမြင်ရကြ၏။ ဗဟိုဌာနချုပ်၏ဥက္ကဋ္ဌသည် ဟောပြောနေသူ ဖြစ်၍ သူကသူမအားနှုတ်ဆက်လျက် "ညီမဝှိုက်၊ ကျွန်ုပ်တို့သည် သင့်ကို တွေ့ရကြသဖြင့် အားရဝမ်းသာကြပါသည်။ ကျွန်ုပ်တို့အတွက် သင့်မှာ သတင်းစကားတစ်စုံတစ်ခုပါရှိပါသလော" ဟုပြောဆို၏။

"ကေန်အမှန်ပါရှိပါသည်" ဟုသူမကပြောဆိုလျက် ရှေ့သို့ထွက် လာလေ၏။ ထိုနောက် မနေ့ကသူမဖြတ်ထားခဲ့သောအပိုင်းမှအစပြုလျက် ချက်ချင်းပြောပြ၏။ ထိုနောက် သုံးနာရီက သူမအားအိပ်ရာမှနိုးထစေလျက် သူမသည် ငါးနာရီခွဲတွင်အမှုဆောင်စည်းဝေး သို့သွား၍ ဆာလမန်ကာမြို့၌ သူမအားဖော်ပြသောအရာကို ထိုစည်းဝေး၌ဖော်ပြရမည် ဟုမှာထားကြောင်းကို သူမကသူတို့အားပြောပြ၏။

"ရူပါရုံထဲ၌ ကျွန်ုပ်သည် ဘက်တလ်ကရိ(ခ်) မြို့တွင်ရောက်နေသည်ဟုထင်ရ၏။ ကျွန်ုပ်အားရီဗျူးအင်ဟဲရဲ(လ်ဒ်) ပုံနှိပ်တိုက်၏ရုံးခန်းသို့ ခေါ်ဆောင်သွားလျက် ကောင်းကင်တမန်က 'ငါ့နောက်သို့လိုက်လော့' ဟု ကျွန်ုပ်အားအမိန့်ပေး၏။ လူတစ်စုသည် စိတ်အားကြီးစွာအမှုတစ်ခုကို ဆွေးနွေးနေကြသောအခန်းတစ်ခန်းသို့ ကျွန်ုပ်ကိုခေါ်သွား ပါသည်။ ထိုနေရာ ၌အလွန်စိတ်အားထက်သန်မှုရှိကြောင်းဖော်ပြနေ၏။ သို့ရာတွင် အသိဉာဏ်

နှင့်မညီညွတ်ချေ" ဟု သူမကပြောပြ၏။ အမေရိကန်ကင်းစောင့်နှင့်စပ်ဆိုင် ၍ အယ်ဒီတာတို့လိုက်နာအပ်သော စည်းကမ်းချက်များအကြောင်း သူတို့ သည်မည်ကဲ့သို့ဆွေးနွေးနေကြသည်ကို သူမကပြောပြ၏။ ၎င်းပြင် သူမက "လူတစ်ယောက်သည် ကင်းစောင့်စာစောင်တစ်စောင်ကိုယူ၍ မိမိ၏ခေါင်း ပေါ်၌မြှောက်ပြပြီးလျှင် ဥပုသ်နေ့အကြောင်းနှင့် ဒုတိယကြွလာတော်မူခြင်း အကြောင်းပါရှိသောဆောင်းပါးတို့သည် ဤစာစောင်တွင်ပါမလာလျှင် ကျွန်ုပ် တို့သည် ၎င်းကိုဘာသာရေးလွတ်လပ်မှုအဖွဲ့၏ စာစောင်အဖြစ်အသုံးမပြုနိုင် တော့ဟုပြောဆို၏" ဟုပြောပြ၏။ အယ်လင်ဝိုက်သည် တစ်နာရီကြာဟော ပြောလျက် လပေါင်းများစွာက သူမအားရူပါရုံတွင်ဖော်ပြခဲ့သော ထိုစည်းဝေး အကြောင်းကိုဖော်ပြပြီး ထိုဖော်ပြချက်ရူပါရုံကိုအမှီပြုလျက် အကြံဥာဏ် များပေး၏။ ထိုနောက် သူမသည်ထိုင်နေလိုက်၏။

ဗဟိုဌာနချုပ်အသင်းကြီး၏ဥက္ကဋ္ဌသည် ၎င်းအကြောင်းနှင့်ပတ်သက် ၍ မည်ကဲ့သို့ဆင်ခြင်စဉ်းစားရမည်ကိုမသိ။ သူသည် ထိုသို့သောစည်းဝေး မျိုးကိုတစ်ခါမျှ မကြားဖူးချေ။ သို့ရာတွင် အဓိပ္ပါယ်ရှင်းလင်းသွားစေရန် သူတို့ သည်ကြာရှည်စွာ မစောင့်ရကြ။ အကြောင်းကား၊ လူတစ်ဦးသည် အခန်း၏ နောက်ဆုံးဘက်မှထလျက် "လွန်ခဲ့သောညကစည်းဝေးတွင် ကျွန်ုပ်ရှိပါသည်" ဟုအစပြုပြောပြ၏။

"လွန်ခဲ့သောည၊ ဟုတ်ပါ့မလား။ လွန်ခဲ့သောညကမပြုလုပ်ခဲ့သော စည်းဝေးဟုတ် သလား။ ကျွန်ုပ်အား ၎င်းအကြောင်းကိုရူပါရုံတွင်ဖော်ပြစဉ်က ထိုစည်းဝေးကိုလပေါင်း များစွာအထက်ကပြုလုပ်ခဲ့ပြီဟု ကျွန်ုပ်ထင်နေသည်" ဟု မစ္စစ်ဝိုက်ကပြောပြနေ၏။

ထိုသူက "ကျွန်ုပ်သည်လွန်ခဲ့သောညက ထိုစည်းဝေးတွင်ရှိ၍ စာစောင်ကိုခေါင်း ပေါ်တွင်မြှောက်လျက် ၎င်းတွင်ပါရှိသောဆောင်းပါးများ အကြောင်းမှတ်ချက်ပေးသူမှာ ကျွန်ုပ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် လမ်းမှား ဘက်ကိုရောက်ရှိနေခဲ့သဖြင့် ဝမ်းနည်းပါ သည်။ သို့ရာတွင် ယခုကျွန်ုပ်သည် မှန်သောဘက်မှာနေဖို့ရန်အသင့်ရှိပါသည်" ဟု ပြောဆိုပြီးလျှင် ထိုင်ချလိုက် လေ၏။

အခြားသောသူတစ်ယောက်ကလည်း စကားပြောဆိုရန်ထ၏။ သူကား၊ ဘာသာရေးလွတ်လပ်မှုအဖွဲ့၏ဥက္ကဋ္ဌဖြစ်သည်။ သူပြောဆိုသောစကားများကို သတိပြုပါ။ "ကျွန်ုပ်သည် ထိုစည်းဝေးတွင်ရှိခဲ့၏။ လွန်ခဲ့သောညက ဌာန ချုပ်အစည်းအဝေးပြီး ဆုံးသောအခါ ကျွန်ုပ်တို့အချို့သည် ရီဗျူးပုံနှိပ်တိုက်၏

ရုံးခန်းဖြစ်သော ကျွန်ုပ်၏အခန်းတွင်စုရုံးကြ၍ တံခါးကိုသော့ခတ်ထားပြီး ဤနံနက်ကျွန်ုပ်တို့အားဖော်ပြသောပြဿနာနှင့်အမှုများအကြောင်းကို ဆွေးနွေး တိုင်ပင်ကြပါသည်။ ကျွန်ုပ်တို့သည် ထိုအခန်းထဲ၌ နံနက်စောစောသုံးနာရီ တိုင်အောင် သော့ခတ်ပြီးရှိနေကြပါသည်။ မည်ကဲ့သို့စီမံပြုလုပ်ကြသည်ကို လည်းကောင်း၊ ထိုအခန်းတွင်ရှိနေသောသူတို့၏အခြေအနေကိုလည်းကောင်း ကျွန်ုပ်သည်ပြောပြရမည်ဆိုလျှင် မစ္စစ်ပိုက်ကဖော်ပြပြီးခဲ့သမျှ မှန်ကန်သေချာ စွာ ကျွန်ုပ်သည်ပြောပြနိုင်လိမ့်မည်မဟုတ်။ ကျွန်ုပ်သည်မှားနေလျက် ကျွန်ုပ်စီမံသမျှသည်မမှန်ကြောင်း ယခုကျွန်ုပ်သိမြင်ရပြီ။ ဤနံနက်ရရှိသောအလင်းတရားအားဖြင့် ကျွန်ုပ်သည် မှားနေကြောင်းဝန်ခံပါသည်။"

ထိုနေ့ကအခြားသောသူတို့ကလည်းပြောဆိုကြပါသည်။ လွန်ခဲ့သော ညကပြုလုပ်သောစည်းဝေးတွင် ပါဝင်ခဲ့ကြသောသူတိုင်းက ထလျက်သက်သေခံ ကြရာတွင် မစ္စစ်ပိုက်သည်စည်းဝေးအကြောင်း၊ အခန်းတွင်ရှိလူတို့၏အခြေ အနေအကြောင်းတို့ကို သေချာမှန်ကန်စွာဖော်ပြခဲ့လေပြီဟု ပြောဆိုကြ၏။ ထိုတနင်္ဂနွေနေ့နံနက်၊ ထိုစည်းဝေးကိုမရုပ်သိမ်းမီ ဘာသာရေးလွပ်လပ်မှုအဖွဲ့ တွင်ပါဝင်သောလူတို့ကို အတူတကွလာရောက်စုရုံးစေပြီး သူတို့သည် ငါးနာရီ အထက်ကပင် ဆုံးဖြတ်ခဲ့ကြသောအချက်တို့ကို ပြန်၍ရုပ်သိမ်းလိုက်ကြ၏။မစ္စစ်ပိုက်အား ရူပါရုံကိုမပြောစေရန်တားမြစ်မထားဘဲ ဥပုသ်နေ့ညနေကရူပါရုံကိုဖော်ပြခဲ့လျှင် ထိုစည်းဝေးကိုမကျင်းပရသေးသဖြင့် ဘုရားသခင်အကြံရှိတော်မူသည်အတိုင်း သူမသတင်းစကားသည် အကျိုးရှိ လိမ့်မည်မဟုတ်။

တစ်နည်းနည်းအားဖြင့် လူကြီးများသည် ဥပုသ်နေ့ညနေကဖော်ပြ သောအကြံပေးချက်တို့ကို လိုက်နာခြင်းမပြုကြချေ။ သူတို့ကသာ၍သိနားလည် ကြသည်ဟု သူတို့ထင်မှတ်ကြ၏။ "မစ္စစ်ပိုက်နားမလည်ပါ၊" (သို့မဟုတ်) "ကျွန်ုပ်တို့သည် ယခုခြားနားသောခေတ်ထဲမှာရောက်ရှိနေကြသည်၊" (သို့မဟုတ်) "ထိုအကြံဥာဏ်တို့သည် နှစ်များစွာအထက်ကသာသက်ဆိုင်၏။ ယခုအချိန် အခါနှင့်မသင့်လျော်" ဟု သူတို့သည် ယခုခေတ်ရှိလူများပြုသည်နည်းတူ အကြောင်းပြလျက်ဆင်ခြေပေးကြလိမ့်မည်။ ယခုခေတ်ကာလတွင် ကျွန်ုပ် တို့အားစာတန်က တိုးတိုးပြောဆိုတတ်သောအကြံအစည်တို့မှာ ၁၈၉၁ ခုနှစ်တွင်ရှိလူများကို စာတန်သည် သွေးဆောင်ခဲ့သည်နည်းတူ ဖြစ်တတ်ပေသည်။ ဘုရားသခင်သည် မိမိသင့်လျော်သည်ဟုထင်တော်မူသောအချိန်ကာလနှင့် နည်းလမ်းအားဖြင့် ထိုအမှုသည် မိမိ၏အလုပ်တာဝန်ဖြစ်သည်ဟု ထင်ရှား

စေခဲ့ပြီ။ ဘုရားသခင်သည် လမ်းပြနေတော်မူ၏။ စောင့်ရှောက်ကာကွယ် နေတော်မူ၏။ ဘုရားသခင်၏လက်တော်သည် တက်မကိုလှည့်ပေးသော စက်ပေါ်တွင်တည်ရှိ၏။ အယ်လင်ဝှိုက်က "ဘုရားသခင်သည် ကိုယ်တော် တိုင်ဝင်ရောက်စွက်ဖက်ခြင်းအမှုသည် ထူးခြားခြင်းရှိမည်အကြောင်း၊ အမှုများ ကိုအရေးဆိုက်ရာအချိန်သို့ ရောက်ရှိသွားစေတော်မူ၏။ ထို့နောက် ဣသရေလ လူမျိုးတို့တွင် ဘုရားသခင်တစ်ပါးရှိတော်မူကြောင်းကို ထင်ရှားစေတော်မူ၏" ဟု ကျွန်ုပ်တို့အားပြောပြ၏။

## သက်သေခံချက်များနှင့်ဖတ်သောသူများ

အနှစ်ခုနှစ်ဆယ်ပတ်လုံး အယ်လင် ဂျီ၊ ဝှိုက်သည် ဘုရားသခင်က သူမအား ဖော်ပြတော်မူသောအရာတို့ကို နှုတ်အားဖြင့်ပြောပြလျက် စာအုပ်များ တွင်ရေးသားဖော်ပြခဲ့၏။ မကြာခဏ ကျမ်းစာ၏ဖြောင့်မတ်ခြင်းတရားများမှ လမ်းလွဲသွားသောသူတို့ကို ဆုံးမပြုပြင်ရန် အကြံဥာဏ်များကိုဖော်ပြတတ်သည်။ မကြာခဏ မိမိ၏လူများအား ဘုရားသခင်ကလိုက်လျှောက်စေလိုတော်မူသော လမ်းကို ၎င်းတို့ကညွှန်ပြ၏။ မကြာမကြာသက်သေခံချက်တို့သည် အသက်တာ ၏အခြေအနေ၊ အိမ်ထောင်နှင့် အသင်းတော်တို့၏အဖြစ်အပျက်တို့နှင့်သက်ဆိုင် သောအရာတို့ကိုဖော်ပြ၏။ အသင်းတော်သားများတို့သည် ဤသတင်းစကား များကို မည်ကဲ့သို့လက်ခံကြသနည်း။

သူမ၏လုပ်ငန်းကိုအစပြုသည့်အခါမှစ၍ တာဝန်ရှိသောမယုံကြည် သူခေါင်း ဆောင်တို့သည် သူမကဖော်ပြသောပုရောဖက်ဥာဏ်သည် အစစ်အမှန် ဖြစ်ကြောင်း မိမိတို့ကိုယ်တိုင်အသေအချာစိတ်ချယုံကြည်ရန် သူမ၏လုပ်ငန်း တို့ကိုလေ့လာစစ်ဆေး ခဲ့ကြပြီ။ တမန်တော်ပေါလုက "ပုရောဖက်ပြုခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်။ ခပ်သိမ်းသောအရာတို့ကိုစုံစမ်း၍ ကောင်းသောအရာ ကိုအမြဲစွဲကိုင်လော့" ဟု သြဝါဒပေး ထား၏။ ၁သက် ၅း၂၀၊၂၁။ ပုရောဖက်ကို ကျမ်းစာကစစ်ဆေးသောနည်းတို့ကို မစ္စစ်ဝှိုက် ၏လုပ်ငန်းပေါ်တွင်လည်း အသုံးပြုခဲ့၏။ ဤစုံစမ်းစစ်ဆေးခြင်းသည်လည်း သူမကအလိုရှိ သည်အတိုင်း ဖြစ်ပေ၏။ အကြောင်းကား၊ သူမကဤကဲ့သို့ရေးသားထား၏။

"ဤလုပ်ငန်းသည် ဘုရားသခင်၏လုပ်ငန်းဖြစ်၏၊ (သို့မဟုတ်) ၎င်းသည်ထိုသို့မဖြစ်ပါ။ ဘုရားသခင်သည် စာတန်နှင့်အတူတွဲဖက်၍ မည်သည့် အမှုကိုမျှပြုတော်မမူ။ လွန်ခဲ့သောအနှစ်သုံးဆယ်အတွင်းက ကျွန်ုပ်၏လုပ်ငန်း ၌

ဘုရားသခင်၏တံဆိပ်တော်နှိပ်ခတ်လျက်ရှိ၏၊ (သို့မဟုတ်) စာတန်၏
တံဆိပ်ကိုနှိပ်ခတ်ထားလျက်ရှိ၏။ အမှုတွင် ကြားထဲ၌ရှိသောလုပ်ငန်းဟူ၍
မရှိချေ။"

ကျမ်းစာက ပုရောဖက်ကိုစစ်ဆေးစုံစမ်းရန် နည်းလေးမျိုးကိုပေးထား ၏။ မစ္စစ်ဝှိုက်၏လုပ်ငန်းသည် စုံစမ်းစစ်ဆေးခြင်းအမှုအသီးအသီးကိုခံရပ် နိုင်၏။

၁။ မှန်သောပုရောဖက်၏သတင်းစကားသည် ဘုရားသခင်၏ပညတ် တော်နှင့်လည်းကောင်း၊ ပုရောဖက်တို့၏သတင်းစကားများနှင့်လည်း ကောင်း ညီညွတ်ခြင်းရှိရမည်။ (ဟေရှာ ၈း၂၀)။

အီး၊ ဂျီ၊ ဝှိုက်ရေးသားထားသောစာအုပ်များသည် ဘုရားသခင်၏ ပညတ်တော်ကိုချီးမြှောက်၍ ယောကျ်ား၊ မိန်းမတို့အား ကျမ်းစာနှင့်လုံးလုံး ညီညွတ်စေရန် လမ်းပြသွန်သင်ပေး၏။ သူမသည် သမ္မာကျမ်းစာကို ယုံကြည် ခြင်းနှင့်အကျင့်ဓလေ့တို့၏စည်းကမ်းဥပဒေအဖြစ်နှင့်လည်းကောင်း၊ သူမ ရေးသားသောစာအုပ်များတည်းဟူသော သာ၍ "အားနည်းသောအလင်း" က ၎င်းတို့ကိုဖတ်သောသူအပေါင်းတို့အား ရောက်ရှိသွားစေသော ကြီးသောအလင်း နှင့်လည်းကောင်း ညွှန်ပြထား၏။

၂။ မှန်သောပုရောဖက်က ကြိုတင်ဟောပြောသောအချက်တို့သည် ပြည့်စုံ ခြင်းသို့ရောက်ရမည်။ (ယေ ၂၈း၉)။

မစ္စစ်ဝှိုက်၏လုပ်ငန်းသည် လူများတို့အားလမ်းပြပို့ဆောင်ရာ၌ မောရှေ၏လုပ်ငန်းနှင့်များစွာတူသော်လည်း ဖြစ်ပျက်မည့်အကြောင်းအရာ တို့ကို ကြိုတင်ဟောပြောသကဲ့သို့ သူမသည်ရေးသားဖော်ပြထား၏။ ၁၈၄၈ ခုနှစ်တွင် စာပုံနှိပ်လုပ်ငန်းကို ကျွန်ုပ်တို့အစပြုတည်ထောင်စဉ်အခါက ၎င်း လုပ်ငန်းသည် လောကတစ်ဝန်းလုံးကို အလင်းတရားနှင့်ဖုံးလွှမ်းသွားစေသည် တိုင်အောင် တိုးတက်ကြီးပွားသွားလိမ့်မည်ဟု သူမကပြောပြ၏။ ယနေ့ သတ္တမနေ့ဥပုသ် အသင်းက ဘာသာစကားမျိုးပေါင်း ၂၀၀ နှင့်နှစ်စဉ် ကျပ်ပေါင်း

၉၅,၀၀၀,၀၀၀ ကျော်တန်ဖိုးရှိသောစာပေများကို ရိုက်နှိပ်ဖြန့်ဖြူး၏။

၁၈၉၀ ပြည့်နှစ်တွင် လောကရှိလူများက စစ်မက်တိုက်ခိုက်ခြင်း မရှိတော့ဘဲ မိလေနိကာလတည်းဟူသော အနှစ်တစ်ထောင်ကာလရောက်လာတော့မည်ဟု ပြောဆိုကြသောအခါ မစ္စစ်ဝှိုက်က "မှန်တိုင်းသည်ရောက်လာနေပြီဖြစ်၍ ကျွန်ုပ်တို့သည် ၎င်း၏ပြင်းထန်သောတိုက်ခတ်ခြင်းအတွက် အသင့်ပြင်ဆင်ထားရကြမည်။---နေရာတကာတွင်ပင်ပန်းဆင်းရဲခြင်းကို ကျွန်ုပ်တို့မြင်ရကြမည်။ ထောင်ပေါင်းများစွာသောသင်္ဘောတို့သည် ပင်လယ်ထဲ၌နစ်မြုပ်ခြင်းခံရကြလိမ့်မည်။ ၎င်းပြင် လူအပေါင်းတို့သည် သန်းနှင့်ချီလျက် မိမိအသက်ကိုစွန့်ကြရလိမ့်မည်" ဟု ရေးသားထား၏။ ဤစကားသည် ပထမနှင့်ဒုတိယကမ္ဘာစစ်ကြီးများအားဖြင့်ပြည့်စုံသွား၏။

၃။ သခင်ယေရှုသည် လူဇာတိကိုခံယူလျက် ကြွလာတော်မူသည်ကိုလည်းကောင်း၊ ဘုရားသခင်သည် လူဇာတိကိုခံယူလျက် မွေးဖွားခြင်းကိုခံတော်မူသည်ကိုလည်းကောင်း မှန်သောပုရောဖက်သည်ဝန်ခံ၏။ (၁ယော ၄း၂)။

"ခေတ်ကာလအဆက်ဆက်ကတောင့်တသောအရာ" ဟု အဓိပ္ပါယ် ရှိသော Desire of Ages အမည်ရှိစာအုပ်ကိုဖတ်ခြင်းအားဖြင့် အယ်လင်ဂျီ၊ ဝှိုက်၏လုပ်ငန်းများသည် ဤစစ်ဆေးခြင်းနှင့်ညီညွတ်ကြောင်း ထင်ရှားသည် ကိုတွေ့ရမည်။ ဤစကားများကို စေ့စေ့ကြည့်ရှုလေ့လာပါ။

"သခင်ယေရှုသည် အဖဘုရားသခင်၏အပါး၌နေမြဲနေနိုင်တော် မူ၏။ ကိုယ်တော်သည် ကောင်းကင်၏ကျက်သရေနှင့် ကောင်းကင်တမန် တို့၏ရှိသေလေးစားခြင်းအမှုကိုရယူထားနိုင်တော်မူ၏။ သို့ရာတွင် ကိုယ်တော် သည် ရာဇလှံတံတော်ကို အဖဘုရားသခင်၏လက်တော်သို့ပြန်အပ်ပေး၍ မှောင်မိုက်ဖုံးလွှမ်းနေသောသူတို့အား အလင်းကိုလည်းကောင်း၊ ပျက်စီးနေ သောသူတို့အား အသက်ကို လည်းကောင်း ပေးနိုင်မည်အကြောင်း၊ စကြဝဠာ

၏ရာဇပလ္လင်ပေါ်မှဆင်းသက်တော်မူရန် ရွေးချယ်တော်မူပြီ။

နှစ်ပေါင်းနှစ်ထောင်နီးပါးအထက်က ကောင်းကင်တွင် "အကျွန်ုပ်သည်သွားပါမည်" ဟု ဘုရားသခင်၏ပလ္လင်တော်မှ နက်နဲသောအဓိပ္ပါယ်ပါရှိသည့်စကားသံတစ်ခုကိုကြားရ၏။ "ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကိုအလိုတော်မရှိသည်ဖြစ်၍ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာတော်ကိုပြင်ဆင်တော်မူပြီ။---ကျမ်းစာလိပ်၌အကျွန်ုပ်ကိုအမှတ်ပြု၍ ရေးထားသည်နှင့်အညီ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကိုဆောင်အံ့သောငှာသွားပါမည်။" ဟေဗြဲ ၁၀း၅-၇။ ဤစကားများတွင် ထာဝရကာလအဆက်ဆက်ကပင် ဝှက်ထား လျက်ရှိခဲ့သောအကြံတော်ကို ပြည့်စုံစေခဲ့ပြီဖြစ်ကြောင်းကြော်ငြာထား၏။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏လောကသို့ကြွလာ၍ လူဇာတိကိုခံယူရန် ပြင်ဆင်နေတော်မူ၏။--- လောကသားတို့၏မျက်မှောက်၌ ကိုယ်တော်သည် သူတို့အလိုရှိသောတင့်တယ်ခြင်းနှင့်ပြည့်စုံတော်မမူ။ သို့သော် ကိုယ်တော်သည် လူဇာတိကိုခံယူနေသောဘုရားသခင်၊ ကောင်းကင်နှင့်မြေကြီး၏အလင်း ဖြစ်တော်မူ၏။ ကိုယ်တော်၏ဘုန်းတော်ကို ဖုံးအုပ်ကာကွယ်ထားတော်မူ၏။ ကိုယ်တော်သည် ဝမ်းနည်းခြင်းနှင့်ပြည့်ဝနေလျက် သွေးဆောင်ခြင်းခံနေရ သောလူတို့ထံချဉ်းကပ်နိုင်မည်အကြောင်း ကိုယ်တော်၏ မြင့်မြတ်ခြင်း၊ ဘုန်း တန်ခိုးကြီးခြင်းအဖြစ်တို့ကို ကွယ်ဝှက်ထားတော်မူ၏။"

၄။ မှန်သောပုရောဖက်ကိုစစ်ဆေးရာ၌ အကောင်းဆုံးအသေအချာဆုံးနည်း မှာ သူ၏အသက်တာ၊ သူ၏အလုပ်နှင့်သူ၏သွန်သင်ဩဝါဒပေးချက် တို့၏ဩဇာ ညောင်းမှုတို့တွင် တွေ့ရှိနိုင်သည်။ သခင်ခရစ်တော်သည် ဤစစ်ဆေးခြင်း အမှုအကြောင်းကို (မဿဲ ၇း၁၅၊၁၆) တွင် ထင်ရှား စွာဖော်ပြထားပါသည်။ "ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏ သဘောကိုသိကြလိမ့်မည်။"

အယ်လင်ဂျီ၊ ဝိုက်၏အသက်တာအကြောင်းကို ကျွန်ုပ်တို့သည်

စစ်ဆေးကြည့်ကြသောအခါ သူမသည် မိမိကသွန်သင်ဩဝါဒပေးခဲ့သော အရာများနှင့်ညီညွတ်သော ခရစ်ယာန်အသက်တာတွင်နေထိုင်ခဲ့ပြီး ကျွန်ုပ် တို့က ပုရောဖက်၌မျှော်လင့်ထားသောအချက် များနှင့်ညီညွတ်သောဂုဏ်အင်္ဂါ လက္ခဏာရှိကြောင်း ကျွန်ုပ်တို့တွေ့ရှိရကြသည်။ ပုရောဖက်ဟော သောစကား ချက်သဘော၏အကြံဉာဏ်ပေးချက်များကို လိုက်နာစောင့်ရှောက်သောသူတို့ ၏အသက်တာတွင် ထင်ရှားသောသူတို့၏အကျင့်များကို ကျွန်ုပ်တို့ကြည့်ရှု စစ်ဆေးကြသောအခါ ကောင်းသည်ကိုတွေ့ရှိရကြ၏။ သက်သေခံချက်တို့ သည် ကောင်းသောအကျင့်များကိုဖြစ်ပေါ် လာစေပြီ။ ကျွန်ုပ်တို့သည် အသင်း တော်ကိုကြည့်လျှင် ဤအကြံဉာဏ်ပေးချက်များအားဖြင့် ကျွန်ုပ်တို့သည် လုပ်ငန်းအမျိုးမျိုးတို့တွင် လမ်းညွှန်ပေးခြင်းခံရကြသည်ကို သိရကြသဖြင့် မစ္စစ်ဝိုက်၏လုပ်ငန်းသည် ဤစစ်ဆေးခြင်းနှင့်ညီညွတ်သည်ဟု ကျွန်ုပ်တို့သည် ဝန်ခံရကြမည်။ အနှစ် ၇၀ ကာလပတ်လုံး ရေးသားခဲ့သောစာစောင်များတွင် ရှိဩဝါဒတို့သည် တစ်သဘော တည်းရှိခြင်းကိုထောက်ရှုခြင်းအားဖြင့် ဤ ဆုကျေးဇူးသည် စုံလင်ကြောင်းကိုလည်း အသေအချာသက်သေခံပေသည်။

## မှန်သောပုရောဖက်ဖြစ်ကြောင်းလက်တွေ့စစ်ဆေးခြင်း

ကျမ်းစာနှင့်ဆိုင်သော ဤစစ်ဆေးခြင်းအမှုကြီးလေးခုအပြင် ဤ လုပ်ငန်းကို မိမိကိုယ်တော်တိုင်လမ်းညွှန်ပြသတော်မူကြောင်း ထင်ရှားစေရန် ထာဝရဘုရားသည် သက်သေများကိုပေးတော်မူပါသေးသည်။

၁။ သတင်းစကားသည် အချိန်ကာလနှင့်သင့်လျော်ခြင်း၊ ဘုရားသခင်၏ လူတို့သည် ထူးခြားသောအရာတစ်စုံတစ်ခုကိုလိုနေကြရာ မစ္စစ်ဝိုက် အား ပထမဦးဆုံးရူပါရုံကိုပေး တော်မူသည်နည်းတူ သတင်းစကား သည် ထိုလိုနေသောအချိန်၌ပင်ရောက်ရှိလာ၏။

၂။ သတင်းစကားများ၏လက်တွေ့အသုံးဝင်သောသဘော၊ မစ္စစ်ဝိုက်အား ရူပါရုံတွင်ဖော်ပြ တော်မူသောသတင်းစကားများသည် လက်တွေ့ အားဖြင့်အကျိုးရှိလျက် အကယ်ပင်လို သောနေရာများ၌ လက်တွေ့ အသုံးဝင်သည်။ သက်သေခံချက်တို့တွင် ဖော်ပြထားသော အကြံဉာဏ် ပေးချက်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ လက်တွေ့အသုံးဝင် နေကြောင်းကိုဆင်ခြင်ကြည့်ပါ။

၃။ သတင်းစကားများသည် ဝိညာဉ်ရေး၌မြင့်မြတ်သောအခြေအနေ၌ရှိခြင်း၊ ၎င်းတို့သည် ကလေးဆန်သော (သို့မဟုတ်) ရိုးရိုးအမှုတို့နှင့်မသက် ဆိုင်ဘဲ အလွန်ကြီးကျယ်ခမ်းနား၊ မြင့်မြတ်သောအချက်ကြီးများနှင့် သာဆိုင်၏။ ဘာသာစကားကိုယ်တိုင်ကပင် ထူးကဲမြင့်မြတ်နေ၏။

၄။ ရူပါရုံများကိုပေးပုံပေးနည်း၊ အများသောရူပါရုံများသည် ဤနိဒါန်း တွင် ပထမပိုင်းများ၌ဖော်ပြထားသကဲ့သို့ ကိုယ်ကာယနှင့်ဆိုင်၍ သိရှိ နိုင်သောအပြုအမူများပါရှိလာ၏။ ရူပါရုံတွင် မစ္စစ်ဝှိုက်ကြုံတွေ့ရ သောအဖြစ်အပျက်တို့သည် ကျမ်းစာ၏ပရောဖက်များတွေ့ကြုံရသော အဖြစ်အပျက်နှင့် အတူတူပင်ဖြစ်၏။

၅။ ရူပါရုံများသည် စိတ်ထဲ၌စွဲလမ်းနေသောထင်မြင်ချက်သာမဟုတ်ဘဲ အသေအချာတွေ့ကြုံခံစားရသောအဖြစ်အပျက်များဖြစ်သည်။ ရူပါရုံ ရရှိနေစဉ် မစ္စစ်ဝှိုက်သည်ကိုယ်တိုင်မြင်ရ၊ ကြားရ၊ ထိတွေ့ရလျက် ကောင်းကင် တမန်ထံမှသွန်သင်မှာထားချက်တို့ကိုရရှိ၏။ ရူပါရုံများ မှာ စိတ်ထကြွခြင်း (သို့မဟုတ်) စိတ်ကူးထင်မြင်ခြင်းအားဖြင့်ဖြစ်ပေါ် လာသည်မဟုတ်။

၆။ မစ္စစ်ဝှိုက်အပေါ်၌ ပတ်ဝန်းကျင်ရှိလူတို့၏ဩဇာညောင်းခြင်းမရှိချေ။ လူတစ်ဦးအား သူမက "လူအသီးသီးတို့က ကျွန်ုပ်၏စိတ်ကိုပိုင်စိုး ပိုင်နင်းချုပ်ချယ်နေသည်ဟု သင်ထင်သည်။ ကျွန်ုပ်သည် ဤအခြေအနေ ၌ရှိနေလျှင် ဘုရားသခင်၏အမှုတော်ကို ကျွန်ုပ်အားအပ်နှံထားဖို့ မသင့်လျော်ချေ" ဟု ရေးသားထားခဲ့ဖူး၏။

၇။ သူမ၏လုပ်ငန်းကို သူမနှင့်အတူလုပ်ဖော်ဆောင်ဖက်ဖြစ်သောသူတို့က အသိအမှတ်ပြုကြ၏။ မစ္စစ်ဝှိုက်နှင့်အတူ အမှုဆောင်ရွက်လျက် အသင်းတော်ထဲတွင်ရှိနေသောသူတို့နှင့်တကွ အသင်းတော်တွင်မပါဝင် သောအပြင်လူနှစ်ဦးစလုံးပင် မစ္စစ်ဝှိုက်ကို အကယ်ပင် "ထဝရဘုရား ၏တမန်" အဖြစ်အသိအမှတ်ပြုကြ၏။ သူမနှင့်အရင်းနှီးဆုံးသောသူ တို့က သူမအားခေါ်တော်မူခြင်းအမှုနှင့် သူမ၏လုပ်ငန်းတို့၌ အများ ဆုံးယုံကြည် အားထားကြ၏။

လူများတို့သည် သတင်းစကားနှင့်စေတမန်၌ ယုံကြည်အားထား ခြင်းရှိကြမည်အကြောင်း ထာဝရဘုရားပေးတော်မူသောကျမ်းစာထဲမှ ဤစစ်ဆေး နည်းလေးမျိုးနှင့် ထင်ရှားသေချာသောသက်သေများအားဖြင့် ဤလုပ်ငန်းသည် ဘုရားသခင်စီမံတော်မူသောအမှုဖြစ်၍ မေးမြန်းခြင်းမရှိဘဲ ယုံကြည်အားကိုး ထိုက်ပေသည်။

အီး၊ ဂျီ၊ ဝှိုက်၏အများသောစာအုပ်တို့သည် အသင်းတော်အတွက် အမြဲပင်အကျိုးရှိသောအကြံဉာဏ်၊ ဆုံးမသြဝါဒများနှင့်ပြည့်လျက်ရှိ၏။ ဤ သက်သေခံချက်တို့သည် အများနှင့်ဆိုင်သောသဘောသက်ဝင်သည်ဖြစ်စေ၊ အိမ်ထောင်များနှင့်လူအသီးသီးတို့အဖို့ ကိုယ်တိုင်နှင့်ဆိုင်သောသက်သေခံချက် များဖြစ်သည်ဖြစ်စေ ယခုခေတ်၌ ကျွန်ုပ်တို့အဖို့အသုံးဝင်ကြပေသည်။ ဤ အချက်နှင့်ပတ်သက်၍ မစ္စစ်ဝှိုက်ကအောက်ပါအတိုင်းဖော်ပြထားပါသည်။

"သက်သေခံချက်တို့တွင် လူအသီးသီး၏အမှုအတွက် သတိပေး စကားနှင့်ဆုံးမသွန်သင်စကားတို့သည် ဤနည်းအတိုင်း ထူးခြားစွာညွှန်ပြ မထားသော အခြားသူအများတို့အတွက်လည်း တူညီသောအကျိုးကိုရရှိစေဖို့ အသုံးပြုနိုင်သောကြောင့် အသင်းတော်၏အကျိုးအလို့ငှာ ကိုယ်တိုင်သက်သေခံ ချက်တို့ကိုရိုက်နှိပ်ဖြန့်ဖြူးရန် ကျွန်ုပ်၏တာဝန်ဖြစ်သည်ဟုထင်ရ၏။ အများ နှင့်ဆိုင်သောဘေးရန်နှင့်အမှားများအကြောင်း ကျွန်ုပ်တွေ့မြင်ရသောအခြေအနေများနှင့် ဘုရားသခင်ကိုချစ်၍ ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက် သောသူအပေါင်းတို့၏တာဝန်တို့ကိုဖော်ပြရာ၌ ဤသက်သေခံချက်တို့ကို ဖော်ပြခြင်းထက်သာ၍ကောင်းသောနည်းမရှိဟု ကျွန်ုပ်သိနားလည်ပါသည်။"

ညီအစ်ကိုချင်းကိုစစ်ကြောစီရင်ရန်အကြောင်းရှာ၍ သက်သေခံချက် တို့ကိုဖတ်ပြခြင်းသည် ၎င်းကိုအလွဲအသုံးပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သိမြင် သကဲ့သို့ ညီအစ်ကိုမောင်နှမအချို့တို့အား သိမြင်စေခြင်းငှာ ပြုလုပ်စေဖို့ လက်ရိုက်တုတ်ကဲ့သို့ သက်သေခံချက်များကို ဘယ်အခါမျှအသုံးမပြုရ။ လူအသီးအသီးသည် ဘုရားသခင်နှင့်သာရှင်းလင်းဆုံးဖြတ်စေဖို့ ထားအပ်သောအမှုများဖြစ်ပါသည်။

ယခုခေတ်၌ ကျွန်ုပ်တို့၏အသက်တာတွင် အသုံးချရသောအခြေခံ စည်းကမ်းစည်းမျဉ်းတို့ကိုရှာဖွေရန် အကြံဉာဏ်ပေးချက်များကို လေ့လာဖတ်ရှု ရမည်။ အချို့သောသတင်းစကားတို့မှာ ထူးခြားသောအချိန်ကာလမဟုတ်၊ နေရာအတွက်သတိပေးစကား (သို့မဟုတ်) ဆုံးမစကားအဖြစ်ဖော်ပြထား၏။ သို့ရာတွင် ဖော်ပြထားသောအခြေခံစည်းကမ်းများမှာ အများနှင့်သက်ဆိုင်၍ ဘယ်အခါမဆိုအသုံးပြုရန်

အဆင်သင့်ပေးသည်။ လောကတစ်ဝန်းလုံးတွင် လူ၏စိတ်နှလုံးသည် အများအားဖြင့် တစ်သဘောတည်းဖြစ်၏။ မကြာခဏ တစ်စုံတစ်ဦး၏ပြဿနာသည် အခြားသောသူ၏ ပြဿနာလည်းဖြစ်တတ်သည်။ "လူတစ်ဦးတစ်ယောက်၏မှားယွင်း မှုကိုဆုံးမတော်မူရာ၌ အများသောသူတို့ကို ပြုပြင်ရန်လည်း ဘုရားသခင်ကကြံရွယ် ထားတော်မူ၏" ဟု မစ္စစ်ဝှိုက်က ရေးသားထား၏။

သေခါနီးတွင်မစ္စစ်ဝှိုက်က အောက်ပါအကြံဉာဏ်ကိုပေးခဲ့ပါသည်။

"ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏စကားတော် သည် အမြဲသဖြင့် သတိပေးခြင်း၊ ဆုံးမဩဝါဒပေးခြင်းနှင့် ကျွန်ုပ်တို့ထံရောက် ရှိလာ၏။---စုံစမ်းခြင်းနှင့် အချိန်ကာလသည် ဖော်ပြထားသောဆုံးမဩဝါဒ ကိုပျောက်ပျက် သွားစေခြင်းငှာ မပြုလုပ်ခဲ့ပါ။ သတင်းစကားကိုပေးခဲ့သော ရှေးကာလအခါက ဖော်ပြထားသောဆုံးမသွန်သင်စကားကို ဤနောက်ဆုံး သောနေ့ရက်များတွင်လည်း လိုက်နာရန်အေးကင်းသောဩဝါဒများကဲ့သို့ သဘောထားရကြမည်။"

ယခုဖော်ပြမည့်အကြံဉာဏ်ပေးချက်ကို အီး၊ ဂျီ၊ ဝှိုက်ရေးသားသော စာအုပ် အချို့မှ ထုတ်နုတ်ထားပါသည်။ သို့ရာတွင် အများအားဖြင့် သက်သေခံ ချက်ဘဏ္ဍာ များအမည်ရှိ စာစောင်သုံးတွဲမှဖြစ်သည်။ ၎င်းစာစောင်သုံးတွဲမှာ လည်း အသင်းတော် အတွက်သက်သေ ခံချက်များဟူသောစာစောင်တို့ကို တစ်လောကလုံး အလွယ်တကူသုံး စွဲနိုင်ရန် တစ်ဖန်ပြန်၍ ရိုက်နှိပ်ထားသော စာစောင်တွဲများဖြစ်သည်။ ခေတ်ကာလအလိုက် စာစောင်တစ်တွဲတည်းထက် ပိုမိုပုံနှိပ်ထုတ်ဝေဖြန့်ဖြူး၍ မဖြစ်နိုင်လောက်အောင် အသင်းဝင်သူတို့သည် ငွေကြေးမလုံလောက် ကြသော အရပ်ဒေသရှိစေမည့် ဆုံးမဩဝါဒမျိုးတို့ကို ဖော်ပြထား၏။ ပုရောဖက်ဟောသော စကားချက်သဘောနှင့်ဆိုင်ရာ အကြံ ဉာဏ်ပေးချက်များကို ထိန်းသိမ်းစောင့်ရှောက်၍ ၎င်းတို့ကိုအများအပြားတို့က အသုံးပြုဖို့တာဝန်ကို အပ်နှံထားခြင်းခံရလျက် မစ္စစ်ဝှိုက်၏စာ ပေစာစောင်တို့ကို ထိန်းသိမ်းရသောအဖွဲ့၏ဩဇာအလျောက် လုပ်ဆောင်နေရကြသောကော်မတီ အဖွဲ့ကြီးတစ်ခုက ဤအကြံဉာဏ်ပေးချက်များကို ရွေးချယ်စီစဉ်ရခြင်းလုပ်ငန်း ကို ဆောင်ရွက် ခဲ့ကြပါသည်။ ရွေးချယ်ထားသောအချက်များသည် အများ အားဖြင့်အတိုချုပ်ထား၍ အခြေခံ စည်းမျဉ်းစည်းကမ်းတို့ကို လက်တွေ့အသုံးပြု နိုင်ရန် စီမံပြုပြင်ထားသဖြင့် အကြောင်းအ ရာအများပြည့်စုံစွာပါရှိ၏။

"သင်တို့၏ဘုရားသခင်ကိုယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည် ကြလိမ့်မည်။

ပုရောဖက်တော်တို့ကိုယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင် ကြလိမ့်မည်။”
၆ရာ ၂၀း၂၀။

မစ္စစ်ဝှိုက်၏စာပေစာစောင်တို့ကို
ထိန်းသိမ်းသောအဖွဲ့

ဝါရှင်တန်၊ ဒီ၊ စီ။
၁၉၅၇ ခု၊ ဇူလိုင်လ ၂၂ ရက်

## အခန်း (၁)
## သစ္စာရှိသောသူတို့အတွက်
## ဆုလာဘ်နှင့်ဆိုင်သောရူပါရုံ

### (ကျွန်ုပ်၏ပထမရူပါရုံ)

ကျွန်ုပ်သည် အိမ်ထောင်ဆုတောင်းစည်းဝေးတွင် ဆုတောင်းနေစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့သက်ရောက်လာတော်မူသဖြင့် ကျွန်ုပ်သည် မှောင်မိုက်သောလောကကြီးအထက်တွင် တဖြည်းဖြည်းမြင့်တက်သွားသည့်တိုင်အောင် တက်သွားနေသည်ဟုထင်ရ၏။ ကျွန်ုပ်သည် လောကထဲ၌မျှော်လင့်ခြင်းအသင်းသားတို့ကိုလှည့်ကြည့်ရာ သူတို့ကိုမတွေ့နိုင်ချေ။ ထိုအခါအသံတစ်ခုက ကျွန်ုပ်အား “ပြန်၍ကြည့်ပါ၊ အထက်သို့အနည်းငယ်မျှော်ကြည့်ပါ” ဟုပြောဆို၏။ ထိုအသံကြောင့် ကျွန်ုပ်သည်အထက်သို့မျှော်ကြည့်ရာ ဖြောင့်တန်း၍ကျဉ်းသောလမ်းတစ်ခုကို ကမ္ဘာအထက်၌မြင့်တင်ထားသည်ကိုတွေ့ရ၏။ ဤလမ်းကလေးပေါ်၌ မျှော်လင့်ခြင်းအသင်းသား တို့သည် လမ်း၏အဆုံးတွင်ရှိမြို့တော်သို့ ခရီးသွားနေကြ၏။ သူတို့၏နောက် ဘက်လမ်းကလေး၏အစတွင် ထွန်းတောက်သောအလင်းတစ်ခုရှိရာ ကောင်းကင် တမန်က “ငင်းသည် သန်းခေါင်ယံကြွေးကြော်သံဖြစ်၏” ဟု ကျွန်ုပ်အား ပြောပြ၏။ ဤအလင်းသည် လမ်းကလေးတစ်လျှောက်လုံးကိုလင်းစေသဖြင့်

သူတို့သည်ခြေချော်၊ ခလုတ်တိုက်၍လဲကျခြင်းမရှိကြ။ သူတို့ရှေ့၌ မြို့တော် သို့လမ်းပြတော်မူသော သခင်ယေရှုကို သူတို့သည်စေ့စေ့စိုက်ကြည့်နေကြလျှင် ဘေးကင်းလုံခြုံကြ၏။ သို့ရာတွင် များမကြာမီ အချို့တို့သည်မောပန်းလာ ကြလျက် မြို့တော်သည်အလွန်ဝေးသေး၏ဟုပြောဆိုကြပြီး စောစောကပင် မြို့ထဲသို့ဝင်ရန် မျှော်လင့်ကြ၏။ ထိုအခါ သခင်ယေရှုသည် ဘုန်းတန်ခိုး နှင့်ပြည့်စုံသော မိမိ၏လက်ယာလက်တော်ကိုမြှောက်လျက် သူတို့ကိုအားပေး တိုက်တွန်းတော်မူရာ ကိုယ်တော်၏လက်တော်မှအလင်းထွက်၍ မျှော်လင့် ခြင်းအသင်းသားစုအပေါ်၌ ၎င်းအလင်းသည် ဝေ့ယမ်းသဖြင့် သူတို့က "ဟာလေလုယာ" ဟု ကြွေးကြော်ကြ၏။ အခြားသူတို့ကားမိမိတို့နောက် ၌ရှိသောအလင်းကို အရမ်းမဲ့ငြင်းပယ်လျက် သူတို့အား ထိုမျှခရီးရောက်အောင် လမ်းပြသူမှာ ဘုရားသခင်မဟုတ်ဟုပြောဆိုကြ၏။ သူတို့နောက်၌ရှိသော အလင်းသည် ကွယ်ပျောက်သွား၍ သူတို့သည် လုံးလုံးမှောင်မိုက်ထဲသို့ ကျရောက်သွားကြသဖြင့် သူတို့သည်လဲလျက် သခင်ယေရှုကို လည်းကောင်း၊ လမ်းအမှတ်အသားကိုလည်းကောင်း မမြင်ရကြတော့ဘဲ အောက်တွင်ရှိ မှောင်မိုက်ဆိုးသွမ်းသောလောကထဲသို့ လမ်းပေါ်မှကျသွားကြလေ၏။ များမကြာမီ ကျွန်ုပ်တို့အား သခင်ယေရှုကြွလာတော်မူမည့်နေ့ရက်နှင့် အချိန် နာရီကိုဖော်ပြသောသမုဒ္ဒရာသံကဲ့သို့သော ဘုရားသခင်၏အသံတော်ကို ကျွန်ုပ် တို့ကြားရကြ၏။ ၁၄၄,၀၀၀ အရေအတွက်ရှိ၍ အသက်ရှင်နေသေးသော သန့်ရှင်းသူတို့သည် စကားသံတော်ကိုသိလျက်နားလည်ကြ၏။ ဆိုးသော သူတို့ကား မိုးခြိမ်းသံနှင့်ငလျင်လှုပ်ခြင်းဖြစ်သည်ဟု ထင်မှတ်ကြ၏။ ဘုရားသခင် သည် အချိန်ကိုဖော်ပြတော်မူသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ် တို့အပေါ်၌သွန်းလောင်းတော်မူသဖြင့် မောရှေသည် သိနာတောင်ပေါ်မှဆင်း လာသောအခါ သူ၏မျက်နှာသည်တောက်ပနေသည်နည်းတူ ကျွန်ုပ်တို့၏ မျက်နှာများသည် အလင်းနှင့်ထွန်းလင်းစပြုလျက် ဘုရားသခင်၏ဘုန်းအလင်း နှင့်တောက်ပနေကြ၏။

၁၄၄,၀၀၀ တို့သည် အားလုံးတံဆိပ်နှိပ်ခြင်းခံရကြ၍ စုံလင်စွာ စုပေါင်းစည်းလုံးလျက် ရှိကြ၏။ သူတို့၏နဖူးများပေါ်တွင် ဘုရားသခင်၊ ယေရုရှလင်မြို့သစ်ဟူသောစာလုံးများနှင့် သခင်ယေရှု၏အမည်သစ်ပါရှိသော တောက်ပသောကြယ်တစ်လုံးကိုရေးမှတ်ထား၏။ ကျွန်ုပ်တို့၏ ပျော်ရွှင်သန့်ရှင်း သောအခြေအနေကြောင့် ဆိုးသောသူတို့သည် ဒေါသအမျက်ထွက်ကြသဖြင့် ကျွန်ုပ်တို့အားထောင်ထဲသို့ပစ်ချဖို့ ကိုင်ဖမ်းရန်ပြင်းထန်စွာပြေးလာကြရာ ကျွန်ုပ်တို့က ဘုရားသခင်၏နာမတော်၌ မိမိတို့၏လက်တို့ကိုဆန့်တန်းလိုက် သောအခါ သူတို့သည် မြေကြီးပေါ်သို့ အားကိုးရာမဲ့လဲကျသွားကြလိမ့်မည်။ ထိုအခါ အချင်းချင်း၏ခြေများကိုဆေးပေးနိုင်ကြလျက် ညီအစ်ကိုတို့ကို သန့်ရှင်းသောနမ်းခြင်းဖြင့်နှုတ်ဆက်ကြသောကျွန်ုပ်တို့ကို ဘုရားသခင်သည် ချစ်တော်မူသည်ကို စာတန်၏အပေါင်းအသင်း (စာတန်၏နောက်သို့လိုက် လိုသောသူ) များသည်သိရှိ၍

ကျွန်ုပ်တို့၏ခြေရင်းများ၌ပျပ်ဝပ်ကိုးကွယ် ကြ၏။

များမကြာမီ ယောကျ်ား၏လက်ဝါးတစ်ဝက်လောက်ရှိ မည်းမှောင် သောမိုးတိမ်ကလေးသည် အရှေ့ဘက်၌ပေါ်လာသဖြင့် ကျွန်ုပ်တို့သည် အရှေ့ဘက်သို့ကြည့်နေကြ၏။ ထိုမိုးတိမ်သည် လူသား၏နိမိတ်လက္ခဏာ ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးသိရှိကြ၏။ ကျွန်ုပ်တို့အားလုံးကြည်ညိုလေးစားစွာ တိတ်ဆိတ်လျက်မိုးတိမ်ကိုကြည့်ရှုနေကြစဉ် ၎င်းသည် သာ၍နီးကပ် လာလျက် သာ၍လင်း၊ သာ၍ဘုန်းတော်နှင့်ပြည့်ဝလာလေ၏။ အဆုံး၌ ၎င်းသည် ကြီး၍ဖြူသောမိုးတိမ်ကြီးဖြစ်ကြောင်းကို သိရှိလာရသည့်တိုင်အောင် သာ၍နီးကပ်လာ၏။ အောက်ပိုင်းသည် မီးလျှံကဲ့သို့ထင်ရ၍ မိုးတိမ်၏အပေါ် ၌ သက်တံအုပ်လျက်ရှိ၏။ သိန်းသန်းမက များစွာသောကောင်းကင်တမန် တို့သည် ၎င်းပတ်လည်၌ခြံရံလျက်ရှိကြပြီး အလွန်နှစ်သက်ဖွယ်ကောင်းသော သီချင်းကို ဆိုနေကြ၏။ မိုးတိမ်ပေါ်၌လူသားသည် ထိုင်နေတော်၏။ ကိုယ်တော်၏ဆံပင်တော်သည် ဖြူဖွေး၍ကောက်ကွေးပြီး ကိုယ်တော်၏ပခုံး ပေါ်တွင်တင်လျက်ရှိကြ၏။ ကိုယ်တော်၏ခေါင်းတော်ပေါ်၌ များစွာသော သရဖူတို့ကိုဆောင်းထားတော်မူ၏။ ကိုယ်တော်၏ခြေတော်တို့သည် မီးတောက် ကဲ့သို့ထင်ရ၏။ လက်ယာလက်တော်တွင် ထက်သောတံဇဉ်ကို ကိုင်ထားတော် မူ၏။ လက်ဝဲလက်တော်တွင် ငွေတံပိုးခရာကိုကိုင်ထားတော်မူ၏။ ကိုယ်တော်၏မျက်စိတော်တို့သည် မီးလျှံကဲ့သို့တောက်နေကြ၍ မိမိ၏သားသမီးများ တို့ကို သေချာစေ့စပ်စွာ ရှာဖွေစစ်ဆေးလျက်ရှိတော်မူ၏။ ထိုအခါ မျက်နှာ အားလုံးသည်အရောင်ဖျော့သွား၍ ဘုရားသခင်ပယ် တော်မူခြင်းခံရသောသူတို့ ၏မျက်နှာတို့ကား မှောင်မည်းသွားကြ၏။ ထိုနောက် ကျွန်ုပ်တို့အားလုံးက “မည်သူသည်ခံရပ်နိုင်မည်နည်း၊ ငါ၏ဝတ်ရုံသည် စွန်းကွက်ခြင်းရှိသလော” ဟုကြွေးကြော်ကြ၏။ ထိုနောက် ကောင်းကင်တမန်တို့သည် သီချင်းဆို နေရာမှရပ်သွားလျက် အချိန်အတော်ကြာကြောက်မက်ဖွယ်ကောင်းလောက် အောင်တိတ်ဆိတ်နေရာ သခင်ယေရှုက “သန့်ရှင်းသောလက်နှင့်ဖြူစင်သော စိတ်နှလုံးရှိသောသူတို့သည် ခံရပ်နိုင်ကြလိမ့်မည်၊ ငါ့ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏” ဟုမိန့်တော်မူ၏။ ဤစကားတော်ကိုကြားရလျှင် ကျွန်ုပ် တို့၏မျက်နှာတို့သည် ထွန်းတောက်လာကြပြီး စိတ်နှလုံးထဲ၌ဝမ်းမြောက်ခြင်း နှင့်ပြည့်ဝနေ၏။ ၎င်းပြင် ကောင်းကင်တမန်တို့သည် အသံကိုမြှင့်လျက် သီချင်းဆိုကြစဉ် မိုးတိမ်သည် မြေကြီးနှင့်သာ၍နီးကပ်လာပြန်၏။

ထိုနောက် သခင်ယေရှုသည် မီးတောက်ကိုလွှမ်းခြုံလျက် မိုးတိမ် ပေါ်တွင်ဆင်းသက်တော်မူစဉ် ကိုယ်တော်၏ငွေတံပိုးခရာသည် အသံမြည် လာ၏။ ကိုယ်တော်သည် အိပ်ပျော်နေသောသန့်ရှင်းသူတို့၏သင်္ချိုင်းများကို စိုက်ကြည့်တော်မူပြီးနောက် လက်ကိုမြှောက်ထား၍ ကောင်းကင်သို့မျှော်ကြည့်လျက် “နိုးကြလော့၊ နိုးကြလော့၊ နိုးကြလော့၊ မြေကြီးထဲ၌အိပ်ပျော်နေသော သူတို့ထကြလော့” ဟုကြွေးကြော်တော်မူ၏။ ထိုအခါ ကြီးစွာမြေကြီးလှုပ် ခြင်းဖြစ်၏။ သင်္ချိုင်းများသည်ပွင့်လာကြပြီး လူသေတို့သည်မသေမပုပ်နိုင်

သောအဖြစ်နှင့်ထလာကြ၏။ ၁၄၄,၀၀၀ တို့သည် သေမင်းကမိမိတို့ထံမှ ဆွဲယူသွားသော မိမိတို့၏မိတ်ဆွေ များကိုတွေ့မြင်ရကြသောအခါ "ဟာလေ လုယာ" ဟု ကြွေးကြော်ကြ၏။ ၎င်းပြင် ထိုခဏချင်းတွင် ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းသို့ရောက်၍ အာကာသကောင်းကင်တွင် ဘုရားသခင်ကို တွေ့ဆုံရန် သူတို့နှင့်အတူ ကောင်းကင်သို့ယူဆောင်ခြင်းကိုခံရကြ၏။

ကျွန်ုပ်တို့အားလုံးသည် မိုးတိမ်ထဲသို့ဝင်ရောက်သွားကြပြီး ဖန်ရေ ကန်သို့ခုနစ်ရက်ကြာမျှ တက်သွားရကြ၏။ ထိုနောက် သခင်ယေရှုသည် သရဖူများကိုယူဆောင်ခဲ့ပြီး ကျွန်ုပ်တို့၏ ခေါင်းများပေါ်၌ ၎င်းတို့ကို မိမိ၏ လက်ယာလက်တော်ဖြင့် ဆောင်းပေးတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ် တို့အား ရွှေစောင်းနှင့်အောင်မြင်ခြင်းအထိမ်းအမှတ်ဖြစ်သော စွန်ပလွံခက်များကိုပေးတော်မူ၏။ ဖန်ရေကန်ပေါ်တွင် ၁၄၄,၀၀၀ တို့သည် စတုရန်း လေးထောင့်ကွက်ပမာ စုရုံးရပ်နေကြ၏။ အချို့သောသူတို့၌အလွန်တောက်ပ သောသရဖူများရှိ၍ အချို့တို့၏သရဖူတို့မှာ ထိုမျှလောက်မတောက်ပချေ။ အချို့သောသရဖူများသည် ကြယ်များနှင့် လေးလံနေလျက် အခြားသရဖူတို့၌ ကြယ်အနည်းငယ်သာရှိ၏။ အားလုံးတို့သည် မိမိတို့ရရှိ သောကြယ်များနှင့် စိတ်ကျေနပ်လျက်ရှိကြ၏။ ၎င်းပြင် သူတို့အားလုံးသည်ဖြူဖွေး၍ ဘုန်းတော် နှင့်တောက်ပ နေသောဝတ်ရုံတို့ကို ပခုံးမှခြေထောက်အထိဝတ်ဆင်ထားကြ၏။ ကျွန်ုပ်တို့သည် ဖန်ရေကန် ပေါ်မှမြို့တော်၏တံခါးဝသို့ ချီတက်သွားကြစဉ် ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့ကိုခြံရံလျက် ရှိကြ၏။ သခင်ယေရှုသည် မိမိ၏ခွန်အားကြီး၍ ဘုန်းကြီးသောလက်တော်ကိုဆန့်၍ ပုလဲတံခါး ကိုကိုင်၍ တောက် ပသောပတ္တာများပေါ်၌လည်သွားအောင် ၎င်းကိုဖွင့်ပြီးလျှင် "သင်တို့ သည် သင်တို့၏ဝတ်ရုံကို ငါ၏ အသွေး၌လျှော်ခဲ့ကြပြီ၊ ငါ၏ဖြောင့်မတ်ခြင်း တရားအတွက် ခိုင်ခံ့စွာခံ ရပ်ခဲ့ကြပြီ၊ အထဲသို့ဝင်ကြလော့" ဟု ကျွန်ုပ်တို့ အားမိန့်တော်မူ၏။ ကျွန်ုပ်တို့သည်ဝင်သွား ကြလျက် ထိုမြို့ထဲ၌ဝင်ခွင့်အမှန် ရကြသည်ဟု ထင်မှတ်ကြ၏။

ဤနေရာ၌ကျွန်ုပ်တို့သည် အသက်ပင်နှင့်ဘုရားသခင်၏ပလ္လင်တော် ကို မြင်ရကြ၏။ ပလ္လင်တော်မှကြည်လင်သောမြစ်ရေစီးဆင်း၍ မြစ်တစ်ဖက် တစ်ချက်တွင် အသက်ပင်ရှိ၏။ မြစ်၏တစ်ဖက် တွင် သစ်ပင်၏ပင်မကြီး တစ်ခုရှိ၍ အခြားသောမြစ်တစ်ဖက်တွင် ပင်မကြီးတစ် ခုရှိသေး၍ နှစ်ပင်စလုံး သည်ရွှေစင်နှင့်ပြီး၏။ ပထမ၌သစ်ပင်နှစ်ပင်ကိုမြင်ရသည်ဟု ကျွန်ုပ်ထင် ၏။ ကျွန်ုပ်တစ်ဖန်ပြန် ၍ကြည့်ပြန်သောအခါ ၎င်းတို့သည် အပေါ်ပိုင်း၌ဆက်နေ ကြသဖြင့် သစ်ပင်တစ်ပင်တည်းဖြစ်၏။ အသက်ရေစီးရာမြစ်တစ်ဖက်တစ်ချက် ၌ အသက်ပင်သည် ထိုသို့ပေါက်လျက်ရှိ၏။ ကျွန်ုပ်တို့ရပ် နေသောနေရာ၌ အကိုင်းအခက်များသည်ညွတ်လာကြရာ အသီးများသည် တောက်ပနေလျက် ရွှေနှင့်ငွေရောထားသကဲ့သို့ထင်ရ၏။

ကျွန်ုပ်တို့အားလုံးသည် သစ်ပင်အောက်သို့သွား၍ ထိုနေရာ၏ ဘုန်းတော်ကိုကြည့်ရှုရန် ထိုင်နေကြရာ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရား ကိုဟောပြောခဲ့ပြီး ဘုရားသခင်သည် သူတို့အားကယ်တင်ရန် သချိုင်းထဲ၌ သိပ်ထားသောဆရာကြီး ဖစ်(ချ်) နှင့် စတော့(က်)မန် တို့သည် ကျွန်ုပ်တို့ ထံသို့ရောက်လာကြလျက် သူတို့အိပ်ပျော်နေကြစဉ် မည်သည့်အကြောင်း အရာများဖြစ်ပျက်ခဲ့သနည်းဟု

ကျွန်ုပ်တို့အားမေးမြန်းကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ခံခဲ့ရကြသော အကြီးဆုံးစုံစမ်းနှောင့်ယှက်ခြင်းအကြောင်းတို့ကို ပြန်ပြောရန်ကြိုးစည်ကြသော်လည်း ကျွန်ုပ်တို့ပတ်လည်၌ခံစားနေရသည့် အလွန် သာ၍ကြီးကျယ်လျက် ထာဝရခံစားရမည့်ဘုန်းတော်နှင့်နှိုင်းယှဉ်ရာ၌ ထိုစုံစမ်း ခြင်းတို့သည် အလွန်သေးငယ်သည်ဟုထင်မြင်ရကြသဖြင့် ကျွန်ုပ်တို့သည် ၎င်းအကြောင်းတို့ ကိုပြောမပြနိုင်ဘဲ "ဟာလေလုယာ၊ ကောင်းကင်နိုင်ငံတော် သည် တန်ဖိုးနည်းနည်းနှင့်ရနိုင်ပါတကား" ဟု ကြွေးကြော်ကြပြီးလျှင် ကျွန်ုပ် တို့၏တောက်ပသောစောင်းများတို့ကိုတီးကြရာ ကောင်းကင်ဘဝဂ်ဝယ်ဟိန်း သွားစေလေ၏။

သခင်ယေရှုသည် ကျွန်ုပ်တို့၏ရှေ့တွင်ခေါင်းဆောင်လျက် ကျွန်ုပ် တို့အားလုံးသည် မြို့တော်မှဤမြေကြီးပေါ်သို့အလွန်ကြီးကျယ်သောတောင်ကြီး တစ်ခုတွင်ဆင်းသက်လာကြရာ ထိုတောင်သည် သခင်ယေရှုကိုမခံမရပ်နိုင် သဖြင့် ၎င်းသည်ကွဲသွားပြီးမှ အလွန်ကျယ်သဓာလွင်ပြင်ကြီးတစ်ခုပေါ်လာ ၏။ ထိုနောက် ကျွန်ုပ်တို့သည် မျှော်ကြည့်ကြသောအခါ တိုက်မြစ်တစ်ဆယ့် နှစ်ထပ်၊ မြို့ရိုးတစ်ဖက်တွင် သုံးပေါက်ရှိသောတံခါးဆယ့်နှစ်ပေါက်ရှိလျက် တစ်ပေါက်လျှင်ကောင်းကင်တမန်တစ်ပါးစီစောင့်နေသော မြို့တော်ကြီးကို မြင်ရလေ၏။ ကျွန်ုပ်တို့အားလုံးက "မြို့တော်ကြီးပါတကား၊ အလွန်ကြီးသော မြို့တော်ကြီးပါတကား၊ ၎င်းသည်ဆင်းသက်လာနေပြီ၊ ၎င်းသည် ကောင်းကင်ဘုံ မှဘုရားသခင်အထံတော်ကဆင်းသက်လာလေပြီ" ဟု ကြွေးကြော်ကြ၏။ ၎င်းပြင် ၎င်းမြို့ကြီးသည် ကျွန်ုပ်တို့ရပ်နေရသောနေရာသို့ဆင်းသက်၍ တည်ရှိနေလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် မြို့အပြင်ဘက်ရှိဘုန်းတော်နှင့် တောက်ပနေသောအရာတို့ကို အစပြုကြည့်နေကြ၏။ ထိုနေရာ၌ အလွန်ပင် လှပတင့်တယ်လျက် ကြည့်ရှုဖို့အလွန်တောက်ပတင့်တယ်သောပုလဲများဖြင့် ပြီးသော တိုင်လေးတိုင်နှင့်ဆောက်ထား၍ ငွေရောင်ကဲ့သို့ တောက်ပသော အိမ်များကို ကျွန်ုပ်တွေ့မြင်ရ၏။ ထိုအိမ်များတွင် သန့်ရှင်းသူတို့သည် နေထိုင်ရကြမည်။ အိမ်အသီးအသီးတွင် ရွှေနှင့်မွမ်းမံထားသောစင်တစ်ခုစီ ရှိ၏။ သန့်ရှင်းသောသူများသည် အိမ်များထဲသို့ဝင်၍ မိမိတို့၏တောက်ပ သောသရဖူတို့ကိုချွတ်ပြီး စင်ပေါ်တွင်တင်ထားကြ၏။ ထိုနောက် သူတို့သည် အိမ်များအနီးတွင်ရှိသောလယ်ကွက်ထဲသို့ မြေကြီးများကိုတစ်စုံတစ်ခုပြုလုပ်ရန် ထွက်သွားကြလေ၏။ သို့ရာတွင် ဤယခုမြေကြီးပေါ်၌ ကျွန်ုပ်တို့ပြုလုပ်ရ ကြသကဲ့သို့မဟုတ်ပါ။ နည်းနည်းမျှမတူပါ။ သူတို့၏ခေါင်းပတ်လည်တွင် ဘုန်းအလင်းနှင့်တောက်ပနေလျက် သူတို့သည် အမြဲကြွေးကြော်ပြီး ဘုရားသခင် ၏ကျေးဇူးတော်ကိုချီးမွမ်းနေကြ၏။

ကျွန်ုပ်သည် ပန်းအမျိုးမျိုးနှင့်ပြည့်စုံသော အခြားလယ်ပြင်တစ်ခုကို မြင်ရ၏။ ထိုနောက် ကျွန်ုပ်သည် ၎င်းပန်းတို့ကိုခူးပြီးလျှင် "၎င်းတို့သည် ဘယ်အခါမျှညှိုးနွမ်းသွားကြမည်မဟုတ်" ဟု ကျွန်ုပ်ကကြွေးကြော်လိုက်၏။ ထိုနောက် ရှည်သောမြက်ပင်များနှင့်ပြည့်နေသော လယ်တစ်ကွက ကိုမြင်ရ လျက် ထိုမြက်တို့မှာကြည့်၍ အလွန်နှစ်သက်ဖွယ်ဖြစ်ကြ၏။ ၎င်းမြက်ပင်

သည်အမြဲစိမ်းနေပြီး ဘုရင်မင်းမြတ်သခင်ယေရှု၏ဘုန်းတော်ကို ချီးကျူးသော သဘောနှင့်ခမ်းနားစွာလှုပ်ရှားနေကြစဉ် ၎င်းတို့သည် ရွှေရောင်၊ ငွေရောင် များကို ဟပ်စေကြ၏။ ထိုနောက် ကျွန်ုပ်တို့သည် ခြသေ့်၊ သိုးသငယ်၊ ကျားသစ်နှင့်ဝံပုလွေ မှစသော သားရဲအပေါင်းတို့နှင့်ပြည့်ဝပြီး အားလုံးတို့သည် အလွန်သင့်တင့်စွာစည်း လုံးညီညွတ်လျက်ရှိနေကြပြီး လယ်တစ်ကွက်ထဲသို့ ဝင်ရောက်လာကြ၏။ ကျွန်ုပ်တို့ သည် သူတို့အထဲသို့ဖြတ်သွားကြသောအခါ သူတို့သည် နောက်မှငြိမ်သက်စွာလိုက် လာကြ၏။ ထိုနောက် ကျွန်ုပ်တို့သည် တောအုပ်တစ်ခုထဲသို့ဝင်သွားကြရာ၎င်းသည် ယခုကျွန်ုပ်တို့၌ရှိသောတော နှင့်မတူ၊ အနည်းငယ်မျှမတူသည်ကိုတွေ့ရကြ၏။ အလင်းနှင့်ထွန်းတောက် ၍ တောတစ်ခုလုံးသည် ဘုန်းတော်နှင့်ပြည့်ဝနေ၏။ သစ်ပင်၏အကိုင်း အခက်တို့သည် ထိုမှဤမှလှုပ်ရှားနေကြရာ၊ ကျွန်ုပ်တို့အားလုံးက “ငါတို့သည် လွင်ပြင်၌ငြိမ်သက်စွာနေ၍ တော၌အိပ်ပျော်ကြလိမ့်မည်” ဟုကြွေးကြော် ကြ၏။ ကျွန်ုပ်တို့သည် ဇိအုန်တောင်သို့ခရီးသွားနေကြရသဖြင့် တောထဲသို့ ဖြတ်သွားရကြ၏။

ကျွန်ုပ်တို့သည် ခရီးသွားနေကြစဉ် ထိုနေရာ၏ဘုန်းတော်ကိုကြည့်ရှု နေကြ သောလူတစ်စုကို ကျွန်ုပ်တို့တွေ့ရကြ၏။ သူတို့၏ဝတ်ရုံအနားပတ်လည် တွင် အနီရောင်ကိုမြင်ရ၏။ သူတို့၏သရဖူများသည်တောက်ပ၍ သူတို့၏ ဝတ်ရုံတို့ သည်ဖြူဖွေးနေ၏။ ကျွန်ုပ်တို့သည် သူတို့ကိုနှုတ်ခွန်းဆက်နေကြ စဉ် သူတို့သည် မည်သူများဖြစ်ကြသနည်းဟု ကျွန်ုပ်ကသခင်ယေရှုအား မေးကြည့်၏။ ကိုယ်တော်က သူတို့သည် ကိုယ်တော်အဖို့ မိမိတို့၏ယုံကြည် ခြင်းအတွက် အသတ်ခံရကြသောသူ များဖြစ်ကြသည်ဟု မိန့်တော်မူ၏။ သူတို့ နှင့်အတူ မရေမတွက်နိုင်အောင်များ ပြားသောကလေးသူငယ်များလည်းရှိကြ၏။ သူတို့၏ဝတ်ရုံတွင် အနားပတ်လည်၌ လည်း အနီရောင်အနားပတ်ရှိ၏။ ဇိအုန်သည် ကျွန်ုပ်တို့၏ရှေ့တွင်ပေါ်လာပြီး ၎င်းပြင် တောင်ပေါ်၌ဘုန်းတော် နှင့်ထွန်းတောက်နေသော ဗိမာန်တစ်ဆောင်ရှိ၏။ ၎င်း၏ပတ်လည်တွင် အခြား သောတောင်ခုနစ်လုံးရှိလျက် ၎င်းတို့အပေါ်တွင် နှင်းဆီပန်းပင်၊ နှင်းပန်းပင် များပေါက်လျက်ရှိကြ၏။ ၎င်းပြင် ကလေးသူငယ် တို့သည် တောင်ပေါ်သို့ တက်သွားကြသည်ကိုလည်းကောင်း၊ အလိုရှိသောအခါ မိမိတို့၏အတောင်ပံ ကလေးများကိုအသုံးပြုလျက် ပျံတက်သွားကြပြီးလျှင် ဘယ် အခါမျှမညှိုးနွမ်း သောပန်းများကိုခူးနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ ဗိမာန်တော်ကို လှပတင့်တယ် စေခြင်းငှာ ၎င်း၏ပတ်လည်တွင် ပျဉ်းကတိုးပင်၊ ထင်းရှူးပင်၊ တလည်းပင်၊

အချိန်နှင့်သီးသောသဖန်းသီးများနှင့် ညွတ်နေသောသဖန်းပင်မှစသောသစ်ပင် အမျိုးမျိုးရှိလျက် ၎င်းတို့သည် ထိုနေရာတစ်ခုလုံးကိုဘုန်းတော်နှင့်လှပတင့်တယ် စေ၏။ ကျွန်ုပ်တို့သည် ဗိမာန်တော်ထဲသို့ဝင်ဖို့ကြံစည်ကြစဉ် သခင်ယေရှု သည် သာယာသောအသံနှင့် "၁၄၄,၀၀၀ တို့သာဤနေရာသို့ဝင်ရ၏" ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်တို့က "ဟာလေလုယာ" ဟု ကြွေးကြော်ကြလေ၏။

ဤဗိမာန်တော်ကို အလွန်တောက်ပသောပုလဲများ၊ ရွှေများနှင့်မွမ်းမံ ခြယ်လှယ်ထားသောတိုင်ခုနစ်တိုင်ဖြင့်ဆောက်လုပ်ထား၏။ ကျွန်ုပ်မြင်ရ သောအံ့ဩဖွယ်ရာများကို ကျွန်ုပ်သည် ဖော်ပြခြင်းငှာမတတ်နိုင်။ ထိုနေရာ ၌ ၁၄၄,၀၀၀ တို့၏အမည်များကို ရွှေစာလုံးများဖြင့် ကမ္ပည်းအက္ခရာထိုး ထားသောကျောက်ပြားများကိုတွေ့ရ၏။ ကျွန်ုပ်တို့သည် ဗိမာန်တော်၏ဘုန်းတော်များကိုကြည့်ရှုပြီးနောက် ထွက်သွားကြ၏။ ၎င်းပြင် သခင်ယေရှုသည် ကျွန်ုပ်တို့ကိုထားခဲ့ပြီး မြို့တော်သို့ကြွသွားတော်မူ၏။ များမကြာမီ "လာကြ၊ ငါ၏လူများတို့၊ သင်တို့သည် ကြီးစွာသောဒုက္ခဆင်းရဲခြင်းထဲမှထွက်လာခဲ့ ရကြ၍ ငါ၏အလိုကိုဆောင်ရွက်ခဲ့ကြပြီ၊ ငါ့အတွက်ဒုက္ခခံခဲ့ရကြပြီ၊ စားသောက် ပွဲသို့လာကြ၊ ငါကိုယ်တိုင်ခါးပန်းစည်း၍ သင်တို့ကိုကျွေးမွေးမည်" ဟု ချိုသာသောအသံနှင့် ကိုယ်တော်မိန့်တော်မူသောအသံကို ကျွန်ုပ်တို့သည် ကြားရကြ၏။ ကျွန်ုပ်တို့က "ဟာလေလုယာ၊ ဘုန်းတော်ကြီးလှပါ၏" ဟု ကြွေးကြော်လျက် မြို့ထဲသို့ဝင်ကြ၏။ ထိုနောက် ကျွန်ုပ်သည် ဖြူစင်သော ငွေနှင့်ပြုလုပ်ထားသောစားပွဲတစ်ခုကိုမြင်ရ၏။ ၎င်းသည် မိုင်ပေါင်းများစွာ ရှည်လျားသော်လည်း ကျွန်ုပ်သည် ၎င်း၏အဆုံးအထိမြင်နိုင်၏။ အသက်ပင် ၏အသီး၊ မန္နမုန့်၊ ဗာဒံသီး၊ သဖန်းသီး၊ တလည်းသီး၊ စပျစ်သီးမှစ၍ အမျိုးမျိုးသောသစ်သီးများစွာကို ကျွန်ုပ်တွေ့မြင်ရ၏။ သစ်သီးတချို့ကိုစားဖို့ သခင်ယေရှုအား ကျွန်ုပ်ကအခွင့်တောင်း၏။ ကိုယ်တော်က "ယခုမစားရသေး၊ ဤပြည်၏အသီးကိုစားသောသူသည် မြေကြီးသို့ဘယ်သောအခါမျှပြန်မသွား ရတော့ချေ။ သို့ရာတွင် အချိန်အနည်းငယ်ကြာသောအခါ သစ္စာရှိခဲ့လျှင် သင်သည် အသက်ပင်၏အသီးကိုစားရမည့်အပြင် အသက်စမ်းရေကိုလည်း သောက်ရလိမ့်မည်" ဟု မိန့်တော်မူ၏။ တစ်ဖန်ကိုယ်တော်က "သင်သည် မြေကြီးပေါ်သို့တစ်ဖန်ပြန်သွား၍ သင့်အားငါဖော်ပြသောအရာတို့ကို သူတို့ အားပြန်ပြောရမည်" ဟု မိန့်တော်မူ၏။ ထိုနောက် ကောင်းကင်တမန်သည် ကျွန်ုပ်အားဤမှောင်မိုက်သောမြေကြီးပေါ်သို့ ဖြည်းညင်းစွာယူဆောင်လာလေ ၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် ဤလောက၌ကြာကြာမနေနိုင်တော့ချေ။ မြေကြီးပေါ်၌ရှိသောအရာခပ်သိမ်းတို့သည် အလွန်ငြီးငွေ့စရာကောင်းသည် ဟုထင်ရ၏။ ကျွန်ုပ်သည် သာ၍ကောင်းသောပြည်တော်ကိုမြင်ခဲ့ရသဖြင့် ဤမြေကြီးပေါ်၌ အလွန်ပျင်းစရာကောင်းသည်ဟုထင်ရ၏။ ကျွန်ုပ်သည် ချိုးငှက်ကဲ့သို့အတောင်ပံများကိုအလွန်အလိုရှိလေပြီတကား၊ သို့ပြုလျှင်ကျွန်ုပ်သည် အဝေးသို့ပျံသွားပြီးနားနေနိုင်လိမ့်မည်။၁

-----*****----

(1) Early Writings, pp. 14-20.

## အခန်း (၂)
## အမှုကုန်ဆုံးရာကာလ

ကျွန်ုပ်တို့သည် အမှုကုန်ရသည့်ကာလတွင် အသက်ရှင်နေကြသည်။ ခေတ်ကာလ၏နိမိတ်လက္ခဏာများ အလျင်အမြန်ပြည့်စုံနေခြင်းအမှုအားဖြင့် သခင်ခရစ်တော်ကြွလာတော်မူခြင်းအမှုသည် ရောက်လုနီးကြောင်း ထင်ရှားလျက်ရှိ၏။ ကျွန်ုပ်တို့အသက်ရှင်လျက်နေကြသောကာလသည် တရားကိုကြည်ညိုလေးစား၍ အရေးကြီးသောအခါဖြစ်ပေသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကို တဖြည်းဖြည်းအသေအချာမြေကြီးပေါ်မှရုပ်သိမ်းလျက်ရှိ၏။ ဘုရားသခင်၏ကျေးဇူးတော်ကိုရှုတ်ချသောသူတို့အပေါ်သို့ ဘေးဒဏ်များနှင့်တရားစီရင်ချက်တို့သည် ကျရောက်လျက်ရှိလေပြီ။ မြေကြီးပေါ်နှင့်ပင်လယ်သမုဒ္ဒရာပေါ်၌ ကြီးစွာသောဘေးဒုက္ခများ၊ အဖွဲ့အစည်းတို့၏မဆုံးဖြတ်နိုင်သောအခြေအနေ၊ စစ်တိုက်ခြင်းအကြောင်းခြိမ်းခြောက်နေခြင်းအမှုတို့သည် နိမိတ်ပြနေကြပြီ။ ၎င်းတို့ကား၊ အလွန်ပင်ကြီးကျယ်သောအဖြစ်အပျက်ကြီးများကျရောက်လာတော့မည့်အကြောင်း ကြိုတင်နိမိတ်ပြေးနေကြပြီ။

နတ်ဆိုး၏ကိုယ်စားလှယ်များသည် မိမိတို့၏စစ်မက်အင်အားများကို စုဆောင်း၍ ခိုင်မာတောင့်တင်းစေကြပြီ။ သူတို့သည် နောက်ဆုံးအရေးဆိုက်ရောက်ရာအမှုကြီးအတွက် ခွန်အားဖြည့်လျက်ရှိကြသည်။ ကျွန်ုပ်တို့၏လောကကြီးတွင် မကြာမီအကြီးအကျယ်ပြောင်းလဲခြင်းအမှုများဖြစ်ပေါ်လာတော့မည်။ ၎င်းပြင်နောက်ဆုံးပြုလုပ်မည့်အမှုများသည် အလွန်လျင်မြန်သောအမှုများ ဖြစ်ရလိမ့်မည်။

လောကတွင်ရှိ ခပ်သိမ်းသောအမှုအရာတို့၏အခြေအနေကိုထောက် ခြင်းဖြင့် ဒုက္ခဆင်းရဲခြင်းကာလသည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်လာနေကြောင်းထင်ရှား၏။ မကြာမီကာလတွင် အလွန်ကြောက်မက်ဖွယ်ရာကောင်း

သော တိုက်ပွဲကြီးများဖြစ်တော့မည်အကြောင်း ဖော်ပြထားသောအချက်တို့ သည် နေ့စဉ်သတင်းစာများတွင်ပြည့်နေပြီ။ ရဲတင်းစွာစားပြမှုများသည် မကြာခဏဖြစ်ပေါ်လာပြီ။ ဆူပူမှုကိစ္စများမှ အများအပြားဖြစ်နေ၍ရိုးနေပြီ။ နေရာတိုင်း၌ဖောက်ထွင်းခိုးယူမှု၊ လူသတ်မှုများကိုကျူးလွန်နေကြပြီ။ နတ်ဆိုး စွဲနေသောလူများသည် ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်တို့၏အသက် များကို သတ်ဖြတ်နေကြပြီ။ လူတို့သည် မကောင်းမှုများ၌စိတ်စွဲလမ်းလျက် အပြစ်အမျိုးမျိုးသည် ဖြစ်ပေါ်နေလျက်ရှိပြီ။

ရန်သူသည် တရားသဖြင့်ပြုခြင်းအမှုကိုလွှဲဖယ်ရာ၌လည်းကောင်း၊ လူတို့၏စိတ်နှလုံးတွင် ကိုယ်ကျိုးရှာအမြတ်ကြီးစားလိုသောစိတ်ကို ဖြစ်ပေါ် စေရာ၌လည်းကောင်း အောင်မြင်လေပြီ။ "တရားသည် အဝေးကရပ်နေ၏၊ သစ္စာသည်လမ်း၌လဲပြီ၊ ဖြောင့်မတ်သောသဘော မဝင်နိုင်ရာ" ဟေရှာ ၅၉း၁၄။ မြို့ကြီးများတွင် လူထုများစွာသည်ဆင်းရဲ၍ အတိဒုက္ခရောက်နေကြလျက် အစားအသောက်၊ အဝတ်အထည်၊ ခိုလှုံစရာနေရာတို့ပင်မရှိသလောက်ဖြစ် နေကြပြီ။ သို့ရာတွင် ထိုမြို့ကြီးများ၌ပင် မိမိတို့စိတ်နှလုံးအလိုပြည့်စုံသည် ထက် ပိုမိုကြွယ်ဝနေသောသူ၊ အလွန်ခမ်းနားစွာနေထိုင်လျက် မိမိတို့၏ ကြေးငွေများကို အလွန်ကြွယ်ဝစွာပြုပြင်မွမ်းမံထားသောတိုက်ကြီးများ၊ ကိုယ် ပေါ်၌ဆင်မြန်းရန် လက်ဝတ်တန်ဆာများ (သို့မဟုတ်) သာ၍ဆိုးရွားသော အရာများတည်းဟူသော မိမိတို့ကိုယ်ကာယတပ်မက်ခြင်းကို ဖြည့်တင်းမှုများ၊ အရက်သေစာ၊ ဆေးလိပ်၊ စီးကရက်မှစ၍ မိမိတို့ဦးနှောက်အစွမ်းသတ္တိများ ကိုဖျက်ဆီး၍ စိတ်အခြေအနေကိုမညီညွတ်စေလျက် ဝိညာဉ်ကိုယုတ်ညံ့စေ သောအရာမှန်သမျှတို့အပေါ်၌ သုံးဖြုန်းလျက်ရှိကြသည်။ ငတ်မွတ်နေသော လူတို့၏ကြွေးကြော်သံသည် ထာဝရဘုရား၏ရှေ့တော်သို့တက်ရောက်လျက် ရှိရာတွင် ညှဉ်းဆဲ၊ အတင်းအကျပ်တောင်းယူခြင်းအမှုအမျိုးမျိုးဖြင့် လူများ တို့သည် အလွန်ကြီးမားသောဥစ္စာနေများကို စုပုံသိုလှောင်နေကြလေပြီ။

ညဉ့်အခါတွင်ရူပါရုံ၌ တစ်ထပ်ပြီးတစ်ထပ်ကောင်းကင်တိုင်အောင် မြင့်တက်သွားသော တိုက်အိမ်ကြီးများကိုကြည့်ရှုရန် ကျွန်ုပ်အားခေါ်၍ပြတော် မူ၏။ ဤတိုက်ကြီးများသည် မီးမလောင်နိုင်အောင် စီမံပြုလုပ်ထားကြ၍ ၎င်းတို့မှာ ၎င်းတို့ကိုပိုင်သောသူနှင့် ဆောက်လုပ်သောသူများ၏ ဂုဏ် ကို ထင်ရှားစေခြင်းငှာ တည်ထားကြ၏။ ဤတိုက်ကြီးများသည် တဖြည်းဖြည်း မြင့်တက်လာကြပြီး အဖိုးအတန်ဆုံးဝတ္ထုပစ္စည်းများကို အသုံးပြုထားကြ၏။ ဤအဆောက်အအုံကိုပိုင်သောသူတို့က "ငါတို့သည် မည်ကဲ့သို့ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေနိုင်ကြမည်နည်း" ဟု မိမိကိုယ်ကိုမေးမြန်းခြင်းမပြု ဘဲနေကြ၏။ သူတို့သည် ထာဝရဘုရားသခင်အကြောင်းကို စဉ်းစားခြင်း မရှိကြ။

ဤတိုက်ကြီးများသည်မြင့်တက်သွားကြစဉ် သူတို့သည် မိမိတို့ စိတ်ကျေနပ်ဖွယ်ဖြစ်လျက် အိမ်နီးချင်းတို့အားမနာလိုစေလောက်အောင် ငွေကို သုံးဖြုန်းနိုင်ကြသဖြင့် သူတို့သည် ကြွားဝါသောစိတ်နှင့်ဝမ်းမြောက်ဝမ်းသာ ရှိကြ၏။ ထိုသို့သူတို့အသုံးပြု စုဆောင်းထားကြသောငွေတို့ကို အတင်းအကျပ် တောင်းခံခြင်း၊

ဆင်းရဲသားတို့အားညှဥ်းဆဲနှိပ်စက်ခြင်းအားဖြင့် ရရှိကြသည်။ ကောင်းကင်တွင်အလုပ်အကိုင်အသီးသီးအကြောင်း မှတ်တမ်းတင်ထားသည်ကို သူတို့သည်မေ့လျော့နေကြ၏။ မတရားသောအမှု၊ လိမ်လည်လှည့်ဖြားခြင်း အမှုရှိသမျှကို ကောင်းကင်၌ရေးမှတ်ထား၏။

နောက်တစ်ဖန် ကျွန်ုပ်၏ရှေ့၌ပေါ်လာသောရှုခင်းက မီးလောင်၍ ကြောက်လန့်နေကြခြင်းဖြစ်၏။ လူတို့သည် မီးမလောင်နိုင်ဟုထင်သော တိုက်မြင့်ကြီးများကိုကြည့်လျက် "၎င်းတို့သည်လုံးလုံးမပျက်စီးနိုင်" ဟု ပြောဆိုကြ၏။ ထိုသူတွင်ဤတိုက်ကြီးများသည် ထင်းရှူးသားနှင့်ပြုလုပ် ထားသကဲ့သို့ လောင်ကျွမ်းကုန်ကြ၏။ မီးသတ်ကားများသည် မီးမလောင် မပျက်စီးစေခြင်းငှာ မတားဆီးမကာကွယ်နိုင်ကြချေ။ မီးသတ်သမားတို့သည် မီးသတ်ကားများဖြင့်ပင် မီးကိုငြိမ်းသတ်ခြင်းငှာမပြုလုပ်နိုင်ကြ။

ဘုရားသခင်ကြွလာတော်မူသောအခါ မာနကြီး၍လောဘကြီးသော သူတို့၏စိတ်နှလုံးတွင် ပြောင်းလဲခြင်းမရှိခဲ့သေးလျှင် လူတို့ကိုကယ်တင်ရန် ခွန်အားရှိသောလက်တော်သည် ဖျက်ဆီးခြင်းငှာလည်းခွန်အားရှိတော်မူ ကြောင်းကို လူတို့သည်တွေ့ရှိရကြလိမ့်မည်။ လောကအစွမ်းသတ္တိတစ်ခုမျှ ဘုရားသခင်၏လက်တော်ကိုမတားဆီးနိုင်။ ဘုရားသခင်၏ပညတ်တော်ကို ဂရုမစိုက်ဘဲနေခြင်း၊ ကိုယ်ကျိုးရှာသောလောဘရှိခြင်းတို့ကြောင့် လူတို့အပေါ် ၌အကျိုးအပြစ်ကိုဆပ်ရန် ဘုရားသခင်ချိန်းချက်တော်မူသောအချိန်ရောက်လာ သောအခါ ပျက်စီးခြင်းမှကာကွယ်တားဆီးနိုင်မည့်အရာဝတ္ထုတစ်စုံတစ်ခုကိုမျှ တိုက်များတည်ဆောက်ရာတွင် အသုံးပြုဖို့မရနိုင်။

အဖွဲ့အစည်းတို့၏ယခုအခြေအနေကို ဖြစ်စေသောအကြောင်းရင်း တို့ကိုသိနားလည်နိုင်သောသူများစွာမရှိ၊ ပညာတတ်များနှင့်နိုင်ငံရေးခေါင်းဆောင် များအထဲမှာပင်မရှိချေ။ အကျင့်ပျက်စီးခြင်းအမှု၊ ဆင်းရဲဒုက္ခရောက်ခြင်း၊ ပစ္စည်းဥစ္စာမဲ့ခြင်း၊ ရာဇဝတ်များတိုးပွားများပြားခြင်းအမှုနှင့်ဆိုင်ရာပြဿနာ တို့ကို တိုင်းပြည်အုပ်ချုပ်စိုးမိုးနေသောသူများသည် မဖြေရှင်းနိုင်ကြချေ။ သူတို့သည် စီးပွားဥစ္စာရှာဖွေရေးလုပ်ငန်းတို့တွင် သာ၍လုံခြုံခိုင်ခံ့သောအခြေခံ ချက်တို့ကို အချည်းနှီးရှာဖွေကြိုးစားနေကြ၏။ လူများတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်တွင်
သွန်သင်ဩဝါဒပေးထားသောစကားများကို သာ၍

ဂရုစိုက်ကြလျှင် သူတို့အားရှုပ်ထွေးစေသောပြဿနာများကို ဖြေရှင်းနိုင်ကြ လိမ့်မည်။

သခင်ခရစ်တော်ကြွလာခါနီးတွင် လောက၌ဖြစ်ပျက်မည့်အခြေအနေ အကြောင်း ကျမ်းစာကဖော်ပြထားပါသည်။ ခားပြတိုက်ခြင်း၊ အတင်းအကျပ် တောင်းဆိုခြင်းအားဖြင့် ပစ္စည်းဥစ္စာရွှေငွေတို့ကို အကြီးအကျယ်စုဆောင်း ထားကြသော လူတို့အကြောင်းနှင့်စပ်ဆိုင်၍ ဤကဲ့သို့ရေးသားထား၏။ "နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား။ နားထောင် ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောလူတို့ကိုလှည့်စား၍ အခမပေးဘဲနေသော ကြောင့် ထိုအခသည်ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏အော်ဟစ်ခြင်း အသံသည်လည်း ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏နားတော်ထဲသို့ ဝင်လေပြီ။ သင်တို့သည် မြေကြီးပေါ်မှာအပျော်အပါးလိုက်စား၍ အလွန် ပျော်မွေ့ကြပြီ။ သတ်ရသောနေ့၌ကဲ့သို့ မိမိနှလုံးကိုမွေးမြူကြပြီ။ ဖြောင့်မတ် သောသူကို အပြစ်စီရင်၍ကွပ်မျက်ကြပြီ။ သူသည်လည်း သင်တို့ကိုမဆီးတား" ယာ ၅း၃-၆။

သို့သော် ခေတ်ကာလနှင့်စပ်ဆိုင်၍ လျင်မြန်စွာပြည့်စုံနေသော အဖြစ်အပျက်တို့အားဖြင့် သတိပေးနေသောစကားများကို မည်သူသည်ဖတ်ရှု သနည်း။ လောကကိုတပ်မက်နေသောသူတို့အပေါ်၌ ၎င်းသတိပေးချက်တို့က မည်ကဲ့သို့စိတ်ထိခိုက်စွဲလမ်းခြင်းဖြစ်စေသနည်း၊ သူတို့၏စိတ်သဘောအခြေ အနေ၌ မည်ကဲ့သို့ပြောင်းလဲခြင်းကိုတွေ့မြင်ရသနည်း။ နောဧလက်ထက်က လောကသားများတို့တွင်တွေ့ရှိရသောအခြေအနေမျိုးထက် သာ၍ကောင်းသော အခြေအနေမျိုးကို မမြင်မတွေ့ရချေ။ လောကစီးပွားရေးလုပ်ငန်းနှင့် လောက ပျော်မွေ့ခြင်း၌မက်မောနေကြသဖြင့် နောဧလက်ထက်ကလူတို့သည် "ရေလွှမ်း မိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည့်တိုင်အောင် သတိမဲ့နေကြ၏" မဿဲ ၂၄း၃၉။ သူတို့သည် ကောင်းကင်ကစေလွှတ်သော သတိပေးစကားကိုကြားရကြသော်လည်း နားမထောင်ကြ။ ယနေ့လောကသည် ဘုရားသခင်၏ သတိပေးစကားကိုလုံးလုံးဂရုမစိုက်ဘဲ ထာဝရပျက်စီးခြင်းသို့ လျင်မြန်စွာရောက်သွားနေ၏။

လောကကြီးတစ်ခုလုံးသည် စစ်တိုက်လိုသောသဘောနှင့်ထကြွ လှုပ်ရှားနေကြ၏။ ဒံယေလအနာဂတ္တိကျမ်းအခန်းကြီးတစ်ဆယ့်တစ်၏ အနာဂတ္တိစကားသည် လုံးလုံးပြည့်စုံခြင်းသို့ ရောက်လုနီးပြီ။ မကြာမီအနာဂတ္တိ စကားများတွင်ဖော်ပြထားသော ဒုက္ခဆင်းရဲခြင်းနှင့်ပြည့်ဝနေသောရှုခင်းတို့ သည် ဖြစ်ပေါ်လာတော့မည်။

"ကြည့်ရှုလော့၊ ထာဝရဘုရားသည် ပြည်တော်ကိုလွတ်လပ်စေ၍ ပယ်ရှင်းမှောက်ထားသဖြင့် ပြည်သားတို့ကိုကွဲပြားစေတော်မူ၏။-- ပြည်သား တို့သည် ဘုရားသခင်၏တရားတော်ကိုလွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲ ခြင်း၊ ထာဝရသစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့်----ကျိန်တော်မူသော အကျိန်သည် ပြည်တော်ကိုလွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ်ရောက် လေပြီ။---သာယာသောပတ်သာအသံငြိမ်းပြီ။ ဝမ်းမြောက်သောသူ၏အသံ မရှိ။ သာယာသောစောင်းသံလည်းငြိမ်းပြီ" ဟေရှာ ၂၄း၁-၈။

"ထိုနေ့ရက်ကြောင့်မကောင်းမှုရှိ၏။ ထာဝရဘုရားသခင်၏နေ့ရက် သည်နီးပြီ။ ထာဝရဘုရားသခင်ဖျက်ဆီးခြင်းဘေးကဲ့သို့

ရောက်လာလိမ့်မည်။" မိုးကောင်းကင်ကိုလည်းငါကြည့်ရှု၍ အလင်းမရှိ။ တောင်တို့ကို လည်းငါကြည့်ရှု ၍ သူတို့နှင့်တကွ ကျွန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု ၍လူမရှိ။ မိုးကောင်းကင်ငှက်အပေါင်းတို့သည်ပြေးကြပြီ။ ငါကြည့်ရှု၍ဝပြော သောပြည်သည် တောဖြစ်လေပြီ။ မြို့များတို့သည်ပြိုပျက်လျက်ရှိကြ၏" ယေရမိ ၄း၂၃–၂၆။

"အလိုလေး၊ ထိုနေ့ရက်ကားခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက် ဖြစ်၏။ ယာကုပ် အမျိုး၌အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့ သည် ကယ်တင်ခြင်းသို့ရောက် ကြလိမ့်မည်" ယေရမိ ၃၀း၇။

ဤလောကတွင်လူအပေါင်းတို့သည် ဘုရားသခင်၏ရန်သူဘက်၌ နေကြသည်မ ဟုတ်၊ လူအပေါင်းသည် သစ္စာဖောက်ကြသည်မဟုတ်၊ ဘုရားသခင်ဘက်၌သစ္စာရှိကြသော သူအနည်းငယ်ရှိကြသည်။ အကြောင်းမူ ကား၊ ယောဟန်က "ဘုရားသခင်၏ပညတ်တို့ကို လည်းကောင်း၊ ယေရှု၏ ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့ သည် ဤ အရာ၌သည်းခံစရာအကြောင်းရှိ၏" ဗျာ ၁၄း၁၂။ မကြာမီ ဘုရားသခင်ကို ကိုးကွယ်သောသူတို့နှင့် မကိုးကွယ်ဘဲနေသောသူတို့သည် ပြင်းထန်စွာတိုက်ခိုက် ကြရမည့် စစ်ပွဲသည် ဖြစ်ပေါ်လာလိမ့်မည်။ မကြာမီမလှုပ်သောအရာတို့ကို တည်စေခြင်းငှာ မလှုပ်သောအရာတို့ကိုပယ်ဖျက်လိမ့်မည်။

စာတန်သည် ကျမ်းစာကိုကောင်းစွာကျွမ်းကျင်နားလည်သောသူဖြစ် ၏။ သူ၏ အချိန်ကာလသည် တိုတောင်းသည်ကိုသူသိသဖြင့် ဤမြေကြီး ပေါ်၌ ဘုရားသခင်၏ အမှုတော်ကို ဖျက်ဆီးပယ်ရှားရန် နေရာတကာတိုင်း၌ ရှာဖွေလျက် ကြံစည်ကြိုးစားနေ၏။ ကောင်းကင်ဘုန်းတန်ခိုးနှင့် လွန်ခဲ့သော ကာလ၌ခံစားရသော ညှဉ်းဆဲခြင်းအမှုမျိုးကို ပြန်၍ဖြစ်ပျက်စေခြင်းအမှု တို့သည် ရောစပ်သွားသောအခါ ဘုရားသခင်၏လူများခံ စားရမည့်အဖြစ် အပျက်၏အခြေအနေကို တွေးဆပြောဆိုခြင်းငှာ မတတ်နိုင်ချေ။ သူတို့သည် ဘုရားသခင်၏ပလ္လင်တော်မှထွက်လာသောအလင်းရောင်ထဲတွင် လျှောက်သွား နေကြလိမ့်မည်။ ကောင်းကင်တမန်များအားဖြင့် ကောင်းကင်နှင့်မြေကြီးသည် အမြဲဆက် သွယ်လျက်ရှိလိမ့်မည်။ ထိုအခါ ဆိုးသောတမန်များဖြင့်ဝန်းရံလျက် စာတန်သည် နိမိတ်လက္ခဏာအမျိုးမျိုးတို့ကိုပြုလုပ်သဖြင့် ရွေးချယ်ခြင်းခံရ သောသူတို့ကိုပင်လှည့်ဖြား နိုင်လျှင် လှည့်ဖြားလိမ့်မည်။ ဘုရားသခင်၏လူ များတို့သည် ဤကဲ့သို့နိမိတ်လက္ခဏာများ ပြုလုပ်ခြင်းအမှုတွင် လုံခြုံမှုကိုတွေ့ ရကြမည်မဟုတ်။ အကြောင်းမူကား၊ စာတန်သည်

ဖြစ်ပေါ်လာမည့်နိမိတ်ကို အတုယူ၍ပြုလုပ်လိမ့်မည်။ စုံစမ်းစစ်ဆေးခြင်းခံရသော ဘုရားသခင်၏လူတို့ သည် ထွက်မြောက်ရာ ၃၁း၁၂–၁၈ တွင် ဖော်ပြထားသော လက္ခဏာတွင် မိမိတို့၏တန်ခိုးခွန်အားကို တွေ့ရှိကြလိမ့်မည်။
"ကျမ်းစာ၌လာသည်ကား" ဆိုသော တည်မြဲသောကျမ်းစကားကို သူတို့သည်အမှီပြု လျက် ခုခံကာကွယ် ရကြမည်။ ဤအခြေအမြစ်ပေါ်၌သာလျှင် သူတို့သည် ဘေးကင်းလုံခြုံစွာ ရပ်တည်နေနိုင်ကြမည်။ ဘုရားသခင်နှင့်ပြုသောပဋိညာဉ်ကို ဖျက်သောသူတို့ တွင် ထိုနေ့ရက်၌ဘုရားသခင်မရှိ၊ မျှော်လင့်ခြင်းမရှိဘဲဖြစ်နေကြ လိမ့်မည်။

ဘုရားသခင်ကိုကိုးကွယ်သောသူတို့သည် စတုတ္ထပညတ်တော်ကို ဂရုစိုက် စောင့်ရှောက်ခြင်းအားဖြင့် အထူးခြားနားကြလိမ့်မည်။ အကြောင်းကား၊ ၎င်းသည် ဘုရားသခင်၌ဖန်ဆင်းနိုင်တော်မူသောတန်ခိုးရှိတော်မူကြောင်း ထင်ရှားစေသော လက္ခဏာသက်သေဖြစ်၍ လူ၏ရိုသေလေးစားမှုကို ဘုရားသခင် သည်ခံထိုက်တော် မူကြောင်း သက်သေခံချက်လည်းဖြစ်၏။ ဆိုးသောသူတို့ သည် ဖန်ဆင်းတော်မူ သောသခင်၏အထိမ်းအမှတ်ကို ဖြိုဖျက်ပယ်ရှား၍ ရောမအာဏာရှင်၏ဥပဒေကို ချီးမြှောက်ခြင်းဖြင့်ခြားနားကြလိမ့်မည်။ တိုက်ပွဲ ကြီးဖြစ်ပေါ်လာသောအခါ၌ ခရစ် ယာန်နိုင်ငံတွင် လူမျိုးကြီးနှစ်စားကွဲပြားနေ လိမ့်မည်။ တစ်စားသည် ဘုရားသခင်၏ ပညတ်တော်တို့ကိုလည်းကောင်း၊ သခင်ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်ကြသောသူများ ဖြစ်ကြ၍ အခြားတစ်စားမှာ သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်လျက် သူ၏ တံဆိပ်အမှတ်ကိုခံယူသောသူများဖြစ်ကြ၏။ အသင်းတော်နှင့် နိုင်ငံသည် မိမိ တို့၏အာဏာကိုပူးပေါင်းလျက် "ခွန်အားနည်းသောသူနှင့်ခွန်အားကြီး သောသူ၊ သူဌေးနှင့်သူဆင်းရဲ၊ လူလွတ်နှင့်ကျွန်မှစ၍

လူအပေါင်းတို့အား သားရဲ၏ တံဆိပ်အမှတ်ကိုခံယူစေခြင်းငှာ အတင်းအကျပ် ပြုကြသော်လည်း ဘုရားသခင်၏ လူများတို့သည် လက်ခံကြမည်မဟုတ်" ဗျာ ၁၃း၁၆။ "သားရဲနှင့်လည်း ကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏နာမ အရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သောသူတို့သည် ဘုရားသခင်၏ စောင်းတော်တို့ ကိုကိုင်လျက် ဖန်ရေကန်နားမှရပ်နေကြသည်ကို" ပတ်မုကျွန်း ပေါ်ရှိပုရောဖက် သည်မြင်ရ၏။ ၎င်းပြင် ထိုသူတို့သည် မောရှေ၏သီချင်းနှင့် သိုးသငယ်၏ သီချင်းကို သီဆိုနေကြ၏။ ဗျာ ၁၅း၂။

ဘုရားသခင်၏လူများတို့အဖို့ ကြောက်စရာကောင်းသောစုံစမ်း နှောင့်ယှက် ခြင်း၊ သွေးဆောင်ခြင်းအမှုကြီးသည် မကြာမီရောက်လာလိမ့်မည်။ စစ်တိုက်လိုသော သဘောသည် မြေကြီးတစ်စွန်းမှတစ်စွန်းသို့ လူမျိုးတို့အား နှိုးဆော်လျက်ရှိ၏။ သို့သော် ရောက်လတ္တံ့သောဒုက္ခဆင်းရဲခြင်းကာလ၊ လူမျိုး တစ်စုံတစ်မျိုးဖြစ်ခဲ့သည့် ကာလမှစ၍ မဖြစ်စဖူးသောဒုက္ခဆင်းရဲခြင်းကာလအတွင်း ဘုရားသခင်ရွေးချယ်တော် မူခြင်းခံရသောသူတို့သည် ရွေ့လျော ဖောက်ပြန်ခြင်းမရှိဘဲ ခံရပ်နိုင်ကြလိမ့်မည်။ စာတန်နှင့်သူ၏တမန်တို့သည် သူတို့ကိုမဖျက်ဆီးနိုင်၊ အကြောင်းကား၊ အလွန် ပင်ခွန်အားကြီးသော ကောင်းကင်တမန်တို့သည် သူတို့ကိုကာကွယ်ကြလိမ့်မည်။◦

-----*****----

(1) 6T, pp. 11-17.

## အခန်း (၃)
## ဘုရားသခင်ကိုကြိုဆိုရန်ပြင်ဆင်ခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်ကြွလာတော်မူခြင်းကို မရွေ့ဆိုင်းနိုင်ကြကြောင်း ကျွန်ုပ်မြင်ရ၏။ ကောင်းကင်တမန်က "မြေကြီးပေါ်၌ရောက် လတ္တံ့သောအမှုကြောင့် ပြင်ဆင်လျက်နေကြလော့၊ ပြင်ဆင်လျက်နေကြလော့၊ သင်တို့အကျင့်သည်သင်တို့၏ ယုံကြည်ခြင်းအတိုင်းဖြစ်ကြစေ" ဟုပြောဆို ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ အမြဲစိတ်စွဲလမ်း၍ ကျွန်ုပ်တို့၏အကျင့်က

ဘုရားသခင်နှင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်တို့ကို ထင်ရှားစေရ ကြမည်ကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်တို့သည် သတိမမူ၊ ဂရုမစိုက်ဘဲနေကြ လျှင် ဘုရားသခင်ကိုချီးမြှောက်ခြင်းမပြုနိုင်ကြ။ ကျွန်ုပ်တို့သည် စိတ်ပျက် နေကြလျှင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းငှာ မပြုလုပ်နိုင်ကြ။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ကယ်တင်ခြင်းခံရ၍ သူတစ်ပါးအားကယ်တင်လိုကြလျှင် စိတ်အားထက်သန်ခြင်းရှိရကြမည်။ ဤအချက်ကိုအထူးအရေး စိုက်လျက် အခြားသောအရာတို့ကိုနောက်မှဂရုပြုရမည်။

ကျွန်ုပ်သည် ကောင်းကင်၏တင့်တယ်လှပခြင်းကိုမြင်ရ၏။ ကောင်းကင် တမန်တို့သည် အလွန်ပင်ဝမ်းမြောက်ဖွယ်သောသီချင်းများကိုဆိုကြလျက် သခင်ယေရှု၏ကျေးဇူးတော်၊ ဂုဏ်တော်၊ ဘုန်းတော်တို့ကိုချီးမွမ်းကြ၏။ ထိုအခါ ကျွန်ုပ်သည် ဘုရားသခင့်သားတော်၏အံ့ဩဖွယ်ကောင်းသောမေတ္တာ တော်အကြောင်းကို သိနားလည်လာ၏။ ကိုယ်တော်သည် ကောင်းကင်၌ မိမိရရှိထားပြီးသောဘုန်းတော်၊ ဂုဏ်သရေတော်အပေါင်းကိုစွန့်တော်မူပြီးနောက် ကျွန်ုပ်တို့အားကယ်တင်ခြင်းအမှု၌ အလွန်စိတ်ဝင်စားခြင်းရှိတော်မူသဖြင့် လူတို့ကကိုယ်တော်အားရှုတ်ချခဲ့သောအမှု၊ ထင်သေးမှုရှိသမျှကို သည်းခံ နှိမ့်ချခြင်းနှင့်ခံယူတော်မူခဲ့၏။ ကိုယ်တော်သည် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက် ခြင်း၊ ရိုက်နှက်ခြင်းကိုခံတော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသွေး၌ ဆေးကြောခြင်းခံရကြပြီ။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ပြင်ဆင်နေတော်မူ သောအိမ်ခန်းများတွင် ကိုယ်တော်နှင့်အတူနေထိုင်ရကြလျက်၊ ကောင်းကင်၏ အလင်းနှင့်ဘုန်းတော်ကိုခံစားရကြ၍ ကောင်းကင်တမန်တို့သီချင်းဆိုသံကြား ရလျက် သူတို့နှင့်အတူသီချင်းဆိုနိုင်ကြရန် သေခြင်းမှထမြောက်ခွင့်ရကြမည်အကြောင်း၊ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထားဆွဲထားခြင်း ကိုခံလျက် အလွန်ပြင်းစွာသောဝေဒနာကိုခံတော်မူ၏။

ကောင်းကင်တစ်ဝန်းလုံးသည် ကျွန်ုပ်တို့ကယ်တင်ခြင်းခံစားဖို့အရေး အတွက် စိတ်ပါဝင်စားလျက်ရှိကြသည်ကို ကျွန်ုပ်တွေ့မြင်ရသဖြင့် ကျွန်ုပ် တို့သည် ဂရုမစိုက်အမှုမထားဘဲ နေအပ်သလော။ ကျွန်ုပ်တို့သည် ကယ်တင် ခြင်းခံရသည်ဖြစ်စေ၊ ဆုံးရှုံးခြင်းသို့ရောက်သည်ဖြစ်စေ ဤအမှုသည်သေးငယ် သောအမှု၊ မရေရာသောအမှုဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည် သတိမပြုဘဲ နေအပ်ကြသလော။ ကျွန်ုပ်တို့အတွက်ပြုတော်မူသောပူဇော်စွန့်စားခြင်းအမှုကြီးကို ပေါ့ဆစွာထင်မှတ်အပ်သလော။ အချို့တို့သည် ဤကဲ့သို့ပြုခဲ့ကြပြီ။ သူတို့ သည်ပေးကမ်းတော်မူသောကရုဏာတော်ကိုအထင်သေးကြသဖြင့် ဘုရားသခင် ၏အမျက်တော်သည် သူတို့အပေါ်သို့သက်ရောက်လေ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အမြဲစိတ်နာခြင်းကိုခံတော်မူမည်မဟုတ်။ အနည်းငယ်ကြာ စိတ်နာနေရလျှင် ၎င်းသည်ထွက်ခွာသွားတော်မူမည်။ လူတို့အားကယ်တင် နိုင်ရန် ဘုရားသခင်သည်အမှုကိစ္စအပေါင်းတို့ကိုပြုပြင်စီမံတော်မူပြီးမှ သခင်ယေရှုကပေးကမ်းတော်မူသောကရုဏာတော်ကိုအထင်သေးပေါ့ဆစွာ ထင်မှတ်ကြောင်း မိမိတို့အသက်တာအားဖြင့်ပြကြလျှင် သူတို့သည် သေခြင်းကိုခံယူရကြလျက် ၎င်းသည် အလွန်များစွာအဖိုးပေး၍ ဝယ်ယူရခြင်းဖြစ် လိမ့်မည်။ ၎င်းသည် အလွန်ကြောက်စရာကောင်းသောသေခြင်းဖြစ်၏။ အကြောင်းမူကား၊ သူတို့ငြင်းပယ်သောရွေးနုတ်ခြင်းကို သူတို့အတွက်ဝယ်တော် မူရာ၌ သခင်ခရစ်တော်ခံစားတော်မူရသောဝေဒနာမျိုးကို သူတို့သည်လည်းခံစားရကြလိမ့်မည်။ ထိုအခါ သူတို့ဆုံးရှုံးသောထာဝရအသက်နှင့်မသေမပုပ် နိုင်သောအမွေတော်သည် အဘယ်အရာဖြစ်သည်ကို

သူတို့သိရှိလာကြလိမ့် မည်။ ဝိညာဉ်များကိုကယ်ဆယ်ရန် ပြုလုပ်စီမံတော်မူခဲ့သောဆက်ကပ်ပူဇော်ခြင်းအမှုကြီးက သူတို့သည်မည်မျှအဖိုးတန်ကြောင်း ကျွန်ုပ်တို့အားဖော်ပြ လေပြီ။ အဖိုးထိုက်သော ဝိညာဉ်သည် တစ်ကြိမ်ဆုံးရှုံးသွားသောအခါ ၎င်းသည် ထာဝရဆုံးရှုံးခြင်းဖြစ်လေ၏။

ကောင်းကင်တမန်တစ်ပါးသည် လက်ထဲတွင်ချိန်ခွင်တစ်ခုကိုကိုင် လျက် ဘုရားသခင်၏ လူများ အထူးသဖြင့် လူငယ်များတို့၏အကြံအစည် များနှင့်စိတ်ဝင်စားဖွယ်ရာများကို ချိန်တွယ် လျက်နေသည်ကို ကျွန်ုပ်မြင်ရ၏။ ချိန်ခွင်ခွက်တစ်ခုတွင် ကောင်းကင်ဘက်သို့ညွတ်နေသော အကြံအစည်နှင့် စိတ်ဝင်စားဖွယ်ရာများကိုထည့်လျက် အခြားတစ်ခွက်တွင် မြေကြီးသို့ညွတ်နေသောအကြံအစည်နှင့်စိတ်ဝင်စားဖွယ်ရာများကိုထည့်ထား၏။ ဤခွက်တွင် ဝတ္ထုစာအုပ်များကို ဖတ်ခြင်းအမှုရှိသမျှ၊ အဝတ်အထည်နှင့်ဟန်ပြလိုသောအကြံ များ၊ မမြဲသောအရာများ၊ ဝါကြွားမှုများမှစသောအရာတို့ကိုထည့်ထား၏။ အို၊ မည်မျှကြောက်မက်ဖွယ်ကောင်းသောအချိန်ဖြစ် သနည်း။ ဘုရားသခင်၏ ကောင်းကင်တမန်များတို့သည် ချိန်ခွင်များကိုကိုင်လျက် ဘုရားသခင်၏ သားသမီးများ လောကဖို့အသေဖြစ်လျက် ဘုရားသခင်ဖို့အသက်ရှင်နေကြ သည်ဟု ပြောဆိုနေကြသောသူတို့၏အကြံအစည်များကို ချိန်တွယ်နေကြ၏။ လောကအကြံအစည်များ၊ မမြဲသောအရာများ၊ ကြွားဝါမှုများပါရှိသောချိန်ခွင် ကိုချိန်လိုက်သောအခါတိုင်း ၎င်းတို့သည် အောက်သို့လိမ့်ကျသွားကြသော် လည်း ခွက်သည်မြန်စွာအောက်သို့နိမ့်ဆင်းသွားကြ၏။ ကောင်းကင်ဘက်သို့ညွတ်နေသောအကြံအစည်နှင့် စိတ်ဝင်စားမှုများပါရှိသောချိန်ခွင်ခွက်သည်ကား၊ အထက်သို့လျင်မြန်စွာတက်သွားလေ၏။ မည်မျှပေါ့သွားသောအရာ ဖြစ်သနည်း။ ကျွန်ုပ်သည် ၎င်းကိုမြင်ရသည့်အတိုင်းသာဖော်ပြနိုင်ပါသည်။ သို့သော် ကောင်းကင်တမန်သည် ဘုရားသခင်၏လူများတို့၏အကြံအစည် များနှင့်စိတ်ဝင်စားမှုတို့ကို ချိန်တွယ်နေသည်ကိုမြင်ရသောအခါ ကျွန်ုပ်၏ စိတ်ထဲ၌စွဲမြဲစွာထင်နေသည့် အရေးကြီး၍ထင်ရှားသောအရာတို့ကို ကျွန်ုပ်သည် ဘယ်အခါမျှမ ဖော်ပြနိုင်ပါ။ ကောင်းကင်တမန်က "ထိုသို့သောသူတို့သည် ကောင်းကင်သို့ဝင်နိုင်ကြမည်လော၊ မဝင်နိုင်၊ ဘယ်အခါမျှမဝင်နိုင်ကြ။ သူတို့၌ယခုရှိသောမျှော်လင့်ခြင်းသည် အချည်းနှီးဖြစ်ကြောင်းကို သူတို့အား ပြောပြလော့။ ၎င်းပြင် သူတို့သည် အလျင်အမြန်နောင်တရ၍ ကယ်တင် ခြင်းကိုရရှိအောင်မကြိုးစားလျှင် သူတို့သည် ပျက်စီးခြင်းသို့ရောက်ကြလိမ့် မည်" ဟုပြောဆို၏။

ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ယောင်ဆောင်ခြင်းဖြင့် မည်သူမျှ ကယ်တင်ခြင်းသို့ရောက်ကြမည်မဟုတ်။ အားလုံးတို့၌ လေးနက်၍ကောင်း သောအကျင့်နှင့်ဆိုင်သောဗဟုသုတရှိရကြမည်။ ဤအရာသာလျှင် သူတို့အား ဆင်းရဲဒုက္ခကာလ၌ကယ်တင်လိမ့်မည်။ ထိုနောက် မည်ကဲ့သို့သော အရာဖြစ် ကြောင်းသိရှိရန် သူတို့၏အလုပ်များကိုစုံစမ်းစစ်ဆေးရလိမ့်မည်။ ထိုအခါ ၎င်းတို့သည် ရွှေ၊ ငွေနှင့်အဖိုးတန်သောကျောက်များဖြစ်ကြလျှင် ၎င်းတို့ကို ထာဝရဘုရား၏တဲတော်တွင် လျှို့ဝှက်သောနေရာ၌ဝှက်ထားရလိမ့်မည်။ သို့သော် သူတို့၏အလုပ်သည် သစ်သား၊ `မက်ခြောက် နှင့်ကောက်ရိုးများ ဖြစ်လျှင် အဘယ်အရာမျှ၎င်းတို့အား ထာဝရဘုရား၏ပြင်းထန်သောအမျက်တော်မှကွယ်ကာထားခြင်းငှာမတတ်နိုင်။

အများသောသူတို့သည် မိမိတို့အချင်းချင်းအထဲတွင် ကိုယ့်ကိုကိုယ် တိုင်းတာကြည့်ကြလျက် မိမိတို့၏အသက်တာကို အခြားသူတို့၏အသက်တာ နှင့်နှိုင်းယှဉ်ကြည့်ကြ၏။ ဤကဲ့သို့ပြုလုပ်ဖို့မသင့်။ ကျွန်ုပ်တို့အား သခင်ခရစ်တော် အပြင် မည်သူကိုမျှပုံသက်သေအဖြစ်ပေးမထားချေ။ ကိုယ်တော်သည် ကျွန်ုပ် တို့အဖို့မှန်သောပုံသက်သေဖြစ်၍ ကိုယ်တော်ကိုအတုယူရာတွင် အသီးသီး တို့သည် သာ၍ကောင်းလာအောင်ကြိုးစားရကြမည်။ ကျွန်ုပ်တို့သည် သခင် ခရစ်တော်နှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်ရကြမည်၊ (သို့မဟုတ်) ရန်သူနှင့်အတူ လုပ်ဆောင်သူဖြစ်ရမည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူစုဆောင်း သောသူဖြစ်ရမည်၊ (သို့မဟုတ်) ဖြန့်ကြဲသောသူဖြစ်ရကြမည်။ ကျွန်ုပ်တို့သည် လုံးလုံးစိတ်ပါဝင်စားသောခရစ်ယာန် ဖြစ်ရကြမည်။ သို့မဟုတ်လျှင် ခရစ်ယာန် လုံးလုံးမဖြစ်နိုင်။ သခင်ခရစ်တော်က "သင်သည်အေးခြင်းဖြစ်စေ၊ ပူခြင်း ဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့အအေး မဟုတ်၊ အပူမဟုတ်၊ နွေးရုံသာ ရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေး လုပြီ" ဟု မိန့်တော်မူ၏။ ဗျာ ၃း၁၅၊၁၆။

အချို့သောသူတို့သည် ကိုယ်ကိုငြင်းပယ်ခြင်း၊ (သို့မဟုတ်) ပူဇော်ခြင်းသည် အဘယ်သို့ဆိုလိုသည်ကိုလည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားအတွက်ဒုက္ခခံခြင်းသည် အဘယ်အရာဖြစ်သည်ကိုလည်းကောင်း နားမလည် သေးသည်ကိုကျွန်ုပ်တွေ့ရှိရ သည်။ သို့သော် မည်သူမျှဆက်ကပ်ပူဇော်ခြင်း မပြုဘဲ ကောင်းကင်နိုင်ငံတော်ထဲ သို့ဝင်ရကြမည်မဟုတ်။ ကိုယ်ကိုငြင်းပယ် ခြင်းနှင့်ဆက်ကပ်ပူဇော်ခြင်းသဘောမျိုးကို မွေးမြူရမည်။ အချို့သောသူတို့ သည် မိမိတို့ကိုယ်ခန္ဓာများကို ဘုရားသခင်၏ပလ္လင်တော်ပေါ်၌ ပူဇော်ခြင်း မပြုကြချေ။ သူတို့သည် ဘုရားသခင်၏အမှုတော်ကိုဂရုမစိုက်ဘဲ မကြာခဏ ဒေါသထွက်မြန်၍ မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေလျက် ကိုယ်ကျိုးကို သာရှာနေတတ်ကြသည်။ ထာဝရအသက်အတွက် ဆက်ကပ်ပူဇော်ခြင်းအမှု တစ်စုံတစ်ခုကိုပြုလုပ်ဖို့ အလိုဆန္ဒရှိသောသူတို့သည် ထာဝရအသက်ကိုရကြလိမ့်မည်။ ၎င်းပြင် ဒုက္ခခံခြင်း၊ ကိုယ်ကိုလက်ဝါးကပ်တိုင်၌ရိုက်ထားခြင်း၊ ရုပ်တုရှိသမျှကိုစွန့်ပစ်ခြင်း၌ အမှန်ပင်အကျိုးခံစားရလိမ့်မည်။ သာ၍ကောင်း မြတ်လျက် ထာဝရတည်သောဘုန်းအသရေတော်တွင် အရာခပ်သိမ်းနှင့် လောကပျော်မွေ့ခြင်းရှိသမျှတို့သည် မေးမှိန်ပျောက်ကွယ်သွားကြလိမ့်မည်။

-----*****----

(1) 1T, pp. 123-126.

## အခန်း (၄)
## ဘုရားသခင်၏သန့်ရှင်းသောဥပုသ်နေ့ကို စောင့်ရှောက်ခြင်း

ဥပုသ်နေ့ကိုစောင့်ရှောက်ခြင်းဖြင့် များစွာသောကောင်းချီးမင်္ဂလာတို့ကို ခံစားရကြ၍ ဥပုသ်နေ့သည် ကျွန်ုပ်တို့အဖို့ပျော်မွေ့ဖွယ်ရာနေ့ဖြစ်စေ ခြင်းငှာ ဘုရားသခင်သည်အလိုရှိတော်မူ၏။ ဥပုသ်နေ့ကိုတည်ထောင်ရာ၌ ဝမ်းမြောက်ခြင်း ရှိ၏။ ဘုရားသခင်သည် မိမိလက်တော်နှင့်ပြုလုပ်ဖန်ဆင်း တော်မူသောအရာတို့ကို ကြည့်ရှုစစ်ဆေးရာ၌ စိတ်ကျေနပ်ခြင်းရှိတော်မူ၏။ ဘုရားသခင်သည် မိမိဖန်ဆင်း ထားသောအရာခပ်သိမ်းကို "အလွန်ကောင်း သည်" ဟုမိန့်တော်မူပြီ။ ကမ္ဘာ ၁း၃၁။ ကောင်းကင်နှင့်မြေကြီးသည် ဝမ်းမြောက် ခြင်းနှင့်ပြည့်ဝလျက်ရှိ၏။ "နံနက်ကြယ် တို့သည် တညီတညွတ်တည်းသီချင်း ဆို၍ ဘုရားသခင်၏သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့် ကြွေးကြော် ကြ၏" ယောဘ ၃၈း၇။ အပြစ်သည် ဘုရားသခင် ၏စုံလင်သောလုပ်ငန်း ကိုပျက်စီးစေရန် လောကထဲသို့ဝင်ရောက်လာသော်လည်း ထာဝရတန်ခိုးရှင်၊ အတိုင်းမသိကောင်းမြတ်ခြင်းနှင့်လည်းကောင်း၊ ကရုဏာတော်နှင့် လည်းကောင်း ပြည့်စုံတော်မူသောသခင်တစ်ပါးသည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော် မူကြောင်း သက်သေအဖြစ်နှင့်ဥပုသ်နေ့ကို ကျွန်ုပ်တို့အားပေးတော်မူပါ သေး သည်။ ဥပုသ်နေ့ကိုစောင့်ခြင်းဖြင့် ဘုရားသခင်ကိုယ်တော်တိုင်အကြောင်း သိကျွမ်းခြင်းပညာကို လူတို့တွင်အမြဲတည်ရှိနေစေခြင်းငှာ ကျွန်ုပ်တို့၏ ကောင်းကင် ခမည်းတော်သည် အလိုရှိတော်မူ၏။ ဥပုသ်နေ့သည် ဘုရားသခင်အား ကျွန်ုပ်တို့၏ စိတ်ထဲ၌ မှန်ကန်၍အသက်ရှင်နေသောဘုရားသခင်အဖြစ် စွဲလမ်းမှတ်ယူ ထားစေရန်ညွှန်ကြား၍ ကိုယ်တော်ကိုသိကျွမ်းခြင်းဖြင့် ကျွန်ုပ်

တို့၌ထာဝရအသက်နှင့်ငြိမ်သက်ခြင်းကိုရရှိစေမည်အကြောင်း ဘုရားသခင်သည် အလိုရှိတော်မူ၏။

ထာဝရဘုရားသည် မိမိလူမျိုးဖြစ်သောဣသရေလလူတို့ကို အဲဂုတ္တု ပြည်မှထုတ်ဆောင်လာ၍ သူတို့အား မိမိ၏ပညတ်တော်ကိုအပ်ပေးတော်မူ သောအခါ သူတို့သည် ဥပုသ်နေ့ကို စောင့်ခြင်းဖြင့် ရုပ်တုကိုးကွယ်သောသူတို့ နှင့်ခြားနားရကြမည်ဟု သူတို့အားသွန်သင်တော်မူ၏။ ဤအမှုအားဖြင့် ဘုရားသခင်၏မြင့်မြတ်ဘုန်းတန်ခိုးကြီးခြင်းအဖြစ်ကို ဝန်ခံသောသူတို့နှင့် ဘုရားသခင်အား မိမိတို့၏ဖန်ဆင်းတော်မူသောအရှင်နှင့် ဘုရင်မင်းမြတ် အဖြစ်လက်မခံကြသောသူတို့ကို ခွဲခြားထားလေ၏။ "ထိုသို့စောင့်လျှင် ငါနှင့် ဣသရေလအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်" "သို့ဖြစ်၍ ဣသရေလအမျိုးသားအစဉ်အဆက်တို့သည် ထာဝရပဋိညာဉ်ဖြစ်စေ ခြင်းငှာ ဥပုသ်နေ့ရက်အစဉ်အတိုင်း ဥပုသ်စောင့်ရကြမည်" ဟု ထာဝရဘုရားက မိန့်တော်မူ၏။ ထွက်မြောက်ရာ ၃၁း၁၆၊၁၇။

ဣသရေလလူတို့သည် လောကခါနာန်ပြည်သို့ဝင်ခြင်းငှာ အဲဂုတ္တု ပြည်မှထွက်လာကြသောအခါ ဥပုသ်နေ့သည် ဣသရေလလူတို့ကိုခြားနား စေခြင်းငှာ လက္ခဏာသက်သေဖြစ်သည်နည်းတူ ယခုဘုရားသခင်၏လူမျိုး တို့သည် ကောင်းကင်ငြိမ်သက်ခြင်းချမ်းသာကိုဝင်စားရန် လောကထဲမှထွက် လာနေကြစဉ်အခါ ၎င်းသည် ဘုရားသခင်၏လူတို့အားခြားနားစေလိမ့်မည်။ ဥပုသ်နေ့သည် ဘုရားသခင်နှင့်မိမိ၏လူမျိုးတို့စပ်ကြားတွင် ဆက်သွယ်မှု ရှိကြောင်းဖော်ပြသောလက္ခဏာသက်သေ၊ သူတို့သည် ဘုရားသခင်၏ပညတ် တော်ကိုရိုသေလေးစားကြောင်းပြသော လက္ခဏာသက်သေဖြစ်၏။ ၎င်းသည် ဘုရားသခင်ဘက်၌သစ္စာရှိသောနိုင်ငံသားများနှင့် ပညတ်တော်ကိုလွန်ကျူး သောသူတို့ကို ခွဲခြားထား၏။

မိုးတိမ်တိုင်ထဲမှနေ၍ သခင်ခရစ်တော်က ဥပုသ်နေ့အကြောင်းနှင့် စပ်ဆိုင်၍ "ငါသည် သင်တို့ကိုသန့်ရှင်းစေသော ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာ၊ ငါနှင့်သင်တို့၏ သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာ သက်သေဖြစ်ဖို့ရာ၊ ငါ၏ဥပုသ်နေ့ကိုစင်စစ်စောင့်ရကြမည်" ဟုမိန့်တော်မူ၏။ ထွက်မြောက် ၃၁း၁၃။ ဘုရားသခင်သည် ဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်း လက္ခဏာသက်သေအဖြစ် လောကအားပေးတော်မူသောဥပုသ်နေ့သည် ဘုရားသခင်အားသန့်ရှင်းစေတော်မူသောအရှင်အဖြစ် ဖော်ပြသောလက္ခဏာ သက်သေလည်းဖြစ်၏။ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူသောတန်ခိုး သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖြစ်စေရန် ဝိညာဉ်ကိုပြုပြင်၍ ဖန်ဆင်းပေးသောတန်ခိုးလည်းဖြစ်၏။ ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ စောင့်ရှောက်သောသူတို့အတွက် ဥပုသ်နေ့သည် သန့်ရှင်းခြင်းလက္ခဏာ သက်သေဖြစ်၏။ မှန်သောသန့်ရှင်းခြင်းသည် ဘုရားသခင်၏အလိုတော်နှင့် ညီညွတ်၏။ အကျင့်တွင် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်၏။ ဂုဏ်တော်၊ သဘောတော်တို့ကိုပြုပြင်၍အက္ခရာတင်ထားသော ထိုအခြေခံတရား

တို့ကိုနားထောင်လိုက်နာခြင်းအားဖြင့် ထိုသန့်ရှင်းခြင်းအဖြစ်ကိုရရှိ၏။ ဥပုသ် နေ့သည် နားထောင်ခြင်း၏လက္ခဏာသက်သေဖြစ်၏။ စတုတ္ထပညတ်ကို စိတ်နှလုံးအကြွင်းမဲ့နားထောင်သောသူသည် ပညတ်တရားတော်တစ်ခုလုံးကို လိုက်နာပြုကျင့်လိမ့်မည်။ သူသည် နားထောင်ခြင်းအားဖြင့် သန့်ရှင်းခြင်း အဖြစ်သို့ ရောက်၏။

ဣသရေလလူတို့ကဲ့သို့ ကျွန်ုပ်တို့အားဥပုသ်နေ့ကို ထာဝရပဋိညာဉ် ဖြစ်စေခြင်းငှာ ပေးတော်မူ၏။ ဘုရားသခင်၏သန့်ရှင်းသောနေ့ကို ရိုသေ လေးစားသောသူတို့အဖို့ ဥပုသ်နေ့သည် ဘုရားသခင်ကသူတို့အား မိမိရွေး ကောက်တော်မူသောလူမျိုးအဖြစ် အသိအမှတ်ပြုတော်မူကြောင်း ဖော်ပြသော လက္ခဏာသက်သေဖြစ်၏။ ၎င်းကား ဘုရားသခင်သည် မိမိ၏ပဋိညာဉ်ကို ပြည့်စုံစေတော်မူမည်ဟူသော ကတိခံဝန်ချက်ဖြစ်သည်။ ဘုရားသခင်အုပ်စိုး တော်မူခြင်းအာဏာစက်ကို လက်ခံသောဝိညာဉ်တိုင်းသည် ဘုရားသခင်၏ ထာဝရပဋိညာဉ်လက်အောက်သို့ မိမိကိုယ်ကို ရောက်ရှိသွားစေ၏။ သူသည် မိမိကိုယ်ကိုနားထောင်ခြင်းတည်းဟူသော ရွှေကြိုးနှင့် ဆက်စပ်ထား၏။ ထိုကြိုး၏ကွင်းဆက်တိုင်းသည် ကတိတော်တစ်ခုစီဖြစ်ကြ၏။

## 'ဥပုသ်နေ့ကိုအောက်မေ့လော့"

စတုတ္ထပညတ်တော်၏အစနားတွင် ထာဝရဘုရားသခင်က "အောက်မေ့လော့" ဟုမိန့်တော်မူ၏။ စိုးရိမ်ပူပန်ခြင်း၊ ရှုပ်ထွေးခြင်းများစွာ တို့ကြားတွင် လူသည် ပညတ်တော်ကတောင်းဆိုသောစည်းကမ်းချက်တို့ကို မလိုက်မနာဘဲနေစေခြင်းငှာ သွေးဆောင်ခြင်းခံရမည်ကိုလည်းကောင်း၊ ပညတ် တော်၏သန့်ရှင်း၍အရေးကြီးသော စည်းကမ်းချက်တို့ကို မေ့လျော့မည်ကိုလည်း ကောင်း ဘုရားသခင်သည် သိနားလည်တော်မူ၏။ ထို့ကြောင့် ထာဝရ ဘုရားသခင်က "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့ လော" ဟုမိန့်တော်မူ၏။ ထွက်မြောက်ရာ ၂၀း၈။

ရက်သတ္တတစ်ပတ်လုံးကျွန်ုပ်တို့သည် ဥပုသ်နေ့ကိုစိတ်ထဲ၌စွဲလမ်း နေကြပြီးလျှင် ပညတ်တော်အတိုင်း ၎င်းကိုစောင့်ရှောက်ရန် ပြင်ဆင်မှုကို ပြုလုပ်နေရကြမည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့ကိုတရားဥပဒေနှင့်ဆိုင်သော အရာကဲ့သို့ စောင့်ရှောက်ရုံသာပြုရကြမည်မဟုတ်။ အသက်တာ၏လုပ်ငန်း အပေါင်းတွင် ၎င်းသည် ဝိညာဉ်ရေးနှင့်သက်ဆိုင်နေကြောင်း ကျွန်ုပ်တို့သည်

သိရှိနားလည်ရကြမည်။ ဥပုသ်နေ့ကို မိမိတို့နှင့်ဘုရားသခင်စပ်ကြားတွင် လက္ခဏာသက်သေအဖြစ်သဘောထားလျက် ဘုရားသခင်သည် မိမိတို့ကို သန့်ရှင်းစေတော်မူသောဘုရားသခင်ဖြစ်ကြောင်းကို ထင်ရှားစေကြသောသူ အပေါင်းတို့သည် ဘုရားသခင်အုပ်စိုးတော်မူသောအာဏာစက်၏အခြေခံ ဥပဒေများကို ဖော်ပြကြလိမ့်မည်။ သူတို့သည် ဘုရားသခင့်နိုင်ငံတော်၏ပညတ်တရားကို သူတို့၏နေ့စဉ်လုပ်ငန်းတို့တွင် လိုက်နာပြုကျင့်ကြလိမ့်မည်။ ဥပုသ်နေ့၏သန့်ရှင်းခြင်းအဖြစ်သည် သူတို့၌အမြဲတည်ရှိနေစေမည်အကြောင်း သူတို့သည် နေ့စဉ်ဆုတောင်းကြလိမ့်မည်။ နေ့တိုင်းသူတို့သည် သခင်ခရစ်တော် နှင့်မိတ်သဟာယဖွဲ့ခြင်းအခွင့်ကိုရကြလျက် ကိုယ်တော်၏စုံလင်သောအကျင့် ကို မိမိတို့အသက်တာတွင် ပုံသက်သေပြကြလိမ့်မည်။ နေ့တိုင်းသူတို့၏ ကောင်းသောအကျင့်များအားဖြင့် သူတို့၏အလင်းသည် သူတစ်ပါးတို့ထံသို့ ထွန်းလင်းတောက်ပသွားလိမ့်မည်။

ဘုရားသခင်၏အမှုတော်တွင် အောင်မြင်ခြင်းရရှိဖို့ကိစ္စနှင့်စပ်ဆိုင် သောအမှုအပေါင်းတွင် မထမဦးစွာအောင်မြင်ခြင်းရရှိဖို့အရေးများမှာ အိမ်ထောင် အသက်တာတွင်ဖြစ်ပေသည်။ ဤနေရာ၌ ဥပုသ်နေ့အတွက်ပြင်ဆင်ခြင်း လုပ်ငန်းကို အစပြုသင်ကြားပေးရမည်။ ရက်သတ္တတစ်ပတ်လုံး မိမိတို့၏ အိမ်ထောင်သည် ကောင်းကင်အိမ်တော်အတွက် သားသမီးများကိုပြင်ဆင် ပေးဖို့ရန် ကျောင်းတစ်ခုဖြစ်ကြောင်းကို မိဘများတို့သည် သတိပြုကြပါစေ။ သူတို့ပြောဆိုသောစကားများမှာ မှန်ကန်သောစကားများဖြစ်ပါစေ။ မိမိ၏ သားသမီးများမကြားအပ်သောစကားကို မိဘတို့နှုတ်မှမထွက်စေနှင့်။ အမျက် ဒေါသကင်းသောစိတ်သဘောမျိုးရှိပါစေ။ မိဘတို့၊ ရက်သတ္တတစ်ပတ်လုံးတွင် ဘုရားသခင်အတွက်သွန်သင်လေ့လာပေးစေရန် သားသမီးများကို သင်တို့ အားပေးတော်မူသော သန့်ရှင်းသောဘုရားသခင်၏မျက်မှောက်တော်မှာကဲ့သို့ နေထိုင်ပြုမူကြပါ။ အိမ်သားအားလုံးတို့သည် ဥပုသ်နေ့၌ထာဝရဘုရား၏ သန့်ရှင်းရာဌာနတွင်ဝတ်ပြုကိုးကွယ်ရန်၊ အသင့်ပြင်ဆင်ခြင်းရှိစေရန် သင်၏ အိမ်ထောင်တွင် အသင်းတော်ကလေးတစ်ခုကို ဘုရားသခင်အဖို့သွန်သင် လေ့ကျင့်ပေးပါ။ နံနက်တိုင်း၊ ညနေတိုင်း သင်တို့၏သားသမီးများတို့ကို ဘုရားသခင်ကိုယ်တော်တိုင် အသွေးနှင့်ဝယ်ထားတော်မူသောအမွေတော်အဖြစ် နှင့် ဘုရားသခင်အားဆက်သလော့။ ဘုရားသခင်ကိုချစ်၍ ကိုးကွယ်ဝတ်ပြု ရခြင်းသည် သူတို့၏အမြတ်ဆုံးတာဝန်နှင့်အခွင့်အရေးဖြစ်သည်ကို သူတို့အား သွန်သင်ပေးလော့။

ဥပုသ်နေ့ကို ထိုသို့အောက်မေ့ကြသောအခါ လောကရေးကိစ္စသည် ဝိညာဉ်ရေးကိစ္စတွင် ဝင်ရောက်ရောနှောလာခွင့်ရမည်မဟုတ်။ အလုပ်လုပ်ရသော ခြောက်ရက်နှင့်ဆိုင်သော တာဝန်လုပ်ငန်းတစ်စုံတစ်ခုကိုမျှ ဥပုသ်နေ့အတွက် မကျန်မရှိစေရ။ ရက်သတ္တတစ်ပတ်အတွင်း လောကအလုပ်များဖြင့် ကျွန်ုပ် တို့၏အင်အားများသည် လွန်စွာကုန်ခန်းမသွားလျှင် ထာဝရဘုရားသခင်သည် ငြိမ်ဝပ်စွာနေ၍ အားဖြည့်နေတော်မူသောနေ့တွင် ကျွန်ုပ်တို့သည် ကိုယ်တော် ၏အမှုတော်ကို ဆောင်ရွက်ရန် ပင်ပန်းခြင်းရှိကြမည်မဟုတ်။

ရက်သတ္တတစ်ပတ်လုံး ဥပုသ်နေ့အတွက်ပြင်ဆင်ခြင်းအမှုကိုပြုလုပ် နေကြစဉ် သောကြာနေ့သည် အထူးပြင်ဆင်ရသောနေ့ဖြစ်၏။ မောရှေအား ဖြင့် ထာဝရဘုရားက ဣသရေလလူတို့အားမိန့်တော်မူသောစကားများမှာ– "နက်ဖြန်နေ့သည် ထာဝရဘုရားရှေ့၌ သန့်ရှင်းသောဥပုသ်နေ့၊ ငြိမ်ဝပ်စွာ နေရသောနေ့ဖြစ်၏။ မုန့်ကိုပေါင်းချင်သည်အတိုင်းပေါင်းကြလော့၊ ပြုတ်ချင် သည်အတိုင်းပြုတ်ကြလော့၊ ကျန်သောအရာကို နံနက်တိုင်အောင်စောင့်၍ သိုထားကြလော့။" "လူများတို့သည်လှည့်လည်လျက် မန္နကိုစုသိမ်း၍ ဆုံ၌ ကြိတ်ခြင်း၊ ထောင်းခြင်းကိုပြုပြီးမှ အိုးနှင့်ပြုတ်ကြ၏။ မုန့်ပြားကိုလည်းလုပ် ကြ၏" ထွက်မြောက်ရာ ၁၆း၂၃။ တောလည်ရာ ၁၁း၈။ ဣသရေလလူတို့ အတွက် ကောင်းကင်ကချပေးသောစားစရာအတွက် ပြင်ဆင်ခြင်းအမှုတစ်စုံ တစ်ခုကိုပြုလုပ်ရ၏။ ထာဝရဘုရားက ဤအမှုကိုအဖိတ်နေ့တည်းဟူသော သောကြာနေ့တွင်ပြုလုပ်ရမည်ဟု သူတို့အားမိန့်တော်မူ၏။

သောကြာနေ့တွင် ဥပုသ်နေ့အတွက်ပြင်ဆင်ခြင်းအမှုအားလုံးတို့ကို အသင့်ပြီးစီးပါစေ။ အဝတ်အထည်များကို အားလုံးအသင့်ရှိစေလျက် စားသောက် စရာများကို အားလုံးဝယ်ခြမ်းပြင်ဆင်ပြီးရှိစေရမည်။ ဖိနပ်များကိုဆေးတိုက် ပြီးဖြစ်၍ ခေါင်းလျှော်ရေချိုးပြီးသားဖြစ်ရမည်။ ဤအမှုကိုပြုလုပ်နိုင်ရမည်။ သင်သည် ထိုသို့ပြုရန်ဥပဒေလုပ်ထားလျှင် ပြုလုပ်နိုင်ရမည်။ ဥပုသ်နေ့တွင် အဝတ်အထည်များကိုဖာထေးခြင်းမပြုရ၊ အစားအသောက်ကိုမချက်ရ၊ အပျော်အပါးလိုက်စားခြင်းမပြုရ၊ (သို့မဟုတ်) အခြားလောကလုပ်ငန်းကိုမဆောင်ရွက် ရ။ နေမဝင်မီလောကအလုပ်ရှိသမျှတို့ကိုပယ်ရှားထား၍ လောကနှင့်ဆိုင် သောစာပေများ၊ သတင်းစာ၊ မဂ္ဂဇင်းစသည်တို့ကို မျက်စိကွယ်ရာ၌သိမ်းထား လိုက်ပါ။ မိဘတို့၊ သင်တို့၏အမှုနှင့် ၎င်း၏ရည်ရွယ်ချက်ကို သားသမီး တို့အားရှင်းလင်းစွာဖော်ပြကြလော့။ ၎င်းပြင် ပညတ်တော်အတိုင်းဥပုသ်နေ့ အတွက်ပြင်ဆင်ခြင်းအမှုတွင် သင်တို့အားကူညီမစဖို့ သူတို့အားအခွင့်ပေးကြပါ။ ကျွန်ုပ်တို့သည် ဥပုသ်နေ့၏အစနှင့်အဆုံးတို့ကို အထူးသတိကြီးစွာနှင့် စောင့်ရှောက်သတိပြုရကြမည်။ အချိန်ရှိသမျှသည် ဆက်ကပ်ပူဇော်ထား၍ သန့်ရှင်းသောအချိန်အခါဖြစ်ကြောင်းကို သတိပြုပါ။ တတ်နိုင်သမျှအလုပ်ရှင် များသည် မိမိတို့၏အလုပ်သမားများအား သောကြာနေ့မွန်းတည့်အချိန်က ဥပုသ်နေ့စသောအချိန်အထိ အလုပ်မှနားနေခွင့်ရရှိရန်အခွင့်ပေးရမည်။ သူတို့သည် ထာဝရဘုရားသခင်၏နေ့ကို ငြိမ်သက်တည်ကြည်သောစိတ်နှင့်ကြိုဆို နိုင်ကြမည်အကြောင်း သူတို့အားပြင်ဆင်ခြင်းပြုဖို့အချိန်ပေးပါ။ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် သင်သည် လောကအရာများ၌ ဆုံးရှုံးခြင်းရှိလိမ့်မည် မဟုတ်။

အဖိတ်နေ့တွင် ဂရုစိုက်ဖို့လိုသောကိစ္စတစ်ခုရှိသေးသည်။ အိမ်ထောင် ၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ ထိုအဖိတ်နေ့၌ ညီအစ်ကိုချင်းတစ်ယောက် နှင့်တစ်ယောက် သဘောကွဲလွဲမှုရှိသမျှတို့ကို ပယ်ရှားရမည်။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ မနာလိုငြူစူခြင်းရှိသမျှတို့ကို သင်တို့၏စိတ်ဝိညာဉ်ထဲမှ

ပယ်ထုတ်လိုက်ပါ။ နှိမ့်ချသိမ်မွေ့သောစိတ်နှင့် "အချင်းချင်းတစ်ယောက်နှင့် တစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည် အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့" ယာ ၅း၁၆။၂

ကောင်းကင်ဘုံရှင်မျက်မှောက်တော်၌ သန့်ရှင်းသောဥပုသ်နေ့ကို လွန်ကျူးဖျက်ဆီးသောအမှုအရာဟု ထင်ရသောအရာတစ်စုံတစ်ခုကိုမျှ ဥပုသ် နေ့တွင်မပြော မဆိုမပြုအပ်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့တွင် ကိုယ်ကာယနှင့် ဆိုင်သောအလုပ်တို့ ကိုမပြုရဘဲနေရကြမည်သာမက စိတ်နှလုံးသည်လည်း သန့်ရှင်းသောအကြောင်းအရာ တို့၌သာ စွဲလမ်းဆင်ခြင်ဖို့ စည်းကမ်းထားပေး ရမည်။ လောကအရာတို့အကြောင်းကို ပြောဆိုဆွေးနွေးခြင်း (သို့မဟုတ်) ပေါ့ဆ၍မရေရာသောစကားများကိုပြောဆိုခြင်းဖြင့် စတုတ္ထပညတ်ကိုကျူးလွန် ဖျက်ဆီးရာရောက်၏။ မိမိတို့၏စိတ်ထဲ၌ဖြစ်ပေါ်လာသောအရာတစ်စုံတစ်ခု (သို့မဟုတ်) အရာခပ်သိမ်းအကြောင်းကို ပြောဆိုဆွေးနွေးခြင်းသည် မိမိ၏ စကားကိုပြောဆိုခြင်းဖြစ်၏။ မှန်သောအရာမှလွဲသွားခြင်းအမှုရှိသမျှသည် ကျွန်ုပ်တို့အား ချည်နှောင်ခြင်းအပြစ်ဒဏ်စီရင်ခြင်းအဖြစ်သို့ ရောက်ရှိစေ တတ်၏။၃

## ၁၉နေ၀င်ချိန်ဝတ်ပြုကိုးကွယ်ခြင်း

ဥပုသ်စောင့်သည်ဟုပြောဆိုကြသောသူအများတို့သည် ဥပုသ်နေ့ကို ရိုသေလေးစားသင့်သလောက် ရိုသေလေးစားခြင်းမရှိကြ။ ပညတ်တရား၏ အဓိပ္ပါယ်အားဖြင့်လည်းကောင်း၊ သဘောအားဖြင့်လည်းကောင်း ညီညွတ်စွာ ဥပုသ်မစောင့်သောသူတို့အားဖြင့် ထာဝရဘုရားသခင်သည် များစွာရှုတ်ချ ခြင်းခံရတော်မူပြီ။ ဥပုသ်စောင့်ခြင်းအမှုတွင် ပြန်၍ပြုပြင်ပြောင်းလဲခြင်းရှိစေရန် ဘုရားသခင်က မိန့်တော်မူပြီ။

နေမဝင်မီအိမ်ထောင်သားများတို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်ကိုဖတ်ရှုခြင်း၊ သီချင်းဆိုခြင်း၊ ဆုတောင်းခြင်းအလိုငှာ စုဝေးကြပါစေ။ ဤနေရာ၌ အများသောသူတို့သည်ပေါ့လျော့ကြသဖြင့် ပြန်၍ပြောင်းလဲဖို့လို ပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌လည်းကောင်း၊ အချင်းချင်းတို့၌ လည်းကောင်း မိမိတို့အပြစ်များကိုဖော်ပြဝန်ချရမည်။ ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူသောနေ့ကိုရိုသေလေးစားရန် အိမ်ထောင် သားတိုင်းသည် အသင့်ပြင်ခြင်းရှိမည်အကြောင်း၊ ကျွန်ုပ်တို့သည် ထူးခြား သောစီမံမှုတို့ကို အသစ်တစ်ဖန်စ၍ပြုလုပ်သင့်ကြသည်။

အိမ်ထောင်ဆုတောင်းစည်းဝေးတွင် ကလေးသူငယ်များလည်းပါဝင်ဦးဆောင်ပါစေ။ အားလုံးတို့သည် မိမိတို့၏ကျမ်းစာအုပ်ကိုယူခဲ့ကြလျက် အသီးအသီးကျမ်းချက်တစ်ချက်နှစ်ချက်ကိုဖတ်ကြပါစေ။ ထိုနောက် အားလုံး သိကျွမ်းဆိုနိုင်သောသီချင်းကိုဆိုကြပြီး ဆုတောင်းပါစေ။ ဤဆုတောင်းခြင်း အတွက် သခင်ခရစ်တော်ကနမူနာပေးခဲ့ပြီ။ ဘုရားသခင်၏ဆုတောင်းချက်ကို အမြဲသဖြင့်ထုံးစံကဲ့သို့ရွတ်ဆိုနေရုံပြုရမည်မဟုတ်။ ၎င်းသည် မည်ကဲ့သို့ ဆုတောင်းရမည်ဟု ပုံပမာပြထားခြင်းသာဖြစ်၏။ ရိုးရိုးစိတ်အားထက်သန်၍ နားလည်လွယ်သောဆုတောင်းချက်မျိုးဖြစ်ရမည်။ ရိုးရိုးတောင်းလျှောက်ခြင်း ဖြင့် သင်၌လိုသောအရာကို ထာဝရဘုရားအားပြောပြပြီး

ဘုရားသခင်၏ ကရုဏာတော်တို့အတွက် ကျေးဇူးတော်ကိုချီးမွမ်းပါ။ ထိုသို့အားဖြင့် သင်သည် သခင်ယေရှုကို မိမိ၏အိမ်ထဲ၌လည်းကောင်း၊ စိတ်နှလုံးထဲ၌လည်းကောင်း ဝမ်းမြောက်စွာစည့်ခံဖိတ်ခေါ်လေပြီ။ အိမ်ထောင်၌များစွာမသက်ဆိုင်သောအရာ တို့ကို ဖော်ပြလျက် ကြာရှည်စွာဆုတောင်းနေဖို့မသင့်။ ထိုစည်းဝေးကို အခွင့်အရေးနှင့် ကောင်းချီးမင်္ဂလာဖြစ်စေသောအရာကဲ့သို့ သဘောထားရမည့် အခါတွင် ရှည်သောဆု တောင်းချက်သည် ငြီးငွေ့ခြင်းကိုဖြစ်စေ၏။ ထိုအချိန် ကို စိတ်ဝင်စားဖွယ်၊ ပျော် မွေ့ဖွယ်ဖြစ်ပါစေ။

ဥပုသ်နေ့အဆုံးတွင် နေဝင်သွားနေစဉ် သန့်ရှင်းသောအချိန်နာရီများကုန်ဆုံး ချိန်ကို ဆုတောင်းခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းဖြင့် လက်စသတ်လျက် လာမည့်ရက်သတ္တတစ်ပတ်လုံး၏အလုပ်အကိုင်များတွင် ဘုရားသခင် အမြဲတည်ရှိ တော်မူစေရန် ဖိတ်ခေါ်ကြပါ။

ထာဝရဘုရားအဖို့ ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ရှောက်ခြင်းသည် ထာဝရ ကယ်တင်ခြင်းပင်ဖြစ်သည်ဟုဆိုလို၏။ ဘုရားသခင်က "ငါ့ကိုချီးမြှောက် သောသူတို့ ကိုငါချီးမြှောက်မည်" ဟုမိန့်တော်မူ၏။ ဓမ္မရာဇဝင်ပထမစောင် ၂း၃၀။၄

## အိမ်ထောင်တွင်အသန့်ရှင်းဆုံးအချိန်

ဥပုသ်စာဖြေကျောင်းနှင့်တရားဟောစည်းဝေးသည် ဥပုသ်နေ့တွင် အချိန်အ နည်းငယ်သာ ကြာရှည်သောအပိုင်းဖြစ်သည်။ ကျန်သောအချိန်သည် အိမ်ထောင်အဖို့ ဥပုသ်နေ့တစ်နေ့လုံးတွင် အသန့်ရှင်းဆုံးနှင့်အဖိုးတန်ဆုံး အချိန်အခါဖြစ်စေရမည်။ ထိုအချိန်များတွင် မိဘတို့သည် အများအားဖြင့် သားသမီးတို့နှင့်အတူရှိလျက် အချိန်ကိုကုန်စေအပ်သည်။ အများသော အိမ်ထောင်များတွင် ကလေးသူငယ်များကို မိမိတို့သဘောအတိုင်း ပျော်ရွှင် နိုင်သမျှပျော်ရွှင်စွာနေစေရန် ပစ်ထားတတ်ကြသည်။ ပစ်ထားလျှင် ကလေး များသည် မကြာမီအငြိမ်မနေနိုင်တော့သဖြင့် ကစားနေကြ လိမ့်မည်၊ (သို့မဟုတ်) လူအများမနှစ်သက်သောအမှုတို့ကို ပြုတတ်ကြသည်။ ထိုသို့အားဖြင့် ဥပုသ် နေ့သည် သူတို့အဖို့သန့်ရှင်းခြင်းသဘောမသက်ဝင်ချေ။

သာယာသောရာသီဥတုတွင် မိဘတို့သည် မိမိတို့၏သားသမီးများ နှင့်အတူ လယ်ပြင်နှင့်တောအုပ်ကလေးများသို့ လမ်းလျှောက်သွားကြပါစေ။

သဘာဝ၏လုပဆန်းကြယ်သောအရာများတွင်ရောက်ရှိနေရာ ဥပုသ်နေ့ကို တည်ထောင်ထားရခြင်း၏ အကြောင်းရင်းကို သူတို့အားရှင်းလင်းဖော်ပြပါ။ ဘုရားသခင်၏ဖန်ဆင်းတော်မူခြင်းလုပ်ငန်းကြီး အကြောင်းကို သူတို့အားဖော်ပြ ပါ။ မြေကြီးသည် ဘုရားသခင်၏လက်တော်မှဖြစ်ပေါ်လာသော အခါ ၎င်းသည် သန့်ရှင်း၍ လှပတင့်တယ်ကြောင်းကို သူတို့အားပြောပြပါ။ ပန်းတိုင်း၊ အပင် ငယ်တိုင်း၊ သစ်ပင်ကြီးတိုင်းသည် ဖန်ဆင်းရှင်၏ရည်ရွယ်တော်မူချက်အတိုင်း အသုံးဝင်ကြ၏။ မြင်လေသမျှသောအရာအသီးအသီးသည် လှပတင့်တယ်၍ စိတ်ထဲ၌ ဘုရားသခင်၏မေတ္တာတော် အကြောင်းဆင်ခြင်စေ၏။ သဘာဝ၏ ကြွေးကြော်သံတိုင်းသည် ဘုရားသခင်၏အလိုတော်နှင့် ညီညွတ်သောအသံ ဖြစ်၏။ ဘုရားသခင်၏စုံလင်သောလုပ်ငန်းကိုဖျက်ဆီးသောအရာသည် အပြစ် ဖြစ်၍ ဆူးပင်များ၊ ဝမ်းနည်းခြင်း၊ ဝေဒနာခံစားရခြင်းနှင့်သေရခြင်းတို့သည် ဘုရားသခင်၏ စကားတော်ကို နားမထောင်ခြင်းအမှုကြောင့် ဖြစ်ရသည်ကို ရှင်းလင်းပြပါ။ အပြစ်၏ကျိန်ခြင်း ကြောင့် ပျက်စီးယိုယွင်းနေသော်လည်း ကမ္ဘာမြေကြီးသည် ဘုရားသခင်၏ကောင်း မြတ်ခြင်း ကရုဏာတော်ကို မည်ကဲ့သို့ ဖော်ပြထင်ရှားစေလျက်ရှိနေသေးကြောင်းကို သူတို့အားသိမြင်စေရန် လမ်းညွှန် ပေးပါ။ စိမ်းလန်းသောလယ်ပြင်များ၊ မြင့်မားသောသစ်ပင်ကြီးများ၊ ဝမ်းမြောက် ဖွယ်ကောင်းသောအလင်းရောင်၊ မိုးတိမ်များ၊ နှင်းပေါက်နှင်းစက်များ၊ ညဥ့် အချိန်၏ကြည် နူးဖွယ်ကောင်းသောတိတ်ဆိတ်ခြင်း၊ ကြယ်များနှင့်ပြည့်ဝနေ သော ကောင်းကင်၏ဘုန်းတော်၊ လှပတင့်တယ်ခြင်းရှိသောလမှ စသော အရာအပေါင်းတို့သည် ဖန်ဆင်းတော်မူသောအရှင်၏အ ကြောင်းကို သက်သေခံ လျက်ရှိကြသည်။ ဘုရားသခင်၏သည်းခံခြင်းအကြောင်းနှင့်မေတ္တာတော် အကြောင်းကို သက်သေခံဖို့မဟုတ်လျှင် ကျေးဇူးကန်းသော ကျွန်ုပ်တို့၏ လောကပေါ်သို့မိုးရေတစ် စက်မျှကျလိမ့်မည်မဟုတ်၊ အလင်းရောင်တစ်ဖြာမျှ သက်ရောက်လာမည်မဟုတ်။

သူတို့အားကယ်တင်ခြင်းရရှိရာလမ်းကိုလည်းကောင်း "ဘုရားသခင် ၏သားတော်ကိုယုံ ကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီ သားတို့ကိုချစ်တော်မူသည်" ကိုလည်းကောင်း သူတို့အားပြောပြပါ။ ယောဟန် ၃း၁၆။ ဗက်လင်မြို့ အကြောင်းနှင့်ဆိုင်သော နားထောင်ဖွယ်ကောင်းသောပုံကလေးကိုပြောပြပါ။ သခင်ယေရှုသည် မိဘစကားကိုနားထောင်သော ကလေးသူငယ်ဖြစ်ကြောင်း၊ ကြီးပြင်းလာ၍ ပျိုရွယ်သောအချိန်တွင် အိမ်ထောင်ကိုထောက်ပံ့ရန် သစ္စာ နှင့်လည်းကောင်း၊ ကြိုးစားအားထုတ်ခြင်းနှင့်လည်းကောင်း ကူညီမစခဲ့ကြောင်း တို့ကို သားသမီးများအားပြောပြပါ။ ထိုသို့အားဖြင့် သခင်ယေရှုသည် ငယ်ရွယ်သူတို့၏စုံစမ်းနှောင့်ယှက်ခြင်း၊ ရှုပ်ထွေးခြင်း၊ သွေးဆောင်ခြင်း၊ မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းအကြောင်းတို့ကို သိနားလည်တော်မူသဖြင့် ကိုယ်တော်သည် သူတို့အားထောက် ထားစာနာ၍ ကူညီနိုင်တော်မူကြောင်း သူတို့အား သင်တို့သည်သွန်သင်ပေးနိုင်သည်။ သူတို့နှင့်အတူ မကြာခဏ ကျမ်းစာရာဇဝင်တွင်ပါရှိသော စိတ်ဝင်စားဖွယ်ပုံဝတ္ထုများကိုဖတ်ပြပါ။ ဥပုသ် စာဖြေကျောင်းတွင် သူတို့သည် မည်သည့်အရာကိုသင်ကြားခဲ့ရကြသည်ကို မေးမြန်း၍ နောက်ဥပုသ်နေ့အတွက်သင်ခန်းစာကို သူတို့နှင့်အတူလေ့ကျက် ဖတ်ရှုပါ။၅

ဥပုသ်နေ့တွင် အိမ်ထောင်တစ်ခုလုံးကို ဘုရားသခင်အားကြည်ညို သောစိတ်နှင့်ဆက်ကပ်ပူဇော်ရမည်။ ပညတ်တော်အတိုင်း အိမ်တံခါးအတွင်း ၌ရှိသောသူအပေါင်းသည် ဥပုသ်စောင့်ရမည်။ အိမ်ထဲတွင်ရှိသောသူအပေါင်း သည် မိမိတို့၏လောကလုပ်ငန်းကိုပယ်ရှား၍ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ် ခြင်းအမှုအားဖြင့်သန့်ရှင်းသော အချိန်ကိုအသုံးပြုရမည်။ ဘုရားသခင်၏ သန့်ရှင်းသောနေ့တွင်ဝမ်းမြောက်ရွှင်မြူးစွာကိုးကွယ်ဝတ်ပြုခြင်းအမှုအားဖြင့် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကိုချီးမြှောက်ရန် အိမ်သားအားလုံးစုရုံးကြ ပါစေ။[6]

## "လာကြ၊ ထာဝရဘုရားကိုကိုးကွယ်ကြကုန်အံ့"

သခင်ယေရှုက "အကြင်အရပ်၌လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမ ကိုထောက်၍စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာငါရှိသည်" ဟု မိန့်တော်မူပြီ။ မဿဲ ၁၈း၂၀။ ယုံကြည်သောသူနှစ်ဦးသုံးဦးရှိခဲ့လျှင် ထာဝရ ဘုရားသခင်၏ကတိတော်ကိုတောင်းခံရန် သူတို့သည် ဥပုသ်နေ့၌စုရုံးစည်းဝေး ဝတ်ပြုကြပါစေ။

အနည်းငယ်သောလူအစုအဝေးကလေးများသည် ဘုရားသခင်၏ သန့်ရှင်းသောနေ့မှာ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရန် စည်းဝေးကြလျှင် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်ထံတော်မှ များစွာသောကောင်းချီး မင်္ဂလာတို့ကို တောင်းခံပိုင်ခွင့်ရှိကြသည်။ သူတို့၏အစည်းအဝေးများတွင် သခင်ယေရှုသည် ဂုဏ်အသရေရှိသောဧည့်သည်အဖြစ် ကြွရောက်တော်မူ သည်ကို သူတို့သည်ယုံကြည် ရကြမည်။ "ငါသည် သင်တို့ကိုသန့်ရှင်းစေ သော ထာဝရဘုရားသခင်ဖြစ်ကြောင်း ကိုသင်တို့သိစေခြင်းငှာ" ဟူသော ကတိတော်ကို ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ စောင့်ရှောက်၍ မှန်ကန်စွာ ကိုးကွယ်ဝတ်ပြုသောသူတိုင်း တောင်းခံရကြမည်။
ထွက်မြောက်ရာ ၃၁း၁၃။[7]

လူ၏စိတ်ကို လောကအလုပ်အကိုင်တို့မှပြောင်းလဲစေပြီး ဘုရားသခင်၏ကောင်းမြတ်ခြင်းကရုဏာတော်နှင့် ဘုန်းတော်အကြောင်းကိုဆင်ခြင်စေရန် ပြုပြင်ပေးခြင်းဖြင့် ဥပုသ်နေ့သည် လူအဖို့ကောင်းချီးမင်္ဂလာဖြစ်စေခြင်းငှာ ၎င်းကိုလူအတွက်တည်ထောင်ထား၏။ ဘုရားသခင်၏လူများတို့သည်

ဘုရားသခင်၏အကြောင်းကိုပြောဆိုကြလျက် နှုတ်ကပတ်တော်တွင်ပါရှိသော ဖြောင့်မတ်ခြင်းတရားများအကြောင်းနှင့်စပ်ဆိုင်၍ မိမိတို့၏အကြံအစည်များ ကို ထုတ်ဖော်ဆွေးနွေးတိုင်ပင်ကြပြီး အချိန်အနည်းငယ်ကြာသင့်လျော်စွာ ဆုတောင်း ကြဖို့လိုပေသည်။ သို့ရာတွင် ဥပုသ်နေ့၌ပင် ဤအချိန်အခါမျိုးကို ကြာရှည်စွာ ပြုလုပ်ခြင်းနှင့်စိတ်ဝင်စားမှုကင်းဝေးခြင်းဖြင့် ငြီးငွေ့ပျင်းရိဖွယ်ဖြစ် အောင်မပြုလုပ် သင့်ပေ။[၈]

အသင်းတော်တွင် အသင်းအုပ်ဆရာမရှိသောအခါ စည်းဝေးကို ဦးဆောင်ရန် တစ်စုံတစ်ယောက်ကိုခန့်ထားရမည်။ သို့သော် သူသည် တရားဟောဖို့မလို (သို့မဟုတ်) အချိန်ကြာမြင့်စွာပြောဟောဖို့မသင့်၊ တို၍ စိတ်ပါဝင်စားဖွယ်ကောင်း သော ကျမ်းချက်အနည်းငယ်ကိုဖတ်ပြခြင်းသည် တရားဟောချက်ထက်သာ၍ကောင်း ပေသည်။ ထိုနောက် လူအချို့တို့ကို ဆုတောင်းစေခြင်း၊ သက်သေခံစေခြင်းကိုပြုလုပ် စေရမည်။

ဥပုသ်နေ့၌ကျင်းပရသောစည်းဝေးများကို စိတ်ပါဝင်စားဖွယ်ဖြစ် အောင် လုပ်ဖို့ လူတိုင်း၏တာဝန်ဖြစ်သည်ဟု သဘောထားရမည်။ သင်သည် စည်းဝေးကို ဝတ်ကျေရုံတက်ရမည်မဟုတ်။ အကြံအစည်တို့ကိုထုတ်ဖော်၍ အချင်းချင်းဆွေး နွေးခြင်း၊ သင်နေ့စဉ်ခံစားနေရသော ကိုယ်တွေ့အဖြစ်အပျက် တို့ကိုဖော်ပြခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သင်သည် ဘုရားသခင်ကို လည်းကောင်း၊ ဘုရားသခင် စေလွှတ်တော်မူသောသခင်ယေရှုကိုလည်းကောင်း သိကျွမ်းမည်အကြောင်း ဘုရားသ ခင်၏အလင်းတရားကို ရိုးဖြောင့်စွာအလို ဆန္ဒရှိကြောင်းပြောပြခြင်း အမှုများကိုပြုဖို့ စည်းဝေးတက်ရခြင်းဖြစ်သည်။ သခင်ခရစ်တော်အကြောင်း အတူတကွဆွေးနွေးတိုင် ပင်ခြင်းဖြင့် အသက်တာ ၏စုံစမ်းနှောင့်ယှက်ခြင်းနှင့်တိုက်လှန်ပွဲများအတွက် စိတ်ဝိညာဉ်သည် ခွန်အား နှင့်ပြည့်စုံလာလိမ့်မည်။ သင်သည် သင်ကိုယ်တိုင်ကို သာဂရုစိုက်၊ သင်ကိုယ် ကိုသာကြည့်ရှုဆင်ခြင်နေလျှင် သင်သည် ခရစ်ယာန်ဖြစ် သည်ဟု ဘယ်အခါ မျှမထင်မမှတ်နှင့်။ လူတိုင်းတို့သည် အလွန်ကြီးကျယ်သော လူ့အိမ်ထောင် ကြီးတွင်အပါအဝင်ဖြစ်၍ အသီးအသီးတို့၏ကိုယ်တွေ့အဖြစ်အ ပျက်တို့ကို မိမိအပေါင်းအဖော်တို့၏ကိုယ်တွေ့အဖြစ်အပျက်တို့နှင့် အများအားဖြင့် နှိုင်းယှဉ် စစ်ဆေးလျက် ဝေဖန်ပိုင်းခြားရမည်။[၉]

## ဥပုသ်စာဖြေကျောင်း

ဥပုသ်စာဖြေကျောင်းလုပ်ငန်း၏ရည်ရွယ်ချက်မှာ ဝိညာဉ်များကိုစုသိမ်းခြင်းဖြစ်သည်။ လုပ်ငန်းအစီအစဉ်တို့သည် အပြစ်ကင်းလျက် လိုသမျှအရာ တို့ကိုအလွယ်တကူရရှိနိုင်လိမ့်မည်။ သို့ရာတွင် ကလေးသူငယ်များနှင့် ပျိုရွယ်သူတို့ကိုသခင်ခရစ်တော်ထံမခေါ်ဆောင်ခဲ့လျှင် ဥပုသ်စာဖြေကျောင်း သည်အကျိုးမရှိ။ အကြောင်းမူကား၊ ဝိညာဉ်များကို သခင်ခရစ်တော်ထံ မဆွဲဆောင်ခဲ့လျှင် ဟန်မျှသာဖြစ်သောဘာသာတရား၏ဩဇာအားဖြင့် သူတို့ သည်မှန်သောတရား၌သာ စွဲလမ်းမှတ်သားခြင်းမရှိဘဲဖြစ်လာကြလိမ့်မည်။ သင်ကြားပြသသူသည် အကူအညီလိုသောသူတို့၏စိတ်နှလုံးတံခါးကိုဖွင့်ပေး နေစဉ် အတူတကွပူးပေါင်းဆောင်ရွက်ရမည်။ ဝိညာဉ်တော်ကတောင်းပန်နေ သည်ကို တပည့်တော်များသည်လက်ခံကြလျက် သခင်ယေရှုသည်ဝင်ရောက် လာတော်မူမည်အကြောင်း စိတ်နှလုံးတံခါးကိုဖွင့်ပေးလျှင် သူတို့သည် ဘုရားသခင်၏အကြောင်းအရာများကို သိရှိနားလည်နိုင်မည်အကြောင်း ကိုယ်တော်သည် သူတို့၏ဉာဏ်မျက်စိကိုဖွင့်ပေးတော်မူလိမ့်မည်။ သင်ကြားပြသသူ၏အလုပ်သည်လွယ်ကူ၏။ သို့ရာတွင် သခင်ယေရှု၌ရှိသောစိတ် သဘောမျိုးနှင့်ဆောင်ရွက်လျှင် ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်ခြင်းအားဖြင့် များစွာအကျိုးဖြစ်ထွန်းလိမ့်မည်။

မိဘများတို့၊ နေ့စဉ်သင်၏သားသမီးတို့နှင့်အတူ ဥပုသ်စာဖြေကျောင်းသင်ခန်းစာများကို လေ့ကျက်ဖတ်ရှုဖို့ရန် အချိန်အနည်းငယ်ကိုကန့်သတ် ထားပါ။ တတ်နိုင်လျှင် မိတ်ဆွေများထံသွားရောက်လည်ပတ်ခြင်းအမှုကို ဖျက်ပယ်၍သန့်ရှင်းသောရာဇဝင်နှင့်ဆိုင်သော အဖိုးတန်သင်ခန်းစာများကို သင်ကြားပြသပေးဖို့ရန် အချိန်ကိုကုန်လွန်ပါစေ။ မိဘများနှင့်တကွ သားသမီး တို့သည် ဤသို့သင်ခန်းစာကိုလေ့ကျက်ခြင်းဖြင့် အကျိုးခံစားရကြလိမ့်မည်။ သင်ခန်းစာနှင့်သက်ဆိုင်၍အရေးကြီးသောကျမ်းချက်များကို အလုပ်တာဝန် ကဲ့သို့သဘောမထားဘဲ အခွင့်အရေးဟုမှတ်ယူလျက် အလွတ်ကျက်ရမည်။ ပထမ၌

အလွတ်ကျက်ရာ၌မေ့တတ်သော်လည်း အမြဲလေ့ကျင့်ပေးခြင်းဖြင့် မှတ်ဉာဏ်တိုး ပွားလာသဖြင့် များမကြာမီ ဖြောင့်မတ်ခြင်းတရား၏အဖိုးထိုက် သောစကားများကို စုဆောင်းမှတ်သားခြင်းအမှု၌ သင်သည် ပျော်မွေ့လာလိမ့် မည်။ ၎င်းပြင် ဤကဲ့သို့ လေ့ကျင့်ခြင်းအမှုသည် ဘာသာတရားရေး၌တိုးတက် ကြီးပွားလာမှုတွင် အကျိုးအရှိ ဆုံးသောအကူအညီတစ်ခုဖြစ်လာလိမ့်မည်။

သင်၏အိမ်ထောင်တွင် ကျမ်းစာကိုလေ့ကျက်ဖတ်ရှုရာတွင် စည်းကမ်း စနစ်တို့ကို သေချာစွာစစ်ဆေးကြည့်ရှုပါ။ လောကမှုရေးနှင့်ဆိုင်သောအရာ တို့ကို ခေတ္တခဏဖယ်ထားပါ။ မလိုအပ်သောအဝတ်အထည်ချုပ်မှု၊ မလိုအပ် အရေးမကြီး လှသော စားစရာပြင်ဆင်မှုတို့ကိုလည်း ခဏလောက်ဖယ်ထားပြီး ဝိညာဉ်သည် အသက်မုန့်ကိုရရှိရေးအတွက် အသေအချာစီမံပြုပြင်ပေးပါ။ ဘုရားသခင်၏နှုတ်က ပတ်တော်ကို စိတ်ရွှင်လန်းစွာနှင့်ရင်းနှီးစွာဆက်ဆံလျက် နေ့စဉ်တစ်နာရီလောက်၊ နာရီဝက်လောက်လေ့လာဖတ်ရှုဆွေးနွေးတိုင်ပင်ကြ ခြင်းဖြင့် ခံစားရသောကောင်း ကျိုးကို ခန့်မှန်းချင့်ချိန်ကြည့်ခြင်းငှာ မတတ် နိုင်ပါ။ ကျမ်းစာကိုပင် အဓိပ္ပါယ် ရှင်းလင်းစေဖို့အသုံးပြုလျက် ဖော်ပြထား သောအကြောင်းအရာနှင့်သက်ဆိုင်သော ရှင်းလင်းချက်တို့ကို ဘယ်အချိန်၊ ဘယ်အခြေအနေမျိုး၌မဆို ရသောအခါတိုင်း ယူဆောင်စုဆောင်းထားကြပါ။ အိမ်၌ကျင်းပနေသောကျမ်းစာသင်တန်းကို ဧည့်သည်များအတွက်ဖြုတ်မပစ် ပါနှင့်။ ကျမ်းစာသင်နေစဉ် သူတို့ရောက်လာလျှင် သူတို့ကိုလည်းပါဝင် သင်ကြားစေရန်ဖိတ်ခေါ်ပါ။ လောကအမြတ်အစွန်း၊ ဗလာက ပျော်မွေ့ခြင်း ထက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသိကျွမ်းခြင်းပညာကိုရရှိဖို့ သာ၍ အရေးကြီးသည်ဟုထင်မှတ်ကြောင်းကို ထင်ရှားစွာပြပါ။

အချို့သောဥပုသ်စာဖြေကျောင်းများတွင် စာအုပ်ထဲမှသင်ခန်းစာများ ကိုဖတ် ပြနေသော အလေ့အကျင့်ဖြစ်နေသည်ကိုတွေ့ရသည်မှာ ဝမ်းနည်းစရာ ဖြစ်ပေသည်။ ဤကဲ့သို့မပြုရ။ အသုံးမကျသောအမှု (သို့မဟုတ်) အပြစ်နှင့် ပြည့်ဝသောအမှုတို့ ၌ပင် မကြာခဏအသုံးပြုရသောအချိန်ကို ကျမ်းစာ၌ လေ့ကျက်ဖတ်ရှုရန်အသုံး ပြုခဲ့လျှင် ဤကဲ့သို့သင်ခန်းစာကို အတန်းထဲ၌ ဖတ်ပြဖို့မလို။ ကျောင်းမှသင်ခန်း စာများထက် ဥပုသ်စာဖြေကျောင်းသင်ခန်းစာ တို့ကိုသင်ကြားပြသသူနှင့် တပည့်များတို့သည် စုံလင်စွာမလေ့ကျက်နိုင်စရာ အကြောင်းမရှိ။ ၎င်းတို့သည် သာ၍အရေးကြီးသောအကြောင်းအရာများနှင့် သက်ဆိုင်သောကြောင့် ဥပုသ်စာ ဖြေကျောင်းသင်ခန်းစာများကို

သာ၍လေ့ကျက် ဖတ်ရှုသင့်ပါသည်။ ၎င်းသင်ခန်းစာတို့ကို ဂရုမစိုက်ဘဲနေခြင်းအမှုကို ဘုရားသခင်နှစ်သက်တော်မမူ။

ဥပုသ်စာဖြေကျောင်းတွင် သင်ကြားပြသပေးရသောသူသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားအားဖြင့် စိတ်အားထက်သန်ခြင်း၊ ဝိညာဉ် ခွန်အားတိုးပွားခြင်း ရရှိလျက် နှုတ်ကပတ်တရားကိုကြားနာရုံသာမဟုတ်ဘဲ တရားအတိုင်းကျင့်သောသူဖြစ်ရမည်။ စပျစ်ပင်မှ ၎င်း၏အကိုင်းအခက်တို့ သည် အာဟာရဓာတ်ကိုရရှိသည်နည်းတူ သူတို့သည် သခင်ခရစ်တော်ထံ၌ ဝိညာဉ်အာဟာရကိုရရှိသင့်ကြသည်။ ဘုရားသခင်၏ဥယျာဉ်တော်ထဲတွင်ရှိ ပန်းများကဲ့သို့ မိမိတို့၏သရဖူများကိုပွင့်စေပြီး ကျေးဇူးတင်သောသဘောတည်း ဟူသော အမွှေးနံ့ထွက်စေသောအဖိုးတန်အပင်များကဲ့သို့ သူတို့၏စိတ်နှလုံးကို ဖြစ်စေမည်အကြောင်း ကောင်းကင်ကျေးဇူးတော်တည်းဟူသော နှင်းပေါက် တို့သည် သူတို့အပေါ်သို့ကျဆင်းလာရကြမည်။ သင်ကြားပြသပေးသူတို့ သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုးစားလေ့ကျက်ဖတ်ရှုသောသူ ဖြစ်၍ သူတို့သည် သခင်ခရစ်တော်၏ကျောင်းတွင် နေ့စဉ်သင်ခန်းစာများကို ဖတ်ရှုလေ့ကျက်လျက် ဤလောက၏အလင်းဖြစ်သောဆရာသမားကြီးထံမှ မိမိတို့ရရှိသောအလင်းကို အခြားသူတို့အားတစ်ဆင့် ဝေမျှပေးနိုင်သောသူများ ဖြစ်ကြကြောင်းကို အမြဲထင်ရှားစေရကြမည်။

ဥပုသ်စာဖြေကျောင်းအမှုဆောင်များကို တစ်ခါတစ်ခါရွေးချယ်သော အခါ၌မျက်နှာလိုက်၍ခန့်ထားခြင်းကိုမပြုအပ်ပါ။ ဘုရားသခင်ကိုချစ်၍ ကြောက်ရွံ့ရိုသေလျက် ဘုရားသခင်ကိုမိမိတို့၏တိုင်ပင်ဘက်ကဲ့သို့ သဘော ထားသောသူတို့ကိုသာ ထိုသို့သောတာဝန်ကိုလွှဲအပ်ပေးရမည်။ ၁၀

## "ဥပုသ်နေ့၌ကျေးဇူးပြုအပ်သလော"

အိမ်ထောင်၌လည်းကောင်း၊ အသင်းတော်၌လည်းကောင်း သူတစ်ပါး၏အကျိုးကျေးဇူးကိုရှာဖွေအပ်သောသဘောကို ထင်ရှားစေရမည်။ ကျွန်ုပ် တို့အားလောကအလုပ်ကိုဆောင်ရွက်ရန် ခြောက်ရက်ကိုပေးတော်မူသော အရှင်သည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူလျက်

ထိုနေ့ကိုမိမိကိုယ်တော်တိုင်အဖို့ သီးသန့်ထားတော်မူ၏။ ထိုနေ့၌ ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကိုဆက်ကပ်ပူဇော်သောသူတို့အား ဘုရားသခင် သည် ထူးခြားသောနည်းဖြင့် ကောင်းချီးပေးတော်မူလိမ့်မည်။

ကောင်းကင်တစ်ဝန်းလုံးသည် ဥပုသ်နေ့ကိုစောင့်ကြ၏။ သို့သော် ဘာမျှမလုပ်ဘဲ ပျင်းရိစွာနေကြသည်မဟုတ်။ ဤနေ့တွင် စိတ်ဝိညာဉ်၏ ခွန်အားရှိသမျှသည် ထကြွနိုးကြားရမည်။ အကြောင်းမူကား၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏သခင်ခရစ်တော်နှင့်လည်းကောင်း တွေ့ဆုံရကြမည်မဟုတ်လော။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယုံကြည်ခြင်း နှင့်ကြည့်ရှုနိုင်ကြသည်။ ဘုရားသခင်သည် ဝိညာဉ်တိုင်းအားခွန်အားကိုပေး လျက် ကောင်းချီးပေးခြင်းငှာ တောင့်တလျက်နေတော်မူ၏။၁၁

ဘုရားသခင်၏ကရုဏာတရားတော်က နာဖျားသောသူ၊ ဒုက္ခရောက် သောသူတို့ကိုစောင့်ရှောက်ပြုစုရမည်ဟု ညွှန်ကြားထား၏။ သူတို့အားသက်သာ စေဖို့ရန်ပြုလုပ်အပ်သောအမှုသည် လိုအပ်သောအရာဖြစ်၍ ဥပုသ်နေ့ကို ဖျက်ဆီးခြင်းမဟုတ်။ သို့သော် မလိုအပ်သောအလုပ်မှန်သမျှကိုရှောင်ကြဉ် အပ်သည်။ အဖိတ်နေ့တွင်ပြုနိုင်သောအမှုငယ်များကို အများသောသူတို့သည် အမှုမဲ့အမှတ်မဲ့ဥပုသ်နေ့အစပြုသောအချိန်တိုင်အောင် ရွှေ့ဆိုင်းထားတတ်ကြ သည်။ ဤကဲ့သို့မပြုသင့်။ ဂရုမစိုက်သဖြင့် ဥပုသ်အစပြုသည့်တိုင်အောင် မေ့လျော့ခဲ့သောအလုပ်တစ်စုံတစ်ခုကို ဥပုသ်နေ့မကုန်လွန်သည်တိုင်အောင် ဆက်လက်မလုပ်ဘဲရပ်ဆိုင်းထားရမည်။၁၂

ဥပုသ်နေ့၌ ထမင်းဟင်းချက်ပြုတ်မှုကိုရှောင်အပ်သော်လည်း အေးနေသောအစာကိုစားသောက်ဖို့မသင့်။ ဆောင်းဥတုတွင် အဖိတ်နေ့၌ပြင်ဆင် ချက်ပြုတ်ထားသောစားစရာတို့ကိုပြန်၍နွေးနိုင်သည်။ စားစရာတို့မှာ ရိုးရိုး ကလေးဖြစ်ရမည်။ သို့သော် အရသာရှိလျက် နှစ်သက်ဖွယ်ဖြစ်စေရမည်။ အိမ်ထောင်သားတို့နေ့တိုင်း မသုံးဆောင်ခဲ့ရသောစားစရာမျိုးကို ပျော်ပွဲစားသည့် သဘောမျိုးဖြင့် ပြင်ဆင်ပေးရမည်။

နားထောင်လိုက်နာသောသူအား ကတိထားသောကောင်းချီးမင်္ဂလာ ကိုအလိုရှိကြလျှင် ကျွန်ုပ်တို့သည်ဥပုသ်နေ့ကို သာ၍ကျပ်တည်းစွာစောင့်ရှောက် ကြရမည်။ မကြာခဏကျွန်ုပ်တို့သည် ရှောင်ကြဉ်နိုင်သော်လည်း ဥပုသ်နေ့ ၌ခရီးသွားတတ်ကြသည်။ ဥပုသ်နေ့ကိုစောင့်ရှောက်ခြင်းအကြောင်းနှင့်စပ်ဆိုင် ၍ ထာဝရဘုရားက ကျွန်ုပ်အားပေးတော်မူသောအလင်းတရားနှင့်အညီ ကျွန်ုပ် တို့သည် ဤနေ့၌ သင်္ဘောဖြင့်လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း ခရီးသွားခြင်းအမှုကို သာ၍ဂရုစိုက်ရှောင်ကြဉ်ရမည်။ ဤကိစ္စများတွင် ကျွန်ုပ်

တို့၏သားသမီးများနှင့် ပျို့ရွယ်သူတို့ရှေ့တွင် မှန်ကန်သောပုံသက်သေကိုပြရကြမည်။ ကျွန်ုပ်တို့၏အကူအညီလိုသောအသင်းတော်ကိုရောက်ရှိလျက် ဘုရားသခင်ကသူတို့အားကြားသိစေဖို့ အလိုရှိသောသတင်းစကားကိုကြားပြော ဖို့ရန် ကျွန်ုပ်တို့သည် ဥပုသ်နေ့၌သွားဖို့လိုလိမ့်မည်။ သို့ရာတွင် တတ်နိုင် လျှင်လက်မှတ်ဝယ်ခြင်း၊ ငွေအပ်သောအရာတို့ကိုစီမံခြင်းအမှုတို့ကို ဥပုသ်နေ့ မရောက်မီကကြိုတင်ပြုလုပ်ထားရမည်။ ခရီးကိုအစပြုသောအခါ၌ ဥပုသ်နေ့ တွင်ခရီးလမ်းဆုံးသို့မရောက်စေရန် တတ်နိုင်သမျှကြိုတင်စီမံရမည်။

ဥပုသ်နေ့၌ခရီးသွားစရာအကြောင်းဖြစ်ပေါ်လာလျှင် ကျွန်ုပ်တို့အား လောကအရာများဘက်သို့ဆွဲဆောင်တတ်သောလူစုကို ကျွန်ုပ်တို့ရှောင်ရကြ မည်။ ကျွန်ုပ်တို့သည် အမြဲသဖြင့် ဘုရားသခင်အပေါ်၌ စိတ်စွဲလမ်း၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရမည်။ အခွင့်သာသောအခါတိုင်း ဖြောင့်မတ် ခြင်းတရားနှင့်စပ်ဆိုင်သောစကားများကို အခြားသူတို့အားပြောပြရမည်။ ဒုက္ခ ရောက်သောသူတို့ကိုသက်သာစေလျက် အကူအညီလိုသောသူတို့ကိုမစကူညီ ရန် အမြဲသဖြင့်အသင့်ရှိရမည်။ ဤကဲ့သို့သောကိစ္စများတွင် ဘုရားသခင် ပေးတော်မူသောဉာဏ်ပညာကို ကျွန်ုပ်တို့သည်အသုံးပြုကြဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် လောကအလုပ်ကိစ္စများ အကြောင်းကိုမပြောရ၊ လောကနှင့်ဆိုင်သောစကားများကို မပြောရကြ။ အချိန် ရှိသမျှနေရာတိုင်းတွင် ဥပုသ်နေ့ကိုရိုသေစွာစောင့်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ဘက်၌ သစ္စာစောင့်ကြကြောင်းကိုပြစေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။[၇]

## ဥပုသ်နေ့၌ကျောင်းတက်ခြင်း

စတုတ္ထပညတ်ကိုလိုက်နာစောင့်ရှောက်သောသူတိုင်းသည် မိမိနှင့်လောကစပ်ကြားတွင် ခွဲခြားထားသောလမ်းကြောင်းကို ဆွဲသားထားကြောင်း တွေ့မြင်ရလိမ့်မည်။ ဥပုသ်နေ့သည် စုံစမ်းစစ်ဆေးခြင်းအမှုဖြစ်သည်။ လူတို့က စီမံသောပညတ်မဟုတ်၊ ဘုရားသခင်စီမံထားသော စုံစမ်းစစ်ဆေးခြင်းဖြစ် သည်။ ၎င်းသည် ဘုရားသခင်ကိုကိုးကွယ်သောသူတို့နှင့် မကိုးကွယ်ဘဲနေ သောသူတို့စပ်ကြားတွင် ခွဲခြားထားသောအရာဖြစ်လိမ့်မည်။ ဤအချက်ကို အမှီပြုလျက် အမှန်နှင့်အမှားစပ်ကြားတွင် ကြီးကျယ်စွာတိုက်လှန်ရသော စစ်ပွဲကြီးတစ်ခုဖြစ်ပေါ်လာလိမ့်မည်။

အချို့သောကျွန်ုပ်တို့အသင်းသားတို့သည် မိမိတို့၏သားသမီးများကို ဥပုသ်နေ့တွင် ကျောင်းတက်စေကြပြီ။ သူတို့အား ဤသို့ပြုစေရန် အတင်းအကျပ် ပြုလုပ်ခိုင်းသည်မဟုတ်ပါ။ သို့ရာတွင် ကျောင်းဆရာကြီးနှင့်အဖွဲ့ဝင်များက ခြောက်ရက်လုံးကျောင်းမတက်လျှင် သားသမီးများကိုလက်မခံဟုငြင်းပယ် ကြပြီ။ အချို့သောကျောင်းများတွင် တပည့်များသည် သင်ခန်းစာများကို သာသင်ကြားရသည်မကသေးဘဲ အလုပ်အကိုင်အမျိုးမျိုးကိုလည်း လုပ်ခိုင်းကြသည်။ ဥပုသ်စောင့်သည်ဟုဆိုကြသောသူသည် မိမိတို့၏သားသမီးများ ကို ဤကဲ့သို့သောကျောင်းများသို့ ဥပုသ်နေ့တွင်တက်စေဖို့အခွင့်ပေးကြ၏။ အချို့သောမိဘတို့က ဥပုသ်နေ့တွင်ကောင်းသောအမှု ကိုပြုလုပ်နိုင်သည်ဟု သခင်ခရစ်တော်မိန့်တော်မူသောစကားများကိုဖော်ပြလျက် မိမိတို့၏ကိစ္စကို သက်သေအထောက်အထားပြကြသည်။ သို့ရာတွင် ထိုဆင်ခြေ၊ အကြောင်း ပြချက်မျိုးအားဖြင့်ပင် မိမိတို့သည် မိမိတို့၏သားသမီးများ၏ဝမ်းစာအတွက် ဥပုသ်နေ့တွင်အလုပ်လုပ်သင့်သည်ဟု ဆင်ခြေပေးကြလိမ့်မည်။ ထိုအခါ ဤကဲ့သို့သောဆင်ခြေမျိုးကိုပေး၍မကုန်နိုင်တော့သဖြင့် မည်သည့်အရာကို ပြုလုပ်ရမည်၊ မည်သည့်အရာကိုမပြုလုပ်ရဟူ၍ ဖော်ပြရန်ခွဲခြားထားသော နယ်နိမိတ်လမ်းကြောင်းရှိတော့မည်မဟုတ်။

စတုတ္ထပညတ်ကိုမစောင့်နိုင်သောကျောင်း၌ မိမိတို့၏သားသမီးတို့ကို ထားသောညီအစ်ကိုတို့အား ဘုရားသခင်သည်နှစ်သက်တော်မူမည်မဟုတ်။ သားသမီးများအား သတ္တမနေ့တွင်ကျောင်းမတက်ဖို့အခွင့်ပေးရန် ကျောင်း ဆရာကြီးနှင့်အဖွဲ့ဝင်များနှင့်တိုင်ပင်စီမံဖို့ ကြိုးစားရမည်။ ဤကဲ့သို့စီမံလျက် နှင့်မအောင်မြင်ပါက သူတို့၏တာဝန်ကား ဒုက္ခခံလျက် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ဖို့ပင်တည်း။

ဘုရားသခင်သည် မိမိ၏ပညတ်များကိုပေးတော်မူရာ၌ အလွန်ပင် စေ့စပ်သေချာခြင်းရှိတော်မမူသဖြင့် ထိုမျှလောက်ကြီးစွာသောအရှုံးခံလျက် ဥပုသ်နေ့ကိုကျပ်တည်းစွာစောင့်ရှောက်ရန် မိမိတို့၌တာဝန်မရှိ၊ (သို့မဟုတ်) တိုင်းပြည်၏ဥပဒေများနှင့်တိုက်လှန်ရသောအခြေအနေသို့ မိမိတို့ကိုယ်တိုင် အားရောက်ရှိသွားစေလောက်အောင် ဥပုသ်နေ့ကိုစောင့်ဖို့တာဝန်မရှိဟု အချို့သောသူတို့ကတိုက်တွန်းပြောဆိုကြ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင် ၏ပညတ်တော်ကို လူတို့၏တရားဥပဒေများထက် ချီးမြှောက်ရှိသေခြင်းရှိရ ကြမည်ကိုသိရှိရန် ဤအချက်ကိုစုံစမ်းစစ်ဆေးခြင်းရောက်လာ၏။ ဤနည်း အားဖြင့် ဘုရားသခင်ကိုရိုသေချီးမြှောက်သောသူနှင့် ဘုရားသခင်ကိုရှုတ်ချ သောသူတို့ကိုခွဲခြားထားလိမ့်မည်။ ကျွန်ုပ်တို့သည်သစ္စာရှိကြောင်း ဤနည်းဖြင့် ထင်ရှားစေ၏။ အသေအချာတိကျစွာနားထောင်လိုက်နာခြင်းကို ဘုရားသခင် သည်အလိုရှိတော်မူကြောင်း၊ မိမိ၏လူများနှင့်ကာလအဆက်ဆက် ဘုရားသခင် ပြုတော်မူခဲ့သည်ကိုဖော်ပြထားသော ရာဇဝင်အားဖြင့်ဖော်ပြထား၏။

မိဘတို့သည် မိမိတို့၏သားသမီးတို့ကို လောကတွင်ပညာသင်ကြား စေဖို့အခွင့်ပြုကြလျက် ဥပုသ်နေ့ကိုရိုးရိုးနေ့များကဲ့သို့ဖြစ်စေကြလျှင် ဘုရားသခင် ၏တံဆိပ်ကိုသူတို့အပေါ်၌ ရိုက်နှိပ်မထားနိုင်ချေ။ သူတို့သည် လောကနှင့်

အတူဖျက်ဆီးခြင်းကိုခံရကြလိမ့်မည်။ ၎င်းပြင် သူတို့၏အသွေးသည် မိဘတို့၏ ခေါင်းပေါ်၌ကျရောက်လိမ့်မည်မဟုတ်လော။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်တို့ကို မိမိတို့၏သားသမီးများအား သစ္စာနှင့် သွန်သင်ပေးကြလျက် မိမိတို့၏ဩဇာအာဏာကို လိုက်နာစေကြပြီးနောက် ယုံကြည်ခြင်း၊ ဆုတောင်းခြင်းနှင့် သူတို့ကိုဘုရားသခင်၏လက်တော်သို့အပ်နှံ ကြလျှင် ကတိတော်အတိုင်းဘုရားသခင်သည် ကျွန်ုပ်တို့၏ကြိုးပမ်းမှုတွင် ဝင်ရောက်ပြီးကူညီဆောင်ရွက်တော်မူမည်။ ၎င်းပြင် အလွန်များပြားပြင်းထန် သောဆင်းရဲဒုက္ခများသည် တိုင်းပြည်၌ရောက်ရှိလာသောအခါ ကျွန်ုပ်တို့နှင့် အတူ သူတို့ကိုထာဝရဘုရား၏တဲတော်တွင် လျှို့ဝှက်သောနေရာ၌ဝှက်ထား တော်မူလိမ့်မည်။[၁၄]

## လောကရေးတို့မှနားနေရသောနေ့

မိမိ၏မရေရာသောလောကအကျိုးစီးပွားကိုရရှိစေရေးအတွက် ထာဝရတန်ခိုးရှင်အား မိမိ၏အလိုသို့လိုက်စေရန် သဘောတူညီခိုင်းဝံ့သည်မှာ သေတတ်သောလူအဖို့ အလွန်ကြီးကျယ်သောရောင့်တက်ခြင်းအမှုပင်ဖြစ်သည်။ ဥပုသ်နေ့ကို တစ်ခါတစ်ရံ လောကရေးကိစ္စအတွက်အသုံးပြုခြင်းအမှုသည် ၎င်းကိုလုံးလုံးဖျက်ဆီးခြင်းအမှုလောက်ပင် ကြီးကျယ်သောပြစ်မှုဖြစ်သည်။ အကြောင်းကား၊ ၎င်းသည် ထာဝရဘုရား၏ပညတ်တော်များကို ပေါ့ဆစွာ ထင်မှတ်ခြင်းဖြစ်သတည်း။ “သင်၏ဘုရားသခင် ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည်ဟုယုံလွယ်သဓာ ဘုရားသခင်ဖြစ်သည်” ဟု သိနာတောင် ပေါ်မှ မိုးခြိမ်းသံကဲ့သို့မိန့်တော်မူပြီ။ ထာဝရဘုရားသခင်ကိုမုန်းသောသူတို့၏ “အမျိုးအစဉ်အဆက်တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏ အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သော ဘုရားသခင်၊ ငါ့ကိုချစ်၍ ငါ့ပညတ် တို့ကိုကျင့်သောသူတို့၏အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ကရုဏာကိုပြသောဘုရားသခင်ဖြစ်၏” ဟု မိန့်တော်မူသောသခင်သည် တချို့တစ်ဝက်နားထောင်ခြင်း၊ အနည်းငယ်သာစိတ်ပါဝင်စားခြင်းကိုနှစ်သက် လက်ခံတော်မမူ။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ပစ္စည်းကိုလုယူခြင်းအမှုသည် သေးငယ်သောအမှုမဟုတ်သဖြင့် ထိုသို့သောအမှုကိုကျူးလွန်ကြောင်း ထင်ရှား သောသူသည် ကြီးစွာသောအသရေပျက်ခြင်းခံရတတ်သည်။ မိမိနှင့်စပ်ဆိုင်သောသူကိုလိမ်လည်လှည့်ဖြားတတ်သောသူသည် ကောင်းကင်ခမည်းတော်

ထံမှကောင်းချီးပေးတော်မူ၍ ထူးခြားသောရည်ရွယ်ချက်အတွက် သီးသန့်ထားတော်မူသောအချိန်ကာလကိုလုယူဖို့ရန် ရက်ကြောက်ခြင်းရှိလိမ့်မည်မဟုတ်။[၁၅]

စကားများနှင့်အကြံအစည်တို့ကိုအထူးသတိပြုရမည်။ ဥပုသ်နေ့၌အလုပ်ကိစ္စအကြောင်းဆွေးနွေး၍ စီမံကိန်းများပြုလုပ်သောသူကို အလုပ်ကိစ္စ ၌အကယ်ပင်လုပ်ဆောင်သောသူဟု ဘုရားသခင်ကထင်မှတ်တော်မူ၏။ ဥပုသ် နေ့ကိုသန့်ရှင်းစွာစောင့်ရှောက်ရန် ကျွန်ုပ်တို့သည် လောကနှင့်သက်ဆိုင်သော လူမှုရေးကိစ္စတို့အကြောင်းကိုစွဲလမ်းဆင်ခြင်၊ စဉ်းစားနေဖို့ပင်အခွင့်မပေး ရကြ။[၁၆]

ဘုရားသခင်သည်အမိန့်ပေးတော်မူသဖြင့် လူသည် ထိုအမိန့်ကို လိုက်နာရမည်ဟု ဆိုလိုတော်မူ၏။ လူသည် ၎င်းအမိန့်အတိုင်းပြုလုပ်ဖို့ လွယ်ကူသလောဟူ၍ မေးမြန်းနေတော်မမူပါ။ အသက်ကိုပေးပိုင်၍ ဘုန်း တန်ခိုးနှင့်ပြည့်စုံတော်မူသော သခင်သည် ဝမ်းနည်းစိတ်ပျက်ခြင်းနှင့်ကျွမ်းဝင် သောလူဇာတိကိုခံယူရန် မိမိ၏မြင့်မြတ်သောဂုဏ်အသရေကိုစွန့်တော်မူလျက် လူတို့အား သူတို့၏နားမထောင်ခြင်းကြောင့် ခံရသောအပြစ်မှကယ်နုတ်ရန် အရှက်ကွဲခြင်းနှင့်အသေသတ်ခြင်းအမှုကိုလက်ခံတော်မူသောအခါ၌ မိမိ၏ သက်သာမှု (သို့မဟုတ်) ပျော်ရွှင်မှုကိုရှာကြံဆွေးနွေးတော်မမူ။ သခင်ယေရှု သည် လူအား မိမိ၏အပြစ်ထဲ၌မဟုတ်ဘဲ အပြစ်မှကယ်နုတ်ရန် အသေခံ တော်မူ၏။ လူသည် မိမိ၏မှားယွင်းသောလမ်း ကိုစွန့်ပယ်၍ သခင်ခရစ်တော် ၏ပုံသက်သေကိုလိုက်လျှောက်လျက် မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းပြီးလျှင် ကိုယ်ကိုငြင်းပယ်လျက် ဒုက္ခဆင်းရဲကိုပမာဏမပြုဘဲ ဘုရားသခင်၏စကားကို နားထောင်ကာ ကိုယ်တော်၏နောက်တော်သို့လိုက်ရမည်။

လောကအမြတ်အစွန်းအတွက် ဥပုသ်နေ့၌အလုပ်လုပ်ကိုင်ခြင်းမှာ အခြေအနေကြောင့်လုပ်ရခြင်းဖြစ်သည်ဟု အကြောင်းပြခြင်းဖြင့် အပြစ်မလွတ် နိုင်။ ဘုရားသခင်သည် လူတစ်ဦးကိုအပြစ်လွတ်ခွင့်ပေးလျှင် အားလုံးကို

အပြစ်လွှတ်ခွင့်ပေးတော်မူရမည်။ တစ်စုံတစ်ဦးသည် ဆင်းရဲသဖြင့် မိမိ၏ အိမ်ထောင်ကို သာ၍ကောင်းစွာထောက်ပံ့နိုင်မည်အကြောင်း အဘယ်ကြောင့် ဥပုသ်နေ့တွင်အလုပ်မလုပ် ဘဲနေရမည်နည်း။ အခြားသူများ (သို့မဟုတ်) ကျွန်ုပ်တို့အားလုံးသည်လည်း အခွင့်သာ သောအခါ၌သာ ဥပုသ်နေ့ကိုအဘယ် ကြောင့်မစောင့်သင့်သနည်း။ သိနာတောင်ပေါ်က မိန့်တော်မူသောအသံတော် တွင် "ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင် လော့၊ သတ္တမ နေ့သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏" ဟု ဖော်ပြ ထား၏။ ထွက်မြောက်ရာ ၂၀း၉၊၁၀။

ဥပုသ်နေ့ကိုအစဉ်အမြဲသန့်ရှင်းစွာစောင့်ရှောက်လျှင် ဘုရားသခင်၏ တရားကင်း မဲ့သူ (သို့မဟုတ်) ရုပ်တုကိုးကွယ်သူဘယ်အခါမျှရှိနိုင်မည်မဟုတ်။ ဧဒင်ဥယျာဉ်၌အစပြု သောဥပုသ်နေ့ဥပဒေသည် လောကလောက်ပင်အသက် ရှည်၏။ ဖန်ဆင်းခြင်းအခါမှစ၍ ရှေးဘိုးဘေးတို့သည် ဥပုသ်နေ့ကိုစောင့်ခဲ့ ကြပြီ။ အဲဂုတ္တုပြည်၌ကျွန်ခံနေရစဉ် အလုပ်တွင် အုပ်ချုပ်သောသူတို့က အတင်း အကျပ်ဣသရေလလူတို့အား ဥပုသ်ကိုဖျက်စေသဖြင့် အများသောသူတို့သည် ၎င်း၏သန့်ရှင်းခြင်းအဖြစ်ကို မသိကြတော့ချေ။ သိနာတောင်၌ ပညတ်တော် ကိုကြွေးကြော်သောအခါ စတုတ္ထပညတ်တွင်အစပြုထားသောစကားများမှာ "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့" ဟူသော စကားများ ဖြစ်သည်။ ဥပုသ်နေ့ကို ထိုအခါကျမှတည်ထောင်သည်မဟုတ် ကြောင်းကိုပြသည်။ ဖန်ဆင်းခြင်းအခါကအစပြုခဲ့ကြောင်း ကျွန်ုပ်တို့အား ဖော်ပြထား၏။ လူတို့၏စိတ်ထဲမှ ဘုရားသခင်အကြောင်းကိုပယ်ရှားထား စေရန် စာတန်သည် ဤအထိမ်းအမှတ်ကြီး ကိုဖြိုဖျက်ဖို့ရည်ရွယ်၏။ လူသည် ဖန်ဆင်းရှင်ကိုမေ့လျော့ဖို့သွေးဆောင်၍ရနိုင်လျှင် သူတို့သည် နတ်ဆိုး၏ တန်ခိုးကိုတားဆီးရန် ကြိုးစားကြလိမ့်မည်မဟုတ်၊ ထိုအခါ စာတန်သည် မိမိအလိုရှိသောအရာကို အမုန်ဖမ်းယူနိုင်လိမ့်မည်။ PP, p. 336.

သင်၏အသက်အရှယ်အတွက် သင်သည် ပညတ်တော်ကိုနားမထောင် ခြင်းကြောင့် အပြစ်လွှတ်ခွင့်မရနိုင်။ အာဗြဟံသည် အိုမင်းသောအခါ၌ပင် ပြင်းစွာစုံစမ်း စစ်ဆေးခြင်းခံရ၏။ ထာဝရဘုရားသခင်၏အမိန့်တော်သည် အိုမင်းမစွမ်းဖြစ်သောအာဗြဟံ အတွက် အလွန်ပြင်းထန်၍ များစွာမလိုလှပု ထင်ရသော်လည်း သူသည် ပြုသင့်မပြုသင့် မေးမြန်းခြင်းမရှိ၊ (သို့မဟုတ်) လိုက်နာဖို့နှောင့်နှေးနေခြင်းမရှိချေ။ သူသည် အလွန်အို၍ အားနည်းသည့်အပြင် သူ၏အသက်တာအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သောသားကို မပူဇော်နိုင်ပါဟု သူသည်တောင်းပန်နိုင်၏။ ဤသားအကြောင်းနှင့်ပတ်သက်၍ ပေးတော်မူ သောကတိတော်နှင့် ဤအမိန့်တော်သည် ဆန့်ကျင်ဘက်ဖြစ်နေပါသည်ဟု သူသည် ထာဝရဘုရားသခင်အားသတိပေးနိုင်၏။ သို့ရာတွင် အာဗြဟံ

သည်လည်း ညည်းညူခြင်း၊ အပြစ်တင်ခြင်းမရှိဘဲ အမိန့်တော်ကိုနားထောင် ၏။ အာဖြဟံသည် ဘုရားသခင်၌နှောင့်နှေးခြင်းမရှိဘဲ လုံးလုံးယုံကြည် အားထား၏။၁၇

သခင်ယေရှု၏အမှုဆောင်များသည် ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ မစောင့်သောသူတို့အားအပြစ်ကို ဖော်ပြသွန်သင်ရကြမည်။ ဥပုသ်စောင့်သော သူများဟုခေါ်ဆိုလျက် ဥပုသ်နေ့၌ လောကနှင့်ဆိုင်သောစကားတို့ကိုပြောသော သူတို့အား သူတို့ကကြင်နာစွာနှင့်လည်းကောင်း၊ ဘုရားသခင်ကိုရှိသေခြင်း နှင့်လည်းကောင်း သွန်သင်ဆုံးမပေးရမည်။ သူတို့သည် ဘုရားသခင်၏ သန့်ရှင်းသောနေ့တွင် ဘုရားသခင်ကိုကြည်ညိုလေးစားရန် သူတို့အားတိုက်တွန်းအားပေးရကြမည်။

မည်သူမျှသန့်ရှင်းသောအချိန်ကာလကို အကျိုးမရှိသောနည်းများဖြင့် ကုန်လွန်စေဖို့အခွင့်မရှိ။ ဥပုသ်နေ့၌အများအားဖြင့် အိပ်နေခြင်းကို ဘုရားသခင် သည်နှစ်သက်တော်မမူ။ ထိုသို့ပြုခြင်းဖြင့် သူတို့သည် ဖန်ဆင်းတော်မူသော အရှင်ကိုရှုတ်ချ၏။ ၎င်းပြင် ခြောက်ရက်သည်အလွန်အဖိုးတန်၍ အိပ်စက် နားနေဖို့အခွင့်မရနိုင်ကြောင်း မိမိတို့၏ပုံသက်သေအားဖြင့်ဖော်ပြကြ၏။ သူတို့သည် အိပ်စက်နားနေချိန်ရှိရမည်ဖြစ်သော်လည်း ငွေရှာရသဖြင့် အိပ်ချိန် တွင်ကောင်းစွာ မအိပ်ခဲ့ရကြသဖြင့် သန့်ရှင်းသောနေ့တွင် အိပ်ပျက်ခဲ့သော အချိန်များအစား အတိုးချ၍အိပ်တတ်ကြ၏။ ထိုနောက်သူတို့က "ဥပုသ်နေ့ သည် ငြိမ်သက်စွာနားနေရသောနေ့ဖြစ်၍ ကျွန်ုပ်သည် အနားယူဖို့လိုသော ကြောင့် စည်းဝေးတက်နေခြင်းဖြင့် ထိုသို့အိပ်စက်နားနေရသောအချိန်ကို လက်လွှတ်မည်မဟုတ်" ဟုပြောဆိုကာ သူတို့ကဆင်ခြင်ပေးကြ၏။ ထိုသို့ ပြုခြင်းသည် ဥပုသ်နေ့ကိုအလွဲအသုံးပြုခြင်းဖြစ်၏။ အထူးသဖြင့် ထိုနေ့၌ သူတို့၏အိမ်ထောင်များကို လူအနည်းငယ်နှင့်ဖြစ်စေ၊ လူအများနှင့်ဖြစ်စေ စုရုံးလျက် ဥပုသ်စောင့်စေဖို့စိတ်ဝင်စားလာစေရန် ပြုလုပ်ပေးရကြမည်။ ဥပုသ်နေ့၌သက်ရောက်လာသော ဘုရားသခင်၏တန်ခိုးဩဇာသည် ရက်သတ္တတစ်ပတ်လုံးသူတို့နှင့်အတူရှိစေမည်အကြောင်း သူတို့သည်ဥပုသ်နေ့၌ မိမိ တို့၏အချိန်နှင့်ခွန်အားကို ဝိညာဉ်ရေးကိစ္စများ၌အသုံးပြုရကြမည်။ ရက်သတ္တ တစ်ပတ်တွင်ရှိနေ့အပေါင်းတွင် ဝတ်ပြုကိုးကွယ်လိုသောစိတ်ရှိဖို့ သင့်လျော် ဆုံးသောနေ့မှာ ဥပုသ်နေ့ပင်ဖြစ်သည်။ အခြားနေ့များတွင် ထိုနေ့လောက် အခွင့်အရေးမရနိုင်။၁၈

ဥပုသ်စောင့်ခြင်းဖြင့်ရသောကောင်းချီးများ

ဥပုသ်နေ့၌ ကောင်းကင်သားအပေါင်းတို့သည် စတုတ္ထပညတ်တော် ၏တောင်းဆိုချက်တို့ကိုဝန်ခံလျက် ဥပုသ်စောင့်သောသူတို့ကို စောင့်ကြည့် နေကြသည်ကို ကျွန်ုပ်အားဖော်ပြထား၏။ ကောင်းကင်တမန်များတို့သည် ဘုရားသခင်စီမံထားတော်မူသော ဤနေ့ကိုစိတ် ဝင်စားခြင်းရှိကြလျက် များစွာ ဂရုစိုက်ကြသည်။ စိတ်ထဲ၌ဘုရားသခင်ကို အထူးကြည်ညိုခြင်းဖြင့်ထာဝရ

ဘုရားအဖို့ မိမိတို့၏စိတ်နှလုံးကိုသန့်ရှင်းစေလျက် မိမိတို့၏စွမ်းရည်သတ္တိ ရှိသမျှ ဥပုသ်စောင့်ရာ၌ သန့်ရှင်းသောအချိန်နာရီတို့ကိုအသုံးချ၍ ဥပုသ်နေ့ကို ပျော်မွေ့ဖွယ် ရာနေ့ဟုခေါ်ခြင်းဖြင့် ဘုရားသခင်ကိုရိုသေကြသော ဤသူတို့ အား ကောင်းကင် တမန်တို့က အလင်းတရားနှင့်လည်းကောင်း၊ ကျန်းမာခြင်း နှင့်လည်းကောင်း ကောင်းချီးပေးပြီးလျှင် ထူးခြားသောခွန်အားကို သူတို့အား ပေး၏။[၁၉]

ကောင်းကင်ဘုံဘုရားသခင်၏ပညတ်အမိန့်တို့ကို ကျပ်တည်းစွာ လိုက်နာ စောင့်ရှောက်ခြင်းဖြင့် လောကနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများနှင့်တကွ ဝိညာဉ်ရေး နှင့်ဆိုင်သောကောင်းချီးများကိုလည်း ရရှိတတ်သည်။[၂၀]

ထိုသို့ပြုသောသူ၊ အမြဲစွဲလမ်းသောလူသားသည် ဥပုသ်နေ့ကိုမရှုတ်ချ၊ စောင့်ရှောက်၍ အပြစ်ကိုမပြုမည်အကြောင်း၊ မိမိလက်ကိုချုပ်တည်းလျှင် မင်္ဂလာရှိ ၏။ "ထာဝရဘုရားထံ၌အမှုစောင့်ခြင်း၊ နာမတော်ကိုချစ်ခြင်း၊ ကျွန် တော်ရင်းဖြစ် ခြင်းအလိုငှာ ထာဝရဘုရား၌မှီဝဲသော တစ်ပါးအမျိုးသားတို့ကို လည်းကောင်း၊ ဥပုသ်နေ့ကိုမရှုတ်ချ၊ စောင့်ရှောက်၍ ငါ၏ပဋိညာဉ်ကိုစွဲလမ်း သောသူအပေါင်း တို့ကိုလည်းကောင်း ငါ၏သန့်ရှင်းသောတောင်သို့ငါဆောင် ခဲ့၍ ငါ၏ဆုတောင်း ရာအိမ်၌ ဝမ်းမြောက်စေမည်။" ဟေရှာယ ၅၆း၂၊၆၊၇။[၂၀]

ကောင်းကင်နှင့်မြေကြီးသည် တည်ရှိနေသမျှကာလပတ်လုံး ဥပုသ် နေ့သည်လည်း ဖန်ဆင်းရှင်၏တန်ခိုးကိုဖော်ပြသောလက္ခဏာသက်သေအဖြစ် တည်ရှိနေလိမ့်မည်။ ၎င်းပြင် မြေကြီးပေါ်၌ ဧဒင်ဥယျာဉ်သည် ပြန်၍အသစ် တည်လာပြန်သောအခါ နေအောက်၌ရှိသမျှသောသူအပေါင်းတို့သည် ဘုရားသခင် သန့်ရှင်းသောငြိမ်ဝပ်ရာနေ့ကို ရိုသေချီးမြှောက်ကြလိမ့်မည်။ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မြေကြီးသစ်မှလူသတ္တဝါအပေါင်းတို့သည် "ငါ့ရှေ့ မှာကိုးကွယ်ခြင်းငှာ– –––ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရ ဘုရားသခင်မိန့်တော်မူ၏။"[၂၂]

–––––*****––––

(1) 6T, 349,350. (2) 6T, 353-356. (3) 2T, 703. (4) 6T, 353-359. (5) 6T, 358,359. (6) 2TT, 185. (7) 6T, 360, 361. (8) 2T, 583. (9) 6T, 361, 362. (10) 2TT, 557-566. (11) 6T, 361,362. (12) 2TT, 184,185. (13) 6T, 357-360.

14) 2TT, 180-184. (15) 4T, 249,250. (16) 2TT, 185. (17) 4T, 250-253. (18) 2T, 704. (19) 2T, 704,705. (20) PK, 546. (21) GC, 451. (22) DA, 283.

# အခန်း (၅)
# သင်ဆောင်ရွက်ရန်အလုပ်တစ်ခုကို ခန့်ထားတော်မူခြင်း

ကျွန်ုပ်တို့အသင်းတော်တွင်ပါဝင်သောယောကျ်ား၊ မိန်းမတို့သည် အမှုတော်ဆောင်ရန်စုရုံး၍ သင်းအုပ်ဆရာများနှင့်အသင်းတော်၏အမှုဆောင် လူကြီးများတို့တွင်ဝိုင်းဝန်းကူညီလျက် လုပ်ဆောင်ခြင်းမပြုလုပ်ကြသေးလျှင် ဘုရားသခင်၏အမှုတော်သည် ဤမြေကြီးပေါ်၌ ဘယ်အခါမျှမပြီးနိုင်ချေ။၁

"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ လူသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" (မာကု ၁၆း၁၅) ဟူသော စကားသည် သခင်ခရစ်တော်၏တပည့်တော်အသီးအသီးတို့အား မိန့်တော် မူသောစကားပင်ဖြစ်သည်။ သခင်ခရစ်တော်၏အသက်တာမျိုး၌အသက်ရှင် ဖို့ရန် ခန့်ထားခြင်းခံရသော သူအပေါင်းတို့သည် မိမိတို့နှင့်သက်ဆိုင်ရာလူ အချင်းချင်းတို့ကိုကယ်ဆယ်ဖို့ အမှုဆောင်ရွက်ရန်ခန့်ထားခြင်းခံရကြသည်။ ပျောက်ဆုံးသောသူတို့အားကယ်တင်ရန် ကိုယ်တော်၌တောင့်တသောစိတ်မျိုး ရှိသည်နည်းတူ သူတို့၌လည်း ထိုစိတ်သဘောမျိုးကိုထင်ရှားစေရမည်။ လူအပေါင်းတို့သည် တစ်ခုတည်းသောအလုပ်ကိုမလုပ်နိုင်ကြ၊ သို့သော် လူအပေါင်းတို့အတွက် တစ်နေရာရာတွင်အလုပ်တစ်ခုစီရှိပေသည်။ ဘုရားသခင် ၏ကောင်းချီးမင်္ဂလာသွန်းလောင်းခြင်းကို ခံယူရရှိသောသူအပေါင်းတို့သည် အကယ်ပင်အမှုဆောင်ရွက်ခြင်းဖြင့် ကျေးဇူးဆပ်ရကြမည်။ ဆုကျေးဇူးအသီး အသီးကို ဘုရားသခင်နိုင်ငံတော်တိုးတက်ကျယ်ဝန်းစေခြင်းငှာ အသုံးပြုရ ကြမည်။၂

ထိုဝိညာဉ်ကယ်ဆယ်ရေးအတွက် ဆောင်ရွက်ရသောလုပ်ငန်းတွင် တရားဟောပြောခြင်းအမှုသည် အနည်းငယ်မျှသာပါဝင်သောလုပ်ငန်းကလေး

ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်က အပြစ်သားအား ဖြောင့်မတ်ခြင်း တရားကိုသိ စေလျက် အသင်းတော်၏လက်ထဲသို့ ထိုအပြစ်သားတို့အား အပ်ပေး၏။ သင်းအုပ်ဆရာ များသည် မိမိတို့၏တာဝန်ကို ဆောင်ရွက်နိုင် ကြသော်လည်း အသင်းတော်ကပြုလုပ်အပ် သောအမှုကို သူတို့သည် ဘယ်အခါ မျှမပြုလုပ်နိုင်။ ယုံကြည်ခြင်းတရား၌လည်းကောင်း၊ ခရစ်ယာန်ဗဟုသုတ၌ လည်းကောင်း နုနယ်သေးသောသူတို့ကို အသင်းတော်ကပြုစုစောင့် ရှောက်လျက် သူတို့နှင့်အချည်းနှီးသောစကားကိုပြောဖို့မဟုတ်ဘဲ သူတို့အတွက်ဆုတောင်း ပေးရန် "ငွေအပြောက်မှာစီခြယ်သောရွှေရှောက်ချိုသီးနှင့်တူ" သောစကား များကို သူတို့ အားပြောဆိုရန် သူတို့ထံသွားရောက်လည်ပတ်စေဖို့ ဘုရားသခင် သည်အလိုရှိတော်မူ၏။၃

ရှေးဣသရေလလူမျိုးတို့ကိုခေါ်ထုတ်တော်မူသည်နည်းတူ ဘုရားသခင်သည် ယခုခေတ်ကာလ၌ မိမိ၏အသင်းတော်အား မြေကြီးပေါ်တွင် အလင်း ကဲ့သို့ရပ်တည်စေ ခြင်းငှာ ခေါ်တော်မူပြီ။ ပထမ၊ ဒုတိယနှင့်တတိယကောင်းကင် တမန်တို့၏သတင်း စကားတည်းဟူသောဖြောင့်မတ်ခြင်းတရားကို ကြီးကျယ် စွာခွဲခြားပေးသောအရာအားဖြင့် ဘုရားသခင်သည် သူတို့ကိုအသင်းတော်များ မှလည်းကောင်း၊ လောကထဲမှလည်းကောင်း ခွဲထုတ်ပြီးလျှင် မိမိကိုယ်တော် တိုင်နှင့် သန့်ရှင်းစွာနီးကပ်လာစေတော်မူပြီ။ ဘုရားသခင် သည် လူတို့အား ပညတ်တရားတော်ကို ထိန်းသိမ်းထားရာနေရာများဖြစ်စေလျက် သူတို့အား ဤခေတ်ကာလနှင့်ဆိုင်သော အနာဂတ္တိစကားတွင်ပါရှိသည့် ဖြောင့်မတ်ခြင်း တရားကြီးများကို ပေးအပ်ထားတော်မူပြီ။ ရှေးကာလရှိ ဣသရေလလူမျိုး တို့အားအပ် ပေးတော်မူသော သန့်ရှင်းသောဖော်ပြချက်ကဲ့သို့ ဤအရာတို့သည် လောကအားတစ်ဆင့် ပေးအပ်ရသော သန့်ရှင်းသောတာဝန်တစ်ခုဖြစ်သည်။

ဗျာဒိတ် ၁၄ ၏ကောင်းကင်တမန်သုံးပါးသည် ဘုရားသခင်၏သတင်း စကားနှင့် ဆိုင်သောအလင်းတရားကိုလက်ခံကြပြီး မြေကြီး၏အရပ်လေးမျက်နှာ တစ်လျှောက်လုံး သတိပေးစကားကိုကြွေးကြော်ရန် ဘုရားသခင်၏ကိုယ်စား လှယ်များအဖြစ်နှင့်ထွက်သွား ကြသောလူတစ်မျိုးကို ပုံဆောင်ထား၏။ သခင် ခရစ်တော်က "သင်တို့သည် ဤလောက ၏အလင်းဖြစ်ကြ၏" ဟု မိမိ၏ တပည့်တော်တို့အားမိန့်တော်မူခဲ့ပြီ။ မဿဲ ၅း၁၄။ သခင်ယေရှုကိုလက်ခံ သောဝိညာဉ်တိုင်းအား ကရာနိကုန်းရှိလက်ဝါးကပ်တိုင်က "ဝိညာဉ်၏တန်ဖိုး ကိုကြည့်လော့၊ သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ လူသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" (မာကု ၁၆း၁၅) ဟုပြောဆိုနေ၏။ ဤလုပ်ငန်းကို မည်သည့်အရာကမျှတားဆီးကန့်ကွက်ခြင်း ပြုဖို့အခွင့် မပေးရ။ ခေတ်ကာလအတွက် အရာခပ်သိမ်းအရေးကြီးသောအလုပ် ဖြစ်၏။ ထာဝရကာ လကဲ့သို့ ၎င်းသည် ကျယ်ပြန့်သွားရမည်။ လူတို့အား ရွေးနုတ်ရန် ကိုယ်တော်ပြုတော်မူခဲ့ သောပူဇော်ခြင်းအမှုတွင် လူတို့၏ဝိညာဉ် များအတွက် သခင်ယေရှုကထင်ရှားစေတော် မူခဲ့သောမေတ္တာတော်သည်

မိမိ၏ တပည့်တော်တို့ကို ပြုပြင်နိုးဆော်ပေးလိမ့်မည်။[၄]

သခင်ခရစ်တော်သည် မိမိအားဆက်ကပ်သောလူတိုင်းကို လက်ခံ တော်မူသည်မှာ မည်မျှဝမ်းမြောက်ဖို့ကောင်းသနည်း။ ကိုယ်တော်သည်လောက အား လူဇာတိကိုခံယူခြင်းဖြင့် ထင်ရှားစေသောမေတ္တာတော်၏နက်နဲရာများ ကို ဖော်ပြနိုင်မည်အကြောင်း ကိုယ်တော်သည် လူဇာတိနှင့်ဘုရားသခင်ဇာတိ ကိုပူးပေါင်းတော်မူ၏။ ၎င်းအကြောင်း ကိုပြော ပြလော့၊ ၎င်းအကြောင်းကို ဆုတောင်းလော့၊ ၎င်းအကြောင်းကိုသီချင်းဆိုလော့။လောကတွင် ကိုယ်တော် ၏ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်ဝစေလျက် နောင်ကာလတိုင်အောင် ဆက်လက် ပြုလုပ်ကြလော့။[၅]

## တပည့်တော်စစ်သည်ကိုယ်တော်အတွက်သက်သေခံကြမည်

သင်တို့အသီးအသီးသည် စိတ်အားထက်သန်စွာအမှုဆောင်ရွက်ကြ သော သာသနာပြုသူများဖြစ်ကြလျှင် ဤခေတ်ကာလအတွက်သတင်းစကား ကို အရပ်ရပ်တွင်ရှိ ဘာသာစကားအမျိုးမျိုးကိုပြောသော လူမျိုးရှိသမျှတို့ထံလျင်မြန်စွာကြွေးကြော်ပြီးလိမ့်မည်။[၆]

ဘုရားသခင်၏မြို့တော်ထဲသို့ဝင်လိုသောသူအပေါင်းတို့သည် မြေကြီး ပေါ်၌အသက်ရှင်နေစဉ်အခါ မိမိတို့၏အမှုကိစ္စများတွင် သခင်ခရစ်တော်ကို ပုံသက်သေထားရကြမည်။ ဤအမှုသည် သူတို့အား သခင်ခရစ်တော်၏ စေတမန်များ၊ ကိုယ်တော်၏သက်သေများအဖြစ် ထင်ရှားစေလေပြီ။ သူတို့ သည် မကောင်းသောအကျင့်ရှိသမျှ တစ်ဖက်၌ သေချာထင်ရှားစွာသက်သေခံ ဖြစ်ရကြလျက် အပြစ်သားတို့အား ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို ညွှန်ပြနေရကြမည်။ ကိုယ်တော်ကိုလက်ခံ သော သူအပေါင်းတို့အား ဘုရားသခင်၏သားများဖြစ်ရသောအခွင့်တန်ခိုးရှိသမျှကို ပေးတော်မူ၏။ အသစ်ပြုပြင်ခြင်းသည် ဘုရားသခင်၏မြို့တော်ထဲသို့ ကျွန်ုပ် တို့ဝင်ရောက်နိုင်ရန် တစ်ခုတည်းသောလမ်းဖြစ်၏။ ထိုလမ်းသည်ကျဉ်း၍ ကျွန်ုပ်တို့ဝင်ရမည့်တံခါးသည်လည်းကျဉ်း၏။ သို့သော် ထိုလမ်းအတိုင်း ကျွန်ုပ်တို့သည် ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်တို့ကိုလမ်းပြလျက် ကယ်တင်ခြင်းခံစားဖို့ရန် သူတို့၌အသစ်သောစိတ်နှလုံးနှင့် အသစ်သော သဘောရှိရမည်ဟု သူတို့အားသွန်သင်ပေးရကြမည်။ ဟောင်း၍မျိုးရိုးအလိုက် ရရှိလာသောအကျင့်တို့ကို နှိမ်နင်းပယ်ရှားရမည်။ ဇာတိပကတိ၏အလိုဆန္ဒများကိုပြောင်းလဲရမည်။ လှည့်စားခြင်း၊ မုသားသုံးခြင်း၊ မကောင်းသောစကား ကိုပြောဆိုခြင်းရှိသမျှတို့ကို ပယ်ရှားရမည်။ ယောကျ်ား၊ မိန်းမတို့အား သခင် ခရစ်တော်ကဲ့သို့ဖြစ်စေသော အသစ်သောအသက်တာ၌ကျင်လည်စေရမည်။[၇]

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့သည် မင်တက်မိနေရာမှကင်းလွတ်

လိုကြသလား။ လူသေကဲ့သို့မေ့မြောနေခြင်းနှင့်တူသောပျင်းရိခြင်းမှ သင်သည် ထကြွနိုးကြားလိုသလော။ သင်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အလုပ် လုပ်ဆောင်ရန်ထွက်သွားလော့။ ဝိညာဉ်တို့အား သခင်ယေရှုထံပို့ဆောင်၍ ဖြောင့်မတ်ခြင်းတရားကိုသိကျွမ်းနားလည်စေခြင်းငှာ မိမိကိုယ်တိုင်ကြိုးစား အားထုတ်လျက် အမှုဆောင်ရွက်လော့။ ဤကဲ့သို့သောလုပ်ငန်းတွင် သင်သည် ခွန်အားသတ္တိတို့ကိုရရှိလိမ့်မည်။ ၎င်းသည် သင့်အားထကြွနိုးကြားစေလျက် ခွန်အားနှင့်ပြည့်စုံလိမ့်မည်။ အသုံးပြုခြင်းအားဖြင့် သင်၏ဝိညာဉ်ခွန်အား များသည် သာ၍ထက်မြက်လာသဖြင့် သင်သည် သင်၏ကယ်တင်ခြင်းအတွက် သာ၍အောင်မြင်ခြင်းနှင့်ပြုလုပ်ဆောင်ရွက်နိုင်လိမ့်မည်။ သခင်ခရစ်တော်ကိုယုံကြည်သည်ဟု ဆိုနေကြသောသူအများတို့သည် လူသေကဲ့သို့ထုံထိုင်း ပျင်းရိနေကြသည်။ ထကြွနိုးကြားလာရန် တတ်နိုင်သမျှကြိုးစားအားထုတ်ပါ။ သတိပေးတောင်းပန်၍ပြစ်ကိုဖော်ပြကြလော့။ ဘုရားသခင်၏ပျော်စေသော မေတ္တာသည် ရေကဲ့သို့ခဲနေသောသဘောကိုနွေး၍ပျော်သွားစေရန်ဆုတောင်း ကြလော့။ သူတို့သည် နားမထောင်သော်လည်း သင်၏လုပ်ငန်းသည် ဆုံးရှုံး ခြင်းရှိမည်မဟုတ်။ အခြားသောသူတို့အား ကောင်းချီးပေးရန်ကြိုးစားရာ၌ သင်သည် ကောင်းချီးကိုခံစားရလိမ့်မည်။၈

မိမိတို့သည် ပညာမတတ်သောကြောင့် ထာဝရဘုရားသခင်၏အမှု တော်တွင်ဝင်ရောက်ကူညီခြင်းငှာမတတ်နိုင်ဟု မည်သူမျှမထင်မှတ်သင့်။ သင့်အားလုပ်ဆောင်စေရန်ဘုရားသခင်သည် တာဝန်တစ်ခုကိုပေးထားတော် မူပြီ။ ဘုရားသခင်သည် လူတိုင်းအားမိမိနှင့်ဆိုင်ရာလုပ်ငန်းတစ်ခုကိုပေး ထားတော်မူပြီ။ သင်ကိုယ်တိုင်သမ္မာကျမ်းစာကိုစေ့စေ့ရှာဖွေစစ်ဆေးနိုင်သည်။ "နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။" ဆာလံ ၁၁၉း၁၃၀။ သင်သည် အမှုတော်အတွက် ဆုတောင်းပေးနိုင်၏။ ရိုးသားသောစိတ်နှင့်ယုံကြည်ခြင်းအားဖြင့်ဆုတောင်း လျှောက်ကောင်းကင်ဘုံ၌ ၎င်းဆုတောင်းသံကိုနားညောင်းတော်မူမည်။ ၎င်းပြင် သင်သည်သင်၏စွမ်းအားသတ္တိအလျောက် အမှုတော်ကိုဆောင်ရွက်ရမည်။၉

လူသတ္တဝါတို့သည် မည်ကဲ့သို့ဖြစ်လာနိုင်ကြောင်းကိုလည်းကောင်း၊သူတို့၏ဩဇာတန်ခိုးလွှမ်းမိုးခြင်းဖြင့် ပျက်စီးလုနီးသောဝိညာဉ်တို့ကိုကယ်တင် ရေးတွင် လူတို့သည်မည်ကဲ့သို့ဖြစ်မြောက်စေနိုင်ကြောင်းကိုလည်းကောင်း လောကအားထင်ရှား စွာဖော်ပြနိုင်မည်အကြောင်း ကောင်းကင်သတ္တဝါတို့သည်လူသတ္တဝါတို့နှင့်အတူကူညီလုပ်ဆောင်နေကြသည်။

အရပ်ရပ်တွင်ပျံ့နှံ့နေကြလျက် လူမနေသောပင်လယ်ကမ်းခြေ၌ သင်္ဘောပျက်၍တင်နေသောသူတို့ကဲ့သို့ မိမိတို့၏အပြစ်၌ပျက်စီးဆုံးပါးနေ သော ထောင်ပေါင်းများစွာသောသူတို့အတွက် ကြိုးစားအားထုတ်လျက် သည်းခံခြင်းနှင့်အမှုတော်ဆောင်ရွက်ရန် သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကို

ခေါ်လျက်နေတော်မူ၏။ သခင်ခရစ်တော်၏ဘုန်းအသရေတော်ကို ဝေမျှခံယူ ရသော သူတို့သည် ကိုယ်တော်၏အမှုတော်ကိုလည်း ဝေမျှဆောင်ရွက်ရကြ လျက် အားနည်း ဒုက္ခရောက်၍ စိတ်ပျက်ညှိုးငယ်နေသောသူတို့ကို စောင့်ရှောက် ကူညီရကြလိမ့်မည်။^၁၀

ယုံကြည်သောသူတိုင်းသည် အသင်းတော်နှင့်လုံးလုံးစိတ်အားထက်သန် စွာဆက်သွယ်ဆောင်ရွက်ရမည်။ ၎င်း၏တိုးတက်ကြီးပွားရေးသည် သူ၏ ပထမဦးဆုံး စိတ်ဝင်စားမှုဖြစ်ရမည်။ မိမိနှင့်အသင်းတော်ဆက်သွယ်ရေးမှာ မိမိကိုယ်ကျိုးထက် ၎င်း၏အကျိုးအတွက်ရှာဖွေရန် သန့်ရှင်းသောတာဝန်ရှိ ကြောင်းကိုမသိရှိလျှင် ထိုသူမပါဘဲနေသော် သာ၍ကောင်းသေး၏။ ဘုရားသခင် ၏အမှုတော်အတွက် တစ်စုံတစ်ခုပြုလုပ်နိုင်ရန် လူအပေါင်း၌အစွမ်းသတ္တိ တစ်မျိုးစီရှိကြသည်။ မလိုလုသောအရာဝတ္ထုများအတွက် မိမိတို့၏ငွေကို များစွာသုံးဖြုန်းနေကြသောသူတို့ရှိကြသည်။ သူတို့သည် မိမိတို့၏အလိုကို ဖြေစေရန်ပြုခဲ့ကြပြီ။ သို့ရာတွင် အသင်းတော်ကိုထောက်ပံ့ရန် ငွေကြေးပေးလှူဖို့ အလွန်ပင်ကြီးကျယ်သောတာဝန်ဖြစ်သည်ဟု ထင်မှတ်တတ်ကြ သည်။ သူတို့သည် အသင်းတော်၏အခွင့်အရေးအကျိုးကျေးဇူးများခံစားဖို့ အလိုရှိကြသော်လည်း ပေးစရာရှိသောအခါ အခြားသူတို့အပေါ်၌ တာဝန် ကိုလွှဲတတ်ကြသည်။^၁၁

သခင်ခရစ်တော်၏အသင်းတော်ကို စစ်သူရဲတပ်ကြီးတစ်ခုနှင့်သင့်လျော်စွာနှိုင်းယှဉ်ထားနိုင်သည်။ စစ်သူရဲတိုင်း၏အသက်တာသည် ပင်ပန်း၊ ခက်ခဲ၍ ဘေးမကင်းပေ။ အဖက်ဖက်တွင် ဘယ်အခါမျှမအိပ်၊ ဘယ်အခါ မျှမိမိနေရာကိုမစွန့်ဘဲနေ၍ မှောင်မိုက်တန်ခိုးများကို အစိုးရသောမင်း၏ လက်အောက်၌ သတိဝီရိယရှိသောရန်သူများသည် ဝန်းရံလျက်ရှိကြ၏။ ခရစ်ယာန်တစ်စုံတစ်ယောက်သည် အကာအကွယ်မရှိသောအခါ ခွန်အားကြီး သော၍ရန်သူသည် ချက်ချင်းပြင်းထန်စွာတိုက်ခိုက်တတ်လေသည်။ အသင်းဝင်သူတို့သည် စိတ်အားထက်သန်စွာအမှုတော်ဆောင်ရွက်လျက် သတိဝီရိယ မရှိကြလျှင် သူတို့သည် သူ၏ပရိယာယ်အားဖြင့် ဆုံးရှုံးခြင်းသို့ရောက်ကြ လိမ့်မည်။

စစ်သူရဲတပ်ကြီးတွင် စစ်သူရဲထက်ဝက်သည် တာဝန်ကိုဆောင်ရွက် ရန်အမိန့်ရရှိကြသောအခါ ပျင်းရိအိပ်ပျော်နေကြလျှင် မည်ကဲ့သို့ဖြစ်မည်နည်း။ ဆုံးရှုံးပျက်စီးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်းကိုခံရကြမည်။ တစ်စုံတစ်ယောက်သည် ရန်သူ၏လက်မှထွက်ပြေးသော် သူသည်အကျိုး ခံစားရမည်ဟု ထင်ရသလော။ မခံစားရပါ။ သူသည် ချက်ချင်းပင်သေဒဏ် ကိုခံရလိမ့်မည်။ ၎င်းပြင် သခင်ခရစ်တော်၏အသင်းတော်သည် သတိမရှိ၊ သစ္စာမစောင့်ဘဲနေသော် သာ၍အရေးကြီးသောအပြစ်များကိုခံရလိမ့်မည်။ အိပ်ပျော်နေသောခရစ်ယာန်စစ်သူရဲတပ်ကြီးထက်ကြောက်စရာကောင်းသော

အရာရှိနိုင်ဦးမည်လော။ မှောင်မိုက်ကိုအစိုးရသောမင်း၏လက်အောက်သို့ ရောက်ရှိနေသော လောကကြီးတစ်ဖက်၌ မည်ကဲ့သို့ချီတက်တိုက်ခိုက်နိုင်ဦး မည်နည်း။ စစ်တိုက်ရသောနေ့၌ ပွဲတွင်စိတ်ဝင်စားခြင်းမရှိ၊ တိုက်ခိုက်ရန် တာဝန်ကိုမသိရှိသကဲ့သို့အမှုမထားသတိမမူဘဲ နောက်၌ရပ်နေသောသူတို့သည် မိမိတို့၏အခြေအနေကိုပြောင်းလဲဖို့ကောင်းသည်၊ (သို့မဟုတ်) စစ်ပွဲထဲမှ ချက်ချင်းထွက်သွားသော် သာ၍ကောင်းပေသည်။[၁၂]

## အိမ်ထောင်သားအသီးအသီးအတွက်နေရာတစ်ခုစီရှိခြင်း

ယောကျ်ားများနှင့်အတူ မိန်းမများသည် ဖြောင့်မတ်ခြင်းတရားကို အသုံးပြုနိုင်၍ ထင်ရှားစေနိုင်သောနေရာ၌ ဖြောင့်မတ်ခြင်းတရားကို ဝက်ထား ခြင်းလုပ်ငန်းကိုဆောင်ရွက် နိုင်ကြသည်။ သူတို့သည် ဤကဲ့သို့အရေးဆိုက် ရောက်ရာကာလ၌ သူတို့အစားဝင်ရောက် လုပ်ဆောင်နိုင်၍ ထာဝရဘုရားသည် သူတို့အားဖြင့် အမှုတော်ဆောင်ရွက်တော်မူမည်။ သူတို့သည် မိမိတို့၏တာဝန် ကိုသိရှိနားလည်သောစိတ်ဆန္ဒရှိ၍ ဘုရားသခင်၏ဝိညာဉ် တော်ပြုပြင်သည့် အတိုင်းဆောင်ရွက်ကြလျှင် ဤအချိန်ကာလ၌ သူတို့သည်စိတ်တည် ငြိမ်ခြင်း ရှိကြလိမ့်မည်။ သခင်ယေရှုသည် ကိုယ်ကိုကိုယ်ဆက်ကပ်စွန့်စားသောမိန်းမ များတွင် ကိုယ်တော်၏မျက်နှာတော်အလင်းကို ပြန်၍ဟပ်စေသဖြင့် သူတို့၌ ယောကျ်ား များတို့၏တန်ခိုးထက်သာလွန်သောတန်ခိုးကို ရရှိကြလိမ့်မည်။ သူတို့သည် အိမ်ထောင်များ တွင် ယောကျ်ားများမလုပ်နိုင်သောအလုပ်၊ အသက်တာ၏အတွင်းပိုင်းနေရာကို ချဉ်းကပ်နိုင် သောအလုပ်ကို လုပ်နိုင်ကြ သည်။ ယောကျ်ားများမချဉ်းကပ်နိုင်သော သူတို့၏စိတ်နှလုံး ကိုဆွဲဆောင် နိုင်အောင် သူတို့သည် ရင်းနှီးစွာချဉ်းကပ်နိုင်ကြသည်။ သူတို့၏လုပ်ငန်း သည် လိုအပ်ပေသည်။ ဆင်ခြင်ဉာဏ်ရှိလျက် နှိမ့်ချသောမိန်းမတို့သည် လူများ တို့အား သူတို့၏အိမ်များတွင် ဖြောင့်မတ်ခြင်းတရားကိုရှင်းလင်းဖော်ပြရာ၌ ကောင်းစွာဆောင်ရွက် နိုင်ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိုသို့ ရှင်းလင်းဖော်ပြခြင်းဖြင့် တဆေးကဲ့သို့တိုးပွားခြင်းအမှုကိုဖြစ်စေ၍ ၎င်း၏ ဩဇာတန်ခိုးအားဖြင့် အိမ်ထောင်တစ် ခုလုံးသည် ပြောင်းလဲခြင်းသို့ရောက် လိမ့်မည်။[၁၃]

လူအားလုံးတို့သည် တစ်စုံတစ်ခုကိုပြုလုပ်နိုင်သည်။ အချို့သော သူတို့သည် ဆင်ခြင်ပေးကြလျက် "ကျွန်ုပ်၏အိမ်ထောင်တာဝန်၊ သားသမီး တို့၏တာဝန်ကြောင့် အချိန် မရနိုင်၊ ငွေလည်းမလုံလောက်နိုင်" ဟု ပြောဆို ကြ၏။ မိဘများတို့၊ သင်တို့၏သားသမီး များသည် သင်တို့ကိုကူညီဆောင်ရွက် ပေးနိုင်သောလက်ရုံးဖြစ်ရမည်။ ၎င်းပြင်

ဘုရားသခင်အတွက်အမှုတော် ဆောင်ရွက်ခြင်းလုပ်ငန်းတွင် သင်၏ခွန်အားနှင့်စွမ်းရည်သတ္တိကို တိုးပွား များပြားလာစေလိမ့်မည်။

သားသမီးတို့သည် ထာဝရဘုရား၏အိမ်ထောင်တွင် ငယ်ရွယ်သောအိမ်ထောင်သား များဖြစ်ကြသည်။ မိမိတို့ကိုယ်ကို ဘုရားသခင် ထံဆက်ကပ်ပူဇော်စေရန် သူတို့အား လမ်းပြပေးရမည်။ သူတို့သည် ဖန်ဆင်း ခြင်းနှင့်ရွေးနုတ်ခြင်းအားဖြင့် ဘုရားသခင် ပိုင်ဆိုင်တော်မူသောအရာများဖြစ် ကြသည်။ သူတို့၏ကိုယ်၊ စိတ်နှင့်ဝိညာဉ်ခွန်အား တို့ကို ဘုရားသခင်ပိုင်ဆိုင် တော်မူကြောင်း သူတို့အားသွန်သင်ပေးရမည်။ ကိုယ်ကျိုးမရှာသောအမှုဆောင် ရွက်ခြင်းအလုပ်တွင် အမျိုးမျိုးသောကိစ္စတို့၌ကူညီနိုင် စေရန် သူတို့အားလေ့ကျင့် ပေးရမည်။ သားသမီးတို့သည် အတားအဆီးအနှောင့် အယှက်ဖြစ်စေဖို့ခွင့် မပြုရ။ သင်နှင့်အတူ သားသမီးတို့သည် ကိုယ်ကာယနှင့်ဆိုင် သောတာဝန် နှင့်တကွ ဝိညာဉ်ရေးတာဝန်တို့ကိုလည်း ပါဝင်ဆောင်ရွက်ရကြမည်။ သူတစ်ပါး ကိုမစကူညီခြင်းအားဖြင့် သူတို့သည် မိမိတို့ကိုယ်တိုင်၌ သာ၍ပျော်မွေ့ ခြင်း ရှိလျက် သာ၍အသုံးကျလာကြလေသည်။၁၄

သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့ဆောင်ရွက်ရသောအလုပ်ကို အိမ်ထောင် တွင်အစပြုရမည်။ လူငယ်တို့အား ပညာသင်ကြားပေးရေးသည် လွန်ခဲ့သောခေတ် ကာလက သွန်သင်ပေးခဲ့သောနည်းများနှင့် ခြားနားသော စနစ်မျိုးဖြစ်ရမည်။ သူတို့အတွက်ဆောင်ရွက်ရသောလုပ်ငန်းသည် အထက်က ပြုလုပ်ခဲ့ရသောတာဝန် ထက် သာ၍များပြားပေသည်။ ဤကိစ္စထက်သာ၍ အရေးကြီးသော သာသနာ လုပ်ငန်းမရှိချေ။ အကျင့်ကောင်းနှင့်ပုံသက်သေ အားဖြင့် မိဘတို့သည် မိမိတို့၏ သားသမီးများအား စိတ်နှလုံးမပြောင်းလဲ သေးသောသူတို့အတွက် အမှုတော်ဆောင် ရွက်နိုင်ရန်သွန်သင်ပေးရမည်။ သားသမီးတို့သည် အသက်ကြီးသောသူနှင့် ညှဉ်းဆဲ ခြင်းခံရသောသူတို့ကို ထောက်ထားစာနာ၍ ဆင်းရဲဒုက္ခရောက်သောသူတို့အား ဆင်းရဲခြင်းအဖြစ်မှ ကယ်တင်နိုင်ကြမည်အကြောင်းသိရှိနားလည်ရန် ပညာသင် ကြားပေးရမည်။ သာသနာပြုလုပ်ငန်းတွင် ကြိုးစားအားထုတ်မှုရှိရန် သူတို့အားသွန် သင်ရမည်။ အလွန်ငယ်ရွယ်သောအချိန်အခါမှစ၍ အခြားသူတို့၏ကောင်းကျိုးအ တွက်၊ သခင်ခရစ်တော်၏အမှုတော်တိုးတက်ကြီးပွားရေးအတွက် မိမိတို့ကိုယ်ကို ငြင်းပယ်၍ ဆက်ကပ်စွန့်စားခြင်းအမှုကို ထပ်ခါထပ်ခါသွန်သင်လမ်းပြပေး ရမည်။ သို့မှသာ သူတို့သည် ဘုရားသခင်နှင့်အတူ လုပ်ဖော်ဆောင်ဖက် များဖြစ်လာနိုင်ကြ လိမ့်မည်။၁၅

## နေရာသစ်သို့ပြောင်းရွှေ့ခြင်းဖြင့်သက်သေခံခြင်း

မိမိ၏လူများသည် တစ်နေရာရာ၌ တိုင်းနိုင်ငံတည်ထောင်နေစေဖို့၊ (သို့မဟုတ်) ကျယ်ဝန်းသောရပ်ကွက်များတွင် အတူတကွစုရုံးနေထိုင်ဖို့ ဘုရားသခင်သည် ရည်ရွယ်ထားတော်မူသည်မဟုတ်။ သခင်ခရစ်တော်၏ တပည့်တော်များသည် မြေကြီးပေါ်၌ ကိုယ်တော်၏ကိုယ်စားလှယ်များဖြစ် သဖြင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိ မြို့ကလေးမြို့ကြီး၊ တောရွာဇနပုဒ်တို့တွင် မှောင်မိုက်နေသောလောကကြီးတွင် အလင်းကဲ့သို့သူတို့သည် အနှံ့အပြားသွားလာနေထိုင်ရကြမည်ဟု ဘုရားသခင်ကစီမံထားတော်မူ၏။ သူတို့သည် မိမိတို့၏ယုံကြည်ခြင်းနှင့်လုပ်ငန်းအားဖြင့် သခင်ယေရှုကြွလာတော်မူမည့် အချိန်သည် နီးကပ်လာကြောင်းသက်သေခံကြလျက် ဘုရားသခင်အဖို့ သာသနာပြုသူများဖြစ်ရကြမည်။

သာမန်အသင်းသားရိုးရိုးတို့သည် မိမိတို့များစွာမပြုလုပ်သေးသော လုပ်ငန်းတစ်ခုကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ကြသည်။ လောကအကျိုး ကျေးဇူးအလို့ငှာသာ နေရပ်ဒေသအသစ်သို့ပြောင်းရွှေ့သွားရကြမည်မဟုတ်။ ဝမ်းရေးအတွက်လုပ်ကိုင်ဆောင်ရွက်ရန် လမ်းပွင့်သောနေရာတွင် ဖြောင့်မတ် ခြင်းတရား၌ ကောင်းစွာအခြေအမြစ်တည်ရှိသော အိမ်ထောင်များသည် တစ်နေရာ တွင်သာသနာပြုသူများအဖြစ် အမှုတော်ကိုဆောင်ရွက်ရန် တစ်အိမ်ထောင် နှစ်အိမ်ထောင်စီနေထိုင်ကြပါစေ။ သူတို့သည် ဝိညာဉ်များကိုချစ်သောစိတ်ရှိလျက် သူတို့အတွက်အမှုတော်ဆောင်ရွက်ရန် တာဝန်ရှိကြောင်းကိုသိရှိပြီး ထိုဝိညာဉ်များအား ဖြောင့်မတ်ခြင်းတရားကိုနားလည်စေရန် မည်ကဲ့သို့ပြုရ မည်ကို သေချာစွာလေ့လာဆင်ခြင်ရမည်။ သူတို့သည် ကျွန်ုပ်တို့၏စာပေ များကိုဝေငှပေးကမ်း၍ မိမိတို့၏အိမ်များတွင် စည်းဝေးများပြုလုပ်သဖြင့် အိမ်နီးချင်းတို့နှင့်မိတ်ကျွမ်းဝင်လျက် သူတို့အားစည်းဝေးများသို့ခေါ်ဖိတ်နိုင် သည်။ ထိုသို့အားဖြင့် သူတို့သည် ကောင်းသောအမှုများအားဖြင့် မိမိတို့၏ အလင်းကိုထွန်းတောက်စေနိုင်ကြသည်။

အမှုတော်ဆောင်များသာ ဘုရားသခင်ရှေ့တော်၌ရပ်နေလျက် ငိုကြွေး ညည်းတွားခြင်း၊ ဆုတောင်းခြင်း၊ မိမိတို့လူအချင်းချင်းတို့၏ကယ်တင်ခြင်း အတွက် အမှုဆောင်ရွက်လျက်နေခြင်းကိုပြုကြပါစေ။ သင်တို့သည် မညီး မနွမ်းသောပန်းဦးရစ်သရဖူကိုရခြင်းအလို့ငှာ ပြိုင်ပွဲ၌ဝင်ရောက်အပြေးပြိုင်နေ ကြပါ။ အများသောသူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ထက် လူတို့၏ ချီးမွမ်းခြင်းဂုဏ်အသရေကိုမက်မောနှစ်သက်နေကြစဉ် သင်တို့မူကား၊ နှိမ့်ချ ခြင်းနှင့်အမှုတော်ကို ဆောင်ရွက်လျက်နေကြပါ။ သင်၏အိမ်နီးချင်းတို့ကိုဘုရားသခင်၏ ကျေးဇူးတော်ပလ္လင်ရှေ့တွင်ဆက်ကပ်လျက် သူတို့၏စိတ်နှလုံး ကိုပြုပြင်ပေးတော်မူရန် တောင်းလျှောက်ခြင်းဖြင့် သင်၏ယုံကြည်ခြင်းကို အသုံးပြုပါ။ ဤနည်းအားဖြင့် အကျိုးဖြစ်ထွန်းစွာသာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။ သင်းအုပ်ဆရာ (သို့မဟုတ်) စာပေဖြန့်ချိရေးအမှုဆောင် တို့ထံမှ တရားစကားများကိုမကြားမနာရသေးသောသူအချို့ထံသို့ သင်တို့သည် ထိုနည်းအားဖြင့်ချဉ်းကပ်နိုင်ကြသည်။ အသစ်သောနေရာရပ်ကွက်များတွင် ထိုသို့အမှုဆောင်ရွက်သောသူတို့သည် လူများထံသို့ အကောင်းဆုံးနည်းဖြင့် ချဉ်းကပ်နိုင်ရန်

သိရှိနားလည်၍ အခြားသောအမှုတော်ဆောင်များအဖို့ လမ်းပွင့်သွားစေရန် ပြင်ဆင်ပေးနိုင်ကြသည်။[၁၆]

သင်၏အိမ်နီးချင်းတို့ထံသွားရောက်လည်ပတ်၍ သူတို့၏ဝိညာဉ် ကယ်တင်ရေးအတွက် စိတ်ဝင်စားကြောင်းကိုပြပါ။ ဝိညာဉ်ခွန်အားရှိသမျှကို စိတ်အားထက်သန်လာအောင် ထကြွနိုးကြားပါစေ။ သင်သွားရောက်ကြည့်ရှု သူတို့အား ခပ်သိမ်းသောအရာတို့၏အဆုံးသည် ရောက်လာလုနီးကြောင်းကို ပြောပြလော့။ သခင်ယေရှုခရစ်သည် သူတို့၏စိတ်နှလုံးတံခါးကိုဖွင့်ပေး၍သူတို့၏စိတ်ထဲ၌အမြဲစွဲလမ်းသွားအောင် ပြုပြင်တော်မူလိမ့်မည်။

နေ့စဉ်မိမိတို့၏လုပ်ငန်းများကိုဆောင်ရွက်နေစဉ်ပင် ဘုရားသခင်၏ လူများတို့သည် အခြားသောသူတို့ကို သခင်ခရစ်တော်ထံသို့ လမ်းပြနိုင်ကြ သည်။ ၎င်းပြင် ထိုသို့ပြုလုပ်နေစဉ်တွင် သခင်ယေရှုသည် မိမိတို့၏အနီး တွင်ရှိတော်မူသည်ဟူသော အဖိုးထိုက်သောကတိတော်ကိုရရှိကြလိမ့်မည်။ မိမိတို့သည် မိမိတို့၏အားနည်းသောကြိုးပမ်းမှုအပေါ်၌သာ အားကိုးနေရကြ သည်ဟု မထင်အပ်ပေ။ မှောင်မိုက်တွင်ရှန်းနေရလျက် သနားစရာကောင်း သောဝိညာဉ်များကိုအားပေးနှိုးဆော်၍ ခွန်အားအသစ်နှင့်ပြည့်စုံစေမည့်စကား များကိုပြောဆိုနိုင်စေရန် သခင်ခရစ်တော်က သူတို့အားဖော်ပြတော်မူမည်။ သခင်ယေရှု၏ကတိတော်သည် ပြည့်စုံလျက်ရှိသည်ကို သူတို့သည်သိမြင် လာကြသောအခါ သူတို့၏ယုံကြည်ခြင်းစိတ်သည် ခိုင်ခံ့တိုးပွားလာလိမ့်မည်။ သူတို့သည် အခြားသောသူတို့အတွက်သာ ကောင်းချီးတစ်ခုဖြစ်သည် သာမကသေးဘဲ သခင်ခရစ်တော်အတွက် သူတို့ပြုလုပ်သောအမှုသည် သူတို့ ကိုယ်တိုင်၌ ကောင်းချီးကိုသွန်းလောင်းချပေးလိမ့်မည်။[၁၇]

ကျမ်းစာကဖော်ပြထားသည့်အတိုင်း လူများတို့အားကျမ်းစာကိုဖတ်ပြခြင်းအားဖြင့် ကြီးစွာသောလုပ်ငန်းကြီးကိုလုပ်ဆောင်ပြီးစီးနိုင်သည်။ လူတိုင်း ထံသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုယူဆောင်သွားလျက် လူတိုင်း၏ အသိစိတ်တွင် ကျမ်းစာကထင်ရှားစွာဖော်ပြသောအရာတို့ကို စွဲလမ်းသွားအောင် တိုက်တွန်းနှိုးဆော်လျက် "ကျမ်းစာကိုစေ့စေ့ရှာဖွေကြလော့" (ယောဟန် ၅း၃၉) ဟူသော သခင်ယေရှု၏အမိန့်တော်ကို လူအပေါင်းတို့အားထပ်မံ၍ဖတ်ပြ၊ ပြောပြပါ။ ကျမ်းစာကဖော်ပြသည့်အတိုင်းလက်ခံ၍ ဘုရားသခင်ထံမှအလင်း ကိုရရှိရန်တောင်းပန်ပြီးလျှင် အလင်းထွန်းတောက်လာသောအခါ အလင်း အသီးအသီးကိုဝမ်းမြောက်စွာလက်ခံ၍ တွေ့ကြုံရမည့်အဖြစ်အပျက်၌ ရဲရင့် စွာတည်မြဲနေစေဖို့ သူတို့အား သွန်သင်ညွှန်ပြပေးလော့။[၁၈]

ကျွန်ုပ်တို့၏အသင်းဝင်သူတို့သည် ကျမ်းစာကိုဖတ်ပြ၍ စာပေကို ဖြန့်ချိဝေငှရာ၌ တစ်အိမ်တက်တစ်အိမ်ဆင်းလုပ်ငန်းကို တိုး၍ဆောင်ရွက်ရ

ကြမည်။ လူများတို့သည် ဖြောင့်မတ်ခြင်းတရားကိုကြွေးကြော်ရာ၌ ကိုယ်ကျိုးကိုမရှာဘဲဆောင်ရွက်၍ ဘုရားသခင်၏အမှုတော်ကို ငွေကြေးဖြင့်ထောက်ပံ့ခြင်းအမှုကို အခွင့်အရေးကဲ့သို့သဘောထားမှသာလျှင် ခရစ်ယာန်အကျင့်တို့ကို အချိုးအစားညီညွတ်စွာနှင့်လည်းကောင်း၊ စုံလင်စွာနှင့်လည်းကောင်း ဖြစ်ပေါ်လာနိုင်၏။ ကျွန်ုပ်တို့သည် နေ့အချိန်ရှိစဉ်တွင် မိမိတို့၏စိတ်ဝိညာဉ်ကို ဘုရားသခင်၏မေတ္တာတော်၌တည်နေစေလျက် မြစ်ရှိသမျှအနီးတွင် မျိုးစေ့ကို စိုက်ပျိုးပြီးလျှင် နောက်တစ်ဖန်မည်ကဲ့သို့သောတာဝန်ရောက်ရှိလာသည်ဖြစ်စေ ဆောင်ရွက်ရန် ထာဝရဘုရားပေးတော်မူသောကြေးငွေဘဏ္ဍာတို့ကို အသုံးပြုရကြမည်။ ကျွန်ုပ်တို့၏လက်နှင့်လုပ်စရာအလုပ်ရှိသမျှကို သစ္စာနှင့်ဆောင်ရွက်ရကြမည်။ စွန့်စားဆက်ကပ်စရာရှိလျှင် ဝမ်းမြောက်ခြင်းနှင့်ပြုရမည်။ မြစ်များအနီးတွင် စိုက်ပျိုးကြစဉ်အခါ "များစွာကြဲသောသူသည် များစွာရိတ်ရမည်" ဟု ကျွန်ုပ်တို့မှတ်ယူသိရှိရကြမည်။ ၂ကော ၉း၆။[၁၉]

## ဘာသာတရားကိုလက်တွေ့ကျင့်သုံးခြင်းအားဖြင့် ထင်ရှားစေခြင်း

ဘုရားသခင်အတွက် စိတ်အားထက်သန်စွာကြိုးစားအားထုတ်၍ ဆောင်ရွက်မှုတွင် အနည်းငယ်မျှပျက်ကွက်ခြင်းရှိလျှင် ကျွန်ုပ်တို့သည် ယုံကြည် ခြင်းရှိသည်ဟုပြောဆိုနေခြင်းမှာ မုသားပင်ဖြစ်ပေသည်။ စိတ်အားထက်သန် ခြင်းနှင့်လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဖော်ပြသောခရစ်ယာန်ဘာသာ တရားသာလျှင်လွန်ကျူးခြင်းအပြစ်များ၌ သေနေသောသူ တို့အပေါ်၌ စွဲမြဲ တည်ရှိနေလိမ့်မည်။ နှိမ့်ချ၍ယုံကြည်ခြင်းရှိလျက် ဆုတောင်းနေကြပြီး လူအပေါင်းတို့အားစုံစမ်းခြင်းဖြစ်၍ ကယ်တင်စေသောသမ္မာတရားကိုထင်ရှား စေရန် အလွန်ပင်အလိုရှိကြောင်း မိမိတို့၏အပြုအမူအားဖြင့်ဖော်ပြသော ခရစ်ယာန်သည် ဘုရားသခင်အတွက် များစွာသောဝိညာဉ်ရေးကိုရိတ်သိမ်းရ လိမ့်မည်။

ကျွန်ုပ်တို့အသင်းတော်၏ယုံကြည်ခြင်းသည် အလွန်မှေးမှိန်အားနည်း သွားစရာအကြောင်းမရှိနိုင်။ "အချုပ်ခံ၍ မျှော်လင့်သောသူတို့၊ ရဲတိုက်သို့ ပြန်လာကြလော့" ဇာခရိ ၉း၁၂။ ကျွန်ုပ်တို့အဖို့ သခင်ခရစ်တော်၌ခွန်အားရှိ၏။ ကိုယ်တော်သည် ခမည်းတော်ရှေ့၌ ကျွန်ုပ်တို့အတွက်အမှုဆောင်ရွက်

နေသောသူဖြစ်တော်မူ၏။ ကိုယ်တော်သည် မိမိ၏အလိုတော်ကို လူများတို့ အား ပြောကြားစေခြင်းငှာ မိမိ၏စေတမန်များကို မိမိ၏နိုင်ငံတော်တွင်အရပ်ရပ် သို့စေလွှတ်တော်မူ၏။ ကိုယ်တော်သည် မိမိ၏အသင်းတော်များအလယ်တွင် လျှောက်သွားတော်မူ၏။ ကိုယ်တော်သည် မိမိ၏တပည့်တော်များကိုသန့်ရှင်း စေခြင်းငှာလည်းကောင်း၊ ချီးမြှောက်စေခြင်းငှာလည်းကောင်း အလိုရှိတော် မူ၏။ ကိုယ်တော်၌အမှန်ယုံကြည်သော သူတို့၏ဩဇာတန်ခိုးသည် လောက ၌အသက်ရှင်ခြင်း၏ အမွေအကြိုင်ဖြစ်လိမ့်မည်။ ကိုယ်တော်သည်ကြယ်များကို မိမိ၏လက်ယာလက်တော်ဖြင့်ကိုင်ထားတော်မူလျက် ကိုယ်တော်၏အလင်းကို ဤအရာများအားဖြင့် လင်းစေခြင်းငှာ ရည်ရွယ်တော်မူ၏။ ထိုသို့အားဖြင့် ကိုယ်တော်သည် မိမိ၏လူများကို အထက်အရပ်ရှိအသင်းတော်တွင် သာ၍ မြင့်မြတ်သောအမှုတော်အတွက် ပြင်ဆင်ထားခြင်းငှာအလိုရှိတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အားဆောင်ရွက်ရန်ကြီးကျယ်သောအမှုတော်ကြီး ကိုပေးအပ်တော်မူ၏။ ကျွန်ုပ်တို့သည် သေချာမှန်ကန်ခြင်း၊ စိတ်ပြင်္ဂာန်းခြင်း နှင့်ဆောင်ရွက်ကြစို့။ ကျွန်ုပ်တို့၏အသက်တာ၌ ဖြောင့်မတ်ခြင်းတရားသည် ကျွန်ုပ်တို့အားမည်ကဲ့သို့ပြုပြင်ပေးခဲ့ပြီဖြစ်ကြောင်း ထင်ရှားစွာဖော်ပြကြစို့။

ယခုတည်ရှိနေသောနေရာ၌ ဖြစ်ပေါ်လာသောသာသနာလုပ်ငန်းများ ကိုဖြစ်မြောက်စေရန် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း၊ ကိုယ်ကိုဆက်ကပ်ပူဇော် ခြင်းအမှုများ၊ မဆုတ်မလျော့သောအင်အားသတ္တိနှင့် များစွာဆုတောင်းခြင်း အမှုများကိုလိုပေသည်။ ယခုသာသနာလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော သူအချို့တို့က ဤသတင်းစကားကိုကြားပြောစဉ်အခါကာလက ကြုံတွေ့ရ ကြသောခေါင်းဆောင်များကဲ့သို့ ယခုခေတ်တွင် ထိုမျှလောက်ကြီးကျယ်သော ကိုယ်ကိုငြင်းပယ်ခြင်းအမှုနှင့် ကြိုးစားအားထုတ်မှု၊ ထိုမျှလောက်ခက်ခဲ မနှစ်သက်ဖွယ်ဖြစ်သောအလုပ်ကိုမလိုဟူ၍လည်းကောင်း၊ အချိန်ကာလသည် ပြောင်းလဲသွားပြီဟူ၍လည်းကောင်း၊ ဘုရားသခင်၏ အမှုတော်အတွက် ယခု ကြေးငွေ၊ ဥစ္စာဘဏ္ဍာမှစ၍ ပိုမိုများပြားစွာရှိနေသဖြင့် သတင်းစကားပေါ်လာ စအခါက အများသောသူတို့ကြုံတွေ့ရကြသော ထိုမျှလောက် စုံစမ်းနှောင့်ယှက် ခြင်းများသောအခြေအနေတို့ကို သူတို့သည် ကြုံကြိုက်ဖို့မလို ဟူ၍လည်းကောင်း ထင်မှတ်ကြလျက် အဆုံးတိုင်အကျိုးဖြစ်ထွန်းအောင် ကြံစည်ပြုလုပ်ခြင်းငှာ ကြိုးစားအားထုတ်မှုမရှိဘဲ ဖြစ်သမျှနှင့်ရောင့်ရဲတင်းတိမ်နေကြမည်ကို စိုးရိမ် စရာအကြောင်းရှိပေသည်။

သို့ရာတွင် အစအဦးကကဲ့သို့ပင် ယခုအခြေအနေ၌ရှိသော လုပ်ငန်းတွင် အလားတူကြိုးစားအားထုတ်မှုနှင့် ကိုယ်ကိုဆက်ကပ်စွန့်စားမှု တို့ကိုထင်ရှားစေကြလျှင် ယခုဖြစ်ခဲ့သည်ထက် အဆတစ်ရာမက သာ၍ ဖြစ်မြောက်လိမ့်မည်ကို ကျွန်ုပ်တို့တွေ့မြင်ရကြလိမ့်မည်။၂၀

ကျွန်ုပ်တို့ဝန်ခံပြောဆိုနေကြသောအရာသည် အလွန်မြင့်မြတ်သော အရာဖြစ်ပေသည်။ ဥပုသ်စောင့်လျက် ကြွလာတော်မူခြင်းကို မျှော်လင့်နေ ကြသောသူများဖြစ်ကြသည်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ် တော်အားလုံးကို လိုက်နာစောင့်ရှောက်၍ ကျွန်ုပ်တို့၏သခင်ယေရှုကြွလာ တော်မူခြင်းကို မျှော်လင့်နေကြသည်။ သစ္စာရှိသောဘုရားသခင့်လူအနည်းငယ် တို့၏လက်ထဲတွင် သတိပေးစကားနှင့်ဆိုင်၍ အလွန်ကြည်ညိုလေးစားသင့် သောသတင်းစကားကို အပ်ပေးတော်မူခဲ့ပြီ။ ကျွန်ုပ်တို့သည် မိမိတို့၏အပြော အဆိုနှင့်အလုပ်အကိုင်အပြုအမူတို့အားဖြင့် မိမိတို့အပေါ်၌ချပေးထားသော တာဝန်ကြီးကို ကောင်းစွာသိရှိနားလည်ကြောင်း ကျွန်ုပ်တို့ပြရကြမည်။ ကျွန်ုပ် တို့သည် မိမိတို့၏နေ့စဉ်အသက်တာတွင် ခမည်းတော်၏ဘုန်းတော်ကိုထင်ရှား စေကြသည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ကြီးစွာသောဘုန်းတန်ခိုးနှင့် ပေါ်ထွန်းတော်မူသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တူကြမည်အကြောင်း၊ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်ဆက်သွယ်နေကြလျက် သခင်ယေရှုခရစ်နှင့် အတူ အမွေတော်ကိုပါဝင်ခံစားရကြမည့်လူများဖြစ်ကြသည်ကိုလည်းကောင်း အခြားသောသူတို့သည် သိမြင်ကြမည်အကြောင်း ကျွန်ုပ်တို့သည် မိမိတို့၏ အလင်းကို ထင်ရှားစွာလင်းစေရကြမည်။၂၁

-----*****----

(1) 9T, 117; (2) 8T, 16; (3) 4T, 69; (4) 5T, 455,456: (5) 9T, 30; (6) 6T, 438; (7) 9T, 23; (8) 5T, 387; (9) 6T, 433; (10) 9T, 30,31; (11) 4T, 18; (12) 5T, 394; (13) 9T, 128,129; (14) 7T, 63; (15) 6T, 429; (16) 8T, 244,245; (17) 9T, 38, 39; (18) 5T, 388; (19) 9T, 127; (20) 6T, 417-419; (21) 4T, 16.

## အခန်း (၆)
## အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကို စေလွှတ်တော်မူပါ

သူခိုးသည် ညဥ့်အခါတိတ်ဆိတ်စွာလာသကဲ့သို့ အဆုံးကာလသည် လျှို့ ဝှက်စွာမသိမမြင်ရဘဲ ကျွန်ုပ်တို့အပေါ်သို့ရောက်လာလုနီးပြီ။ အခြားသူတို့ သည် အိပ်ပျော်နေသကဲ့သို့ ကျွန်ုပ်တို့သည်မအိပ်ဘဲစောင့်လျက် တည်ကြည် စွာနေကြ မည်အကြောင်း ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ကိုစောင့်ရှောက် တော်မူပါစေ။ ဖြောင့်မတ်ခြင်းတရားသည် မကြာမီဘုန်းတန်ခိုးကြီးစွာနှင့် အောင်မြင်၍ ဘုရားသခင် နှင့်အတူ လုပ်ဖော်ဆောင်ဖက်ဖြစ်သောသူအပေါင်း တို့သည်လည်း ဖြောင့်မတ်ခြင်း တရားနှင့်အတူအောင်မြင်ကြလိမ့်မည်။ အချိန် ကာလသည်တိုတောင်း၏။ လူတို့အ လုပ်မလုပ်နိုင်သောညဥ့်အချိန် မကြာမီ ရောက်လာတော့မည်။ ခေတ်ကာလနှင့် ဆိုင်သော ဖြောင့်မတ်ခြင်းတရား၏ အလင်းတွင် ဝမ်းမြောက်လျက်ရှိကြသောသူတို့၊ ယခုဖြောင့်မတ်ခြင်းတရားကို အခြားသောသူအားဝေငှခြင်းငှာ အလျင်အမြန်ပြုကြ လော့။ ထာဝရဘုရားသခင်က "မည်သူကိုစေလွှတ်ရမည်နည်း" ဟု မေးမြန်းတော်မူ လျက်ရှိ၏။ ဖြောင့်မတ် ခြင်းတရားအတွက် ဆပ်ကပ်ပူဇော်လိုသောသူတို့က "အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟု ယခုပြန်ပြောရကြမည်။

ကျွန်ုပ်တို့သည် မိမိတို့၏အိမ်နီးချင်းများနှင့်မိတ်ဆွေများထဲတွင် ဆောင်ရွက် ဖို့ရန် ဘုရားသခင်အလိုရှိတော်မူသော ဧဝံဂေလိအမှုဆောင် လုပ်ငန်းတွင်အနည်းငယ် လောက်သာပြုလုပ်ပြီးစီးခဲ့ကြပါသေးသည်။ ကျွန်ုပ်တို့ တိုင်းပြည်ရှိမြို့ကြီးတိုင်းတွင် ဖြောင့်မတ်ခြင်းတရားကိုမသိသေးသောသူများရှိ ကြသည်။ ၎င်းပြင်ပင်လယ်ရပ်ခြားရှိ အလွန်ကျယ်ပြန့်သောလောကကြီး တွင် ကျွန်ုပ်တို့သည် မြေကြီးကိုထွန်ယက်၍ မျိုးစေ့ကိုကြဲပေးဖို့ နေရာသစ် များစွာရှိသေး၏။

ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်းကာလနှင့်အလွန်နီးကပ်နေကြပြီ။ ၎င်းပြင် မထင်မမှတ်သောရှုပ်ထွေးခြင်းအမှုများသည် ကျွန်ုပ်တို့၏ရှေ့၌ရှိနေ

ကြပြီ။ အောက်အရပ်မှတန်ခိုးအာဏာတစ်ခုသည် လူတို့အားကောင်းကင်နှင့် စစ်တိုက်ရန် လမ်းပြလျက်ရှိ၏။ လူသတ္တဝါတို့သည် ဘုရားသခင်၏ပညတ် တရားတော်ကိုဖျက်ဆီးရန် စာတန်၏ကိုယ်စားလှယ်များနှင့်အပေါင်းအသင်း ဖွဲ့ကြပြီ။ လောကသားတို့သည် နောဧ လက်ထက်၌ရေလွှမ်းမိုးခြင်းအားဖြင့် ပယ်ဖျက်ခြင်းခံရသောလူများကဲ့သို့လည်းကောင်း၊ ကောင်းကင်မှမီးအားဖြင့် လောင်ကျွမ်းခြင်းခံရသည့် သောဒုံမြို့သားတို့ကဲ့သို့လည်းကောင်း လျင်မြန်စွာ ဖြစ်လာကြလေပြီ။ စာတန်၏တန်ခိုးများသည် ထာဝရကာလအကယ်ပင်တည်ရှိမည့်အရာများမှ လူတို့၏စိတ်ကိုလွှဲဖယ်သွားစေရန် ကြံစည်ပြုလုပ်လျက်ရှိကြ သည်။ ရန်သူသည် မိမိ၏ရည်ရွယ်ချက်များနှင့်ကိုက်ညီစေရန် အရာဝတ္ထု များကိုစီမံဖန်တီးထားလေပြီ။ လောကအလုပ်အကိုင်၊ အားကစားမှု၊ ခေတ်ဆန် မှုမှစသော ဤအရာတို့သည် ယောကျ်ား၊ မိန်းမတို့စိတ်တွင်ပြည့်လျက်ရှိကြ ပြီ။ အပျော်အပါးများ၌ပျော်မွေ့ခြင်းနှင့် အကျိုးမရှိသောစာပေများကိုဖတ်ခြင်း အမှုတို့သည် ဝေဖန်ပိုင်းခြားတတ်သောဥာဏ်ကိုဖျက်ဆီးလေပြီ။ ထာဝရ ပျက်စီးခြင်းသို့ညွှန်သောကျယ်သောလမ်းတွင် လူပေါင်းများစွာလျှောက်သွား နေကြသည်။ ရာဇဝတ်မှုအမျိုးမျိုး၊ အပျော်အပါးပျော်မွေ့ခြင်းအမျိုးမျိုး၊ သေရည်သေရက်သောက်စားယစ်မူးခြင်းတို့ဖြင့်ပြည့်ဝနေသောလောကသည် အသင်းတော်ကိုပြောင်းလဲသွားစေလျက်ရှိ၏။ ဘုရားသခင်၏ပညတ်တော် တည်းဟူသောဖြောင့်မတ်ခြင်းအတွက် ဘုရားသခင်ထားတော်မူသောစံနမူနာ ကိုကား အကျိုးမရှိသောအရာကဲ့သို့ထင်မှတ်ကြပြီ။၂

အဆုံးကာလနှင့်ဆိုင်သော အနာဂတ္တိစကားများအကြောင်းနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကိုမပြောမီ ထိုစကားများပြည့်စုံလာသည်တိုင် အောင် စောင့်ဆိုင်းနေရကြဦးမည်လော။ ထိုအခါ ကျွန်ုပ်တို့၏စကားများ သည် အဖိုးတန်ဦးမည်လော။ ဘုရားသခင်၏တရားစီရင်ခြင်းအမှုမှ မည်ကဲ့သို့ ကင်းလွတ်ဖို့ရန် အပြစ်ကျူးလွန်သူအား ကျွန်ုပ်တို့ကပြောမပြမီ ထိုကျူးလွန် သူအပေါ်၌ ဘုရားသခင်ကတရားစီရင်တော်မူသောအချိန်တိုင်အောင် ကျွန်ုပ် တို့သည်စောင့်ဆိုင်းနေရကြမည်လော။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အဘယ်မှာရှိသနည်း။ ဘုရားသခင်မိန့်တော်မူခဲ့ပြီးသောအရာများကို ကျွန်ုပ်တို့သည်မယုံကြည်သေးမီကပင် ကြိုတင်ဟော ပြောထားတော်မူသောအရာများဖြစ်ပေါ်လာသည်ကို ကျွန်ုပ်တို့မြင်ရကြမည် လော။ ထင်ရှားကွဲပြားသောအလင်းများတွင် အလင်းတရားသည် ကျွန်ုပ်တို့ ထံသို့ရောက်ရှိလာလျက် ထာဝရဘုရား၏နေ့ရက်ကြီးသည် တံခါးဝတိုင်အောင် ရောက်လုနီးနေသည်ကို ကျွန်ုပ်တို့အား ဖော်ပြလျက်ရှိ၏။ အလွန်နောက်မကျမီ ကျွန်ုပ်တို့သည် ၎င်းအကြောင်းကိုဖတ်ရှုနားလည်ကြစို့။၃

## သင်၏စွမ်းရည်သတ္တိသည်လိုသောအရာနှင့်သင့်လျော်ရမည်

ထာဝရဘုရားသခင်သည် မိမိ၏ကြီးကျယ်သောစီမံကိန်းကြီးတွင် လူတိုင်းတို့အဖို့ လုပ်စရာနေရာတစ်ခုစီကို စီမံခန့်ထားတော်မူပြီ။ စွမ်းရည်သတ္တိ

သည် သေးနုပ်သည်ဟုဆိုကြစို့။ ဘုရားသခင်သည် ထိုမျှလောက်သော စွမ်းရည်သတ္တိအတွက်ပင် အလုပ်လုပ်ဖို့နေရာတစ်ခုကိုစီမံတော်မူပြီ။ ၎င်းပြင် ထိုတစ်ခုတည်းသောစွမ်းရည်သတ္တိပင်ဖြစ်စေကာမူ ၎င်းကိုသစ္စာနှင့်အသုံးပြုလျှင် လုပ်ဆောင်ရန်ဘုရားသခင်ခွဲခန့်ထားသောအလုပ်ကိုပင် ပြီးမြောက်အောင် ပြုလုပ်နိုင်လိမ့်မည်။ မရေရာသောတဲအိမ်များနှင့်နေသောသူတို့၏စွမ်းရည်သတ္တိတို့ကို တစ်အိမ်တက်တစ်အိမ်ဆင်းလုပ်ငန်းတွင်အလိုရှိလျက် ဤလုပ်ငန်းတွင် ထူးချွန်သောသတ္တိများရှိသူတို့ထက် သာ၍ပြီးမြောက်အောင်ဆောင်ရွက်နိုင် လိမ့်မည်။[၆]

လူများတို့သည် ဘုရားသခင်ညွှန်ကြားလမ်းပြသည့်အတိုင်း မိမိတို့၏ ခွန်အားသတ္တိတို့ကိုအသုံးပြုကြသောအခါ သူတို့၏စွမ်းရည်သတ္တိများသည် တိုးပွားလာကြလိမ့်မည်။ သူတို့၏ဉာဏ်စွမ်းများသည် များပြားလာ၍ သူတို့ သည်ပျောက်ဆုံးနေသောသူတို့ကိုရှာဖွေရာ၌ ကောင်းကင်မှဉာဏ်ပညာကိုရရှိ ကြလိမ့်မည်။ သို့သော် အသင်းဝင်သူတို့သည် ဘုရားသခင်ချပေးတော်မူသောတာဝန်တို့ကို အခြားသူတို့အားဝေမျှပေးရန် သတိမပြုဘဲမေ့လျော့နေ ကြလျှင် သူတို့သည် ကောင်းကင်မှဘဏ္ဍာကိုရရှိဖို့ မည်ကဲ့သို့မျှော်လင့်နိုင် မည်နည်း။ ခရစ်ယာန်ဟုခေါ်နေသောသူတို့သည် မှောင်မိုက်တွင်ရှိသူတို့အား အလင်းကိုလင်းစေဖို့တာဝန်ကိုမသိနားမလည်၊ ကျေးဇူးတော်နှင့်ပညာကိုဝေငှ ပေးကမ်းခြင်းမရှိသောအခါ သူတို့သည်ဝေဖန်ပိုင်းခြားသိနားလည်တတ်သောဉာဏ်နည်းပါးလာလျက် ကောင်းကင်မှကြွယ်ဝစွာချပေးသော ဆုကျေးဇူးတို့ကို နှစ်သက်လိုလားသောသဘောကွယ်ပျောက်သွား၏။ ၎င်းပြင် မိမိတို့ကိုယ်တိုင် တန်ဖိုးကိုမသိနိုင်သဖြင့် အခြားသူတို့အားဖော်ပြဖို့သင့်ကြောင်းကို မသိရှိဘဲ နေကြလိမ့်မည်။

အခြားသောရပ်ကွက်များတွင် အသင်းတော်ကြီးများကိုတည်ထောင် ထားကြသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ထိုအသင်းတော်ကြီးများ၏အသင်း ဝင်သူတို့သည်ဖြောင့်မတ်ခြင်းတရားကို ကောင်းစွာသိကျွမ်းနားလည်ကြ သော်လည်း အများသောသူတို့သည် အခြားသောသူတို့အား အလင်းတရား ကိုဝေမျှပေးလိုခြင်းမရှိဘဲ အသက်ရှင်စေသောနှုတ်ကပတ်စကားတော်ကိုကြားနာရုံနှင့် တင်းတိမ်လျက်ရှိကြသည်။ သူတို့သည် အမှုတော်တိုးတက်ကြီးပွား ရေးအတွက် အနည်းငယ်သာတာဝန်ကိုသိရှိနားလည်ကြ၏။ ဝိညာဉ်များ ကယ်တင်ရေးတွင် အနည်းငယ်သာစိတ်ပါဝင်စားမှုရှိကြသည်။ သူတို့သည် လောကအရာများတွင် အလွန်စိတ်အားထက်သန်လျက်ရှိကြပြီး မိမိတို့၏ လောကလုပ်ငန်းတို့တွင် ဘာသာရေးကိုမထည့်သွင်းကြချေ။ သူတို့က “ဘာသာရေးသည် ဘာသာရေးဖြစ်၍ လောကလုပ်ငန်းသည် လောကလုပ်ငန်းဖြစ်၏” ဟု ပြောဆိုတတ်ကြသည်။ အသီးအသီးသည် သူ့နေရာနှင့်သူသင့်လျော်စွာ ရှိနေ၏ဟု သူတို့ကယုံကြည်ကြ၏။ သို့သော် သူတို့က “၎င်းတို့ကိုခွဲခြား ထားပါ” ဟုပြောဆိုကြ၏။

အခွင့်ကောင်းများကိုဂရုမစိုက်ဘဲနေခြင်း၊ အခွင့်အရေးကိုရှုတ်ချခြင်း အမှုတို့ကြောင့် ဤအသင်းတော်များတွင်ရှိ အသင်းဝင်သူတို့သည် “ကျေးဇူး တော်၌လည်းကောင်း၊ ငါတို့ကိုကယ်တင်တော်မူသောသခင်ယေရှုခရစ်ကို

သိကျွမ်းခြင်း၌လည်းကောင်း” ကြီးပွားခြင်းမရှိဘဲနေကြ၏။ (၂ပေ ၃း၁၈)။ထို့ကြောင့် သူတို့သည် ယုံကြည်ခြင်း၌အားနည်း၍ ဥဒဏ်ပညာချွတ်ယွင်းလျက် ဗဟုသုတတွင် သူငယ်ကဲ့သို့နည်းပါး၏။ သူတို့သည် ဖြောင့်မတ်ခြင်းတရား ၌ အမြစ်မစွဲအခြေမ တည်ကြချေ။ သူတို့သည် ဤကဲ့သို့သောအခြေအနေ၌ သာတည်ရှိနေပါလျှင် နောက်ဆုံးကာလ၏လှည့်ဖြားခြင်းအမျိုးမျိုးတို့အားဖြင့် သူတို့သည်အမှန်ပင်လှည့်ဖြားခြင်းခံရကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့၌ ဖြောင့်မတ်ခြင်းတရားကို အမှားမှခွဲခြားသိရှိနိုင်သောမျက်စိရှိကြမည်မဟုတ် သောကြောင့်တည်း။

## သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးကို ဘုရားသခင်ကချပေးရန်အလိုရှိတော်မူခြင်း

ဗဟုသုတနှင့်ပြည့်စုံသောအမှုတော်ဆောင်များသည် ကျွန်ုပ်တို့အသင်းဝင်သူများနေထိုင်ရာရပ်ကွက်တွင် အထူးသဖြင့်ကြိုးစားအားထုတ်လျက် အမှုဆောင်ရွက်နေကြသောအခါ ထိုသာသနာနယ်မြေ၌ရှိကြသော ယုံကြည် သူတို့အပေါ်၌ ထာဝရဘုရားသခင်အတွက် အမှုတော်ဆောင်ရွက်ရန် မိမိတို့ စွမ်းအားသတ္တိရှိသမျှ လမ်းဖွင့်ပေးဖို့အလွန်အရေးကြီးသောတာဝန်တစ်ခုရှိနေ ပေသည်။ သူတို့သည် ဆုတောင်းခြင်းနှင့် မိမိတို့၏စိတ်နှလုံးကိုရှာဖွေစစ်ဆေး ကြလျက် ဘုရားသခင်နှင့်လည်းကောင်း၊ မိမိတို့၏ညီအစ်ကိုမောင်နှမတို့နှင့် လည်းကောင်း ကူညီဆောင်ရွက်ခြင်းအမှုကို တားဆီးကန့်ကွက်နေမည့်အပြစ် ရှိသမျှကို ပယ်ရှားထားခြင်းဖြင့် ဘုရင်မင်းမြတ်ကြီး၏လမ်းခရီးတော်ကို ရှင်းလင်းထားရကြမည်။

ညဥ့်အခါပေါ်လာသောရူပါရုံများတွင် ဘုရားသခင်၏လူတို့အထဲ ၌ ဘာသာရေးနှင့်စပ်ဆိုင်၍ ပြုပြင်ပြောင်းလဲခြင်းအရေးတော်ပုံကြီးအကြောင်း ကို ကျွန်ုပ်တို့အားဖော်ပြထားပါသည်။ အများသောသူတို့သည် ဘုရားသခင် ၏ကျေးဇူးတော်ကိုချီးမွမ်းနေကြ၏။ လူနာများကိုကျန်းမာခြင်းသို့ရောက်စေ လျက် အခြားသောနိမိတ်လက္ခဏာများကို ပြုလုပ်ပြကြ၏။ ပင်တေကုတ္တေ ပွဲနေ့ကြီးမရောက်မီကထင်ရှားသကဲ့သို့ ကြားဖျန်ဖြေသောသဘောကိုတွေ့မြင် ရ၏။ ရာထောင်မကများစွာသောသူတို့သည် အိမ်ထောင်များကိုလှည့်လည် ကြည့်ရှုကြလျက် သူတို့ရှေ့တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်၍ ဖတ်ပြကြ၏။ စိတ်နှလုံးများသည်

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအား ဖြင့် ကိုယ်အပြစ်ကိုသိမြင်လာကြလျက် အစစ်အမှန်စိတ်နှလုံးပြောင်းလဲသော သဘောကို ထင်ရှားစေ၏။ နေရာတကာတိုင်းတွင် ကြွေးကြော်ဖော်ပြသော ဖြောင့်မတ်ခြင်းတရားကိုလက်ခံရန် လမ်းဖွင့်ပေးကြ၏။ လောကကြီးသည် ကောင်းကင်တန်ခိုးအားဖြင့် ထွန်းလင်းတောက်ပနေ၏။ ဘုရားသခင်၏မှန်ကန် နိမ့်ချသောလူများတို့သည် များစွာသောကောင်းချီးများကိုခံယူရရှိကြလေ၏။ ကျေးဇူးတော်ချီးမွမ်းခြင်းအသံများကို ကျွန်ုပ်ကြားရ၍ ၁၈၄၄ ခုနှစ်ကမြင်ရ သကဲ့သို့ ပြုပြင်ပြောင်းလဲခြင်းအမှုကြီးတစ်ခုဖြစ်ပေါ်လာသည်ဟု ထင်ရ၏။[၆]

ဘုရားသခင်သည် မိမိ၏လူများအားသန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကိုချပေးခြင်းဖြင့် ခွန်အားအသစ်ပေးရန် အလိုရှိတော်မူလျက် မိမိ၏ မေတ္တာတော်တွင် သူတို့အားထပ်မံ၍နှစ်ခြင်းကိုပေးတော်မူပြန်၏။ အသင်းတော် ၌ ဝိညာဉ်တော်ခေါင်းပါးခြင်းရှိဖို့မလို။ သခင်ခရစ်တော်သည် ကောင်းကင် သို့တက်ကြွသွားပြီးနောက် ဆုတောင်းလျက်စောင့်နေ၍ ယုံကြည်ခြင်းရှိကြ သောတပည့်တော်တို့အပေါ်သို့ စိတ်နှလုံးကိုထိခိုက်လောက်အောင် ပြည့်စုံ ခြင်းနှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း သန့်ရှင်းသောဝိညာဉ် တော်သည် ဆင်းသက်လာတော်မူ၏။ ဖြောင့်မတ်ခြင်းတရားအားဖြင့် သန့်ရှင်း ခြင်းအဖြစ်သို့ရောက်ရှိလာကြသောသူတို့ထံမှ သန့်ရှင်းသောဩဇာတန်ခိုးသည် လောကထဲသို့ရောက်ရှိသွားရလိမ့်မည်။ ကမ္ဘာမြေကြီးသည် ကျေးဇူးတော် အရှိန်နှင့်ဝန်းရံလျက်ရှိလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူ၏နှလုံး ကိုပြုပြင်လျက် ဘုရားသခင်နှင့်ဆိုင်သောအရာတို့ကိုယူ၍ လူတို့အားဖော်ပြ ရလိမ့်မည်။[၇]

ထာဝရဘုရားကိုအမှန်ယုံကြည်သောသူအပေါင်းတို့အဖို့ ထာဝရ ဘုရားသခင်သည် ကြီးကျယ်သောအမှုကြီးတစ်ခုကိုပြုတော်မူရန် အလိုရှိတော် မူ၏။ သာမန်အသင်းသားရိုးရိုးတို့သည် မိမိတို့ပြုလုပ်နိုင်သောလုပ်ငန်းကို ဆောင်ရွက်ရန် ထကြွနိုးကြားကြလျက် မိမိတို့၏စရိတ်ဖြင့် တိုက်ပွဲများကို သွားရောက်တိုက်ခိုက်ကြပြီးလျှင် သခင်ယေရှုထံသို့ဝိညာဉ်များကိုယူဆောင် လာကြရာတွင် မည်မျှပြီးစီးစွာဆောင်ရွက်ခဲ့ကြကြောင်း အသီးအသီးတို့သည် သိမြင်ရကြလျှင် များစွာသောသူတို့သည် သခင်ခရစ်တော်၏အလံတော်အောက် သို့ဝင်ရောက်ခိုလှုံရန် စာတန်၏စစ်သူရဲတပ်ထဲမှထွက်လာကြသည်ကို ကျွန်ုပ် တို့မြင်ရကြလိမ့်မည်။ ကျွန်ုပ်တို့၏အသင်းဝင်သူတို့သည် သွန်သင်ဆုံးမထား သော ဤနှုတ်ကပတ်စကားအနည်းငယ် (ယောဟန် ၁၅း၈) တွင်ဖော်ပြထားသောအလင်းတရားအတိုင်းပြုမူကြလျှင်ကျွန်ုပ်တို့သည်အမှန်ပင်

ဘုရားသခင်၏ကယ်တင်ခြင်းကိုတွေ့မြင်ရကြလိမ့်မည်။ အံ့ဩဖွယ်ကောင်း သောပြု ပြင်ပြောင်းလဲမှုကြီးသည် ဖြစ်ပေါ်လာလိမ့်မည်။ အပြစ်သားများတို့ သည် စိတ်နှလုံး ပြောင်းလဲကြလျက် များစွာသောဝိညာဉ်တို့သည် အသင်းတော် ဘောင်ထဲသို့ထပ်မံဝင် ရောက်လာကြလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်နှလုံးကို သခင်ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေလျက် ကျွန်ုပ်တို့ ၏အသက်တာကို ကိုယ်တော်၏အမှု တော်နှင့်ညီညွတ်စေကြသောအခါ ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့အပေါ်သို့ သက်ရောက်ခဲ့သောဝိညာဉ် တော်သည် ကျွန်ုပ်တို့အပေါ်၌လည်း ဆင်းသက်ကြွ လာတော်မူလိမ့်မည်။°

## နှောင့်နှေးခြင်းဖြင့်ဘေးမကင်း

ညဥ့်အခါဖော်ပြသောရူပါရုံများ၌ အလွန်စိတ်စွဲစရာကောင်းသော ရှုခင်းတစ်ခု သည် ကျွန်ုပ်၏ရှေ့၌ပေါ်လာ၏။ လှပတင့်တယ်သောအဆောက် အအုံအချို့ပေါ်သို့ အလွန်ကြီးမားသောမီးလုံးကြီးတစ်ခုကျရောက်လာပြီးလျှင် ၎င်းတို့ကိုချက်ချင်းဖျက်ဆီး လိုက်သည်ကို ကျွန်ုပ်မြင်ရ၏။ တစ်စုံတစ်ယောက် သောသူက "ဘုရားသခင်၏တ ရားစီရင်ခြင်းအမှုသည် မြေကြီးပေါ်သို့ရောက် လာနေသည်ကို ကျွန်ုပ်တို့သိရှိကြပြီ၊ သို့ရာတွင် ထိုမျှလောက်လျင်မြန်စွာ ရောက်လာမည်ကို ကျွန်ုပ်တို့မသိရကြ" ဟု ပြောဆိုသံကို ကျွန်ုပ်တို့ကြား ရ၏။ အခြားသောသူတို့ကဝေဒနာခံစားရသောအသံနှင့် "သင်တို့သိရှိကြ ပြီ။ ထိုအခါက ကျွန်ုပ်တို့အားအဘယ်ကြောင့်သင်တို့ကပြော မပြကြသနည်း။ ကျွန်ုပ်တို့ဘာမျှမသိကြပါတကား" ဟုပြောဆိုကြ၏။ နေရာတ ကာတိုင်း၌ အလားတူထိုသို့အပြစ်တင်စကားများပြောဆိုကြသည်ကို ကျွန်ုပ်ကြားရ၏။

ကျွန်ုပ်သည် များစွာစိတ်ဆင်းရဲခြင်းနှင့်နိုးလာ၏။ တစ်ဖန်အိပ်ပျော် သွားပြန်ရာ ကျွန်ုပ်သည် အလွန်များသောလူအစုအဝေးကြီးထဲတွင်ရောက်ရှိ နေသည် ဟုထင်ရ၏။ ဩဇာရှိသောသူတစ်ယောက်က လူအစုအဝေးအား ဟောပြော နေ၏။ သူ၏ရှေ့၌ လောကတစ်ခုလုံး၏မြေပုံတစ်ခုကိုဖြန့်ထား၏။ သူကမြေပုံသည် ဘုရားသခင်၏စပျစ်ဥယျာဉ်ကိုပုံဆောင်ထားလျက် ၎င်းတွင် စိုက်ပျိုးပြုပြင်ရမည်ဟု ပြောဆို၏။ ကောင်းကင်မှအလင်းသည် လူတစ်စုံ တစ်ယောက်အပေါ်သို့ထွန်း တောက်လာသောအခါ ထိုသူသည် အခြားသူတို့ ထံသို့ မိမိရရှိသောအလင်းကို ပြန်၍ဟပ်စေရမည်။ ဆီမီးများကို များစွာ သောနေရာတို့၌ ထွန်းညှိထားရမည်။ ၎င်းပြင် ဤဆီမီးအလင်းများထံမှ

အခြားသောဆီမီးအလင်းများဖြစ်လာစေရန် ထွန်းညှိထားရမည်။

အောက်ပါစကားများကိုထပ်မံဖော်ပြထား၏။ "သင်တို့သည် ဤ လောက၏ ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သော အရသာကိုအဘယ် သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ကျော်နင်းခြင်းမှတစ်ပါး အဘယ်အသုံးမျှမဝင်။ သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့ကိုမကွယ် နိုင်။ ဆီမီးကိုထွန်း၍ တောင်းဇလား အောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအ ပေါင်းတို့သည် အလင်းကိုရစေ ခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။ ထိုနည်း တူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိ တော်မူသော သင်တို့ အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။" မဿဲ ၅း၁၃-၁၆။

ကုန်လွန်သွားနေသောနေ့ရက်တိုင်းသည် ကျွန်ုပ်တို့အားကပ်ကာလ ၏အဆုံး နှင့်သာ၍နီးကပ်လာစေလေပြီ။ ၎င်းသည် ကျွန်ုပ်တို့အား ဘုရားသခင် နှင့်လည်း သာ၍နီးကပ်လာစေပြီလော။ ကျွန်ုပ်တို့သည် ဆုတောင်းလျက် စောင့်နေကြသလား။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့နှင့်ပေါင်းသင်းဆက်ဆံ လာကြသောသူတို့သည် ကျွန်ုပ် တို့၏အကူအညီ၊ ကျွန်ုပ်တို့၏လမ်းပြစောင့်ရှောက် မှုကို အလိုရှိနေကြသည်။ သင့်လျော်သောနေရာ၌ရှိအပ်သောသံချောင်းကလေး တစ်ခုကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တော်လျော်သောအချိန်အတွက် စကားတစ်ခွန်းကို အိမ်ထောင် သို့ကြားပြောရမည့်အခြေအနေ၌ သူတို့၏စိတ် သည် ရောက်ရှိနေကောင်းနေလိမ့် မည်။ မနက်ဖြန်ဤဝိညာဉ်အချို့သည် ကျွန်ုပ် တို့ကတစ်ဖန် သူတို့ထံဘယ်အခါ မျှမချဉ်းကပ်နိုင်သောနေရာသို့ရောက်ရှိနေ ကောင်းရောက်ရှိနေလိမ့်မည်။ ဤခရီး သည်များတို့အပေါ်၌ ကျွန်ုပ်တို့သည် မည်ကဲ့သို့ဩဇာတန်ခိုးလွှမ်းမိုးစေကြပြီနည်း။ သူတို့အားသခင်ခရစ်တော်ထံသို့ ပို့ဆောင်ရန် ကျွန်ုပ်တို့သည် မည်ကဲ့သို့ကြိုးစား ဆောင်ရွက်နေကြသနည်း။[၉]

ကောင်းကင်တမန်တို့သည် အရပ်လေးမျက်နှာရှိလေတို့ကိုတားဆီး ထားကြ စဉ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိသမျှအစွမ်းသတ္တိအပေါင်းနှင့်အမျှ ဆောင်ရွက် ရကြမည်။ ကျွန်ုပ်တို့သည် နှောင့်နှေးခြင်းမရှိကြဘဲ မိမိတို့၏ သတင်းစကားကိုယူ ဆောင်သွားရကြမည်။ ကျွန်ုပ်တို့၏ဘာသာတရားသည် ယုံကြည်ခြင်းတရားနှင့်တန် ခိုးဖြစ်၍ ၎င်းတို့ကိုသခင်ခရစ်တော်သည် ပြုပြင် တော်မူသောသူဖြစ်တော်မူလျက် ကိုယ်တော်၏နှုတ်ကပတ်တော်သည်

ဘုရားသခင်၏ဖော်ပြချက်ဖြစ်ကြောင်း ကျွန်ုပ်တို့သည် ကောင်းကင်တစ်ခွင်သို့လည်းကောင်း၊ ဤဆုတ်ယုတ်သောခေတ်ရှိလူတို့အားလည်းကောင်း သက်သေပြရကြမည်။ လူတို့၏ဝိညာဉ်များကို ချိန်ခွင်၌ချိန်စက်ထားနေသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက် နိုင်ငံတော်သားများဖြစ်ရကြ လိမ့်မည်၊ (သို့မဟုတ်) စာတန်၏နိုင်ထက်စီးနင်းပြုသောနိုင်ငံတွင် ကျွန်များ ဖြစ်ကြလိမ့်မည်။ ဧဝံဂေလိတရား၌ဖော်ပြထားသော မျှော်လင့်ရာအချက်ကို လူအပေါင်းတို့သည် ကိုင်စွဲထားနိုင်သောအခွင့်အရေးကိုရရှိနိုင်ကြ၏။ သို့သော် ဟောပြောသောသူမရှိလျှင် သူတို့သည် မည်ကဲ့သို့ကြားနာနိုင်ကြမည်နည်း။ လူအိမ်ထောင်သည် ဘုရားသခင်၏မျက်မှောက်တော်၌ရပ်တည်နေနိုင်မည် အကြောင်း မကောင်းသောအကျင့်ဟောင်းများကို အသစ်ပြန်၍ပြုပြင်ပေးဖို့ လိုပေသည်။ ယခုဖြစ်ပေါ်နေလျက် ဧဝံဂေလိသတင်းစကားဟောပြောခြင်းလုပ်ငန်းကိုဖျက်ဆီးနေသော စိတ်အထင်အမြင်၏အမှားများကြောင့် ပျက်စီး သွားရန်အသင့်ရှိနေသောဝိညာဉ်များရှိနေကြသည်။ မည်သူတို့သည် ဘုရားသခင် နှင့်အတူလုပ်ဖော်ဆောင်ဖက်များဖြစ်လာကြရန် မိမိတို့ကိုယ်ကို ယခုလုံးလုံး ဆက်ကပ်ပူဇော်ကြလိမ့်မည်နည်း။◦◦

ယနေ့ကျွန်ုပ်တို့၏လူအစုအဝေးများတွင် ပါဝင်ကြသောသူအများ တို့သည် လွန်ကျူးခြင်းအပြစ်များ၌ သေလျက်ရှိနေကြသည်။ သူတို့သည် ပတ္တာပေါ်၌လည်နေသောတံခါးရွက်ကဲ့သို့ ဟိုဘက်သည်ဘက်ရောက်သွား လျက်ရှိကြသည်။ နှစ်ပေါင်းများစွာသူတို့သည် အလွန်ကြည်ညိုလေးစားဖွယ် ကောင်း၍ စိတ်ဝိညာဉ်ကိုထကြွနိုးကြားစေသော ဖြောင့်မတ်ခြင်းတရားများကို နှစ်သက်စွာနားထောင်ခဲ့ကြပြီ။ သို့ရာတွင် သူတို့သည် တရားအတိုင်းမကျင့် ကြချေ။ ထိုကြောင့် သူတို့သည် ဖြောင့်မတ်ခြင်းတရား၏အဖိုးထိုက်တန်ခြင်း အဖြစ်ကို သာ၍သာ၍အသိအမြင်နည်းလာကြ၏။ အပြစ်ကိုဖော်ပြလျက်၊ သတိပေးလျက်နေသည့် စိတ်ထကြွဖွယ်သက်သေခံချက်တို့သည် သူတို့အား နောင်တရစေခြင်းငှာ သူတို့၏စိတ်ကိုမထကြွမနိုးကြားစေပါ။ ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်း တည်းဟူသော သူတို့၏နှုတ်အားဖြင့် ဘုရားသခင်ထံမှသက်ရောက်လာသည့် ချိုသာသောသီချင်းသံသည် သူတို့အားမေတ္တာနှင့်လည်းကောင်း၊ ကျေးဇူးဆပ်ခြင်းနှင့်လည်းကောင်း တုံ့ပြန်လက်ခံသောသဘောကိုပြစေဖို့ မပြုပြင်ချေ။ ကောင်းကင်ကုန်သည်ကြီးသည် သူတို့ရှေ့၌ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတည်းဟူသော အဖိုးအတန်ဆုံးကျောက်မျက်ရတနာတို့ကို ပြထားသော်လည်း

"မီး၌ချွတ်သောရွှေ" ကိုလည်းကောင်း၊ သူတို့ခြုံရန် "ဝတ်ရုံဖြူ" ကိုလည်း ကောင်း၊ သူတို့မြင်နိုင်ရန် "မျက်စဉ်း" ကိုလည်းကောင်း ကိုယ်တော်ထံ၌ ဝယ်ရန် ကိုယ်တော်ကသူတို့အားဖိတ်ခေါ်တော်မူသော်လည်း သူတို့သည် မိမိတို့၏စိတ်ကိုသံကဲ့သို့ ကိုယ်တော်တစ်ဖက်၌ခိုင်မာစေကြလျက် မေတ္တာ နှင့်စိတ်အားထက်သန်မှုတို့ကို နွေးရုံသာရှိသောအဖြစ်နှင့်လဲလှယ်ခြင်းမပြုကြ။ သူတို့သည် ဘုရားသခင်ကိုယုံကြည်ကိုးကွယ်ကြောင်း ပြောဆိုနေကြသော် လည်း ဘုရားသခင်ကိုကြည်ညိုလေးစားသောတန်ခိုးအရှိန်ကိုငြင်းပယ်ကြပြီး သူတို့သည် ဤအခြေအနေ၌ဆက်လက်တည်ရှိနေကြလျှင် ဘုရားသခင်သည် သူတို့ကိုငြင်းပယ်တော်မူလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင် ၏အိမ်ထောင်သားများအဖြစ်မသင့်လျော်အောင်ပြုလုပ်နေကြသည်။[၁၁]

သူတို့၏အမည်များသည် အသင်းတော်၏စာစောင်များတွင်မှတ်ပုံတင် ထားခြင်းဖြင့် သူတို့သည် ကယ်တင်ခြင်းကိုရရှိကြမည်မဟုတ်ကြောင်းကို အသင်းဝင်သူတို့သည်သတိပြုကြပါစေ။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ အပ်သောအမှုတော်ဆောင်များဖြစ်ကြလျက် ဘုရားသခင်နှစ်သက်တော်မူသော သူများဖြစ်သည်ကို ဖော်ပြရကြမည်။ သူတို့သည် တစ်နေ့ပြီးတစ်နေ့ သခင် ခရစ်တော်ကစီမံညွှန်ကြားထားတော်မူသည့်အတိုင်း မိမိတို့၏အကျင့်ကို တည်ဆောက်ပြုပြင်ရကြမည်။ သူတို့သည်အမြဲသဖြင့် ကိုယ်တော်၌ယုံကြည် ခြင်းရှိကြောင်းပြလျက် ကိုယ်တော်၌တည်နေရကြမည်။ ထိုသို့အားဖြင့် သူတို့သည် သခင်ခရစ်တော်၌ ကြီးမြင့်သောယောကျ်ား၊ မိန်းမများ၊ သန့်ရှင်း ကျန်းမာ၍ ဝမ်းမြောက်ရွှင်လန်းလျက် ကျေးဇူးသိတတ်သောခရစ်ယာန်အဖြစ် သို့ ပြည့်စုံစွာကြီးပွားကြလျက် သာ၍ကြည်လင်တောက်ပသောအလင်း၊ ထိုမှ ထက်သာ၍ထွန်းလင်းသောအလင်းဖြစ်လာစေရန် ဘုရားသခင်၏လမ်းပြခြင်း ကိုခံရကြလိမ့်မည်။ ဤကဲ့သို့သောကိုယ်တွေ့ဗဟုသုတမျိုးကို သူတို့သည် မရရှိခဲ့ကြလျှင် တစ်နေ့နေ့၌ပြင်းထန်စွာငိုကြွေးမြည်တမ်းလျက် "ရိတ်သိမ်း ချိန်လွန်သွားပြီ၊ နွေရာသီကုန်သွားပြီ။ သို့သော် ကျွန်ုပ်၏ဝိညာဉ်သည် ကယ်တင်ခြင်းမရရှိသေး။ အဘယ်ကြောင့် ကျွန်ုပ်သည် ခိုလှုံရန်ခိုင်ခံ့သော ရဲတိုက်ကြီးသို့ ထွက်မပြေးခဲ့သနည်း။ အဘယ်ကြောင့် ကျွန်ုပ်၏ဝိညာဉ် ကယ်တင်ရေးအတွက် ပေါ့ဆစွာနေခဲ့ပြီနည်း။ ၎င်းပြင် အဘယ်ကြောင့် ကျေးဇူးတော်နှင့်ဆိုင်သောဝိညာဉ်တော်ကိုမုန်းခဲ့သနည်း" ဟု ပြောဆိုသော သူတို့အထဲတွင် ပါဝင်နေကြလိမ့်မည်။[၁၂]

ဖြောင့်မတ်ခြင်းတရားကိုယုံကြည်ကြသည်ဟု ခိုင်လုံစွာပြောဆိုနေ

ကြသောညီအစ်ကိုမောင်နှမတို့၊ သင်တို့၏အကျင့်များသည် ကောင်းကင်က သင်တို့အားပေးတော်မူသောအလင်းတရား၊ ထူးခြားသောအခွင့်အရေးနှင့် ကြုံကြိုက်သောအခွင့်အခါများနှင့်ညီညွတ်ကြပါသလားဟု သင်တို့အသီးအသီး အား ကျွန်ုပ်မေးလိုပါသည်။ ဤအရာသည် အလွန်အရေးကြီးသောပြဿနာ ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်း၏တရားနေမင်းသည် အသင်းတော်အပေါ်၌ မိမိ၏အလင်းကိုထွန်းတောက်စေတော်မူပြီဖြစ်၍ ၎င်း၏အလင်းကိုတစ်ဖန် ပြန်၍လင်းစေဖို့ကား အသင်းတော်၏တာဝန်တည်း။ ဝိညာဉ်တိုင်း၏ထူးခြား သောအခွင့်အရေးကား တိုးတက်ကြီးပွားအောင်ပြုခြင်းတည်း။ သခင်ခရစ်တော် နှင့်ဆက်သွယ်နေသောသူတို့သည် ကျေးဇူးတော်၌လည်းကောင်း၊ ဘုရားသခင် ၏သားတော်ကိုသိကျွမ်းခြင်း၌လည်း ကောင်း၊ လူကြီးအဖြစ်သို့လုံးလုံးရောက် သည့်တိုင်အောင် တိုးပွားရကြမည်။ ဖြောင့်မတ်ခြင်းတရားကိုယုံကြည်သည် ဟု အခိုင်အမာပြောဆိုနေကြသောသူအပေါင်းတို့သည် မိမိတို့၏စွမ်းအား သတ္တိနှင့်ကြုံကြိုက်သောအခွင့်အခါကို အများအားဖြင့်သင်ကြားလေ့လာ၍ အမှုတော်ကိုဆောင်ရွက်ရန် အများအားဖြင့်အသုံးပြုကြလျှင် သူတို့သည် သခင်ခရစ်တော်၌ခိုင်ခံ့ခြင်းရှိကြလိမ့်မည်။ သူတို့သည် လယ်သမား၊ စက်ပြင် ဆရာ၊ ကျောင်းဆရာ၊ ဆရာမ၊ သင်းအုပ်ဆရာမှစ၍ မည်သည့်အလုပ်ကို လုပ်ကိုင်နေသောသူဖြစ်ကြစေကာမူ သူတို့သည် ဘုရားသခင်အား မိမိတို့ ကိုယ်ကိုလုံးလုံးဆက်ကပ်ပူဇော်ခဲ့ကြလျှင် သူတို့သည် ဘုရားသခင်အတွက် ကျွမ်းကျင်သောအမှုတော်ဆောင်များဖြစ်လာကြလိမ့်မည်။ [၁၂]

## အမှုတော်ဆောင်တို့ကအသင်းဝင်သူတို့အား သင်တန်းပေးရမည်

ဟောပြောခဲ့ပြီးသောတရားဟောချက်အပေါင်းအားဖြင့် ကိုယ်ကို ငြင်းပယ်သောအမှုတော်ဆောင်မျိုးများစွာတိုးတက်ဖြစ်ပွားမလာကြောင်းထင်ရှား ၏။ ဤအချက်သည် အလွန်အရေးကြီးသောအကျိုးအပြစ်ကို ဖြစ်ပေါ်စေ တတ်သည်ဟု ထင်မှတ်ရမည်။ ထာဝရကာလအတွက် ကျွန်ုပ်တို့၏အနာဂတ် အခြေအနေသည် ဘေးရောက်စရာအကြောင်းရှိနေ၏။ အသင်းတော်များသည် အလင်းတရားကိုဖြန့်ဖြူးရာ၌ မိမိတို့၏စွမ်းရည်သတ္တိကိုမသုံးကြသောကြောင့် ၎င်းတို့သည်ညှိုးနွမ်းလျက်ရှိနေကြပြီ။ လူအားလုံးတို့သည် အလင်းတရားကို လက်တွေ့အသုံးပြုကြမည်အ၏ကြောင်း ဘုရားသခင်ထံမှရရှိသောသင်ခန်းစာ များကဲ့သို့ ဖြစ်ရကြမည့်သွန်သင်ချက်များကို အသေအချာပြင်ဆင်လျက် သင်ကြားရကြမည်။ အသင်းတော်ကိုစောင့်ရှောက်ကြည့်ရှုရသောသူတို့သည်

စွမ်းရည်သတ္တိနှင့်ပြည့်စုံသောအသင်းဝင်သူတို့ကိုရွေးကောက်လျက် သူတို့အား တာဝန်များကိုပေးအပ်ပြီးလျှင် သူတို့သည် အခြားသောသူတို့အား မည်ကဲ့သို့ ပြုစုစောင့်ရှောက်၍ကောင်းချီးပေးရန် အကောင်းဆုံးပြုလုပ်နိုင်ကြမည်အကြောင်း သူတို့အားသွန်သင်ပြသနည်းလမ်းပေးရမည်။[၁၄]

စက်ပြင်ဆရာများ၊ ရှေ့နေများ၊ ကုန်သည်များမှစ၍ အလုပ်အကိုင် အမျိုးမျိုးကိုဆောင်ရွက်နေရကြသောသူအပေါင်းတို့သည် မိမိတို့အလုပ်အကိုင် ၌ကျွမ်းကျင်မှုရှိလျက် အလုပ်ကိုနိုင်နင်းရန် မိမိတို့ကိုယ်တိုင်ဆိုင်ရာလုပ်ငန်း တို့ကို လေ့လာသင်ကြားရကြ၏။ သခင်ခရစ်တော်၏တပည့်တော်တို့သည် အနည်းငယ်သာကျွမ်းကျင်နားလည်မှုရှိအပ်သလော။ ၎င်းပြင် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်နေကြစဉ် ဆောင်ရွက်အပ်သောနည်းလမ်းနှင့်စည်းကမ်း စနစ်တို့ကို မသိနားမလည်ဘဲနေအပ်သလော။ ထာဝရအသက်ကိုရရှိဖို့ရန် စွန့်စားပြုလုပ်ရသောအမှုသည် လောကနှင့်ဆိုင်သောမှုရေးကိစ္စရှိသမျှတို့ထက် သာ၍ကြီးကျယ်ပေသည်။ သခင်ယေရှုထံသို့ ဝိညာဉ်များကိုပို့ပေးနိုင်မည် အကြောင်း လူ၏အခြေအနေ၊ လူ၏စိတ်သဘောတို့ကို ကောင်းစွာလေ့လာ ဆည်းပူးလျက် သိရှိနားလည်အပ်ပေသည်။ ဖြောင့်မတ်ခြင်းတရားနှင့်ဆိုင်သော အချက်ကြီးများကိုဖော်ပြဖို့ရန်၊ ယောကျ်ား၊ မိန်းမများထံ မည်ကဲ့သို့ချဉ်းကပ် ရမည်ကိုသိရှိရန် များစွာဆင်ခြင်စဉ်းစားလျက် စိတ်အားကြီးစွာဆုတောင်းဖို့ လိုပေသည်။[၁၅]

အသင်းတော်ကိုတည်ထောင်ပြီးသည်နှင့်တစ်ပြိုင်နက် မကြာမီသင်းအုပ် ဆရာသည် အသင်းဝင်သူများအား အမှုတော်ကိုအစပြုဆောင်ရွက်စေရမည်။ အောင်မြင်စွာမည်ကဲ့သို့ဆောင်ရွက်ရမည်ကို သူတို့အားသွန်သင်ပေးဖို့လိုပေ သည်။ သင်းအုပ်ဆရာ သည် တရားဟောပြောခြင်းထက် သွန်သင်နည်းပြ ပေးခြင်းအမှုတွင် အချိန်ပိုမိုအကုန်ခံ၍ဆောင် ရွက်ပါစေ။ မိမိတို့ရရှိသော ဖြောင့်မတ်ခြင်းတရားကို သိကျွမ်းရခြင်းပညာကို အခြားသူတို့အား မည်ကဲ့သို့ ဖော်ပြရမည်ကိုသိနားလည်ရန် အသင်းဝင်သူတို့အား သင်းအုပ်ဆရာက သင်ကြားပြ သပေးပါစေ။ မကြာမီက စိတ်နှလုံးပြောင်းလဲလာကြသောလူသစ် တို့အား အမှုတော်ဆောင်လုပ်ငန်း တွင် သာ၍ဗဟုသုတရှိသောသူတို့ထံမှ အကြံဉာဏ်တောင်းဖို့သွန်သင်ပေးရမည်။ ထိုအခါမှာပင် သူတို့သည် သင်းအုပ် ဆရာကို ဘုရားသခင်၏နေရာတွင်မထားစေခြင်းငှာ သူတို့အားသွန်သင်ပေး ရဦးမည်။

ကျွန်ုပ်တို့၏လူများအားပေးနိုင်သောအကြီးဆုံးသောအကူအညီမှာ ဘုရားသခင်အတွက် အမှုတော်ဆောင်ရွက်ရန်နှင့် သင်းအုပ်ဆရာကိုအားမကိုးဘဲ ဘုရားသခင်ကိုအားကိုးရန် သူတို့အား သွန်သင်ပေးခြင်းတည်း။ သခင်ခရစ်တော် အမှုတော်ဆောင်ရွက်တော်မူသည်နည်းတူ သူတို့သည် လည်းဆောင်ရွက်ကြ စေရန် သူတို့အားသင်ကြားလေ့လာကြပါစေ။ အမှုတော်ဆောင်များပါဝင်သောစစ်သူရဲတပ်ကြီးတွင် သူတို့အားပါဝင်စေလျက် ကိုယ်တော်အတွက်သစ္စာ နှင့်အမှုဆောင်ရွက်ပါစေ။[၁၆]

လူများအထဲတွင် အမှုတော်ဆောင်ရွက်ရာတွင် ဓမ္မဆရာများသည် လမ်းပြရှေ့ဆောင်ကြပါစေ။ ၎င်းပြင် အခြားသူတို့သည် သူတို့နှင့်အတူ ပူးပေါင်းလျက် သူတို့၏ ပုံသက်သေမှသင်ခန်းစာများကို လေ့လာဆည်းပူး ကြပါစေ။ ပုံသက်သေတစ်ခုသည် များစွာသောပညတ်ဥပဒေများထက် သာ၍ အဖိုးတန်ပေသည်။[၁၇]

အသင်းတော်၏ဝိညာဉ်ရေးကို စောင့်ရှောက်ပြုစုရသောသူတို့သည် အသင်းဝင်သူတိုင်းတို့အား ဘုရားသခင်၏အမှုတော်တွင်ပါဝင်ဆောင်ရွက်နိုင်ဖို့ အခွင့်အရေးများရရှိနိုင်စေခြင်းငှာ နည်းလမ်းများကိုစီမံကြံစည်ဖန်တီးပေးရကြ မည်။ ဤအမှုကို လွန်ခဲ့သောခေတ်ကအမြဲမပြုလုပ်ခဲ့ကြ။ အသင်းဝင်သူများ ၏စွမ်းအားသတ္တိတို့ကို စိတ်အားထက်သန်စွာ အမှုတော်ဆောင်ရွက်ခြင်း လုပ်ငန်းတွင် အသုံးပြုစေခြင်းငှာ စီမံကိန်းများကိုပြည့်စုံစွာကြံစည်ဆောင်ရွက် ခဲ့ခြင်းမရှိကြ။ ဤအကြောင်းကြောင့် မည်မျှဆုံးရှုံးနစ်နာခဲ့ကြောင်းကို အနည်းငယ်သောသူတို့သာသိရှိကြ၏။

အသင်းတော်ထဲ၌ စွမ်းရည်သတ္တိရှိသဖြင့် ၎င်းကိုသင့်လျော်သော လုပ်ငန်းတွင်အသုံးပြုခဲ့လျှင် ဤအလုပ်အတွက် ၎င်းသည်များစွာအကူအညီ ဖြစ်လာနိုင်အောင် တိုးပွားလာလိမ့်မည်။ အသင်းတော်ကို တည်မြဲခိုင်ခံ့စေ ခြင်း၌လည်းကောင်း၊ မယုံကြည်သေးသောသူတို့ကို ရရှိစေခြင်း၌လည်း ကောင်း ကျွန်ုပ်တို့၏အသင်းတော်အားလုံး၊ အကြီးအငယ်တို့တွင်ရှိ အသင်းဝင်သူတို့အား မည်ကဲ့သို့အမှုဆောင်ရွက်ရမည်ကို သွန်သင်နည်းပြပေးရန် အမှု တော်ဆောင်တို့၌ တာဝန်ရှိပေသည်။ ဤတာဝန်ကိုကျေပွန်စွာပြီးမြောက်စေနိုင် မည်အကြောင်း အမှုတော်ဆောင်တို့ပြုလုပ်ရမည့်တာဝန်ကို ကောင်းစွာစီမံခွဲ ခန့်ထားရကြမည်။ လိုအပ်သောအရာကား သင်တန်းပေးခြင်း၊ ပညာသင်ကြား ပေးခြင်းဖြစ်သတည်း။ ဤခေတ်ကာလအတွက် အမှုတော်နှင့် စပ်ဆိုင်၍ အသင်း သားအပေါင်းတို့သည် ကောင်းစွာသိရှိနားလည်ဖို့ စိတ်နှလုံးထဲ၌အမြဲစွဲလမ်း မှတ်သားထားလျက် မိမိတို့နှင့်အသင့်လျော်ဆုံးသောလုပ်ငန်းကို ကောင်းစွာ ကျွမ်းကျင်နားလည်မှုရှိရကြမည်။

ကျွန်ုပ်တို့၏အသင်းတော်များကိုတည်မြဲစေခြင်း၌ ယခုလိုနေသော အရာမှာ အသင်းတော်၌ရှိသောစွမ်းအားသတ္တိ၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်စေရန် သွန်သင်ပေးနိုင်သော သတ္တိကို သိရှိနားလည်ပြီး ၎င်းကို တိုးပွားအောင် အသိပညာရှိသောအမှုတော်ဆောင်တို့က ကောင်းစွာစီမံပြုလုပ် ပေးခြင်းအမှုဖြစ်သည်။ အသင်းတော်များကို လိုက်လံကြည့်ရှုရသောတာဝန်ကို ဆောင်ရွက်ရသောသူတို့သည် ညီအစ်ကိုမောင်နှမတို့အား သာသနာပြု လုပ်ငန်းကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်နည်းကို သွန်သင်ပေးရကြမည်။ လူငယ်လူရွယ်များတို့အတွက်လည်း သင်တန်းတစ်ခုထားပေးပါ။ ယောကျ်ား ကလေး၊ မိန်းမကလေးတို့အား အိမ်ထောင်၌ဖြစ်စေ၊ အိမ်နီးနားချင်း၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ အမှုတော်ဆောင်များဖြစ်လာရန် သွန်သင်ပေးရမည်။[၁၈]

ကောင်းကင်တမန်တို့သည် ကြာမြင့်စွာကပင်လုပ်ဆောင်ရန်ရှိသော အမှုတော်ကြီးတွင် မိမိတို့နှင့်အတူကူညီလုပ်ဆောင်စေရန် လူကိုယ်စားလှယ် များတည်းဟူသော အသင်းဝင်သူတို့အားစောင့်မျှော်နေခဲ့ကြပြီ။ သူတို့သည် သင်တို့ကိုလည်းစောင့်မျှော်နေကြသည်။ သာသနာနယ်မြေသည် အလွန်ကြီး ကျယ်၍ စီမံကိန်းများသည် အလွန်များပြားသောကြောင့် သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်သော စိတ်နှလုံးတိုင်းသည် ဘုရားသခင်၏တန်ခိုးတော်ပါရှိ သောကိရိယာအဖြစ်နှင့် အမှုတော်ဆောင်လုပ်ငန်းတွင် စွဲလမ်းခြင်းရှိလာရကြ လိမ့်မည်။[၁၉]

ခရစ်ယာန်တို့သည် တစ်ခုတည်းသောရည်ရွယ်ချက်ကိုဖြစ်မြောက် စေဖို့အတွက် တစ်ခုတည်းသောတန်ခိုးရှင်၏ညွှန်ကြားလမ်းပြချက်အတိုင်း တစ်လုံးတစ်ဝတည်းရှေ့သို့တိုးတက်လျက် စည်းလုံးညီညွတ်စွာဆောင်ရွက် ရကြမည်ဆိုလျှင် သူတို့သည် လောကတစ်ခုလုံးကိုပင် လှုပ်ရှားသွားစေနိုင် ကြလိမ့်မည်။

"လမ်းမလမ်းကြား" တွင် ဖိတ်ခေါ်သောစကားကို လောကကြီး၏ အမှုဆောင်လုပ်ငန်းတွင် စိတ်ထက်သန်စွာပါဝင်ကြသူအပေါင်း၊ လူတို့၏ ဆရာသမားများနှင့်ခေါင်းဆောင်များတို့အား ကြွေးကြော်ဖော်ပြရမည်။ လောက တွင်အသက်မွေးဝမ်းကျောင်းအတွက် လေးလံသောတာဝန်တို့ကို ဆောင်ရွက် နေရကြသောသူများဖြစ်ကြသည့်

ဆးဆရာဝန်နှင့်ကျောင်းဆရာ၊ ဆရာမများ၊ ရှေ့နေများနှင့်တရားသူကြီးများ၊ အမှုထမ်းအရာရှိများနှင့်ကုန်သည်သူဌေးများ အား "လူသည် စကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင် သနည်း" (မာကု ၈း၃၆၊၃၇) ဟူသော သေချာထင်ရှားသောသတင်းစကား ကိုကြားပြောရမည်။

ကျွန်ုပ်တို့သည် ဂရုမစိုက်ဘဲပစ်ထားသောဆင်းရဲသားတို့အကြောင်း ကို များစွာပြောဆိုရေးသားကြသည်။ ဂရုမစိုက်ဘဲထားသောသူဌေးသူကြွယ် တို့ကိုလည်း ကျွန်ုပ်တို့သည် အနည်းငယ်သတိပြုဖို့မသင့်သလော။ အများ သောသူတို့က ဤလူစားမျိုးကိုမျှော်လင့်စရာမရှိသောလူမျိုးဟု သဘောထား ကြပြီးလျှင် စာတန်၏တန်ခိုးအားဖြင့် မျက်စိကျိန်းလျက်ကန်းနေသဖြင့် မိမိတို့၏စိတ်ထဲမှ ထာဝရကာလအကြောင်းကိုမမြင်မသိဘဲနေသော သူတို့၏ ဉာဏ်မျက်စိကိုဖွင့်ပေးရန်အများသောသူတို့က အနည်းငယ်သာကြိုးစားတတ် ကြသည်။ ထောင်ပေါင်းများစွာသောလူချမ်းသာတို့အား အပြင်အပလက္ခဏာ အားဖြင့် စစ်ကြောစီရင်လျက် မျှော်လင့်စရာမရှိသောအရာများအဖြစ် အမှု မထားဘဲနေခဲ့ကြသောကြောင့် သူတို့သည်သတိပေးခြင်းမခံရဘဲ သင်္ချိုင်းထဲသို့ဆင်းသက်သွားရကြလေပြီ။ သို့ရာတွင် သူတို့သည် ဘာသာတရားရေးကို ဂရုမစိုက်ဟုထင်ရသော်လည်း ဤလူစားမျိုးတွင်အများသောသူတို့သည် ဝိညာဉ် ရေးအတွက် အလွန်စိတ်လေးလျက်နေသောသူများဖြစ်ကြောင်း ကျွန်ုပ်အား ဖော်ပြထားပါသည်။ သူဌေးသူကြွယ်ထောင်ပေါင်းများစွာတို့သည် ဝိညာဉ် အစာကိုငတ်မွတ်လျက်နေကြသည်။ အများသောသူတို့သည် လောကအလုပ် အကိုင်များလုပ်ကိုင်နေကြစဉ် မိမိတို့၌မရှိသေးသောအရာတစ်စုံတစ်ခုလို နေကြောင်းသိရှိကြသည်။ သူတို့သည် စည်းဝေးဇရပ်သို့သွားခြင်းဖြင့် အကျိုး မရှိဟုထင်မှတ်ကြသဖြင့် သူတို့အထဲမှအနည်းငယ်သာစည်းဝေးဇရပ်သို့သွား ကြ၏။ သူတို့နားထောင်သောတရားဟောချက်၊ သွန်သင်ချက်သည် သူတို့၏ စိတ်နှလုံး၌ထိခိုက်ခြင်းမရှိ။ သူတို့၏အကျိုးအတွက် ကျွန်ုပ်တို့သည် မိမိတို့ ကိုယ်တိုင်ကြိုးပမ်းခြင်းမပြုဘဲနေအပ်သလော။

အချို့တို့ကကျွန်ုပ်တို့သည် သူတို့ထံသို့စာပေများပေးခြင်းဖြင့်မဆက်သွယ် နိုင်ဘူးလားဟု မေး၏။ ဤနည်းအားဖြင့် သူတို့ထံမချဉ်းကပ်နိုင်သောသူများစွာရှိပေသည်။ သူတို့ထံကိုယ်တိုင်သွားရောက်အမှုဆောင်ရွက်ဖို့လိုပေ သည်။ သူတို့အားထူးခြားစွာသတိမပေးဘဲနေခြင်းဖြင့် သူတို့သည် ပျက်စီး ခြင်းသို့ရောက်ရကြမည်လော။ ရှေးခေတ်ကာလက ဤကဲ့သို့မဟုတ်ခဲ့ပါ။ မြင့်မြတ်သောနေရာများ၌ရှိသောသူတို့သည် သခင်ယေရှုခရစ်၌သာလျှင် ငြိမ်သက်ခြင်းချမ်းသာကို တွေ့ရှိနိုင်မည်အကြောင်း သူတို့အားကြားပြောရန် ဘုရားသခင်၏ကျွန်များကိုစေလွှတ်တော်မူ၏။

ကောင်းကင်ဘုံအရှင်ဘုရင်မင်းမြတ်သည် ပျောက်ဆုံးနစ်မွန်းနေ သောလူသတ္တဝါကိုကယ်ဆယ်ရန် ကျွန်ုပ်တို့၏လောကသို့ကြွလာတော်မူပြီ။ ကိုယ်တော်သည် စွန့်ပစ်ခြင်းခံနေရသောသူများသာမက ဂုဏ်အသရေရှိသော သူတို့ကိုပင်ကယ်တင်ရန် ကြိုးစားအမှုဆောင်ရွက်တော်မူ၏။ ဘုရားသခင်ကို မသိ၍ ပညတ်တော်ကိုမစောင့်ကြသော အထက်တန်းစားလူမျိုးထံချဉ်းကပ် နိုင်ဖို့ ကိုယ်တော်သည်သင့်လျော်သောနည်းဖြင့် အမှုဆောင်ရွက်တော်မူ၏။

သခင်ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားပြီးနောက်မှပင် ဤလုပ်ငန်းမျိုးကို ဆက်လက်ဆောင်ရွက်နေ၏။

ဘုရားသခင်သည် ကော်နေလိ ၌စိတ်ပါဝင်စားတော်မူကြောင်း ဖော်ပြသည့်အချက်ကိုဖတ်ရသောအခါ ကျွန်ုပ် ၏စိတ်သည် အလွန်ပင်နူးညံ့သိမ်မွေ့သွား၏။ကော်နေလိသည် ရောမ စစ်သူရဲတပ်တွင် အရာရှိတစ်ဦးဖြစ်လျက် ဂုဏ်အသရေအဆင့်အတန်းမြင့် သောသူဖြစ်၏။ သို့ရာတွင် သူသည် မိမိရရှိသောအလင်းတရားအားလုံးနှင့် အညီ ကျင့်လျက်နေသောသူဖြစ်၏။ ဘုရားသခင်သည် သူ့ထံသို့ထူးခြားသောသတင်းကိုပို့တော်မူ၍ အခြားသောသတင်းစကားအားဖြင့် ပေတရုအားသူ့ထံ သွားရောက်၍ အလင်းတရားကိုသူ့အားပေးရန်ညွှန်ပြတော်မူ၏။ အလင်းတရား ကိုရှာဖွေလျက် ၎င်းအတွက်ဆုတောင်းနေသောသူတို့အတွက် ဘုရားသခင် ပြတော်မူသောကရုဏာနှင့်မေတ္တာတော်အကြောင်းကို စဉ်းစားဆင်ခြင်ရခြင်းဖြင့် ကျွန်ုပ်တို့၏လုပ်ငန်းတွင် များစွာခွန်အားတိုးတက်လာစရာရှိပေသည်။

ကော်နေလိကဲ့သို့ မိမိ၏အသင်းတော်နှင့်ဆက်သွယ်စေဖို့ ဘုရားသခင်အလိုရှိတော်မူသောလူအများကို ကျွန်ုပ်အားဖော်ပြထားပါသည်။ သူတို့သည် ထာဝရဘုရားသခင်၏ပညတ်တော်ကို စောင့်သောသူများတို့အပေါ်၌ ထောက်ထားစာနာသောသဘောကိုပြတတ်ကြသည်။ သို့သော် သူတို့အား လောကနှင့် ဆက်သွယ်ထားသောအနှောင်အဖွဲ့သည် အလွန်ခိုင်မြဲလျက်ရှိနေ၏။ သူတို့ သည် နှိမ့်ချသောသူတို့နှင့်အတူနေထိုင်နိုင်ဖို့ရန် အကျင့်ကောင်းနှင့်ဆိုင်သော ရဲရင့်ခြင်းမျိုးမရှိချေ။ ဤဝိညာဉ်များ၏လောကတာဝန်များနှင့် သွေးဆောင် ခံနေရခြင်းအမှုတို့ကြောင့် သူတို့အတွက် ကျွန်ုပ်တို့ကထူးခြားသောနည်းဖြင့် အမှုတော်ဆောင်ရွက်ပေးဖို့လိုပေသည်။

ကျွန်ုပ်တို့အားဖော်ပြထားသော အလင်းတရားအားဖြင့် "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" ဆိုသော ရှင်းလင်းသောဖြေရှင်းချက်မျိုးကို လောက၌ဩဇာတန်ခိုးရှိသောသူတို့အား ယခုပြောပြသင့်သည်ကို ကျွန်ုပ်သိမြင်လာ၏။ သူတို့သည် အရေးကြီးသောတာဝန်များကို ဘုရားသခင်အပ်ပေး တော်မူခြင်းခံရသောသူများဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်ခေါ်တော် မူခြင်းကိုလက်ခံကြလျှင် ဘုရားသခင်သည် သူတို့ကို မိမိ၏အမှုတော်အတွက် အသုံးပြုတော်မူလိမ့်မည်။

အထက်တန်းကျသောလူစားမျိုးတို့အတွက် အမှုတော်ဆောင်ရွက်ဖို့ အထူးသဖြင့် သင့်လျော်သောသူအချို့ရှိကြသည်။ ဤသူတို့သည် နေ့စဉ် ထာဝရဘုရားသခင်ကိုရှာဖွေလျက် ဤသို့အထက်တန်းကျသူတို့နှင့် မည်ကဲ့သို့

ရင်းနှီးဖို့လှေ့လာရကြရမည်၊ သူတို့နှင့်မိတ်ကျွမ်းဝင်ရုံလောက်သာ ဆက်ဆံသင့်သည်မဟုတ်ဘဲ ကိုယ်တိုင်ကြိုးစားအမှုဆောင်ခြင်း၊ စိတ်အားထက်သန်သောယုံကြည်ခြင်းဖြင့် သူတို့၏စိတ်ကိုဆွဲငင်နိုင်ရမည်။ ၎င်းပြင် သူတို့၏ဝိညာဉ်ကယ်တင်ရေးအတွက် သူတို့ကိုအမှန်စင်စစ်ချစ်ခင်လျက် ဘုရားသခင်၏နှုတ်ကပတ်တော်တွင်ဖော်ပြထားသည့်အတိုင်း ဖြောင့်မတ်ခြင်းတရားကိုသူတို့အား သိနားလည်စေခြင်း၌ အကယ်ပင်စိတ်ဆန္ဒရှိကြောင်း ဖော်ပြရ မည်။[၂၀]

-----*****----

(1) An Appeal to Ministers and Church Officers; (2) 9T, 42,43; (3) 9T, 20; (4) 9T, 37,38; (5) 6T, 424,425; (6) 9T, 40; (7) 8T, 246; (8) 9T, 27,28; (9) 6T, 21; (10) 6T, 426,427; (11) 9T, 48; (12) 6T, 423; (13) 6T, 431; (14) 4T, 67; (15) 7T, 19,20; (16) MH, 149; (17) An Appeal to Ministers and Church Officers; (18) 9T, 46,47; (19) 9T, 221; (20) 6T, 78-81.

## အခန်း (၇)
## အသင်းတော်၏စာပေစာစောင်များ

ကျွန်ုပ်တို့၏စာပေဖြန့်ချိရေးလုပ်ငန်းသည် ဘုရားသခင်ကိုယ်တော်တိုင်ကညွှန်ကြားပြ သ၍ အထူးစီမံခန့်ခွဲထားသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထူးခြားသောရည်ရွယ် ချက်တစ်ခုကို ဖြစ်မြောက်အောင်မြင်စေရန် ထိုလုပ်ငန်းကိုစီမံသတ်မှတ်ထားတော်မူ ၏။ သတ္တမနေ့ဥပုသ်စောင့်ခြင်းအသင်းသားတို့သည် လောကမှသီးခြားခွဲထား လျက် ထူးခြားသောလူတစ်မျိုးအဖြစ် ဘုရားသခင်ရွေးကောက်တော်မူခြင်းကိုခံခဲ့ ရကြပြီ။ ဖြောင့်မတ်ခြင်းတရားတွင်ရှိ ကြီးကျယ်သောခွဲဖြတ်ခြင်းအမှုအားဖြင့် သူတို့ အားလောကတည်းဟူသော ကျောက်တွင်းမှဖြတ်ယူပြီးလျှင် ကိုယ်တော်တိုင်နှင့်ဆက် သွယ်ပေးထားလေပြီ။ ကိုယ်တော်သည် သူတို့အားမိမိ၏ကိုယ်စားတော်များအဖြစ် ခန့်ထားတော်မူ လျက် ကယ်တင်ခြင်းစီမံကိန်းတွင် နောက်ဆုံးလုပ်ငန်းကိုဆောင်ရွက် ရာတွင် ကိုယ်တော်အတွက် သံတမန်များအဖြစ် ခေါ်တော်မူပြီ။ သေတတ်သောလူတို့ အား အပ်ပေးခဲ့သမျှသောဖြောင့်မတ်ခြင်းတရားတို့တွင် အဖိုးအတန်ဆုံး

ဖြောင့်မတ်ခြင်းတရားတည်းဟူသော ဘုရားသခင်ထံမှလူတို့အားပေးတော်မူ သမျှသော အရာတို့တွင် အလွန်ကြည်ညိုလေးစားဖွယ်ဖြစ်၍ ကြောက်မက်ဖွယ် ကောင်းသော သတိပေးစကားများကို လောကအားကြားပြောစေခြင်းငှာ သူတို့ ၌အပ်ပေးထား တော်မူပြီ။ ဤလုပ်ငန်းကိုဖြစ်မြောက်အောင်မြင်စေရာတွင် ကျွန်ုပ် တို့၏စာပေဖြန့်ချိ ရေးဌာနများသည် အကျိုးအဖြစ်ထွန်းဆုံးသောဌာနများဖြစ် ကြသည်။

ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များမှ ထုတ်ဝေဖြန့်ချိလိုက်သောစာပေ စာစောင် များအားဖြင့် ဘုရားသခင်ကိုကြိုဆိုတွေ့ဆုံရန် လူတစ်မျိုးကိုပြင်ဆင် ခန့်ထားရမည်။[၂၀]

အခြားသောအလုပ်များထက် သာ၍အရေးကြီးသောလုပ်ငန်းတစ်ခု ရှိခဲ့လျှင် ၎င်းလုပ်ငန်းမှာ လူအများတို့ရှေ့တွင် ကျွန်ုပ်တို့၏စာပေစာစောင် များကို ဝေငှဖြန့် ချိခြင်းအမှုပင်ဖြစ်၏။ ထိုသို့အားဖြင့် သူတို့အား ကျမ်းစာ ကိုစေ့စေ့ရှာဖွေစူးစမ်းစေ ရန် လမ်းညွှန်ပေးလိမ့်မည်။ အိမ်ထောင်များတွင် ကျွန်ုပ်တို့၏စာပေစာစောင်များကို ပြသရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ သူတို့နှင့် စကားပြောခြင်း၊ ဆုတောင်းခြင်း၊ သူတို့အတွက်ဆုတောင်းပေးခြင်းတည်းဟူ သော သာသနာပြုလုပ်ငန်းသည် ကောင်း သောအမှုတစ်ခုဖြစ်၍ ယောကျ်ား များနှင့်မိန်းမများအား အသင်းသားတို့ကိုအုပ်ထိန်း စောင့်ရှောက်ရသောလုပ်ငန်း ကို သင်ကြားပေးသောလုပ်ငန်းတစ်ခုဖြစ်သည်။[၂]

ကျွန်ုပ်တို့၏စာပေစာစောင်များကို ဖြန့်ချိရောင်းချခြင်းအမှုသည် ဧဝံဂေလိ အမှုဆောင်လုပ်ငန်းတွင် အရေးကြီး၍ အလွန်အကျိုးဖြစ်ထွန်းဆုံး သောကိစ္စတစ် ခုဖြစ်သည်။ တရားဟောစည်းဝေးများမပြုလုပ်နိုင်သောနေရာ များသို့ ကျွန်ုပ်တို့၏ စာပေစာစောင်များသည် ရောက်ရှိသွားနိုင်၏။ ထိုသို့ သောနေရာများ၌ သစ္စာရှိ သောစာပေဖြန့်ချိရေး ဧဝံဂေလိအမှုဆောင်သည် စိတ်အားထက်သန်သောတရားဟော ဆရာကိုယ်စား အမှုဆောင်ရွက်ရသည်။ အခြားသောနည်းဖြင့် ဖြောင့်မတ်ခြင်းတရား ကို မကြားမသိရသောသူထောင် သောင်းတို့အား စာပေရောင်းချဖြန့်ချိခြင်းဖြင့် ဖြောင့်မတ်ခြင်းတရားကိုဖော်ပြ ရလေပြီ။

စာပေဖြန့်ချိသောသူတို့သည် တိုင်းပြည်တွင်ရှိဒေသအမျိုးမျိုးသို့ သွားရောက် ရကြမည်။ ဤလုပ်ငန်းသည် သင်းအုပ်ဆရာ၏လုပ်ငန်းကဲ့သို့ပင် လုံးလုံးအရေးကြီး ပေသည်။ ကျွန်ုပ်တို့ရှေ့၌ရှိသော ကြီးကျယ်သည့်လုပ်ငန်း

ကြီးကိုဖြစ်မြောက်စေရန် အလွန်စိတ်အားထက်သန်သောတရားဟောဆရာနှင့် တိတ်ဆိတ်စွာသတင်းစကားပို့ဆောင်သူနှစ်ဦးစလုံးကိုပင် အလိုရှိပေသည်။[၃]

စာပေဖြန့်ချိရေးလုပ်ငန်းကို ကျွန်ုပ်တို့၏စာပေများတွင်ပါရှိသော အလင်းတရားကို လူများအားဖော်ပြဖို့အတွက် သင့်လျော်သောနည်းလမ်းအဖြစ် ဘုရားသခင်ကစီမံခန့်ထားတော်မူသဖြင့် စာပေဖြန့်ချိသောအမှုဆောင်တို့သည် သူတို့အားဝိညာဉ်ရေး၌သွန်သင်ပေး၍ ဝိညာဉ်အလင်းကိုရရှိရေးအတွက် လိုအပ်သောစာပေစာစောင်များကို မြန်နိုင်သမျှမြန်မြန်ဖြန့်ချိရောင်းချဖို့ အရေးကြီးကြောင်းကို အမြဲမှတ်သားထားရမည်။ ဤအချိန်ကာလအတွက် မိမိ၏လူများအားဆောင်ရွက်စေဖို့ ထာဝရဘုရားသခင်အလိုရှိတော်မူသော အမှုကား ဤလုပ်ငန်းပင်ဖြစ်ပေသည်။ စာပေဖြန့်ချိသောသူများအဖြစ်နှင့် အမှုဆောင်ရန် မိမိတို့ကိုယ်ကို ဘုရားသခင်အားဆက်ကပ်ပူဇော်ထားသော သူအပေါင်းတို့သည် လောကအားနောက်ဆုံးသတိပေးစကားကို ကြားပြောရခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်နေကြသည်။ ကျွန်ုပ်တို့သည် ဤလုပ်ငန်းကိုများစွာအထင်ကြီးဖို့မသင့်၊ အကြောင်းကား စာပေဖြန့်ချိသောသူတို့၏ ကြိုးပမ်းအားထုတ်မှုမရှိလျှင် အများသောသူတို့သည် ဘယ်သောအခါမျှ သတိပေးစကားကိုကြားရကြမည်မဟုတ်။[၄]

ကျွန်ုပ်တို့၏စာပေစာစောင်များသည် အရပ်ရပ်သို့ပြန့်ပွားသွားရကြ မည်။ ၎င်းတို့ကိုဘာသာစကားမျိုးပေါင်းများစွာဖြင့် ရိုက်နှိပ်ထုတ်ဝေကြပါစေ။ တတိယကောင်းကင်တမန်၏သတင်းစကားကို ဤနည်းလမ်းဖြင့်လည်းကောင်း၊ စိတ်အားထက်သန်သောဆရာသမားများအားဖြင့်လည်းကောင်း ဖြန့်ချိရမည်။ ဤခေတ်ကာလအတွက် ဖြောင့်မတ်ခြင်းတရားကိုယုံကြည်သောသင်တို့၊ နိုးကြားထကြွကြလော့။ ဖြောင့်မတ်ခြင်းတရားကိုကြွေးကြော်ဖို့ သိနားလည် သောသူတို့အားတတ်နိုင်သမျှသောနည်းလမ်းအပေါင်းတို့ဖြင့် ကူညီဖေးမ ခြင်းအမှုမှာ ယခုသင်၏တာဝန်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏စာပေစာစောင် များကိုရောင်းချခြင်းဖြင့်ရရှိသောငွေတချို့ကတစ်ဝက်ကို ကန်းနေသောမျက်စိ များကိုပွင့်စေလျက် စိတ်နှလုံး၏မြေရိုင်းကိုထုခွဲခြေမွပေးမည်ဖြစ်သော စာပေ စာစောင်များကို ပိုမိုရိုက်နှိပ်ဖြန့်ချိဖို့ ကျွန်ုပ်တို့၌အလွယ်တကူငွေကြေးလုံလောက် စွာရရှိရေးအတွက် သီးခြားအသုံးပြုရမည်။[၁]

စိတ်အားထက်သန်သောဓမ္မဆရာထံမှသတင်းစကားကို ကြားနာနိုင် သောလူများရှိသောနေရာ၌ပင် စာပေဖြန့်ချိရေးအမှုဆောင်သည် ဓမ္မအမှုဆောင် နှင့်အတူကူညီလျက် မိမိ၏လုပ်ငန်းကိုဆောင်ရွက်သင့်သည်။ အကြောင်း ကား၊ ဓမ္မဆရာသည် သစ္စာရှိစွာနှင့်သတင်းစကားကိုဟောပြောနိုင်သော်လည်း လူများတို့၏စိတ်ထဲ၌ ထိုသတင်းစကားကို စွဲမြဲစွာမထားနိုင်ကြချေ။ ထိုကြောင့်

ရိုက်နှိပ်ထားသောစာပေတို့သည် ဤခေတ်ကာလအတွက် ဖြောင့်မတ်ခြင်း တရား၏အရေးကြီးခြင်းအကြောင်းကို လူများတို့အားသိရှိလာစေသည်သာမက သူတို့အားဖြောင့်မတ်ခြင်းတရား၌ စွဲမြဲအမြစ်တွယ်စေလျက် လှည့်ဖြား တတ်သောအမှားကိုခုခံကာကွယ်နိုင်လောက်အောင် သူတို့အားတည်ကြည် မြဲမြံစေဖို့အတွက် အလွန်အရေးကြီးလိုအပ်ပေသည်။ စာစောင်၊ စာအုပ်များ တို့ကား ဤခေတ်ကာလအတွက်သတင်းစကားကို လူတို့၏ရှေ့၌အမြဲတည် ရှိနေစေခြင်းငှာ ထာဝရဘုရားသခင်စီမံထားတော်မူသောနည်းလမ်းများဖြစ်ကြ သည်။ ဝိညာဉ်များအား အလင်းတရားကိုရရှိစေလျက် ဖြောင့်မတ်ခြင်းတရားတွင် မြဲမြံတည်ကြည်နေစေခြင်းအမှုတွင် တရားဟောပြောခြင်းအမှုတစ်ခုတည်း အားဖြင့်ဖြစ်မြောက်နိုင်သည်ထက် သာ၍ကြီးကျယ်သောအမှုကိုဖြစ်မြောက် စေလိမ့်မည်။ စာပေရောင်းချသောသူတို့၏လုပ်ငန်းအားဖြင့် လူတို့၏အိမ် များတွင်ရောက်ရှိနေသည့် တိတ်ဆိတ်သောစေတမန်များသည် ဧဝံဂေလိ အမှုဆောင်လုပ်ငန်းကို နည်းအမျိုးမျိုးဖြင့်ခိုင်ခံ့တိုးပွားစေလိမ့်မည်။ အကြောင်း မူကား၊ ဟောပြောသောတရားစကားကိုနားထောင်သောသူတို့၏စိတ်ထဲ၌ စွဲမြဲစေသည်နည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် စာအုပ်များကိုဖတ်နေ သောသူတို့၏စိတ်ထဲတွင် ၎င်းတို့ကိုဖတ်နေစဉ် စိတ်စွဲလမ်းလာစေရန် ပြုပြင် ပေးတော်မူလိမ့်မည်။ ဓမ္မအမှုဆောင်၏လုပ်ငန်းတွင် ကောင်းကင်တမန်များ သည် ပါဝင်ကူညီသည်နည်းတူ ဖြောင့်မတ်ခြင်းတရားများပါဝင်သောစာပေ စာစောင်များနှင့်အတူ ကောင်းကင်တမန်တို့သည် ပါဝင်ကူညီနေကြသည်။[၆]

ထိုက်တန်သောကျောင်းသားများသည် အလိုရှိလျှင် ဤစာအုပ်များ ကိုရောင်းချဖြန့်ချိခြင်းအားဖြင့် မိမိတို့၏ကျောင်းနေစရိတ်ကိုရရှိစေဖို့ ကူညီ မစရန်သင့်လျော်သောစီမံကိန်းများကို ပြုလုပ်ထားကြပါ။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏အထက်တန်းကျောင်းတစ်ကျောင်းတွင် သင်တန်းတက်ရန်ငွေကြေး လုံလောက်စွာရှိသောသူတို့သည် အခြားသောသာသနာနယ်မြေများတွင် သာသနာပြုလုပ်ငန်းကို အစပြုဆောင်ရွက်နိုင်လောက်အောင် အလွန်အဖိုးတန် သောကိုယ်တွေ့ဗဟုသုတများကို ရရှိကြပါလိမ့်မည်။[၇]

အသင်းဝင်သူတို့သည် ကျွန်ုပ်တို့၏စာပေများဝေငှခြင်းအမှု၏အရေးကြီးခြင်းအကြောင်းကို သိနားလည်လာကြသောအခါ သူတို့သည် ဤလုပ်ငန်း ၌သာ၍အချိန်ကုန်ခံကြလိမ့်မည်။[၈]

စုံစမ်းစစ်ဆေးရာကာလသည် ဆက်လက်တည်ရှိနေသမျှကာလပတ် လုံး စာပေဖြန့်ချိသူတို့၌ မိမိတို့၏လုပ်ငန်းကိုဆောင်ရွက်ရန် အခွင့်အရေး ရရှိနေကြလိမ့်မည်။[၉]

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့သည်ဆုတောင်းခြင်း၊ သင်တို့၏ ငွေများဖြင့်ထောက်ပံ့ခြင်းအားဖြင့် စာပေဖြန့်ချိရေးအဖွဲ့ကိုတည်မြဲတည်ရှိနေ စေရန် စိတ်အားထက်သန်စွာကြိုးစားကြလျှင် ထာဝရဘုရားသခင်သည် နှစ်သက် တော်မူလိမ့်မည်။ ထိုအဖွဲ့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို အများ ဆုံးခံစားရမည်အကြောင်း၊ နံနက်တိုင်းနှင့်ညနေတိုင်းဆုတောင်းပါ။ အပြစ် ရှာခြင်း၊ ညည်းညူခြင်းကိုမပြုပါနှင့်၊ ၎င်းကိုအားမပေးနှင့်။ သင်၏နှုတ်မှ ညည်းညူအပြစ်တင်သောစကားများ ထွက်မလာပါစေနှင့်။ ကောင်းကင်တမန် တို့သည် ဤစကားများကိုကြားသိကြောင်းသတိပြုပါ။

ဤအဖွဲ့များသည် ဘုရားသခင်စီမံထားသောအရာများဖြစ်ကြောင်း လူအပေါင်းသိမြင်ရကြမည်။ မိမိတို့၏ကိုယ်ကျိုးအတွက် ထိုအဖွဲ့တို့ကိုရှုတ်ချပြောဆိုသောသူတို့သည် ဘုရားသခင်၏ရှေ့တော်၌ စစ်ကြောစီရင်ခြင်းခံရကြမည်။ ဘုရားသခင်၏ အမှုတော်နှင့်သက်ဆိုင်သောလုပ်ငန်းမှန်သမျှကို သန့်ရှင်းသောအရာကဲ့သို့ သဘောထားရမည်ဟု ဘုရားသခင်က သတ်မှတ်ထားတော်မူ၏။၁၀

–––––*****––––

(1) 7T, 138,139; (2) 4T, 390; (3) CM, 8; (4) 6T, 313; (5) 9T, 62; (6) 6T, 315,316; (7) 9T, 79; (8) CM, 7; (9) 6T, 478; (10) 7T, 182,183.

# အခန်း (၈)
# ဘဏ္ဍာစိုးအရာနှင့်ဆိုင်သော ဩဝါဒများ

ရက်ရောပေးကမ်းခြင်းသဘောသည် ကောင်းကင်ဘုံ၌ထင်ရှားသော သဘောမျိုးဖြစ်သည်။ သခင်ခရစ်တော်၏ကိုယ်ကိုဆက်ကပ်ပူဇော်စွန့်စား တတ်သောမေတ္တာသည် လက်ဝါးကပ်တိုင်ပေါ်၌ထင်ရှားသိမြင်လာရ၏။ လူသည် ကယ်တင်ခြင်းခံစားရမည်အကြောင်း ကိုယ်တော်သည် မိမိ၌ရှိသမျှ တို့ကိုစွန့်တော်မူပြီးနောက် မိမိကိုယ်တော်တိုင်ကိုစွန့်တော်မူ၏။ သခင်ခရစ်တော် ၏လက်ဝါးကပ်တိုင်က မင်္ဂလာရှိသောကယ်တင်သခင်၏တပည့်တော်တိုင်း အား ရက်ရောစွာပေးကမ်းစွန့်ကြဲခြင်းရှိစေဖို့ရန် တိုက်တွန်းနှိုးဆော်၏။ ထိုလက်ဝါးကပ်တိုင်၌ ပုံဆောင်ထားသောအခြေခံတရားကား စွန့်ကြဲပေးကမ်း ခြင်းအမှုဖြစ်သည်။ ရက်ရောစွာပေးကမ်းစွန့်ကြဲခြင်းနှင့် ကုသိုလ်ကောင်းမှုပြု ခြင်းဖြင့် ဤတရားကိုလိုက်နာကျင့်ဆောင်ခြင်းသည် ခရစ်ယာန်အသက်တာ၏ မှန်ကန်သောအကျိုး (အသီး) ဖြစ်သည်။ လောကတပ်မက်ခြင်း၏အခြေခံသဘောတရားကား ကိုယ်အဖို့သိမ်းယူခြင်းဖြစ်သည်။ ၎င်းပြင် ထိုသို့အားဖြင့် ပျော်ရွှင်ခြင်းချမ်းသာကိုရရှိရန်မျှော်လင့်ကြ၏။ သို့ရာတွင် ၎င်းသဘောတရား ကို အမျိုးမျိုးသောနည်းတို့ဖြင့် လိုက်နာကြရာတွင် ခံစားရသောကံကြမ္မာ (အသီး) ကား စိတ်ဆင်းရဲခြင်းနှင့်သေခြင်းဖြစ်သတည်း။

လက်ဝါးကပ်တိုင်မှထွန်းတောက်လျက်ရှိသော ဧဝံဂေလိအလင်းတရား သည် ကိုယ်ကျိုးရှာခြင်းအမှုကိုအပြစ်တင်လျက် ရက်ရောစွာပေးကမ်းစွန့်ကြဲ ခြင်းအမှုကိုအားပေးတိုက် တွန်း၏။ ပေးကမ်းစွန့်ကြဲဖို့ဖိတ်ခေါ်နေသောအကြောင်း များသည် တိုး၍များပြားလာလျက်ရှိ သည်မှာ ညည်းညူနေစရာမဟုတ်။ ဘုရားသခင်သည် မိမိလူများအား ကန့်သတ်ထားသောလုပ်ငန်း အခြေအနေမှ စွန့်စားရသည့်သာ၍ကြီးကျယ်သောလုပ်ငန်းထဲသို့ ဝင်ရောက်ဆင်နွှဲရန်အလို ရှိတော်မူ၏။ လောကတွင် မှောင်မိုက်သောအကျင့်များဖုံးလွှမ်းနေသောဤခေတ်ကာလ၌ အကန့်အသတ်မရှိ ကြိုးပမ်းဆောင်ရွက်မှုကိုအလိုရှိတော် မူ၏။ ဘုရားသခင်၏လူအများတို့သည် လောကဆန်ခြင်း၊ တပ်မက်ခြင်းအမှု များအားဖြင့် သွေးဆောင်လှည့်ဖြားခြင်းခံနေရကြမည်ကိုစိုးရိမ်စရာရှိပေသည်။ ဘုရားသခင်၏ကရုဏာတော်ကပင်လျှင် သူတို့၏ငွေကြေးများကိုတိုး၍တောင်းခံ နေသည်ကို သူတို့သိရှိနားလည်အပ်ပေသည်။ ရက်ရောစွာစွန့်ကြဲပေးကမ်း ရဖို့ လိုအပ်သောအကြောင်းအရာတို့ကို သူတို့မျက်မှောက်၌ထင်ရှားစွာဖော်ပြ ရမည်၊ (သို့မဟုတ်) သူတို့သည် ပုံသက်သေပြတော်မူခဲ့သော သခင်ကြီး၏ ခြေတော်ရာကိုလိုက်နိုင်ကြမည်မဟုတ်။

မိမိ၏တပည့်တော်တို့အား လောကနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ လူသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောပြောစေရန် အမိန့်ပေး တော်မူရာ၌ သခင်ခရစ်တော်သည် လူတို့အား မိမိ၏ကျေးဇူးတော်တရားကို တိုး၍သိကျွမ်းစေခြင်းငှာ ဆောင်ရွက်ရသောလုပ်ငန်းကို အပ်ပေးတော်မူ၏။ သို့သော် အခြားသောသူတို့သည် တရားဟောပြောရန်အတွက်သွားနေကြစဉ် မြေကြီးပေါ်၌ မိမိအမှုတော်ကိုထောက်ပံ့ကူညီဖို့ အလှူငွေများကိုပေးကြစေရန် အခြားသူတို့အား ဘုရားသခင်သည် ဖိတ်ခေါ်လျက်နေတော်မူ၏။ မိမိတို့ လူအချင်းချင်းကို ကယ်တင်ခြင်းအမှုတွင် စီမံခန့်ထားသောလုပ်ငန်းကိုဆောင်ရွက် ခြင်းဖြင့် ဘုရားသခင်၏ဆုကျေးဇူးသည် လူကိုယ်စားလှယ်များအားဖြင့် သက်ရောက်သွားမည်အကြောင်း ဘုရားသခင်သည် လူတို့၏လက်ထဲတွင်ဥစ္စာဘဏ္ဍာများကိုပေးအပ်တော်မူ၏။ ဤအမှုကား၊ လူတို့အားဘုရားသခင် ချီးမြှောက်တောမူသောနည်းတစ်မျိုးဖြစ်သတည်း။ ထိုအမှုသည် လူ၏စိတ် နှလုံးထဲ၌ရှိ အလွန်ပြင်းထန်သည့်ထောက်ထားစာနာတတ်သောသဘောကို နှိုးဆော်ထကြွစေလျက် စိတ်၏အမြင့်မြတ်ဆုံးစွမ်းအားသတ္တိတို့ကို အသုံးချစေဖို့ရန် ပြုပြင်ပေးလိမ့်မည်ဖြစ်သောကြောင့် ၎င်းလုပ်ငန်းသည် လူ၌လိုအပ် သောအရာတစ်ခုဖြစ်ပေသည်။[၁]

မှန်ကန်သောနည်းဖြင့် ရက်ရောစွာစွန့်ကြဲပေးကမ်းခြင်းအမှုသည် လူတို့၏ဥာဏ်သတ္တိနှင့်အကျင့်ခွန်အားတို့ကို တိုးပွားစေလျက် ဒုက္ခိတတို့ အပေါ်၌ ကောင်းချီးမင်္ဂလာကိုသက်ရောက်စေရာ၌လည်းကောင်း၊ ဘုရားသခင် ၏အမှုတော်ကို တိုးတက်ကြီးပွားစေရာ၌လည်းကောင်း အမြတ်ဆုံးသော အပြုအမှုတို့ကိုပြုကျင့်စေရန် သူတို့အားထကြွနိုးကြားစေ၏။[၂]

ဒုက္ခရောက်နေသောညီအစ်ကိုတစ်စုံတစ်ယောက်အား ကူညီမစဖို့ (သို့မဟုတ်) ဖြောင့်မတ်ခြင်းတရားကိုဖြန့်ချိရေး၌ ဘုရားသခင်၏အမှုတော်ကို ထောက်ပံ့ကူညီဖို့ ရရှိသောအခွင့်အရေးတိုင်းသည် ကောင်းကင်ဘဏ္ဍာတိုက် ထဲ၌ လုံခြုံစွာထိန်းသိမ်းထားဖို့

သင်ကြိုတင်ပေးပို့နိုင်သော ပုလဲအသီးအသီး ဖြစ်ပေသည်။[၃]

## "ကြည်ညိုသောစေတနာစိတ်နှင့်ငါ့အားလှူသမျှသောသူတို့၌"

မိမိ၏အမှုတော်ကိုတိုးတက်ကြီးပွားစေရန် ဘုရားသခင်စီမံခန့်ထား တော်မူသည့် တစ်ခုတည်းသောနည်းလမ်းကား၊ လူတို့အား ဥစ္စာဘဏ္ဍာများ နှင့်ကောင်းချီး ပေးတော်မူခြင်းဖြစ်သတည်း။ ဘုရားသခင်သည် သူတို့အား နေအလင်းနှင့်မိုးရေကို ချပေးတော်မူ၏။ ဘုရားသခင်သည် ဟင်းသီးဟင်းရွက် များကိုပေါက်လာစေတော်မူ၏။ ကြေးငွေဥစ္စာပစ္စည်းများစုဆောင်းရရှိစေရန် ကျန်းမာခြင်းနှင့်အစွမ်းသတ္တိကိုပေး တော်မူ၏။ ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာ အပေါင်းသည် ဘုရားသခင်၏ကရုဏာ လက်တော်မှဆင်းသက်လာကြ၏။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ၊ ကျေးဇူးတော်ချီး မွမ်းခြင်းအမှု၊ ရက်ရောစွာ ပေးကမ်းခြင်းအလှူ၊ လွန်ကျူးမိသောအပြစ်အတွက်ပေး သောအလှူမှစသည် တို့ကို တချို့တစ်ဝက်ပြန်ပေးလှူခြင်းဖြင့် ယောကျ်ား၊ မိန်းမတို့ အား ကျေးဇူး ဆပ်စေဖို့ ဘုရားသခင်သည်အလိုရှိတော်မူ၏။[၄]

တဲတော်ဆောက်လုပ်ရာ၌လည်းကောင်း၊ ဗိမာန်တော်တည်ဆောက် ရာ၌ လည်းကောင်း ယုဒလူကရက်ရောစွာပေးကမ်းစွန့်ကြဲခြင်းအမှုသည် နောင်ကာလ အခါများတွင် ခရစ်ယာန်တို့မီအောင်မလိုက်နိုင်သော ပေးကမ်း စွန့်ကြဲခြင်းသဘောကို ပုံဆောင်ထား၏။ သူတို့သည် အဲဂုတ္တုပြည်၌ကြာမြင့်စွာ ကျွန်ခံနေရာမှ မကြာသေးမီ ကပင်လွတ်မြောက်လာကြ၍ တောထဲ၌လှည့်လည် နေရကြသောသူများဖြစ်ကြ၏။ သို့ရာတွင် မိမိတို့လျင်မြန်စွာခရီးထွက်လာ ရာတွင် သူတို့နောက်မှလိုက်လာသောအဲ ဂုတ္တုစစ်သူရဲတပ်ကြီးမှ ကယ်ဆယ် ခြင်းခံလိုက်ရသည်မှာ ဘာမှမကြာသေးမီ ထာဝရဘုရားသခင်၏နှုတ်ကပတ် တော်သည် မောရှေထံသို့ရောက်လာ၍ "ဣသရေ လအမျိုးသားတို့သည် ငါ့အား လက်ဆောင်ပဏ္ဏာကိုဆောင်ခဲ့ရမည်အကြောင်း ဆင့်ဆိုလော့၊ ကြည်ညိုသော စေတနာစိတ်နှင့် ငါ့အားလှူသမျှသောသူတို့၌ သင်သည်အလှူကိုခံရမည်" ဟု မိန့်တော်မူ၏။ ထွက် ၂၅း၂။

ဘုရားသခင်၏လူများတို့၌ ဥစ္စာအနည်းငယ်သာရှိကြ၍ တိုးပွား များပြား လာစရာအကြောင်းလည်းမရှိချေ။ သို့ရာတွင် ဘုရားသခင်အတွက် တဲတော်တစ်ခုကို ဆောက်လုပ်စရာအကြောင်းတစ်ခုသည် သူတို့ရှေ့၌တည်ရှိနေ၏ ထာဝရဘုရားသခင် သည်

သူတို့အားအမိန့်ပေးတော်မူသဖြင့် သူတို့ သည် ဘုရားသခင်၏စကားတော်ကိုလိုက်နာရကြမည်။ သူတို့သည် ဘယ် အရာကိုမျှချန်မထားကြချေ။ လူအပေါင်းတို့သည် စေတနာစိတ်နှင့်ပေးလှူကြ၏။ တိုးပွားလာသောဥစ္စာဘဏ္ဍာအချို့ကိုသာမဟုတ်ဘဲ မိမိတို့၏ရှိရင်း ဥစ္စာထဲမှများစွာပေးကြ၏။ သူတို့သည် ဝမ်းမြောက်စွာနှင့်စိတ်အားထက်သန် စွာပေးလှူကြသဖြင့် ထိုသို့ပြုခြင်းအမှုကို ထာဝရဘုရားသခင်ပင်လျှင် နှစ်သက် တော်မူ၏။ ထိုဥစ္စာရှိသမျှကို ဘုရားသခင်ပိုင်ဆိုင်တော်မူသည်မဟုတ်လော။ သူတို့၌ရှိသမျှတို့ကို ဘုရားသခင်ကပင်ပေးတော်မူခဲ့ပြီမဟုတ်လော။ ဘုရားသခင်က ၎င်းကိုတောင်းတော်မူလျှင် ချေးငှားတော်မူသောသခင်အား မိမိ၏ ဥစ္စာကိုပြန်ပေးအပ်ခြင်းအမှုသည် သူတို့၏တာဝန်ဖြစ်သည်မဟုတ်လော။

အတင်းအကျပ်တိုက်တွန်းနှိုးဆော်ခြင်းပြုဖို့မလိုချေ။ လူများတို့သည် လိုသည်ထက်ပိုမိုယူဆောင်လာကြ၍ ခန့်မှန်းထားသည်ထက် ပိုမိုရရှိနေပြီဖြစ် သောကြောင့် အလှူပေးမှုကိုရပ်တန့်ရန်ပင်ပြောယူရ၏။ တစ်ဖန် ဗိမာန်တော် ကိုတည်ဆောက်ရာ၌လည်း ငွေကြေးဥစ္စာများပေးလှူရန်တောင်းဆိုသောအခါ စိတ်အားထက်သန်စွာပေးကြသည်ကို တွေ့ရပြန်၏။ လူများတို့သည် တွန့်တိုသောစိတ်နှင့်ပေးကြသည်မဟုတ်။ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန်အတွက် အဆောက်အအုံကိုတည်ထောင်ဖို့မျှော်လင့်ကြလျက် သူတို့သည်ဝမ်းမြောက် ခြင်းရှိကြသဖြင့် ထိုလုပ်ငန်းအတွက် လိုသည်ထက်ပိုမို၍လှူဒါန်းပေးကမ်းကြ လေ၏။

ဟေဗြဲလူတို့ထက်သာ၍ကျယ်ဝန်းသောအလင်းတရားကို ရရှိကြသည် ဟု ကြွားဝါကြသောခရစ်ယာန်တို့သည် သူတို့ထက်လျော့၍ပေးလှူနိုင်ကြမည် လော။ ခေတ်ကာလကုန်ဆုံးလုနီးသောအခါတွင် အသက်ရှင်လျက်ရှိနေကြ သောခရစ်ယာန်တို့သည် ယုဒလူတို့၏အလှူငွေများ၏ ထက်ဝက်လောက်ရှိသော အလှူငွေများဖြင့် စိတ်ကျေနပ်နေနိုင်ကြသလော။၅

ထာဝရဘုရားသခင်သည် ကောင်းကင်ဆုကျေးဇူးတို့ကိုခံစားနေခဲ့ရ ကြသော သူတို့၏ အလိုအလျောက်ကြိုးစားအားထုတ်မှုနှင့် ပေးကမ်းလှူဒါန်း ခြင်းအမှုအပေါ်တွင် အားကိုးအားထားပြုလျက် မြေကြီးပေါ်တွင်အလင်းတရား နှင့်ဖြောင့်မတ်ခြင်းတရားကိုပျံ့နှံ့စေခြင်းအမှုကို စီမံတော်မူပြီ။ နှိုင်းယှဉ်ကြည့် လျှင် အနည်းငယ်သောသူတို့သာ သင်းအုပ်ဆရာများ (သို့မဟုတ်) သာသနာ ပြုသူများအဖြစ် ခရီးသွားလာဖို့အခွင့်ရရှိခဲ့ကြ၏။ သို့သော် လူထုတို့သည် မိမိတို့၏ ဥစ္စာဘဏ္ဍာများအားဖြင့် ဖြောင့်မတ်ခြင်းတရားကိုဖြန့်ချိခြင်းလုပ်ငန်းတွင် ပါဝင်ကူညီလုပ်ဆောင်ရကြမည်။

တစ်စုံတစ်ယောက်သောသူက ကောင်းပါပြီ၊ အမှုတော်အတွက်ပေးလှူ ဖို့ရာတောင်းနေသည်မှာ အမြဲလိုပင်ဖြစ်နေသဖြင့် ကျွန်ုပ်သည် ပေးရလွန်း သဖြင့် ငြီးငွေ့လာပြီဟုပြောဆို၏။ သင်သည် အကယ်ပင်ငြီးငွေ့နေသလော။ ထို့ကြောင့် ကျွန်ုပ်ကမေးပါရစေဦး။ သင်သည် ဘုရားသခင်၏ကရုဏာ လက်တော်မှရရှိနေသောအရာများအတွက် ငြီးငွေ့ခြင်းရှိပါသလော။ သင့်အား

ကောင်းချီးပေးခြင်းအမှုကို ဘုရားသခင်သည် ရပ်စဲမထားဘဲနေသည်တိုင်အောင် ဘုရားသခင်တောင်းတော်မူသောအဖို့ကို ပြန်ပေးဖို့တာဝန်ကို သင်သည်ရပ်စဲ ထားမည်လော။ သင်သည် သူတစ်ပါးအားကောင်းချီးပေးနိုင်သောအခွင့်တန်ခိုး ကိုရရှိစေမည်အကြောင်း ဘုရားသခင်သည် သင့်ကိုကောင်းချီးပေးတော်မူ၏။ သင်သည် ကျေးဇူးတော်ကိုခံယူရရှိရာ၌ ငြီးငွေ့လာသောအခါ ပေးလှူရန် များစွာတောင်းပန်နေသောအမှုကို ကျွန်ုပ်သည်ငြီးငွေ့လာပြီဟု သင်သည် ပြောဆိုနိုင်လိမ့်မည်။ ကျွန်ုပ်တို့ရရှိသမျှသောအရာအားလုံးထဲမှ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်အတွက် တစ်ဖို့ကိုသီးသန့်ထားတော်မူ၏။ ဤအဖို့ကို ဘုရားသခင်အားပြန်ပေးသောအခါ ကျန်သောအဖို့ကိုကောင်းချီးပေးတော်မူ၏။ သို့ရာတွင် ၎င်းကိုမပေးဘဲနေသောအခါ အလုံးစုံသည်ချက်ချင်း (သို့မဟုတ်) မကြာမီကျိန်ခြင်းခံရလေ၏။ ဘုရားသခင်တောင်းဆိုသောအရာကို ရှေးဦးစွာ ပြုလုပ်ရမည်။ အခြားသောအရာအသီးအသီးတို့ကို ဒုတိယပြုလုပ်ရမည်။[၆]

## ဆယ်ဖို့တစ်ဖို့ကိုဘုရားသခင်စီမံခန့်ထားတော်မူခြင်း

အလိုအလျောက်ပေးလှူသောအလှူနှင့်ဆယ်ဖို့တစ်ဖို့တို့သည် ဧဝံဂေလိတရား၏အခွန်အကောက်ဖြစ်သည်။ လူအားပေးအပ်ထားသောဥစ္စာဘဏ္ဍာ များထဲမှ ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့တည်းဟူသော တစ်စုံတစ်ခုသော အဖို့ကိုတောင်းတော်မူ၏။[၇]

ဘုရားသခင်က ကျွန်ုပ်တို့အပေါ်၌တောင်းဆိုသောအရာသည် အခြားတောင်းဆိုသောအရာတိုင်း၏အခြေခံဖြစ်သည်ကို လူအပေါင်းသတိပြုရကြ မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားကြွယ်ဝစွာချပေးတော်မူ၍ လူနှင့် ဘုရားသခင်ပြုတော်မူသောပဋိညာဉ်ကား၊ မိမိပိုင်ဆိုင်သောဥစ္စာများထဲမှ ဆယ်ဖို့တစ်ဖို့ကိုဘုရားသခင်အား ပြန်ပေးရမည်အကြောင်းတည်း။ ထာဝရ ဘုရားသခင်သည် မိမိ၏ဘဏ္ဍာများကို မိမိ၏ဘဏ္ဍာစိုးများအားပေးအပ်ထား တော်မူ၏။ သို့ရာတွင် ဆယ်ဖို့တစ်ဖို့သည် ငါ၏ဥစ္စာဖြစ်၏ဟုမိန့်တော်မူ၏။ ဘုရားသခင်သည်လူအား မိမိ၏ဥစ္စာကိုပေးတော်မူသောပမာဏအတိုင်း လူသည် မိမိရရှိသမျှသောဥစ္စာထဲမှ ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်အားသစ္စာ နှင့်ပြန်ပေးရမည်။ သခင်ယေရှုခရစ်ကိုယ်တော်တိုင်သည်လည်း ဤကဲ့သို့ သီးခြားစီမံထားတော်မူ၏။[၈]

ဤခေတ်ကာလအတွက် ဖြောင့်မတ်ခြင်းတရားကို မြေကြီး၏မှောင်မိုက်သောအစွန်းများသို့ ယူဆောင်သွားရမည်။ ၎င်းပြင် ဤအမှုကိုအိမ်ထောင် တွင်အစပြုရမည်။ သခင်ခရစ်တော်၏တပည့်တော်များတို့သည် ကိုယ်ကျိုး ရှာသောအသက်တာ၌မကျင်လည်အပ်။ သခင်ခရစ်တော်၏ဝိညာဉ်တော်နှင့် ပြည့်ဝလျက် ကိုယ်တော်၏အလိုတော်နှင့်ညီညွတ်စွာအမှုဆောင်ရွက်ရကြမည်။၁

သခင်ယေရှုသည် ကြီးကျယ်သောအမှုကြီးကိုပြုလုပ်ရန် ကြွလာတော် မူသည်ဟုမိန့်တော်မူ၍ ထိုအလုပ်ကြီးကိုမြေကြီးပေါ်ရှိ မိမိ၏တပည့်တော် တို့အား အပ်ထားတော်မူ၏။ ဤလုပ်ငန်းကိုအလိုအလျောက်ထောက်ပံ့နိုင်ရန် လုံလောက်သောငွေကိုရရှိနိုင်သောနည်းလမ်းကို ဘုရားသခင်သည် မိမိ၏ လူများအားပေးအပ်ထားတော်မူပြီ။ ဆယ်ဖို့တစ်ဖို့ပေးရန် ဘုရားသခင်စီမံ တော်မူသောစည်းကမ်းသည် အလွန်လွယ်ကူ၍ သမမျှတပေသည်။ ထိုစည်းကမ်း ကို ဘုရားသခင်ကအစပြုတော်မူသဖြင့် လူအပေါင်းတို့သည် ၎င်းကိုသစ္စာ နှင့်လည်းကောင်း၊ စိတ်အားထက်သန်ခြင်းနှင့်လည်းကောင်း လိုက်နာအပ် သည်။ ၎င်းစည်းကမ်းသည် လွယ်ကူ၍အသုံးကျသည်။ ၎င်းပြင် ၎င်းစည်းကမ်း ကိုနားလည်၍ကျင့်သုံးရန် ခက်ခဲစွာသင်ကြားနေဖို့မလို။ အဖိုးထိုက်သော ကယ်တင်ခြင်းအလုပ်ကို လူအားလုံးပါဝင်ဆောင်ရွက်နိုင်သည်ဟု ထင်မှတ် ကြလိမ့်မည်။ ယောကျ်ား၊ မိန်းမ၊ လူငယ်တိုင်းသည် ထာဝရဘုရားသခင် အတွက် ဘဏ္ဍာစိုးဖြစ်လာနိုင်ကြသည်။ ၎င်းပြင် ဘဏ္ဍာတိုက်က လိုအပ်သော ငွေကိုပေးနိုင်သောကိုယ်စားလှယ်အသီးအသီးဖြစ်နိုင်ကြသည်။ တမန်တော်က "အသီးအသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာတစ်ဖို့ကိုထုတ်၍စုထားကြ လော့" ဟုပြောဆိုထား၏။ ၁ကော ၁၆း၂။

ဤစည်းကမ်းအားဖြင့် ကြီးကျယ်သောရည်ရွယ်ချက်ကြီးများကို ဖြစ်မြောက်စေ၏။ လူအပေါင်းတို့သည် ဤစည်းကမ်းကိုလိုက်နာကြလျှင် အသီး အသီးတို့သည် ဘုရားသခင်အဖို့လုံ့လဝီရိယရှိလျက် သစ္စာရှိသောဘဏ္ဍာစိုးဖြစ် လာကြလိမ့်မည်။ လောကအား နောက်ဆုံးသတိပေးစကားကို ကြားပြောခြင်း အလုပ်ကြီးကို တိုးတက်ဆောင်ရွက်ရာ၌ ငွေကြေးမလုံလောက်ခြင်းရှိလိမ့်မည် မဟုတ်။ ဤစည်းကမ်းကို အသုံးပြုလျှင်

ဘဏ္ဍာတိုက်သည်ပြည့်နေလိမ့်မည်။ ၎င်းပြင် ပေးလှူသောသူတို့သည်လည်း သာ၍ ဆင်းရဲသွားကြမည်မဟုတ်။ စုဆောင်းထားသမျှအားဖြင့် ခေတ်ကာလ၏ဖြောင့်မတ် ခြင်းတရားကို ကြွေးကြော် ခြင်းအမှုတွင် သူတို့သည်သာ၍စည်းလုံးညီညွတ်ခြင်းရှိ လာကြလိမ့်မည်။ သူတို့သည် "မှန်သောအသက်ကိုဝင်စားလိုသောငှာ နောင်ဘဝ၌ ကောင်းသော ဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကို" ပြုကြလိမ့်မည်။ ၁တိ ၆း၁၉။

မိမိတို့၏ပေးကမ်းစွန့်ကြလိုသောသဘောသည် ဘုရားသခင်နှင့်လူ အချင်း ချင်းအပေါ်၌ မေတ္တာကိုပွားများစေကြောင်းကိုလည်းကောင်း၊ သူတို့ ကိုယ်တိုင်ကြိုး ပမ်းလုပ်ဆောင်မှုသည် အသုံးဝင်သောသဘောကို ထင်ရှားစေ ကြောင်းကိုလည်း ကောင်း စည်းကမ်းနှင့်ကြိုးစားလုပ်ဆောင်သောအမှုဆောင် တို့သည် သိမြင်လာကြ သောအခါ သခင်ခရစ်တော်နှင့်အတူ လုပ်ဖော်ဆောင် ဖက်ဖြစ်ရခြင်းသည် ကြီးကျယ် သောကောင်းချီးမင်္ဂလာတစ်ခုဖြစ်ကြောင်းကို သူတို့သိမြင်လာကြလိမ့်မည်။ လောက ကိုဖုံးလွှမ်းနေသော မှောင်မိုက်သော အကျင့်ကိုတိုက်ခိုက်ရေးတွင်ထောက်ပံ့ဖို့ရန် မိမိတို့ဥစ္စာထဲမှအလှူပေးရန် ဘုရားသခင်ကတောင်းဆိုနေသည်ကို အများအားဖြင့် ခရစ်ယာန်အသင်းတော် သည်မလိုက်နာချေ။ သခင်ခရစ်တော်၏တပည့်တော်များ သည် စိတ်အား ထက်သန်၍ ကြိုးစားအားထုတ်သောအမှုဆောင်ဖြစ်မလာကြလျှင် ဘုရားသခင်၏ အမှုတော်သည်တိုးတက်သင့်သလောက် ဘယ်အခါမျှတိုးတက်ခြင်း မရှိနိုင်။၀၀

## ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်ရခြင်း၏အခွင့်အရေး

ဘုရားသခင်သည် မိမိ၏အမှုတော်ကိုထောက်ပံ့ဖို့အတွက် လူကို မှီခိုအား ကိုးနေတော်မူသည်မဟုတ်။ လူအတွက်အကောင်းဆုံးအမှုဖြစ်သည်ဟု သိမြင်တော် မူလျှင် ဘုရားသခင်သည် ကောင်းကင်မှတိုက်ရိုက်ဥစ္စာဘဏ္ဍာကို ချပေးနိုင်တော်မူ သည်။ လူကိုအားမကိုးဘဲ ကောင်းကင်တမန်တို့သည် လောက အားဖြောင့်မတ်ခြင်း တရားကိုဖြန့်ချိရန် စေလွှတ်ခြင်းအမှုကို ဘုရားသခင်သည် ပြုလုပ်နိုင်တော်မူလိမ့် မည်။ ဘုရားသခင်သည် ကောင်းကင်၌ဖြောင့်မတ်ခြင်း တရားကိုရေးထားနိုင်၍ ၎င်းအားဖြင့် မိမိအလိုရှိသောအရာတို့ကို လောက အားထင်ရှားစွာဖော်ပြနိုင်တော်မူ ၏။ ဘုရားသခင်သည်

လူ၏ရွှေ၊ ငွေကို အားကိုးတော်မူသည်မဟုတ်။ ဘုရားသခင်က "တောတိရစ္ဆာန်ရှိသမျှတို့နှင့် တစ်ထောင်သောတောင်ပေါ်မှာရှိသောတိရစ္ဆာန်တို့သည် ငါ၏ဥစ္စာဖြစ်ကြ၏။ ငါသည်ငတ်မွတ်လျှင် သင့်ကိုမပြော။ လောကဓာတ်နှင့်လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏" ဟုမိန့်တော်မူ၏။ ဆာလံ ၅၀း၁၀၊၁၂။ ဘုရားသခင်၏ အမှုတော်တိုးတက်ဖို့ ကျွန်ုပ်တို့အားလုပ်ကိုင်ဆောင်ရွက်စေတော်မူရာ၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ကောင်းကျိုးကိုရည်ရွယ်လျက် စီမံထားတော် မူပါသည်။ ကျွန်ုပ်တို့ အား မိမိနှင့်အတူလုပ်ဖော်ဆောင်ဖက်ဖြစ်စေတော်မူခြင်း ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချီး မြှောက်တော်မူပြီ။ လူတို့သည် ပေးကမ်း ခြင်းအမှုကိုအမြဲပြုနိုင်မည်အကြောင်း လူသည်ကူညီ ဆောင်ရွက်သင့်သည်ဟု ဘုရားသခင်ကစီမံခန့်ထားတော်မူ၏။

ကျင့်ဝတ်နှင့်ဆိုင်သောတရားက ဥပုသ်နေ့ကိုစောင့်ရန် ပညတ်ထား ၏။ ထိုတရားကို ကျူးလွန်ခြင်းမပြု၊ ၎င်းကိုဖျက်ခြင်းဖြင့် ခံရမည့်အပြစ်ဒဏ် နှင့်ချည်နှောင်ခြင်းမခံရလျှင် ၎င်းကို စောင့်ခြင်းသည် ဝန်ထုပ်တစ်ခုမဟုတ်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းစည်းကမ်းသည် ၎င်းကိုမစွန့်ပယ် သောသူတို့အဖို့ ဝန်ထုပ် မဟုတ်။ ဟေဗြဲလူတို့အား ပညတ်ထားသောစည်းကမ်းကို အစပြုစီမံတော် မူသောသခင်သည် ၎င်းကိုမပြုပြင်မပြောင်းလဲချေ။ သခင်ခရစ်တော်အားဖြင့် သာ ကယ်တင်ခြင်းတ ရားသည် ခရစ်ယာန်ကာလတွင် သာ၍စုံလင်စွာထင်ရှား ရမည်ဖြစ်သောကြောင့် ထိုစည်းကမ်းသည် ယခုပျက်ကွက်သွားမည့်အစား ၎င်းကိုသာ၍ပြည့်စုံကျယ်ဝန်းစွာလိုက်နာဆောင်ရွက်ရကြမည်။

သခင်ခရစ်တော်အသေခံတော်မူပြီးနောက် တိုက်ခိုက်ပွဲကိုခံရပ်နိုင်စေ ခြင်းငှာ ကျယ်ပြန့် လာသောဧဝံဂေလိတရားကို သာ၍ကြီးကျယ်စွာထောက်ပံ့ ဖို့လိုသည်။ ထိုကြောင့် ဟေဗြဲလူတို့၏ အုပ်စိုးခြင်းလက်ထက်မှာထက် ပေးကမ်း စွန့်ကြဲခြင်းဥပဒေသည် သာ၍အရေးကြီးစွာလိုပေသည်။ လောကကြီး၏ အခြားသောကာလတစ်စုံတစ်ကာလမှာထက် ယခုဘုရားသခင်သည်မလျော့ဘဲ သာ၍များသောအလှူကိုအလိုရှိတော်မူ၏။ လက်ဆောင်နှင့်အလှူငွေကိုခံစား ရသောအလင်းတရားနှင့် ကောင်းချီးမင်္ဂလာအလျောက်ပေးကမ်းရမည်ဟု သခင်ယေရှုက အခြေခံစည်းကမ်းကိုထားတော်မူ၏။ ကိုယ်တော်က "အကြင် သူ၌ များစွာသောဥစ္စာကိုအပ်နှင်း၏။ ထိုသူကိုများစွာတောင်းလိမ့်မည်" ဟု မိန့်တော်မူ၏။ လု ၁၂း၄၈။[၁၁]

ဘုရားသခင်၏နှုတ်ကပတ်တော်မှအလင်းများသည် ထွန်းတောက် လျက်ရှိ၍ ဂရုမစိုက် ခဲ့သောအခွင့်အရေးများကိုသိရှိလာရန် နိုးကြားလာရကြ မည်။ လူအပေါင်းတို့သည် ဘုရားသခင် အားဆယ်ဖို့တစ်ဖို့နှင့်အလှူငွေတို့ အားဖြင့် မိမိပိုင်ဆိုင်ရာတို့ကိုပြန်ပေးရာ၌သစ္စာရှိကြ လျှင်ဤခေတ် ကာလ အတွက်သတင်းစကားကို လောကသည်ကြားသိဖို့လမ်းပွင့်လာလိမ့်မည်။ ဘုရားသခင်၏ လူများတို့စိတ်နှလုံးသည် သခင်ခရစ်တော်၏မေတ္တာနှင့်ပြည့်ဝ နေလျှင်၊အသင်းသားတိုင်းသည်ကိုယ် ကိုဆက်ကပ်ပူဇော်သောသဘောနှင့် လုံးလုံးပြည့်ဝနေကြလျှင်၊ အားလုံးတို့သည် လုံးလုံးစိတ်အား ထက်သန်မှုကို ပြလျှင် ပင်ရင်းဌာနအတွက်သော်လည်းကောင်း၊ နိုင်ငံခြားအတွက်သော်လည်း ကောင်း ငွေကြေးမလုံလောက်ခြင်းရှိမည်မဟုတ်။ ကျွန်ုပ်တို့၏ငွေများသည် အဆများစွာတိုးပွားလာလိမ့်မည်။

အသုံးဝင်သောလမ်းပေါင်းများစွာပွင့်လာ၍ ကျွန်ုပ်တို့အားဝင်လာရန်ဖိတ်ခေါ်လိမ့်မည်။ ကရုဏာတော်နှင့်ဆိုင်သောသတင်း စကားကို လောကအားကြားပြောရာ၌ ဘုရားသခင်၏အကြံတော်ကို မိမိ၏ လူများကလိုက်နာဆောင်ရွက်ကြလျှင် သခင်ခရစ်တော်သည် ဤအချိန်ထက် စော၍ မြေကြီးပေါ်သို့ကြွလာတော်မူလိမ့်မည်။ ၎င်းပြင် သန့်ရှင်းသူတို့သည် ဘုရားသခင်၏မြို့တော်ထဲသို့ဝင်ရကြလိမ့်မည်။[၁၂]

## ပေးတော်မူသောအတိုးအပွားထဲမှဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်တောင်းတော်မူခြင်း

ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းစည်းကမ်းသည် မောရှေလက်ထက်မရောက်မီကပင်တည်ရှိ၏။ သေချာသောစည်းကမ်းကို မောရှေအားမပေးမီ အာဒံ လက်ထက်ကပင် လူများတို့သည် ဘာသာရေးအတွက် ဘုရားသခင်အား လက်ဆောင်များကိုဆက်ကပ်ပေးလှူရကြ၏။ ဘုရားသခင်အလိုရှိတော်မူသည် အတိုင်း ဘုရားသခင်၏ကျေးဇူးကရုဏာနှင့်ကောင်းချီးမင်္ဂလာများအတွက် ကျေးဇူးဆပ်သောသဘောကို ယဇ်ပူဇော်သကာအားဖြင့် ဖော်ပြရကြသည်။ လူမျိုးအစဉ်အဆက် ဤအမှုကိုဆက်လက်ပြုကျင့်လာကြသဖြင့် အာဗြဟံသည် အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်မေလခိဇေဒက်အား ဆယ်ဖို့ တစ်ဖို့ကိုပေးလှူခြင်းဖြင့် ဤထုံးစံကိုလိုက်နာခဲ့၏။ ယောဘလက်ထက်၌လည်း ဤစည်းကမ်းဥပဒေသည်တည်ရှိခဲ့၏။ ကြေးငွေမရှိလှည့်လည်နေရ၍ အိမ်မှ ထွက်ပြေးနေရသောယာကုပ်သည် ဗေသလမြို့၌ ညဥ့်အခါတစ်ယောက်တည်း ကျောက်ကိုခေါင်းအုံးလျက်အိပ်စဉ် ထိုနေရာ၌ ထာဝရဘုရားအားပေးသနား တော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်ဟူ၍ သစ္စာပြုလေ၏။ က၊ ၂၈း၂၂။ ဘုရားသခင်က လူတို့အားပေးလှူစေရန် အတင်းအကျပ်စေခိုင်းတော် မူသည်မဟုတ်။ သူတို့ပေးသမျှသည် အလိုအလျောက်ပေးခြင်းဖြစ်ရမည်။ စေတနာမရှိဘဲပေးလှူသောအရာတို့နှင့် ဘဏ္ဍာတော်တိုက်ကိုပြည့်စေခြင်းငှာ အလိုရှိတော်မမူ။

အလိုရှိတော်မူသောပမာဏမှာ ဘုရားသခင်ကအတိုးအပွား၏ဆယ်ဖို့ တစ်ဖို့ဖြစ်သည်ဟု သတ်မှတ်ထားတော်မူ၏။ လူတို့သည် မိမိတို့၏အသိစိတ်

နှင့်ပေးလှူလိုသောစေတနာအလျောက် ဤအလှူကိုပေးရမည်။ ဤစည်းကမ်း ချက်ကို မိမိတို့သဘောအတိုင်းလွတ်လပ်စွာဝေဖန်ပိုင်းခြားပြုလုပ်ရမည်။ ၎င်းပြင် အသိစိတ်အလျောက် လွတ်လပ်စွာပြုလုပ်နိုင်သော်လည်း လူအပေါင်း တို့အဖို့ လိုက်နာရန်သေချာသောစီမံကိန်းတစ်ခုကိုပြုလုပ်ထားပြီ။ အတင်းအကျပ် ပြုလုပ်ဖို့မလိုပါ။

မောရှေ၏လက်ထက်၌ ဘုရားသခင်ကလူတို့အား သူတို့၏အတိုး အပွားရှိသမျှထဲမှ ဆယ်ဖို့တစ်ဖို့ကိုပေးလှူရန်မိန့်တော်မူပြီ။ ဘုရားသခင်သည် ဤအသက်တာ၏ဥစ္စာများကို လူတို့အားပေးအပ်တော်မူ၍ မိမိတို့အစွမ်းသတ္တိ အလျောက် ဥစ္စာများကိုတိုးပွားစေရမည်၊ ထိုနောက် ဘုရားသခင်အားပြန်၍ ပေးလှူရကြမည်။ သင်တို့အား ဘုရားသခင်ကကိုးဖို့ကိုပေး၍ ဆယ်ဖို့တစ်ဖို့သည်ငါ့ဥစ္စာဖြစ်၏ဟု မိန့်တော်မူ၏။ လူသည် ဆယ်ဖို့တစ်ဖို့ကိုမပေးလျှင် ဘုရားသခင်၏ဥစ္စာကိုလုယူ၏။ အပြစ်ဖြေခြင်းယဇ်၊ ငြိမ်သက်ခြင်းယဇ်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအလှူများကို အတိုးအပွား၏ဆယ်ဖို့တစ်ဖို့အပြင် ထပ်၍ပေးရဦးမည်။

ဘုရားသခင်တောင်းတော်မူသော အတိုးအပွား၏ဆယ်ဖို့တစ်ဖို့ကို မပေးဘဲနေသမျှတို့ကို ကောင်းကင်စာစောင်တွင်လုယူခြင်းအမှုကဲ့သို့မှတ်ထား ၏။ ထိုသို့သောသူသည်ဘုရားသခင်ကိုလှည့်ဖြား၏။ ၎င်းပြင် ဤသို့ ဂရုမစိုက်ပေါ့လျော့မှုအပြစ်ကို သူတို့သည်သိမြင်လာသောအခါ သူတို့၏အပြုအမူကိုပြောင်းလဲပြီး ထိုအခါမှစ၍ မှန်သောနည်းလမ်းအတိုင်းအစပြုရုံမျှနှင့်မလုံလောက်သေးပါ။ ချေးငှားသောသူအားပြန်ပေးဖို့ရန် အပ်နှံထားသောဥစ္စာကိုအလွဲသုံးစားပြုခြင်း အတွက်ကောင်းကင်စာရင်း တွင်မှတ်သားထားသော ဂဏန်းများကို ဤသို့ပြုခြင်းဖြင့်ပြင်၍ ရမည်မဟုတ်။ဘုရားသခင်အား သစ္စာ မရှိဘဲပြုမူခြင်း၊ ယုတ်ညံ့စွာကျေးဇူးကင်းမဲ့ခြင်းအတွက် နောင်တရဖို့လိုပေသည်။

ဘုရားသခင်၏လူတို့သည် ဘယ်ခေတ်ကာလ၌မဆို ဘုရားသခင်၏ စီမံကိန်းကို ဝမ်းမြောက်စွာစေတနာနှင့်လိုက်နာလျက် ဘုရားသခင်၏အလို တော်နှင့်အညီကျင့်၍ မိမိတို့၏ဥစ္စာများဖြင့် ဘုရားသခင်ကိုချီးမြှောက်ကြ သောအခါတိုင်း သူတို့၏စပါးကျီတို့သည် ပြည့်လျက်ရှိကြလိမ့်မည်။ သို့ရာတွင် သူတို့သည် ဘုရားသခင်ထံမှ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေတို့ကို လုယူထားကြသောအခါ သူတို့သည် ဘုရားသခင်၏ဥစ္စာကိုသာမက မိမိ တို့၏ဥစ္စာကိုပင်လုယူနေကြသည်ကို သိရှိရကြမည်။ အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်အားပေးလှူသောအလှူကို ကန့်သတ်ထားသည်နှင့် အမျှ ဘုရားသခင်ကလည်း သူတို့အားပေးတော်မူသောကောင်းချီးမင်္ဂလာများကို ကန့်သတ်ထားတော်မူ၏။[၃၃]

ကံမကောင်း၍အကြွေးတင်နေသောသူသည် မိမိ၏လူအချင်းချင်း အားအကြွေးပေးရန် ထာဝရဘုရား၏အဖို့ကိုမယူသင့်။ ဤအမှုကိစ္စတို့တွင် သူသည်စုံစမ်းခြင်းခံနေရသည်ကိုလည်းကောင်း၊ ထာဝရဘုရားသခင်၏အဖို့ကို မိမိအတွက်အသုံးပြုခြင်းသည် ပေးတော်မူသောသခင်၏ဥစ္စာကိုလုယူခြင်းဖြစ် သည်ကိုလည်းကောင်း သူသည်ဆင်ခြင်အပ်သည်။ သူသည် သူ၌ရှိသမျှ

အတွက် ဘုရားသခင်အားကြွေးတင်နေသူဖြစ်၏။ သို့ရာတွင် လူတို့၏အကြွေး အတွက် ထာဝရဘုရားသခင်က သီးသန့်ထားသောငွေကိုအသုံးပြုသောအခါ သူသည်နှစ်ဆကြွေးတင်နေသောသူဖြစ်လာ၏။ "ဘုရားသခင်၌သစ္စာမရှိ" ဟူသောစကားကို ကောင်းကင်စာရင်း၌ သူ၏အမည်တွင်ရေးထား၏။ မိမိ သက်သာစေဖို့ ထာဝရဘုရားသခင်၏ဥစ္စာကိုအသုံးပြုခြင်း အတွက် သူသည် ဘုရားသခင်နှင့်စာရင်းရှင်းရလိမ့်မည်။ ဘုရားသခင်၏ငွေများကိုအလွဲသုံးစားပြုရာ၌ ထင်ရှားသောစည်းကမ်းမရှိသေမှုတို့ကို အခြားကိစ္စများတွင်လည်း တွေ့မြင်ရလိမ့်မည်။ မိမိ၏အလုပ်နှင့်ဆိုင်သောကိစ္စများတွင်လည်း ဤကဲ့သို့ သောသဘောကိုတွေ့မြင်ရလိမ့်မည်။ ဘုရားသခင်၏ဥစ္စာကိုလုယူသောသူသည် အထက်ကောင်းကင်၌ ဘုရားသခင်၏အိမ်ထောင်တွင် ဝင်စားခွင့်ကိုမရရှိစေ နိုင်သောအကျင့်မျိုးကို ပွားများစေ၏။၁၄

## ပူဇော်ခြင်းကိုနှိုးဆော်သောမေတ္တာအားဖြင့်ဘုရားသခင်သည် အလှူကိုတန်ဖိုးထားတော်မူ၏

သန့်ရှင်းရာဌာန၏ချိန်ခွင်များတွင် သခင်ခရစ်တော်ကိုချစ်၍ပေးသော ဆင်းရဲသား၏အလှူများကိုပေးလှူသောပမာဏအားဖြင့် တန်ဖိုးမထားဘဲပူဇော် ခြင်းကို နှိုးဆော်သောမေတ္တာအလျောက် တန်ဖိုးထား၏။ များစွာပေးကမ်း သောလူချမ်းသာကဲ့သို့ပင်နည်းသော်လည်း စေတနာနှင့်ပေးသော လူဆင်းရဲ သည် သခင်ယေရှု၏ကတိတော်များကို အမှန်ပင်အကျိုးခံစားခွင့်ရှိပါသည်။ လူဆင်းရဲသည် မိမိ၏အနည်းငယ်သောဥစ္စာကို အကယ်ပင်စိတ်ပါစွာနှင့် ပူဇော်လေ၏။ မိမိသက်သာရေးအတွက် လိုအပ်သောအရာအချို့ကို သူသည် အကယ်ပင်ငြင်းပယ်ခဲ့လေပြီ၊ သူဌေးမူကား မိမိ၏များစွာသောဥစ္စာထဲမှဝေး၍ မိမိ၌လိုအပ်သောအရာမရှိသဖြင့် သူသည် မိမိ၌အကယ်ပင်လိုနေသောအရာကိုငြင်းပယ်သည်မဟုတ်။ ထိုကြောင့် သူဌေးသည် များစွာသောဥစ္စာထဲက ပေးလှူသဖြင့် ဆင်းရဲသောသူ၏အလှူတွင် တွေ့ရှိရသောသန့်ရှင်းခြင်းသဘော ကို သူဌေး၏အလှူတွင်မတွေ့ရ။ စည်းကမ်းစနစ်ဖြင့်ပေးလှူခြင်းအမှုကို ဘုရားသခင်သည် လူ၏အကျိုးအတွက်စီမံပြုလုပ်ထားတော်မူ၏။ ဘုရားသခင် စီမံတော်မူသောအမှုသည် ဘယ်အခါမျှရပ်စဲမသွားချေ။ ဘုရားသခင်၏ကျွန်သည် ဘုရားသခင်စီမံတော်မူသည့်အတိုင်း လိုက်နာစောင့်ရှောက်လျှင် လူ အပေါင်းတို့သည် အမြဲဝီရိယရှိသောအမှုဆောင်များဖြစ်ကြလိမ့်မည်။၁၅

ကလေးသူငယ်တို့၏အလှူကို ဘုရားသခင်သည်လက်ခံ၍ နှစ်သက် တော်မူ၏။ အလှူကိုပေးဖို့နှိုးဆော်သောသဘောအလျောက် အလှူသည်တန်ဖိုး ရှိ၏။ ဆင်းရဲသူသည် တမန်တော်၏ဥပဒေကိုလိုက်နာလျက် အပတ်တိုင်း

ငွေအနည်းငယ်ကိုစုဆောင်းထားခြင်းဖြင့် ဘဏ္ဍာတော်ကိုတိုးပွားစေရန်ကူညီ သဖြင့် သူတို့၏အလှူကိုဘုရားသခင်လက်ခံတော်မူ၏။ အကြောင်းကား၊ သူတို့သည် ချမ်းသာသောညီအစ်ကိုတို့လောက်ကြီးကျယ်သောပူဇော်ခြင်း၊ ၎င်းပြင် သာ၍ကြီးကျယ်သောပူဇော်ခြင်းကိုပြုကြ၏။ စည်းကမ်းစနစ်နှင့်ပေးလှူခြင်းနည်းသည်အိမ်ထောင် တိုင်းမလိုအပ်သောအရာတို့အတွက်ဖြုန်းတီး ရန် သွေးဆောင်ခြင်းမှကာကွယ်ပေးလိမ့်မည်။ အထူးသဖြင့် သူဌေးတို့အား အလွန်အမင်းဖြုန်းတီးခြင်းမှကာကွယ်ပေးခြင်းဖြင့် ကောင်းချီးမင်္ဂလာတစ်ခုဖြစ် လိမ့်မည်။[၁၆]

စိတ်နှလုံးပါလျက် ရက်ရောစွာပေးကမ်းခြင်း၏အကျိုးကား၊ စိတ်နှလုံးကိုဝိညာဉ်တော်နှင့်ရင်းနှီးစွာဆက်ဆံစေဖို့ လမ်းပြခြင်းဖြစ်သတည်း။[၁၇]

ဘုရားသခင်၏အမှုတော်အတွက် ပေးလှူခြင်းနှင့်ဆိုင်သောဥပဒေကို ပေါလုကဖော်ပြထားပါသည်။ ၎င်းပြင် ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ဘုရားသခင် အဖို့ မည်ကဲ့သို့အကျိုးရှိကြောင်းကိုလည်း ပြောပြထားပါသည်။ "လူတိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ မလှူဘဲမနေရဟု စိတ်ထင်နှင့်မလှူရ။ အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။" "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည် ဟုမှတ်ကြလော့။" သင်တို့သည် အရာရာ၌သုံးလောက်သောဥစ္စာအမျိုးမျိုး အစဉ်ရှိ၍ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့်ပြည့်စုံမည်အကြောင်း အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့်ပြည့်စုံစေခြင်းငှာ ဘုရားသခင် တတ်နိုင်တော်မူ၏။ မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာ အာဟာရကိုလည်းကောင်း ပေးတော်မူသောသူသည် သင်တို့အား မျိုးစေ့ကို ပေး၍ ပွားများစေတော်မူမည်။ သင်တို့၏ဖြောင့်မတ်ခြင်းကိုလည်း ကြွယ်ဝစေတော်မူမည်။ ထိုသို့သင်တို့သည် စေတနာစိတ်နှင့် အမျိုးမျိုးသောစွန့်ကြဲပေးကမ်းခြင်းအလိုငှာ အရာရာ၌ကြွယ်ဝခြင်းရှိသည်ဖြစ်၍ ငါတို့အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်းအများနှင့်ပြည့်စုံလျက် ရှိ၏။ ၂ကော ၉း၆–၁၁။[၁၈]

## ဥစ္စာပစ္စည်းကိုသင့်လျော်စွာခွဲဝေပေးခြင်း

ကောင်းသောဥာဏ်၊ ဝေဖန်ပိုင်းခြားတတ်သောဥာဏ်ရှိလျက်၊ မိဘ တို့သည် ဆုတောင်းခြင်းနှင့်ဆင်ခြင်လျက်၊ သမ္မာတရား၌လည်းကောင်း၊ ဘုရားသခင်၏အလိုတော်၌လည်းကောင်း သိကျွမ်းနားလည်သောသူတို့ကို တိုင်ပင်ဆွေးနွေးလျက် မိမိတို့၏ဥစ္စာပစ္စည်းကို ခွဲဝေပေးရမည်။

သူတို့၌ဒုက္ခဆင်းရဲခြင်းရောက်နေလျက် ငွေကြေးကိုလိမ္မာစွာသုံးစွဲ တတ်သောသားသမီး ရှိကြလျှင် သူတို့အတွက်စဉ်းစားရမည်။ သို့ရာတွင် သူတို့၌မယုံကြည်သောသားသမီးများရှိကြလျက် သူတို့သည် လောက၌ကြွယ်ဝ ပြည့်စုံ၍ လောကတွင်အလုပ်လုပ်နေကြလျှင် သူတို့သည် သားသမီး ဖြစ် သောကြောင့် သူတို့လက်ထဲ၌ဥစ္စာပစ္စည်းကိုဝေငှပေးခြင်းဖြင့် သူတို့သည် သူတို့အား မိမိ၏ ဘဏ္ဍာစိုးအဖြစ်ခန့်ထားတော်မူသောသခင်ကို ပြစ်မှားကြ ၏။ ဘုရားသခင်တောင်းဆိုတော်မူသော အရာတို့ကို ပေါ့ပေါ့ဆဆသဘော မထားအပ်။

မိဘတို့သည် သေတမ်းစာကိုပြုလုပ်ထားသောကြောင့် ဘုရားသခင် ၏အမှုတော်အတွက် ကြေးငွေဥစ္စာပေးလှူခြင်းအမှုကို မိမိတို့အသက်ရှင်နေစဉ် မပြုလုပ်ဘဲမနေသင့်သည်ကို သေချာစွာ သိနားလည်အပ်သည်။ ဤအမှုကို သူတို့ပြုရမည်။ သူတို့အသက်ရှင်စဉ် ပိုလျှံသောဥစ္စာများကိုပေးကမ်းခြင်း၌ ဤလောကတွင်စိတ်ကျေနပ်ခြင်းရှိကြလျက် နောင်ဘဝတွင်အကျိုးခံစားရကြ လိမ့်မည်။ ဘုရားသခင်၏အမှုတော်တိုးတက်ရေးအတွက် သူတို့သည် မိမိ တို့၏တာဝန်ကိုဆောင်ရွက်ရမည်။ ဘုရားသခင်က သူတို့အားချေးငှားထား သောဥစ္စာကို ကိုယ်တော်၏စပျစ်ဥယျာဉ်၌လုပ်ဆောင်ဖို့လို သောအလုပ်အတွက် သူတို့သည် အသုံးပြုရကြမည်။[၁၉]

မိမိတို့၏ဥစ္စာကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့မပေးဘဲ မိမိ တို့၏သားသမီးများအတွက်စုဆောင်းထားခြင်းသည် သားသမီးတို့၏ဝိညာဉ် ရေးကို ဘေးဖြစ်စေတတ်၏။ မိမိတို့ကိုယ်တိုင်အတွက် ထိမိ၍လဲစရာဖြစ် သော မိမိတို့၏ပစ္စည်းကို သူတို့သည် သားသမီးတို့၏လမ်းတွင်ထားကြခြင်း ဖြင့် သားသမီးတို့ကိုပျက်စီးခြင်းသို့ရောက်စေရန် ထိမိ၍လဲစေကြလိမ့်မည်။ အများသောသူတို့သည် ဤအသက်တာ၏အရာများနှင့်ဆိုင်၍ ကြီးစွာသော အမှားကိုပြုတတ်ကြသည်။ ဘုရားသခင်ကသူတို့အားချေးငှားသောဥစ္စာကို မှန်ကန်စွာအသုံးပြုခြင်းဖြင့် ရရှိသောအကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်နှင့် သူတစ်ပါးအတွက်အသုံးမပြုဘဲ သူတို့သည်ချွေတာသဖြင့် ကိုယ်ကျိုးရှာလျက် လောဘကြီးသောသူဖြစ်လာကြ၏။ သူတို့သည် မိမိတို့အသုံးမပြုနိုင်သော ပစ္စည်းဥစ္စာကို စုဆောင်းခြင်းအလိုငှာ မိမိတို့ဝိညာဉ်ရေးတွင်ဂရုမစိုက်ဘဲနေ လျက် ဘုရားတရားရေးတွင် တိုးတက်ခြင်းမရှိကြတော့ချေ။ သူတို့သည် မိမိတို့၏ဥစ္စာကို သားသမီးတို့အတွက်ထားခဲ့သဖြင့် မိမိတို့ကိုယ်တိုင်ထက် သူတို့၏အမွေခံများအဖို့ ဆယ်ခါတွင်ကိုးခါလောက် သာ၍ကြီးသောကျိန်ခြင်း ကိုပင်ဖြစ်စေ၏။ မိဘတို့၏ပစ္စည်းကို အားကိုးနေသောသားသမီးတို့သည် ဤအသက်တာ၌ အောင်မြင်ခြင်းမရှိတတ်၊ ၎င်းပြင် နောင်ဘဝ၌လည်း လုံးလုံး အောင်မြင်ခြင်းမရနိုင်။

သားသမီးတို့အတွက် မိဘများကထားခဲ့နိုင်သောအကောင်းဆုံးအမွေ ကား၊ အသုံးကျသောအလုပ်အကိုင်ကို သိကျွမ်းနားလည်သောဉာဏ်နှင့် ကိုယ်ကျိုးမရှာဘဲ ရက်ရောစွာပေးကမ်းတတ်သောအကျင့်၏ပုံသက်သေဖြစ် သည်။ ထိုသို့သောအသက်တာမျိုးအားဖြင့် ငွေကြေး၏မှန်ကန်သောတန်ဖိုး အကြောင်းကို သူတို့ကထင်ရှားစေ၏။ သူတို့၌လိုသောအရာနှင့် အခြားသူတို့ ၏ဆင်းရဲခြင်းကို သက်သာဖြည့်စွက်စေရာ၌လည်းကောင်း၊ ဘုရားသခင်၏ အမှုတော်တိုးတက်ရေးတွင်လည်းကောင်း ကောင်းကျိုးကိုဖြစ်မြောက်စေ သည်အတွက်ငင်းအမှုကို ဂုဏ်ယူစရာအကြောင်းရှိပေသည်။[၂၀]

**စည်းစိမ်တိုးပွားလျှင် ၎င်းတို့၌စွဲလမ်းခြင်းမရှိသင့်**

ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အထူးစည်းကမ်းကို ဘုရားသခင်၏ပညတ် ကဲ့သို့ တည်မြဲသောအခြေခံတရားပေါ်၌အခြေတည်ထားသည်။ ဤသို့ဆယ်ဖို့ တစ်ဖို့ပေးခြင်း စည်းကမ်းသည် ယုဒလူတို့အဖို့ ကောင်းချီးမင်္ဂလာတစ်ခုဖြစ် သည်။ (သို့မဟုတ်) ဘုရားသခင်သည် သူတို့အား ၎င်းကိုပေးတော်မူမည် မဟုတ်။ ထိုအတူ အဆုံးကာလတိုင်အောင် ထိုစည်းကမ်းကိုလိုက်နာပြုကျင့် သောသူတို့အဖို့လည်း ကောင်းချီးမင်္ဂလာတစ်ခုဖြစ်လိမ့်မည်။

ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့ရာ၌ အလွန်စည်းကမ်းရှိ၍ ရက်ရောသောအသင်းတော်တို့သည် ဝိညာဉ်ရေး၌အလွန်တိုးတက်အောင်မြင် လျက်ရှိကြပါသည်။ အမှန်ရက်ရောသောစိတ်ရှိသောတပည့်တော်သည် မိမိ ၏စိတ်ဝင်စားမှုကို သခင်ခရစ်တော်၏စိတ်ဝင်စားမှုနှင့် ထပ်တူထပ်မျှဖြစ်စေ ၏။ မိမိတို့ဖြုန်းသောပိုက်ဆံတိုင်းအတွက် ဘုရားသခင်အားစာရင်းပြရမည် ကို ငွေကြေးရှိသောသူတို့သည် သိရှိနားလည်ကြလျှင် သူတို့၌လိုနေသည် ထင်သောအရာတို့သည် များစွာလျော့သွားလိမ့်မည်။ အသိစိတ်သည် ထကြွ နိုးကြားလာလျှင် အစားကြူးခြင်း၊ ကြွားဝါခြင်း၊ အချည်းနှီးသောအရာများ၊ အပျော်အပါးခံစားခြင်းများအတွက်မလိုဘဲ အသုံးပြုခြင်းအမှုတို့ကိုသက်သေ ပြလျက် ဘုရားသခင်၏အမှုတော်အတွက်အသုံးပြုရမည်ဖြစ်သော ထာဝရ ဘုရားသခင်၏ငွေကိုဖြုန်းတီးခြင်းအမှုကို အစီရင်ခံလိမ့်မည်။ ထာဝရဘုရားသခင် ၏ဥစ္စာကို အချည်းနှီးဖြုန်းတီးသောသူတို့သည် နောက်များမကြာမီ မိမိတို့ ပြုခဲ့သောအမှုများအတွက် ဘုရားသခင်ကိုစာရင်းပြရကြလိမ့်မည်။

ခရစ်ယာန်ဟုခေါ်နေသောသူတို့သည် မိမိတို့ကိုယ်ကိုတန်ဆာဆင် ရာ၌လည်းကောင်း၊ အိမ်ကိုလှပအောင်ပြုပြင်ရာ၌လည်းကောင်း မိမိတို့၏

ဥစ္စာကိုလျှော့၍သုံးကြလျက် ကျန်းမာခြင်းကိုထိခိုက်စေတတ်၍ ပိုလျှံလွန်းသော အပျော်အပါးစည်းစိမ်တို့အတွက် လျှော့၍ဝယ်ကြလျှင် သူတို့သည် ဘုရားသခင် ၏ဘဏ္ဍာတိုက်တွင် များစွာသောငွေကိုပေးနိုင်ကြလိမ့်မည်။ ထိုသို့အားဖြင့် ကောင်းကင်၊ မိမိ၏စည်းစိမ်နှင့်ဘုန်းအသရေကိုစွန့်လျက် ကျွန်ုပ်တို့သည် ထာဝရစည်းစိမ်ကိုဝင်စားရကြမည်အကြောင်း ကျွန်ုပ်တို့အတွက် ဆင်းရဲခြင်းအဖြစ်သို့ရောက်တော်မူသောရွေးနုတ်ရှင်ကို သူတို့သည်အတုယူကြလိမ့်မည်။

သို့ရာတွင် အများသောသူတို့သည် လောကဘဏ္ဍာကိုဆည်းပူးစပြု ကြသောအခါ အလိုရှိသောငွေကိုပိုင်ဆိုင်ရရှိနိုင်ရန် မည်မျှကြာရှည်စွာစုဆောင်း ရမည်နည်းဟု အစပြုတွက်ချက်တတ်ကြသည်။ ဘဏ္ဍာများစွာစုဆောင်းဖို့ စိုးရိမ်ပူဆွေးနေခြင်းဖြင့် သူတို့သည် ဘုရားသခင်ဘက်၌ကြွယ်ဝချမ်းသာလာ ဖို့ မအောင်မြင်ကြချေ။ သူတို့၏စုဆောင်းမှုကြောင့် ရက်ရောသောစိတ်သည် လျော့ပါးသွား၏။ ဥစ္စာကိုတပ်မက်သောစိတ်သည် တိုးပွားလာသောအခါ သူတို့သည် မိမိတို့၏ဥစ္စာ၌စိတ်စွဲလမ်းလာကြလေ၏။ ထာဝရဘုရားသခင် အား ဆယ်ဖို့တစ်ဖို့ပေးရခြင်းသည် ပြင်းထန်၍မတရားသောအခွန်ဖြစ်သည်ဟု အချို့တို့ကထင်မှတ်လာသည့်တိုင်အောင် ဥစ္စာဘဏ္ဍာတိုးပွားလာခြင်းအားဖြင့် သာ၍လိုချင်သောဆန္ဒသည် ဖြစ်ပေါ်လာ၏။

"ဥစ္စာများပြားလျှင်စိတ်စွဲလမ်းခြင်းမရှိကြနှင့်" ဟု ဝိညာဉ်တော်က မိန့်တော်မူ၏။ ဆာ ၆၂:၁၀။ တစ်စုံတစ်ယောက်သောသူကဲ့သို့ ချမ်းသာ ကြွယ်ဝလာလျှင် ဘုရားသခင်၏ဘဏ္ဍာတော်ထဲသို့ အလှူငွေများကို အဆ များစွာပိုပေးမည်။ ကျွန်ုပ်တို့၏ဥစ္စာတို့ကို ဘာမျှမလုပ်ဘဲ ဘုရားသခင်၏ အမှုတော်တိုးပွားရေးအတွက်အသုံးပြုမည်ဟု လူအများကပြောတတ်ကြသည်။ ဘုရားသခင်သည် အချို့သောသူတို့အား စည်းစိမ်ချမ်းသာကိုပေးတော်မူခြင်း ဖြင့် စုံစမ်းတော်မူ၏။ သို့သော် စည်းစိမ်ချမ်းသာနှင့်အတူ သာ၍ကြောက် စရာကောင်းသောစုံစမ်းခြင်းရောက်ရှိလာ၍ သူတို့၏ရက်ရောသောစိတ်သည် ဆင်းရဲစဉ်အခါကထက် သာ၍လျော့ပါးသွားလေ၏။ သာ၍ချမ်းသာကြွယ်ဝ လိုသောသဘောသည် သူတို့၏စိတ်နှလုံးထဲ၌စွဲမြဲနေသဖြင့် သူတို့သည် ပုံတူကိုးကွယ်ခြင်းအပြစ်ကိုပင် လွန်ကျူးလာကြ၏။[၂၁]

## ဘုရားသခင်အားပြုသောကတိသစ္စာသည် စည်းနှောင်ထား၍သန့်ရှင်း၏

လူတိုင်းသည် မိမိအတွက်ရာပြုတ်ဖြစ်၍ မိမိ၏စိတ်ထဲ၌ကြံစည် ထားသည့်အတိုင်း ပေးလှူနိုင်သည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းစည်းကမ်း၌ ဘုရားသခင်တောင်းတော်မူသောအဖို့ကိုမပေးဘဲနေလျှင် ညီအစ်ကိုတို့သည် ဘယ်အခါမျှသိမည်မဟုတ်ဟု ထင်မှတ်ကြလျက် အာနနိနှင့် ရှဖိရေတို့၏အပြစ် မျိုးကို ကျူးလွန်နေသောသူများရှိကြသည်။ ထိုအတူ အပြစ်သင့်သောထိုလူ

နှစ်ဦးသည် ထင်မှတ်ကြလျက် ကျွန်ုပ်တို့အဖို့သတိပေးသောပုံသက်သေဖြစ်၏။ ဤကိစ္စ၌ ဘုရားသခင်သည် စိတ်နှလုံးကိုစစ်ဆေးတော်မူကြောင်းဖော်ပြ၏။ လူ၏ အကြံအစည်၊ စိတ်ဆန္ဒကို ဘုရားသခင်ထံတော်မှဝှက်မထားနိုင်။ လူတို့ ၏စိတ်ထဲ၌ အစဉ်သဖြင့်ပြုလေ့ရှိသောအပြစ်ကိုရှောင်ကြဉ်ရန် ဘုရားသခင် သည် ခရစ်ယာန်တို့ အားအမြဲသတိပေးလျက် ပုံသက်သေကိုပြထားတော်မူပြီ။

ညီအစ်ကိုမောင်နှမတို့ရှေ့တွင် ငွေအချို့ကိုပေးလှူရန် နှုတ်ဖြင့်လည်းကောင်း၊ စာရွက်ဖြင့်လည်းကောင်း ကတိသစ္စာပြုသောအခါ ဘုရားသခင်နှင့် ကျွန်ုပ်တို့စပ်ကြား ပြုလုပ်သောစာချုပ်တို့သည် မျက်မြင်သက်သေဖြစ်ကြသည်။ ကတိသစ္စာမှာ လူနှင့် ပြုသည်မဟုတ်ဘဲ ဘုရားသခင်နှင့်ပြုခြင်းဖြစ်၍ အိမ်နီး ချင်းအားရေးပေးထားသော စာရွက်ကလေးကဲ့သို့ဖြစ်၏။ ငွေပေးဖို့ရန်အတွက် ဘုရားသခင်အားကတိသစ္စာပြုခြင်း ထက် အဘယ်စာချုပ်စာတမ်းမျှ ခရစ်ယာန် အပေါ်၌သာ၍ ခိုင်မြဲစွာချည်နှောင်နေ သည်မဟုတ်။

မိမိတို့လူအချင်းချင်းအား ထိုကတိသစ္စာပြုထားသောသူတို့သည် မိမိ တို့ကတိကိုပယ်ဖျက်ဖို့ အများအားဖြင့်စဉ်းစားကြသည်မဟုတ်။ အလုံးစုံတို့ကို ကျေးဇူးပြုတော်မူသောဘုရားသခင်အား ပြုသောကတိသစ္စာသည် သာ၍ အရေးကြီး သေး၏။ ထိုကြောင့် အဘယ်ကြောင့်ဘုရားသခင်အား ကျွန်ုပ်တို့ ပြုသောကတိ သစ္စာကိုပယ်ဖျက်ရန် ကြံစည်ကြသနည်း။ ဘုရားသခင်အားကတိ ထားသောကြောင့် ထိုကတိသည် အနည်းငယ်သာချည်နှောင်ခြင်းရှိသည်ဟု လူသည်ထင်မှတ်ရမည် လော။ သူ၏ကတိသစ္စာကို တရားရုံး၌စစ်ဆေးခြင်း ပြုမည်မဟုတ်သောကြောင့် ၎င်းသည် ခိုင်လုံခြင်းမရှိလှဟုထင်မှတ်သလော။ အကန့်အသတ်မရှိပူဇော်သော သခင်ယေရှုခရစ်၏အသွေးတော်အားဖြင့် ကယ်ဆယ်ခြင်းခံရသည်ဟုဆိုသောသူသည် ဘုရားသခင်၏ဥစ္စာကိုလုယူရ မည်လော။ သူ၏ကတိနှင့်အပြုအမူများကို ကောင်း ကင်တရားရုံးတော်၌ တရားသဖြင့်ချိန်ခွင်၌ချိန်စက်ခြင်းကို ပြုသည်မဟုတ်လော။

အသင်းသားအသီးအသီးတို့၏ကတိခံဝန်ချက်များအတွက် အသင်း တော်၌တာဝန်ရှိသည်။ ညီအစ်ကိုတစ်ယောက်သည် မိမိ၏ကတိကိုတည်စေ ရန် သတိမပြုဘဲနေသည်ကိုမြင်လျှင် သူတို့သည် သူ့အားကြင်နာစွာထင်ထင်

ရှားရှားအကြံဉာဏ်ပေးလျက် တောင်းပန်ပြောဆိုရမည်။ သူသည် မိမိ၏ ကတိအတိုင်းပေးနိုင်ဖို့ ခဲယဉ်းနေသောအခြေအနေ၌ရှိ၍ သူသည်ကောင်း သောအသင်းသားဖြစ်လျက် စေတနာရှိတတ်သောသူဖြစ်လျှင် အသင်းတော် သည် သူ့ကိုကြင်နာခြင်းနှင့်မစကူညီရမည်။ ထိုသို့အားဖြင့် သူတို့သည် အခက်အခဲကိုအောင်မြင်၍ မိမိတို့ကိုယ်တိုင်သည်လည်း ကောင်းချီးမင်္ဂလာ ကိုရရှိနိုင်ကြသည်။[၂၂]

## ကျေးဇူးတော်ချီးမွမ်းခြင်းအလှူကိုဆင်းရဲသူတို့အဖို့ သီးသန့်ထားရမည်

အသင်းတော်တိုင်း၌ ဆင်းရဲသူတို့အဖို့ ရန်ပုံငွေတစ်ခုကိုသီးသန့် ထားရမည်။ ထိုနောက် အသင်းသားအသီးအသီးတို့သည် တစ်ပတ်တစ်ခါ (သို့မဟုတ်) တစ်လတစ်ခါကျေးဇူးတော်ချီးမွမ်းခြင်းအလှူကိုပေးပါစေ။ ဤ အလှူငွေအားဖြင့် ကျန်းမာခြင်း၊ အစားအသောက်နှင့် တော်လျော်သောအဝတ် တို့အတွက် ကျွန်ုပ်တို့ကကျေးဇူးတင်ကြောင်း ဖော်ပြကြလိမ့်မည်။ ဘုရားသခင် သည် ဤသက်သာစေသောအရာများဖြင့် ကျွန်ုပ်တို့ကိုကောင်းချီးပေးတော် မူသည့်အလျောက် ကျွန်ုပ်တို့သည် ဆင်းရဲသူများ၊ ဒုက္ခရောက်သောသူများ တို့အတွက် အလှူငွေများကိုပေးကြပါမည်လော။ ညီအစ်ကိုမောင်နှမများအား ဤအချက်ကိုအထူးသတိပြုစေလိုပါသည်။ ဆင်းရဲသူတို့ကိုသတိပြုကြပါ။ သင်တို့၏ဇိမ်ခံပစ္စည်းများ၊ သင်တို့၌သက်သာစွာရှိစေသောအရာများကိုပင် ဖယ်ရှားထားပြီး ဆင်းရဲသောအစာနှင့်အဝတ်တို့ကိုသာ ရရှိနိုင်သောသူတို့ အား ကူညီမစပါ။ သူတို့အတွက် ဤသို့ပြုလုပ်ခြင်းသည် သခင်ယေရှုကိုယ်တော်တိုင်အားပြုသည်နှင့်တူ၏။ ကိုယ်တော်တိုင်သည် ဆင်းရဲခံရသော သူတို့နှင့်အတူတူပင်ဖြစ်တော်မူသည်ဟု ကိုယ်တော်ကဖော်ပြတော်မူ၏။ သင်၌ အလိုရှိနေသည်ဟုထင်သောအရာများပြည့်စုံသည့်တိုင်အောင် စောင့်မနေပါနှင့်။ သင်၏စိတ်အထင်ကိုအားမကိုးပါနှင့်။ စိတ်ထင်သောအခါပေး၍ စိတ်မထင် သောအခါမပေးဘဲနေခြင်းကိုမပြုပါနှင့်။ ဘုရားသခင်၏နေ့၌ ကောင်းကင် စာရင်းတွင် သင်သည်တွေ့မြင်လိုသည့်အတိုင်း ပေးကမ်းခြင်းအမှုကိုမှန်မှန် ပြုလုပ်ပါ။[၂၃]

## ကျွန်ုပ်တို့၏ဉစ္စာနှင့်ဘုရားသခင်၏ အမှုတော်ကိုထောက်ပံ့ခြင်း

ဘုရားသခင်ကိုအမှန်ပင်ချစ်၍ မိမိတို့၌ဥစ္စာပစ္စည်းရှိသောသူတို့အား ယခုအချိန်ရှိစဉ်အခါ ထာဝရဘုရားသခင်၏အမှုတော်ကိုထောက်ပံ့ရန် သင်၏ ဥစ္စာဘဏ္ဍာတို့ကိုပေးလှူပါဟု ကျွန်ုပ်ပြောဆိုလိုပါသည်။ မိမိကိုယ်ကိုငြင်းပယ် လျက် ပျက်စီးနေသောဝိညာဉ်တို့ကို ကယ်ဆယ်ရန်ကြိုးစားနေသောသင်းအုပ် ဆရာများကို ယခုအချိန်၌ထောက်ပံ့ကူညီနိုင်ပေသည်။ ကောင်းကင်ရုံးတော် တွင် ကယ်ဆယ်ရန်သင်ကူညီခဲ့သောဝိညာဉ်များကို တွေ့ကြုံရသောအခါ သင်သည် ဝမ်းမြောက်ဖွယ်ကောင်းသောအကျိုးကို ခံစားရမည်မဟုတ်လော။

မည်သူမျှ မိမိတို့၏အနည်းငယ်သောပိုက်ဆံကိုမပေးဘဲမနေပါနှင့်။ များစွာသောသူတို့သည် ကောင်းကင်၌မပျက်စီးနိုင်သောဘဏ္ဍာကို ဆည်းပူး နိုင်သည့်အတွက် ဝမ်းမြောက်ခြင်းရှိပါစေ။ ထာဝရဘုရားသခင်၏အမှုတော် တွင် ထောက်ပံ့ရန်မပေးဘဲနေသောငွေသည် ပျက်စီးသွားလိမ့်မည်။ ထိုငွေ အတွက် ကောင်းကင်ဘဏ္ဍာတိုက်တွင် အတိုးအပွားကိုရရှိလိမ့်မည်မဟုတ်။

အရပ်ရပ်တွင်ရှိသော သတ္တမနေ့ဥပုသ်အသင်းသားတို့အား မိမိတို့ ကိုယ်ကိုဘုရားသခင်အားဆက်ကပ်၍ မိမိတို့၏အခြေအနေအလျောက် ကိုယ်တော်၏အမှုတော်ကို တတ်နိုင်သမျှကူညီထောက်ပံ့ဖို့ ထာဝရဘုရားသခင် သည် ယခုခေါ်လျက်နေပါသည်။ အလှူငွေနှင့်လက်ဆောင်များကို ရက်ရော စွာပေးခြင်းဖြင့် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာနှင့်ကရုဏာတော်ကို ကျေးဇူး တင်သောသဘောအားဖော်ပြစေဖို့ ဘုရားသခင်သည် အလိုရှိတော်မူ၏။[၂၄]

ဒုက္ခဆင်းရဲရောက်ချိန်အတွက် လိုအပ်သောလောကပစ္စည်းတစ်စုံ တစ်ခုကိုစုဆောင်းထားခြင်းသည် ကျမ်းစာနှင့်ဆန့်ကျင်ဘက်ဖြစ်ကြောင်း ထာဝရဘုရားသခင်က ကျွန်ုပ်အားထပ်ခါထပ်ခါဖော်ပြထားပါသည်။ သန့်ရှင်း သူတို့သည် စားစရာကိုမိမိတို့၌ဖြစ်စေ၊ လယ်ထဲ၌ဖြစ်စေ ဒုက္ခရောက်ချိန် အတွက်သိုထားကြလျှင် တိုင်းပြည်၌ဓားဘေး၊ ခေါင်းပါးခြင်းဘေး၊

ရောဂါ ဘေးရောက်လာသောအခါ သူတို့ထံမှအခြားသူတို့သည် အတင်းအကျပ် သိမ်းယူလျက် လက်ထဲမှစပါးများကို အခြားသူတို့သည် ရိတ်ယူသွားကြ လိမ့်မည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ထိုအခါ ဘုရားသခင်ကိုလုံးလုံးအားကိုး ဖို့အချိန်သည် ရောက်လာလိမ့်မည်။ ၎င်းပြင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ထောက်မကူညီတော်မူမည်။ ထိုအခါ၌ ကျွန်ုပ်တို့သည် မုန့်နှင့်ရေကိုအမှန် ရရှိကြလိမ့်မည်။ ကျွန်ုပ်တို့၌အစာငတ်မွတ်ခြင်းမရောက်၊ အကြောင်းမူကား ဘုရားသခင်သည် တောထဲ၌ကျွန်ုပ်တို့အဖို့ စားပွဲကိုခင်းတော်မူမည်ကို ကျွန်ုပ် မြင်ရသည်။ အလိုရှိတော်မူလျှင် ဧလိယကိုကျွေးမွေးတော်မူသကဲ့သို့ ကျွန်ုပ် တို့အားကျွေးမွေးရန် ကျီးအတို့ကိုပင်လွှတ်တော်မူမည်။ (သို့မဟုတ်) ဣသရေလ လူတို့၌ပြုတော်မူသကဲ့သို့ ကောင်းကင်မှ မန္နကိုချပေးတော်မူလိမ့်မည်။

ဒုက္ခဆင်းရဲရောက်သောအခါ၌ အိမ်နှင့်မြေယာတို့သည် သန့်ရှင်း သူတို့အဖို့ အသုံးမဝင်တော့ချေ။ အကြောင်းမူကား၊ သောင်းကျန်းသောလူစု များရှေ့၌ သူတို့သည်ထွက်ပြေးကြရလိမ့်မည်။ ထိုအခါ သူတို့ပိုင်ဆိုင်သော အရာများကို ခေတ်ကာလ၏သမ္မာတရားကိုပြန့်ပွားစေခြင်းလုပ်ငန်းအတွက် အသုံးပြုရန် ရောင်းချခြင်းငှာမပြုလုပ်နိုင်။ ဒုက္ခဆင်းရဲခြင်းမရောက်မီ သန့်ရှင်း သူတို့သည် ဝန်ထုပ်ရှိသမျှတို့ထံမှပယ်ရှား၍ ပူဇော်ဆက်ကပ်ခြင်းဖြင့် ဘုရားသခင်နှင့်ပဋိညာဉ်ပြုဖို့ ဘုရားသခင်သည်အလိုရှိတော်မူကြောင်း ကျွန်ုပ် အားဖော်ပြထား၏။ သူတို့သည် မိမိ၏ပစ္စည်းကို ယဇ်ပလ္လင်တော်ပေါ်၌ ဆက်ကပ်ထား၍ ပြုလုပ်ရမည့်တာဝန်ကို ဘုရားသခင်အားမေးလျှောက်လျှင် ဤအရာတို့ကိုဘယ်သောအခါရောင်းချအသုံးပြုရမည်ကို ဘုရားသခင်ကသွန်သင် တော်မူမည်။ ထိုအခါ ဒုက္ခဆင်းရဲရောက်သောအခါ သူတို့သည်လွတ်လပ်၍ သူတို့အားဆီးတားနေသောအရာများမရှိတော့ချေ။၂၅

## ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆက်ကပ်ပူဇော်ခြင်းသဘော

ဘုရားသခင့်သားတော်၏အကန့်အသတ်မရှိသော ဆက်ကပ်ပူဇော် ခြင်းအားဖြင့် ကယ်တင်ခြင်းစီမံကိန်းကြီးကို ပြုလုပ်ခဲ့လေပြီ။ သခင်ခရစ်တော် ၏လက်ဝါးကပ်တိုင်မှထွန်းတောက်နေသော ဧဝံဂေလိအလင်းတရားသည် ကိုယ်ကျိုးရှာမှုကိုဆုံးမပြစ်တင်၍ ရက်ရောခြင်း၊ စွန့်ကြဲပေးကမ်းခြင်းအမှုတို့ကို အားပေးတိုက်တွန်း၏။ အလှူပေးရန်တိုး၍ဖိတ်ခေါ်နေသည်မှာ ညည်းညူ စရာအကြောင်းမဟုတ်ပါ။ ဘုရားသခင်သည် မိမိစီမံတော်မူသောအမှုတွင် မိမိ၏လူတို့အား အနည်းငယ်သောလုပ်ငန်းမှထွက်လျက် ကြီးကျယ်သော လုပ်ငန်းကြီးများကိုဝင်ရောက်လုပ်ကိုင်ရန် ဖိတ်ခေါ်လျက်ရှိတော်မူသည်။

အကျင့်မှောင်မိုက်သည် လောကကိုဖုံးလွှမ်းနေသောဤအချိန်၌ အကန့်အသတ် မရှိသော ကြိုးပမ်းမှုကို ဆောင်ရွက်ဖို့လိုပါသည်။ လောကတပ်မက်ခြင်းနှင့် လောဘလွန်ကျူးခြင်းသဘောများသည် ဘုရားသခင်၏လူတို့အထဲတွင်စွဲမြဲ လျက်ရှိနေလေပြီ။ သူတို့အလိုရှိသောဥစ္စာများကို တိုးပွားများပြားစေသောအရာမှာ ဘုရားသခင်၏ကရုဏာတော်ဖြစ်ကြောင်းကို သူတို့သိရှိရကြမည်။ ဘုရားသခင်၏ကောင်းကင်တမန်သည် ပေးကမ်းစွန့်ကြဲခြင်းအမှုကို ဆုတောင်း ခြင်းနှင့်အတူထား၏။ ကောင်းကင်တမန်က ကော်နေလိအား "သင်ပြုသော ဆုတောင်းခြင်းနှင့်စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ" ဟု ပြောဆို၏။ တမန်တော် ၁၀း၄။[၂၆]

သင်၏အိမ်ထောင်၌ ချွေတာခြင်းကိုအကျင့်ပြုလုပ်ပါ။ အများသော သူတို့သည် ရုပ်တုကို တည်ထား၍ကိုးကွယ်နေကြသည်။ သင်၏ရုပ်တုတို့ကို ပယ်ရှားပါ။ သင်၏ကိုယ်ကျိုးရှာတတ်သော အကြံကို စွန့်ပစ်ပါ။ သင်၏ အိမ်ကိုလှပအောင်ပြုပြင်မွမ်းမံရာ၌ ငွေကြေးအကုန်အကျများစွာမခံပါနှင့်ဟု သင့်ကိုကျွန်ုပ်တောင်းပန်ပါသည်။ အကြောင်းက ထိုငွေတို့သည် ဘုရားသခင် ၏ငွေများဖြစ်၍ သင့်ထံ၌တစ်ဖန်တောင်းယူလိမ့်မည်။ မိဘများတို့၊ သခင် ခရစ်တော်၏အကျိုးကျေးဇူးအတွက် သင်၏ သားသမီးများနှစ်သက်သောအရာ များကိုဝယ်ဖို့ ထာဝရဘုရားသခင်၏ငွေကို အသုံးမပြုပါနှင့်။လောက၌ ထင်ပေါ်စေခြင်းငှာ ခေတ်လိုက်စားခြင်းအမှုကို သူတို့အားသွန်သင်မပေးပါနှင့်။ ဤအရာသည်သူတို့အား ဝိညာဉ်ကယ်တင်စေဖို့ဆွဲဆောင်နိုင်မည်လော။ ထို ဝိညာဉ်တို့အတွက် သခင်ခရစ်တော်သည် အသေခံတော်မူပြီ၊ မဖြစ်နိုင်ပါ။ ၎င်းတို့သည်မနာလိုခြင်း၊ ငြူစူခြင်းနှင့်မကောင်းပြောဆိုခြင်းအကျင့် တို့ကို ပွားစေလိမ့်မည်။ သင်၏သားသမီးတို့သည် လောက၏ပြုမူဟန်ပြခြင်း၊ သုံးဖြုန်းခြင်းတို့ကိုလိုက်နာပြုကျင့်လျက် ဂုဏ်ပြိုင်လာပြီးလျှင် ကျန်းမာရေး၊ ပျော်ရွှင်ရေးအတွက်၊ အရေးမကြီးသောအရာတို့ အတွက် ထာဝရဘုရားသခင်၏ ငွေကို ဖြုန်းတီးကြလိမ့်မည်။

သားသမီးတို့၏ကြွားဝါခြင်း၊ ဖြုန်းတီးခြင်း၊ အလှအပဟန်ပြခြင်းကို နှစ်သက်ခြင်းဖြင့် သင်၏မေတ္တာကိုထင်ရှားစေပြီဟု သားသမီးများအားထင်မှတ် စေရန် သွန်သင်မပေးပါနှင့်။ငွေကိုဖြုန်းဖို့ .နည်းလမ်းများကိုရှာဖွေနေဖို့ ယခု အချိန်မရှိတော့ချေ။ ချွေတာသုံးစွဲဖို့နည်းလမ်းကိုရှာဖွေရန် သင်၏ အစွမ်းသတ္တိ ကိုအသုံးပြုပါ။ ဆင်ခြင်တတ်သောအစွမ်းသတ္တိကို ပျက်စီးစေတတ်သောအရာ များအတွက် ငွေကိုဖြုန်းတီးလျက် ကိုယ့်အလိုဆန္ဒကိုဖြည့်စွက်ခြင်းအစား အသစ်သောနယ်များတွင် သမ္မာတရား၏ အလံတော်ကိုမြှင့်တင်ရေးအတွက် တစ်စုံတစ်ခုကိုပေးလှူနိုင်မည်အကြောင်း ကိုယ်ကိုမည်ကဲ့သို့ငြင်းပယ် ရမည်ကို လေ့လာဆည်းပူးပါ။ ပိုင်းခြားသိတတ်သောဉာဏ်သည် စွမ်းရည်သတ္တိတစ်ခု ဖြစ်၏။ ဝိညာဉ်များကိုကယ်ဆယ်ရေးအတွက် သင်၏ဥစ္စာဘဏ္ဍာကို မည်ကဲ့သို့ အကောင်းဆုံးအသုံးပြုရမည်ကို လေ့လာရာ၌ ၎င်းဉာဏ်ကိုအသုံးပြုပါ။၂၇

အခြားသူတို့၏ကောင်းကျိုးကိုရှာရန် ကိုယ်ကိုငြင်းပယ်၍ မိမိတို့ ကိုယ်တိုင်နှင့် မိမိတို့၌ ရှိသမျှကို သခင်ခရစ်တော်၏အမှုတော်အတွက် အသုံးပြု သောသူတို့သည် ကိုယ်ကျိုး ရှာသူတို့ ရှာ၍မရနိုင်သော ပျော်မွေ့ခြင်းမျိုးကို

သိမြင်ရရှိကြလိမ့်မည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်က "သင်တို့တွင်အကြင် သူသည် မိမိ၌ရှိသမျှကိုမစွန့်ဘဲနေ၏။ ထိုသူသည်ငါ့တပည့်မဖြစ်နိုင်ရာ" ဟု မိန့်တော်မူ၏။ လု ၁၄း၃၃။ မေတ္တာသည် "ကိုယ်ကျိုးကိုမရှာတတ်။" ဤအရာကား၊ သခင်ခရစ်တော်၏အသက်တာ၌ ထူးခြားထင်ရှားသောကိုယ်ကျိုး မရှာသောမေတ္တာနှင့် ပေးကမ်းစွန့်ကြဲခြင်းသဘော၏အသီး (အကျိုး) ဖြစ် သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ဘုရားသခင်၏ပညတ်တော်တည်ရှိနေ ခြင်းကြောင့် မိမိ၏အကျိုးကိုမစဉ်းစားတော့ဘဲ မြင့်မြတ်၍ ထာဝရကာလနှင့် ဆိုင်သောအရာတို့ကိုသာ ဆင်ခြင်စဉ်းစားလာလိမ့်မည်။[၂၈]

––––––*****––––

(1) 9T, 254,255; (2) 3T, 401; (3) 3T, 249; (4) 5T, 150; (5) 4T, 77-79; (6) 5T, 148,150; (7) 5T, 149; (8) 6T, 384; (9) 3T, 381; (10) 3T, 388,389; (11) 3T, 390-392; (12) 6T, 449,450; (13) 3T, 393-395; (14) 6T, 391; (15) 3T, 398,399; (16) 3T, 412; (17) 6T, 390; (18) 5T, 735; (19) 3T, 121; (20) 3T, 399; (21) 3T, 401-405; (22) 4T, 469-476; (23) 5T, 150,151; (24) 9T, 131,132; (25) EW, 56,57; (26) 3T, 405; (27) 6T, 450,451; (28) 3T, 397.

## အခန်း (၉)
## သခင်ခရစ်တော်နှင့်ပေါင်းစည်းခြင်းနှင့် ညီအစ်ကိုအချင်းချင်းချစ်ခြင်း

ဘုရားသခင်၏သားသမီးတို့သည် တစ်လုံးတစ်ဝတည်းပေါင်းစည်း ရကြမည်အကြောင်း ဘုရားသခင်သည် အကြံရှိတော်မူ၏။ တစ်ခုတည်း သောကောင်းကင်၌ သူတို့သည် အတူတကွနေကြရန် မျှော်လင့်ကြသည် မဟုတ်လော။ သခင်ခရစ်တော်ကိုယ်တော်တိုင်သည် ကွဲပြားခြင်းရှိတော်မူ သလော။ ဘုရားသခင်၏လူတို့သည် မကောင်းပြောဆိုခြင်း၊ စိတ်ဝမ်းကွဲ ခြင်းတည်းဟူသော အညစ်အကြေးတို့ကိုမပယ်ရှားမီ လုပ်ဆောင်သောသူတို့ သည် တစ်ခုတည်းသောအကြံအစည်နှင့် ဘုရားသခင်ရှေ့တော်၌ အလွန် သန့်ရှင်းသောအမှုတော်ကိုစိတ်နှလုံးပါလျက် ဉာဏ်ရှိသမျှ၊ ခွန်အားရှိသမျှ နှင့်မလုပ်ဆောင်မီ ကိုယ်တော်သည် သူတို့အား အောင်မြင်ခြင်းကိုပေးတော်

မူမည်လော။ ပူးပေါင်းခြင်းသည်ခွန်အားကိုဖြစ်စေ၏။ ကွဲပြားခြင်းသည် အားနည်းခြင်းကိုဖြစ်စေ၏။ အချင်းချင်းပူးပေါင်းလျက် လူတို့အားကယ်တင် ခြင်းအတွက် ညီညွတ်စွာအတူတကွလုပ်ဆောင်ကြသောအခါ ကျွန်ုပ်တို့သည် အမှန်ပင်ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်များဖြစ်လာကြမည်။ ညီညွတ်စွာ အမှုမဆောင်ရွက်လိုသောသူသည် ဘုရားသခင်ကိုကြီးကျယ်စွာရှုတ်ချ၏။ ဝိညာဉ်၏ရန်သူသည် သူတို့အချင်းချင်းမညီညွတ်သောသဘောနှင့်လုပ်ကိုင် ဆောင်ရွက်နေကြသည်ကို မြင်လိုသည်။ ထိုသို့သောသူတို့သည် ညီအစ်ကို အချင်းချင်းချစ်ခြင်း၊ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းသဘောကို မွေးမြူအပ်သည်။ သူတို့သည် နောင်ကာလကိုကာကွယ်ထားသော ကန့်လန့်ကာကိုပယ်ရှား၍ သူတို့၏ကွဲပြားခြင်းအကျိုးအပြစ်ကိုမြင်နိုင်ကြလျှင် သူတို့သည် အမှန်ပင် နောင်တရကြလိမ့်မည်။

## သခင်ခရစ်တော်နှင့်လည်းကောင်း၊ အချင်းချင်းနှင့် လည်းကောင်း ပေါင်းစည်းခြင်းသာလျှင် ကျွန်ုပ်တို့၏ ဘေးကင်းလုံခြုံခြင်းတည်း

ခရစ်ယာန်တို့အထဲတွင်ကွဲပြားခြင်းရှိသည်ကို လောကသည် တွေ့မြင် ဖို့အလွန်နှစ်သက်၏။ သစ္စာဖောက်ခြင်းအမှုကို အလွန်နှစ်သက်ကြသည်။ ဘုရားသခင်ကမိမိ၏လူတို့အထဲတွင်ပြောင်းလဲခြင်းရှိစေဖို့ သတိပေးတော် မူ၏။ ဤနောက်ဆုံးကာလတွင် သခင်ခရစ်တော်၌လည်းကောင်း၊ အချင်းချင်း တို့၌လည်းကောင်း ပေါင်းစည်းခြင်းသည်သာလျှင် ဘေးကင်းလုံခြုံခြင်းဖြစ် ၏။ စာတန်သည် ကျွန်ုပ်တို့၏ အသင်းသားများကိုညွှန်ပြလျက် "ကြည့်ပါ၊ ဤသူတို့သည် သခင်ခရစ်တော်၏ အလံတော်အောက်၌ရပ်နေကြပြီး အချင်းချင်း မုန်းကြသည်။ ငါ၏စစ်သူရဲတပ်များနှင့်တိုက်ခိုက်ခြင်းထက် သူတို့အချင်းချင်း တိုက်ခိုက်ရာတွင် ခွန်အားကိုသာ၍ကုန်ခန်းစေကြစဉ် ငါတို့သည် သူတို့အား ကြောက်စရာမရှိ" ဟု ပြောဆိုစေခြင်းငှာ ကျွန်ုပ်တို့သည် မပြုလုပ်ကြပါနှင့်။

သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်တော်မူပြီးနောက် တပည့်တော်တို့သည် ထမြောက်တော်မူသောကယ်တင်ရှင်အကြောင်းကို ကြွေးကြော်ရန် ထွက်သွားကြ၏။ ဝိညာဉ်များကိုကယ်တင်ခြင်းသည် သူတို့၏တစ်ခုတည်း သောဆန္ဒဖြစ်၏။ သူတို့သည် သန့်ရှင်းသူတို့နှင့်ပေါင်းသင်းဆက်ဆံရခြင်း၌ သာယာခြင်းရှိသဖြင့်ဝမ်းမြောက်ကြ၏။ သူတို့သည် နူးညံ့သိမ်မွေ့၊ ဆင်ခြင်

ဦးစားလျက် ကိုယ်ကိုငြင်းပယ်ပြီးလျှင် သမ္မာတရားအတွက်ဆက်ကပ်ပူဇော် လိုသောစိတ်ရှိကြသည်။ သူတို့သည် နေ့စဉ်အချင်းချင်းဆက်ဆံပေါင်းသင်း ကြခြင်းဖြင့် သခင်ခရစ်တော်က ထင်ရှားစေဖို့မိန့်တော်မူသည်အတိုင်း မေတ္တာ ကိုထင်ရှားစေကြ၏။ ကိုယ်ကျိုးမရှာသောအပြောအဆို၊ အပြုအမူအားဖြင့် ဤမေတ္တာကို တခြားသူတို့၏စိတ်နှလုံးထဲ၌ဖြစ်ပေါ်လာစေရန် သူတို့သည် ကြိုးစားကြ၏။

သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာပြီးနောက် တမန်တော် တို့၏စိတ်နှလုံးထဲ၌ပြည့်ဝလာသောချစ်ခြင်းမေတ္တာမျိုးကို ယုံကြည်သောသူတို့သည် အမြဲမွေးမြူရကြမည်။ "ငါသည် သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်း ချစ်ကြလော့" (ယော ၁၃း၃၄) ဟူသောပညတ်သစ်ကို စိတ်ပါစွာလိုက်နာလျက်သူတို့သည်ထွက်သွားရကြမည်။ သူတို့သည် သခင်ခရစ်တော်နှင့် အလွန် ရင်းနှီးစွာဆက်ဆံရကြ မည်ဖြစ်၍သူတို့သည် ကိုယ်တော်တောင်းဆိုတော်မူသောအရာတို့ကို ပြည့်စုံ စေနိုင်ကြလိမ့်မည်။သူတို့အား မိမိ၏ဖြောင့်မတ်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူသော ကယ်တင်ရှင် ၏တန်ခိုးတော်ကို ချီးမြှောက်ရကြမည်။

သို့ရာတွင် ရှေးဦးခရစ်ယာန်တို့သည် အချင်းချင်းတို့တွင် အပြစ်ရှာ ဖို့အစပြုလာကြ၏။ အမှားများကိုကြည့်လျက် ကြင်နာခြင်းမရှိဘဲအပြစ်ရှာနေ ကြခြင်းဖြင့် ကယ်တင်ရှင်ကိုလည်းကောင်း၊ အပြစ်သားများအတွက် ကိုယ်တော် ထင်ရှားစေတော်မူခဲ့သည့် ကြီးမားသောမေတ္တာတော်ကိုလည်း ကောင်း သူတို့ သည်မသိမမြင်ကြချေ။ သူတို့သည် အပြင်အပနှင့်ဆိုင်သော ဘာသာရေး ထုံးစံ များကို ကျပ်တည်းစွာလိုက်နာလျက် ယုံကြည်ခြင်းတရားတွင် အပြော အဟောလောက်ကိုသာဂရု စိုက်ပြီး အပြစ်ရှာမှုတွင်သာ၍ပြင်းထန်လာကြ၏။ အခြားသူတို့၏အပြစ်စီရင်ရန် သူတို့သည်စိတ် အားကြီးနေကြ သဖြင့် မိမိတို့ကိုယ်တိုင်၏အမှားကို သတိမပြုမိကြချေ။ သခင်ခရစ်တော်က သွန်သင် တော် မူခဲ့သောညီအစ်ကိုအချင်းချင်းချစ်ခြင်းသင်ခန်းစာကို သူတို့သည်မေ့လျော့နေ ကြ၏။ ၎င်းပြင် ဝမ်းနည်းဖွယ်အကောင်းဆုံးအချက်မှာ သူတို့၏ဆုံးရှုံးခြင်း ကိုမသိဘဲရှိနေကြခြင်းတည်း။ သူတို့၏အ သက်တာမှာ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ကွယ်ပျောက်သွားကြသည်ကို သူတို့သည်မသိ ရှိကြသဖြင့် သူတို့သည်မကြာမီ မိမိတို့၏စိတ်နှလုံးထဲမှ ဘုရားသခင်၏မေတ္တာတော်ကို တားမြစ် ထားလျက် မှောင်မိုက်ထဲတွင်လျှောက်နေရကြ လိမ့်မည်။

အသင်းတော်ညီအစ်ကိုအချင်းချင်း ချစ်ခြင်းမေတ္တာခေါင်းပါးနေသည် ကို တမန်တော်ယောဟန်သည်သိမြင်သဖြင့် သူသည် ဤအချက်ကိုအထူးသဖြင့် ဖော်ပြထား၏။ သူသည် သေဆုံးသည့်နေ့တိုင်အောင် ညီအစ်ကိုတို့အား အချင်းချင်းတို့အပေါ်၌ မေတ္တာကိုအမြဲပြကြရန် တိုက်တွန်းနှိုးဆော်ခဲ့၏။ အသင်းတော်တို့အား သူရေးလိုက်သောစာများတွင် ဤအချက်များနှင့်ပြည့် နေ၏။ "ချစ်သူတို့၊ ငါတို့သည်အချင်းချင်းချစ်ကြကုန်အံ့။ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။--- သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာဘုရားသခင်သည်တစ်ပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်။---ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင် ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်" ၁ယော ၄း၇-၁၁။

ယနေ့ဘုရားသခင်၏အသင်းတော်တွင် ညီအစ်ကိုအချင်းချင်းချစ်ခြင်း သည် များစွာခေါင်းပါးနေ၏။ ကယ်တင်ရှင်ကိုချစ်သည်ဟုဆိုနေကြသော သူအများတို့သည် ခရစ်ယာန်ဆက်ဆံခြင်းဖြင့် မိမိတို့နှင့်ပေါင်းသင်းနေသော သူတို့ကို ချစ်ခင်ဖို့ဂရုမစိုက်ကြချေ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းတစ်မျိုး တည်းနှင့်ဆိုင်ကြလျက် အိမ်တော်တစ်ခုတည်းဖြစ်ကြ၍ တစ်ပါးတည်းသောကောင်းကင်ခမည်းတော်၏သားသမီးများဖြစ်ပြီးလျှင် မသေနိုင်သောအဖြစ်ကို ရရှိရန် မင်္ဂလာရှိသောမျှော်လင့်ခြင်းတစ်မျိုးတည်းရှိကြ၏။ ကျွန်ုပ်တို့အား ချည်နှောင်ထားသောအနှောင်အဖွဲ့သည် မည်မျှရင်းနှီးသိမ်မွေ့အပ်သနည်း။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးပေါ်၌ သန့်ရှင်းခြင်း တန်ခိုးကိုဖြစ်စေသလားဟု လောကသည် ကျွန်ုပ်တို့ကိုစောင့်ကြည့်နေကြသည်။ သူတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ ချွတ်ယွင်းချက်တိုင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အပြုအမူ၌မသင့်မြတ်မှုတိုင်းကိုလည်းကောင်း သိမြင်လွယ်ကြသည်။၂

## ညီညွတ်ခြင်းနှင့်စည်းလုံးခြင်းသည်ကျွန်ုပ်တို့၏ အခိုင်ခံ့ဆုံးသက်သေတည်း

ကျွန်ုပ်တို့အားဘေးဒုက္ခအလွန်ရောက်စေသောအရာမှာ လောက ၏တားဆီးနှောင့်ယှက်ခြင်းမဟုတ်။ ကျွန်ုပ်တို့အားအလွန်ဒုက္ခရောက်စေ၍ ဘုရားသခင်၏အမှုတော်တိုးတက်ရေးကို အလွန်တားဆီးသောအရာမှာ ယုံကြည်သောသူများဟုခေါ်ဆိုနေသူ၏စိတ်နှလုံးထဲ၌ မွေးမြူထားသော မကောင်းသောစိတ်သဘောဖြစ်သည်။ မနာလိုခြင်း၊ အချင်းချင်းမသင့်မြတ်ခြင်း ရှိလျက် အပြစ်ရှာခြင်း၊ မကောင်းပြောဆိုခြင်းထက် ကျွန်ုပ်တို့၏ဝိညာဉ်ရေး ကိုအားနည်းခြင်းဖြစ်စေရန် သာ၍သေချာစေသောနည်းမရှိချေ။ "ထိုသို့သော ပညာသည် အထက်မှသက်ရောက်သောပညာမဟုတ်။ မြေကြီးပညာ၊ ဇာတိ ပကတိပညာ၊ နတ်ဆိုးပညာဖြစ်၏။ အကြောင်းမူကား ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ ခြင်းရှိလျှင် မငြိမ်မဝပ်ရန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမူခြင်းအမျိုးမျိုးရှိတတ် ၏။ အထက်မှသက်ရောက်သောပညာမူကား ရှေးဦးစွာစင်ကြယ်၏။ ထိုမှ တစ်ပါး အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင် လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်းပြည့်စုံ ၏။ လျစ်လျူရှုသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။ အသင့်အတင့် နေခြင်းငှာ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကို ငြိမ်သက်စွာကြဲတတ်ကြ၏" ယာ ၃း၁၅-၁၈။

ဘုရားသခင်သည် အပြစ်သားတို့အားကယ်ဆယ်ရန် မိမိ၏သား တော်ကို ဤလောကသို့စေလွှတ်တော်မူကြောင်းကိုသက်သေခံရာတွင် စိတ် သဘောအမျိုးမျိုးရှိသောလူတို့အထဲတွင် တည်ရှိသောညီညွတ်ခြင်းနှင့်ပေါင်းစည်း

ခြင်းအမှုသည် အခိုင်ခံ့ဆုံးသက်သေဖြစ်ပေသည်။ ဤကဲ့သို့သက်သေခံခြင်း မျိုးသည် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့ပြုလုပ် နိုင်ရန် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏လက်အောက်တွင် တည်ရှိနေရ ကြမည်။ သခင်ခရစ်တော်၏သဘောတော်နှင့်အညီ ကျွန်ုပ်တို့၏အကျင့်ကို ပြုပြင်ရမည်။ ကျွန်ုပ်တို့၏အလိုဆန္ဒများကို ကိုယ်တော်၏အလိုတော်သို့ အပ်နှံထားရမည်။ ထိုအခါကျွန်ုပ်တို့သည် အချင်းချင်းထိခိုက်ခြင်းမဖြစ်နိုင်ဘဲ အတူတကွအမှုဆောင်ရွက်နိုင်လိမ့်မည်။

အနည်းငယ်သဘောကွဲပြားမှုကိုစိတ်စွဲနေလျှင် ခရစ်ယာန်ဆက်ဆံ ခြင်းကို ပျက်စီးစေသောအပြုအမူတို့ကို ဖြစ်ပေါ်လာစေ၏။ ရန်သူသည် ထိုသို့ကျွန်ုပ်တို့အပေါ်၌ အခွင့်အရေးသာသွားစေဖို့ အခွင့်မပေးဘဲနေကြစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့လည်းကောင်း၊ အချင်းချင်းထံသို့လည်း ကောင်း သာ၍နီးကပ်စွာအမြဲချဉ်းကပ်ကြစို့။ ထိုအခါ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်စိုက်တော်မူ၍ အသက်ရေစီးရာမြစ်မှ ရေနှင့်လောင်းခြင်း ခံရသောဖြောင့်မတ်ခြင်းအပင်များဖြစ်ကြလိမ့်မည်။ ၎င်းပြင် ကျွန်ုပ်တို့သည် မည်မျှများစွာအသီးသီးကြလိမ့်မည်နည်း။ "သင်တို့သည်များစွာသောအသီး ကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူမည်" ဟု သခင်ခရစ်တော်ကမိန့်တော်မူသည်မဟုတ်လော။ ယော ၁၅း၈။

သခင်ခရစ်တော်၏ဆုတောင်းချက်ကို လုံးလုံးယုံကြည်လာသောအခါ ၎င်း၏သွန်သင်ချက်ကို ဘုရားသခင်၏လူတို့သည် နေ့စဉ်အသက်တာ၌ လိုက်နာကြသောအခါ ကျွန်ုပ်တို့အထဲတွင်အပြုအမူတို့၌ စည်းလုံးညီညွတ် ခြင်းရှိလာသည်ကို တွေ့မြင်ရလိမ့်မည်။ ညီအစ်ကိုအချင်းချင်းတို့သည် သခင် ခရစ်တော်၏မေတ္တာရွှေကြိုးအားဖြင့် ချည်နှောင်ခြင်းရှိလာကြလိမ့်မည်။ ဤ ကဲ့သို့တလုံးတစည်းတည်းရှိခြင်းအမှုကို ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် သာ ဖြစ်မြောက်စေနိုင်လိမ့်မည်။ မိမိကိုယ်တော်တိုင်ကိုသန့်ရှင်းစေတော်မူ သောကိုယ်တော်သည် မိမိ၏တပည့်တော်တို့ကို သန့်ရှင်းတော်မူနိုင်၏။ ကိုယ်တော်နှင့်စည်းလုံးခြင်းဖြင့် သူတို့သည်အသန့်ရှင်းဆုံးသောယုံကြည်ခြင်း တွင်အချင်းချင်းစည်းလုံးခြင်းရှိလာကြလိမ့်မည်။ ဘုရားသခင်ကပြုစေလို တော်မူသည့်အတိုင်း ကျွန်ုပ်တို့သည် ဤစည်းလုံးခြင်းကိုရရှိရန်ကြိုးစားသော အခါ ထိုအမှုသည် ကျွန်ုပ်တို့၌ဖြစ်လာလိမ့်မည်။၃

ဘုရားသခင်အလိုရှိတော်မူသောအရာမှာ ကြီးကျယ်သောအဖွဲ့အစည်း ကြီးများ၊ ကြီးသောအဆောက်အအုံများနှင့် အပြင်အပအားဖြင့်ပြထားသော အရာများမဟုတ်။ ဘုရားသခင်ရွေးချယ်၍ အဖိုးတန်လျက်အချင်းချင်းစည်းလုံး ခြင်းရှိပြီးလျှင် မိမိတို့၏အသက်တာကို သခင်ခရစ်တော်နှင့်အတူ ဘုရားသခင် ၌ဝှက်ထားသည့် ထူးခြားသောလူတစ်မျိုး၏ညီညွတ်သောအပြုအမူကို အလိုရှိတော်မူ၏။ လူတိုင်းသည် မိမိနေရာ၊ မိမိအလုပ်အကိုင်တွင်တည်ရှိနေလျက် အကြံအစည်၊ အပြောအဆို၊ အပြုအမူတို့တွင် မှန်ကန်သောသဘောကို ထင်ရှားစေရကြမည်။ ဘုရားသခင်၏အမှုတော်ဆောင်အပေါင်းသည် ဤ ကဲ့သို့ပြု၍ နောက်ကျသည့်တိုင်အောင်မဆိုင်းဘဲနေလျှင် ကိုယ်တော်၏အလုပ်သည် တစ်ခုလုံးအချိုးအစားညီမျှစွာပြီးမြောက်သွားလိမ့်မည်။၄

ထာဝရဘုရားသည် မှန်သောယုံကြည်ခြင်း၊ ကောင်းမြတ်သောစိတ် သဘော ရှိသောသူ၊ အမှားနှင့်အမှန်ကိုဝေဖန်ပိုင်းခြားသိနားလည်နိုင်သောသူ တို့ကိုခေါ်တော်မူ၏။ လူအသီးအသီးတို့သည် မိမိကိုယ်ကိုကာကွယ်ထား လျက် ယောဟန်ခရစ်ဝင် အခန်းကြီး ၁၇ တွင်ပါရှိသောသင်ခန်းစာများကို လေ့ကျက်၍ ဤခေတ်ကာလအ တွက် သမ္မာတရားတွင်တည်မြဲသောယုံကြည် ခြင်းရှိရကြမည်။ ကျွန်ုပ်တို့အား သခင်ခရစ်တော်၏ဆုတောင်းခြင်းအကျင့် မျိုးနှင့်ညီညွတ်စေခြင်းငှာ ပြုလုပ်ပေးနိုင်သော ထိုသို့ကိုယ်ကိုချုပ်တည်းခြင်း မျိုးကို ကျွန်ုပ်တို့၌လိုပေသည်။[၇]

ကိုယ်တော်၏တပည့်တော်များတို့သည် ဘုရားသခင်၏အကြံအစည် တော်ကို အမြင့်၊ အနက်မှစ၍ အလုံးစုံပြည့်စုံအောင်ဆောင်ရွက်စေဖို့ ကယ်တင်ရှင်၏ စိတ်သည် စွဲလမ်းလျက်ရှိတော်မူ၏။ သူတို့သည် လောက တွင်အရပ်ရပ်၌ကွဲပြား နေကြသော်လည်း ကိုယ်တော်၌တစ်လုံးတစ်ဝတည်းရှိ ရကြမည်။ သို့ရာတွင် သူတို့ သည် မိမိ၏အလိုကို ကိုယ်တော်အားပေးအပ် ခြင်းငှာ အလိုမရှိကြလျှင် ဘုရား သခင်သည်သူတို့အား သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေရန် ပြုလုပ် ပေးတော်မမူနိုင်။[၈]

## အတူတကွလုပ်ကိုင်ခြင်း

အသစ်သောနယ်မြေများ၌ အဖွဲ့အစည်း၊ အလုပ်အကိုင်များ တည်ထောင်ရာ တွင် အလုပ်အကြောင်းကိုအသေအချာပြည့်စုံစွာ မကျွမ်းကျင် သောသူတို့အား တစ်ခါတစ်ရံလုပ်ဆောင်ဖို့တာဝန်ပေးရပါသည်။ ဤလူတို့ လုပ်ကိုင်သောအလုပ်သည် များစွာအကျိုးမရှိလှပေ။ ၎င်းပြင် သူတို့နှင့်တကွ သူတို့၏လုပ်ဖော်ဆောင်ဖက်တို့တွင် ထာဝရဘုရားသခင်၏အဖွဲ့အစည်း၌ ကိုယ်ကျိုးမရှာသောသဘောမရှိကြလျှင် ၎င်း၏ တိုးတက်ခြင်းကို တားဆီးသော အခြေအနေမျိုးကိုဖြစ်စေလိမ့်မည်။

သူတို့လုပ်ကိုင်နေရသောအလုပ်မျိုးသည် သူတို့နှင့်သာလုံးလုံးသက်ဆိုင် သဖြင့် ထိုအလုပ်နှင့်ပတ်သက်၍

အခြားသူတစ်စုံတစ်ယောက်ကမျှအကြံဉာဏ် မပေးသင့်ဟု အများသောသူတို့ကထင်မှတ်တတ်ကြသည်။ ဤလူများတို့ပင် အလုပ်အကိုင်ကိုအကောင်းဆုံးနည်းဖြင့်ပြုလုပ်ရန် မသိနားမလည်ကြချေ။ ထိုမျှမကသေး တစ်စုံတစ်ယောက်က သူတို့အားအကြံပေးခဲ့လျှင် သူတို့သည် စိတ်ဆိုးလျက် သူတို့သဘောအတိုင်း ဝေဖန်ပြုလုပ်တတ်ကြသည်။ တစ်ဖန် အချို့သောအမှုဆောင်တို့သည် အချင်းချင်းအားကူညီ၊ အကြံဉာဏ်ပေးခြင်း ၄ာအလိုမရှိကြ။ မကျွမ်းကျင်သောသူတို့ကလည်း သူတို့၏မသိနားမလည်မှုကို သူတစ်ပါးအားမသိစေလိုကြ။ သူတို့သည် အကြံဉာဏ်တောင်းဖို့ရန် အလွန်မာနကြီးသောကြောင့် သူတို့သည်အမှားပြုလုပ်လျက် အချိန်ကုန်၍ ပစ္စည်းလည်းပျက်စီးဆုံးပါးရတတ်သည်။

အခက်အခဲ၏အကြောင်းရင်းကို သိနားလည်ဖို့မခဲယဉ်းပါ။ အမှုဆောင်တို့သည် လုပသောအဆင်းဖြစ်ဖို့ ရက်လုပ်ရသောချည်ခင်ကဲ့သို့ဖြစ် သောအခါ သူတို့သည် အားမကိုးရသောချည်ခင်ကဲ့သို့ ဖြစ်နေကြသည်။

အမှုဆောင်တိုင်းသည် ထာဝရဘုရားသခင်၏အဖွဲ့အစည်းတိုးတက် ရေးအတွက် လုပ်ဆောင်နေသလော၊ (သို့မဟုတ်) ကိုယ်ကျိုးကိုရှာနေသလော ဟု စုံစမ်းခြင်းခံရလိမ့်မည်။

မျှော်လင့်စရာကင်းလောက်အောင်ဖြစ်၍ ကုသမရတတ်သောအပြစ်မှာ ကိုယ့်အထင်အမြင်၌မာနကြီးခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်းဖြစ်သည်။ ဤ အရာသည် ကြီးပွားမှုအပေါင်းကိုတားဆီးနေတတ်၏။ လူတစ်ယောက်၌ အကျင့်တွင်ချွတ်ယွင်းခြင်းရှိသော်လည်း ၎င်းကိုမသိမြင်သောအခါ၊ မိမိ၏ အပြစ်ကိုမမြင်နိုင်အောင် ကိုယ်ကိုကိုယ်လုံလောက်ပြီဟုထင်မြင်နေသောအခါ သူသည် မည်ကဲ့သို့စင်ကြယ်ခြင်းသို့ရောက်မည်နည်း။ "ကျန်းမာသောသူသည် ဆေးသမားကိုအလိုမရှိကြ။ နာသောသူတို့သာလျှင်အလိုရှိကြ၏" မ၊ ၉း၁၂။ တစ်စုံတစ်ယောက်က မိမိလမ်းခရီးတို့သည် စုံလင်သည်ဟုထင်လျှင် သူသည် မည်ကဲ့သို့တိုးတက်နိုင်မည်နည်း။

လုံးလုံးစိတ်ပါသောခရစ်ယာန်မှတစ်ပါး ခရစ်ယာန်လူကြီးလူကောင်း မဖြစ်နိုင်။၇

-----*****----

အခန်း (၁၀)

## ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ သခင်ခရစ်တော်

"ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍

အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏” (၁ယော ၁း၉)။

ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်ကိုဖော်ပြတောင်းပန်၍ ကိုယ်စိတ် နှလုံးကို ဘုရားသခင်ရှေ့တော်၌နှိမ့်ချစေခြင်းငှာ ဘုရားသခင်သည် အလိုရှိ တော်မူ၏။ သို့ရာတွင် ထိုအချိန်မှာပင် ကိုယ်တော်ကိုယုံကြည်အားကိုးသော သူကို စွန့်ပစ်တော်မမူဘဲ နူးညံ့သိမ်မွေ့တော်မူသောခမည်းတော်ကဲ့သို့ ဘုရားသခင်၌ကျွန်ုပ်တို့သည် အားကိုးယုံကြည်ရမည်။ အများသောသူတို့သည် ယုံကြည်ခြင်းအားဖြင့် မဟုတ်ဘဲ အမြင်အားဖြင့်လျှောက်သွားနေကြသည်။ ကျွန်ုပ်တို့သည် မြင်သောအရာတို့ကိုယုံကြည်ကြသည်။ သို့ရာတွင် ဘုရားသခင် ၏နှုတ်ကပတ်တော်တွင်ဖော်ပြထားသော အဖိုးထိုက်သောကတိတော်တို့ကို မနှစ်သက်ကြချေ။ ၎င်းပြင် ဘုရားသခင်မိန့်တော်မူသောစကားတော်ကို မယုံကြည်ကြောင်းကိုပြလျက် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၌စိတ်ဝင်စား ခြင်းရှိသလော၊ (သို့မဟုတ်) ကျွန်ုပ်တို့ကို လှည့်ဖြားနေသလောဟုမေးမြန်း ခြင်းထက် သာ၍သေချာစွာကျွန်ုပ်တို့သည် ဘုရားသခင်ကိုရှုတ်ချခြင်းမပြုနိုင် ကြသေးပါ။

ကျွန်ုပ်တို့၏အပြစ်များကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်

တော်မမူပါ။ ကျွန်ုပ်တို့သည် အမှားကိုပြုလျက် သန့်ရှင်းသောဝိညာဉ်တော် ကိုစိတ်နာစေကြလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည်နောင်တရ၍ ဘုရားသခင် ထံသို့ကြေကွဲသောစိတ်နှလုံးနှင့်လာကြလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လက်မခံဘဲနေတော်မမူ။ ပယ်ရှားရန်တားဆီးခြင်းအမှုများရှိသည်။ မှားသော ထင်မြင်ချက်များကိုမွေးမြူကြပြီ။ ၎င်းပြင် မာနကြီးခြင်း၊ ကိုယ်ကိုကိုယ် အထင်ကြီးခြင်း၊ သည်းမခံခြင်းနှင့်ညည်းညူခြင်းများရှိကြပြီ။ ဤအရာအားလုံး သည် ကျွန်ုပ်တို့အား ဘုရားသခင်ထံမှခွဲခွာထားကြ၏။ အပြစ်များကိုဖော်ပြ ဝန်ချရမည်၊ စိတ်နှလုံးထဲ၌ ကျေးဇူးတော်၏ပြုပြင်ခြင်းကို များစွာခံယူရမည်။ အားနည်း၍စိတ်ပျက်နေသောသူသည် ဘုရားသခင်၏ခွန်အားကြီးသောသူ ဖြစ်လာ၍ ဘုရားသခင်အတွက် မြင့်မြတ်သောအမှုကို ပြုလုပ်နိုင်လိမ့်မည်။ သို့သော် သူတို့သည် မြင့်မြတ်သောအခြေအနေကစ၍ လုပ်ဆောင်ရကြမည်။ ကိုယ်ကျိုးရှာတတ်သောသဘောမပါရှိရချေ။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ကျောင်းတွင် သင်ကြားရကြမည်။ ကိုယ်တော်၏ဖြောင့်မတ်ခြင်းမှတစ်ပါး အဘယ်အရာကမျှကျွန်ုပ်တို့အား ပဋိသန္ဓေဉ်နှင့်ဆိုင်သော ကျေးဇူးတော်၏ကောင်းချီးမင်္ဂလာတစ်စုံတစ်ခုကိုမျှ မပေးနိုင်ချေ။ ကျွန်ုပ်တို့သည် ဤကောင်းချီးမင်္ဂလာတို့ကို ကြာမြင့်စွာကပင် အလိုရှိလျက် ရယူရန်ကြိုးစားခဲ့ကြပြီ၊ သို့သော် မရရှိကြ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့်ထိုက်တန်အောင် ကျွန်ုပ်တို့သည် တစ်စုံတစ်ခုပြုလုပ်နိုင် သည်ဟူသော ထင်မြင်ချက်တည်ရှိနေသေးသောကြောင့်ဖြစ်သည်။ သခင်ယေရှု သည် အသက်ရှင်သောကယ်တင်ရှင်ဟုယုံကြည်လျက် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်မှအဝေးသို့မကြည့်ဘဲနေခဲ့ကြပြီ။ ကျွန်ုပ်တို့ကိုယ်တိုင်၏ကောင်းမြတ် ခြင်းနှင့်ကောင်းမှုသည် ကျွန်ုပ်တို့ကိုကယ်တင်လိမ့်မည်ဟု ကျွန်ုပ်တို့သည် မထင်အပ်ပါ။ သခင်ခရစ်တော်၏ကျေးဇူးတော်သာလျှင် ကျွန်ုပ်တို့၏ကယ်တင် ခြင်းအတွက် မျှော်လင့်စရာအကြောင်းဖြစ်သည်။ ထာဝရဘုရားသခင်သည် မိမိ၏ပုရောဖက်အားဖြင့် ဤကဲ့သို့ကတိထားတော်မူ၏။ "ဆိုးသောသူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသောသူသည် မိမိအကြံအစည်ကိုလည်း ကောင်း စွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင့်ထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကိုလွှတ်တော်မူလိမ့်မည်" ဟေရှာ ၅၅း၇။ ကျွန်ုပ်တို့သည် ပွင့်လင်းသောကတိတော်ကို ယုံကြည်ရကြမည်။ ယုံကြည်ခြင်းအတွက် စိတ်ထင်မြင်ချက်ကိုလက်မခံရ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလုံးလုံးယုံကြည် အားကိုးသောအခါ အပြစ်လွှတ်တော်မူသောကယ်တင်ရှင်အဖြစ်နှင့် သခင်ယေရှု၏ကောင်းမှုတော်ကိုအားကိုးသောအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အလိုရှိနိုင်သောအကူအညီရှိသမျှကို ရရှိကြလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုကယ်တင်နိုင်သကဲ့သို့ မိမိတို့ကိုယ် ကိုကြည့်နေကြသည်။ သို့သော် ကျွန်ုပ်တို့သည် ဤသို့ပြုရန်အားကိုးရာမဲ့ ဖြစ်သောကြောင့် သခင်ယေရှုသည် ကျွန်ုပ်တို့အတွက်အသေခံတော်မူ၏။ ကိုယ်တော်၌ကျွန်ုပ်တို့၏မျှော်လင့်ခြင်း၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ရာ၌တည်စေ ခြင်းနှင့် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတည်ရှိ၏။ ကျွန်ုပ်တို့၌ကယ်တင်ရှင်

မရှိ၊ (သို့မဟုတ်) ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်၌ကရုဏာရှိတော်မမူဟု ကျွန်ုပ်တို့သည်စိတ်ပျက်၍ စိုးရိမ်နေစရာမရှိ။ ဤအချိန်၌ပင် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် မိမိ၏အမှုကိုဆောင်ရွက်နေတော်မူလျက် အားကိုးရာမဲ့သော အခြေအနေ၌ပင် ကိုယ်တော်ထံသို့လာ၍ကယ်ဆယ်ခြင်းခံယူရန် ဖိတ်ခေါ် လျက်နေတော်မူ၏။ ကျွန်ုပ်တို့သည် မယုံကြည်ခြင်းဖြင့် ကိုယ်တော်ကိုရှုတ်ချ ကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အကောင်းဆုံးမိတ်ဆွေကြီးအား မည်ကဲ့သို့ ပြုမူကြသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အားအစွမ်းကုန်ကယ်တင်နိုင်တော်မူ၍ မိမိ၏ကြီးမားသောမေတ္တာတော်သက်သေရှိသမျှကို ကျွန်ုပ်တို့အား ဖော်ပြတော်မူသောကိုယ်တော်၌ ကျွန်ုပ်တို့သည် မည်မျှယုံကြည်အားနည်းကြောင်းကိုလည်းကောင်းသိရှိရသည်မှာ အံ့သြဖွယ်ကောင်းပေသည်။

ကျွန်ုပ်၏ညီအစ်ကို၊ ကယ်တင်နိုင်သောတန်ခိုးကို သင်သည် မယုံကြည်မီ သင်သည်အပြစ်နှင့်လွတ်ကင်းရမည်ဟုထင်မှတ်လျက် သင်၏ ကောင်းမှုအားဖြင့် သင်သည် ဘုရားသခင်၏ရှေ့တော်၌ မျက်နှာရလိမ့်မည် ဟု သင်သည်မျှော်လင့်နေသလော။ သင်၏စိတ်ထဲ၌ ဤကဲ့သို့တိုက်လှန် ခြင်းဖြစ်နေလျှင် သင်သည်ခွန်အားကိုမရဘဲ အဆုံး၌စိတ်ပျက်လိမ့်မည်ဟု ကျွန်ုပ်စိုးရိမ်မိပါသည်။

တောထဲ၌ပုန်ကန်သောဣသရေလလူတို့အား အဆိပ်ရှိသောမြွေကိုက် စေဖို့ ထာဝရဘုရားကခွင့်ပြုတော်မူသောအခါ မောရှေအား ကြေးဝါမြွေရုပ်ကို မြှောက်ထားလျက် အကိုက်ခံရသောသူတို့အား ၎င်းကိုကြည့်၍အသက်ရှင် စေဖို့ပြောလော့ဟု မှာထားတော်မူ၏။ သို့ရာတွင် များစွာသောသူတို့သည် ကောင်းကင်မှစီမံထားသော ကုသနည်းအားဖြင့် အကူအညီမရရှိကြ။ သေနေ သူနှင့်သေလုမြောပါးဖြစ်သောသူတို့သည် မိမိတို့ပတ်လည်၌ရှိနေကြ၏။၎င်းပြင် ဘုရားသခင်၏အကူအညီကိုမရလျှင် သူတို့သည် အမှန်သေဆုံးရ ကြမည်ကိုသိရှိကြ၏။ သို့သော် သူတို့သည် ချက်ချင်းချမ်းသာခွင့်ကိုရနိုင် သောအခါတွင် သူတို့၏ခွန်အားသည်ကုန်ခန်း၍ မျက်စိများသည်မှုန်ပြာလာ သည့်တိုင်အောင် သူတို့၏အနာ၊ ရောဂါနှင့်အမှန်သေရခြင်းအတွက် ငိုကြွေး မြည်တမ်းနေကြ၏။

မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ ကိုယ်တော်ကို ယုံကြည်သောသူရှိသမျှတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ လူသားသည်မြှောက်ထားခြင်းကိုခံရ၏။ သင်သည် သင်၏ အပြစ်များကိုသိမြင်လျှင် ၎င်းအပြစ်များအတွက် သင်၏စွမ်းအားရှိသမျှကို ငိုကြွေးနေခြင်းဖြင့်မကုန်ခန်းစေဘဲ မျှော်ကြည့်၍အသက်ရှင်လော့။ သခင်ယေရှု သာလျှင် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်တော်မူ၏။ ချမ်းသာခြင်းသို့ရောက် သင့်သော သန်းပေါင်းများစွာသောသူတို့သည်

ကိုယ်တော်ပေးတော်မူသော ကရုဏာတော်ကို ငြင်းပယ်ကြသော်လည်း ကိုယ်တော်၏ကောင်းမှုတော်ကို ယုံကြည်သော် တစ်ယောက်မျှပျက်စီးခြင်းသို့ရောက်စေရန် ပစ်ထားခြင်းခံရ ကြမည်မဟုတ်။ သခင်ခရစ်တော်မပါဘဲ အားကိုးရာမဲ့ဖြစ်နေသောအခြေအနေ ကို ကျွန်ုပ်တို့သည်သိမြင်လာသောအခါ ကျွန်ုပ်တို့သည် စိတ်ပျက်မနေရကြ။ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရ၍ ထမြောက်တော်မူသော ကယ်တင်ရှင်ကို အားကိုးရကြမည်။ ဆင်းရဲ၊ အပြစ်နှင့်ဖျားနာ၍ စိတ်ပျက် နေသောဝိညာဉ်၊ မျှော်ကြည့်၍အသက်ရှင်လော့။ သခင်ယေရှုသည် ကတိ ထားတော်မူပြီ။ ကိုယ်တော်ထံလာသောသူတို့ကို ကိုယ်တော်သည် ကယ်တင် တော်မူမည်။

သခင်ယေရှုထံလာ၍ ငြိမ်သက်ခြင်းချမ်းသာကိုခံယူလော့။ သင်သည် ယခုပင်ကောင်းချီးမင်္ဂလာကိုခံရလိမ့်မည်။ သင်သည် အားကိုးရာမဲ့ဖြစ်၍ သင့်ကိုယ်တိုင်သင့်ကိုကောင်းချီးမပေးနိုင်ဟု စာတန်ကအကြံပေးလိမ့်မည်။ မှန်ပေသည်။ သင်သည် အားကိုးရာမဲ့ဖြစ်နေ၏။ သို့ရာတွင်သူ့ရှေ့၌သခင်ယေရှုကိုမြှောက်ထားပြီးလျှင် “ငါ၌ထမြောက်တော်မူသောကယ်တင်ရှင် ရှိ၏။ ကိုယ်တော်ကိုငါယုံကြည်သည်၊ ငါ့အားရှုပ်ထွေးသွားစေရန်ကိုယ်တော်က ဘယ်အခါမျှခွင့်ပြုတော်မမူ။ ကိုယ်တော်၏နာမတော်၌ ငါအောင်မြင်၏။ ကိုယ်တော်သည် ငါ၏ဖြောင့်မတ်ခြင်း၊ ငါ၏ဝမ်းမြောက်ခြင်းသရဖူဖြစ်တော် မူ၏” ဟုပြောပြလော့။ မိမိ၏အခြေအနေသည် မျှော်လင့်ရာမဲ့ဖြစ်သည်ဟု မည်သူမျှမထင်မှတ်ပါစေနှင့်။ အကြောင်းကား ထိုသို့မဖြစ်ပါ။ သင်သည် အပြစ်ရှိသဖြင့် ဘာမျှမပြုလုပ်နိုင်သည်ကို သင်မြင်ရလိမ့်မည်။ သို့ရာတွင် ဤအကြောင်းကြောင့်ပင် သင်သည်ကယ်တင်ရှင်ကိုအလိုရှိနေသည်။ သင်၌ဖော်ပြဝန်ချရန်အပြစ်ရှိနေလျှင် အချိန်မဖြုန်းပါနှင့်။ ဤအချိန်သည် အဖိုး ထိုက်တန်၏။ “ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ် ၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့် လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏” ၁ယော ၁း၉။ ဖြောင့်မတ်ခြင်းတရားကို ဆာငတ်မွတ်သောသူတို့သည် ဝပြော ခြင်းသို့ရောက်လိမ့်မည်။ အကြောင်းမူကား၊ သခင်ယေရှုက ထိုသို့ကတိထား တော်မူ၏။ အဖိုးထိုက်သောကယ်တင်ရှင်ပါတကား။ ကျွန်ုပ်တို့ကိုလက်ခံရန် ကိုယ်တော်၏လက်များကိုဖွင့်ထားတော်မူ၏။ မေတ္တာနှင့်ပြည့်ဝသောကိုယ်တော်၏ကြီးမြတ်သောနှလုံးတော်သည် ကျွန်ုပ်တို့ကိုကောင်းချီးပေးရန် စောင့်နေ တော်မူ၏။

အချို့တို့က သူတို့သည်စုံစမ်းခြင်းခံနေရကြလျက် ကိုယ်တော်ထံမှ ကောင်းချီးမင်္ဂလာကိုမတောင်းမီ မိမိတို့သည် ပြုပြင်ပြောင်းလဲခြင်းရှိကြကြောင်း ထာဝရဘုရားသခင်အားသက်သေပြရမည်ဟု ထင်မှတ်နေကြသည်။ သို့သော် ဤသူတို့သည် ယခုပင်ကိုယ်တော်၏ကောင်းချီးမင်္ဂလာကို တောင်းဆိုနိုင် ကြသည်။ သူတို့၏အားနည်းခြင်းအဖြစ်ကိုကူညီရန် သူတို့၌ကိုယ်တော်၏ ကျေးဇူးတော်၊ သခင်ခရစ်တော်၏ဝိညာဉ်တော်ကို ရရှိထားရကြမည်၊ (သို့မဟုတ်) သူတို့၌ခရစ်ယာန်အကျင့်များကိုမဖြစ်ပွားစေနိုင်။ ကျွန်ုပ်တို့သည်အပြစ်ရှိ၍ အားကိုးရာမဲ့ဖြစ်လျက် မှီခိုနေလိုသောအချိန်အခါမှာပင်မိမိ၌ရှိနေသောအခြေအနေမျိုးနှင့်ပင် ကိုယ်တော်ထံချဉ်းကပ်စေဖို့ သခင်ယေရှုသည်နှစ်သက် တော်မူ၏။

နောင်တရခြင်းနှင့်တကွ အပြစ်လွတ်ခြင်းသည် သခင်ခရစ်တော် အားဖြင့် ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးဖြစ်၏။ သန့်ရှင်းသောဝိညာဉ် တော်၏ပြုပြင်ခြင်းတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ကိုမြင်လာလျက် အပြစ်လွတ်ခြင်းခံရဖို့လိုကြောင်း သိမြင်လာကြ၏။ စိတ်နှလုံးကြေကွဲခြင်းရှိသောသူသာလျှင် အပြစ်လွတ်ခြင်းခံရမည်။ သို့ရာတွင် နောင်တရရန် စိတ်နှလုံးကိုပြုပြင်သောအရာကား၊ ဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အားနည်းခြင်း၊ မကျန်းမာခြင်းအဖြစ်ကိုသိကျွမ်း ၍ ကျွန်ုပ်တို့ကိုကူညီတော်မူမည်။

နောင်တရခြင်း၊ အပြစ်ကိုဖော်ပြဝန်ချခြင်းဖြင့် ဘုရားသခင်ထံသို့ လာ၍ မိမိ၏အပြစ်များကိုလွှတ်တော်မူကြောင်းကိုပင် ယုံကြည်သောသူအချို့ တို့သည် ဘုရားသခင်၏ကတိတော်များကိုတောင်းခံသင့်သည့်အတိုင်း မတောင်းခံ ကြသေး။ သခင်ယေရှုသည် အမြဲတည်ရှိတော်မူသောကယ်တင်သခင်ဖြစ် ကြောင်းကို သူတို့သည်မသိမြင်ကြ။ ၎င်းပြင် သူတို့၏စိတ်နှလုံးထဲ၌ ကျေးဇူး တော်၏ပြုပြင်ခြင်းအမှုကို စုံလင်စွာပြုစေရန် ကိုယ်တော်ကိုအားကိုးလျက် မိမိတို့၏စိတ်ဝိညာဉ်ကို ကိုယ်တော်အားအပ်ထားရန် သူတို့သည်အသင့်မရှိ ကြ။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်အားဆက်ကပ်ထားကြသည်ဟု ထင်နေကြသော်လည်း သူတို့သည် မိမိတို့ကိုယ်ကိုများစွာအားကိုးလျက်ရှိနေ ကြသေးသည်။ ဘုရားသခင်ကိုတစ်ဝက်ယုံကြည်လျက် မိမိကိုယ်ကိုတစ်ဝက် ယုံကြည်နေသောဝိညာဉ်များရှိသေးသည်။ တန်ခိုးတော်အားဖြင့် စောင့်ရှောက် ခြင်းခံရရန် သူတို့သည် ဘုရားသခင်ကိုမကြည့်ကြဘဲ စုံစမ်းခြင်းကိုခုခံရန် စောင့်နေခြင်းအမှုကိုအားကိုးနေကြလျက် ဘုရားသခင်လက်ခံတော်မူစေရန် အချို့သောတာဝန်များကို ဆောင်ရွက်နေကြသည်။ ထိုသို့သောသူတို့သည် အကျိုးမရှိဘဲဆောင်ရွက်နေကြသည်။ သူတို့၏စိတ်ဝိညာဉ်သည် အမြဲချည်နှောင် ခံနေရကြ၍ သူတို့၏ဝန်ထုပ်များကို သခင်ယေရှု၏ခြေတော်ရင်း၌ချမထား မီတိုင်အောင် ငြိမ်ဝပ်ခြင်းချမ်းသာကိုမရကြ။

အမြဲစောင့်ကြည့်နေခြင်း၊ စိတ်ပါစွာဘုရားသခင်ဝတ်၌မွေ့လျော်ခြင်း ရှိဖို့လိုပေသည်။ သို့ရာတွင် ဝိညာဉ်သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင် ၏တန်ခိုးတော်စောင့်ရှောက်ခြင်းကို ခံနေရသောအခါ ဤအရာတို့သည် အလိုအလျောက်ဖြစ်ပေါ်လာကြ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ မျက်နှာရခြင်းငှာ ဘာမျှမပြုလုပ်နိုင်၊ လုံးလုံးဘာမျှမပြုလုပ်နိုင်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ကောင်းမှုတို့ကိုလည်းကောင်း အလုံးစုံအားမကိုးရကြချေ။ သို့ရာတွင် အပြစ်ပြုလျက်၊ မှားယွင်းလျက်နေစဉ် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံလာကြသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော် ၏မေတ္တာတော်၌ ချမ်းသာခြင်းကိုတွေ့ရကြမည်။ လက်ဝါးကပ်တိုင်၌ရိုက် ထားခြင်းခံရသော ကယ်တင်ရှင်၏ကောင်းမှုကို လုံးလုံးအားကိုးလျက် ကိုယ်တော်ထံသို့လာသောသူတိုင်းကို ဘုရားသခင်သည် လက်ခံတော်မူမည်။ မေတ္တာသည် စိတ်နှလုံးထဲကဖြစ်ပေါ်လာ၏။ အလွန်အကျူးစိတ်ဝင်စားသော သဘောမရှိ၊ သို့ရာတွင် အမြဲသဖြင့်ငြိမ်သက်သော အားကိုးယုံကြည်ခြင်းရှိ ၏။ ဝန်ထုပ်ရှိသမျှသည်ပေါ့သွား၏။ အကြောင်းမူကား၊ သခင်ခရစ်တော် တင်ပေးတော်မူသောထမ်းပိုးသည် ထမ်းလွယ်၏။ အလုပ်ဝတ္တရားသည် ပျော်မွေ့ဖွယ်ဖြစ်လာ၍ ဆက်ကပ်ပူဇော်ခြင်းသည် ပျော်ရွှင်စရာဖြစ်လာ၏။ ယခင်က မှောင်မိုက်ဖုံးလွှမ်းနေသည်ဟု ထင်ရသောလမ်းသည် ဖြောင့်မတ် ခြင်းတရားနေမင်းထံမှ အလင်းရောင်အားဖြင့်ထွန်းတောက်လျက်ရှိ၏။

ဤအရာသည် အလင်းတွင်သခင်ခရစ်တော်တည်ရှိတော်မူသကဲ့သို့ အလင်းတွင် လျှောက်ခြင်းဖြစ်၏။◦

-----*****----

(1) 2TT, 91-95.

အခန်း (၁၁)

## သန့်ရှင်းသောအသက်တာ

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့၌ရှိသမျှကိုတောင်းတော် မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပထမဦးဆုံးနှင့် အသန့်ရှင်းဆုံးအကြံ အစည်တို့ကို လည်းကောင်း၊ ကျွန်ုပ်တို့၏အစင်ကြယ်ဆုံးနှင့်အပြင်းထန်ဆုံးသော စွဲလမ်းခြင်း ကိုလည်းကောင်း တောင်းတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင် ၏သဘောတော် မျိုးကို ဧကန်အမှန်ခံယူရရှိကြလျှင် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့် နှုတ်ကကိုယ်တော်ကို အစဉ်အမြဲချီးမွမ်းနေကြလိမ့်မည်။ ကျွန်ုပ်တို့၏တစ်ခုတည်း သောလုံခြုံမှုကား၊ မိမိတို့ ကိုယ်ကို ကိုယ်တော်အားအလုံးစုံအပ်နှံ၍ ကျေးဇူး တော်၌လည်းကောင်း၊သမ္မာတရား ကိုသိကျွမ်းခြင်း၌လည်းကောင်း အစဉ်အမြဲ ကြီးပွားတိုးတက်ခြင်းဖြစ်သတည်း။

သမ္မာကျမ်းစာ၌ဖော်ပြထားသော သန့်ရှင်းစင်ကြယ်ခြင်းသည် ကိုယ် ခန္ဓာ၊ စိတ်ဝိညာဉ်မှစ၍ လူတစ်ကိုယ်လုံးနှင့်သက်ဆိုင်သည်။ ဤနေရာ၌ လုံးလုံးဆက် ကပ်ခြင်းနှင့်ဆိုင်သောသဘောအမှန်ကို ဖော်ပြထား၏။ သက်သာ လောနိတ်မြို့၌ ရှိသောအသင်းတော်သည် ဤကြီးမြတ်သောကောင်းချီးမင်္ဂလာ ကိုခံစားစေဖို့ ပေါလု ကဆုတောင်း၏။ “ငြိမ်သက်ခြင်း၏ဘုရားသခင်ကိုယ်တော် တိုင်လည်း သင်တို့ကိုအ ကုန်အစင်သန့်ရှင်းတော်မူပါစေသော၊ ငါတို့သခင် ယေရှုခရစ်ကြွလာတော်မူသောအခါ သင်တို့၏ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်အပေါင်း ကိုအပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူပါစေသော” (၁သက် ၅း၂၃)။

ဘာသာရေးလောကတွင် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းနှင့်စပ်ဆိုင် ၍ ထင်မြင်ချက် တစ်ခုရှိရာ ၎င်းကိုယ်တိုင်ပင်မှားယွင်း၍ ဘေးဥပဒ်ဖြစ်စေ တတ်သည်။ အများသောအမှု၌ သန့် ရှင်းစင်ကြယ်ခြင်းအကြောင်းပြောဆိုနေ ကြသောသူတို့၌ မှန်သောသန့်ရှင်းစင်ကြယ်ခြင်းမရှိကြ။ သူ တို့၏သန့်ရှင်း စင်ကြယ်ခြင်းသည် အပြောနှင့်စိတ်ဆန္ဒအလျောက် ကိုးကွယ်ဝတ်ပြုခြင်း ဖြစ်သည်။

သူတို့သည် ဆင်ခြင်ဥာဏ်နှင့်ဝေဖန်ပိုင်းခြားတတ်သောဥာဏ်ကို ပယ်ထား၍ တစ်ခါတစ် ရံခံစားရသော စိတ်ထကြွမှုအပေါ်၌ သန့်ရှင်းစင်ကြယ် ခြင်းအကြောင်းသည် အခြေတည်သည် ဟုဆိုလျက် သူတို့၏စိတ်ထင်မြင်ချက် များအပေါ်တွင် လုံးလုံးအားကိုးတတ်ကြသည်။ သူတို့သည် သန့်ရှင်းခြင်း အကြောင်းကို အနိုင်အမာပြောဆိုရာ၌ခေါင်းမာလျက် စကားသာများစွာပြော နေကြသော်လည်း သက်သေအဖြစ် အဖိုးထိုက်သောအသီးကိုမသီးစေကြ။ သန့်ရှင်းစင်ကြယ်ခြင်းရှိ သည်ဟု ပြောဆိုနေကြသော၍သူတို့သည် အယောင် ဆောင်ခြင်းဖြင့် မိမိတို့၏ဝိညာဉ်ကိုသာ လှည့်စားနေကြသည်မဟုတ်။ ဘုရားသခင်၏အလိုတော်ကို စိတ်အားထက်သန်စွာလိုက်နာလိုသော သူအများ ကိုလည်း မှားစေရန်သွေးဆောင်နေကြသည်။ "ဘုရားသခင်သည် ငါ့ကို လမ်းပြတော် မူ၏။ ဘုရားသခင်သည် ငါ့ကိုသွန်သင်တော်မူ၏။ ငါသည် အပြစ်ကင်းလျက်နေထိုင်၏" ဟု ထပ်ခါထပ်ခါသူတို့ပြောဆိုနေကြသည်ကို ကြားနိုင်သည်။ ဤသဘောမျိုးကိုရရှိသောသူအများသည် မိမိတို့နားမလည် နိုင်သောမှောင်မိုက်၊ နက်နဲသောအရာတစ်စုံတစ်ခုနှင့် ကြုံကြိုက်ရတတ်သည်။ သို့ရာတွင် ဤအရာသည် တစ်ဦးတည်းသောမှန်သောပုံသက်သေတည်းဟူ သော သခင်ခရစ် တော်နှင့်လုံးလုံးမတူညီသောအရာဖြစ်ပေသည်။၂

သန့်ရှင်းစင်ကြယ်ခြင်းသည် အဆင့်ဆင့်တိုးတက်နေသောအမှုဖြစ် သည်။ တစ်ဆင့်ပြီး တစ်ဆင့်ပြုရသောအမှုများကို ပေတရု၏စကားများတွင် ဖော်ပြထား၏။ "ထိုသို့အလိုငှာ သင်တို့ သည်ယုံကြည်ခြင်း၌ အကျင့်ကောင်းကို လည်းကောင်း၊ အကျင့်ကောင်း၌ပညာကိုလည်းကောင်း၊ ပညာ၌အပျော်အပါး ချုပ်တည်းခြင်းကိုလည်းကောင်း၊ အပျော်အပါးချုပ်တည်းခြင်း၌ သည်းခံခြင်း ကိုလည်းကောင်း၊ သည်းခံခြင်း၌ ဘုရားသခင်ကိုဝတ်ပြု၍မွေ့လျော်ခြင်းကို လည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်းကိုလည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကို လည်းကောင်း အလွန်ကြိုးစားအား ထုတ်၍ ထပ်ဆင့်ကြလော့။ အကြောင်းမူကား၊ ဌ်အကျင့် တို့သည် သင်တို့ ၌ရှိ၍ကြွယ်ဝလျှင် ငါတို့သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌ မပျင်းရိစေခြင်း ငှာလည်းကောင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှာလည်းကောင်း ပြုပြင်တတ်၏" (၂ပေ ၁:၅–၈)။ "ထိုကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသောခေါ်တော်မူခြင်း နှင့်ရွေးချယ်တော်မူခြင်းကို တည်မြဲ စေခြင်းငှာ သာ၍ကြိုးစားအားထုတ်ကြ လော့။ သို့ပြုလျှင် ရွေ့လျောခြင်းနှင့်ကင်းလွတ်သည်ဖြစ်၍ ငါတို့ကိုကယ်တင် တော်မူသောသခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခြင်းအခွင့်ကို သင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတ္တံ့" (၄ယ် ၁၀၊၁၁)။

ကျွန်ုပ်တို့သည် ဘယ်အခါမျှမပျက်စီးနိုင်ဟု သေချာသောလမ်းတစ်ခု ရှိသည်။ ခရစ်ယာန်အကျင့်များကိုရရှိရန် အပေါင်းလက္ခဏာနည်းကို ထိုသို့ အသုံးပြုသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို ချပေး တော်မူရာ၌ ဘုရားသခင်သည် အမြှောက်လက္ခဏာနည်းကိုအသုံးပြုတော် မူမည်ဟု ကတိထားတော်မူပြီ။၃

သန့်ရှင်းစင်ကြယ်ခြင်းအမှုသည် တစ်မိနစ်၊ တစ်နာရီ၊ တစ်ရက် အတွင်းပြုလုပ်၍ရသော အမှုမဟုတ်။ ၎င်းသည် အမြဲသဖြင့်ကျေးဇူးတော်၌ ကြီးပွားနေခြင်းဖြစ်သည်။ တစ်နေ့၌ ကျွန်ုပ်တို့တိုက်ခိုက်ရမည့် နောက်ဆုံး တိုက်ပွဲသည် မည်မျှအားကြီးမည်ကိုကျွန်ုပ်တို့မသိကြ။ စာတန်သည် အသက် ရှင်လျက်လှုပ်ရှားနေသဖြင့် ကျွန်ုပ်တို့သည်အကူအညီရ၍ သူ့ကိုတားဆီးခုခံ နိုင်ရန် ဘုရားသခင်ထံစိတ်အားကြီးစွာကြွေးကြော်ဖို့သင့်သည်။ စာတန်သည် အုပ်စိုးနေသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် မိမိကိုယ်ကိုနှိမ့်ချရကြမည်။ အတားအဆီးများကိုအောင်မြင်ရမည်။ ၎င်းပြင် ရပ်နေစရာမလို၊ ကျွန်ုပ်တို့ သည် လုံးလုံးမိမိအလိုရှိရာသို့ရောက်ပြီဟုပြောဆို၍ ကျွန်ုပ်တို့ရောက်ရှိနိုင်သော နေရာတစ်စုံတစ်ခုမျှမရှိပါ။

ခရစ်ယာန်အသက်တာသည် အမြဲသဖြင့်ရှေ့သို့တိုးတက်နေရမည်။ သခင်ယေရှုသည် မိမိ၏လူများကိုချွတ်တော်မူသောသူနှင့် ဖြူစင်စေတော်မူ သောသူအဖြစ်နှင့်ထိုင်နေတော်မူ၏။ ၎င်းပြင် သူတို့၌ကိုယ်တော်၏ပုံသဏ္ဌာန် သည်စုံလင်စွာဖြစ်ပေါ်လာသောအခါ သူတို့သည်စုံလင်သန့်ရှင်းလာကြ၍ ကိုယ်ခန္ဓာပြောင်းလဲခြင်းငှာ ပြင်ဆင်ခြင်းရှိလာကြ၏။ ခရစ်ယာန်အတွက် ကြီးကျယ်သောအလုပ်ကိုလိုပေသည်။ ကျွန်ုပ်တို့ကိုယ်တိုင်မှ ကာယနှင့်ဝိညာဉ် အညစ်အကြေးများကိုဆေးကြောလျက် ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၌ သန့်ရှင်းခြင်းအဖြစ်ကိုစုံလင်စွာရရှိစေရမည်ဟု ကျွန်ုပ်တို့အားဆုံးမဩဝါဒပေး ထား၏။ ဤနေရာ၌ ကြီးစွာသောလုပ်ဆောင်ခြင်းအမှုရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ခရစ်ယာန်အတွက်အမြဲအလုပ်တစ်ခုရှိသည်။ အသီးသီးမည် အကြောင်း စပျစ်ပင်မကြီးမှအကိုင်းတိုင်း ပင်မမှအသက်နှင့်ခွန်အားကို ရရှိ သင့်သည်။၄

သူတို့သည် ဘုရားသခင်၏ပညတ်တစ်ခုကိုနင်းချေလျက်နေစဉ် ဘုရားသခင်သည် သူတို့၏အပြစ်ကိုလွှတ်၍ သူတို့အားကောင်းချီးပေးတော် မူမည်ဟုယုံကြည်လျက် အဘယ်သူမျှမိမိကိုယ်ကိုမလှည့်ဖြားစေနှင့်။ ထင်ရှား သောအပြစ်ကို သက်သက်ကျူးလွန်ခြင်းဖြင့် ဝိညာဉ်တော်၏သက်သေခံသော အသံကိုတိတ်ဆိတ်စေ၍ ဝိညာဉ်အား ဘုရားသခင်နှင့်ကွဲကွာစေ၏။ ဘာသာ ရေး၌အလွန်အကြူးစိတ်ဝင်စားမှုရှိသော်လည်း ဘုရားသခင်၏ပညတ်တော်ကို ဂရုမစိုက်သောစိတ်နှလုံးထဲ၌ သခင်ယေရှုသည် တည်နေတော်မမူနိုင်။ ဘုရားသခင်ကိုချီးမြှောက်သောသူကိုသာ ဘုရားသခင်သည် ချီးမြှောက်တော် မူမည်။၅

"ငြိမ်သက်ခြင်း၏ဘုရားသခင်ကိုယ်တော်တိုင်လည်း သင်တို့ကိုအကုန် အစင်သန့်ရှင်းစေတော်မူပါစေသော" (၁သက် ၅:၂၃) ဟု ပေါလုကရေး ထားသောအခါ သူတို့မမီနိုင်သောစံနမူနာကိုရောက်ရှိဖို့ရည်မှန်းရန် ညီအစ်ကို တို့အားသူကဆုံးမသည်မဟုတ်။ ဘုရားသခင်ကပေးရန်အလိုရှိတော်မမူသော ကောင်းချီးမင်္ဂလာကိုရရှိစေမည်အကြောင်း သူသည်ဆုမတောင်းပါ။ သခင် ခရစ်တော်ကိုတွေ့ဆုံရန် သင့်လျော်သောသူအပေါင်းတို့၌ ဖြူစင်သန့်ရှင်းသော အကျင့်ရှိရမည်ကိုသူသိ၏။ (၁ကော ၉:၂၅–၂၇။ ၁ကော ၆:၁၉၊၂၀ ကို ဖတ်ပါ။)

မှန်သောခရစ်ယာန်အခြေခံတရားသည် ဖြစ်ပေါ်လာသောအကြောင်း ကိုဆင်ခြင်ရန် ရပ်နားနေလိမ့်မည်မဟုတ်။ "ကျွန်ုပ်သည် ဤအရာကိုပြုလုပ် လျှင် လူများတို့က ကျွန်ုပ်ကိုမည်ကဲ့သို့ထင်မှတ်ကြမည်နည်း၊ (သို့မဟုတ်) ကျွန်ုပ်သည် ဤအရာကိုပြုလျှင် လောကတွင် ၎င်းသည် ကျွန်ုပ်၏ရှေ့ရေး ကိုမည်ကဲ့သို့ထိခိုက်မည်နည်း" ဟု ၎င်းကမမေးပါ။ မိမိတို့၏အလုပ်သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေနိုင်မည်အကြောင်း၊ အလွန်ပြင်းပြသော တောင့်တခြင်းနှင့် ဘုရားသခင်သည် မိမိတို့အားအဘယ်သို့ပြုစေလိုတော်မူ သည်ကို ဘုရားသခင်၏သားသမီးတို့သည် သိရှိလိုကြလိမ့်မည်။ တပည့် တော်အပေါင်းတို့သည် လောက၌လောင်နေလျက် ထွန်းတောက်သောအလင်း ဖြစ်ကြမည်အကြောင်း၊ သူတို့၏စိတ်နှလုံးနှင့်အသက်တာကို ဘုရားသခင်၏ ကျေးဇူးတော်ကအုပ်စိုးစေခြင်းငှာ ဘုရားသခင်သည် လုံလောက်အောင်စီမံ ထားတော်မူ၏။[8]

## သန့်ရှင်းစင်ကြယ်ခြင်း၏မှန်သောသက်သေများ

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လောက၏အလင်းဖြစ်သော်လည်း လောကသည် ကိုယ်တော်ကိုမသိကြ။ ကိုယ်တော်သည် ကရုဏာနှင့်ဆိုင် သောအလုပ်ကို အမြဲဆောင်ရွက်နေတော်မူလျက် လူအပေါင်းတို့၏လမ်းတွင် အလင်းကိုထွန်းတောက်စေတော်မူ၏။ သို့သော် ကိုယ်တော်၏ပြိုင်ဘက်မရှိ သောအကျင့်၊ ကိုယ်တော်၏ ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုဆက်ကပ်ပူဇော် ခြင်းသဘောနှင့် အခြားသူ၏ ကောင်းကျိုးကိုရှာတတ်သောသဘောတို့ကို သိမြင်စေရန် ကိုယ်တော်နှင့်ရောနှောနေသောသူတို့ကို ကိုယ်တော်သည်ဖိတ်ခေါ် တော်မမူ။ ယုဒလူတို့သည် ထိုသို့သော အသက်တာမျိုးကိုနှစ်သက်ခြင်းမရှိ ကြ။ ဘာသာတရားကြည်ညိုမှုတွင် သူတို့နှင့်မတူသောကြောင့် သူတို့က ကိုယ်တော်၏ဘာသာတရားကို အဖိုးမတန်ဟုသဘောထားကြ၏။ သူတို့၏ ဘာသာရေးတွင်ဟန်ပြခြင်း၊လူများရှေ့တွင်ဆုတောင်းခြင်း၊ထင်ပေါ်အောင် အလှူပေးခြင်းအမှုများပါဝင်သောကြောင့် သူတို့က သခင်ခရစ်တော် သည် ဘာသာရေးတွင်စိတ်ပါဝင်စားခြင်း၊ ထင်ရှားစွာဖော်ပြခြင်းမရှိဟု ဆုံးဖြတ် ကြ၏။

သန့်ရှင်းစင်ကြယ်ခြင်း၏အဖိုးအထိုက်ဆုံးအသီးကား စိတ်နှိမ့်ချခြင်း အကျင့်ဖြစ်သည်။ ဤအကျင့်သည် စိတ်ဝိညာဉ်ထဲ၌တည်ရှိနေသောအခါ ၎င်း၏တန်ခိုးအားဖြင့် စိတ်သဘောသည် ပြုပြင်ခြင်းခံရ၏။ ထိုအခါ ဘုရားသခင်ကိုအမြဲကိုးစားကြ၏၊ မိမိစိတ်အလိုဆန္ဒကို ဘုရားသခင်၏လက်အောက် ၌ချထားကြ၏။

ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုဆက်ကပ်ပူဇော်ခြင်း၊ သူတစ်ပါး အကျိုးကိုရှာခြင်း၊ ကြင်နာခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ တည်ကြည်ခြင်း၊ ခရစ်ယာန်အားကိုးခြင်းတို့သည် ဘုရားသခင်နှင့်အမှန်ဆက်သွယ်နေသော သူတို့၏နေ့စဉ်အသီးများဖြစ်သည်။ သူတို့၏အပြုအမူတို့ကို လောကသည် မကြားမသိဘဲနေလိမ့်မည်။ သို့ရာတွင် သူတို့သည် နေ့စဉ်မကောင်းသောအရာတို့နှင့်တိုက်ခိုက်နေကြလျက် စုံစမ်းခြင်းနှင့်အမှားများကို အောင်မြင်လျက် ရှိကြ၏။ အရေးကြီးသောကတိများကို အသစ်ထပ်မံပြုလုပ်လျက် စိတ်အား ကြီးစွာဆုတောင်းခြင်းနှင့် အမြဲစောင့်နေခြင်းဖြင့် ရရှိသောခွန်အားအားဖြင့် ၎င်းကိုထိန်းသိမ်းစောင့်ရှောက်၏။ စိတ်အားထက်သန်စွာကြည့်ရှုနေသူသည် တိတ်ဆိတ်စွာဤအမှုဆောင်တို့၏တိုက်လှန်နေခြင်းကို မမြင်ကြသော်လည်း စိတ်နှလုံး၏လျှို့ဝှက်သောအရာတို့ကိုပင် သိမြင်တော်မူသောကိုယ်တော်သည် စိတ်နှိမ့်ချခြင်းနှင့်ကြိုးစားလုပ်ဆောင်သောအမှုရှိသမျှကိုသိမြင်လျက် နှစ်သက် သဘောကျတော်မူ၏။ အကျင့်တွင် ချစ်ခြင်းနှင့်ယုံကြည်ခြင်း၏ရွှေစင်အစစ် ကိုထင်ရှားစေရန် စုံစမ်းခြင်းအချိန်ကာလကိုလိုပေသည်။ စုံစမ်းခြင်းနှင့်ရှုပ်ထွေး ခြင်းတို့သည် အသင်းတော်အပေါ်သို့သက်ရောက်လာသောအခါ သခင် ခရစ်တော်၏မှန်သောတပည့်တော်တို့တွင် မြဲမြံသောစိတ်အားထက်သန်မှုနှင့် အားကြီးသောစွဲလမ်းခြင်းသဘောများသည် ဖြစ်ပေါ်လာလေ၏။

ဘာသာရေး၌အမှန်ကြည်ညိုသောသူ၏ဩဇာလွှမ်းခြင်းကို ခံရသော သူအပေါင်းတို့သည် သူ၏ခရစ်ယာန်အသက်တာ၏တင့်တယ်ခြင်း၊ မွှေးကြိုင် ခြင်းကိုသိမြင်လာကြ၏။ သို့သော် သူကိုယ်တိုင်ကားဘာမျှမသိ၊ အကြောင်း ကား ၎င်းသည်သူ၏အကျင့်၊ သူ၏သဘောတို့နှင့်ညီညွတ်လာ၏။ သူသည် ဘုရားသခင်၏အလင်းအတွက်ဆုတောင်း၍ ထိုအလင်းတွင်လိုက်လျှောက်ရန် နှစ်သက်၏။ ကောင်းကင်ခမည်းတော်၏အလိုတော်ကိုလိုက်ခြင်းသည် သူ၏စားသောက်စရာဖြစ်၏။ သူ၏အသက်တာသည် သခင်ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။ သို့သော် သူသည် ၎င်းအတွက်ကြွားဝါ ခြင်းမရှိ၊ ၎င်းအကြောင်းကိုပင်မသိရှိသကဲ့သို့ထင်ရ၏။ သခင်၏ခြေတော် ရာကို နီးကပ်စွာလိုက်လျှောက်၍ နှိမ့်ချသောသူတို့ကို ဘုရားသခင်သည် ကြည့်၍ပြုံးတော်မူ၏။ ကောင်းကင်တမန်တို့သည် သူတို့အနားသို့ချဉ်းကပ်၍ သူတို့၏လမ်းတွင်စောင့်နေတတ်ကြသည်။ မြင့်မြတ်သောအခြေအနေကို တောင့်တလျက် မိမိတို့၏ကောင်းမြတ်သောအမှုတို့၌ ဝမ်းမြောက်သောသူတို့ သည် သူတို့ကိုမမြင်ဘဲဖြတ်သွားကြသော်လည်း ကောင်းကင်တမန်တို့သည် သူတို့ကိုမေတ္တာနှင့်ငုံ့ကြည့်လျက် သူတို့ပတ်လည်တွင် မီးလောင်နေသော နံရံကဲ့သို့ဖြစ်ကြ၏။ ၇

## ဒံယေလ–သန့်ရှင်းသောအသက်တာ၏ပုံသက်သေ

ဒံယေလ၏အသက်တာသည် သန့်ရှင်းသောအသက်တာ၏ပုံသက်သေ ကောင်းတစ်ခုဖြစ်သည်။ ၎င်းသည် လူအပေါင်းတို့အတွက် သင်ရန်စာတစ်ခု ဖြစ်သည်။ အထူးသဖြင့် ပျို့ရွယ်သောသူတို့အတွက်ဖြစ်သည်။ ဘုရားသခင် ၏တောင်းဆိုချက်များနှင့်အညီ ကျပ်တည်းစွာလိုက်နာခြင်းသည် ကိုယ်ခန္ဓာ နှင့်စိတ်တို့၏ ကျန်းမာရေးအတွက် အကျိုးရှိပေသည်။ အမြင့်မြတ်ဆုံးသော အကျင့်နှင့်ဉာဏ်ပညာကိုရရှိရန် ဘုရားသခင်ထံမှပညာနှင့်ခွန်အားကို တောင်းဖို့ လိုပေသည်။ ၎င်းပြင် အသက်တာ၏အကျင့်အားလုံးတွင် ကျပ်တည်းစွာ ချုပ်တည်းခြင်းရှိရမည်။ ◦

ဒံယေလ၏အကျင့်တို့သည် သာ၍အပြစ်ကင်းလွတ်လေလေ၊ သူ၏ ရန်သူများသည် သူ့ကိုသာ၍မုန်းလေလေဖြစ်၏။ သူ၏အကျင့်၌လည်းကောင်း၊ သူ၏အလုပ်အကိုင်တို့၌လည်းကောင်း အပြစ်တင်ခွင့်ကိုရှာမတွေ့ကြသောကြောင့် သူတို့သည် သူ့ရှုးကဲ့သို့မိုက်မဲခြင်းနှင့်ပြည့်ဝကြ၏။ "ဘုရားသခင်၏ ဘာသာမှုမှတစ်ပါး အခြားသောအမှုတွင် ဒံယေလ၌အပြစ်တင်ခွင့်ကို ငါတို့ မတွေ့နိုင်ကြဟုတိုင်ပင်ပြောဆိုပြီးမှ" (ဒံယေလ ၆း၅)။

ခရစ်ယာန်အပေါင်းအတွက် ဤနေရာ၌သင့်လျော်စွာဖော်ပြထားသော သင်ရန်စာတစ်ခုဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ မနာလိုသောသူတို့သည် ဒံယေလကိုသေချာစွာကြည့်နေကြ၏။ မုန်းခြင်းကြောင့် သူတို့သည် အထူး သဖြင့်စောင့်ကြည့်နေကြ၏။ သို့သော် သူ၏အပြုအမူ၊ အပြောအဆိုတို့တွင် သူတို့သည် အမှားကိုမတွေ့နိုင်ကြ။ ၎င်းပြင် သူသည် သန့်ရှင်းခြင်းသို့ရောက် ပြီဟုမပြောဆိုချေ။ သို့ရာတွင် သူသည် အလွန်သာ၍ကောင်းသောအမှုကို ပြု၏။ သူသည် သစ္စာရှိ၍ ဆက်ကပ်ပူဇော်ထားသောအသက်တာ၌ အသက် ရှင်လျက်ရှိ၏။

ရှင်ဘုရင်ထံတော်မှအမိန့်တော်ထွက်လာ၏။ သူ့အားပျက်စီးစေရန် မိမိ၏ရန်သူများကကြံစည်သောအကြံကို ဒံယေလသည် ကောင်းစွာသိ၏။ သို့ရာတွင် သူသည် သူ၏အပြုအမူတို့တွင် တစ်စုံတစ်ခုကိုမျှမပြောင်းလဲချေ။ ပြုနေကျတာဝန်တို့ကိုတည်ကြည်စွာသူသည်ပြုလုပ်၏။ ဆုတောင်းသော အချိန်တွင် သူသည်မိမိအခန်းသို့သွား၍ ယေရုရှလင်မြို့ဘက်သို့ ပြတင်း ပေါက်များကိုဖွင့်လျက် ကောင်းကင်ဘုံရှိ ဘုရားသခင်အား မိမိတောင်းလျှောက် လိုသောအရာတို့ကို ဖော်ပြလျက်နေ၏။ သူ၏အပြုအမူအားဖြင့် သူနှင့်သူ၏

ဘုရားသခင်စပ်ကြားတွင် မည်သည့်လောကအာဏာတန်ခိုးမျှ လာရောက် နေခွင့်မရှိ၊ ၎င်းပြင် မည်သူကိုဆုတောင်း၍ မည်သူကိုဆုမတောင်းရဟု သူ့အားပြောဆိုပိုင်ခွင့်မရှိကြောင်းကို သူကရဲရင့်စွာဖော်ပြနေ၏။ စည်းကမ်းဥပဒေ၌ မြင့်မြတ်သောသူပါတကား။ ယနေ့သူသည် လောကရှေ့တွင် သစ္စာ ရှိ၍ ရဲရင့်သောခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း ချီးမွမ်းဖွယ်ပုံသက်သေ တစ်ခုဖြစ်လေပြီ။ တရား၌ကြည်ညိုခြင်းအတွက် သေဒဏ်ခံရမည်ကို သူသည် သိရှိသော်လည်း သူသည် ဘုရားသခင်ဘက်သို့ စိတ်နှလုံးအကြွင်းမဲ့လှည့် ကြည့်၏။

"တစ်ဖန်ရှင်ဘုရင်မိန့်တော်မူသည်အတိုင်း ဒံယေလကိုခေါ်၍ ခြင်္သေ့ တွင်းထဲသို့ချပစ်ကြ၏။ ရှင်ဘုရင်ကလည်း သင်မပြတ်ကိုးကွယ်သောဘုရား သခင်သည် သင့်ကိုကယ်လွှတ်ပါစေဟု ဒံယေလကိုမိန့်တော်မူ၏" (ဒယ် ၁၆)။

နံနက်စောစောရှင်ဘုရင်သည် ခြင်္သေ့တွင်းသို့အလျင်အမြန်သွား၍ "ငိုကြွေးသောအသံနှင့်ဒံယေလကိုခေါ်၍ အသက်ရှင်တော်မူသော ဘုရားသခင် ၏ကျွန်ဒံယေလ၊ သင်မပြတ်ကိုးကွယ်သောဘုရားသခင်သည် သင့်ကိုခြင်္သေ့ ဘေးမှကယ်လွှတ်နိုင်သလောဟု မေးတော်မူ၏" (ဒယ် ၂၀)။ ပုရောဖက်က ပြန်ပြောသောစကားသံကား "အရှင်မင်းကြီးအသက်တော်အစဉ်အမြဲရှင်ပါစေ။ အကျွန်ုပ်၏ဘုရားသခင်သည် ကောင်းကင်တမန်ကိုစေလွှတ်၍ ခြင်္သေ့နှုတ် ကိုပိတ်ထားတော်မူသဖြင့် အကျွန်ုပ်သည် ခြင်္သေ့ဘေးနှင့်လွတ်ပါ၏။ အကြောင်း မူကား၊ ဘုရားသခင်ရှေ့၌ အကျွန်ုပ်သည်အပြစ်ကင်းပါ၏။ ကိုယ်တော်မြတ် ကိုလည်း အလျှင်းမပြစ်မှားပါ" ဟုဖြစ်သတည်း။

"ထိုအခါရှင်ဘုရင်သည် အလွန်ဝမ်းမြောက်၍ ဒံယေလကိုတွင်းထဲ ကထုတ်ယူစေဟု အမိန့်တော်ရှိသည်အတိုင်း ဒံယေလကိုတွင်းထဲကထုတ်ယူ၍ ဘုရားသခင်ကိုယုံကြည်သောကြောင့် သူ၌ထိခိုက်သောအနာတစ်ခုမျှမရှိ" (ဒယ် ၂၂၊၂၃)။ ထိုသို့အားဖြင့် ဘုရားသခင်၏ကျွန်သည် ကယ်နုတ်ခြင်းကို ခံရ၏။ သူ့အားပျက်စီးစေခြင်းငှာ သူ၏ရန်သူများကပြုလုပ်ထားသောထောင်ချောက်သည် သူတို့ကိုယ်တိုင်ပျက်စီးခြင်းရောက်ဖို့ဖြစ်လာ၏။ ရှင်ဘုရင်၏ အမိန့်အတိုင်း သူတို့ကိုတွင်းထဲသို့ချပစ်သောအခါ သူတို့အား တောတိရစ္ဆာန် တို့သည် ချက်ချင်းကိုက်စားကြလေ၏။

ဖမ်းသွားချုပ်ထားခြင်းခံရသော အနှစ်ခုနစ်ဆယ်ကာလသည် ကုန်ဆုံး လုနီးသောအခါ ဒံယေလသည် ယေရမိ၏အနာဂတ်စကားများကို အထူးသဖြင့် ဆင်ခြင်တွေးတောလျက်နေ၏။

ဒံယေလသည် မိမိကိုယ်တိုင်သစ္စာရှိခြင်းအကြောင်းကို ထာဝရ ဘုရားသခင်အား ဖော်မပြချေ။ သန့်ရှင်းဖြူစင်ခြင်းရှိသည်ဟု ဖော်ပြမည်အစား ချီးမြှောက်ခြင်းခံရသော၍ပုရောဖက်သည် အကယ်ပင်အပြစ်ရှိသောဣသရေလ လူတို့နှင့် မိမိကိုယ်ကိုတန်းတူထား၏။ မွန်းတည့်အချိန်ကောင်းကင်၌ ထွန်းတောက်သောနေ၏အလင်းရောင်သည် အမှိန်ဆုံးသောကြယ်ထက်တောက်ပသကဲ့သို့ သူ့အားဘုရားသခင်ပေးတော်မူသောပညာသည် လောကရှိထင်ရှား သောသူတို့၏ပညာထက် သာလွန်ထူးကဲပေသည်။ သို့သော် ကောင်းကင် မှများစွာနှစ်သက်ခြင်းခံရသော ၍သူတို့၏ဆုတောင်းသံကို ဆင်ခြင်ကြည့် ပါ။ များစွာနှိမ့်ချခြင်းနှင့်မျက်ရည်ကျလျက်၊ စိတ်နှလုံးကြေကွဲလျက် သူသည် မိမိကိုယ်တိုင်နှင့် မိမိလူတို့အတွက်တောင်းလျှောက်၏။

သူသည် ဘုရားသခင် ၏ရှေ့တော်၌ မိမိ၏စိတ်ဝိညာဉ်ကိုဖွင့်ပြလျက် မိမိ၏မထိုက်တန်သောအဖြစ် ကိုဖော်ပြပြီးလျှင် ဘုရားသခင်၏ကြီးမြတ်ခြင်း၊ ဘုန်းတန်ခိုးကြီးမြတ်ခြင်း အကြောင်းကိုဝန်ခံ၏။

ဒံယေလသည်ဆုတောင်းနေစဉ် ကောင်းကင်တမန်ဂါဗြေလသည် သူ၏ဆုတောင်းသံကိုကြား၍ နားထောင်တော်မူကြောင်းကိုပြောရန် ကောင်းကင် ပလ္လင်မှအလျင်အမြန်ထိုးဆင်းလာလေ၏။ ခွန်အားကြီးသောဤကောင်းကင် တမန်သည် သူ့အားနားလည်နိုင်သောအစွမ်းသတ္တိကိုပေးရန်၊ နောင်ကာလ၏ နက်နဲရာများကို သူ့အားဖွင့်ပြရန် စေလွှတ်ခြင်းခံရသည်။ ထိုသို့အားဖြင့် သမ္မာတရားကိုသိနားလည်ရန် စိတ်အားကြီးစွာကြိုးစားနေစဉ် ဒံယေလသည် ကောင်းကင်မှစေတမန်နှင့် ဆက်သွယ်ခွင့်ရရှိလေ၏။

တောင်းလျှောက်သည့်အတိုင်း ဒံယေလသည် သူနှင့်သူ၏လူများ အလွန်အလိုရှိသောအလင်းနှင့်သမ္မာတရားကိုသာ ရရှိသည်သာမက လောက၏ ရွေးနုတ်ရှင်ကြွလာတော်မူခြင်း အဖြစ်အပျက်တိုင်အောင်ပင် နောင်ကာလနှင့် ဆိုင်သောအဖြစ်အပျက်ကြီးများကိုလည်း ရှုမြင်ရလေ၏။ သန့်ရှင်းပြီဟု ပြောဆိုနေကြသော်လည်း ကျမ်းစာကိုသေချာစွာမရှာလို၊ ကျမ်းစာ၏သမ္မာ တရားကို သာ၍ထင်ရှားစွာနားလည်ရန် ဘုရားသခင်အားစိတ်အားကြီးစွာ ဆုမတောင်းလိုသောသူတို့ကား မှန်သောသန့်ရှင်းခြင်းသည် အဘယ်အရာ ဖြစ်သည်ကိုမသိကြ။

ဒံယေလသည် ဘုရားသခင်နှင့်စကားပြော၏။ ကောင်းကင်သည် သူ့ရှေ့၌ပွင့်လာ၏။ သို့ရာတွင် သူ၏နှိမ့်ချခြင်းနှင့်စိတ်အားကြီးစွာရှာဖွေခြင်း ကြောင့် သူ့အားမြင့်မြတ်သောဂုဏ်အသရေများကို ချီးမြှင့်တော်မူ၏။ ဘုရား သခင်၏နှုတ်ထွက်စကားတော်ကို စိတ်နှလုံးပါလျက်ယုံကြည်သောသူအပေါင်း တို့သည် ဘုရားသခင်၏အလိုတော်ကိုသိကျွမ်းခြင်းကို ငတ်မွတ်ကြလိမ့်မည်။ ဘုရားသခင်သည် သမ္မာတရားကိုအစပြုစီမံတော်မူသောသခင်ဖြစ်၏။ ဘုရားသခင်သည် မှောင်မိုက်နေသောဉာဏ်အားလင်းစေလျက် လူ၏စိတ်သဘော အားဖွင့်ပြထားတော်မူခဲ့ပြီးသော သမ္မာတရားကိုသိမှတ်နားလည်နိုင်သောတန်ခိုး ကိုပေးတော်မူ၏။

လောက၏ရွေးနုတ်ရှင်ကဖော်ပြထားသော သမ္မာတရားကြီးများသည် သမ္မာတရားကိုဝှက်ထားသောဘဏ္ဍာကဲ့သို့ရှာဖွေသော သူတို့အဖို့ဖြစ် သည်။ ဒံယေလသည် အသက်ကြီးသော သူဖြစ်၏။ သူသည် လုပတင့်တယ် သောတစ်ပါးအမျိုးသား၏နန်းတော်တွင် နေထိုင်ခဲ့ရလျက် ကြီးကျယ်သော နိုင်ငံ၏လုပ်ငန်းများဖြင့် သူသည်အလွန်စိတ်ရှုပ်ထွေးလျက်ရှိ၏။ သို့သော် သူသည်ဤအရာတို့ကိုပယ်ရှားထားပြီး ဘုရားသခင်ရှေ့တော်၌ မိမိ၏စိတ်ဝိညာဉ်ကိုဆုံးမလျက် အမြင့်ဆုံးသောဘုရားသခင်၏အကြံတော်တို့ကို သိကျွမ်း ခြင်းငှာရှာကြံ၏။ သူတောင်းလျှောက်သည့်အတိုင်း ကောင်းကင်ပလ္လင်တော် မှ နောက်ဆုံးသောကာလတွင် အသက်ရှင်နေရကြမည့်သူတို့အတွက် အလင်း တရားကိုချပေးတော်မူ၏။

ထိုအခါ ကျွန်ုပ်တို့သည် ကောင်းကင်မှချပေး တော်မူသော သမ္မာတရားများကိုနား လည်နိုင်သောဉာဏ်ကို ပေးသနားတော် မူမည်အကြောင်း ကျွန်ုပ်တို့သည် ဘုရား သခင်ကို မည်မျှစိတ်အားထက်သန်စွာ ရှာဖွေဖို့သင့်သနည်း။

ဒံယေလသည် အမြင့်ဆုံးသောဘုရားသခင်၏သစ္စာရှိသောကျွန်ဖြစ် သည်။ သူ၏အသက်တာသည် မိမိ၏ဘုရားသခင်အတွက် မြင့်မြတ်သော အပြုအမူများနှင့် ပြည့်ဝလျက်ရှိ၏။ သူ၏ဖြူစင်သောအကျင့်နှင့် မယိမ်းမယိုင် သောသစ္စာရှိခြင်းအ မှုတို့သည် သူ၏နှိမ့်ချသောစိတ်နှလုံးနှင့် ဘုရားသခင်၏ ရှေ့တော်၌ကြေကွဲ သောစိတ်သဘောတို့နှင့်သာ တူညီနိုင်သည်။ ဒံယေလ၏ အသက်တာသည် မှန် သောသန့်ရှင်းစင်ကြယ်ခြင်းအတွက် ပုံသက်သေကောင်း တစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ထပ်မံပြောဆိုလိုပါသည်။[၉]

## ဘုရားသခင်သည်တန်ဖိုးထားတော်မူသောသူတို့ကို စုံစမ်းတော်မူ၏

သခင်ယေရှုသည် တိုးတက်ကြီးပွားစေရန် ပြုလုပ်လိုသောအဖိုးထိုက် သော အရာတစ်စုံတစ်ခုကို ကျွန်ုပ်တို့အထဲ၌တွေ့မြင်တော်မူသောကြောင့် ကျွန်ုပ် တို့အားစုံ စမ်းခြင်းကိုခံစေဖို့ရန် ခေါ်တော်မူကြောင်းထင်ရှား၏။ ကျွန်ုပ်တို့ အထဲ၌ မိမိ၏နာမ တော်ကိုထင်ရှားစေသောအရာတစ်စုံတစ်ခုကိုမျှ ကိုယ်တော် သည်တွေ့တော်မမူလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အားချွတ်ခြင်းငှာ အချိန် ကုန်ခံတော်မူမည်မဟုတ်။ ဆူးပင်များကိုချိုင်ဖို့ ကျွန်ုပ်တို့သည် အထူးအပင် ပန်းခံကြသည်မဟုတ်။ သခင်ခရစ် တော်သည် အဖိုးမတန်သောကျောက်များ ကို မိမိ၏မီးဖိုထဲသို့ထည့်တော်မမူ။ ကိုယ်တော်သည် အဖိုးထိုက်သောသတ္တု ရိုင်းတို့ကိုသာ စစ်ဆေးတော်မူ၏။[၁၀]

တာဝန်ရှိသောအလုပ်အကိုင်များကိုဆောင်ရွက်ရန် ဘုရားသခင်ခန့် ထား တော်မူခြင်းခံရသောသူတို့အား ဖုံးကွယ်နေသောမိမိတို့၏ချွတ်ယွင်းချက် များကို ဘုရားသခင်သည် ကရုဏာတော်အားဖြင့်ဖော်ပြတော်မူသဖြင့် သူတို့သည် မိမိတို့ ကိုယ်ကိုကြည့်ရှုလျက် ရှုပ်ထွေးသောစိတ်ထကြွမှုများ၊ စိတ်ထဲ၌ဖြစ်ပေါ်နေသောသ ဘောများကို သေချာစွာစစ်ဆေးရှာဖွေ၍ မှားသော အရာများကိုတွေ့ရှိကြလိမ့်မည်။ ထိုသို့အားဖြင့် သူတို့၏စိတ်သဘောအခြေ အနေ၊ အပြုအမူတို့ကိုပြုပြင်ပြောင်း လဲစေကြလိမ့်မည်။ လူတို့သည် မိမိတို့ ကိုယ်တိုင်၌ရှိသော

မှန်သောအမှုတို့ကိုတိုးတက်အောင်ပြုလုပ်လျက် မှားသော အရာတို့ကိုပယ်ရှားနိုင်မည် အကြောင်း၊ လူတို့၏အကျင့်ကိုစစ်ဆေး၍ သူတို့ အပြုအမူတို့ကိုဖြစ်စေသောစိတ်သဘောထားတို့ကို ဖော်ပြနိုင်တော်မူရန် ဘုရား သခင်သည် လူတို့အတွက်စီမံထားတော်မူ၏။ ဘုရားသခင်သည် မိမိ၏ကျွန် များအား မိမိတို့စိတ်နှလုံး၏အကျင့်များနှင့်အကျွမ်းဝင်လာစေခြင်းငှာ အလို ရှိတော်မူ၏။ ဤကဲ့သို့ဖြစ်စေလျက် ထိုအကျင့်များကိုဖြူစင်စေခြင်းငှာ ဘုရားသခင်သည် မကြာခဏသူတို့အားစုံစမ်းခြင်းမီးနှင့်ကြုံတွေ့စေခြင်းငှာ ခွင့်ပြုတော်မူ၏။ "လာတော်မူသောနေ့ရက်ကို အဘယ်သူသည် မတိမ်းမရှောင် ဘဲနေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရပ်လိမ့် မည်နည်း။ ထိုသခင်သည် ငွေစစ်သောသူ၏မီး၊ ခဝါသည်သုံးသော ဆပ်ပြာ ကဲ့သို့ဖြစ်တော်မူ၏။ ငွေကိုချွတ်၍ သန့်ရှင်းစေသောသူကဲ့သို့ထိုင်လျက် ရွှေငွေကိုချွတ်သကဲ့သို့ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရဘုရားသခင်အဖို့ဖြစ်၍ ဖြောင့်မတ်ခြင်းပူဇော်သကာကို ပူဇော်ကြလိမ့်မည်။ မာလခိ ၃း၂၊၃။၁၁

ဘုရားသခင်သည် မိမိ၏လူများကိုတစ်ဆင့်ပြီးတစ်ဆင့် လမ်းပြ တော်မူ၏။ စိတ်နှလုံးထဲ၌ မည်ကဲ့သို့သောအခြေအနေသို့ရောက်နေကြောင်း ထင်ရှားစေရန် ဘုရားသခင်သည် ခြားနားသောအချက်များသို့ ရောက်ရှိလာ စေတော်မူ၏။ အချို့တို့သည် တစ်ချက်၌ခံရပ်နိုင်၍ နောက်တစ်ချက်တွင် ကျဆုံးသွားကြ၏။ ရှေ့သို့ရောက်လာသောအချက်တိုင်းတွင် စိတ်နှလုံးကို သာ၍သေချာကျပ်တည်းစွာ စစ်ဆေးစုံစမ်းလိမ့်မည်။ မိမိတို့၏စိတ်နှလုံးသည် ဤဖြောင့်မတ်သောအလုပ်နှင့်ဆန့်ကျင်နေကြောင်း ဘုရားသခင်၏လူများဟု ခေါ်နေသောသူတို့သည် သိမြင်ကြသောအခါ သူတို့သည် ထာဝရဘုရားသခင်၏ နှုတ်တော်မှထွေးပစ်ခြင်းကိုမခံလိုကြလျှင် သူတို့သည် အောင်မြင်ခြင်းငှာ သူတို့၌ပြုလုပ်စရာအလုပ်တစ်ခုရှိကြောင်းကို သိရှိအပ်ကြသည်။၁၂

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်နှင့် ဘုရားသခင်၏ပညာ တော်အားဖြင့် လမ်းပြခြင်းကိုခံယူရန် ကျွန်ုပ်တို့သည် မတတ်နိုင်ကြောင်းကို သိမြင်လာသည်နှင့်တစ်ပြိုင်နက် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်ဆောင်ရွက်နိုင်တော်မူ၏။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်ဝိညာဉ်ထဲမှာ ကိုယ်ကိုအားကိုးနေခြင်းသဘောကိုပယ်ရှားကြလျှင် ဘုရားသခင်သည် ကျွန်ုပ် တို့၌လိုအပ်သော အရာအပေါင်းကို ချပေးတော်မူမည်။၁၃

သင့်ကိုဘုရားသခင်လက်ခံတော်မူကြောင်း သင်သည်ဘယ်ကဲ့သို့ သိရမည်နည်း။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို သေချာစွာလေ့ကျက်ပါ။ အခြားသောစာအုပ်အတွက် ၎င်းကိုဖယ်မထားပါနှင့်။ ဤကျမ်းစာအုပ် သည် အပြစ်ကိုဖော်ပြ၏။ ၎င်းသည် ကယ်တင်ခြင်းလမ်းခရီးကို ထင်ရှား စွာဖော်ပြ၏။ ၎င်းသည် ထင်ပေါ်၍ ဘုန်းရှိသောအကျိုးကိုဖော်ပြလိမ့်မည်။ ၎င်းသည် သင့်အားစုံလင်သောကယ်တင်ရှင်ကိုဖော်ပြ၍ ကိုယ်တော်၏ ကြွယ်ဝသောကရုဏာအားဖြင့်သာ သင်သည် ကယ်တင်ခြင်းကိုမျှော်လင့်နိုင် ကြောင်း သွန်သင်လိမ့်မည်။

တိတ်ဆိတ်စွာဆုတောင်းဖို့မမေ့နှင့်။ ၎င်းသည် ဘာသာတရား၏ အသက်ဖြစ်သည်။ စိတ်အားကြီးစွာဆုတောင်းခြင်းနှင့် ဝိညာဉ်ဖြူစင်ရေးအတွက် တောင်းလျှောက်လော့။ သင်၏အသက်သည် ဘေးဒုက္ခရောက်နေသကဲ့သို့ ကြိုးစား၍ စိတ်ပါစွာတောင်းလျှောက်လော့။ နှုတ်မမြွက်နိုင်သောတောင့်တ ခြင်းဖြင့် ကယ်တင်ခြင်းကို သင်၏အထဲ၌ရရှိ၍ အပြစ်လွှတ်တော်မူကြောင်း နှစ်သက်ဖွယ်သောသက်သေကိုရရှိသည့်တိုင်အောင် ဘုရားသခင်ရှေ့တော်၌ တည်နေလော့။[၁၄]

သင်တွေ့ကြုံရသောစုံစမ်းခြင်းနှင့်အခက်အခဲများကို အလွန်အံ့ဩနေ စေရန် သခင်ယေရှုသည် သင့်ကိုပစ်ထားတော်မမူပါ။ ဤအရာများအကြောင်း ကိုယ်တော်ကသင့်အားပြောပြတော်မူပြီ။ ၎င်းပြင် စုံစမ်းခြင်းရောက်လာသော အခါ စိတ်မပျက်၊ စိတ်ဒုက္ခမရောက်စေရန်လည်း သင့်ကိုပြောပြတော်မူပြီ။ သင့်ကိုရွေးနုတ်တော်မူသောသခင်၊ သခင်ယေရှုကိုကြည့်လျက် အားရဝမ်းမြောက် ခြင်းရှိလော့၊ ခံနိုင်ဖို့အခက်ဆုံးသောစုံစမ်းခြင်းအမှုများသည် ကျွန်ုပ်တို့၏ ညီအစ်ကိုများ၊ အလွန်ရင်းနှီးသောမိတ်ဆွေများထံမှလာကြသည်။ သို့ရာတွင် ဤစုံစမ်းခြင်းတို့ကိုပင် သည်းခံခြင်းနှင့်ခံနိုင်သည်။ သခင်ယေရှုသည် ယောသပ် ၏သင်္ချိုင်းသစ်ထဲ၌ တည်ရှိနေတော်မူသည်မဟုတ်၊ ကိုယ်တော်သည်ထမြောက်၍ ကောင်းကင်ဘုံသို့တက်ကြွတော်မူပြီးလျှင် ထိုနေရာ၌ ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းကိုပြုလျက်နေတော်မူ၏။ ကျွန်ုပ်တို့ကို အလွန်ချစ်သဖြင့် ကျွန်ုပ်

တို့အတွက်အသေခံတော်မူသောကယ်တင်ရှင်တစ်ပါးသည် ကျွန်ုပ်တို့၌ရှိ၏။ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့သည် မျှော်လင့်ခြင်း၊ ခွန်အားနှင့်ရဲရင့်ခြင်း၊ ငြင်းပြင် ကိုယ်တော်၏ပလ္လင်ပေါ်တွင် ကိုယ်တော်နှင့်အတူနေရာတစ်ခုကိုရရှိ ကြလိမ့်မည်။ သင်သည် ကိုယ်တော်အားခေါ်သောအခါတိုင်း ကိုယ်တော် သည် သင့်ကိုကူညီနိုင်၍ ကူညီရန်အလိုရှိတော်မူ၏။

သင့်အားအပ်ပေးထားသောတာဝန်အတွက် သင်သည် ကျွမ်းကျင် ခြင်းမရှိဟု သင်ထင်ပါသလော။ ဤကဲ့သို့ထင်ခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်လော့။ သင်သည် သာ၍အားနည်းသည်ဟု ထင်မြင်လေလေ၊ သင်သည်ကူညီမည့်သူကို သာ၍ရှာလိုသောစိတ်ရှိလေလေဖြစ်လိမ့်မည်။ "ဘုရားသခင်၌ချဉ်းကပ်ကြလော့၊ သို့ပြုလျှင် သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်" ယာကုပ် ၄း၈။ သခင်ယေရှုသည် သင့်အားပျော်ရွှင်ဝမ်းမြောက်စေခြင်းငှာ အလိုရှိတော်မူ၏။ သင်သည် ဘုရားသခင် ပေးတော်မူသောအစွမ်းသတ္တိနှင့် တတ်နိုင်သမျှပြုလုပ်စေခြင်းငှာ ကိုယ်တော်သည် အလိုရှိတော်မူ၏။ ထိုနောက် သင့်ကိုကူညီစေရန်နှင့် သင်၏တာဝန်ကိုကူညီထမ်း ဆောင်နိုင်သောသူများကို ပေါ်လာစေရန် ထာဝရဘုရားသခင်ကိုအားကိုးလော့။

လူများတို့၏ကြင်နာမှုကင်းမဲ့သောစကားများအားဖြင့် သင်၌ထိခိုက်ခြင်း မဖြစ်ပါစေနှင့်။ လူများတို့သည် သခင်ယေရှုအကြောင်း ကြင်နာမှုကင်းမဲ့သော စကားတို့ကို ပြောဆိုကြသည်မဟုတ်လော။ သင်သည်မှားယွင်း၍ မကြင်နာသောပြစ် တင်စကားအတွက် တစ်ခါတစ်ရံဆင်ခြေကိုပေးလိမ့်မည်။ သို့သော် သခင်ယေရှုသည် ဘယ်အခါမျှဤကဲ့သို့မပြု။ ကိုယ်တော်သည် ဖြူစင်၍ အစွန်းအထင်းကင်းလျက် ညစ်ညူးခြင်းရှိတော်မမူ။ ဘုန်းတန်ခိုး နှင့်ပြည့်စုံတော်မူသော မင်းသားရရှိခဲ့သော အရာထက်သာ၍ကောင်းသောအရာ ကို ဤအသက်တာ၌ရရှိခြင်းငှာမမျှော်လင့်ပါနှင့်။ သင်၏ရန်သူတို့သည် သင့်အားထိခိုက်ကြသည်ဟု သင်ထင်မြင်လာအောင်ပြုလုပ် နိုင်သည်ကို သူတို့ သည်မြင်ရကြသောအခါ သူတို့သည်ဝမ်းမြောက်ကြ၍ စာတန် သည်လည်း ဝမ်းမြောက်လိမ့်မည်။ သခင်ယေရှုကိုကြည့်လျက်၊ ကိုယ်တော်၏ ဘုန်းတော် ကိုသာဆင်ခြင်လျက် အမှုဆောင်ရွက်လော့။ ဘုရားသခင်၏မေတ္တာ တော်၌ စိတ်စွဲလမ်းလော့။[၇]

## စိတ်သဘောတစ်ခုတည်းသည်သန့်ရှင်းခြင်းကို ဖော်ပြသောအရာမဟုတ်

ပျော်ရွှင်သောစိတ်သဘော (သို့မဟုတ်) ဝမ်းမြောက်ခြင်းကင်းမဲ့ခြင်း သည် လူတစ်စုံတစ်ယောက်၌သန့်ရှင်းခြင်းရှိသည်၊ မရှိသည်ကို ဖော်ပြသော သက်သေမဟုတ်။ တစ်ခဏလောက်သန့်ရှင်းခြင်းဆိုသောအရာသည်မရှိချေ။ မှန်သောသန့်ရှင်းခြင်းသည် အသက်ရှင်သမျှကာလပတ်လုံး နေ့စဉ်ဆက်လက် ပြုလုပ်ရသောအမှုဖြစ်သည်။ နေ့စဉ်စုံစမ်းခြင်းနှင့်တိုက်လှန်လျက် မိမိတို့၏ အပြစ်ပြုလိုသောစိတ်ကိုအောင်မြင်ပြီး စိတ်နှင့်အသက်တာသန့်ရှင်းခြင်းကို ရှာဖွေနေသောသူတို့သည် သန့်ရှင်းခြင်းအကြောင်းကိုကြွားဝါပြောဆိုမနေကြပါ။ သူတို့သည် ဖြောင့်မတ်ခြင်းကိုဆာလောင်မွတ်သိပ်နေကြ၏။ သူတို့အဖို့ အပြစ်သည်အလွန်ကြီးမားသောအပြစ်ကဲ့သို့ထင်ရ၏။[၁၆]

ကျွန်ုပ်တို့၏အပြစ်များကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်တော်မမူပါ။ ကျွန်ုပ်တို့သည်အမှားကိုပြုလျက် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေကြလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည်နောင်တရ၍ ဘုရားသခင် ထံသို့ ကြေကွဲသောစိတ်နှလုံးနှင့်လာကြလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လက်မခံဘဲနေတော်မမူ။ ပယ်ရှားရန်တားဆီးခြင်းအမှုများရှိသည်။ မှားသော ထင်မြင်ချက်များကိုမွေးမြူကြပြီ။ ၎င်းပြင် မာနကြီးခြင်း၊ ကိုယ်ကိုကိုယ်အထင် ကြီးခြင်း၊ သည်းမခံခြင်းနှင့် ညည်းညူခြင်းများရှိကြပြီ။ ဤအရာအားလုံးသည် ကျွန်ုပ်တို့အား ဘုရားသခင်ထံမှ ခွဲခွာထားကြ၏။ အပြစ်ကိုဖော်ပြဝန်ချရမည်။ စိတ်နှလုံးထဲ၌ ကျေးဇူးတော်၏ပြုပြင်ခြင်းကို များစွာခံယူရမည်။ အားနည်း၍ စိတ်ပျက်နေသောသူသည် ဘုရားသခင်၏ ခွန်အားကြီးသောသူဖြစ်လာ၍ ဘုရားသခင်အတွက် မြင့်မြတ်သောအမှုကိုပြုလုပ်နိုင်လိမ့်မည်။ သို့သော် သူတို့သည် မြင့်မြတ်သောအခြေအနေကစ၍ လုပ်ဆောင်ရကြမည်။ ကိုယ်ကျိုး ရှာတတ်သောသဘောမပါရှိရချေ။

အချို့တို့က သူတို့သည်စုံစမ်းခြင်းခံနေရကြလျက် ကိုယ်တော်ထံမှ ကောင်းချီးမင်္ဂလာကိုမတောင်းမီ မိမိတို့သည် ပြုပြင်ပြောင်းလဲခြင်းရှိကြကြောင်း ထာဝရဘုရားသခင်အားသက်သေပြရမည်ဟု ထင်မှတ်နေကြသည်။ သို့သော်

ဤသူတို့သည် ယခုပင်ကိုယ်တော်၏ကောင်းချီးမင်္ဂလာကို တောင်းဆိုနိုင်ကြ သည်။ သူတို့၏အားနည်းခြင်းအဖြစ်ကိုကူညီရန် သူတို့၌ကိုယ်တော်၏ကျေးဇူး တော်၊ သခင်ခရစ်တော်၏ဝိညာဉ်တော်ကိုရရှိထားရမည်၊ (သို့မဟုတ်) သူတို့၌ ခရစ်ယာန်အကျင့်ကိုမဖြစ်ပွားစေနိုင်။ ကျွန်ုပ်တို့သည်အပြစ်ရှိ၍ အားကိုးရာမဲ့ ဖြစ်လျက် မှီခိုနေလိုသောအချိန်အခါမှာပင် မိမိ၌ရှိနေသောအခြေအနေမျိုး နှင့်ပင် ကိုယ်တော်ထံချဉ်းကပ်စေဖို့ သခင်ယေရှုသည် နှစ်သက်တော်မူ၏။ နောင်တရခြင်းနှင့်တကွ အပြစ်လွှတ်ခြင်းသည် သခင်ခရစ်တော်အားဖြင့် ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ခြင်းတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ကိုမြင်လာလျက် အပြစ် လွှတ်ခြင်းခံရဖို့လိုကြောင်း သိမြင်လာကြ၏။ စိတ်နှလုံးကြေကွဲခြင်းရှိသော သူသာလျှင် အပြစ်လွှတ်ခြင်းခံရမည်။ သို့ရာတွင် နောင်တရရန်စိတ်နှလုံး ကိုပြုပြင်သောအရာကား၊ ဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အားနည်းခြင်း၊ မကျန်းမာခြင်းအဖြစ်ကိုသိကျွမ်း၍ ကျွန်ုပ်တို့ကိုကူညီတော်မူမည်။[၇]

မှောင်မိုက်နှင့်စိတ်ပျက်ခြင်းသည် စိတ်ဝိညာဉ်ပေါ်သို့တစ်ခါတစ်ရံ သက်ရောက်လာ၍ ကျွန်ုပ်တို့ကိုလွှမ်းမိုးရန် ခြိမ်းခြောက်ကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ယုံကြည်အားထားမှုကိုမပယ်ရှားရ။ ကျွန်ုပ်တို့သည် သိရှိ ထားသောတာဝန်ရှိသမျှကို သစ္စာနှင့်ဆောင်ရွက်ဖို့ရန်ကြိုးစားပြီးနောက် ဘုရားသခင်၏ကတိတော်များကို တည်ကြည်စွာအားကိုးအားထားပြုရကြမည်။

မကြာခဏ ကျွန်ုပ်တို့၏မထိုက်တန်ခြင်းအဖြစ်ကို လုံးလုံးသိမြင် လာသောအခါ ကျွန်ုပ်တို့၏စိတ်ထဲ၌ အလွန်ထိတ်လန့်ခြင်းဖြစ်လာလိမ့်မည်။ သို့ရာတွင် ဤအရာကား ဘုရားသခင်သည် ကျွန်ုပ်တို့ထံသို့ပြောင်းလဲလာ တော်မူခြင်း၊ (သို့မဟုတ်) ကျွန်ုပ်တို့က ဘုရားသခင်ထံပြောင်းလဲခြင်း၏ သက်သေမဟုတ်။ ပြင်းထန်သောစိတ်လှုပ်ရှားမှုတစ်စုံတစ်ခုဖြစ်လာအောင် စိတ်ကိုချုပ်ချယ်ထားဖို့မကြိုးစားသင့်ပေ။ မနေ့ကကျွန်ုပ်တို့ရရှိခဲ့သောငြိမ်သက် ခြင်း၊ ဝမ်းမြောက်ခြင်းမျိုးကိုယနေ့မရရှိဘဲနေတတ်သည်။ သို့သော် ကျွန်ုပ် တို့သည် ခရစ်တော်၏လက်တော်ကိုယုံကြည်ခြင်းနှင့်ဆွဲကိုင်ထားလျက် အလင်း ထဲမှာကဲ့သို့ပင် မှောင်မိုက်ထဲ၌လည်းကိုယ်တော်ကိုလုံးလုံးအားကိုးရကြမည်။

အောင်မြင်မည့်သူတို့အတွက်သိထားသောသရဖူများကို ယုံကြည်ခြင်းနှင့်မျှော်ကြည့်ပါ။ အသေသတ်ခြင်းကိုခံ၍ ဘုရားသခင်အဖို့ ငါတို့ကိုရွေးနုတ်တော်မူသောသိုးသငယ်သည် ထိုက်တန်တော်မူ၏၊ ထိုက်တန်တော်မူ၏ဟု ရွေးနုတ်ခြင်းခံရသောသူတို့က ဝမ်းမြောက်စွာသီဆိုသောအသံကိုနားထောင်ပါ။ ဤရှုခင်းတို့သည် အကယ်ဖြစ်သည်ဟုထင်မှတ်ရန်ကြိုးစားပါ။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ကောင်းကင်ဌာနကိုစိတ်စွဲလမ်း ရန်ကြိုးစားကြလျှင် ဘုရားသခင်၏စစ်ပွဲများကိုတိုက်ခိုက်ရာတွင် တန်ခိုးကြီး သောအင်အားနှင့် အထောက်အပံ့ကိုရရှိကြလိမ့်မည်။ မကြာမီ ကျွန်ုပ်တို့၏ နေရပ်ဌာနေဖြစ်မည်။ သာ၍ကောင်းသောပြည်တော်၏ဘုန်းအသရေတို့အကြောင်း ကို ကျွန်ုပ်တို့သည် ဆင်ခြင်အောက်မေ့ကြသောအခါ ကြွားဝါခြင်းနှင့် လောက ကိုတပ်မက်ခြင်းသတ္တိတို့သည် ပျောက်ကွယ်သွားကြလိမ့်မည်။ သခင်ခရစ်တော် ၏နှစ်သက်ဖွယ်သောအရာများအနီးတွင် လောက၏စွဲမက်စရာအပေါင်းသည် အဖိုးမတန်သောအရာကဲ့သို့ထင်ရလိမ့်မည်။

ပေါလုသည် ရောမမြို့၏ထောင်ထဲတွင် အကျဉ်းခံနေရ၍ ကောင်းကင်အလင်းနှင့်လေကိုမရရှိ၊ ဧဝံဂေလိအမှုဆောင်လုပ်ငန်းကိုမလုပ်ရဘဲ မကြာမီ သေဒဏ်ကိုပင်ခံရဖို့မျှော်လင့်နေရသော်လည်း သူသည် ယုံမှားခြင်း၊ စိတ်ပျက် ခြင်းမရှိချေ။ ထိုမှောင်မိုက်သောထောင်ခန်းထဲမှ အလွန်ထူးကဲမြင့်မြတ်သော ယုံကြည်ခြင်းနှင့်ရဲရင့်ခြင်းအကြောင်းတို့ကို သေခါနီးတွင်သက်သေခံခဲ့သော အချက်များကိုရရှိကြသဖြင့် ကာလအဆက်ဆက်သန့်ရှင်းသူတို့နှင့် ယုံကြည် ခြင်းအတွက်အသတ်ခံရသောသူတို့၏စိတ်တို့ကို ထကြွနိုးကြားစေခဲ့ကြပြီ။ ဤစာမျက်နှာများတွင် ကျွန်ုပ်တို့ကြိုးစား၍ ဖော်ပြခဲ့သော သန့်ရှင်းခြင်း၏ အကျိုးကျေးဇူးကို သူ၏စကားများကတော်လျော်စွာ ဖော်ပြထားပါသည်။ “ငါ့ကိုယဇ်ပေါ်မှာလောင်းရသောအချိန်ရှိပြီ၊ စုတေ့ရသောအချိန်ရောက်လာပြီ၊ ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ၊ ပြေးရသောလမ်းကိုအဆုံးတိုင်အောင် ပြေးပြီ၊ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ၊ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော ဘုရားသခင်သည် ထိုသရဖူကို ငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော် မူမည်” (၂တိ ၄း၆–၈)။[၁၈]

—————✱✱✱✱✱————

(1) SL, 95; (2) SL, 7-10; (3) SL, 94,95; (4) 1T, 340; (5) SL, 92; (6) SL, 26,39 (7) SL, 11-15; (8) SL, 23; (9) SL, 42-52; (10) 7T, 214; (11) 4T, 85; (12) 1T, 187; (13) 7T, 213; (14) 1T, 163; (15) 8T, 128,129; (16) SL, 10; (17) 2TT, 91-94; (18) SL, 89-96.

## အခန်း (၁၂)
## မြေကြီးပေါ်ရှိအသင်းတော်

ဘုရားသခင်၌မြေကြီးပေါ်တွင်အသင်းတော်တစ်ခုရှိ၍ ၎င်းသည် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်၍ ဘုရားသခင်ရွေးကောက်တော်မူခြင်း

ခံရသောလူများဖြစ်ကြသည်။ ဘုရားသခင်သည် ထိုနေရာတစ်ယောက်၊ ဤ နေရာတစ်ယောက်၊ ကွဲပြားနေသောသူများမဟုတ်ဘဲ လူတစ်မျိုးကိုလမ်းပြ လျက်ရှိတော်မူ၏။ သမ္မာတရားသည် သန့်ရှင်းစေသောတန်ခိုးဖြစ်၏။ သို့သော် အသင်းတော်၏ တိုက်လှန်ခြင်းသည် အသင်းတော်၏အောင်မြင်ခြင်းမဟုတ်။ စပါးပင်တို့အထဲတွင် တောပင်များရှိ၏။ "အကျွန်ုပ်တို့သည် တောပင်တို့ကို ရွေးနုတ်စေခြင်းငှာ အလိုရှိတော်မူသလော" ဟု ကျွန်ုပ်တို့ကမေးမြန်းကြလျှင် သခင်က "ထိုသို့ငါအလိုမရှိ၊ တောပင်တို့ကိုရွေးနုတ်လျှင် စပါးပင်တို့ကို ရောနှော၍နုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏" ဟုပြန်ပြော၏။ မဿဲ ၁၃း၂၈၊ ၂၉။ ဧဝံဂေလိတရားတည်းဟူသောပိုက်ကွန်သည် ကောင်းသောငါးများသာမက မကောင်းသောငါးများကိုလည်းဖမ်းမိ၏။ သို့ရာတွင် မည်သူတို့သည် မိမိ ပိုင်ဆိုင်သောအရာဖြစ်သည်ကို ဘုရားသခင်သိတော်မူ၏။

ဘုရားသခင်နှင့်အတူနှိမ့်ချစွာလျှောက်သွားခြင်းသည် ကျွန်ုပ်တို့ အသီးအသီး၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထူးခြားသော၊ အသစ်သော သတင်းစကားတစ်စုံတစ်ခုကိုမျှ မရှာရကြ။ အလင်း၌လျှောက်လိုက်ဖို့ရန် ကြိုးစားနေကြလျက် ဘုရားသခင်ရွေးကောက်ခြင်းခံရသူတို့တွင် ဇာဗုလုန်မြို့ သားများပါဝင်သည်ဟု ကျွန်ုပ်တို့သည်မထင်ရကြ။၁

အသင်းတော်၌မကောင်းသောအမှုအရာများတည်ရှိနေ၍ ၎င်းတို့သည် ကပ်ကမ္ဘာကုန်သည့်တိုင်အောင်တည်ရှိမည်ဖြစ်သော်လည်း အသင်းတော်သည် ဤနောက်ဆုံးကာလ၌ အပြစ်ကြောင့်ညစ်ညူးဆိုးယုတ်နေသော လောက၏ အလင်းဖြစ်ရမည်။ အားနည်း၊ ချွတ်ယွင်း၍ ဆုံးမခြင်း၊ သတိပေးခြင်း၊ အကြံဉာဏ်ပေးခြင်းကိုအလိုရှိနေသောအသင်းတော်သာလျှင် မြေကြီးပေါ်၌ သခင်ခရစ်တော်သည် အထူးဂရုစိုက်တော်မူသောအရာဖြစ်၏။ လောကကား၊ လူနှင့်ဘုရားသခင်၏ကိုယ်စားတော်များ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သခင်ယေရှုသည် လူတို့၏စိတ်နှလုံးများပေါ်၌ မိမိ၏ကျေးဇူးတော်၊ ကရုဏာ တော်အားဖြင့် စမ်းသပ်မှုကိုပြုလုပ်နေတော်မူသောအလုပ်ရုံဖြစ်သည်။၂

ဘုရားသခင်၌ ထူးခြားသောလူမျိုးတည်းဟူသော အသင်းတော် တစ်ပါးသည် မြေကြီးပေါ်၌ရှိ၏။ ၎င်းထက်သာသောအရာမရှိ၊ သမ္မာတရား ကိုသွန်သင်၍ ဘုရားသခင်၏ပညတ်တော်သည် ဟုတ်မှန်ကြောင်းသက်သေခံ ဖို့ရန် အခြားသော အရာအပေါင်းထက် သာလွန်သောအခွင့်အရေးကို ၎င်းသည် ရရှိလေပြီ။ ဘုရားသခင်ကိုယ်တော်တိုင်ခန့်ထားသော ကိုယ်စားတော်များ တည်းဟူသော လူများရှိကြသည်။ ဤလူများကို ဘုရားသခင်သည် လမ်းပြ

နေတော်မူ၏။ သူတို့သည် နေ့၏အပူရှိန်နှင့်တာဝန်တို့ကိုခံယူနိုင်ကြ၍ ကောင်းကင်ကိုယ်စားတော်များနှင့်ပူးပေါင်းလျက် ကျွန်ုပ်တို့၏လောကတွင် သခင်ခရစ်တော်၏နိုင်ငံတော်တိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည်။ လူအပေါင်းသည် ဤရွေးချယ်ထားသောကိုယ်စားတော်များနှင့်ပူးပေါင်းကြ၍ အဆုံး၌ ဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊ သခင်ယေရှု၏ ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့၏သည်းခံ ခြင်းမျိုးရှိသောသူတို့အထဲတွင် တွေ့ရှိနိုင်ကြပါစေ။[၁]

## အထက်ရှိအသင်းတော်နှင့်ပေါင်းခြင်း

အောက်အရပ်ရှိ ဘုရားသခင်၏အသင်းတော်သည် အထက်အရပ်ရှိ ဘုရားသခင်၏အသင်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်၏။ မြေကြီးပေါ်၌ ယုံကြည်သောသူများနှင့် ကောင်းကင်၌ဘယ်အခါမျှဆုံးရှုံးခြင်းမရှိခဲ့သော သတ္တဝါတို့သည် တစ်ခုတည်းသောအသင်းတော်တွင်ပါဝင်ကြ၏။ မြေကြီး ပေါ်၌ဘုရားသခင်ကိုဝတ်ပြုရန်တွေ့ဆုံကြသော သန့်ရှင်းသူတို့၏အစည်းအဝေး များတွင် ကောင်းကင်သတ္တဝါတိုင်းသည် စိတ်ပါဝင်စားခြင်းရှိကြသည်။ သူတို့သည် ကောင်းကင်အတွင်းခန်းမှနေ၍ မြေကြီးပေါ်အပြင်ခန်း၌ သခင် ခရစ်တော်အတွက်သက်သေခံသောသူတို့၏သက်သေခံစကားတို့ကို နားထောင် နေကြ၏။ ၎င်းပြင် အောက်အရပ်မှဝတ်ပြုနေသူတို့၏ သီချင်းသံ၊ ချီးမွမ်းသံ များကို ကောင်းကင်ချီးမွမ်းသံထဲသို့ယူဆောင်သွားကြ၏။ ၎င်းပြင် သခင် ခရစ်တော်သည် အာဒံ၏ကျဆုံးသောသားများအတွက် အချည်းနှီးအသေခံ တော်မမူသောကြောင့် သီချင်းဆိုသံနှင့်ဝမ်းမြောက်သံတို့သည် ကောင်းကင်တစ်ဝန်းလုံးတွင် မြည်ဟိန်းသွားလေ၏။ ကောင်းကင်တမန်တို့သည် ဗဟို စမ်းရေတွင်းမှရေကိုသောက်ကြစဉ် မြေကြီးပေါ်ရှိသန့်ရှင်းသူတို့သည် ပလ္လင် တော်မှစီးလာသောမြစ်မှ သန့်ရှင်းသောရေကိုသောက်ရကြ၏။ ထိုမြစ်သည် ကျွန်ုပ်တို့ဘုရားသခင်၏မြို့တော်ကို ဝမ်းမြောက်စေ၏။

ကောင်းကင်သည် မြေကြီးနှင့်နီးကပ်လာသည်ကို ကျွန်ုပ်တို့သိရှိနိုင် ကြပါပြီတကား။ မြေကြီးပေါ်၌မွေးဖွားသောသားသမီးတို့သည် ထိုအကြောင်း ကိုမသိကြသောအခါ သူတို့၌အဖော်များအဖြစ် အလင်း၏ကောင်းကင်တမန် များရှိကြ၏။ တိတ်ဆိတ်သောသက်သေခံသည် အသက်ရှင်သောဝိညာဉ် တိုင်းကိုစောင့်ရှောက်လျက် ထိုဝိညာဉ်ကို သခင်ခရစ်တော်ထံသို့ဆွဲရန်ကြိုးစား ၏။ ထာဝရပျက်စီးခြင်းသို့ရောက်ရန် လူသည်သန့်ရှင်းသောဝိညာဉ်တော်ကို တားဆီးကန့်ကွက်သည်တိုင်အောင် မျှော်လင့်ခြင်းရှိသမျှကာလပတ်လုံး သူတို့ အားကောင်းကင်သတ္တဝါတို့က

စောင့်ရှောက်လျက်ရှိကြသည်။ အောက်အရပ် ရှိသန့်ရှင်းသူတို့၏စည်းဝေးတိုင်းတွင် ဘုရားသခင်၏ကောင်းကင်တမန်များ ရှိကြလျက် သက်သေခံချက်များ၊ သီချင်းများနှင့်ဆုတောင်းသံများကို နားထောင် နေကြသည်ကို ကျွန်ုပ်တို့သည် အမြဲမှတ်ထားကြစို့။ ကျွန်ုပ်တို့၏ချီးမွမ်းသံ များသည် အထက်အရပ်ရှိကောင်းကင်တမန်တို့၏သံပြိုင်သီချင်းသံများနှင့် ပူးပေါင်းသွားကြသည်ကို သတိပြုကြစို့။

ထိုနောက် သင်တို့သည် ဥပုသ်နေ့၊ တစ်နေ့ပြီးတစ်နေ့စုရုံးတွေ့ဆုံ ကြသောအခါ မှောင်မိုက်ထဲမှအံ့သြဖွယ်ကောင်းသောအလင်းထဲသို့ သင်တို့ကို ခေါ်တော်မူသောကိုယ်တော်အား ချီးမွမ်းလျက်သီချင်းဆိုကြလော့။ "ငါတို့ကို ချစ်၍ မိမိအသွေးနှင့်ငါတို့အပြစ်များကို ဆေးကြောတော်မူသော" ကိုယ်တော် အား စိတ်နှလုံးထဲမှကြည်ညိုရိုသေလေးစားခြင်းရှိကြလော့။ ဟောပြောသော သူ၏စကားများတွင် သခင်ခရစ်တော်၏မေတ္တာတော်သည် အကြောင်းရင်း ဖြစ်ပါစေ။ ချီးမွမ်းခြင်းသီချင်းတိုင်းတွင် ၎င်းအကြောင်းကို လွယ်ကူသော စကားဖြင့်ဖော်ပြလော့။ သင်၏ဆုတောင်းချက်များသည် ဘုရားသခင်၏ ဝိညာဉ်တော်နှိုးဆော်ခြင်းအတိုင်းဖြစ်ပါစေ။ အသက်နှင့်ဆိုင်သောစကားကို ပြောနေစဉ် သင်သည် ကောင်းကင်မှသတင်းစကားကိုရရှိကြောင်း စိတ်နှလုံးပါလျက်သက်သေခံလော့။

ကျွန်ုပ်တို့သည် စုံလင်သောမေတ္တာ၏အကျင့်များကိုရရှိရန်ပြုပြင်ဖို့ ဘုရားသခင်၏အိမ်တော်၌စုဝေးရကြမည်ဟု ဘုရားသခင်ကသွန်သင်တော်မူ ၏။ ဤနည်းအားဖြင့် မြေကြီးပေါ်၌နေသောသူတို့သည် ကိုယ်တော်ကိုချစ် သောသူအပေါင်းတို့အတွက် သခင်ယေရှုသွား၍ပြင်ဆင်နေသောအခန်းများ တွင်နေထိုင်ဖို့ သင့်လျော်လာကြလိမ့်မည်။ ထိုနေရာ၌သူတို့သည် ဥပုသ်နေ့၊ လဆန်းနေ့အစဉ်အတိုင်း ပလ္လင်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်အား ထာဝရကာလကျေးဇူးတော်ချီးမွမ်းရာတွင် အမြင့်မြတ်ဆုံးသောသီချင်းများကို အတူတကွသီဆိုရန် စုရုံးကြလိမ့်မည်။[၄]

## အသင်းတော်တွင်ပေးအပ်သောအခွင့်အာဏာ

သခင်ခရစ်တော်သည် အသင်းတော်အားစကားပြောဆိုရာတွင် တန်ခိုး ပေးတော်မူ၏။ "ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့ချည်နှောင် သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်" မဿဲ ၁၈း၁၈။ အသင်းတော်၏ဝေဖန်ချက်ကိုဂရုမစိုက်ဘဲ လူတစ်စုံတစ်ယောက်သည် မိမိ နှင့်ဆိုင်ရာတာဝန်ကိုအစပြုလျက်မိမိသဘောကျသောထင်မြင်ချက်ကို ထောက်ခံခြင်းအမှုကဲ့သို့သောအရာတစ်စုံတစ်ခုမျှ မျက်နှာသာမရတတ်ချေ။ ဘုရားသခင်သည် ကောင်းကင်အောက်တွင် မိမိ၏အသင်းတော်အား အမြတ် ဆုံးတန်ခိုးကိုပေးတော်မူခဲ့ပြီ။

အသင်းတော်အဖြစ်ပါဝင်လျက် စုရုံးထားသော မိမိ၏လူတို့တွင် ရှိသေလေးစားအပ်သောအရာမှာ ဘုရားသခင်၏စကားသံ တော်ဖြစ်သည်။၁

လူတစ်စုံတစ်ယောက်အား အသင်းတော်၏ဝေဖန်ချက်နှင့်ဆန့်ကျင် သောဝေဖန်ချက်ကိုပြုလုပ်စေရန်၊ (သို့မဟုတ်) အသင်းတော်၏ထင်မြင်ချက် နှင့်ဆန့်ကျင်သောထင်မြင်ချက်ကိုဖော်ပြရန် ဘုရားသခင်၏နှုတ်ထွက်စကား တော်ကအခွင့်မပြုပါ။ အသင်းတော်၏စည်းကမ်းနှင့်အုပ်ချုပ်နည်းမရှိလျှင် အသင်းတော်သည် အပိုင်းပိုင်းကွဲသွားလိမ့်မည်။ ၎င်းသည် တစ်ကိုယ်တည်း ကဲ့သို့တည်မနေနိုင်တော့ချေ။ မိမိတို့သည်မှန်ကန်သည်။ ဘုရားသခင်သည် မိမိတို့အား အထူးသဖြင့် သွန်သင်လမ်းပြ၍ စိတ်စွဲလမ်းစေတော်မူပြီဟု အခိုင်အမာပြောဆိုလျက် စိတ်သဘောကွဲလွဲသောသူများ အသီးအသီးရှိခဲ့ ဖူးပြီ။ အသီးအသီးတို့၌ မိမိတို့ကိုယ်တိုင်အတွက်သာ ထူးခြားသောထင်မြင် ချက်များရှိလျက် မိမိတို့၏ထင်မြင်ချက်များသည် ဘုရားသခင်၏နှုတ်ထွက် စကားတော်နှင့်ညီညွတ်၏ဟု ပြောဆိုကြ၏။ အသီးအသီးတို့၌ ခြားနား သောထင်မြင်ချက်နှင့်ယုံကြည်ခြင်းရှိကြသော်လည်း ဘုရားသခင်ထံမှထူးခြား သောအလင်းကိုရရှိသည်ဟု အသီးအသီးကပြောဆိုကြ၏။ ဤသူတို့သည် ပင်ကိုမှခွဲခွာသွား၍ အသီးအသီးတို့သည် မိမိတို့ကိုယ်တိုင်ခြားနားသော အသင်းတော်တစ်ခုစီဖြစ်လာကြ၏။ ဤသူအားလုံးသည်မမှန်နိုင်ချေ။ သို့သော် သူတို့အားလုံးက ဘုရားသခင်လမ်းပြတော်မူပြီဟုဆိုကြ၏။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဆုံးမဩဝါဒပေးတော်မူပြီးနောက် လူနှစ်ဦး၊ သုံးဦးသည်စုရုံး၍ ဘုရားသခင်အားတစ်စုံတစ်ခုကို တောင်းလျှောက် လျှင်ရရှိလိမ့်မည်ဟု ကတိထားတော်မူ၏။ ဖော်ပြထားသောအရာတစ်ခုကို ကျွန်ုပ်တို့အလိုရှိသောအခါ၌ပင် အခြားသူတို့နှင့် ပူးပေါင်းရမည်ကို သခင်ခရစ်တော်က ဤနေရာ၌ဖော်ပြတော်မူ၏။ ဆုတောင်းခြင်း၌ပူးပေါင်း ဖို့၊ အကြံအစည်တွင်စည်းလုံးညီညွတ်ဖို့ အလွန်အရေးကြီးပေသည်။ ဘုရားသခင်သည် လူအသီးအသီး၏ဆုတောင်းသံကို နားညောင်းတော်မူ၏။ သို့ရာတွင် မြေကြီးပေါ်၌ ကိုယ်တော်တည်ထောင်တော်မူသော အသစ်သော အသင်းတော်အတွက် ထူးခြားစွာအကျိုးဖြစ်ထွန်းစေမည့် ထူးခြားအရေးကြီး သောသင်ခန်းစာတို့ကို

သခင်ယေရှုအားဖော်ပြတော်မူ၏။ သူတို့အလိုရှိ၍ ဆုတောင်းသောအရာများအတွက် သဘောတူညီခြင်းရှိရမည်။ တစ်ခုတည်း  သောစိတ်သဘော၏အကြံအစည်၊ လှုပ်ရှားမှုများသာ လှည့်ဖြားခြင်းကိုခံရ တတ်သည်မဟုတ်။ တောင်းလျှောက်ခြင်းမှာလည်း တစ်ခုတည်းသောအချက်ကိုဗဟိုတည်လျက် စိတ်သဘောအများက စိတ်အားကြီးစွာတောင့်တခြင်းဖြစ် ရမည်။[၆]

အသင်းတော်သည် လူတို့၏ကယ်တင်ခြင်းအတွက် ဘုရားသခင် ခန့်ထားတော်မူသောကိုယ်စားလှယ်ဖြစ်၏။ ၎င်းကိုအမှုဆောင်ရွက်ရန်တည်ထောင် ထား၍ ၎င်း၏တာဝန်ကား၊ လောကသို့ဧဝံဂေလိတရားကို ယူဆောင်သွား ခြင်းဖြစ်သည်။ မိမိ၏အသင်းတော်အားဖြင့် လောကအားဘုရားသခင်၏ ပြည့်စုံခြင်းနှင့်လုံလောက်ခြင်းကို ပြန်၍ထင်ရှားစေရမည်ဟု ဘုရားသခင်သည် အစအဦးကပင် စီမံကြံစည်ထားတော်မူ၏။ မှောင်မိုက်ထဲမှ ကိုယ်တော်၏ အံ့သြဖွယ်အလင်းထဲသို့ ကိုယ်တော်ခေါ်ဆောင်လာတော်မူသော အသင်းတော် သားတို့သည် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေရကြမည်။ အသင်းတော် သည် သခင်ခရစ်တော်၏ ကြွယ်ဝသောကျေးဇူးတော်များကို သိုထားရာနေရာ ဖြစ်သည်။ ၎င်းပြင် အဆုံးကာလ၌အသင်းတော်အားဖြင့် ကောင်းကင်တွင် ရှိအထွတ်အမြတ်များနှင့် အာဏာစက်များတို့ရှေ့၌ပင် ဘုရားသခင်၏မေတ္တာ တော်ကို နောက်ဆုံး၌ ပြည့်စုံစွာထင်ရှားစေလိမ့်မည်။[၇]

## သွန်သင်ခြင်းအတွက်ပေါလုအားအသင်းတော်ထံသို့ ညွှန်ပြခြင်း

မိမိတို့သည် အလင်းနှင့်ဗဟုသုတရရှိဖို့ သခင်ခရစ်တော်နှင့်သာ သက်ဆိုင်လျက် လောကတွင် ကိုယ်တော်အသိအမှတ်ပြုထားသောတပည့် တော်တို့ကိုအားကိုးဖို့မလိုဟု အများကထင်မှတ်ကြသည်။ သို့ရာတွင် မိမိ၏ သြဝါဒများနှင့် မိမိ၏ပုံသက်သေများတွင် ဤအရာကို သခင်ယေရှုသည် အပြစ်တင်တော်မူ၏။ ဤအကြောင်းအရာတို့ကို ကျွန်ုပ်တို့ အားဆုံးမသွန်သင် ရန် ဖော်ပြထားတော်မူခဲ့သည်။ အရေးအကြီးဆုံးသောအမှုတော်အတွက် သခင် ခရစ်တော်က သင့်လျော်အောင်ပြုပြင်ပေးတော်မူရမည့်သူ၊ ကိုယ်တော်အဖို့ ရွေးကောက်သောတန်ဆာဖြစ်ရမည့်သူ၊ ပေါလုသည် သခင်ခရစ်တော်၏ မျက်မှောက်သို့ တိုက်ရိုက်ရောက်ရှိလာလေ၏။ သို့ရာတွင် ကိုယ်တော်သည် သူ့အားသမ္မာတရားနှင့်ဆိုင်ရာ သင်ခန်းစာများကို သွန်သင်ပေးတော်မမူ။ ကိုယ်တော်သည် သူ၏လမ်းခရီးကိုတားဆီး၍ သူ့အားမိမိ၏အပြစ်ကိုသိမြင် စေတော်မူ၏။ ၎င်းပြင် အကျွန်ုပ်အား အဘယ်သို့ပြုစေလိုတော်မူသနည်းဟု သူကမေးလျှောက်သောအခါ ကယ်တင်ရှင်သည် သူ့အားတိုက်ရိုက်မိန့်တော်မမူဘဲ မိမိ၏အသင်းတော်နှင့်ဆက်သွယ်ပေးတော်မူ၏။ အဘယ်သို့ပြုရမည် ကို သင့်အား သူတို့ကပြောပြလိမ့်မည်။ သခင်ယေရှုသည် အပြစ်ရှိသောသူ တို့၏မိတ်ဆွေဖြစ်တော်မူ၏။ ကိုယ်တော်၏စိတ်နှလုံးသည်အမြဲပွင့်နေ၍ လူ၏ဒုက္ခနှင့်အမြဲထိခိုက်ခြင်းခံတော်မူရ၏။ ကိုယ်တော်သည် ကောင်းကင်ဘုံ ၌လည်းကောင်း၊

မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိ သမျှကိုရရှိတော်မူ၏။ သို့ရာတွင် လူတို့အား အလင်းနှင့်ကယ်တင်ခြင်းကို ရရှိစေရန်အတွက် ကိုယ်တော်စီမံထားတော်မူ သောနည်းလမ်းကို ကိုယ်တော် သည်ရှိသေလေးစားတော်မူ၏။ ကိုယ်တော်သည် ရှောလု အား အသင်းတော် ကိုညွှန်ပြတော်မူ၏။ ထိုသို့အားဖြင့် အသင်းတော်သည် လောကအား အလင်း ကိုပေးသောလမ်းကြောင်းဖြစ်သည်ဟူ၍ အသင်းတော်အားအပ်ပေးထားသော အခွင့်တန်ခိုးကို ဝန်ခံတော်မူ၏။ ၎င်းသည် မြေကြီးပေါ်၌တည်ထောင်ထား သော သခင်ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်တော်မူသဖြင့် ကိုယ်တော်၏စည်းကမ်း ဥပဒေများကို ရိုသေလေးစားဖို့သင့်ပေသည်။ ရှောလု၏အမှု၌ အာနနိသည် သခင်ခရစ်တော်ကိုပုံဆောင် ၏။ ၎င်းပြင် မြေကြီးပေါ်တွင် သခင်ခရစ်တော်၏ နေရာ၌ ကိုယ်စားခန့်ထားခြင်းခံရသော သခင်ခရစ်တော်၏သင်းအုပ်ဆရာ များကိုလည်းပုံဆောင်၏။

ပေါလုသည် စိတ်နှလုံးပြောင်းလဲစေရာ၌ ကျွန်ုပ်တို့အားအရေးကြီး သောအခြေခံ တရားများကိုဖော်ပြထားသဖြင့် ကျွန်ုပ်တို့သည် ၎င်းတို့ကိုအမြဲ သတိပြုအပ်ကြသည်။ အသင်းတော်တစ်စုံတစ်ခုရှိသောနေရာတွင် တည်ထောင် အသိအမှတ်ပြုထားသောအသင်း တော်ကိုအားမကိုးဘဲ ဘာသာရေးနှင့်ဆိုင်သော ဗဟုသုတ၊ အလုပ်အကိုင်တို့ကိုဆောင်ရွက် စေဖို့ လောက၏ရွေးနုတ်ရှင်က အခွင့်ပေးတော်မမူ။

ဘုရားသခင်၏သားတော်သည် မိမိတည်ထောင်ထားသောအသင်း တော်၏ရာထူး၊ အခွင့်အာဏာတို့နှင့် မိမိကိုယ်တော်တိုင်ကို ထပ်တူထပ်မျှ ဖြစ်စေတော်မူ၏။ ကိုယ်တော် ခန့်ထားတော်မူသော ကိုယ်စားလှယ်များအား ဖြင့် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများသည် သက်ရောက်လာရကြမည်။ ထိုသို့အားဖြင့် လူတို့အား မိမိ၏ကောင်းချီးမင်္ဂလာများကိုသက် ရောက်စေ သောလမ်းကြောင်းနှင့် ဆက်သွယ်ပေးတော်မူ၏။ ဘုရားသခင်၏ဝိညာဉ် တော်က ပေါလု၏ရက်စက်သောအလုပ်အကြောင်းကို သူ့အားကောင်းစွာသိရှိ လာစေသော အခါ သန့်ရှင်းသူတို့ကိုညှဉ်းဆဲခြင်းအမှုတွင် သေချာစွာအမြင် မှန်ရလာခြင်းဖြင့် သူသည် အပြစ်ကင်းသောသူဖြစ်မလာချေ။ သူသည် တပည့် တော်များထံ၌ သင်ကြားလေ့လာသော သူဖြစ်လာရမည်။[၈]

အသင်းတော်သားအပေါင်းတို့သည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြလျှင် လောကတွင်အလင်းဖြစ်မလာမီ ဆုံးမသွန်သင်ခြင်းအမှုကို ခံယူ ရကြလိမ့်မည်။ ယောကျ်ား၊ မိန်းမများတို့သည် မှောင်မိုက်ထဲမှာရှိလျက် ထိုသို့တည်ရှိနေရန် စိတ်ကျေနပ်နေ၍ အလင်း ကိုအစပြုပေးတော်မူသောသခင် နှင့်ဆက်သွယ်ဖို့ရန် အထူးသဖြင့်မကြိုးစားဘဲနေကြလျှင် ဘုရားသခင်သည် သူတို့အားအလင်းကိုပေးနိုင်သောလမ်းကြောင်းဖြစ်စေခြင်းငှာ ပြုပြင်ပေး တော် မူမည်မဟုတ်။ မိမိတို့ကိုယ်တိုင်၌လိုနေကြောင်းကိုသိရှိ၍ မိမိအကြောင်းကို ကောင်း စွာဆင်ခြင်စဉ်းစားလျက်၊ များစွာစိတ်ပါလျက် ကြိုးစားဆုတောင်း

ပြီးလျှင်ကြိုးစား၍လုပ်ဆောင်သောသူသည် ဘုရားသခင်၏အကူအညီကိုရ လိမ့်မည်။ မိမိကိုယ်တိုင်အကြောင်းမေ့လျော့ပယ်ရှားဖို့လိုသောအရာများစွာ ရှိသည့်အပြင် သင်ကြားသိနားလည်ဖို့လိုသောအရာလည်း များစွာရှိပေသည်။ ဟောင်းသောအကျင့်တို့ကိုပယ်ရှားရမည်။ ၎င်းပြင် ဤအမှားကိုပြုပြင်ရန် စိတ်အားကြီးစွာအားထုတ်ခြင်း၊ ၎င်းပြင် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သမ္မာတရား၏အခြေခံတရားများကို လိုက်နာရာတွင် သမ္မာတရားကိုပြည့်စုံ အောင်လက်ခံခြင်းဖြင့်သာ အောင်မြင်ခြင်းကိုရနိုင်လိမ့်မည်။၉

## အမှားကိုပြန့်ပွားစေသောသူအဖို့အကြံဥာဏ်

မိမိတို့သဘောအတိုင်း သတင်းစကားတစ်စုံတစ်ခုကိုကြွေးကြော်ရန် အစပြုသောသူ၊ ဘုရားသခင်ကသွန်သင်လမ်းပြတော်မူသည်ဟုပြောဆိုနေလျက် နှစ်ပေါင်းများစွာဘုရားသခင်တည်းဆောက်နေတော်မူသောအရာကိုဖြိုဖျက်ရန် အထူးကြိုးစားနေသေးသောသူတို့သည် ဘုရားသခင်၏အလိုတော်ကို လိုက်နာ နေကြသောသူများမဟုတ်ကြချေ။ ဤသူများတို့သည် ကြီးစွာလှည့်စားသော စာတန်ဘက်၌ရှိနေသည်ကိုသိရှိကြပါ။ သူတို့ကိုမယုံကြည်နှင့်။

ဥစ္စာဘဏ္ဍာနှင့်အစွမ်းသတ္တိ၏ဘဏ္ဍာစိုးများအဖြစ် ခန့်အပ်ထားခြင်း ခံရသည်အလျောက် သင်သည် အမှားကိုပြန့်ပွားစေခြင်းဖြင့် သင့်ဘုရားသခင် ၏ဥစ္စာများကိုအလွဲအသုံးပြုနေပြီ။ ဘုရားသခင်၏တရားတော်ကိုစောင့်ရှောက် ဖို့တာဝန်ရှိကြောင်းကိုကြွေးကြော်သောသူတို့ကို လောကတစ်ခုလုံးကမုန်း လျက်နေသဖြင့် ထာဝရဘုရားသခင်ဘက်၌ သစ္စာရှိသောအသင်းတော်သည် ရိုးရိုးမဟုတ်သောစစ်ပွဲကိုတိုက်ခိုက်ရလိမ့်မည်။ "ငါတို့သည် အသွေးအသား ရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့ နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကမှောင်မိုက်၌ အစိုးတရပြုတတ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏" ဧဖက် ၆း၁၂။ ဤစစ်ပွဲသည် အဘယ်သို့ဆိုလိုသည်ကို သိရှိနားလည်သောသူတို့သည် အသင်းတော်ကိုပြန်၍မတိုက်ခိုက်ဘဲ အစွမ်းသတ္တိရှိသမျှ ဘုရားသခင်၏လူများနှင့်အတူတကွ စာတန်၏အပေါင်းအသင်းတို့ကို ဆိုင်ပြိုင်တိုက်လှန်ကြ လိမ့်မည်။၁၀

-----*****----

(1) 2TT, 362; (2) 2TT, 355; (3) 2TT, 361,362; (4) 6T, 366-368; (5) 3T, 450,451; (6) 3T, 428,429; (7) AA, 9; (8) 3T, 432,433; (9) 4T, 485,486; (10) 2TT, 356,357.

# အခန်း (၁၃)
# အသင်းတော်တည်ထောင်ခြင်း

သခင်ခရစ်တော်ပေးအပ်တော်မူသောတာဝန်ကို တစ်စုံတစ်ယောက် သည်ပြီး မြောက်စေရမည်။ ကိုယ်တော်သည် မြေကြီးပေါ်၌အစပြုတော်မူခဲ့ သောအမှုတော်ကို ဆက်လက်ဆောင်ရွက်ရမည်။ ၎င်းပြင် အသင်းတော်အား ဤအခွင့်အရေးကိုပေးအပ်ခဲ့ လေပြီ။ ဤရည်ရွယ်ချက်ဖြင့် အသင်းတော်ကို တည်ထောင်ထားလေပြီ။

သင်းအုပ်ဆရာများသည် စည်းကမ်းစနစ်ကိုနှစ်သက်၍ မိမိတို့ ကိုယ်တိုင် စည်းစနစ်ရှိရန် သွန်သင်လေ့ကျက်ခြင်းပြုအပ်သည်။ ထိုနောက် သူတို့သည် ဘုရား သခင်၏အသင်းတော်ကို အောင်မြင်စွာသွန်သင်ဆုံးမနိုင် လျက် ကောင်းစွာလေ့ကျင့် ထားသောစစ်သားတစ်စုကဲ့သို့ သူတို့အားညီညွတ် မျှတစွာအမှုဆောင်ရွက်နိုင်စေရန် သင်ကြားပေးနိုင်လိမ့်မည်။ စစ်ပွဲထဲ၌ အောင်မြင်ခြင်းရရှိစေဖို့ရန် လေ့ကျင့်နည်းနှင့် စည်းကမ်းကိုလိုလျှင် ကျွန်ုပ်တို့ တိုက်ခိုက်ရသောစစ်ပွဲတွင် ၎င်းတို့ကိုသာ၍ပင်လိုပေ သည်။ အကြောင်းမူကား၊ ကျွန်ုပ်တို့ရသင့်သောအရာသည် သဘောအားဖြင့် စစ်ပွဲ၌ရန်သူတို့အလိုရှိသော အရာများထက်သာ၍ထိုက်တန်၊ သာ၍မြင့်မြတ်သည်။ ကျွန်ုပ်တို့တိုက်ခိုက် ရသောစစ်ပွဲတွင် ထာဝရအကျိုးအတွက်စွန့်စားရကြသည်။

ကောင်းကင်တမန်တို့သည် ညီညွတ်စွာလုပ်ဆောင်ကြသည်။ သူတို့၏လှုပ် ရှားမှုတို့တွင် သေချာသောစည်းကမ်းစနစ်ကိုထင်ရှားစွာတွေ့ရသည်။

ကောင်းကင်ဗိုလ်ခြေတို့၏ညီညွတ်မှုနှင့်စည်းကမ်းစနစ်ကို ကျွန်ုပ်တို့သည် သာ၍တူအောင်အတု ယူကြလေလေ၊ ကျွန်ုပ်တို့အတွက် ဤကောင်းကင် ကိုယ်စားလှယ်တို့ကကြိုး စားဆောင်ရွက်မှု သည် သာ၍အောင်မြင်လေလေဖြစ် ၏။ အထက်အရပ်မှဝိညာဉ်တော်အားဖြင့် ဘိသိက်ပေးခြင်း ခံရသောသူတို့ သည် မိမိတို့ကြိုးစားအားထုတ်မှုရှိသမျှတွင် စည်းကမ်းစနစ်၊ ဆုံးမသွန်သင် ခြင်းနှင့် အလုပ်၌စည်းလုံးခြင်းတို့ကို အားပေးကြလိမ့်မည်။ ထိုအခါ ဘုရားသခင် ၏ကောင်း ကင်တမန်များက ကူညီဆောင်ရွက်ပေးနိုင်လာကြလိမ့်မည်။ သို့ရာတွင် ထိုကောင်းကင်တမန် တို့သည် မညီညာခြင်း၊ ဖရိုဖရဲဖြစ်ခြင်း၊ စည်းကမ်း စနစ်မရှိခြင်းအမှုတို့ကို ဘယ်သောအခါ မျှထောက်ခံကြလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့၏အင်အားကိုနည်းသွားစေရန်၊ စိတ်ပျက်စေရန်နှင့် မအောင်မြင်စေ ရန် စာတန်ကကြိုးစားနေသောကြောင့် ဤကဲ့သို့မကောင်းသောအမှုများဖြစ် ပေါ်လာရပေသည်။

စည်းကမ်းစနစ်ရှိ၍ ညီညွတ်သောအပြုအမူရှိမှသာ အောင်မြင်ခြင်း ရှိနိုင်ကြောင်းကို စာတန်သည်ကောင်းစွာသိရှိ၏။ ကောင်းကင်နှင့်ဆက်သွယ် သောအရာရှိသမျှသည် လုံးလုံး စည်းကမ်းရှိကြောင်း၊ ကောင်းကင်ဗိုလ်ခြေ တို့၏လှုပ်ရှားမှုတွင် သြဇာခံခြင်း၊ စည်းကမ်းသေ ဝပ်ခြင်းတွေ့ရကြောင်းကို စာတန်သည်ကောင်းစွာသိ၏။ ခရစ်ယာန်ဟုခေါ်နေသောသူတို့အား ကောင်းကင်ကစီမံပေးသောအမှုနှင့် ဝေးနိုင်သမျှဝေးအောင်လမ်းပြခေါ်ဆောင် သွားရန် သူသည်သေချာစွာလေ့လာကြိုးစားနေ၏။ ထိုကြောင့် သူသည် ဘုရားသခင်၏လူများဟုခေါ် နေသောလူများကိုပင်လှည့်ဖြား၍ စည်းကမ်း သေဝပ်ခြင်း၊ စည်းကမ်းအတိုင်းလေ့ကျင့်ခြင်းတို့ သည် ဝိညာဉ်ရေးကိစ္စအတွက် ရန်သူဖြစ်သည်။ သူတို့အတွက်ဘေးကင်းသောနည်းမှာ ကိုယ့်လမ်းကိုယ် လိုက်ခြင်း၊ ၎င်းပြင် စည်းလုံးခြင်းရှိလျက် စည်းကမ်းသေဝပ်ခြင်းနှင့် အလုပ် တွင်ညီညွတ်ခြင်းရှိဖို့ ကြိုးစားအားထုတ်နေသော ခရစ်ယာန်အစုအဝေးတို့နှင့် အထူးသဖြင့် ဝေးဝေးခွာနေခြင်းသာလျှင်ဖြစ်သည်ဟု သူတို့အားထင်မှတ် ယုံကြည်စေ၏။ မိမိတို့သဘော အတိုင်းဆင်ခြင်တွေးတော၍ ပြုမူလုပ်ကိုင်ခြင်း အကြောင်းကို ကြွားဝါပြောဆိုရခြင်းသည် အကျင့်ကောင်းတစ်ခုဖြစ်သည်ဟု လှည့်ဖြားခြင်းခံရသော ဤဝိညာဉ်များကထင်မှတ်ကြသည်။ သူတစ်စုံ တစ်ယောက်ကပေးသောအကြံအစည်ကို သူတို့သည် ခံယူလိမ့်မည်မဟုတ်။ သူတို့သည် မည်သူ၏ပြောဆိုခြင်းကိုမျှဝန်မခံ။ မိမိတို့ကိုယ်တိုင်ထွက်ခွာလာ ၍ ညီအစ်ကိုတို့ ကိုအားမကိုးဘဲ မိမိတို့နှစ်သက်ရာလမ်းကိုရွေးချယ်ခြင်းသည် သူတို့အတွက် ဘုရားသခင် ၏စီမံချက်ဖြစ်သည်ဟု လူတို့ကိုထင်မှတ်စေ ခြင်းသည် စာတန်၏ထူးခြားသောအလုပ်ဖြစ်သည် ဟု ကျွန်ုပ်အားဖော်ပြ ထား၏။၂

ဘုရားသခင်သည် မိမိ၏အသင်းတော်အား မြေကြီးပေါ်၌ အလင်းကို တစ်ဆင့်ချပေး သောလမ်းကြောင်းဖြစ်စေတော်မူ၍ ၎င်းအားဖြင့် မိမိ၏အကြံ အစည်နှင့်အလိုတော်ကိုဖော်ပြ တော်မူ၏။ အသင်းတော်ကိုယ်တိုင်၏ဗဟုသုတ နှင့်မသက်ဆိုင်၊ ဆန့်ကျင်ဘက်ဖြစ်သော ဗဟုသုတကို ဘုရားသခင်သည် မိမိ၏ကျွန်တစ်ယောက်ယောက်အား ပေးတော်မမူပါ။ သခင်ခရစ်တော်၏ ကိုယ်ကာယဖြစ်သောအသင်းတော်အား မှောင်မိုက်၌တည်ရှိနေစေလျက် အသင်း တော်တစ်ခုလုံးအတွက် ဘုရားသခင်၏အလိုတော်ကိုသိကျွမ်းခြင်းပညာကို ဘုရား သခင်သည် လူတစ်ယောက်အားပေးတော်မမူပါ။ သူတို့သည် မိမိတို့

ကိုယ်၌ အနည်းငယ်သာအားကိုးလျက် အမှုတော်တိုးတက်စေရန် ဘုရားသခင် လမ်းပြတော်မူသောအခြားသူတို့၌ သာ၍များစွာအားကိုးနိုင်မည်အကြောင်း ဘုရားသခင်သည်မိမိ၏ကျွန်များကို မိမိ၏အသင်းတော်နှင့်ဆက်သွယ်စေရန် စီမံထားတော်မူ၏။၃

## ပုရောဖက်များတည်ထောင်သောအသင်းတော်များ

ယေရုရှလင်မြို့၌ အသင်းတော်တည်ထောင်ခြင်းမှာ သမ္မာတရား၏ စေတမန်တို့သည် ဧဝံဂေလိတရားသို့စိတ်ပြောင်းလဲသောသူတို့ကိုရရှိသော နေရာတိုင်း၌ အသင်းတော်များကိုတည်ထောင်ဖို့အတွက် ပုံစံနမူနာဖြစ်သည်။ အသင်းတော်ကိုစောင့်ရှောက်ရန်တာဝန်ပေးအပ်ထားခြင်းခံရသောသူတို့သည် ဘုရားသခင်၏အမွေတော်အပေါ်တွင် အစိုးတရမပြုဘဲ သတိပညာရှိသော သိုးထိန်းကဲ့သို့ "ဘုရားသခင်၏သိုးတော်စုကိုထိန်း လျက် သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြရကြမည်။" ၎င်းပြင် အသင်းထောက်များသည် "ဝိညာဉ်တော်နှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်း ပြည့်စုံလျက် အသရေရှိ သောသူ"များဖြစ်ရကြမည်။ ဤသူတို့သည် မှန်ကန်သောဘက်မှ စည်းလုံး ညီညွတ်စွာနေလျက် ထိုအခြေအနေ၌မြဲမြဲတည်ကြည်စွာရှိနေရကြမည်။ ထိုသို့ အားဖြင့် သိုးစုတစ်စုလုံးအပေါ်၌ စည်းလုံးခြင်းသဘောကိုဩဇာညောင်းစေ လိမ့်မည်။၄

စိတ်နှလုံးပြောင်းလဲသောလူသစ်တို့၏ဝိညာဉ်တိုးပွားရေးတွင် အရေး ကြီးသောအချက်အဖြစ်နှင့် တမန်တော်တို့သည် ဧဝံဂေလိတရားနှင့်ဆိုင်ရာ စည်းစနစ်များဖြင့် သူတို့အားသေချာစွာအုပ်ထိန်းစောင့်ရှောက်ရကြမည်။ ယုံကြည်သောသူတို့၏ဝိညာဉ်ရေးနှင့်ဆိုင်သောကိစ္စအပေါင်းကို စီမံအုပ်ချုပ် ဖို့ရန် အသင်းတော်အသီးအသီးတွင် အမှုဆောင်များကိုခန့်ထားလျက် သင့်လျော် သောစည်းကမ်းစနစ်၊ နည်းနာများကိုပြုလုပ်ထားရကြမည်။

ဤအမှုသည် သခင်ခရစ်တော်၌ယုံကြည်သောသူအပေါင်းတို့ကို အဖွဲ့အစည်းတစ်ခုတွင် ပူးပေါင်းခြင်းတည်းဟူသော ဧဝံဂေလိတရားနှင့်ဆိုင်ရာ စီမံကိန်းနှင့်ညီညွတ်သဖြင့်ပေါ်လုသည် မိမိဆောင်ရွက်ခဲ့သောအချိန်ကာလ ပတ်လုံး ဤစီမံကိန်းကိုသေချာစွာလိုက်နာရလိမ့်မည်။ ဘယ်နေရာ၌မဆို သူအမှုဆောင်ရွက်ခဲ့ခြင်းဖြင့် သခင်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံ ကြသောသူတို့ကို သင့်လျော်သောအချိန်တွင် အသင်းတော်တစ်ခုအဖြစ်ဖွဲ့စည်းတည်ထောင်ပေးခဲ့၏။ ယုံကြည်သောသူတို့သည်

အနည်းငယ်သာ ရှိသော်လည်း ဤကဲ့သို့ဖွဲ့စည်းပေးခဲ့၏။ "အကြင်အရပ်၌ လူနှစ်ဦး၊ သုံးဦး တို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏။ ထိုအရပ်၌သူတို့အလယ်မှာ ငါရှိသည်" ဟူသောကတိတော်ကိုသတိရကြလျက် ခရစ်ယာန်တို့သည် အချင်းချင်းကိုမစကူညီရန် ထိုသို့အားဖြင့်သွန်သင်ခြင်းခံရကြ၏။၁

## အသင်းတော်၌ငြင်းခုံကွဲပြားခြင်းကိုတွေ့ကြုံရခြင်း

ယေရုရှလင်မြို့၌ အရပ်ရပ်ရှိအသင်းတော်တို့မှ အထွေထွေစည်းဝေး အတွက် စုရုံးလာကြသောညီအစ်ကိုတို့နှင့် အန္တိအုတ်မြို့မှလာသောစေတမန် တို့သည် တွေ့ဆုံကြ၏။ တစ်ပါးအမျိုးသားတို့အထဲတွင် အမှုဆောင်ရွက် ရာ၌ အောင်မြင်ကြကြောင်းကို စေတမန်တို့က ညီအစ်ကိုတို့အားပြောပြကြ ၏။ ထိုနောက် ပြောင်းလဲသော ဖာရိရှဲအချို့သည် အန္တိအုတ်မြို့သို့ရောက်လာ ၍ ပြောင်းလဲသောတစ်ပါးအမျိုးသားတို့သည် ကယ်တင်ခြင်းခံရမည်အကြောင်း အရေဖျားလှီးခြင်းကိုခံလျက် မောရှေ၏ တရားကိုကျင့်ရမည်ဟု ပြောဆိုကြ သောကြောင့် ရှုပ်ထွေးခြင်းဖြစ်ခဲ့ကြောင်းကို ထင်ရှားစွာသူတို့ကပြောပြကြ၏။ ဤပြဿနာကို အစည်းအဝေးတွင် စိတ်ပါဝင်စားစွာဆွေးနွေးကြ၏။

ပြောင်းလဲသောတစ်ပါးအမျိုးသားတို့သည် စီရင်ထုံးဖွဲ့ချက်တရား များကို စောင့်ရှောက်ဖို့မလိုဟု သန့်ရှင်းသောဝိညာဉ်တော်ကသိမြင်တော်မူသဖြင့် ဤကိစ္စနှင့်သက်ဆိုင်၍ တမန်တော်တို့၏သဘောသည် ဘုရားသခင့်ဝိညာဉ် ၏သဘောကဲ့သို့ ဖြစ်၏။ ထိုစည်းဝေး၌ ယာကုပ်သည်ဦးဆောင်လျက် သူ၏ ဆုံးဖြတ်ချက်ကိုဖော်ပြထား၏။ "တစ်ပါးအမျိုးသားတို့အထဲမှ ဘုရားသခင့် ထံတော်သို့ပြောင်းလဲသော သူတို့ကို မနှောင့်ယှက်သင့်ဟု ငါသဘောရှိ၏။" ဤသို့အားဖြင့် ဆွေးနွေးပွဲသည် ပြီးဆုံးသွား၏။

ဤနေရာ၌ အစည်းအဝေးကဆုံးဖြတ်သောအချက်ကို ယာကုပ်သည် ကြော်ငြာရန် ရွေးကောက်ခြင်းခံရသည်ဟုထင်ရသည်။ သို့ရာတွင် ပြောင်းလဲလာသောတစ်ပါးအမျိုးသားတို့သည် ခရစ်ယာန်အခြေခံတရားတို့နှင့်မညီညွတ်သောအကျင့်တို့ကိုပယ်ရှားရကြမည်။ ထို့ကြောင့် တမန်တော်နှင့်သင်းအုပ် တို့သည် တစ်ပါးအမျိုးသားတို့ထံစာရေးလျက် ရုပ်တုရှေ့မှာပူဇော်သောအသား

ကိုလည်းကောင်း၊ အသွေးကိုလည်းကောင်း၊ လည်းပင်းညှစ်၍သတ်သော အသားကိုလည်းကောင်း၊ မတရားသောမေထုန်ကိုလည်းကောင်း ရှောင်ကြဉ် ဖို့ဆုံးမသွန်သင်ရန်သဘောတူကြ၏။ သူတို့အားပညတ်တော်ကိုစောင့်၍ သန့်ရှင်းစွာနေထိုင်ရန် တိုက်တွန်းသေး၏။ အရေဖျားလှီးခြင်းခံဖို့သင့်သည် ဟု ပြောဆိုနေသူတို့အား ထိုသို့မပြောစေရန် တမန်တော်တို့ကမှာထားပြီ ဖြစ်ကြောင်းကိုလည်း သူတို့အားအသေအချာယုံကြည်စိတ်ချစေ၏။[၆]

ဤအမှုကိုဆုံးဖြတ်သောအစည်းအဝေးတွင် ယုဒနှင့်တစ်ပါးအမျိုးသားခရစ်ယာန်အသင်းတော်များကိုတည်ထောင်ပေးရာ၌ ထင်ရှားသောတမန်တော်များ၊ ဓမ္မဆရာများနှင့် အရပ်ရပ်မှရွေးချယ်စေလွှတ်သောစေတမန်များပါဝင်၏။ ယေရုရှလင်မြို့မှသင်းအုပ်များနှင့် အန္တိအုတ်မြို့မှကိုယ်စားလှယ်များလည်း ရောက်လာကြသဖြင့်ဩဇာအရှိဆုံးအသင်းတော်များ၏ကိုယ်စားလှယ်များ ဖြစ်ကြ၏။ ထင်ရှားစွာဝေဖန်ပိုင်းခြားနိုင်သောဉာဏ်၊ ဘုရားသခင်၏အလို တော်အားဖြင့်တည်ထောင်ထားသောအသင်းတော်၏ဂုဏ်အသရေနှင့်အညီ အစည်းအဝေးသည် ဆွေးနွေးဆုံးဖြတ်၏။ သူတို့သည် ကောင်းစွာဆင်ခြင် ဆုံးဖြတ်ရာ၌ ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့အပေါ်သို့ သန့်ရှင်း သောဝိညာဉ်တော်ကိုသွန်းလောင်းချပေးတော်မူခြင်းဖြင့်ငြင်းခုံလျက်နေသော ပြဿနာကိုဖြေဆိုတော်မူကြောင်း သူတို့အားလုံးသိမြင်ကြ၏။ ၎င်းပြင် ဝိညာဉ်တော်၏ လမ်းပြခြင်းကိုလိုက်နာဖို့ သူတို့၌တာဝန်ရှိကြောင်းသိနားလည်ကြ၏။

ခရစ်ယာန်အဖွဲ့အစည်းတစ်ခုလုံးက ပြဿနာကိုဆုံးဖြတ်ရကြသည် မဟုတ်။ ဩဇာရှိလျက် ကောင်းစွာဝေဖန်ပိုင်းခြားနိုင်သော တမန်တော်များ နှင့်သင်းအုပ်တို့က ဆုံးဖြတ်ချက်ကိုစီမံထုတ်ဝေရလျက် ၎င်းဆုံးဖြတ်ချက်ကို ခရစ်ယာန်အသင်းတော် များက အများအားဖြင့်လက်ခံရကြသည်။ သို့ရာတွင် လူအပေါင်းတို့က ထိုဆုံးဖြတ် ချက်ကိုသဘောမကျကြ။ ကိုယ်ကိုထင်ပေါ်စေ လို၍ ကိုယ်ကိုကိုယ်အားကိုးသောညီ အစ်ကိုတစ်စုက ဤအချက်ကိုငြင်းဆို လျက်သဘောမတူကြချေ။ ဤသူတို့သည် မိမိတို့သဘောအတိုင်း တာဝန်ကို ဆောင်ရွက်လိုကြသည်။ သူတို့သည်ညည်းညူ လျက်၊ အပြစ်ရှာလျက်၊ အသစ် သောစီမံကိန်းတို့ကိုအကြံပေးလျက် ဧဝံဂေလိ သတင်းစကားကိုကြားပြောရန် ဘုရားသခင်ခန့်ထားတော်မူသောသူတို့၏အလုပ်ကို ဖြိုဖျက်ရန်ကြံစည်နေကြ ၏။ ရှေးဦးစွာကပင် အသင်းတော်သည် ထိုသို့သော အတားအဆီးများကို တွေ့ကြုံခဲ့ရသဖြင့် ကပ်ကာလ၏အဆုံးတိုင်အောင် အစဉ်သဖြင့် ထိုကဲ့သို့ တွေ့ကြုံရလိမ့်မည်။[?]

## တစ်ဦးတည်း၏ဆုံးဖြတ်ချက်ကိုအကောင်းဆုံးဟု ထင်မှတ်ခြင်းသည်ဘေးရောက်ခြင်း

လူတစ်ဦးတည်း၏ဆုံးဖြတ်ချက်ကို အကောင်းဆုံးဟုထင်မှတ်တတ် သောသူ တို့သည် ကြီးစွာဘေးဥပဒ်တွေ့ကြုံရတတ်သည်။ အလင်း၏ လမ်းကြောင်းများဖြစ် လျက် ဘုရားသခင်က မိမိ၏အမှုတော်ကို မြေကြီးပေါ် ၌တည်ထောင်၍ တိုးတက် စေခြင်းငှာပြုလုပ်စေဖို့ အလိုရှိတော်မူသောသူတို့ ထံမှ ဤကဲ့သို့သောသူတို့ကိုခွဲထုတ် ထားရန် စာတန်သည် အထူးပင်လေ့လာ ကြိုးစားလျက်ရှိသည်။ သမ္မာတရားကိုတိုး တက်ပြန့်ပွားစေရာ၌ ခေါင်းဆောင် တာဝန်တို့ကိုဆောင်ရွက်ရန် ဘုရားသခင်ခန့် ထားတော်မူသောသူတို့ကိုငြင်းပယ် ခြင်း၊ (သို့မဟုတ်) ရှုတ်ချခြင်းသည် မိမိ၏လူ များအားကူညီအားပေး၍

ခွန်အားနှင့်ပြည့်စုံစေရန် ဘုရားသခင်စီမံခန့်ထားတော်မူသောနည်းကို ငြင်းပယ်ခြင်းဖြစ်သည်။ ဘုရားသခင်၏အမှုတော်တွင်ဆောင်ရွက်နေသောသူတစ်စုံတစ်ယောက်သည် ဤအချက်များကိုဂရုမစိုက်ဘဲ မိမိ၏အလင်းသည် အခြား မည်သည့်နည်းမျှမလာရ၊ ဘုရားသခင်ထံမှတိုက်ရိုက်လာရမည်ဟုထင်မှတ် ခြင်းသည် မိမိကိုယ်ကိုရန်သူ၏လှည့်ဖြားခြင်းကိုခံစေပြီး ဆုံးရှုံးသွားစေသော အခြေအနေ၌ထားခြင်းဖြစ်သတည်း။

ယုံကြည်သောသူအပေါင်းတို့၌တည်ရှိအပ်သော ရင်းနှီးစွာဆက်သွယ် ခြင်းနည်းအားဖြင့် ခရစ်ယာန်အချင်းချင်း၊ အသင်းတော်အချင်းချင်းသည် စည်းလုံးခြင်းရှိရမည်ဟု ထာဝရဘုရားသခင်သည် မိမိ၏အမြော်အမြင်အတိုင်း စီမံထားတော်မူ၏။ ထိုသို့အားဖြင့် လူ၏အစွမ်းသတ္တိသည် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်၏။ အလုပ်အကိုင်ရှိသမျှသည် သန့်ရှင်းသောဝိညာဉ် တော်၏လက်အောက်သို့ရောက်ရှိသွား၍ ဘုရားသခင်၏ကျေးဇူးတော်နှင့် ဆိုင်သော ဝမ်းမြောက်ဖွယ်သတင်းစကားကိုလောကအားကြွေးကြော်ရန် သေချာစွာစီမံအုပ်ချုပ်လျက် ကြိုးစားဆောင်ရွက်ခြင်းအမှုတွင် ယုံကြည်သူ အပေါင်းသည် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်။[၈]

လူကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းအမျိုးမျိုးသည် ကိုယ်တစ်ကိုယ် လုံးဖြစ်ရန်အားလုံးစုပေါင်း၍ တစ်ကိုယ်လုံးကိုအုပ်စိုးသောအသိဉာဏ်၏ ဩဇာကိုခံယူလျက်အင်္ဂါအသီးအသီးတို့သည် မိမိတို့၏ဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ကြသည်နည်းတူသခင်ခရစ်တော်၏အသင်းတော်တွင်ရှိ အသင်း သားတို့သည် အချိုးအစားကျသော ကိုယ်ခန္ဓာတစ်ခုဖြစ်လာရန်စုပေါင်းပြီးလျှင် ခန္ဓာတစ်ခုလုံး၏သန့်ရှင်းသောအသိဉာဏ်၏ဩဇာကို ခံယူရကြသည်။[၉]

## နယ်အသင်းတော်၏အမှုဆောင်များကို ရွေးချယ်ခန့်ထားခြင်း

တမန်တော်ပေါလုက တိတုထံ၌ကဲ့သို့ရေးသားလိုက်၏။ “ငါသည် သင့်ကိုမှာထားခဲ့နှင့်သည်အတိုင်း မစုံလင်သမျှတို့ကိုပြင်ဆင်၍ မြို့ရွာများ၌ သင်းအုပ်တို့ကိုခန့်ထား–––။ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယား တစ်ယောက်တည်းရှိသောသူဖြစ်လျှင်လည်းကောင်း၊ သူ၏သားသမီးတို့သည် အပျော်အပါး၌လွန်ကျူးသည်ဟု အပြစ်တင်ခြင်း၊ နားမထောင်ခြင်းနှင့်လွတ်၍ ယုံကြည်လျှင်လည်းကောင်း ထိုသို့သောသူကိုခန့်ထားအပ်၏။ အကြောင်း

မူကား သင်အုပ်သည် ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်ရမည်" တိတု ၁း၅–၇။ "အဘယ်သူ၏အပေါ်၌မျှ လက်ကိုအလျင်တဆောမတင်နှင့်" ၁တိ ၅း၂၂။

ကျွန်ုပ်တို့၏အသင်းတော်တချို့တွင် သင်းအုပ်များဖွဲ့စည်းခန့်ထား ခြင်းအမှုသည်စောလွန်း၏။ ကျမ်းစာ၏ဥပဒေကိုဂရုမစိုက်ကြသဖြင့် အဆုံး၌ ကြီးကျယ်သောဒုက္ခများကို အသင်းတော်ပေါ်၌သက်ရောက်စေလေပြီ။ တာဝန် ကြီးသောအလုပ်အတွက် မသင့်လျော်သောလူများကို မခန့်ထားနိုင်မည် အကြောင်း ခေါင်းဆောင်များကိုအလွန်လျင်မြန်စွာမရွေးအပ်။ မည်သည့်တာဝန် ၌မဆို ဘုရားသခင်၏အမှုတော်ကို မဆောင်ရွက်နိုင်မီ စိတ်ပြောင်းလဲခြင်း၊ တိုးတက်ခြင်း၊ စိတ်မြင့်မြတ်ခြင်း၊ စိတ်ပြုပြင်ခြင်းရှိဖို့လိုသေးသောသူတို့ကို မခန့်သင့်သေး။◦◦

## အသင်းတော်၏ပစ္စည်း

မြို့တစ်မြို့တွင် စိတ်ပါဝင်စားသူများရှိလာသောအခါ ထိုသို့စိတ်ပါ ဝင်စားသူတို့ကို လိုက်လံကြည့်ရှုရမည်။ ဝတ်ပြုကိုးကွယ်ရန် အိမ်ကလေး တစ်ဆောင်သည် လက္ခဏာသက်သေ၊ ဘုရားသခင်၏ဥပုသ်နေ့အတွက် အထိမ်းအမှတ်၊ အကျင့်နှင့်ဆိုင်သောမှောင်မိုက်တွင် အလင်းကဲ့သို့ဖြစ်လာ သည်တိုင်အောင် ထိုနေရာတွင်စုံလင်သေချာစွာအမှုဆောင်ရွက်ရမည်။ ဤ အထိမ်းအမှတ်များသည် များစွာသောနေရာ၌ သမ္မာတရား၏သက်သေအဖြစ် တည်ရှိရကြမည်။◦◦

အသင်းတော်နှင့်စပ်ဆိုင်သောကိစ္စများကို ဆုံးဖြတ်ခြင်းမပြုဘဲမထား ခဲ့ရ။ တိုးတက်နေသောအမှုတော်သည် နှောင့်နှေးပိတ်ပင်ခြင်းမရှိ၊ ဘုရားသခင် ၏အမှုတော်အတွက် လူများကဆက်ကပ်ပူဇော်လိုသောဥစ္စာဘဏ္ဍာသည် ရန်သူဘက်သို့ရောက်ရှိမသွားစေမည်အကြောင်း၊ ဘုရားသခင်၏အမှုတော် အတွက် အသင်းတော်၏ပစ္စည်းများရရှိရန် စီမံချက်တို့ကိုပြုလုပ်ရမည်။

ဘုရားသခင်၏လူတို့သည် သတိပညာနှင့်ပြုလုပ်လျက် အသင်းတော်၏ကိစ္စကို လုံခြုံသောအခြေအနေ၌ရှိစေရန် မိမိတို့၏တာဝန်ကို မဆောင်ရွက်ဘဲမနေအပ်သည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ထိုနောက် အလုံးစုံသောကိစ္စ ကို မိမိတို့တတ်နိုင်သမျှဆောင်ရွက်ပြီးနောက် ဘုရားသခင်၏ကျန်ကြွင်းသော

သူတို့အပေါ်၌ စာတန်သည် အခွင့်သာမသွားစေရန် သူတို့အတွက်ဤအရာ များကို နိုင်နင်းစွာအုပ်စိုးစေရန် ထာဝရဘုရားသခင်ကိုအားကိုးယုံကြည်ရကြ မည်။ ဤအချိန်သည် စာတန်အလုပ်လုပ်ချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏ရှေ့ရေး သည် ပြင်းထန်သောတိုက်ပွဲဖြစ်၏။ စာတန်၏စီမံကိန်းတို့ကို လုံခြုံစွာခုခံ နိုင်မည်အကြောင်း အသင်းတော်သည်ရှေ့သို့တိုးတက်ရန် နိုးကြားခြင်းရှိရမည်။ ဤအချိန်သည် တစ်စုံတစ်ခုကိုပြုလုပ်ပြီးစီးသောအချိန်ဖြစ်ရမည်။ ဘုရားသခင် ၏လူတို့သည် အသင်းတော်၏ကိစ္စများကို နေရာတကျမစီမံဘဲထား၍ ရန်သူ အားအလုံးစုံကိုအခွင့်အရေးယူလျက် မိမိသဘောကျစီမံအုပ်ချုပ်စေဖို့ ပစ်ထား ခြင်းအမှုကို ဘုရားသခင်သည် နှစ်သက်တော်မမူ။[၁၂]

## နှစ်စဉ်စည်းဝေးများ

ဘုရားသခင်၏လူများ စည်းဝေးပြုလုပ်သောနေရာသို့သွားရောက်ရန်အထူး သဖြင့်ကြိုးစားအားထုတ်ပါ။ ညီအစ်ကိုမောင်နှမများတို့၊ သင့်အတွက် ဘုရားသခင်ပေးတော်မူသောသတင်းစကားကို နားထောင်ခြင်းအခွင့်ကို ဂရုမစိုက်ဘဲနေခြင်းထက် သင်၏အလုပ်အကိုင်ပျက်ကွက်စေခြင်းက သာ၍ ကောင်းလိမ့်မည်။ ရရှိနိုင်သမျှသောဝိညာဉ်အခွင့်အရေးများကို လက်မလွတ် ပါစေနှင့်။ သင်သည် အလင်း၏အလင်းရောင်တိုင်းကို ရရှိသင့်ပေသည်။ သင့်အထဲ၌ရှိသောမျှော်လင့်ခြင်း၏အကြောင်းကိုနှိမ့်ချခြင်း၊ ကြောက်ရွံ့ခြင်းနှင့် သင်သည်ဖော်ပြနိုင်အောင်ကျွမ်းကျင်လာသောသူဖြစ်ဖို့လိုပေသည်။ သင်သည် ထိုကဲ့သို့သောအခွင့်အရေးကို လက်လွတ်ဖို့မသင့်ပေ။

တောစခန်းစည်းဝေး (နှစ်စဉ်စည်းဝေး) ကို ကျွန်ုပ်တို့အတွက် ကောင်းချီးဖြစ်စေဖို့ သင်းအုပ်ဆရာ (သို့မဟုတ်) ကျမ်းစာသင်ဆရာများကို အားကိုးနေကြလျှင် ကျွန်ုပ်တို့သည် ထိုစည်းဝေးသို့သွားဖို့မသင့်။ မိမိတို့၏ တာဝန်ကို ဘုရားသခင်၏လူများတို့သည် သင်းအုပ်ဆရာအပေါ်၌တင်ထား စေဖို့ ဘုရားသခင်သည်အလိုရှိတော်မမူ။ သူတို့သည် အားကိုးရာမဲ့သော ကလေးများကဲ့သို့ သူတစ်ပါးကိုအထောက်အခံကဲ့သို့မှီခိုမနေအပ်။ ဘုရားသခင့် ကျေးဇူးတော်၏ဘဏ္ဍာစိုးကဲ့သို့ အသင်းတော်သားတိုင်းသည် မိမိကိုယ်တိုင် ၌ အသက်နှင့်အမြစ်တည်ရှိစေရန် ကိုယ့်တာဝန်ကိုသိရှိအပ်သည်။

စည်းဝေး၏အောင်မြင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်သက် ရောက်ခြင်းနှင့် ၎င်း၏တန်ခိုးအပေါ်တွင်မှီခိုပေသည်။ သမ္မာတရားကိုနှစ်သက် သောသူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းခံစားဖို့အတွက် ဆုတောင်းရကြမည်။ ကျွန်ုပ်တို့၌ အစွမ်းသတ္တိရှိသမျှ ဝိညာဉ်တော်၏ပြုပြင် ခြင်းကိုရရှိရန် မိမိတို့၌တားဆီးခြင်းရှိသမျှကို ပယ်ရှားရကြမည်။ အသင်းတော် သားတို့သည် တစ်ယောက်အပေါ်တစ်ယောက်စိတ်သဘောကွဲပြားခြင်း၊ စိတ်နာ ခြင်းရှိနေကြလျှင် ဝိညာဉ်တော်ကိုဘယ်အခါမျှသွန်းလောင်းတော်မူမည်မဟုတ်။ မနာလိုခြင်း၊ ငြူစူခြင်း၊ မကောင်းထင်မြင်ခြင်း၊ မကောင်းပြောဆိုခြင်းတို့သည် စာတန်နှင့်သက်ဆိုင်သဖြင့် အဆုံး၌ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော် ၏ပြုပြင်ခြင်းအမှုကိုတားဆီးတတ်ကြ၏။

ဘုရားသခင်သည် ဤလောက၌ မိမိ၏အသင်းတော်လောက် ဘယ်အရာကိုမျှနှစ်သက်တော်မမူ။ ဘုရားသခင်သည် အသင်းတော်အပြင် ဘယ်အရာကိုမျှစိုးရိမ်ကြောင့်ကြသောစိတ်နှင့် စောင့်ရှောက်တော်မမူ။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သောသူတို့၏ဩဇာအရှိန်ကို ထိခိုက် ပျက်စီးစေခြင်းလောက် ဘုရားသခင်ကိုပြစ်မှားစေသောအမှု တစ်စုံတစ်ခုမျှ မရှိချေ။ အပြစ်ရှာခြင်း၊ စိတ်ပျက်အောင်ပြုလုပ်ခြင်းအမှုတို့တွင် စာတန်ကို ကူညီသောသူအပေါင်းတို့အား ဘုရားသခင်သည် စစ်ဆေးရန်ခေါ်တော်မူ လိမ့်မည်။[၁၃]

## သင်းအုပ်ဆရာသည်ဟောပြောသည်အတိုင်းကျင့်ရမည်

သင်သည် စကားပြောဆိုရာ၌ ဘယ်အခါမဆိုရှေ့နောက်မြော်မြင် ရမည်။ မြေကြီးပေါ်တွင် သခင်ခရစ်တော်၏ကိုယ်စားတော်ဖြစ်၍ ကိုယ်တော် ၏နေရာ၌အပြစ်သားတို့အား ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေရန်တောင်းပန် ဖို့ ဘုရားသခင်သည် သင့်ကိုခေါ်တော်မူပြီမဟုတ်လော။ ဤအမှုသည် ကြည်ညိုဖွယ်ဖြစ်၍ မြင့်မြတ်သောအလုပ်ဖြစ်၏။ သင်သည် တရားဟော ပလ္လင်၌ဟောပြောပြီးသောအခါ သင်၏အလုပ်သည်အစအဦးပင်ရှိသေး၏။သင်သည်စည်းဝေးမှထွက်သွားသောအခါ တာဝန်မှကင်းလွတ်သည်မဟုတ်ဘဲဝိညာဉ်တို့ကိုကယ်တင်ခြင်းအလုပ်အတွက် သင့်ကိုယ်ကိုဆက်ကပ်ထားရဦးမည်။သင်သည်လူအပေါင်းသိ၍ဖတ်သော အသက်ရှင်သောစာဖြစ်ရမည်။

သက်သာအေးဆေးစွာနေဖို့မကြိုးစားရ။ ပျော်ရွှင်ဖို့လည်းမကြံစည်ရ။ ဝိညာဉ်ကယ်တင်ရေးသည် အချိန်ရှိသမျှအရေးကြီးသောအချက်ကြီးဖြစ်သည်။ သခင်ခရစ်တော်၏ဧဝံဂေလိတရားအတွက် သင်းအုပ်ဆရာသည် ဤလုပ်ငန်း အတွက်ခေါ်တော်မူခြင်းခံရသည်။ စည်းဝေးအပြင်တွင် သူသည် ကောင်းသော အလုပ်ကိုအမြဲလုပ်၍ မိမိ၏ရာထူးဂုဏ်အသရေနှင့်ညီညွတ်အောင် တရားနှင့် ဆိုင်သောစကားကိုပြောလျက် ရှေ့နောက်မြော်မြင်တတ်သောအပြုအမူအနေ အထိုင်မျိုးရှိရမည်။

အခြားသူတို့အားပြုအပ်သောဝတ္တရားကဲ့သို့ မိမိဟောပြောသည့်အတိုင်း သင်သည်လိုက်နာပြုကျင့်ရမည်။ ၎င်းပြင် အမှုတော်၏ဝန်ထုပ်၊ သခင်ခရစ်တော်၏သင်းအုပ်ဆရာတိုင်းအပေါ်၌တည်ရှိသောတာဝန်ကို ဘယ်အခါမျှမပြုခဲ့သေး သကဲ့သို့ မိမိကိုယ်တိုင်ထမ်းဆောင်လော့။ တရားဟောပလ္လင်တွင် သင့်အပေါ် ၌ချပေးသောလုပ်ငန်းကို ကိုယ်တိုင်အခြားနေရာများ၌လည်း ကြိုးစားလုပ်ဆောင် ခြင်းဖြင့် ထိုအလုပ်ကိုပြီးမြောက်ပါစေ။ လာရောက်သောသူတို့၏စိတ်သဘော အခြေအနေကို ဖြောင့်မှန်စွာဆင်ခြင်စစ်ဆေးလျက် ခေတ်ကာလ၏သမ္မာတရား အကြောင်းကို သတိပညာနှင့်ပြောပြပါ။ ၎င်းပြင် ဘုရားသခင်ကိုကြောက်ရွံ့ ခြင်းနှင့် သင်နှင့် ဆက်ဆံရသောသူတို့၏အမှုကိစ္စတို့၌ အရေးကြီးသောသမ္မာ တရားကို လက်တွေ့ အသုံးပြုပါ။[၁၄]

-----*****----

(1) 6T, 295; (2) 1T, 649,650; (3) AA, 163; (4) AA, 91; (5) AA, 185, 186; (6) AA, 190,195; (7) AA, 196,197; (8) AA, 164; (9) 1TT, 443; (10) 5T, 617,618; (11) 6T, 100; (12) 1T, 210,211; (13) 6T, 39-42; (14) 2T, 705,706.

## အခန်း (၁၄)
# ဘုရားသခင်၏အိမ်တော်

နှိမ့်ချ၍ ယုံကြည်သောဝိညာဉ်အဖို့ ဘုရားသခင်၏အိမ်တော်သည် မြေကြီးပေါ်၌ ကောင်းကင်တံခါးဝဖြစ်၏။ ချီးမွမ်းသီချင်း၊ ဆုတောင်းခြင်း၊ သခင်ခရစ်တော်၏ကိုယ်စားတော်များက ဟောပြောသောစကားများသည် ထက်ရပ်ရှိအသင်းတော်အတွက် ညစ်ညူးသောအရာတစ်စုံတစ်ခုမျှမဝင်နိုင်သော သာ၍မြင့်မြတ်သောဝတ်ပြုခြင်းစည်းဝေးအတွက် လူတစ်မျိုးကိုပြင်ဆင် ရာတွင် ဘုရားသခင်စီမံခန့်ထားသောအလုပ်များဖြစ်သည်။

အိမ်သည် အိမ်ထောင်အတွက်သန့်ရှင်းရာဌာနဖြစ်သည်။ တိတ်ဆိတ် သောအခန်း (သို့မဟုတ်) သစ်ပင်ရိပ်အောက်သည် တစ်စုံတစ်ယောက်ဝတ်ပြု ကိုးကွယ်ရန်အဆိတ်ငြိမ်ဆုံးနေရာဖြစ်သည်။ သို့ရာတွင် စည်းဝေးဇရပ်သည် လူအစုအဝေးအတွက် သန့်ရှင်းရာဌာနဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအတွက် အချိန်၊ နေရာ၊ နည်းလမ်းတို့နှင့်စပ်ဆိုင်၍ စည်းကမ်းဥပဒေများရှိသင့်သည်။ သန့်ရှင်းသောအရာ၊ ဝတ်ပြုကိုးကွယ်ရေးနှင့်ဆိုင်သောအရာတစ်စုံတစ်ခုကိုမျှ ပေါ့ဆ၊ သတိကင်းမဲ့စွာမပြုအပ်။ ဘုရားသခင်အားချီးမွမ်းရာ၌ လူတို့သည် အကောင်းဆုံးကိုပြုလုပ်နိုင်မည်အကြောင်း၊ သူတို့၏စိတ်ကူးများသည် သန့်ရှင်း သောအရာကိုရိုးရိုးအရာမှ အမြဲခွဲခြားသိရှိရကြလိမ့်မည်။ ကျယ်ဝန်းသော စိတ်ကူးရှိ၍ မြင့်မြတ်သောအကြံအစည်၊ ဇာတ်အလိုဆန္ဒရှိသောသူတို့သည် ဘုရားသခင်နှင့်ဆိုင်သောအကြံအစည်အပေါင်းကို တိုးပွားစေသောစိတ်ကူးရှိ သူတို့ဖြစ်ကြသည်။ မြင့်မြတ်ကြီးကျယ်သည်ဖြစ်စေ၊ သေးငယ်ညံ့ဖျင်းသည် ဖြစ်စေ၊ မြို့ကြီး၌ဖြစ်စေ၊ ကြမ်းတမ်းသောဥမင်ထဲ၌ဖြစ်စေ၊ ညံ့သောတဲကလေး ၌ဖြစ်စေ၊ တောထဲ၌ဖြစ်စေ မိမိတို့၌သန့်ရှင်းရာဌာနရှိသောသူတို့သည် ပျော်ရွှင်ဖွယ်ကောင်းပေသည်။ သူတို့သည် မိမိတို့ဘုရားသခင်အတွက် တတ်နိုင်သမျှအကောင်းဆုံးနေရာကိုရရှိနိုင်လျှင် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကြွလာတော်မူခြင်းဖြင့် ထိုနေရာကိုသန့်ရှင်းစေတော်မူသဖြင့် ၎င်းနေရာသည် ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်အဖို့ သန့်ရှင်းလာလိမ့်မည်။

## ဘုရားသခင်၏အိမ်တော်၌ဆုတောင်းရာတွင် ကိုယ်အနေအထား

ဝတ်ပြုကိုးကွယ်သူတို့သည် စည်းဝေးသောနေရာသို့သွားသောအခါ မိမိတို့ ထိုင်မည့်နေရာသို့ တင့်တယ်သောအမူအရာဖြင့် ဆိတ်ငြိမ်စွာသွားရမည်။ အခန်းတွင်း ၌မီးဖိုရှိလျှင် ၎င်းပတ်လည်တွင် အမူမဲ့အမှတ်မဲ့ပျင်းရိစွာစုရုံးနေ ဖို့မသင့်။ စည်းဝေး မစမီ (သို့မဟုတ်) ပြီးသောအခါ ဘုရားသခင်၏အိမ်တော် တွင် ရိုးရိုးစကားပြော ခြင်း၊ တိုးတိုးပြောခြင်း၊ ရယ်မောခြင်းတို့ကိုပြုခွင့်မပေးရ။ ဝတ်ပြုကိုးကွယ်သူတို့သည် ဘုရားတရားရေး၌စိတ်အားထက်သန်မှု ရှိရမည်။

စည်းဝေးမစမီအချို့တို့သည် မိနစ်အနည်းငယ်စောင့်ဆိုင်းနေရကြလျှင် စည်း ဝေးသည် မိမိတို့စိတ်နှလုံးထဲ၌ အထူးအကျိုးဖြစ်စေ၍ အခြားသော ဝိညာဉ်တို့အား မိမိတို့၏အပြစ်ကိုမြင်လျက် စိတ်နှလုံးပြောင်းလဲကြမည် အကြောင်း စိတ်ထဲမှဘုရား သခင်ကိုဆုတောင်းနေလျက် တိတ်ဆိတ်စွာဆင်ခြင် အောက်မေ့ခြင်းဖြင့် မှန်ကန်စွာ ဝတ်ပြုကိုးကွယ်ခြင်းသဘောရှိကြပါစေ။ အိမ်တော်၌ကောင်းကင်တမန်များရှိနေကြ သည်ကို သူတို့သည် သတိရသင့် ကြသည်။ ကျွန်ုပ်တို့သည် ပြန်၍ဆင်ခြင်စဉ်း စားခြင်း၊ ဆုတောင်းခြင်းအမူ ကိုအားမပေးဘဲနေခြင်း၊ ငြိမ်သက်စွာမနေခြင်းအားဖြင့် ဘုရားသခင်နှင့်ချိုသာ စွာမိတ်သဟာယဖွဲ့ခြင်းအခွင့်ကို ကျွန်ုပ်တို့အားလုံးသည် လက်လွတ်ဆုံးရှုံး ကြလိမ့်မည်။ မကြာခဏ ဝိညာဉ်ရေးအခြေအနေကို ပြန်၍စစ် ဆေးကြည့်ရှု လျက် စိတ်နှလုံးကိုဖြောင့်မတ်ခြင်းတရားနေမင်းထံသို့ ဆွဲဆောင်ပေးဖို့ လို ပေသည်။

လူများတို့သည် ဝတ်ပြုရာအိမ်တော်သို့လာကြသောအခါ ထာဝရ ဘုရား သခင်အားအမှန်ရိုသေ၍ သူတို့သည် ဘုရားသခင်၏ရှေ့တော်၌ရှိနေ ကြသည်ဟုမှတ် ကျုံးကြလျှင် သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာနေကြလိမ့် မည်။ရိုးရိုးအလုပ်ကိစ္စ၌

တိုးတိုးပြောခြင်း၊ ရယ်မောခြင်း၊ စကားပြောခြင်း တို့သည် အပြစ်မရှိသော်လည်း ဘုရားသခင်ကိုဝတ်ပြုသောအိမ်တော်၌ပြုလုပ် ဖို့မသင့်။ မိမိတာဝန်ကိုသိလျက် စိတ်ထဲ၌သင့်လျော်စွာစွဲမြဲစေမည်အကြောင်း၊ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို နားထောင်ရန် စိတ်သဘောကိုပြင်ဆင် ထားရမည်။

သင်းအုပ်ဆရာသည် မိမိဂုဏ်အသရေနှင့်အညီ စည်းဝေးထဲသို့ ဣန္ဒြေနှင့် ဝင်လာရမည်။ သူသည် တရားဟောစင်မြင့်ပေါ်သို့တက်ပြီးသည်နှင့် တစ်ပြိုင်နက်ဦး ညွတ်လျက် တိတ်ဆိတ်စွာဆုတောင်းရမည်။ ဤအမှုအရာသည် မည်မျှစိတ်ထိခိုက် ခြင်းဖြစ်လိမ့်မည်နည်း။ လူများတို့သည် ကြည်ညိုခြင်း၊ ကြောက်ရွံ့ခြင်းရှိကြလိမ့် မည်။ သူတို့၏သင်းအုပ်ဆရာသည် ဘုရားသခင်နှင့် ဆွေးနွေးနေ၏။ သူသည် လူများတို့ရှေ့၌မရပ်မီ မိမိကိုယ်ကိုဘုရားသခင် အားဆက်ကပ်လျက်ရှိ၏။ လူအပေါင်းတို့၌လည်း ကြည်ညိုခြင်းသဘောရှိ၍ ဘုရားသခင်၏ကောင်းကင်တမန် တို့သည် အလွန်နီးကပ်စွာချဉ်းကပ်လာကြ ၏။ ဘုရားသခင်သည်ကြွလာတော်မူ လျက် စည်းဝေးကိုဂုဏ်ပြု၍ လူ၏ နှုတ်မှဟောသောသမ္မာတရားအား တန်ခိုး ကိုပေးတော်မူမည်အကြောင်း စည်းဝေး တွင်ရှိဘုရားသခင်ကိုကြောက်ရွံ့သောသူတိုင်း သည် ဦးညွတ်လျက် သင်းအုပ်ဆရာနှင့်အတူတိတ်ဆိတ်စွာဆုတောင်းရကြမည်။

ဆွေးနွေးတိုင်ပင်ခြင်းနှင့်ဆုတောင်းခြင်းအတွက် စည်းဝေးများကို ငြီးငွေ့ဖွယ် မဖြစ်စေရ။ တတ်နိုင်က လူအပေါင်းသည် ချိန်းချက်ထားသော အချိန်နာရီတွင် မှန်ကန်စွာလာရောက်ရမည်။ နာရီဝက် (သို့မဟုတ်) ဆယ့်ငါး မိနစ်ပင်နောက်ကျ သောသူများရှိသော်လည်း သူတို့ကိုစောင့်မနေရ။ နှစ်ယောက် သာလာရောက်သော် လည်း ကတိတော်ကိုတောင်းခံနိုင်သည်။ လူနည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ တတ်နိုင်ကစည်းဝေးကိုအချိန်နှင့်အစပြုရမည်။[၂]

## ဘုရားသခင်တည်ရှိတော်မူသည်ကိုမြင်နေရသကဲ့သို့ပြုမူခြင်း

ဘုရားသခင်၏ထာဝရကြီးမြတ်ခြင်းအကြောင်းနှင့် ဘုရားသခင် ကိုယ်တော် တိုင်တည်ရှိနေတော်မူခြင်းအကြောင်းကို သိရှိနားလည်ခြင်းအားဖြင့် ဘုရားသခင် အားအမှန်ရိုသေလေးစားသောသဘောကို ဖြစ်ပေါ်လာစေ၏။ မမြင်နိုင်သောသခင်၏ အကြောင်းကို ဤကဲ့သို့သိနားလည်ခြင်းဖြင့် စိတ်နှလုံး အသီးအသီးသည် များစွာ စိတ်စွဲလမ်းမှုရှိရမည်။ ဘုရားသခင်သည်ကြွလာ တော်မူခြင်းကြောင့် ဆုတောင်းရ သောအချိန်နှင့်နေရာသည် သန့်ရှင်း၏။ ၎င်းပြင် အနေအထိုင်အပြုအမူတို့တွင် ရိုသေခြင်းကိုထင်ရှားစေသဖြင့် ထိုသို့ ဖြစ်စေရန် ထကြွစေသောစိတ်သဘောသည် အလွန်ပြင်းထန်လာ၏။ နာမ တော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏။ ဆာလံ ၁၁၁:၉။[၃]

ဆုတောင်းခြင်းဖြင့် စည်းဝေးကိုအစပြုသောအခါ သန့်ရှင်းတော်မူ သော သခင်ရှေ့တော်၌ လူတိုင်းဒူးထောက်၍ စိတ်ထဲမှဘုရားသခင်အား တိတ်ဆိတ်စွာ ဆုတောင်းရကြမည်။ သစ္စာနှင့်ဝတ်ပြုသူတို့၏ဆုတောင်းသံများ ကို နားညောင်း တော်မူ၍ နှုတ်ထွက်စကားတော်ကိုဟောပြောခြင်းအမှုသည် အကျိုးဖြစ်ထွန်း လိမ့်မည်။ ဘုရားသခင်၏အိမ်တော်၌ ဝတ်ပြုသောသူတို့၏ စိတ်မပါသောအပြုအမူတို့ ကား တရားဟောပြောခြင်းအမှု၌ သာ၍ကောင်းကျိုး ကိုမဖြစ်စေခြင်း၏အကြောင်း ရင်းကြီးတစ်ခုဖြစ်သည်။ စည်းဝေးများ၏သခင် ရောက်ရှိနေတော်မူသကဲ့သို့ စည်း ဝေး၏ကိစ္စအားလုံးကို ကြည်ညိုကြောက်ရွံ့ ခြင်းနှင့်ပြုလုပ်ရကြမည်။

ညီအစ်ကိုမောင်နှမတို့၊ နှုတ်ထွက်စကားတော်ကိုဟောပြောသောအခါ သင်တို့သည် ဘုရားသခင်၏စကားသံတော်ကို ဘုရားသခင်၏စေတမန်ဖြစ် သောကျွန်အားဖြင့်နားထောင် နေရသည်ကို သတိပြုရမည်။ သေချာစွာနားထောင် ပါ။ အနည်းငယ်မျှအိပ်ပျော်မနေနှင့်၊ အကြောင်းမူကား အိပ်ပျော်နေခြင်းဖြင့် သင်တို့အလိုအရှိဆုံးသောစကားများကို လက်လွတ် သွားလိမ့်မည်။ ထိုစကား များကို သင်တို့သည်ဂရုစိုက်လျှင် သင်တို့အားလမ်းမှားသွားခြင်း အမှုမှ ကယ်တင်လိမ့်မည်။ နှိုးဆော်စကား၊ သတိပေးစကားနှင့်ဆုံးမစကားတို့ကို မကြား စေခြင်းငှာ၊ (သို့မဟုတ်) ကြားသော်လည်း စိတ်ထဲ၌စွဲလမ်းခြင်းမရှိ၊ အသက်တာ ကိုမပြောင်းလဲစေခြင်းငှာ၊ အာရုံငါးပါးကိုထုံထိုင်းသွားစေရန် စာတန် နှင့်သူ၏တမန်တို့ သည် ကြိုးစားနေကြသည်။ တစ်ခါတစ်ရံ ကလေးငယ် များကို တရားနာသူတို့သည် ဂရုစိုက်ကြည့်နေရကြသဖြင့် အဖိုးထိုက်သော မျိုးစေ့သည် ကောင်းသောမြေ၌မကျ၊ အသီးကိုမသီးစေကြချေ။ တစ်ခါတစ်ရံ ယောကျ်ားပျိုနှင့်မိန်းမပျိုတို့သည် ဘုရားသခင့်အိမ် တော်ကိုရိုသေခြင်းမရှိသဖြင့် တရားဟောနေစဉ်အချိန်အတွင်း အမြဲစကားပြောနေကြလိမ့် မည်။ ဘုရားသခင် ၏ကောင်းကင်တမန်တို့သည် သူတို့ကိုကြည့်နေလျက် သူတို့၏အပြု အမူ တို့ကိုမှတ်သားနေကြသည်ကို သူတို့သည်မြင်နိုင်လျှင် သူတို့သည်ရှက်ကြောက် ၍ မိမိတို့ကိုယ်ကိုပင်စက်ဆုပ်ရွံရှာကြလိမ့်မည်။ ဘုရားသခင်သည် ဂရုစိုက် နားထောင်သူတို့ ကို အလိုရှိတော်မူ၏။ လူများသည်အိပ်ပျော်နေစဉ်အခါ စာတန်သည် တောမျိုးစေ့ကိုကြဲ သွားတတ်သည်။

ကောင်းချီးများကိုရရှိရန်ဆုတောင်းနေစဉ် သခင်ခရစ်တော်၏ငြိမ်သက် ခြင်းကို လက်လွတ်မည်ကိုစိုးရိမ်သကဲ့သို့ အားလုံးတို့သည် ငြိမ်သက်စွာနေ ရကြဦးမည်။ သူတို့ သည် ဘုရားသခင်၏ရှေ့တော်၌ရှိ၍ ဘုရားသခင်သည် သူတို့ကိုကြည့်ရှုနေတော်မူလျက် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကိုယ်တိုင် မြင်နေရသကဲ့သို့ပြုမူရမည်ဟုထင်လျက် တိုးဝှေ့ခြင်းမပြုဘဲ အားလုံးတို့သည် တဖြည်းဖြည်းထွက်လာရကြမည်။ အခြားသူများ ဖြတ်မသွားနိုင်အောင် ခုံများ အကြားရှိလမ်းတွင်ရပ်လျက် စကားပြောမနေသင့်၊ တစ်ဦး နှင့်တစ်ဦးနှုတ်ဆက် ခြင်းပြုမနေသင့်။ စည်းဝေးဇရပ်အတွင်းဘက်တွင် ရိုသေခြင်းရှိရမည်။ ဤ နေရာ၌ မိတ်ဆွေများနှင့်တွေ့ဆုံပြီး ရိုးရိုးစကား၊ အကြံအစည်များနှင့်လောက အလုပ် ကိစ္စများတို့ကို ပြောနေဖို့မသင့်။ ဤအရာများကိုစည်းဝေးဇရပ်အပြင် ဘက်မှာထား ခဲ့ရမည်။ သတိမရှိဘဲရယ်မောခြင်း၊ အချို့နေရာများ၌ခြေထောက် ဖြင့်ရုပ်တိုက်ခြင်းဖြင့် ဘုရားသခင်နှင့်ကောင်းကင်တမန်တို့ကို မရိုမသေပြု ကြပြီ။

## ကလေးများသည်ရိုသေရမည်

မိဘများတို့၊ သင်တို့၏သားသမီးများ၌ ခရစ်ယာန်စိတ်သဘောမျိုး

တိုး၍ဖြစ်ပေါ်လာစေရန် သူတို့၏အခြေအနေကိုမြှင့်တင်ပေးပါ။ သူတို့၏ ဗဟုသုတတွင် သခင်ယေရှု၏အလေ့အကျင့်မျိုးရှိလာစေရန်ကူညီပါ။ ဘုရားသခင်၏အိမ်တော်ကို အလွန်ရိုသေလေးစားခြင်းရှိဖို့၊ ၎င်းပြင် သူတို့ သည် ထာဝရဘုရား၏အိမ်တော်ထဲသို့ဝင်သောအခါ အောက်ပါစိတ်သဘော မျိုးအားဖြင့် သူတို့၏စိတ်သည်နူးညံ့၊ နှိမ့်ချခြင်းရှိရမည်ကို နားလည်စေဖို့ သွန်သင်ပေးပါ။ "ဘုရားသခင်သည် ဤနေရာ၌ရှိတော်မူ၏။ ဤဇရပ်သည် ဘုရားသခင်၏အိမ်တော်ဖြစ်၏။ ကျွန်ုပ်တို့၌စင်ကြယ်သောအကြံအစည်နှင့် အသန့်ရှင်းဆုံးသောရည်ရွယ်ချက်ရှိရမည်။ ဘုရားသခင်၏မျက်မှောက်တော် တွင် ကျွန်ုပ်တို့သည်ရောက်ရှိနေသဖြင့် ကျွန်ုပ်တို့၏စိတ်ထဲ၌ကြွားဝါခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ မကောင်းပြောဆိုခြင်း၊ မုန်းခြင်း၊ (သို့မဟုတ်) လှည့်ဖြားခြင်းသဘောများမရှိရ။ ဤနေရာ၌ဘုရားသခင်သည် မိမိ၏လူများနှင့်တွေ့ဆုံ၍ ကောင်းချီးပေးတော်မူ၏။ မြင့်မြတ်သန့်ရှင်း၍ ထာဝရကာလ တည်နေတော်မူသောသခင်သည် ကျွန်ုပ်တို့ကိုကြည့်ရှု၍ ကျွန်ုပ်တို့၏စိတ်နှလုံး ကိုစစ်ဆေးလျက် ကျွန်ုပ်တို့၏အလွန်လျှို့ဝှက်သောအကြံအစည်၊ အပြုအမူ တို့ကို သိရှိနားလည်တော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့၏လုပ်ငန်းအကြောင်းကို မိဘတို့က ပြုမူပြောဆိုကြသည်အတိုင်း လူငယ်တို့၏နူးညံ့၊ ထိခိုက်လွယ်သောစိတ် သဘောက ၎င်းလုပ်ငန်းတို့ကိုတန်ဖိုးထားကြသည်။ အိမ်ထောင်၏ဦးစီးအများ သည် မိမိတို့အိမ်၌စည်းဝေးအကြောင်းကို ဝေဖန်ပြောဆိုလျက် အနည်းငယ် သောအရာကိုသာနှစ်သက်သဘောကျ၍ အခြားသောအချက်တို့ကိုအပြစ်တင် တတ်ကြသည်။ ထိုသို့အားဖြင့် လူတို့အားဖော်ပြသော ဘုရားသခင်၏သတင်းစကားကိုဝေဖန်မေးမြန်း၍ ပေါ့ပေါ့ဆဆထင်မှတ်သောအကြောင်းအရာဖြစ် သွားစေ၏။ ဤကဲ့သို့သတိမရှိ၊ မရိုသေသောမှတ်ချက်များအားဖြင့် ငယ်ရွယ် သောသူတို့၏စိတ်ထဲ၌ မည်ကဲ့သို့သောအရာများကို စွဲမှတ်စေလိမ့်မည်နည်း။ ကောင်းကင်စာစောင်များ၌သာ ဤမှတ်ချက်များကိုဖော်ပြလိမ့်မည်။ မိဘ များကထင်မြင်တတ်သည်ထက် သာ၍လျင်မြန်စွာ သားသမီးတို့ကဤအရာ များကိုသိရှိနားလည်တတ်ကြသည်။ သူတို့သည် အကျင့်များတွင် မှားသော လမ်းကိုလိုက်သဖြင့် ဘယ်အခါမျှမပြောင်းလဲဘဲနေကြလိမ့်မည်။ မိဘတို့သည် မိမိတို့သားသမီးတို့၏ခိုင်မာသောစိတ်သဘောနှင့် ဘုရားသခင်၏တရားတော် အတိုင်း ကျင့်လိုသောစိတ်သဘောဖြစ်ပေါ်လာစေရန် သူတို့အားနှိုးဆော် တိုက်တွန်းဖို့ခဲယဉ်းခြင်းအတွက် ငိုကြွေးမြည်တမ်းရကြ၏။၄

ဘုရားသခင်၏နာမတော်ကိုလည်း ရိုသေခြင်းရှိဖို့လိုပေသည်။ ထို နာမတော်ကို ဘယ်အခါမျှပေါ့ဆစွာ၊ သတိကင်းမဲ့စွာမပြောမဆိုအပ်။ ဆုတောင်း ရာ၌ပင် နာမတော်ကို ထပ်ခါထပ်ခါမလိုဘဲနှင့် ဖော်ပြခြင်းကိုရှောင်ကြဉ်ရမည်။ "နာမတော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏" (ဆာလံ ၁၁၁း၉)။ ကောင်းကင်တမန်တို့သည် နာမတော်ကိုပြောဆိုရာတွင် မိမိတို့၏မျက်နှာကို ဖုံးအုပ်ထားကြ၏။ အပြစ်ရှိ၍ကျဆုံးသောကျွန်ုပ်တို့သည် မည်ကဲ့သို့ရိုသေ ခြင်းမျိုးဖြင့် ၎င်းနာမတော်ကိုပြောဆိုသင့်ကြပါသနည်း။

ဘုရားသခင်၏သန့်ရှင်းသောနာမတော်ကိုရိုသေခြင်း၊ ကြောက်ရွံ့ခြင်း နှင့်အသုံးပြုရမည်ကို ကျွန်ုပ်မြင်ရ၏။ ထာဝရတန်ခိုးရှင်၊ ဘုရားသခင် ဟူသောစကားများကိုတွဲသုံးလျက် အချို့တို့သည် ဆုတောင်းရာ၌ဆင်ခြင်မှု မရှိဘဲ သတိကင်းမဲ့စွာအသုံးပြုတတ်သဖြင့်ဤအမှုကိုဘုရားသခင်သည် နှစ်သက်တော်မမူပါ။ ထိုသို့ပြောဆိုရာ၌ ဘုရားသခင် (သို့မဟုတ်) သမ္မာ တရားအကြောင်း မှန်ကန်စွာပိုင်းခြားသိနားလည်မှုမရှိကြောင်းကိုဖော်ပြသည်။ (သို့မဟုတ်) သူတို့သည်ကြီးမြတ်၍ ကြောက်စရာကောင်းသောဘုရားသခင် အကြောင်းကို ထိုမျှလောက်ရိုသေခြင်းကင်းမဲ့စွာ ပြောဆိုကြမည်မဟုတ်။ ဘုရားသခင်သည် မကြာမီနောက်ဆုံးသောနေ့၌ သူတို့ကိုတရားစီရင်လိမ့်မည်။ "ဘုရားသခင်၏နာမတော်သည် ကြောက်ရွံ့ဖွယ်ဖြစ်၍ ထိုစကားတို့ကို ပူးတွဲမထားနှင့်" ဟု ကောင်းကင်တမန်ကပြောဆို၏။ ဘုရားသခင့်နာမ တော်၏ကြီးမြတ်ခြင်းအကြောင်းကို သိရှိသောသူတို့သည် ဘုရားသခင်၏ နာမတော်ကို သန့်ရှင်းသောကြောက်ရွံ့ခြင်းနှင့်ပြောဆိုကြလိမ့်မည်။ ဘုရားသခင် သည် မချဉ်းကပ်နိုင်သောအလင်းတွင်နေတော်မူသဖြင့် မည်သူမျှဘုရားသခင်ကို မြင်မိလျှင်အသက်မရှင်နိုင်။ အသင်းတော်မတိုးပွားမီ ဤအရာတို့ကိုနားလည် ၍ပြုပြင်ပေးရမည်ကို ကျွန်ုပ်မြင်ရ၏။ (EW, 122).

ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ကျွန်ုပ်တို့သည် ရိုသေရ ကြမည်။ ပုံနှိပ်ထားသောကျမ်းစာအုပ်ကိုရိုသေရမည်။ ၎င်းကို ဘယ်အခါမျှ ရိုးရိုးပစ္စည်းကဲ့သို့ အသုံးမပြုရ၊ သတိကင်းမဲ့စွာမကိုင်မတွယ်ရ၊ ကျမ်းစကား များကိုပြောင်လှောင်ရာ၌မသုံးရ၊ (သို့မဟုတ်) မိမိအလိုရှိသလို အလွဲအနက် ကောက်ခြင်းမပြုရ။ "ဘုရားသခင့်စကားတော်ရှိသမျှသည်စင်ကြယ်၏။" "မြေနှင့်ကင်းစင်စေခြင်းငှာ၊ မိုက်၌ခုနစ်ကြိမ်စစ်သော ငွေကဲ့သို့ဖြစ်ကြ၏" (သု ၃၀း၅။ ဆာလံ ၁၂း၆)။

အခြားအရာများထက် နားထောင်ခြင်းဖြင့်မှန်သောရိုသေခြင်းကိုပြ ကြောင်း သားသမီးများအားသွန်သင်ပေးကြပါ။ ဘုရားသခင်သည် မလိုသော အရာတစ်စုံတစ်ခုကိုမျှ အမိန့်ပေးတော်မမူ။ ၎င်းပြင် ရိုသေခြင်းနည်းလမ်းကို ဖော်ပြရာတွင် ဘုရားသခင်၏စကား တော်ကိုနားထောင်ခြင်းလောက် ဘုရားသခင် နှစ်သက်တော်မူသောအရာမရှိချေ။

ဘုရားသခင်၏နေရာ၌ ပြောဆိုပြုမူရသောသင်းအုပ်ဆရာ၊ ဆရာမ များနှင့်မိဘများဖြစ်ကြသော ဘုရားသခင်၏ကိုယ်စားတော်များကိုလည်း ရိုသေရကြမည်။ သူတို့အား ရိုသေလေးစားခြင်းဖြင့် ဘုရားသခင်ကိုချီးမြှောက် ကြသည်။၅

ဘုရားသခင်ရောက်ရှိနေကြောင်းကို ထူးခြားစွာဖော်ပြထားသောနေရာ

တို့ကို မည်ကဲ့သို့သဘောထားရမည်ကို ကျမ်းစာကဖော်ပြသောထိုစကားများ ကို လူကြီးလူငယ်တို့သည် ကောင်းစွာဆင်ခြင်အပ်ပေသည်။ "သင်၏ခြေနင်း ကိုချွတ်လော့၊ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်" ဟု ဘုရားသခင်က မောရှေအားမီးလောင်နေသောချုံထဲမှ မိန့်တော်မူ၏။ (ထွက် ၃း၅)။ ကောင်းကင်တမန်တို့၏ဖော်ပြခြင်းကိုမြင်ပြီးနောက် ယာကုပ်က ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော်မူကြောင်းကိုငါမသိ။ ဤအရပ်ကားအခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်၊ ကောင်းကင်တံခါး၀ဖြစ်သည်တကား" ဟုပြောဆိုလေ၏။ (က ၂၈း၁၆၊၁၇)။[၆]

သန့်ရှင်းသောအရာများအကြောင်းကို ရိုသေစွာပြောဆိုလျက် ပုံသက်သေနှင့်တကွ အကျင့်အားဖြင့် သင်၏ယုံကြည်ခြင်းတရားကို သင်သည် ရိုသေကြောင်းပြရမည်။ ကျမ်းစကားများကိုပြောပြနေစဉ် ပေါ့ဆ၍သိမ်ဖျင်း သောစကားတစ်ခွန်းမျှ သင့်နှုတ်မှမထွက်ပါစေနှင့်။ သင်သည် လက်ထဲ၌ ကျမ်းစာအုပ်ကိုကိုင်ထားစဉ် သင်သည် သန့်ရှင်းသောမြေပေါ်၌ရပ်နေကြောင်း ကိုသတိရပါ။ ကောင်းကင်တမန်များသည် သင့်ပတ်လည်၌ရှိသဖြင့် သင်၏ မျက်စိများကိုဖွင့်ကြည့်နိုင်လျှင် သူတို့ကိုသင်မြင်ရလိမ့်မည်။ သင့်ပတ်လည်တွင်စင်ကြယ်သန့်ရှင်းသောပတ်ဝန်းကျင်ရှိနေကြောင်း သင်နှင့်ဆက်သွယ် သောဝိညာဉ်အသီးအသီး၏စိတ်ထဲ၌ စွဲလမ်းသွားစေမည့်အပြုအမူမျိုး သင်၌ ရှိပါစေ။ အချည်းနှီးသောစကားတစ်ခွန်း၊ ပေါ့ဆစွာရယ်မောသံတစ်သံသည် ဝိညာဉ်တစ်ဦးအားမှားသောဘက်သို့ရောက်သွားစေကောင်းရောက်သွားစေ လိမ့်မည်။ ဘုရားသခင်နှင့်အမြဲဆက်သွယ်မနေခြင်းကြောင့် ကြောက်စရာ ကောင်းသောဆိုးကျိုးအပြစ်ကိုဖြစ်စေ၏။[၇]

## ဘုရားသခင်အကြောင်းဆင်ခြင်နိုင်မည်အကြောင်း အဝတ်ဝတ်ကြလော့

မိမိ၏အဝတ်များတွင် သန့်ရှင်းစင်ကြယ်၍ သေသပ်ခြင်းရှိဖို့ လူအပေါင်းတို့အား သွန်သင်ပေးရမည်။ သို့ရာတွင် သန့်ရှင်းရာဌာနနှင့်လုံးလုံး မသင့်လျော်သော အပြင်အပတန်ဆာဆင်ခြင်းအမှုကိုမပြုအပ်။ အဝတ်များကို အလှပြဖို့မပြုရ၊ ဤအမှုသည် မရိုသေခြင်းကိုအားပေး၏။ လူများတို့သည် လှပသောအဝတ်များကို လိုက်လံကြည့်ရှုနေတတ်ကြသဖြင့် ဝတ်ပြုကိုးကွယ် သောသူတို့၏စိတ်ထဲ၌ မရှိအပ်သောအကြံအစည်များသည် ထိုသို့အားဖြင့် ဖြစ်ပေါ်လာတတ်၏။ ဝတ်ပြုကိုးကွယ်ရာတွင် ဘုရားသခင်၏အကြောင်းကို သာ ဆင်ခြင် စဉ်းစားရကြမည်။ ကြည်ညိုဖွယ်ကောင်း၍ သန့်ရှင်းသောအမှုမှ စိတ်ကိုဆွဲဆောင်သောအရာတစ်စုံတစ်ခုသည် ဘုရားသခင်ကိုပြစ်မှားစေသော အရာတစ်ခုဖြစ်သည်။

အဝတ်တန်ဆာနှင့်ဆိုင်သောကိစ္စအပေါင်းကို ကျမ်းစာ၏စည်းကမ်း နှင့်ညီညွတ်အောင် ကျပ်တည်းစွာလိုက်နာစေ‌ရှောင့်ရှောက်ရမည်။ ခေတ်ဆန်ခြင်း သည် အပြင်လောကကိုအစိုးရသောဘုရားသခင်ဖြစ်၍ မကြာခဏရင်းသည် အသင်းတော်ထဲသို့တဖြည်းဖြည်းဝင်ရောက်လာတတ်၏။ အသင်းတော်သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုစံနမူနာထား၍ မိဘတို့သည် ဤ အချက်ကိုသတိပညာနှင့်ဆင်ခြင်ရမည်။ မိမိတို့၏သားသမီးတို့သည် လောက ၏ခေတ်ဆန်မှုကိုလိုက်နာနေကြသည်ကို မြင်ရသောအခါ အာဗြဟံကဲ့သို့ မိမိတို့၏အိမ်ထောင်သားများကို တည်ကြည်စွာပညတ်ထားရမည်။ သူတို့အား လောကနှင့်မဆက်သွယ်စေဘဲ ဘုရားသခင်နှင့်ဆက်သွယ်စေရမည်။ မည်သူ မျှထင်ပေါ်စေလိုသောအဝတ်တန်ဆာအားဖြင့် ဘုရားသခင်၏သန့်ရှင်းရာဌာန ကိုမရှုတ်ချပါစေနှင့်။ ဘုရားသခင်နှင့်ကောင်းကင်တမန်များသည် ထိုနေရာ ၌ရှိကြသည်။ ဣသရေလလူတို့၏သန့်ရှင်းတော်မူသောသခင်က မိမိ၏တမန် တော်အားဖြင့် ဤကဲ့သို့မိန့်တော်မူပြီ။ "သင်တို့၌တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်၊ အဝတ်ဝတ်ခြင်းတည်းဟူသောအပြင်တန်ဆာဆင် ခြင်းမဖြစ်စေဘဲ ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သောနူးညံ့ငြိမ်သက်ခြင်း သဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သောတန်ဆာဆင်ခြင်းရှိ သော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့" ၁ပေ ၃း၃၊၄။

-----*****----

## အခန်း (၁၅)
## မှားယွင်းသူများကိုပြုပြင်နည်း

သခင်ခရစ်တော်သည် လူအပေါင်းရရှိနိုင်လောက်အောင် ကယ်တင် ခြင်းကိုယူဆောင်လာတော်မူ၏။ ကရာနိတောင်ကုန်းပေါ်၌ ကိုယ်တော်သည် ပျောက်ဆုံးသောလောကအတွက် အကန့်အသတ်မရှိသောရွေးနှုတ်ခြင်းအဖိုး ကို ဆပ်ပေးတော်မူ၏။ ကိုယ်တော်၏ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုဆက်ကပ်ခြင်း၊ကိုယ်တော်၏ကိုယ်ကျိုးမရှာသောအမှုဆောင်ရွက်ခြင်း၊ ကိုယ်တော်၏ ရှုတ်ချခံခြင်းအားလုံးတို့ထက် မိမိ၏အသက်ကိုပူဇော်ခြင်းသည် ကျဆုံးသော လောကအတွက် ကိုယ်တော်၏မေတ္တာတော်ကြီးမားသောထုထည်ကို ထင်ရှား စေ၏။ ကိုယ်တော်သည် မြေကြီးပေါ်သို့ကြွလာတော်မူခြင်းမှာပျောက်ဆုံး

သောသူတို့ကိုရှာ၍ ကယ်တင်ရန်ဖြစ်သည်။ ကိုယ်တော်ကိုအပြစ်သားများ၊ ဘာသာစကားအမျိုးမျိုးကို ပြောသော လူအမျိုးမျိုးအစားစားရှိသောအပြစ်သား အတွက် စေလွှတ်တော်မူ၏။ သူတို့ကိုရွေးနုတ်၍ သူတို့အားကိုယ်တော် တိုင်နှင့်ပူးပေါင်းလျက် ကိုယ်တော်၏စာနာခြင်းကိုခံယူစေရန် ကိုယ်တော် သည်သူတို့အားလုံးအတွက် အဖိုးအခကိုပေးတော်မူပြီ။ အမှားဆုံးသောသူ၊ အပြစ်ရှိဆုံးသောသူကိုကျော် သွားတော်မမူ။ ကိုယ်တော်ယူဆောင်လာသော ကယ်တင်ခြင်းကို အလိုရှိဆုံးသောသူတို့အတွက် ကိုယ်တော်သည် အထူးသဖြင့် အမှုဆောင်ရွက်တော်မူ၏။ သူတို့အားပြုပြင်ဖို့သာ၍ကြီးစွာလိုနေလျှင် ကိုယ်တော်သည် သာ၍စိတ်အားထက်သန်ပြီး သာ၍ထောက်ထားလျက် သာ၍စိတ်အားကြီးစွာ အမှု တော်ဆောင်ရွက်တော်မူ၏။ မျှော်လင့်ခြင်းအကင်းမဲ့ ဆုံးသောအခြေအနေ၌ရှိ၍ ကိုယ်တော်၏ပြုပြင်သော ကျေးဇူးတော်ကို အလို ဆုံးသောသူအတွက် ထာဝရမေတ္တာနှင့်ပြည့်ဝတော်မူသော ကိုယ်တော်၏စိတ် နှလုံးထဲ၌ အကြီးအကျယ်လှုပ်ရှားခြင်းဖြစ်၏။

သို့ရာတွင် လူတစ်မျိုးကဲ့သို့ဖြစ်သော ကျွန်ုပ်တို့အထဲတွင်သွေးဆောင် ခြင်းခံရ၍မှားယွင်းနေသောသူတို့အတွက် စိတ်အားကြီး၍ ဝိညာဉ်တို့စိတ် ကိုထိခိုက်ဖွယ်ဖြစ်စေသောထောက်ထားခြင်း၊ ချစ်ခြင်းသဘောများကင်းလျက် ရှိပေသည်။ အများသောသူတို့သည် အလွန်စိမ်းကား၍အပြစ်ရှိလောက်အောင် ဂရုမစိုက်သောသဘောများကိုပြကြသဖြင့် သခင်ခရစ်တော်က လမ်းတစ်ဖက်မှရှောင်သွားသူများဟု ပုံဆောင်ထားတော်မူ၏။ သူတို့သည် အကူအညီအလိုဆုံးသောသူတို့ထံမှ ဝေးနိုင်သမျှဝေးဝေးရှောင်သွားနေကြ၏။ မကြာခဏစိတ်နှလုံးပြောင်းလဲသောလူသစ်သည် တည်ရှိနေသေးသောအကျင့် (သို့မဟုတ်) ထူးခြားသောသွေးဆောင်ခြင်းမျိုးနှင့်တိုက်လှန်ရ၍ ကြီးစွာသောတပ်မက်မှု၊ အလိုဆန္ဒကြောင့်ဆုံးရှုံးသဖြင့် သူသည်သတိကင်းမဲ့ခြင်းအပြစ်၊ (သို့မဟုတ်) အကယ်ပင်မှားသောအပြစ်ကိုပြုမိ၏။ ထိုအခါ ထိုသူအားဝိညာဉ်၊ ကျန်းမာခြင်းကိုပြန်၍ရရှိစေရန် ညီအစ်ကိုတို့၌ခွန်အားသတ္တိ၊ နေရာတကျ ပြုမူတတ်သောသဘောနှင့် သတိပညာကိုလိုပေသည်။ ဤသို့သောအမှုတွင် ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ သွန်သင်ထားသောအချက်တို့ကို အသုံးပြုရမည်။ "ညီအစ်ကိုတို့၊ လူသည်သတိလစ်၍ တစ်စုံတစ်ခုသော အပြစ်ကိုပြုမိလျှင် ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည် အပြစ်သွေးဆောင် ခြင်းနှင့်ကိုယ်ကိုလွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့ သောသဘောနှင့် ထိုသို့သောသူကိုမစ၍ သူ၏နေရာ၌ တည်မြဲတည်စေပြန် ကြလော့" ဂလာတိ ၆း၁။ "သို့ဖြစ်၍ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏အားနည်းခြင်းကို သည်းခံရကြမည်" ရောမ ၁၅း၁။[၁]

ပြင်းထန်ကြမ်းတမ်းသောအမှုထက် သက်သာစွာစီမံခြင်း၊ ဖြည်းညင်း စွာပြန်ပြောခြင်း၊ ချိုသာစွာပြောဆိုခြင်းအမှုတို့သည် ပြန်၍ပြုပြင်လျက် ကယ်တင်ရန်သာ၍သင့်လျော်ပေသည်။ မကြင်နာသောသဘောအနည်းငယ် ကြောင့်ပင် လူများသည် သင်နှင့်ဝေးကွာသွားကြလိမ့်မည်။ သို့သော် ကျေအေး ဖျန်ဖြေသောအားဖြင့် သူတို့သည်နီးကပ်လာကြ၍ သင်သည် သူတို့အား မှန်သောလမ်း၌ ပြန်၍တည်စေလိမ့်မည်။ သင်၌အပြစ်လွှတ်တတ်သော သဘောလည်းရှိရမည်၊

ၵင်းပြင် သင့်ပတ်လည်၌ရှိသောသူတို့၏ကောင်းသော ရည်ရွယ်ချက်နှင့်အပြုအမူတို့ကို ချီးမွမ်းသင့်သည်အတိုင်းချီးမွမ်းပါ။[၂]

## ငါသည်သင်တို့ကိုချစ်သည်နည်းတူအချင်းချင်းချစ်ကြလော့

ဘုရားသခင်သည် လူတို့ကိုကယ်တင်ခြင်းအမှုအတွက် မိမိတာဝန် ကို ဆောင်ရွက်တော်မူခဲ့ပြီ။ ယခုအသင်းတော်အားကူညီဆောင်ရွက်ရန် ဘုရားသခင်က ဖိတ်ခေါ်တော်မူ၏။ တစ်ဖက်၌ သခင်ခရစ်တော်၏အသွေး တော်၊ သမ္မာတရားနှင့် ဆိုင်သောနှုတ်ထွက်စကားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ရှိ၍ အခြားတစ် ဖက်တွင်ပျက်စီးနေသောဝိညာဉ်များရှိ၏။ လူများ တို့အား ကောင်းကင်ကချပေးသော ကောင်းချီးမင်္ဂလာကိုလက်ခံစေရန်ခေါ်ဆောင် လာဖို့ သခင်ခရစ်တော်၏တပည့်တော် တိုင်း၌ပြုလုပ်ရန် တာဝန်အသီးအသီး ရှိကြသည်။ ကျွန်ုပ်တို့သည် ဤအမှုကိုဆောင် ရွက်ကြသလားဟုသိရှိရန် မိမိတို့ ကိုယ်ကို သေချာစွာစစ်ဆေးကြစို့။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များနှင့်အသက် တာ၏အပြုအမူတိုင်းကို စစ်ဆေးမေးမြန်းကြည့်ကြစို့။

မှတ်ဉာဏ်အခန်းများတွင် နှစ်သက်ဖွယ်မကောင်းသောအရုပ်ကား အများကို ဆွဲထားသကဲ့သို့ ကျွန်ုပ်တို့သည်မနှစ်သက်ဖွယ်အကြောင်းအရာများကို သတိရနေ တတ်ကြသည်မဟုတ်လော။ မကြာခဏသင်သည် သခင်ယေရှု ၏အပြစ်လွှတ် ခြင်းအခွင့်ကိုအလိုရှိခဲ့ပြီ။ သင်သည် အစဉ်သဖြင့် ကိုယ်တော် ၏ကရုဏာနှင့် မေတ္တာတော်ကိုအားကိုးခဲ့ပြီ။ သို့သော် သခင်ခရစ်တော်က သင့်အပေါ်၌ထားတော် မူသောသဘောမျိုးကို သင်သည် အခြားသူတို့အပေါ် ၌ မပြခဲ့ဘဲနေခဲ့ပြီးမဟုတ် လော။ တားမြစ်ထားသောလမ်း၌သွားနေသည်ကို မြင်ရသောသူတို့အတွက် သင်၌တာဝန်ရှိသည်ကိုသင်သိသလော။ သူ့ကို သင်သည်ကြင်နာစွာဆုံးမသွန် သင်ခဲ့ပြီလော။ သူ့အတွက်ငိုကြွေး၍ သူနှင့်အတူ သူ့အတွက်သင်သည် ဆုတောင်း ခဲ့ပြီလော။ နူးညံ့စွာပြောဆိုခြင်းနှင့် ကြင်နာ စွာပြုမူခြင်းဖြင့် သင်သည်သူ့ကိုချစ်၍ သူ့ကိုကယ်တင်လိုသောဆန္ဒရှိကြောင်း ဖော်ပြခဲ့ပြီလော။

မိမိတို့၏စိတ်သဘော၌ ချွတ်ယွင်းချက်များနှင့်မှားသောအကျင့်များ တည်းဟူသောဝန်ထုပ်ကြောင့် ယိမ်းယိုင်တွန့်ဆုတ်နေသူများနှင့် သင်သည် ဆက်ဆံရသောအခါ သင်သည်သူတို့ကိုကူညီမစနိုင်ခဲ့သော်လည်း စစ်ပွဲကို သူတို့ချည်းတိုက်ခိုက်စေရန် သင်သည် သူတို့ကိုပစ်ထားခဲ့သလော။လောကသည် ပြင်းထန်စွာသွေးဆောင်ခြင်းခံရသူတို့အား ထောက်ထားညှာတာခြင်း ပြု၍ စာတန်၏ထောင်ချောက်ထဲသို့သွေးဆောင်ရန်အသင့်ရှိနေစဉ် သင်သည် သူတို့ကိုရှောင်လျက် သွားခဲ့ပြီမဟုတ်လော။ "အကျွန်ုပ်သည် ညီကိုစောင့်ရ သောသူဖြစ်ပါသလော" ဟု သင်သည် ကာဣနကဲ့သို့ပြောဆိုရန်အသင့်မရှိခဲ့ သလော။ ကမ္ဘာ ၄း၉။

သင့်အသက်တာ၌ သင်၏အလုပ်ကို အသင်းတော်၏ဦးခေါင်းတော်ကြီးဖြစ်တော်မူသောသခင်သည် မည်ကဲ့သို့သဘောထားတော်မူရမည်နည်း။ မိမိ၏အသွေးတော်နှင့်ဝယ်တော်မူသောအရာအဖြစ်၊ ဝိညာဉ်တိုင်းကိုတန်ဖိုး ထားတော်မူသောကိုယ်တော်သည် မှန်သောလမ်းမှလွဲသွားသောသူတို့ကို ဂရုမစိုက်ခဲ့သောသင့်ကိုမည်ကဲ့သို့ကြည့်ရှုတော်မူမည်နည်း။ သင်သည် သူတို့အားပစ်ထားသည်နည်းတူကိုယ်တော်သည်လည်း သင့်ကိုပစ်ထားတော် မူမည်ကို သင်သည်မကြောက်ဘူးလား။ ထာဝရဘုရားသခင်၏အိမ်တော် အတွက် မှန်ကန်သောကင်းစောင့်ဖြစ်တော်မူသောကိုယ်တော်သည် ဂရုမစိုက် သောအမှုရှိသမျှကို မှတ်ထားတော်မူပြီကို အသေအချာသတိပြုလော့။

လွန်ခဲ့သောကာလက ဂရုမစိုက်ခဲ့သောအမှုများကို ပြန်၍ရွေးနုတ် ဖို့ရန် လွန်စွာနောက်မကျသေးပါ။ ရှေးဦးစွာသောချစ်ခြင်း၊ ရှေးဦးစွာစိတ်အား ထက်သန်ခြင်းပြန်၍ရှိလာပါစေ။ သင်နှင်ပစ်သောသူတို့ကိုရှာဖွေ၍ သင်ပြုလုပ် ခဲ့သောအနာကိုဝန်ချတောင်းပန်ခဲ့ခြင်းဖြင့် စည်းပတ်ထားပါ။ သနားခြင်း ကရုဏာမေတ္တာနှင့်ပြည့်စုံသော နှလုံးရှိတော်မူသောသခင်ထံသို့လာ၍ ကိုယ်တော်၏ကရုဏာစိတ်သဘောသည် သင့်နှလုံးထဲသို့သက်ရောက်ပြီး တစ်ဖန်သင့်နှလုံးထဲမှ အခြားသူ၏နှလုံးထဲသို့ရောက်ရှိသွားပါစေ။ သခင် ခရစ်တော်၏အဖိုးထိုက်သောအသက်တာ၌ ထင်ရှားစေတော်မူသော နူးညံ့ ခြင်းနှင့်ကရုဏာရှိခြင်းသဘောတို့ကား ကျွန်ုပ်တို့သည်ကိုယ်နှင့်စပ်ဆိုင်သော သူ၊ အထူးသဖြင့် သခင်ခရစ်တော်၌ညီအစ်ကိုဖြစ်သောသူတို့အားပြုမူရာတွင် ပုံသက်သေဖြစ်ပါစေ။

အများသောသူတို့သည် အသက်တာ၏တိုက်ပွဲကြီးများ၌ ပင်ပန်း စိတ်ပျက်လာကြရာ သူတို့ကိုအားပေးနှိုးဆော်စကားများဖြင့် ကြင်နာစွာပြောဆိုခဲ့လျှင် သူတို့သည်အောင်မြင်ရန်ခွန်အားရှိလာကြလိမ့်မည်။ ဘယ်သောအခါ

မှုစေတနာမဲ့ခြင်း၊ စိမ်းကားခြင်း၊ ထောက်ထားညှာတာမှုကင်းမဲ့ခြင်း၊ အပြစ်တင်ခြင်းမပြုပါနှင့်။ ရဲရင့်၍မျှော်လင့်ခြင်းရှိလာစေရန် စကားတစ်ခွန်းကိုပြောဖို့ အခွင့်အရေးကို ဘယ်အခါမျှလက်မလွတ်ပါစေနှင့်။ ကျွန်ုပ်တို့က ကြင်နာ နူးညံ့သောစကားများကိုပြောဆိုခြင်း၊ သခင်ခရစ်တော်ကဲ့သို့ ဝန်ထုပ်အချို့ကို ပေါ့စေရန် ကြိုးစားခြင်း အမှုသည် မည်မျှအကျိုးသက်ရောက်စေမည်ကို ကျွန်ုပ် တို့မပြောနိုင်။ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ ချစ်ခြင်းသဘောများထက် အခြား သောနည်းလမ်းအားဖြင့် မှားယွင်းသောသူတို့ကို ပြန်၍တည်ရှိလာစေရန် မပြုလုပ်နိုင်။[၁]

## အသင်းတော်၏ဆုံးမခြင်းတွင်သခင်ခရစ်တော်၏နည်းလမ်း

မှားယွင်းသောအသင်းတော်သားများကိုပြုပြင်ရာ၌ ဘုရားသခင်၏ လူတို့သည် မဿဲအခန်းကြီး ၁၈ တွင် ကယ်တင်ရှင်က ဖော်ပြထားတော် မူသောသွန်သင်ချက်တို့ကို သေချာစွာလိုက်နာရကြမည်။

အကန့်အသတ်မရှိသောအဖိုးနှင့် ကိုယ်တော်ကဝယ်ယူထားတော်မူ သဖြင့် လူသတ္တဝါတို့သည် ကိုယ်တော်ဥစ္စာဖြစ်လျက် ကိုယ်တော်နှင့်ခမည်း တော်ကဖော်ပြတော်မူခဲ့သော မေတ္တာတော်အားဖြင့် သူတို့သည် ကိုယ်တော် ၌ချည်နှောင်ထားလျက်ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အချင်းချင်း ကိုပြုမူရာ၌ မည်မျှသတိထားဖို့သင့်သနည်း။ လူသည် မိမိတို့အချင်းချင်းနှင့် သက်ဆိုင်၍ မကောင်းသောထင်မြင်ချက်များမရှိသင့်။ မှားယွင်းသောအသင်း သားအချင်းချင်းကိုပြုမူရာတွင် အသင်းတော်သားတို့သည် မိမိတို့၏စိတ်ဆန္ဒ၊ မိမိတို့စိတ်ကတိုက်တွန်းချက်အတိုင်းမပြုသင့်။ မှားယွင်းသောသူနှင့်ဆိုင်၍ သူတို့သည်ငြူစူသောစကားများကိုပင်မပြောအပ်။ အကြောင်းမူကား ထိုသို့ အားဖြင့် အခြားသောသူတို့၏စိတ်ထဲ၌ မကောင်းသောအရာကိုတဆေးကဲ့သို့ ပွားစေတတ်၏။ ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်အား မနှစ်သက်စေ သောစကားများကို အသင်းတော်၌ တစ်ယောက်မှတစ်ယောက်သို့ဆက်ကာ ဆက်ကာပြောဆိုတတ်ကြ၏။ တစ်စုံတစ်ယောက်သောသူသည် သခင်ယေရှု ပေးတော်မူသောညွှန်ကြားချက်တို့ကို မလိုက်နာသောကြောင့် အမှားများနှင့်မတရား သောအမှုကို ပြုလုပ်တတ်ကြသည်။

"သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ဆီသို့သွား၍ နှစ်ယောက် တည်းချင်းသူ၏အပြစ်ကိုပြ၍ဆုံးမလော့" ဟု သခင်ခရစ်တော်က မိန့်တော်မူ၏။ မဿဲ ၁၈း၁၅။ အခြားသူအား မှားယွင်းခြင်းကိုပြောမပြနှင့်။ လူတစ်ယောက်အား ပြောလိုက်သောအခါ အခြားတစ်ယောက်ကိုပြောပြန်၏။ တစ်ဖန်အခြားတစ်ယောက် ကိုဆက်လက်ပြောပြန်သေး၏။

ထိုနည်းအားဖြင့် သတင်းစကားကို ဆက်ကာဆက်ကာပြောကြသဖြင့် မကောင်းသော စကား သည်ပွားသွား၍ အဆုံးတွင်အသင်းတော်တစ်ခုလုံး၌ဒုက္ခရောက်ရ၏။ ကိစ္စကို "နှစ်ယောက်တည်းချင်း" ဆုံးဖြတ်လော့။ ဤနည်းသည် ဘုရားသခင်၏ နည်းဖြစ်သည်။ "အလျင်အမြန်ရန်မတွေ့နှင့်။ အိမ်နီးချင်းသည် သင့်ကို အရှက်ခွဲပြီးမှ သင်သည်အဘယ်သို့ပြုမည်နည်း။ သင်သည် အိမ်နီးချင်းနှင့် ကိုယ့်အမှုကိုဆွေးနွေးလော့။ ဝှက်ထားအပ်သောအမှုအရာကို သူတစ်ပါးအား ထုတ်မပြနှင့်" သု ၂၅း၈၊၉။ သင့်ညီအစ်ကိုအပေါ်သို့အပြစ်မရောက်ပါစေနှင့်။ သို့သော် သူ့အကြောင်းကိုမဖော်ပြနှင့်၊ ထိုသို့ပြုလျှင် အခက်အခဲကိုတိုးပွား စေ၍ ဆုံးမသွန်သင်ခြင်းကိုကလဲ့စားချေခြင်းကဲ့သို့ ထင်မှတ်စေလိမ့်မည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ ဖော်ပြထားသောနည်းအတိုင်းပြုပြင် ဆုံးမပါ။

နာကြည်းသောစိတ်ကို ရန်ငြိုးထားသောစိတ်ဖြစ်လာအောင် မပြုလုပ် ပါနှင့်။ အနာကိုပြည်တည်နေစေပြီး အဆိပ်ဖြစ်သောစကားများဖြင့် ပေါက်ကွဲ သွားအောင် မပြုလုပ်နှင့်။ ထိုစကားများသည် ကြားရသောသူတို့၏စိတ်ကို ညစ်ညူးစေလိမ့်မည်။ စိတ်နာစရာကောင်းသောအကြံအစည်များကို သင်၏ စိတ်နှင့်သူ၏စိတ်ထဲတွင် ပြည့်မနေစေပါနှင့်။ သင်၏ညီအစ်ကိုထံသို့သွား၍ နှိမ့်ချခြင်း၊ ရိုးသားခြင်းနှင့်ကိစ္စအကြောင်းကိုဆွေးနွေးပြောဆိုလော့။

မှားယွင်းသောအပြစ်သည် မည်ကဲ့သို့သောသဘောမျိုးပင်ဖြစ်သော် လည်း သဘောကွဲလွဲမှုနှင့်အချင်းချင်းအပေါ်၌ထိခိုက်နာကြည်းမှုကို ဆုံးဖြတ် ရာတွင် ဘုရားသခင်စီမံထားတော်မူသောနည်းလမ်းကို မပြောင်းလဲရ။ တစ်ယောက်တည်းအပြစ်ရှိသောသူအား သခင်ခရစ်တော်၏သဘောမျိုးနှင့် ပြောဆိုဆွေးနွေးလျှင် မကြာခဏအခက်အခဲများကို ပယ်ရှားလိမ့်မည်။ သခင် ခရစ်တော်၏မေတ္တာနှင့် ထောက်ထားညှာတာခြင်းမျိုးရှိသောစိတ်နှလုံးနှင့် မှားယွင်းသောသူထံသို့သွား၍ ထိုကိစ္စကိုပြုပြင်ရန်ကြိုးစားလော့။ တိတ်ဆိတ် ငြိမ်သက်စွာသူနှင့်ဆွေးနွေးလော့။ သင်၏နှုတ်မှဒေါသပါသောစကားများကို ထွက်မလာပါစေနှင့်။ သူသည် သာ၍ကောင်းစွာဝေဖန်ဆုံးဖြတ်နိုင်လောက် အောင် သူ့စိတ်နှင့်တွေ့သောနည်းဖြင့်ပြောဆိုပါ။ "အပြစ်ရှိသောသူကို မှားယွင်း သောလမ်းမှပြန်စေသောသူသည် ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာ သောအပြစ်တို့ကိုဖုံးအုပ်တတ်သည်" ဟူသော စကားများကိုသတိပြုပါ။ ယာကုပ် ၅း၂၀။

မေတ္တာပျက်ခြင်းရောဂါကိုကုသရန် ဆေးကိုသင်၏ညီအစ်ကိုထံ

ယူဆောင်သွားပါ။ သူ့ကိုကူညီရန် သင့်တာဝန်ကိုဆောင်ရွက်ပါ။ အသင်း တော်၏ငြိမ်သက်ခြင်းနှင့်စည်းလုံးညီညွတ်ခြင်းအတွက် ဤအမှုကိုအခွင့်အရေး တစ်ခုအပြင် တာဝန်တစ်ခုအဖြစ်နှင့်ဆောင်ရွက်ပါ။ သူသည် သင်၏စကား ကိုနားထောင်လျှင် သင်သည် သူ့ကိုမိတ်ဆွေအဖြစ်နှင့်ရရှိလေပြီ။

အနာခံရသောသူနှင့် မှားယွင်းသောသူတို့နှစ်ဦးတွေ့ဆုံဆွေးနွေးခြင်း အမှုကိုကောင်းကင်တစ်ဝန်းလုံးကစိတ်ပါဝင်စားလျက်ရှိ၏။ မှားယွင်းသော သူသည် သခင်ခရစ်တော်၏မေတ္တာနှင့်သွန်သင်ဆုံးမသည်ကိုလက်ခံ၍ မိမိ၏ အမှားကိုဝန်ခံပြီး ဘုရားသခင်ထံမှလည်းကောင်း၊ မိမိ၏ညီအစ်ကိုထံမှလည်း ကောင်း အပြစ်လွှတ်ရန်တောင်းပန်သောအခါ ကောင်းကင်မှနေအလင်းရောင် သည် သူ၏စိတ်နှလုံးထဲ၌ပြည့်လာ၏။ တိုက်လှန်ပွဲသည်ပြီးဆုံးသွား၏။ ပြန်၍မိတ်ဆွေဖြစ်လျက် ယုံကြည်အားထားမှုသည် ပြန်၍တည်ရှိလာ၏။ အမှားအားဖြင့်ဖြစ်စေသောနာကြည်းခြင်းကို မေတ္တာတည်းဟူသောဆီသည် ပယ်ရှားလေပြီ။ ဘုရားသခင်၏ဝိညာဉ်သည် စိတ်နှလုံးတစ်ခုနှင့်တစ်ခုကို ချည်နှောင်ပူးပေါင်းပေး၍ ထိုသို့ဖြစ်လာသောပူးပေါင်းခြင်းအတွက် ကောင်းကင် တွင်သီချင်းသံကိုကြားရလေ၏။

ထိုသို့ခရစ်ယာန်ဆက်ဆံခြင်းတွင် ပူးပေါင်းကြသောသူတို့သည် ဖြောင့်မှန်စွာပြုရန်၊ ကရုဏာကိုနှစ်သက်ရန်၊ ဘုရားသခင်နှင့်နှိမ့်ချစွာသွားလာ ရန် ဘုရားသခင်အားဆုတောင်း၍ မိမိတို့ကိုယ်တိုင်ကတိသစ္စာပြုကြသော အခါ ကြီးစွာသောကောင်းချီးမင်္ဂလာသည် သူတို့အပေါ်သို့သက်ရောက်လာ ၏။ သူတို့သည် အခြားသောသူတို့ကိုပြစ်မှားကြလျှင် သူတို့သည်နောင်တ ရခြင်း၊ ဝန်ချတောင်းပန်ခြင်း၊ အချင်းချင်းပြန်၍သင့်တင့်ခြင်းအမှုကို ဆက်လက် ပြုကြလျက် တစ်ယောက်၏ကောင်းကျိုးကို တစ်ယောက်ကလုံးလုံးရှာကြံ လိမ့်မည်။ ဤအရာသည် သခင်ခရစ်တော်၏တရားတော်ကို ပြည့်စုံစေခြင်း ဖြစ်၏။

"သို့မဟုတ် သင်၏စကားကိုနားမထောင်လျှင် လူနှစ်ဦး၊ သုံးဦး သက်သေခံ၍ စကားရှိသမျှတို့ကိုတည်စေခြင်းငှာ ကိုယ်နှင့်အတူလူတစ်ဦး၊ နှစ်ဦးကိုခေါ်ဦးလော့" မဿဲ ၁၈း၁၆။ သင်နှင့်အတူ ဝိညာဉ်ရေး၌စိတ်အား ထက်သန်သောသူတို့ကိုခေါ်သွားပြီး မှားယွင်းသောသူနှင့် သူ၏အမှားအကြောင်း ကိုပြောပြလော့။ ညီအစ်ကိုများကပူးပေါင်း၍တောင်းပန်ပြောဆိုသည်ကို သူသည် လိုက်နာကောင်းလိုက်နာလိမ့်မည်။ အမှုကိစ္စ၌ သူတို့၏သဘောတူချက်ကို တွေ့ရသောအခါ သူ၏စိတ်သည်အလင်းရလာလိမ့်မည်။

"ထိုသူတို့၏စကားကိုနားမထောင်လျှင်" မည်ကဲ့သို့ပြုလုပ်ရမည်နည်း။ လူအနည်းငယ်ပါဝင်သောစည်းဝေးတွင် မှားယွင်းသောသူအား အသင်းတော် မှထုတ်ထားရန် ထိုသူတို့ကတာဝန်ခံလျက် ဆွေးနွေးရမည်။ "ထိုသူတို့၏ စကားကိုနားမထောင်လျှင် အသင်းတော်အားကြားပြောလော့" ငယ် ၁၇။ အသင်းတော်သည် အသင်းသားတို့နှင့်ဆိုင်သောအမှုကို

အရေးယူဆွေးနွေး ပါစေ။

အသင်းတော်၏စကားကိုနားမထောင်လျှင် မယုံကြည်သူကဲ့သို့လည်းကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း ထိုသူကိုမှတ်လော့" ငယ် ၁၇။ သူသည် အသင်းတော၏စကားကိုနားမထောင်၊ သူ့အားအသင်းတော်မှပယ်ထားရန် တာဝန်သည် အသင်းတော်အပေါ်၌တည်ရှိ၏။ ထိုအခါ သူ၏နာမည်စာရင်း မှပယ်ရှားထားရမည်။

## အသင်းတော်၏အကြံဥာဏ်ကိုငြင်းပယ်သောသူတို့အတွက် အသင်းတော်၏တာဝန်

သခင်ခရစ်တော်ကဖော်ပြတော်မူသောသွန်သင်ချက်တို့ကို သစ္စာနှင့် လိုက်နာခြင်းမပြုမီတိုင်အောင် မှားယွင်းသောသူ၏နာမည်ကို အသင်းတော်၏ စာရင်းမှထုတ်ပယ်ရမည်ဟု မည်သည့်အသင်းတော်အမှုဆောင်တစ်ယောက် ကမျှအကြံမပေးရ၊ မည်သည့်ကော်မတီကမျှ ထောက်ခံပြောဆိုခြင်းမပြုရ၊ မည်သည့်အသင်းတော်ကမျှ သဘောတူကြောင်းမပြုရ။ ဤသွန်သင်ချက်ကို လိုက်နာပြီးသောအခါ အသင်းတော်သည် ဘုရားသခင်ရှေ့တော်၌ အပြစ်တင် ခွင့်နှင့်ကင်းလွတ်၏။ထိုနောက် မကောင်းသောအမှုကိုမကောင်းသည့်အတိုင်း ထင်ရှားစေရမည်။ ၎င်းပြင် ထိုအမှုကိုပြန့်ပွားမသွားစေရန် ပယ်ရှားရမည်။ အသင်းတော်သည် ဘုရားသခင်ရှေ့တော်၌ ညစ်ညူးခြင်းကင်းလျက် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်လျက်ရှိမည်အကြောင်း အသင်း တော်၏ကျန်းမာရေးနှင့်ဖြူစင်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

မှားယွင်းသောသူသည်နောင်တရ၍ သခင်ခရစ်တော်၏ဆုံးမသွန်သင် ခြင်းကိုဝန်ခံလျှင် သူ့ကိုတစ်ဖန်ပြန်၍စစ်ဆေးစုံစမ်းရမည်။ သူသည် နောင်တ မရ၊ အသင်းတော်၏အပြင်ဘက်၌ပင်ရှိနေသေးလျှင် ဘုရားသခင်၏ကျွန်တို့သည် သူ့အတွက်ကြိုးစား၍အမှုဆောင်ရွက်ရန် တာဝန်ရှိသေးသည်။ သူ့အား တစ်ဖန်ပြန်၍နောင်တရစေရန် သူ့အတွက်စိတ်အားကြီးစွာကြိုးစားဆောင်ရွက် ရကြမည်။ ၎င်းပြင် သူ၏အပြစ်သည် တိုးပွားကြီးကျယ်လာသော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းကိုခံယူ၍ အပြစ်ကိုဝန်ချတောင်းပန်

လျက် စွန့်ပစ်ခြင်းအားဖြင့် နောင်တရခြင်း၏သက်သေကိုပြလျှင် သူ၏အပြစ် ကိုလွှတ်ပြီးလျှင် အသင်းတော်ထဲသို့ပြန်၍လက်ခံရကြမည်။ သူ၏ညီအစ်ကို တို့သည် သူ့အားမှန်သောလမ်းကိုလိုက်ဖို့တိုက်တွန်းနှိုးဆော်ကြလျက် သူတို့ သည်လည်း သွေးဆောင်ခြင်းခံရ၍ သူ၏နေရာ၌ရှိနေခဲ့လျှင် ပြုမူခြင်းခံလို သည်နည်းတူ သူ့ကိုလည်းပြုမူကြလော့။

"ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှသင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်" ငယ် ၁၈။

ကာလအဆက်ဆက်တိုင်းတွင် ဤဖော်ပြချက်သည် အတည်ဖြစ်ရ မည်။ သခင်ခရစ်တော်၏ကိုယ်စားပြုလုပ်ဆောင်ရွက်ရန် အသင်းတော်ပေါ်၌ အခွင့်တန်ခိုးကိုပေးအပ်ထားတော်မူ၏။ မိမိ၏လူတို့အထဲတွင် နေရာတကျ ရှိခြင်း၊ စည်းကမ်းသေဝပ်ခြင်းရှိစေရန် ထိန်းသိမ်းပေးဖို့ အသင်းတော်သည် ဘုရားသခင်၏ကိုယ်စားတော်ဖြစ်၏။ အသင်းတော်၏တိုးပွားရေး၊ သန့်ရှင်း ရေးနှင့် နေရာတကျရှိရေးနှင့်ဆိုင်သောပြဿနာအပေါင်းကိုဆုံးဖြတ်ဖို့ရန် ဘုရားသခင်သည် အသင်းတော်အား အခွင့်တန်ခိုးကိုပေးအပ်တော်မူပြီ။ မထိုက်တန်သောသူ၊ သခင်ခရစ်တော်ကဲ့သို့မကျင့်ခြင်းဖြင့် သမ္မာတရားကို ရှုတ်ချသောသူတို့ကို အသင်းတော်နှင့်ဆက်ဆံခြင်းမှပယ်ရှားရန်တာဝန်သည် အသင်းတော်ပေါ်၌တည်ရှိ၏။ ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် ဖော်ပြထားသောညွှန်ကြားချက်များနှင့်အညီ အသင်းတော်ကပြုမူသမျှသော အမှုတို့ကို ကောင်းကင်တွင်အတည်ဖြစ်စေလိမ့်မည်။

အလွန်အရေးကြီးသောကိစ္စများသည် အသင်းတော်အားဖြင့်ဆုံးဖြတ် ရန်ရောက်ရှိလာတတ်ကြသည်။ မိမိ၏လူများကိုလမ်းပြရန် ဘုရားသခင် ခန့်ထားတော်မူသောသင်းအုပ်ဆရာများတို့သည် မိမိတို့၏တာဝန်ကိုဆောင်ရွက် ပြီးကြသောအခါထိုကိစ္စတစ်ခုလုံးကိုဆုံးဖြတ်ရာ၌ ညီညွတ်ခြင်းရှိဖို့ရန် ၎င်းကိုအသင်းတော်အားတင်ပြရကြမည်။

မိမိ၏တပည့်တော်တို့သည် အချင်းချင်းတို့အပေါ်၌ပြုမူရာတွင် သတိ ကြီးစွာထားဖို့ ထာဝရဘုရားသခင်သည်အလိုရှိတော်မူ၏။ သူတို့သည်မြှင့်တင် ပေးရမည်၊ ပြန်၍ပြုပြင်ပေးရမည်၊ ကျန်းမာချမ်းသာစေရမည်။ သို့ရာတွင် အသင်းတော်၌သင့်လျော်သောစည်းကမ်းဥပဒေတို့ကို ဂရုမစိုက်ဘဲမနေအပ်။ အသင်းသားများတို့သည် ကျောင်းတွင်ရှိနေကြသောတပည့်များကဲ့သို့ မိမိတို့ ကိုယ်ကိုသဘောထားရကြလျက် မိမိတို့အားအထက်မှခေါ်တော်မူသည့်အတိုင်း သင့်လျော်ထိုက်တန်သောအကျင့်များကို မည်ကဲ့သို့ဖြစ်ပေါ်လာစေရန်သင်ကြား လေ့လာရကြမည်။ မြေကြီးပေါ်၌ရှိသောအသင်းတော်တွင် ဘုရားသခင်၏

သားသမီးတို့သည် ကောင်းကင်အသင်းတော်တွင် ပြန်၍စည်းလုံးခြင်းအမှု ကြီးအတွက်ပြင်ဆင်ထားရကြမည်။ ဤမြေကြီးပေါ်၌ သခင်ခရစ်တော်နှင့် ညီညွတ်စွာနေထိုင်ပြုမူကြသူတို့သည်ရွေးနုတ်ခြင်းခံရသောအိမ်ထောင်တွင် ထာဝရကာလအသက်ရှင်စွာနေထိုင်ဖို့ မျှော်လင့်နိုင်ကြသည်။၅

## မည်သူ့အားအပြစ်ကိုဖော်ပြဝန်ချရမည်နည်း

မိမိ၏အပြစ်လွတ်ရန် (သို့မဟုတ်) ဖုံးအုပ်ထားရန်ကြိုးစား၍ ကောင်းကင်စာစောင်များတွင်ဝန်ချတောင်းပန်ခြင်း၊ ဖြေလွှတ်ခြင်းမရှိဘဲတည်ရှိ နေစေသေးသောသူအပေါင်းတို့အားစာတန်သည် အောင်မြင်လိမ့်မည်။ သူတို့၏ အလုပ်အကိုင်သည် သာ၍မြင့်မြတ်၍ သူတို့၏ရာထူးဌာနသည် သာ၍ ဂုဏ်အသရေရှိလေလေ၊ သူတို့၏အပြုအမူသည် ဘုရားသခင့်ရှေ့တော်၌ သာ၍အပြစ်ကြီးလျက် သူတို့၏ရန်သူကြီးသည် သာ၍သေချာစွာအောင်မြင် လေလေဖြစ်၏။ ဘုရားသခင်၏နေ့အတွက် ပြင်ဆင်ခြင်းအမှုကိုနှောင့်နှေးစေ သောသူသည် ဒုက္ခရောက်သောကာလ၌ဖြစ်စေ၊ နောက်ဘယ်အချိန်၌ဖြစ်စေ ထိုပြင်ဆင်မှုကိုမရနိုင်။ ထိုသို့သောသူအပေါင်းတို့၏အမှုသည် မျှော်လင့်စရာ မရှိချေ။[၆]

သင်၏အပြစ်နှင့်အမှားကိုမသိသောသူတို့အား သင်သည်ဖော်ပြဝန်ချ ဖို့မလို။ မယုံကြည်သောသူတို့သည် ဝမ်းမြောက်ကြမည်အကြောင်း သင်၏ အပြစ်ကိုအများသိရှိစေရန် ဖော်ပြဝန်ချဖို့ သင်၏တာဝန်မဟုတ်။ သို့ရာတွင် သင့်လျော်သောသူ၊ သင်၏အမှားကိုအခွင့်အရေးမယူသောသူထံ၌ ဘုရားသခင် ၏နှုတ်ထွက်စကားတော်အတိုင်း ဖော်ပြဝန်ချ၍ သူတို့အား သင့်အတွက် ဆုတောင်းပေးကြပါစေ။ ထိုအခါ ဘုရားသခင်သည် သင်၏အမှုကိုလက်ခံ၍ သင့်ကိုကျန်းမာချမ်းသာစေတော်မူမည်။ သင်၏ဝိညာဉ်အတွက် ထာဝရ ကာလအဖို့သေချာစွာပြင်ဆင်ခြင်းပြုရန်တောင်းပန်သည်ကိုလက်ခံပါ။ သင်၏ ကြွားဝါခြင်း၊ စိတ်နေမြင့်ခြင်းတို့ကိုပယ်ရှား၍ ဖြောင့်မှန်သောအလုပ်ကို လုပ်ဆောင်ပါ။ သိုးခြံတည်းဟူသောအသင်းတော်သို့ပြန်လာပါ။ သိုးထိန်းကြီး သည် သင့်ကိုလက်ခံရန်စောင့်နေတော်မူသည်။ နောက်တရ၍ သင်၏ရှေးဦး စွာသောအလုပ်များကိုလုပ်လျက် ဘုရားသခင့်ရှေ့တော်၌ တစ်ဖန်မျက်နှာရရန်လာရောက်ပါ။၇

သခင်ခရစ်တော်သည် သင်၏ရွေးနုတ်သခင်ဖြစ်တော်မူ၏။ သင်၏ နှိမ့်ချသောဝန်ချတောင်းပန်ခြင်းကို ကိုယ်တော်သည် အခွင့်အရေးယူလျက် သင့်ကိုအပြစ်တင်တော်မမူ။ သင်တစ်ယောက်တည်းနှင့်ဆိုင်သောအပြစ်ဖြစ် လျှင် သခင်ခရစ်တော်အားဝန်ချတောင်းပန်လော့။ ကိုယ်တော်သည် ဘုရားသခင် နှင့်လူစပ်ကြားတွင် တစ်ဦးတည်းသောဖျန်ဖြေသူဖြစ်တော်မူ၏။ "တစ်စုံ တစ်ယောက်သောသူသည် အပြစ်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသောသခင် ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိ တော်မူ၏" ၁ယောဟန် ၂း၁။ သင်သည်

ဆယ်ဖို့တစ်ဖို့အလှူငွေတို့ကို ဘုရားသခင်အားမပေးဘဲနေခြင်းဖြင့်အပြစ်ပြုလျှင် ဘုရားသခင်နှင့်အသင်းတော် အား မိမိအပြစ်ကိုဖော်ပြဝန်ခံလော့။ ထိုနောက် "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်းကြလော့" ဟူသောအမိန့်တော်ကို သင့်အားပေးထား တော်မူသည်ကို ဂရုစိုက်လော့။ မာလခိ ၃း၁၀။

ဘုရားသခင်၏လူများတို့သည် အချင်းချင်းနားလည်မှုရှိလျက် ဆောင်ရွက်ရကြမည်။ ထင်ရှားသောအပြစ်ရှိသမျှကို ဝန်ချတောင်းပန်ခြင်း မပြုမီတိုင်အောင် သူတို့သည် စိတ်ကျေနပ်ခြင်းရှိရကြမည်မဟုတ်။ ထိုနောက် မှ သခင်ယေရှုသည် သူတို့ကိုလက်ခံတော်မူသည်ဟု ယုံကြည်ခြင်းသည် သူတို့၏အခွင့်အရေးနှင့်တာဝန်ဖြစ်ပါသည်။ အခြားသောသူတို့သည် မှောင်မိုက်ထဲသို့တိုးဝင်သွား၍ သူတို့အတွက်အောင်မြင်ခြင်းအခွင့်ကို ခံစား ရကြသည်ကို သူတို့သည်စောင့်ဆိုင်းမနေရ။ ထိုသို့သောခံစားရမှုသည် စည်းဝေးပြီးသည့်တိုင်အောင်သာ ကြာရှည်လိမ့်မည်။ သို့ရာတွင် ဘုရားသခင် ကိုစိတ်အထင်အတိုင်းမဟုတ်ဘဲ သဘာဝအခြေခံတရားအတိုင်း ကိုးကွယ် ဝတ်ပြုရမည်။ နံနက်နှင့်ညတိုင်း သင်၏အိမ်ထောင်တွင် သင်တို့ကိုယ်တိုင် အတွက် အောင်မြင်ခြင်းကိုရအောင်ကြိုးစားပါ။ သင်၏နေ့စဉ်လုပ်ငန်းအားဖြင့် ဤအမှုကိုမတားဆီးပါစေနှင့်။ ဆုတောင်းရန်အချိန်ထားပါ၊ ၎င်းပြင် ဆုတောင်းစဉ် ဘုရားသခင်သည် သင့်စကားကိုနားညောင်းတော်မူကြောင်း ယုံကြည်ပါ။ ယုံကြည်ခြင်းကို သင်၏ဆုတောင်းခြင်းနှင့်ရောနှောထားပါ။ သင်၏ဆုတောင်းခြင်းကို ချက်ချင်းနားညောင်းတော်မူကြောင်း သင်သည် အမြဲမသိရှိနိုင်။ သို့သော် ထိုအခါ၌ယုံကြည်ခြင်းကို စုံစမ်းတော်မူတတ်၏။

## သခင်ခရစ်တော်သာလျှင်လူကိုစစ်ကြောစီရင်နိုင်တော်မူ၏

လူသတ္တဝါတို့တွေ့ဆုံ၊ ခံယူရသောသွေးဆောင်ခြင်း၊ စုံစမ်းခြင်းကို သခင်ခရစ်တော်သည်တွေ့ဆုံ၊ ခံယူတော်မူရန် သတ္တဝါတို့၏ရှေ့ဆုံး၌ရပ် နေဖို့ မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ ကိုယ်တော်သည် သွေးဆောင်ခြင်းခံရ သောသူတို့အား မည်ကဲ့သို့ထောက်မရမည်ကို သိရှိတော်မူမည်အကြောင်း လူသတ္တဝါတို့သည် ကျဆုံးသောရန်သူထံမှ မည်ကဲ့သို့သောအရာနှင့်တွေ့ကြုံ ရမည်ကို ကိုယ်တော်သည်သိရှိတော်မူရမည်။

၎င်းပြင် သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏တရားသူကြီးအဖြစ်ခန့်ထား တော်မူပြီ။ ခမည်းတော်သည် တရားသူကြီးမဟုတ်၊ ကောင်းကင်တမန်များ လည်းမဟုတ်။ မိမိကိုယ်တိုင်လူဇာတိကိုခံယူပြီး ဤလောက၌စုံလင်သော အသက်တာ၌ ကျင်လည်တော်မူခဲ့သောကိုယ်တော်သည် ကျွန်ုပ်တို့ကိုတရား စီရင်တော်မူရမည်။ ကိုယ်တော်သာလျှင် ကျွန်ုပ်တို့၏တရားသူကြီးဖြစ်နိုင်

တော်မူ၏။ ညီအစ်ကိုတို့၊ သင်တို့သည် ဤအချက်ကိုသတိရကြပါမည်လော။ သင်းအုပ်ဆရာတို့၊ သင်တို့သည် ဤအချက်ကိုသတိရကြပါမည်လော။ မိဘ များတို့၊ သင်တို့သည် ဤအချက်ကိုသတိရကြပါမည်လော။ သခင်ခရစ်တော် သည် ကျွန်ုပ်တို့၏တရားသူကြီးဖြစ်မည်အကြောင်း လူဇာတိကိုခံယူတော် မူ၏။ သင်တို့တွင် အဘယ်သူမျှအခြားသောသူအပေါ်၌ တရားသူကြီးအဖြစ် ခန့်ထားခြင်းခံရသည်မဟုတ်။ သင့်ကိုယ်ကိုသာ သင်သည် ဆုံးမသွန်သင် ခြင်းပြုလုပ်နိုင်သည်။ သင့်ကိုယ်တိုင်တရားပလ္လင်ပေါ်၌ ဘယ်အခါမျှမထိုင်ရန် ကိုယ်တော်ကမှာထားတော်မူသောအမိန့်ကိုဂရုစိုက်ရန် သခင်ခရစ်တော်၏နာမ ၌ သင့်ကိုကျွန်ုပ်တောင်းပန်ပါသည်။ "တရားပလ္လင်မှဆင်းလော့၊ တရားပလ္လင် မှဆင်းလော့" ဟူသောသတင်းစကားကို ကျွန်ုပ်၏နားန၌ တစ်နေ့ပြီးတစ်နေ့ ကြားနေရ၏။ ၁၀

ဘုရားသခင်သည် အပြစ်အပေါင်းတို့ကို အတူတူသဘောထားတော် မမူ။ လူတို့၏စိတ်ထဲ၌ထင်မြင်သကဲ့သို့ ဘုရားသခင်သည်လည်း အပြစ် တို့ကိုအမျိုးအစားခွဲခြားတော်မူ၏။ သို့ရာတွင် လူတို့၏အထင်အမြင်အားဖြင့် ဤအပြစ်၊ ၌အပြစ်သည် သေးငယ်သော်လည်း မည်သည့်အပြစ်မျှ ဘုရားသခင် ရှေ့တော်၌သေးငယ်သည်မဟုတ်။ သေးငယ်သည်ဟု လူတို့ကထင်မှတ်သော အပြစ်ကို ဘုရားသခင်ကကြီးလေးသောအပြစ်ဟုမှတ်တော်မူ၏။ အရက်သမား ကိုရှုတ်ချကြ၍ သူ၏အပြစ်အတွက် ကောင်းကင်သို့မဝင်ရဟုပြောကြလိမ့် မည်။ သို့ရာတွင် မာနကြီးခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ တပ်မက်ခြင်းအမှုတို့ကို ကား မည်သူမျှအပြစ်မတင်ကြ။ သို့ရာတွင် ဤအပြစ်များသည် ဘုရားသခင် အတွက် အထူးမုန်းယွင်းသောအပြစ်များဖြစ်ကြသည်။ ဘုရားသခင်သည် မာန ကြီးသောသူတို့ကို တားဆီးတော်မူ၏။ ၎င်းပြင်ပေါလုက တပ်မက်ခြင်းသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်သည်ဟုဆိုထား၏။ ဘုရားသခင်၏နှုတ်ထွက်စကား တော်၌ ရုပ်တုကိုးကွယ်ခြင်းကိုအပြစ်တင်ထားကြောင်းကို သိနားလည်သော သူတို့ကား ဤအပြစ်သည် မည်မျှကြီးလေးကြောင်းကို သိမြင်ကြလိမ့်မည်။ ၁၁

-----*****----

## အခန်း (၁၆)

# ဒုက္ခဆင်းရဲရောက်သောသူတို့အပေါ်၌ခရစ်ယာန်တို့ထားအပ်သောသဘော

လူသည် ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်သည်၊ မချစ်သည်ကိုပြရန် အခွင့်အရေးကို ဘုရားသခင်က လူအားပေးထားတော်မူ၏။ ဘုရားသခင်ကို လည်းကောင်း၊ လူအချင်းချင်းကိုလည်းကောင်း အမှန်ချစ်ခင်သောသူကား ဆင်းရဲသူ၊ ဒုက္ခရောက်သူ၊ ဒဏ်ရာရသူ၊ သေခါနီးသောသူတို့အား ကရုဏာ ကိုပြသောသူဖြစ်သည်။ လူ၏ကိုယ်ခန္ဓာ၌ ဖန်ဆင်းရှင်၏သန့်ရှင်းကောင်းမြတ် သောပုံသဏ္ဍာန်ကို ပြန်၍ရရှိစေဖို့ကြိုးစားရန်၊ မိမိအမှုမထားသောအမှုကို ဆောင်ရွက်ရန် လူတိုင်းအားဘုရားသခင်ကခေါ်တော်မူ၏။[၁]

အခြားသောသူတို့အတွက် ဤအမှုကိုဆောင်ရွက်ရန်ကြိုးပမ်းမှု၊ ကိုယ်ကိုငြင်းပယ်မှု၊ ကိုယ်ကိုဆက်ကပ်ပူဇော်ဖို့လိုပေသည်။ သို့ရာတွင် မိမိ ၏တစ်ပါးတည်းသောသားတော်ကို ကျွန်ုပ်တို့အတွက်စွန့်တော်မူရာ၌ ပူဇော် ခြင်းအမှုနှင့်နှိုင်းယှဉ်သော် ကျွန်ုပ်တို့၏ဆက်ကပ်ပူဇော်ခြင်းသည် မည်မျှ သေးငယ်သနည်း။[၂]

ထာဝရအသက်ကိုအမွေခံရန် လိုက်နာအပ်သောအချက်တို့ကို ကျွန်ုပ် တို့၏ကယ်တင်ရှင်သည် အလွန်လွယ်ကူသောနည်းဖြင့် ထင်ရှားစွာဖော်ပြ ထားပါသည်။ ဓားပြတိုက်၍ဒဏ်ရာရသောသူသည် (လု ၁၀း၃၀–၃၇) ကျွန်ုပ်တို့စိတ်ဝင်စား၍ထောက်ထားညှာတာလျက် ကျေးဇူးပြုအပ်သောလူကို ပုံဆောင်ထားသည်။ ဒုက္ခရောက်၍ ဆင်းရဲသောသူတို့ကို ကျွန်ုပ်တို့သည် တွေ့မြင်ရလျက် မည်သူပင်ဖြစ်စေ ကျွန်ုပ်တို့သည်ဂရုမစိုက်ဘဲနေခဲ့လျှင် ကျွန်ုပ်တို့အား ဘုရားသခင်ကတောင်းဆိုသော အချက်ကိုမလိုက်နာသောကြောင့် ဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေ၊ ဆွေမျိုးမဟုတ်သောကြောင့် ကျွန်ုပ်တို့သည် လူတို့ကိုသနားကြင်နာခြင်းမရှိတတ်ကြ။ နောက်ဆုံးပညတ်တော်ခြောက်ပါးက မှီခိုနေသောဒုတိယပညတ်ကြီးကို သင်တို့သည်လွန်ကျူးနေသောသူဖြစ်ကြောင်း သိရှိရသည်။ ပညတ်တစ်ချက်၌ လွန်ကျူးသောသူသည် အားလုံးကိုလွန်ကျူး ၏။ ဆင်းရဲသောသူနှင့်ဒုက္ခရောက်သောသူတို့ကို ဂရုမစိုက်သောသူတို့သည် ပညတ်တော်ဆယ်ပါးတွင် ပထမပညတ်လေးပါးကိုဂရုမစိုက်၊ မနှစ်သက်သော သူများဖြစ်ကြ၏။ ရုပ်တုကိုသာနှစ်သက်စွဲလမ်း၍ ဘုရားသခင်ကိုမချီးမွမ်းကြ၊ အမြတ်ဆုံးနေရာ၌မထားသောသူများဖြစ်ကြသည်။[၃]

သနားခြင်းကရုဏာနှင့်ဖြောင့်မတ်ခြင်းမရှိသောသူ၊ ဆင်းရဲသောသူကို ဂရုမစိုက်သောသူ၊ ဒုက္ခရောက်နေသောသူတို့ကို အမှုမထားသောသူ၊ ကြင်နာ ယဉ်ကျေးခြင်းမရှိသောသူကား အကျင့်တိုးပွားခြင်းရှိလာရန် ဘုရားသခင်သည် သူနှင့်အတူပြုမှု ဆောင်ရွက်ခြင်းငှာ မဖြစ်နိုင်အောင်ပြုကျင့်နေသည်ဟု ကျောက် ပေါ်တွင်သံကလောင်ဖြင့်ရေးသကဲ့သို့

အသိစိတ်ပေါ်တွင်ရေးထားရမည်။ ကျွန်ုပ်တို့၏အကျိုးကျေးဇူးနှင့်အခွင့်အရေးတို့ကို အခြားသူတို့၏ဒုက္ခဆင်းရဲ ခြင်းကိုသက်သာစေဖို့အသုံးချခြင်းဖြင့် ထိုကဲ့သို့အခြား သူတို့အား ကြင်နာစွာ ထောက်ထားညှာတာကြသောအခါ စိတ်နှလုံးကိုပြုပြင်ခြင်း အမှုသည် သာ၍ လွယ်ကူစွာပြီးမြောက်သွားလေ၏။ ကျွန်ုပ်တို့အတွက်ရသမျှကို စုဆောင်း သိုလှောင်ထားခြင်းအမှုသည် စိတ်ဝိညာဉ်ကိုဆင်းရဲစေတတ်၏။ သို့ရာတွင် သခင်ခရစ်တော်၏နည်းမျိုးဖြင့်ဆောင်ရွက်လျက် ဘုရားသခင်ကဆောင်ရွက် ရန်ပေး အပ်ထားသောအလုပ်ကို ဆောင်ရွက်ကြမည့်သူတို့သည် သခင်ခရစ်တော် ၏သဘော တော်မျိုးအားလုံးကိုရဖို့ အသင့်ရှိကြသည်။[၄]

ကယ်တင်ရှင်သည် အဆင့်အတန်းနှင့်ဇာတ် (မျိုးရိုး) လောက ဂုဏ်နှင့်စည်း စိမ်ကိုအရေးယူတော်မမူ။ အကျင့်နှင့်ရည်ရွယ်ချက်၌ စိတ်စွဲလမ်း မှုရှိခြင်းကို ကိုယ်တော်သည် အလွန်တန်ဖိုးထားတော်မူ၏။ ခွန်အားကြီးသော သူ၊ လောကတွင် မျက်နှာရသောသူတို့နှင့် ကိုယ်တော်သည်အတူရှိတော်မမူ။ အသက်ရှင်သောဘုရား သခင်၏သားတော်ဖြစ်တော်မူသော ကိုယ်တော်သည် ဆုံးရှုံးနေသောသူကိုချီမရန် မိမိကိုယ်ကိုညွတ်တော်မူ၏။ ကတိခံဝန်ချက်များ၊ စိတ်ချစရာစကားများအားဖြင့် ပျောက်ဆုံးပျက်စီးနေသောဝိညာဉ်ကိုရရှိရန် ကိုယ်တော်သည် ရှာကြံကြိုးစားတော်မူ ၏။ ကိုယ်တော်၏တပည့် တော်များတွင် မည်သူကြင်နာသနား၍ ထောက်ထား စာနာခြင်းရှိသည်ကို ဘုရားသခင်၏ကောင်းကင်တမန်တို့သည် စောင့်ကြည့်နေကြ သည်။ ဘုရားသခင်၏လူတို့တွင် မည်သူသည် သခင်ယေရှု၏မေတ္တာတော်ကို ထင်ရှားစေမည်နည်းဟု သူတို့သည်စောင့်ကြည့်နေကြသည်။[၅]

ဘုရားသခင်သည် သင်၏စွန့်ကြဲပေးကမ်းမှုကိုသာအလိုရှိတော်မူ သည်မ ဟုတ်၊ သင်၏ဝမ်းမြောက်ရွှင်မြူးသောမျက်နှာ၊ သင်၏မျှော်လင့်ဖွယ် စကားများနှင့် စိတ်ပါစွာလက်ဆွဲနှုတ်ဆက်ခြင်းကိုလည်းပြုစေဖို့ အလိုရှိတော် မူ၏။ ဘုရားသခင်၏ ဆင်းရဲဒုက္ခရောက်သူတို့ကို သွားရောက်ကြည့်ရှုစဉ် မျှော်လင့်ရာမဲ့သောသူတို့ကို သင်တွေ့ရလိမ့်မည်။ သူတို့အား မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းတည်းဟူသော အလင်းရောင်ကိုပြန်ရရှိစေဖို့ကြိုးစားပါ။ အသက်မုန့်ကိုလိုသောသူများရှိကြသည်။ သူတို့အား ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုဖော်ပြပါ။ အခြားသူတို့သည် စိတ်ဝိညာဉ်၌ရောဂါသက်ရောက်

နေ၍ လောကဆေးဝါး (သို့မဟုတ်) ဆရာဝန်ဖြင့် ကျန်းမာခြင်းသို့မရောက် နိုင်။ ဤသူတို့အတွက်ဆုတောင်းပေး၍ သခင်ယေရှုထံသူတို့ကိုယူဆောင် လာပါ။[၆]

## အသင်းတော်တွင်ရှိဆင်းရဲသူတို့အဖို့ကျွန်ုပ်တို့၏တာဝန်

ကျွန်ုပ်တို့အသင်းတော်အတွင်း၌ပင် အမြဲသဖြင့်ဆင်းရဲသောလူနှစ်စား ရှိပေသည်။ မိမိတို့သဘောအတိုင်းပြုမူနေထိုင်လျက် မိမိတို့၏ကျူးလွန်ခြင်း အမှုတွင် ဆက်လက်ပြုကျင့်နေသောသူများနှင့် သမ္မာတရားကြောင့်ကျပ်တည်း သောအခြေအနေသို့ ရောက်သွားရသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်ဖြစ်၍ ကျွန်ုပ်တို့သည် ကောင်းသောဉာဏ်ပညာဖြင့် လမ်းပြအကြံပေးသည်အတိုင်း ဤလူနှစ်မျိုး နှစ်စားတို့အား မှန်ကန်သောအရာကို ပြုလုပ်ရကြမည်။

ဘုရားသခင်၏ဆင်းရဲသူများအတွက် ဆင်ခြင်နေစရာအကြောင်းမရှိ။ သူတို့၌ အကျိုးရှိစေဖို့ရန် အမှုကိစ္စတိုင်း၌ သူတို့ကိုမစကူညီရမည်။

ဘုရားသခင်သည် သူတို့ကိုပျက်စီးစေရန် စွန့်ပစ်ထားတော်မမူ ကြောင်း အပြစ်ရှိသောလောကအား ဘုရားသခင်၏လူများကဖော်ပြစေဖို့ ဘုရားသခင်သည်အလိုရှိတော်မူ၏။ သမ္မာတရားအတွက် မိမိ၏အိမ်မှနှင်ထုတ် ခြင်းခံရ၍ ဒုက္ခရောက်နေသောသူတို့ကိုမစကူညီရန် အထူးသဖြင့် ပင်ပန်းခံရမည်။ စိတ်သဘောထားကြီး၍ ရက်ရောစွာပေးကမ်းသောသူ၊ မိမိကိုယ်ကို ငြင်းပယ်၍ ဘုရားသခင်ချစ်တော်မူသော ဤသူတို့၏ကိစ္စကိုဂရုစိုက်သတိပြု သောသူ သာ၍များပြားလာဖို့လိုပေသည်။ ဘုရားသခင်၏လူတို့အထဲတွင် ဆင်းရဲသူတို့၌ လိုအပ်သောအရာတို့ကိုပေးကမ်းဖြည့်စွက်ရမည်။ သူတို့သည် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်ကိစ္စတစ်ခုခုရှိနိုင်မည်အကြောင်း သူတို့အတွက်နည်းလမ်းတစ်ခုခုကိုရှာဖွေပေးရမည်။ အချို့တို့သည် အလုပ်လုပ် ဖို့သင်ကြားပြသပေးခြင်းကိုလိုကြသည်။ အလုပ်ကိုပင်ပန်းစွာလုပ်၍ အိမ်ထောင်

ကိုထောက်ပံ့ရန် မိမိတို့အစွမ်းကုန်ကြိုးစားပင်ပန်းခံနေရသော အခြားသူတို့အား အထူးအကူ အညီကိုပေးရမည်။ ဤကဲ့သို့သောကိစ္စတို့၌ ကျွန်ုပ်တို့သည် စိတ်ဝင်စားခြင်းရှိလျက် သူတို့အားအလုပ်ရရှိစေဖို့ကူညီရမည်။ ဘုရားသခင် ကိုချစ်၍ ပညတ်တော်ကိုစောင့်လျက် ဆင်းရဲသောအိမ်ထောင်များကို ထိုက်တန် သလောက်ကူညီရန် ရန်ပုံငွေများထားသင့်သည်။

ဘုရားသခင်ကိုချစ်၍ စကားတော်ကိုနားထောင်သောသူအချို့သည် အကြောင်း အရာတချို့ကြောင့် ဆင်းရဲခြင်းသို့ရောက်ရကြ၏။ အချို့တို့သည် သတိမရှိကြ၊ သူတို့သည် မည်ကဲ့သို့စီမံအုပ်ချုပ်ရမည်ကိုမသိကြ။ အခြား သူတို့သည် ဖျားနာ၍ကျန်းမာရေးမကောင်း းခြင်းကြောင့် ဆင်းရဲလာကြ၏။ မည်ကဲ့သို့သောအကြောင်းပင်ဖြစ်သော်လည်း သူတို့သည် ဒုက္ခရောက်လာ သဖြင့် သူတို့အားမစကူညီခြင်းအမှုသည် အရေးကြီးသောသာသနာပြုလုပ် ငန်း တစ်ခုဖြစ်လာ၏။

အသင်းတော်တစ်ခုတည်ထောင်ထားသောနေရာတိုင်း၌ အသင်းသား တို့သည် ဆင်းရဲသောအသင်းသားတို့အတွက် သစ္စာနှင့်အမှုဆောင်ရွက်ရမည်။ သို့ရာတွင် သူတို့သည် ဤမျှလောက်နှင့်ရပ်မနေသင့်။ မည်ကဲ့သို့သော ဘာသာတရားကိုယုံကြည်သည်ဖြစ်စေ အခြားသူတို့ကိုလည်း သူတို့သည် မစကူညီပေးရမည်။ ဤကဲ့သို့ကြိုးပမ်းမှုအားဖြင့် သူတို့ထဲမှအချို့သောသူတို့ သည် ဤခေတ်ကာလအတွက် ထူးခြားသောသမ္မာတရားကို လက်ခံလာကြ လိမ့်မည်။၇

## ဒုက္ခရောက်သူကိုမည်ကဲ့သို့မစကူညီရမည်နည်း

ဒုက္ခရောက်သောသူတို့ကို မစကူညီသောနည်းလမ်းများကို သေချာ စွာနှင့်လည်း ကောင်း၊ ဆုတောင်းခြင်းနှင့်လည်းကောင်း ဆင်ခြင်စဉ်းစားရမည်။ ဘုရားသခင်ဖန်ဆင်း ထားတော်မူသောလူသတ္တဝါကို မည်ကဲ့သို့ကူညီရမည်ကို အမြင်တိုသော၊ သေတတ်သော သူထက် ဘုရားသခင်သည် သာ၍သိရှိတော် မူသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင် ထံတော်မှပညာကို ရှာဖွေရကြ မည်။ အကူအညီတောင်းသောသူတိုင်းအား ဝေဖန်ပိုင်းခြား ခြင်းမရှိဘဲ ပေးကမ်း တတ်သောသူအချို့ရှိကြသည်။ ဤအချက်၌သူတို့သည်မှားကြ၏။ ဒုက္ခရောက် သောသူတို့ကိုကူညီရာ၌ မှန်ကန်သောအကူအညီမျိုးကိုပေးဖို့ ကျွန်ုပ်တို့သည် သတိပြုရမည်။ အကူအညီရရှိသောအခါ မိမိကိုယ်ကိုအထူးဒုက္ခရောက်နေသော အခြေ အနေ၌ ဆက်လက်တည်ရှိနေစေအောင် ပြုလုပ်နေကြမည့်သူများရှိကြ သည်။ သူတို့သည် အားကိုးစရာရှိသမျှကာလပတ်လုံး အားကိုးနေကြလိမ့်

မည်။ ဤသူတို့အားမသင့်သောအချိန်တွင် မသင့်သောအကူအညီကိုပေးခြင်းဖြင့် သူတို့အားပျင်းရိစေခြင်း၊ အားကိုးရာမဲ့ခြင်း၊ အသုံးကြီးခြင်း၊ သေရည် သေရက် သောက်စားခြင်းတို့ကိုဖြစ်စေရန် ကျွန်ုပ်တို့ကအားပေးရာရောက်တတ် ပေသည်။

ကျွန်ုပ်တို့သည် ဆင်းရဲသောသူအားပေးသောအခါ "ငါသည် အသုံး အဖြုန်းကြီးမှုကိုအားပေးနေသလား။" "ငါသည် သူတို့ကိုကူညီနေသလား၊(သို့မဟုတ်) ပျက်စီးနေစေသလား" ဟုဆင်ခြင်ရမည်။ မိမိအသက်မွေးဝမ်း ကျောင်းကိုရှာကြံနိုင် သောသူတစ်ယောက်မျှ အခြားသောသူတစ်ဦးအပေါ်၌ အားကိုးမှီခိုနေဖို့မသင့်။

ဆင်းရဲဒုက္ခရောက်သောသူများ၊ ရှေးဦးစွာအသင်းသားတို့၏အိမ်ထောင် ကိုစောင့်ရှောက်ပြုစုဖို့ရန် ဝေဖန်ပိုင်းခြားနိုင်၍ ဉာဏ်နှင့်ပြည့်စုံသောယောကျ်ား၊ မိန်းမတို့ကိုခန့်ထားရမည်။ မည်ကဲ့သို့ပြုလုပ်ရမည်ကိုသိရှိရန် ဤသူတို့သည် အသင်းတော်နှင့်အကြံဉာဏ်ပေးသူများကို အကြောင်းကြားအပ်သည်။

ကျွန်ုပ်တို့၏ညီအစ်ကိုတို့အား ဤသတင်းစကားကိုလက်ခံမည့် ဆင်းရဲသော အိမ်ထောင်တိုင်းကို စောင့်ရှောက်ပြုစုစေဖို့ ဘုရားသခင်သည် အလိုရှိတော်မမူပါ။ သူတို့သည် ဤကဲ့သို့ပြုကြလျှင် ရန်ပုံငွေကုန်သွားမည် ဖြစ်၍ သင်းအုပ်ဆရာသည် သာသနာနယ်မြေအသစ်သို့မသွားနိုင်ဘဲနေရ လိမ့်မည်။ အများသူတို့သည် ကြိုးစား အားထုတ်ခြင်း၊ ချွေတာခြင်းမရှိသော ကြောင့် ဆင်းရဲရကြ၏။ သူတို့သည် ဥစ္စာ ပစ္စည်းကို မည်ကဲ့သို့မှန်ကန်စွာ အသုံးချရမည်ကိုမသိကြ။
သူတို့အားအကူအညီပေးလျှင် သူတို့ကိုပျက်စီး စေလိမ့်မည်။အချို့တို့သည် အမြဲဆင်းရဲလျက်ရှိလိမ့်မည်။ သူတို့သည် အကောင်းဆုံးသောအခွင့်အရေးကိုရနိုင်ခဲ့ လျှင် သူတို့၏ကိစ္စမှာ အမှန်ပင် အကူအညီရရှိခြင်းဖြစ်လိမ့်မည်မဟုတ်။ သူတို့သည် ကောင်းစွာဆင်ခြင်တွက်ဆ နိုင်သောသူများမဟုတ်သဖြင့် များသည်ဖြစ်စေ၊ နည်း သည်ဖြစ်စေ သူတို့ ရရှိနိုင်သောဥစ္စာအားလုံးကို အသုံးပြုပစ်ကြလိမ့်မည်။

ထိုသို့သောသူတို့သည် သမ္မာတရားကိုလက်ခံကြသောအခါ သာ၍ ကြွယ်ဝ ချမ်းသာသော မိမိညီအစ်ကိုများထံမှအကူအညီကိုရရှိခွင့်ရှိကြသည်ဟု ထင်မှတ်ကြ သည်။ သူတို့မျှော်လင့်သည်အတိုင်းမရရှိကြသောအခါ သူတို့သည် အသင်းတော် ကိုအပြစ်တင်၍ သူတို့သည် ယုံကြည်ခြင်းတရားအတိုင်းမကျင့် ကြဟုစွပ်စွဲကြ၏။ ဤအမှု၌ မည်သူသည်ဒုက္ခခံရသနည်း။ ဘုရားသခင်၏ အမှုတော်သည် အားနည်း သွား၍

နေရာအမျိုးမျိုးရှိဘဏ္ဍာတိုက်သည် ဤမျှ ကြီးကျယ်သောဆင်းရဲသူအိမ်ထောင်သားတို့ကို စောင့်ရှောက်ရန်အတွက် ကုန်ခန်းသွားရမည်လော။ ထိုသို့မဖြစ်ရာ၊ မိဘများသည် ဒုက္ခရောက်သောသူများဖြစ်ရလိမ့်မည်။ အများအားဖြင့် ဥပုသ်နေ့ကိုယုံကြည်လက်ခံပြီးနောက် သူတို့သည် ၎င်းကိုလက်မခံမီကထက် သာ၍ကြီးစွာချို့တဲ့ခြင်းရှိကြလိမ့်မည် မဟုတ်။[၉]

ဘုရားသခင်သည် အသင်းတော်တိုင်းတွင် မိမိ၏ဆင်းရဲသူများကို တည်ရှိနေစေတော်မူ၏။ သူတို့သည် အမြဲသဖြင့် ကျွန်ုပ်တို့အထဲတွင်ရှိနေ ကြလိမ့်မည်။ ၎င်းပြင် ဘုရားသခင်သည် အသင်းတော်တိုင်း၏အသင်းသား တို့အပေါ်တွင် သူတို့အားကိုယ်တိုင်စောင့်ရှောက်ရန်တာဝန်ကို ချပေးထား တော်မူ၏။ ကျွန်ုပ်တို့သည် မိမိတို့၏တာဝန်ကို အခြားသူတို့အားလွှဲပြောင်း မပေးသင့်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏နေရာ၌ရှိနေတော်မူခဲ့လျှင် ကိုယ်တော်ကထင်ရှားစေမည့်မေတ္တာနှင့်စာနာခြင်းမျိုးကို ကျွန်ုပ်တို့သည် မိမိ တို့၏အသင်းတော်အတွင်းရှိနေသော ထိုဆင်းရဲသူတို့၌ ထင်ရှားစေရကြမည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏နည်းမျိုးနှင့်အမှုဆောင်ရန် ပြင်ဆင်ခြင်းရှိမည်အကြောင်း ကျွန်ုပ်တို့သည် ထိုသို့ဆုံးမသွန်သင်ခြင်းခံယူရကြမည်။[၁၀]

## မိဘမဲ့များကိုစောင့်ရှောက်ခြင်း

ကျွန်ုပ်တို့စိတ်ဝင်စားဖို့သင့်သော ဒုက္ခရောက်သူအပေါင်းတို့တွင် မုဆိုးမများနှင့်မိဘမဲ့သောကလေးများကို ကျွန်ုပ်တို့သည် အထူးသဖြင့်ကြင်နာ ထောက်ထားခြင်းရှိအပ်ကြသည်။ ဘုရားသခင်သည် သူတို့ကိုအထူးအရေးယူ ပြုစုတော်မူ၏။ သူတို့ကိုဘုရားသခင်အတွက် ခရစ်ယာန်များထံချေးငှားအပ်နှံ ထားတော်မူ၏။ "ခမည်းတော်ဘုရားသခင်ရှေ့၌ စင်ကြယ်သန့်ရှင်းသော အကျင့်ဟူမူကား မိဘမရှိသောသူငယ်တို့နှင့်မုဆိုးမသည် ဆင်းရဲခံရသော အခါ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်းလောကအညစ်အကြေးနှင့် ကင်းစင်အံ့သောငှာစောင့်ရှောက်ခြင်းပေတည်း" ယာကုပ် ၁း၂၇။

ဘုရားသခင်၏ထာဝရကတိတော်များကိုအားကိုးလျက် ယုံကြည် ခြင်းတရားတွင်သေဆုံးခဲ့ပြီးသော ဖခင်အများသည် မိမိတို့၏ချစ်ခင်သော သူတို့အား ဘုရားသခင်၏စောင့်ရှောက်ပြုစုခြင်းခံစေခြင်းငှာ လုံးလုံးအပ်နှံ ထားခဲ့ကြသည်။ ထိုကြောင့် ယခုဘုရားသခင်သည် ဤကဲ့သို့ဝမ်းနည်းခြင်း ရောက်နေသောသူတို့ကို မည်ကဲ့သို့မစကူညီစောင့်ရှောက်တော်မူသနည်း။ ကောင်းကင်မ
၂ မန္နမုန့်ကိုချပေးခြင်းဖြင့် ကိုယ်တော်သည် အံ့ဖွယ်အမှုကိုပြုတော် မမူ။ သူတို့ထံအစာပို့ပေးရန် ကျီးအများကိုစေလွှတ်တော်မမူ။ သို့သော် ကိုယ်တော်သည် စိတ်ဝိညာဉ်ထဲမှ ကိုယ်ကျိုးရှာသောသဘောကိုပယ်ရှား၍

က်ရောစွာပေးကမ်းစွန့်ကြဲသောသဘောကို ထွက်ပေါ်လာစေတော်မူခြင်းဖြင့် လူတို့၏ စိတ်နှလုံးပေါ်၌ အံ့ဖွယ်သောအမှုတို့ကိုပြုတော်မူ၏။ မိမိ၏တပည့် တော်များဟု ခေါ်ဆိုနေသောသူတို့အား ညှဉ်းဆဲခံရသူနှင့်ဝမ်းနည်းခြင်းရောက် နေသူတို့ကို ကြင်နာစွာကရုဏာပြရန် တာဝန်ကိုပေးအပ်ထားခြင်းဖြင့် သူတို့၏ မေတ္တာတော်ကို ကိုယ်တော်သည် စစ်ဆေးစုံစမ်းတော်မူ၏။

ဘုရားသခင်၏မေတ္တာတော်မျိုးရှိသောသူတို့သည် ဤကဲ့သို့သော ကလေးများကိုဂရုစိုက်လျက် မိမိတို့၏အိမ်တွင်လက်ခံထားကြပါစေ။ အဖွဲ့ အစည်းကြီးများတွင် မိဘမဲ့များကိုစောင့်ရှောက်ပြုစုခြင်းသည် အကောင်းဆုံး စီမံကိန်းမဟုတ်ပါ။ သူတို့အားပြုစုကြည့်ရှုရန် ဆွေမျိုးမရှိလျှင် ကျွန်ုပ်တို့၏ အသင်းသားများက ဤကလေးများကိုမွေးစားရကြမည် (သို့မဟုတ်) သူတို့ အတွက် အခြားသင့်လျော်သော အိမ်ထောင်တွင် နေရာရှာပေးရကြမည်။

ဤကလေးများကို သခင်ခရစ်တော်သည် အထူးဂရုစိုက်ကြည့်ရှု တော်မူ၏။ သူတို့ကိုဂရုမစိုက်ဘဲနေခြင်းသည် ကိုယ်တော်ကိုပြစ်မှားရာရောက် ပေသည်။ သခင်ယေရှု၏နာမတော်၌ သူတို့အားကျေးဇူးပြုသောအမှုရှိသမျှ ကို မိမိကိုယ်တော်တိုင်အား ပြုသကဲ့သို့ ကိုယ်တော်သည် လက်ခံသဘောထား တော်မူ၏။[၁၁]

-----*****----

## အခန်း (၁၇)
## လောကတစ်ဝန်းလုံးရှိခရစ်ယာန်တို့သည်သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြ၏

(ဘာသာစကားအမျိုးမျိုး၊ ထုံးစံအမျိုးမျိုးရှိကြသောနိုင်ငံအမျိုးမျိုးမှ အမှုဆောင်များစည်းဝေးကြရာတွင် ဤအခန်း၌ပါသောအကြံပေးချက်အများ ကိုမမဝှိုက်ကပြောပြပါသည်။ မမဝှိုက်အားဖြင့် မိမိ၏လူများအား ထာဝရ ဘုရားသခင်ကပေးတော်မူသောအကြံဉာဏ်များတို့သည် မမဝှိုက်နေထိုင်ရာ အရပ်ရှိ လူများနှင့်သာသင့်လျော်သည်ဟု အချို့သောဤအမှုဆောင်တို့က အလွဲအမှားထင်မြင်ကြသည်။–မမဝှိုက်စာအုပ်များကိုထိန်းသိမ်းသောအဖွဲ့။)

လောကမိဘများထံသို့ ကလေးသူငယ်တစ်ယောက်သည် ရိုးရိုး

ကလေးနှင့်လာသကဲ့သို့ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံသို့လာ၍ရမည် ဟုယုံကြည်လျက် ကိုယ်တော်ကတိထားတော်မူသောအရာတို့ကိုတောင်းကြ လျှင် ကျွန်ုပ်တို့သည်ရလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် ရှိအပ်သောယုံကြည် ခြင်းမျိုးနှင့်ပြုမူကြလျှင် ကျွန်ုပ်တို့၏စည်းဝေးတွင် အထက်ကမရရှိခဲ့ဖူးသေး သော ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် သာ၍ကောင်းချီးမင်္ဂလာကိုခံစား ရလိမ့်မည်။ စည်းဝေးကိုကျင်းပရာ၌ ရက်အနည်းငယ်ကျန်နေသေး၍ ကျွန်ုပ်သည်ဝမ်းသာပါသည်။ မေးစရာအချက်မှာ ကျွန်ုပ်တို့သည် စမ်းရေတွင်းသို့ လာ၍သောက်ကြပါမည်လော။ သမ္မာတရားကိုသွန်သင်ပေးသောသူတို့သည် ပုံသက်သေကိုပြပါမည်လော။ ကျွန်ုပ်တို့သည်ယုံကြည်ခြင်းအားဖြင့် ဘုရားသခင် ၏စကားတော်အတိုင်းလိုက်နာကြလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ကြီးကျယ်သောအမှုတို့ကိုပြုတော်မူမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော် ၌ အများအားဖြင့်စိတ်နှိမ့်ချခြင်းသဘောကို မြင်နိုင်ကြလိမ့်မည်တကား။

ဤစည်းဝေးများအစပြုသောအခါမှစ၍ ကျွန်ုပ်သည် မေတ္တာနှင့် ယုံကြည်ခြင်းအပေါ်၌ စိတ်စွဲလမ်းလျက် နှိုးဆော်ရလိမ့်မည်ဟုထင်ပါသည်။ ဤ သက်သေခံချက်ကို သင်တို့၌လိုသောကြောင့်ဟု ထင်ရပါသည်။ ဤသာသနာ နယ်မြေသို့သွားရောက်ကြသောသူအချို့က သင်တို့သည် ပြင်သစ်တို့အကြောင်း ကို မသိနားမလည်ကြပါ။ ဂျာမန်တို့အကြောင်းကိုလည်း သင်တို့နားမလည် ကြပါ။ သူတို့ကိုတစ်နည်းအားဖြင့် ဆက်သွယ်ရကြမည်ဟုပြောဆိုကြပြီ။

သို့သော် ကျွန်ုပ်ကဤသို့မေးမြန်းကြည့်၏။ ဘုရားသခင်သည် သူတို့ အကြောင်းကို သိတော်မူသည်မဟုတ်လော။ မိမိကျွန်အား လူတို့အတွက် သတင်းစကားကိုပေးတော်မူသောသူသည် ကိုယ်တော်ပင်ဖြစ်တော်မူသည် မဟုတ်လော။ သူတို့သည် ဘယ်အရာကိုအလိုရှိကြသည်ကို ကိုယ်တော်သည် သိရှိတော်မူ၏။ ၎င်းပြင် သတင်းစကားသည် မိမိ၏ကျွန်အားဖြင့် ဘုရားသခင် ထံမှလူတို့ထံသို့ တိုက်ရိုက်ရောက်ရှိလာလျှင် ၎င်းကိုစေလွှတ်လိုက်သောနေရာ ၌ ၎င်းသည် မိမိ၏အမှုတော်ကိုပြီးစီးစေပါလိမ့်မည်။ ၎င်းသည် လူအပေါင်း တို့ကို သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေလိမ့်မည်။ အချို့တို့သည် မုချပြင်သစ်ဖြစ်၍ အခြားသူတို့သည် မုချဂျာမန်ဖြစ်လျက် အခြားသူတို့သည် မုချအမေရိကန်ဖြစ်ကြသော်လည်း သူတို့သည် မုချပင်သခင်ခရစ်တော်နှင့်တူညီ ကြလိမ့်မည်။

ယုဒလူတို့၏ဗိမာန်တော်ကို ကျောက်တော်မှကျောက်တုံးများကိုဖြတ် ယူလာပြီး ဆောက်ရကြ၏။ ၎င်းပြင် ဖြတ်ဆစ်ထားသောကျောက်တုံးတို့ကို ယေရုရှလင်မြို့သို့ယူမလာမီ ဗိမာန်တော်၌ သူ့နေရာနှင့်သင့်လျော်အောင် ဖြတ်ဆစ်ရ၊ သွေးရ၊ အရောင်တင်ရပြီး စမ်းသပ်ကြည့်ရကြသေး၏။ ကျောက်တုံးအားလုံးကို ဆောက်မည့်နေရာသို့ယူလာသောအခါ တူ၊ ရဲတင်း တို့၏အသံကိုမကြားရဘဲ အဆောက်အအုံကိုတည်သွားကြ၏။ ဤအဆောက်

အအုံသည် ဝိညာဉ်ဗိမာန်တော်ကိုပုံဆောင်၏။ ၎င်းတွင်ပါဝင်သောအရာဝတ္ထု များမှာ လူအမျိုးမျိုး၊ ဘာသာစကားအမျိုးမျိုးကိုပြောသောသူတို့အထဲမှ စုဆောင်းထားလျက် အမြင့်၊ အနိမ့်၊ ဆင်းရဲချမ်းသာ၊ ပညာတတ်ပညာမဲ့ မှစ၍ အစားစားပါဝင်ကြ၏။ ဤအရာတို့ကား တူ၊ ဆောက်တို့ဖြင့် သင့်လျော်အောင်ပြုပြင်ပေးနေရသေးသောဝတ္ထုများမဟုတ်ကြ။ သူတို့ကား၊ အသက်ရှင်နေသောကျောက်တုံးများဖြစ်လျက် သမ္မာတရားအားဖြင့် လောက ထဲမှဖြတ်ဆစ်ယူလာရ၏။ ဗိမာန်တော်၏သခင်ဖြစ်သည့် တည်ဆောက်သူ ကြီးသည် သူတို့ကိုဗိမာန်တော်တွင် သူ့နေရာနှင့်သင့်လျော်လာစေရန် ဖြတ်ဆစ်၊ အချောကိုင်လျက်ရှိတော်မူ၏။ ပြီးသောအခါ ဤဗိမာန်တော်သည် အစိတ် အပိုင်းတိုင်း၌စုံလင်၍ ကောင်းကင်တမန်နှင့်လူတို့၏အံ့ဩစရာဖြစ်လာ၏။ အကြောင်းမူကား၊ ၎င်းကိုဆောက်လုပ်တော်မူသောသူသည် ဘုရားသခင်ဖြစ် တော်မူ၏။ မိမိအပေါ်၌ထုရိုက်ခြင်းတစ်စုံတစ်ခုပြုဖို့လိုလိမ့်မည်ဟု မည်သူမျှ မထင်မှတ်ပါနှင့်။

အကျင့်နှင့်အကြံအစည်တိုင်းတွင် စုံလင်သောလူတစ်ယောက်မျှ၊ လူမျိုးတစ်စုံတစ်မျိုးမျှမရှိ။ တစ်ယောက်အကြောင်းကိုတစ်ယောက်သင်ကြား လေ့လာရကြမည်။ ထိုကြောင့် ဘုရားသခင်က လူအမျိုးမျိုးတို့ကိုရောနှောနေ စေရန် အလိုရှိတော်မူ၍ သူတို့သည်စီရင်ရာ၌လည်းကောင်း၊ရည်ရွယ်ချက် ၌လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်စေလိုတော်မူ၏။ ထိုအခါ သခင် ခရစ်တော်၌ရှိသော တစ်လုံးတစ်ဝတည်းသဘောမျိုးသည် ပုံသက်သေဖြစ်သွား လိမ့်မည်။

ဥရောပတိုက်ရှိလူအမျိုးမျိုးသည်ထူးခြား၍ သူတို့အားနည်းတစ်မျိုး အားဖြင့်ဆက်သွယ်ရသည်ဟု အများကဆိုသောကြောင့် ကျွန်ုပ်သည် ဤ တိုင်းပြည်သို့လာရန် ကြောက်ရမလောက်ဖြစ်ပါသည်။ သို့သော် မိမိတို့၌ အလိုရှိနေကြောင်းသိရှိ၍ တောင်းသောသူတို့အားပညာကိုပေးမည်ဟု ဘုရားသခင်သည်ကတိထားတော်မူ၏။ သမ္မာတရားကိုလက်ခံရမည့်နေရာသို့ ဘုရားသခင်သည် လူများကိုခေါ်ဆောင်လာနိုင်တော်မူ၏။ ဘုရားသခင်သည် သင်တို့၏စိတ်သဘောကိုယူ၍ ရွံ့ကိုအိုးထိန်းသည်ပုံသွင်းသကဲ့သို့ ၎င်းစိတ် ကိုပြုပြင်ပါစေ။ ထိုအခါ ဤသဘောကွဲလွဲမှုများရှိလိမ့်မည်မဟုတ်။ ညီအစ်ကို တို့၊ သခင်ယေရှုကိုကြည့်ပါ။ ကိုယ်တော်၏အမူအရာနှင့်သဘောတော်ကို အတုယူပါ။ ထိုအခါ အမျိုးမျိုးသောဤလူစားတို့နှင့်ဆက်ဆံရာတွင် သင်သည် ဒုက္ခရောက်မည်မဟုတ်။

ကျွန်ုပ်တို့၌လိုက်နာရန်ပုံပမာငါးခု၊ ခြောက်ခုရှိသည်မဟုတ်။ တစ်ခု တည်းသာရှိ၍ ထိုအရာမှာ သခင်ယေရှုခရစ်သာလျှင်ဖြစ်တော်မူ၏။ အီတလီ ညီအစ်ကို၊ ပြင်သစ်ညီအစ်ကို၊ ဂျာမန်ညီအစ်ကိုတို့သည် ကိုယ်တော်နှင့်တူရန် ကြိုးစားကြလျှင် မိမိတို့၏အခြေအနေသည် သမ္မာတရား၏အခြေအမြစ်တစ်မျိုး တည်းပေါ်တွင် တည်ရှိနေကြလိမ့်မည်။ တစ်ယောက်အထဲတွင်တည်နေသော သဘောမျိုးသည် အခြားသောသူအထဲတွင်လည်းတည်နေလိမ့်မည်။ ဘုန်းတော် ၏မျှော်လင့်ခြင်း တည်းဟူသော သခင်ခရစ်တော်သည် သူတို့အထဲ၌တည်နေ တော်မူလိမ့်မည်။ ညီအစ်ကိုမောင်နှမ များတို့၊ လူအမျိုးမျိုးတို့ကြားတွင် ခြားနား နေသောနံရံကိုဆောက်မထားရန် ကျွန်ုပ်သတိပေးပါသည်။ တစ်နည်းအားဖြင့် ၎င်းနံရံတည်ရှိလာလျှင်

၎င်းကိုဖြို့ချရန် ကြံစည်ကြိုးစားကြပါ။ သခင်ယေရှု ၌ရှိသောညီညွတ်ခြင်းမျိုးရှိရန် ကျွန်ုပ်တို့သည်ကြိုးစားရကြလျက် တစ်ခုတည်း သောရည်ရွယ်ချက်တည်းဟူသော မိမိတို့လူအချင်းချင်းကို ကယ်တင်ခြင်းအမှု အတွက် လုပ်ဆောင်ရကြမည်။

အမှုဆောင်ရွက်နေသောညီအစ်ကိုတို့၊ သင်တို့သည် ဘုရားသခင်၏ ကတိတော်များကို ကိုင်ဖမ်းကြပါမည်လော။ သင်တို့သည် မျက်မှောက်မှ မိမိကိုယ်ကိုပယ်ရှား၍ သခင်ယေရှုကိုပေါ်လာပါစေ။ ဘုရားသခင်သည် သင်တို့အားဖြင့် အမှုဆောင်ရွက်တော်မမူနိုင်မီ မိမိကိုယ်သည်သေစေရမည်။ လူတစ်ယောက်၌လည်းကောင်း၊ အခြားတစ်ယောက်၌လည်းကောင်း ဤနေရာ၊ ထိုနေရာတို့၌ ကိုယ်ကိုသာကြည့်ရှုသောသဘောသည် ပေါ်လာသည်ကိုတွေ့ ရသောအခါ ကျွန်ုပ်သည်စိုးရိမ်ထိတ်လန့်မိသည်။ သင်တို့၏အလိုဆန္ဒများသည် သေသွားရမည်ဟု နာဇရက်မြို့သားယေရှု၏နာမတော်၌ သင်တို့ကို ကျွန်ုပ်ပြောဆိုပါသည်။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော်ကဲ့သို့ဖြစ်လာ ရကြမည်။ ဘုရားသခင်သည် သင့်ကိုအရည်ပျော်စေ၍ ညစ်ညူးခြင်းမှ ဆေးကြောရန်အလိုရှိတော်မူ၏။ သင်သည် ဘုရားသခင်၏တန်ခိုးတော်နှင့် မပြည့်ဝနိုင်မီ သင့်အတွက်ပြုလုပ်ရန်ကြီးသောအမှုကြီးတစ်ခုရှိသည်။ ဤ စည်ဝေးမပြီးမီ သင်တို့သည် ဘုရားသခင်၏ကြွယ်ဝသောကောင်းချီးမင်္ဂလာကိုခံစားရကြောင်းသိရှိဖို့ ဘုရားသခင်ထံတော်သို့ချဉ်းကပ်ရန် သင်တို့ကို ကျွန်ုပ်တောင်းပန်ပါသည်။၁

## လူမျိုးနှင့်သခင်ခရစ်တော်၏ဆက်သွယ်ရေး

သခင်ခရစ်တော်သည် လူမျိုး၊ အဆင့်အတန်း၊ အယူဝါဒတို့ကို ခွဲခြားနေတော်မူသည်မဟုတ်။ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့သည် ကောင်းကင် ဆုကျေးဇူးအပေါင်းတို့ကို မိမိတို့လူတစ်မျိုးတည်းသာခံစားခြင်းငှာအလိုရှိပြီး လောကတွင်ရှိ ဘုရားသခင်၏ကျန်သောအိမ်ထောင်သားများကို ဖယ်ရှား ထားလိုကြသည်။ သို့ရာတွင် သခင်ခရစ်တော်သည် ခြားနားသောနံရံရှိသမျှ ကိုဖြိုဖျက်ရန် ကြွလာတော်မူ၏။ ကိုယ်တော်၏မေတ္တာနှင့်ကရုဏာ ဆုကျေးဇူး တို့သည် မြေကြီးကိုလန်းဆန်းစေသောလေ၊ အလင်းနှင့်မိုးရေကဲ့သို့ချုပ်ချယ်ခြင်းမရှိကြောင်းကိုပြရန် ကိုယ်တော်သည်ကြွလာတော်မူ၏။

သခင်ခရစ်တော်၏အသက်တာသည် ဇာတ်မရှိသောဘာသာတရား ကိုတည်ထောင်ခဲ့၏။ ယုဒလူနှင့်တစ်ပါးအမျိုးသား၊ လူလွတ်နှင့်ကျွန်တို့ကို ညီအစ်ကိုကဲ့သို့ ဘုရားသခင်ရှေ့တော်၌ ညီမျှစွာဆက်သွယ်စေသောဘာသာ တရားဖြစ်၏။ ကိုယ်တော်၏ လုပ်ငန်းတို့သည် နိုင်ငံရေးသြဇာနှင့်ကင်းလွတ်

၏။ ကိုယ်တော်သည် အိမ်နီးချင်းနှင့်ဧည့်သည်၊ မိတ်ဆွေနှင့်ရန်သူတို့ကို ခွဲခြားထားတော်မမူ။ ကိုယ်တော်၏စိတ်နှင့်တွေ့သောသူကား အသက်ရေကို ငတ်မွတ်သောဝိညာဉ်ဖြစ်သည်။

ကိုယ်တော်သည် လူသတ္တဝါတစ်ယောက်ကိုမျှ အဖိုးမတန်သကဲ့သို့ ကျော်လွန်သွားတော်မမူဘဲ ဝိညာဉ်တိုင်းအားကျန်းမာစေသောဆေးဝါးပေးဖို့ရန် ကြိုးစားတော်မူ၏။ မည်ကဲ့သို့သောလူစု၌မဆို ကိုယ်တော်ကိုတွေ့ရသောအခါ တိုင်းကိုယ်တော်သည်အချိန်ကာလ၊ အခြေအနေတို့နှင့်သင့်လျော်သော သင်ခန်းစာတစ်ခုကိုဖော်ပြတော်မူ၏။ လူများတို့က မိမိတို့လူအချင်းချင်းကို ဂရုမစိုက်ခြင်း၊ စော်ကားခြင်းအမှုရှိသမျှတို့ကြောင့် ကိုယ်တော်၏ဘုရားသခင် နှင့်လူဇာတိပါရှိသော စာနာခြင်းမျိုးကို သူတို့သည်အလိုရှိကြကြောင်းကို ကိုယ်တော်သည် သာ၍သိရှိလာတော်မူ၏။ အကြမ်းဆုံးနှင့်မျှော်လင့်စရာ မရှိဆုံးသောသူတို့အား မျှော်လင့်ခြင်းရှိစေရန်နိုးကြားစေဖို့ ကိုယ်တော်သည် ရှာကြံကြိုးစားတော်မူလျက် သူတို့အားဘုရားသခင်၏သားသမီးများဖြစ်စေဖို့ လိုသောအကျင့်ကိုရရှိလောက်အောင် သူတို့သည်အပြစ်တင်ခြင်းနှင့်ကင်း၍ ဘေးရန်ကင်းသောသူများဖြစ်လာနိုင်ကြသည်ဟူသောကတိတော်ကို သူတို့အား ပေးတော်မူ၏။[၂]

ဘုရားသခင်၏သားသမီးတို့သည် သခင်ခရစ်တော်၌တစ်လုံးတစ်ဝ တည်းဖြစ်ကြသောကြောင့် သခင်ယေရှုသည် ဇာတ်၊ အဖွဲ့အစည်းကွဲပြားခြင်း၊ အသားအရေ၊ လူမျိုး၊ အဆင့်အတန်း၊ ဥစ္စာပစ္စည်း၊ မျိုးရိုး (သို့မဟုတ်) ရရှိသောအကျိုးများကြောင့် လူအချင်းချင်းတို့၌ကွဲပြားခြင်းအမှုတို့ကို မည်ကဲ့သို့ သဘောထားတော်မူသနည်း။ စည်းလုံးခြင်း၏အကြောင်းရင်းမှာ သခင်ခရစ်တော် ၌ယုံကြည်သောသူတို့၏ညီမျှခြင်းအခြေအနေပင်ဖြစ်သည်။[၃]

## စည်းလုံးခြင်းကိုရရှိစေကြောင်းပုံပမာ

နှစ်များစွာအထက် သခင်ခရစ်တော်မကြာမီကြွလာတော်မူခြင်းကို ယုံကြည်သောသူလူစုသည် အလွန်နည်းသေးသောအခါက မိန်းနယ်၊ ကော့(ပ်) ရှမ်မြို့၌ ဥပုသ်စောင့်သောသူတို့သည် ဆရာစကော့(ခ်)ဘရစ်(ဂျ်)ဟောင်လန် ၏အိမ်ရှိမီးဖိုခန်းကြီးတွင် စည်းဝေးရန်စုရုံးကြ၏။ ဥပုသ်နေ့တစ်နေ့၌ ဆရာ ဟောင်လန်သည် စည်းဝေးမတက်ဘဲနေ၏။ သူသည် အမြဲအချိန်မှန်စွာ စည်းဝေးလာတက်သောကြောင့် ကျွန်ုပ်တို့သည်အံ့ဩရကြ၏။ မကြာမီ သူသည်

မျက်နှာ၌ဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းတောက်လျက်ဝင်လာ၏။ သူက "ညီအစ်ကိုတို့၊ ကျွန်ုပ်တွေ့ရှိရပြီ။ သင်သည် ဘယ်အခါမျှမလဲရဟူသော ဘုရားသခင်၏စကားတော်နှင့်အညီ လိုက်နာပြုကျင့်နိုင်သောအချက်တစ်ခုကို ကျွန်ုပ်တွေ့ရှိရပြီ။ ဤအကြောင်းကိုပြောပြမည်" ဟုပြောဆို၏။

ဆင်းရဲသောတံငါသည်တစ်ယောက်ဖြစ်သူညီတစ်ဦးက သူ့ကိုဂရုစိုက် သင့်သလောက်များစွာဂရုမစိုက်ဘဲနေကြ၍ ဆရာဟောင်လန်နှင့်အခြားသူတို့ သည် သူ့ထက်သာကြသည်ဟုထင်ကြသည်ဟု ထင်မြင်နေသည်ကိုတွေ့ရှိ ရသည်ဟု သူကကျွန်ုပ်တို့အားပြောပြ၏။ ဤအချက်သည် မမှန်ချေ၊ သို့သော် သူ့အဖို့မှန်သည်ဟုထင်ရ၏။ ၎င်းပြင် ရက်သတ္တပတ်အတော်ကြာ သူသည် စည်းဝေးမတက်ဘဲနေခဲ့၏။ ထို့ကြောင့် ဆရာဟောင်လန်သည် သူ၏အိမ် သို့သွား၍ သူ့ရှေ့၌ဒူးထောက်လျက် "ကျွန်ုပ်၏ညီ၊ ကျွန်ုပ်၏အပြစ်ကိုလွှတ် ပါ။ ကျွန်ုပ်သည်ဘယ်ကဲ့သို့ပြုခဲ့ပါသနည်း" ဟုပြောဆို၏။ ထိုလူသည် သူ၏လက်ကိုကိုင်၍ သူ့အားမတ်တတ်ရပ်ဖို့ကြိုးစား၍ရိုမနေ၏။ ဆရာဟောင်လန်က "မထဘူး၊ ခင်ဗျား ကျွန်ုပ်အပေါ်၌ဘယ်လိုထင်နေသလဲ" ဟုပြော၏။ သူက "ဘယ်လိုမျှမထင်ပါဘူး" ဟုပြန်ပြော၏။ ဆရာ ဟောင်လန်က "သို့သော် ခင်ဗျားထင်မှတ်ရမှာပဲ၊ အဘယ်ကြောင့်ဆိုသော် တစ်ကြိမ်ကခင်ဗျားနှင့်ကျွန်ုပ်သည် တစ်ဦးနှင့်တစ်ဦးစကားပြောကြသော်လည်း ယခုခင်ဗျားသည် ကျွန်ုပ်ကိုလုံးလုံးစကားမပြောတော့ပါ။ ၎င်းပြင် ဘယ်အတွက် ဤကဲ့သို့ပြုသည်ကို ကျွန်ုပ်သိလိုပါသည်" ဟုပြောပြ၏။

သူက "ထပါဆရာဟောင်လန်" ဟုဆို၏။ ဆရာဟောင်လန်ကလည်း "မထဘူး" ဟုဆို၏။ သူက "သို့ဖြစ်လျှင် ကျွန်ုပ်ဒူးထောက်ရမည်ဟုဆို လျက် ဒူးထောက်ပြီးလျှင် သူသည် မည်မျှကလေးဆန်ပြီး၊ မကောင်းတလွဲ ထင်မှတ်ခြင်းအမှုများကို မည်မျှများစွာပြုခဲ့ပြီနည်း" ဟုပြောဆိုဝန်ခံ၏။ ယခု ဤအရာအားလုံးကိုပယ်ရှားလိုက်ပါပြီ" ဟု သူကပြောပြ၏။

ဆရာဟောင်လန်သည် ဤအကြောင်းကိုပြောပြနေစဉ် သူ၏မျက်နှာ သည် ဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းတောက်နေ၏။ သူသည် ပြောပြ ပြီးသည်နောက် ချက်ချင်းပင် တံငါသည်နှင့်သူ၏အိမ်ထောင်သည်ဝင်လာ ကြသဖြင့်ကျွန်ုပ်တို့၌ အလွန်ကောင်းသောစည်းဝေးကိုကျင်းပရ၏။

ကျွန်ုပ်တို့သည် ဆရာဟောင်လန်ပြုလုပ်သည့်နည်းအတိုင်း လိုက်နာ ပြုလုပ်သည်ဟု ဆိုကြစို့။ ကျွန်ုပ်တို့၏ညီတစ်ယောက်သည် မကောင်းသော အရာကိုထင်မြင်သောအခါ ကျွန်ုပ်တို့သည် သူ့ထံသွား၍ အကျွန်ုပ်သည် သင့်အားအကျိုးယုတ်စေသောအမှုတစ်စုံတစ်ခုကိုပြုခဲ့လျှင် အကျွန်ုပ်၏အပြစ် ကိုလွှတ်ပါဟုပြောဆိုလျှင် ကျွန်ုပ်တို့သည် စာတန်၏ချည်နှောင်ခြင်းကိုဖြေလျက် ကျွန်ုပ်တို့၏ညီအားသွေးဆောင်ခြင်းများထံမှကယ်နုတ်နိုင်ကြလိမ့်မည်။ သင်နှင့်သင်၏ညီကြားတွင် မည်သည့်အရာမျှဝင်ရောက်တည်ရှိမနေစေနှင့်။ မယုံသင်္ကာစရာအချက်ကိုပယ်ရှားရန် သင်သည် စွန့်စားပူဇော်ခြင်းအမှုတစ်စုံ

တစ်ခုကိုပြုနိုင်လျှင် ပြုလုပ်ပါ။ ကျွန်ုပ်တို့သည် အချင်းချင်းအား ညီအစ်ကို ကဲ့သို့ချစ်စေဖို့ ဘုရားသခင်သည်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့အားသနား ကြင်နာ၍ယဉ်ကျေးစေဖို့ ဘုရားသခင်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့၏ညီသည် ကျွန်ုပ်တို့ကိုချစ်သည်ဟုယုံကြည်စေရန် ကျွန်ုပ်တို့ကိုယ်ကိုသွန်သင်စေဖို့အလို ရှိတော်မူ၏။ သူ့ကိုမေတ္တာရှိမှ သူကကိုယ်ကိုပြန်၍မေတ္တာရှိ၏။

ကျွန်ုပ်တို့၏ညီအစ်ကိုတို့အား ကောင်းကင်တွင်တွေ့ဆုံရန် ကျွန်ုပ် တို့သည်မျှော်လင့်ပါသလော။ ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်၌ သူတို့နှင့် ငြိမ်သက်ညီညွတ်စွာနေထိုင်လျှင် ထိုအရပ်၌ကျွန်ုပ်တို့သည် သူတို့နှင့်နေနိုင် လိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်၌ အမြဲငြင်းခုံခြင်း၊ ရန်တွေ့ခြင်းမရှိဘဲ သူတို့နှင့်မနေနိုင်ကြလျှင် မည်ကဲ့သို့နည်းအားဖြင့် ကျွန်ုပ် တို့သည် ကောင်းကင်၌ သူတို့နှင့်နေနိုင်မည်နည်း။ မိမိတို့၏ညီအစ်ကိုများမှ ခွဲခွာနေ၍ ရန်တွေ့ခြင်း၊ သဘောကွဲလွဲခြင်းတို့ကို ဖြစ်စေသောအပြုအမူမျိုးတို့ကို လိုက်နာနေကြသောသူတို့သည် လုံးလုံးပြောင်းလဲခြင်းရောက်ဖို့လိုပေသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကိုအရည်ပျော်စေလျက် သခင်ခရစ်တော်၏ မေတ္တာအားဖြင့် နိုပ်ကွပ်ထားရမည်။ ကရာနိကုန်း၏လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းဖြင့် ကိုယ်တော်ပြတော်မူသောမေတ္တာမျိုးကို ကျွန်ုပ်တို့အထဲ၌ ဖြစ်ပေါ်လာစေရမည်။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်အနီးသို့သာ၍နီးကပ်စွာချဉ်းကပ်ရကြမည်။ ကျွန်ုပ်တို့သည် များစွာဆုတောင်း၍ ယုံကြည်ခြင်းရှိ စေရန် ကြိုးစားလေ့လာရကြမည်။ ကျွန်ုပ်တို့သည် သာ၍စိတ်နူးညံ့သိမ်မွေ့လျက် သာ၍ကြင်နာသနားပြီး ယဉ်ကျေးခြင်းရှိရကြမည်။ ကျွန်ုပ်တို့သည် ဤလောက ကိုတစ်ကြိမ်သာဖြတ်သွားရကြမည်။ ကျွန်ုပ်တို့နှင့်ပေါင်းသင်းဆက်ဆံသော သူတို့အပေါ်၌ သခင်ခရစ်တော်၏သဘောတော်မျိုးကိုစွဲလမ်းသွားစေရန် ကျွန်ုပ်တို့သည်မကြိုးစားဘဲနေရကြမည်လား။

ကျွန်ုပ်တို့၏ခိုင်မာသောစိတ်နှလုံးကိုချိုးဖဲ့ပစ်ရမည်။ ကျွန်ုပ်တို့သည် အမှန်စည်းလုံးညီညွတ်ခြင်းနှင့်စုရုံးလာကြဖို့လိုလျက် ကျွန်ုပ်တို့အားနာဇရက် မြို့သားယေရှု၏အသွေးနှင့် ဝယ်ယူတော်မူကြောင်း အသေအချာသိရှိဖို့လို ပေသည်။ အသီးအသီးဤကဲ့သို့ပြောဆိုကြပါစေ။ "ကိုယ်တော်သည် ကျွန်ုပ် အတွက် မိမိ၏အသက်ကိုစွန့်တော်မူပြီ။ ၎င်းပြင် ကျွန်ုပ်သည် ဤလောက ထဲသို့သွားနေစဉ် ကျွန်ုပ်အတွက်အသက်ကိုစွန့်တော်မူရာ၌ ကိုယ်တော်က ထင်ရှားစေတော်မူသောမေတ္တာကို ကျွန်ုပ်သည် ဖော်ပြရမည်ကို ကိုယ်တော် သည်အလိုရှိတော်မူ၏။" ဘုရားသခင်သည် ဖြောင့်မတ်သော်လည်း ကိုယ်တော် ကိုယုံကြည်သောသူတို့အား ဖြောင့်မတ်ရာ၌တည်စေတော်မူသောသူဖြစ်မည် အကြောင်း သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် မိမိကိုယ်၌ ကျွန်ုပ်တို့၏အပြစ်ကိုယူဆောင်သွားတော်မူ၏။ သခင်ခရစ်တော်အား မိမိတို့ ကိုယ်ကိုအပ်နှံသောသူအပေါင်းတို့အတွက် အသက်၊ ထာဝရအသက်ရှိသည်။[၆]

## စည်းလုံးခြင်း၌ခွန်အားရှိခြင်း

စည်းလုံးခြင်းရှိရန် စိတ်အားကြီးစွာကြိုးစားပါ။ ၎င်းသည် သင့်အား ဝိညာဉ်ကျန်းမာရေး၊ မြင့်မြတ်သောအကြံအစည်၊ မြင့်မြတ်သောအကျင့်၊ ကောင်းကင်၌စွဲလမ်းသောစိတ်တို့ကိုရရှိစေလျက် ကိုယ်ကျိုးရှာခြင်းနှင့်မကောင်း ထင်မြင်ခြင်းသဘောတို့ကိုအောင်မြင်စေပြီး သင့်ကိုချစ်၍ သင့်အတွက်မိမိ ကိုယ်ကိုပေးတော်မူသောကိုယ်တော်အားဖြင့် အောင်မြင်သောသူထက်သာ၍ ကြီးမြတ်သောသူဖြစ်စေလိမ့်မည်။ မိမိကိုယ်ကိုလက်ဝါးကပ်တိုင်၌ရိုက်ထားပါ။ အခြားသောသူတို့သည် သင့်ကိုယ်တိုင်ထက်သာ၍ကောင်းသည်ဟုထင်မှတ် ပါ။ ထိုသို့အားဖြင့် သင်သည် သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ် လာလိမ့်မည်။ကောင်းကင်တစ်ပြင်လုံးရှေ့၌လည်းကောင်း၊ အသင်းတော်နှင့် လောကရှေ့၌လည်းကောင်း သင်တို့သည် ဘုရားသခင်၏သားသမီးဖြစ်ကြ ကြောင်း မမှားနိုင်သောသက်သေကို ဖော်ပြကြလိမ့်မည်။ သင်ဖော်ပြသောပုံသက်သေအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားလိမ့်မည်။

ခရစ်ယာန်မေတ္တာနှင့် ဘုရားသခင်လူများ၏စိတ်ကိုချည်နှောင်ထား သောအဲ့ဖွယ်အမှုကို မိမိရှေ့၌ထင်ရှားစွာပြသည်ကို လောကသည်မြင်လို၏။ ထာဝရဘုရားသခင်၏လူများသည် သခင်ခရစ်တော်၌ ကောင်းကင်နေရာများတွင် အတူတကွနေထိုင်ကြသည်ကို လောကသည်မြင်လို၏။ ဘုရားသခင် ကိုချစ်၍ ကိုးကွယ်သောသူတို့အတွက် ဘုရားသခင်၏သမ္မာတရားသည် မည်ကဲ့သို့ပြုနိုင်သည်ဟူသောသက်သေကို သင်၏အသက်တာ၌မဖော်ပြဘဲ နေမည်လော။ သင်သည် အဘယ်သို့ဖြစ်နိုင်သည်ကို ဘုရားသခင်သည် သိတော်မူ၏။ သင်သည် ဘုရားသခင်သဘောမျိုးကိုခံယူရရှိမည်ဖြစ်လျှင် ဘုရားသခင်၏ကျေးဇူးတော်သည် သင့်အဖို့မည်ကဲ့သို့ပြုလုပ်နိုင်သည်ကို ဘုရားသခင်သည်သိတော်မူ၏။၅

"ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ် ၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘောတစ်သံတစ်သမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း ငါတို့သခင်ယေရှုခရစ်၏နာမတော်ကိုအမှီပြု ၍သင်တို့ကိုငါနှိုးဆော်တောင်းပန်ပါ၏" ၁ကော ၁း၁၀။

စည်းလုံးခြင်းသည်ခွန်အားဖြစ်၏။ ကွဲပြားခြင်းသည် အားနည်းခြင်းဖြစ်၏။ ခေတ်ကာလ၏သမ္မာတရားကိုယုံကြည်သောသူတို့သည် စည်းလုံး ခြင်းရှိကြလျှင် သူတို့သည်ထိရောက်သောအကျိုးကိုဖြစ်စေကြ၏။ စာတန်သည်

ဤအကြောင်းကိုသိနားလည်၏။ ဘုရားသခင်၏လူတို့အထဲတွင် စိတ်နာခြင်း၊ သဘောကွဲခြင်းအမှုတို့ကိုဖြစ်ပေါ်လာစေခြင်းဖြင့် ဘုရားသခင်၏သမ္မာတရားကိုအကျိုးမဖြစ်ထွန်းစေရန် ယခုအခါထက် ဘယ်အခါကမျှသူသည် သာ၍စိတ်ပြင်းခြင်းမပြုဖူးခဲ့ချေ။ ၆

-----*****----

(1) 9T, 179-182; (2) 9T, 190,191; (3) RH, Dec. 22, 1891; (4) 9T, 191-193; (5) 9T, 188; (6) 5T, 236.

## အခန်း (၁၈)
## လူ၏ပုံသဏ္ဍာန်ရှိသောဘုရားသခင်၌ ယုံကြည်ခြင်း

နောက်ဆုံးဆုံးဖြတ်ချက်ပြုသောနေ့၌ ဘုရားသခင်သည် လူတိုင်း တို့ကိုအမည်နာမဖြင့်သိကျွမ်းတော်မူကြောင်းကို တွေ့ရှိရလိမ့်မည်။ အသက်တာ၏ အပြုအမူတိုင်းတို့အတွက် လူမမြင်နိုင်သောသက်သေများရှိပေသည်။ “မီးခွက်ခုနစ်လုံးအလယ်၌သွားလာသောသူ” က “သင်အကျင့်ကျင့်ခြင်း-- ကိုငါသိ၏” ဟုမိန့်တော်မူ၏။ (ဗျာ ၂း၁)။ မည်ကဲ့သို့သောအခွင့်အရေး များကို ဂရုမစိုက်ဘဲနေခဲ့သည်ကိုသိရှိရသည်။ ကောက်သောလမ်းများ၌ လှည့်လည်နေသောသူတို့ကိုရှာဖွေ၍ ဘေးကင်းငြိမ်သက်သောလမ်းသို့ပို့ဆောင် ရန် ကောင်းသောသိုးထိန်းကြီးသည် မည်မျှမပင်မပန်းကြိုးစားနေသည်ကိုသိရှိ ရသည်။ လောကပျော်မွေ့ခြင်းကိုနှစ်သက်သောသူများကို ဘုရားသခင်သည် ထပ်တလဲလဲခေါ်တော်မူပြီ။ သူတို့သည် ဘေးကိုမြင်၍ကင်းလွတ်မည်အကြောင်း ဘုရားသခင်သည် သူတို့၏လမ်းခရီးတွင် နှုတ်ထွက်စကားတော်အလင်းကို ထပ်တလဲလဲထွန်းလင်းစေတော်မူပြီ။ သို့ရာတွင် သူတို့ကိုစုံစမ်းခြင်းကာလ ကုန်ဆုံးသည်တိုင်အောင် သူတို့သည်ပြောင်လှောင်ကျီစယ်လျက် ကျယ်သော

လမ်းခရီးတွင် ဆက်လက်သွားနေကြ၏။ ဘုရားသခင်၏ လမ်းများသည်ဖြောင့်မှန်၍ညီမျှကြ၏။ ၎င်းပြင် လျှော့နေသည်ကိုတွေ့ရသောသူတို့အား စီရင်ချက်ချသောအခါ ပါးစပ်တိုင်းသည် ပိတ်နေရလိမ့်မည်။[၁]

သဘာဝတစ်ခုလုံးကိုပြုပြင်စီမံနေ၍ အရာခပ်သိမ်းတို့ကိုထောက်မ နေသော အလွန်ကြီးသောတန်ခိုးမှာ အချို့သောလောကဓာတ်ပညာရှိများ ဖော်ပြသည့်အတိုင်း နေရာတကာနှံ့ပျံ့နေသောအခြေခံဥပဒေ၊ လှုံ့ဆော်သော သတ္တိမဟုတ်ပါ။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်တော်မူ၏။ သို့ရာတွင် လူကိုမိမိ၏ပုံသဏ္ဍာန်နှင့်ဖန်ဆင်းတော်မူသောကြောင့် ဘုရားသခင်သည် လူပုံသဏ္ဍာန်ရှိသောပုဂ္ဂိုလ်ဖြစ်တော်မူ၏။

သဘာဝတွင်တွေ့ရှိရသော ဘုရားသခင်၏လက်ရာတော်များသည် သဘာဝတွင်ဖော်ပြထားသော ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်မဟုတ်။ သဘာဝတွင်တွေ့ရှိရသောအရာများတို့သည် ဘုရားသခင်၏ဘုန်းတော်၊ သဘောတော်ကိုဖော်ပြထင်ရှားစေခြင်းဖြစ်ပေသည်။ ၎င်းတို့အားဖြင့် ကျွန်ုပ် တို့သည် ဘုရားသခင်၏မေတ္တာတော်၊ ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ဘုန်းတော်တို့အကြောင်းကို သိရှိနားလည်နိုင်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် သဘာဝကို ဘုရားသခင်ကဲ့သို့သဘောမထားရ။ လူတို့ ထူးခြားသောအစွမ်းသတ္တိအားဖြင့် အလွန်လှပသောအရာဝတ္ထု၊ ကြည့်ရှု၍ နှစ်သက်ဖွယ်သောဝတ္ထုတို့ကိုဖြစ်စေလေပြီ။ ဤအရာနည်းလမ်းအားဖြင့် ထိုအမှုသည် မိမိ၏သဘောကို ကျွန်ုပ်တို့အားဖော်ပြကြ၏။ သို့သော် ထိုသို့ပြုလုပ်ထားသောအရာတို့သည် လူမဟုတ်။ ချီးမွမ်းခြင်းခံရသည်မှာ အလုပ်မဟုတ်ဘဲ လုပ်ကိုင်ဆောင်ရွက်သောသူဖြစ်၏။ ထို့အတူ သဘာဝ သည် ဘုရားသခင်၏သဘောတော်ကိုထင်ရှားစေသောအရာဖြစ်သော်လည်း ချီးမြှောက်အပ်သောအရာသည် သဘာဝမဟုတ်ဘဲ သဘာဝကိုပြုပြင်တော်မူ သောဘုရားသခင်ဖြစ်တော်မူ၏။

လူကိုဖန်ဆင်းရာ၌ လူပုံသဏ္ဍာန်ရှိတော်မူသော ဘုရားသခင်၏ ကိုယ်စားတော်ကိုထင်ရှားစေ၏။ ဘုရားသခင်သည် လူကိုမိမိ၏ပုံသဏ္ဍာန် နှင့်အညီ ပြုလုပ်တော်မူစဉ်အခါက လူပုံသဏ္ဍာန်သည် အရာခပ်သိမ်းပြုပြင် ထားသမျှတွင် စုံလင်လျက်ရှိသော်လည်း ၎င်းတွင်အသက်မရှိသေး။ ထိုနောက် လူပုံသဏ္ဍာန်ရှိလျက် အလိုအလျောက်တည်ရှိနေတော်မူသောဘုရားသခင်သည် ထိုပုံသဏ္ဍာန်ထဲသို့ ဇီဝအသက်ကိုမှုတ်သွင်းတော်မူသောအခါ လူသည် အသက်ရှိ၍ သိနားလည်တတ်သောသတ္တဝါဖြစ်လာ၏။ လူ၏ကိုယ်ခန္ဓာ အင်္ဂါအစိတ်အပိုင်း အားလုံးသည် လှုပ်ရှားလာကြ၏။ နှလုံး၊ သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ လျှာ၊ လက်များ၊ခြေများ၊ အာရုံငါးပါး၊ စိတ်၏ထင်မြင် မှုမှစ၍ အားလုံးတို့သည် မိမိတို့၏လုပ်ငန်းများကိုအစပြုလုပ်ဆောင်ကြ၍ ထိုအရာအားလုံးသည် ဥပဒေပညတ်လက်အောက်၌တည်ရှိလာ၏။ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လာ၏။ သခင်ခရစ်တော်အားဖြင့် လူပုံသဏ္ဍာန် ရှိသောဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူပြီးလျှင် လူအားသိနားလည် တတ်သောဉာဏ်နှင့်အစွမ်းသတ္တိကို ပေးတော်မူ၏။

ကျွန်ုပ်တို့ကိုဆိတ်ကွယ်ရာအရပ်၌ဖန်ဆင်းတော်မူသောအခါ ကျွန်ုပ် တို့၏ကိုယ်ကာယကို ကိုယ်တော်ထံမှဝှက်ထားသည်မဟုတ်ပါ။ ကိုယ်တော် သည် မစုံလင်သောကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုမြင်တော်မူပြီး ၎င်းပြင် ကျွန်ုပ်

တို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် မတည်မရှိသေးမီကပင် ကိုယ်တော်၏စာစောင် ၌ ၎င်းတို့ကိုရေးမှတ်ထားတော်မူပြီ။

အောက်ကျသောသတ္တဝါများတို့တွင် ဖန်ဆင်းခြင်း၏အထွတ်အထိပ် ဖြစ်သောလူသည် ဘုရားသခင်၏သဘောတော်ကိုဖော်ပြလျက် ဘုရားသခင် ၏ဘုန်းတော်ထင်ရှားစေရမည်ဟု ဘုရားသခင်ကစီမံကြံစည်ထားတော်မူ၏။ သို့ရာတွင် လူသည် ဘုရားသခင်ကဲ့သို့ မိမိကိုယ်ကိုမချီးမြှောက်ရ။၂

## ခမည်းတော်ဘုရားသခင်သည် သခင်ခရစ်တော်၌ ထင်ရှားတော်မူခြင်း

လူပုံသဏ္ဌာန်ကိုဆောင်သောပုဂ္ဂိုလ်အဖြစ်နှင့် ဘုရားသခင်သည် မိမိ၏ သားတော်၌ထင်ရှားစွာဖော်ပြတော်မူပြီ။ ခမည်းတော်၏ဘုန်းတော်ထွန်းတောက် စေ၍” ဇာတိအဖြစ်တော်၏ပုံသဏ္ဌာန် (ဟေဗြဲ ၁း၃) ဖြစ်တော်မူသော သခင်ယေရှုကို မြေကြီးပေါ်၌လူပုံသဏ္ဌာန်၊ လူဇာတိဖြင့်တွေ့ရှိရ၏။ လူပုံ သဏ္ဌာန်ကိုဆောင်သော ကယ်တင်ရှင်အဖြစ်နှင့် ကိုယ်တော်သည် လောကသို့ကြွလာတော်မူ၏။ လူပုံ သဏ္ဌာန်ကိုဆောင်သော ကယ်တင်ရှင်အဖြစ်နှင့် ကိုယ်တော်သည် မြင့်သော အရပ်သို့တက်ကြွတော်မူ၏။ လူပုံသဏ္ဌာန်ကို ဆောင်သောကယ်တင်ရှင်အဖြစ်နှင့် ကိုယ်တော်သည် ကောင်းကင်ဗိမာန် တော်အခန်းများ၌ ကျွန်ုပ်တို့အတွက်ကြားဝင်၍ အမှုဆောင်ရွက်နေတော်မူ၏။ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ကျွန်ုပ်တို့အတွက် "လူသားနှင့်တူသော သူတစ်ဦး” သည် အမှုဆောင်ရွက်လျက်ရှိ၏။ (ဗျာ ၁း၁၃)။

လောက၏အလင်းဖြစ်တော်မူသော သခင်ခရစ်တော်သည် မိမိ၏ ဘုရားသခင်အဖြစ်တော်တည်းဟူသော တောက်ပသောဘုန်းအလင်းကိုဖုံးအုပ် ထားပြီးလျှင် လူတို့အထဲတွင် လူကဲ့သို့လာရောက်နေထိုင်တော်မူ၏။ အကြောင်း ကား၊ လူတို့ သည် လောင်ကျွမ်းခြင်းမခံရဘဲ မိမိတို့ကိုဖန်ဆင်းတော်မူသော သခင်နှင့် အကျွမ်းဝင်မိတ်ဆွေဖွဲ့ရမည်အကြောင်းတည်း။ သခင်ခရစ်တော် အားဖြင့် ဘုရားသခင်ကိုထင်ရှားစေသောအခါမှလွဲ၍ မည်သူမျှဘုရားသခင်ကို မျက်စိဖြင့် ဘယ်အခါမျှမမြင်ခဲ့ဖူးကြချေ။

ဘုရားသခင်သည် လူတို့အားသိရှိစေဖို့အလိုရှိတော်မူသောအရာတို့ကို သူတို့အားသွန်သင်ရန် သခင်ခရစ်တော်သည် ကြွလာတော်မူ၏။ ကောင်းကင်ပတ်ဝန်းကျင်၌လည်းကောင်း၊ မြေကြီးတစ်ပြင်လုံး၌လည်းကောင်း၊ ကျယ်ဝန်းသောသမုဒ္ဒရာရေပြင်ထဲ၌လည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင် ၏လက်ရာတော်ကို တွေ့မြင်ရကြ၏။ ဖန်ဆင်းထားတော်မူသောအရာခပ်သိမ်း တို့သည် ဘုရားသခင်၏တန်ခိုးတော်၊ ဘုရားသခင်၏ဉာဏ်ပညာတော်၊ ဘုရားသခင်၏မေတ္တာတော်အကြောင်းကို သက်သေခံကြ၏။ သို့ရာတွင် ကြယ်နက္ခတ်များမှလည်းကောင်း၊ သမုဒ္ဒရာနှင့်ရေတံခွန်များမှလည်းကောင်း ဘုရားသခင်သည် လူပုံသဏ္ဍာန်နှင့်ပြည့်စုံတော်မူကြောင်းကို သခင်ခရစ်တော် ၌ဖော်ပြထင်ရှားစေသကဲ့သို့ ကျွန်ုပ်တို့သည် မသိနားမလည်နိုင်ကြပါ။

မိမိ၏ပုံသဏ္ဍာန်တော်နှင့် မိမိ၏ဂုဏ်တော်၊ သဘောတော်တို့ကို သဘာဝက ထင်ရှားစေသည်ထက် သာ၍ထင်ရှားပေါ်လွင်စေရန် ပြုလုပ်ဖို့လို သည်ကို ဘုရားသခင်သည်သိမြင်တော်မူ၏။ လူ၏စက္ခုအာရုံက ခံရပ်နိုင် သလောက်မမြင်ရသောဘုရားသခင်၏သဘောတော်၊ ဂုဏ်တော်ကိုသိမြင် ထင်ရှားစေနိုင်မည်အကြောင်း ဘုရားသခင်သည် မိမိ၏သားတော်ကိုစေလွှတ် တော်မူ၏။

ဘုရားသခင်သည် ပန်း၊ သစ်ပင်နှင့်မြက်ပင်မှစသော သဘာဝ ပစ္စည်းတို့တွင် ကိုယ်တော်တိုင်တည်ရှိနေတော်မူသကဲ့သို့ ပုံဆောင်ပြရန် အလိုရှိတော်မူလျှင် သခင်ခရစ်တော်သည် မြေကြီးပေါ်၌ရှိနေစဉ်အခါက မိမိ၏တပည့်တော်တို့အား ဤအကြောင်းကိုမိန့်တော်မူခဲ့လိမ့်မည်မဟုတ်လော။ သို့သော် ဘုရားသခင်အကြောင်းကို သခင်ခရစ်တော်သည် ဘယ်အခါမျှ ထိုသို့သွန်သင်တော်မမူခဲ့ပါ။ သခင်ခရစ်တော်နှင့်တမန်တော်တို့သည် ပုံသဏ္ဍာန် ရှိတော်မူသောဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်း မှန်ကန်သောတရား ကို ထင်ရှားစွာသွန်သင်ကြ၏။

အပြစ်ရှိသောသူတို့သည် ဖျက်ဆီးခြင်းမခံရဘဲခံရပ်နိုင်မည်အကြောင်း ဘုရားသခင်နှင့်စပ်ဆိုင်သောအကြောင်းအရာအလုံးစုံတို့သည် သခင်ခရစ်တော်က သူတို့အားဖော်ပြတော်မူ၏။ ကိုယ်တော်သည် ဘုရားသခင်ကဲ့သို့သောဆရာ

သမားကြီး၊ အလင်းတရားကိုပေးတော်မူသောသခင်ဖြစ်တော်မူ၏။ သခင်ခရစ်တော်အားဖြင့်လည်းကောင်း၊ ရေးထားတော်မူသောနှုတ်ထွက်စကားတော် ထဲ၌လည်းကောင်း ဖော်ပြထားသောအရာထက် ဘုရားသခင်သည် ကျွန်ုပ်တို့အားထင်ရှားစွာဖော်ပြဖို့ လိုသည်ဟု ထင်မှတ်တော်မူခဲ့လျှင် ဘုရားသခင်သည် အမှန်ပင်ထိုသို့ပြုတော်မူမည်။

## သခင်ခရစ်တော်သည်လူတို့အားဘုရားသခင်၏သား ဖြစ်ရသောအခွင့်တန်ခိုးကိုပေးတော်မူ၏

သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံတော် မမူမီည၌ အထက်ခန်းတွင် မိန့်တော်မူသောစကားတော်တို့ကို ကျွန်ုပ်တို့ လေ့လာဆင်ခြင်ကြည့်ကြစို့။ ကိုယ်တော်သည် ပြင်းထန်စွာစုံစမ်းစစ်ဆေးခြင်း ခံရမည့်အချိန်နှင့်နီးကပ်လာတော်မူသဖြင့် ပြင်းထန်စွာစုံစမ်းသွေးဆောင်ခြင်း ခံရမည့် မိမိ၏တပည့်တော်များအား စိတ်သက်သာစေရန်ပြုဖို့ ရှာကြံကြိုးစား တော်မူ၏။

မိမိသည် ဘုရားသခင်နှင့်မည်ကဲ့သို့ဆက်သွယ်တော်စပ်လျက်ရှိကြောင်း သခင်ခရစ်တော်မိန့်တော်မူသောစကားတော်များကို တပည့်တော်တို့သည် နားမလည်ကြသေးပါ။ ကိုယ်တော်သွန်သင်တော်မူသောဩဝါဒအများသည် သူတို့အဖို့မှောင်မိုက်ကဲ့သို့ဖြစ်နေသေး၏။ ဘုရားသခင်သည် သူတို့နှင့် မည်ကဲ့သို့ဆက်သွယ်တော်မူကြောင်းကိုလည်းကောင်း၊ သူတို့၏ ယခုမျက်မှောက် နှင့်နောင်ရေးအကျိုးအတွက် ဘုရားသခင်သည် သူတို့နှင့်မည်ကဲ့သို့သက်ဆိုင်တော်မူကြောင်းကိုလည်းကောင်း သူတို့သည်နားမလည်သေးကြောင်း ဖော်ပြ သောမေးခွန်းများစွာကို သူတို့သည်မေးမြန်းကြလေ၏။ သခင်ခရစ်တော်သည် သူတို့အား ဘုရားသခင်၏ အကြောင်းကို သာ၍ထင်ရှားကွဲပြားစွာ သိနားလည် စေခြင်းငှာအလိုရှိတော်မူ၏။

ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်းတော်မူသောအခါ သူတို့သည် သခင်ခရစ်တော်က ဥပမာများတွင်မိန့်တော်မူသည့် မှန်ကန်သောတရားများကို သိရှိနားလည်လာ ကြ၏။ သူတို့အဖို့နက်နဲရာများဖြစ်နေသောဩဝါဒများသည် သာ၍ထင်ရှား သိနားလည်ဖွယ်ဖြစ်လာကြ၏။ သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်း ခြင်းဖြင့် နားလည်လာသောအသိဉာဏ်သည် သူတို့၏ထင်မြင်ချက်များအတွက် သူတို့အားအရှက်ရစေ၏။ ယခုသူသည် ကောင်းကင်အရာတို့ကိုသိကျွမ်း လာရသောဉာဏ်ပညာနှင့်နှိုင်းယှဉ်သောအခါ သူတို့၏တွေးဆထင်မြင်ချက် များနှင့် အနက်အဓိပ္ပါယ်ကောက်ချက်တို့သည် မိုက်မဲသောအရာများဖြစ်လာ ကြ၏။ သူတို့သည် ဝိညာဉ်တော်အားဖြင့် လမ်းပြခြင်းခံရလျက် တစ်ခါက မှောင်မိုက်နေသောသူတို့၏အသိဉာဏ်ထဲသို့ အလင်းရောင်ထွန်းတောက်လာ လေ၏။

သို့ရာတွင် တပည့်တော်တို့၌ သခင်ခရစ်တော်၏ကတိတော်သည် လုံးလုံးပြည့်စုံခြင်းသို့မရောက်သေး။ သူတို့သည်ခံယူနိုင်သမျှ ဘုရားသခင်၏ အကြောင်းအရာအားလုံးတို့ကို သိရှိကြပြီ၊ သို့ရာတွင် သခင်ခရစ်တော်သည် သူတို့အားခမည်းတော်ကိုထင်ရှားစေ၍ ပြတော်မူမည်ဟူသောကတိတော်မှာ လုံးလုံးပြည့်စုံလာဖို့လိုသေးသည်။ ထို့အတူ ယခုခေတ်၌လည်းဖြစ်ပေသည်။ ဘုရားသခင်အကြောင်း ကျွန်ုပ်သိရှိချက်မှာ တစ်ပိုင်းတစ်စသာဖြစ်၍မစုံလင် သေး။ တိုက်လှန်ပွဲကြီးသည်ပြီးဆုံးသွား၍ အပြစ်နှင့်ပြည့်ဝသောလောကတွင် ကိုယ်တော်အတွက်မှန်ကန်စွာသက်သေခံခဲ့ကြလျက် သစ္စာရှိသောခမည်းတော် ရှေ့၌ ဝန်ခံတော်မူသောအခါ ယခုသူတို့အတွက်နက်နဲသောအရာများဖြစ်ကြ သောအရာတို့ကို သူတို့သည် ထင်ရှားသေချာစွာသိနားလည်လာကြလိမ့်မည်။

သခင်ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်သို့ မိမိနှင့်အတူ မိမိ၏ဘုန်းရှိသော လူဇာတိအဖြစ်ကို ယူဆောင်သွားတော်မူ၏။ ကိုယ်တော် ကိုလက်ခံသောသူတို့အား ဘုရားသခင်နှင့်အတူ ထာဝရကာလအဆက်ဆက် နေထိုင်ရန်

ဘုရားသခင်သည် မိမိ၏သားသမီးများအဖြစ် နောက်ဆုံး၌လက်ခံ တော်မူမည်အကြောင်း ထိုသူတို့အား ဘုရားသခင်၏သားသမီးဖြစ်လာရန် ကိုယ်တော်သည်သူတို့အား တန်ခိုးကိုပေးတော်မူ၏။ ဤအသက်တာတွင် သူတို့သည် ဘုရားသခင်ဘက်၌ သစ္စာစောင့်ကြလျှင် သူတို့သည်အဆုံး၌ "ဘုရားသခင်၏မျက်နှာတော်ကိုဖူးမြင်" ရကြလိမ့်မည်။ ၎င်းပြင် ကိုယ်တော် ၏နာမတော်ကို သူတို့၏နဖူးပေါ်တွင်ရေးထားလိမ့်မည်။ (ဗျာ ၂၂း၄)။ ဘုရားသခင်ကိုမြင်ရခြင်းထက် ကောင်းကင်၌အဘယ်အရာသည် ဝမ်းမြောက် ခြင်းကိုဖြစ်စေလိမ့်မည်နည်း။ ဘုရားသခင်၏မျက်နှာတော်ကို ဖူးမြင်၍ ဘုရား သခင်အားခမည်းတော်အဖြစ်နှင့်သိကျွမ်းရခြင်းထက် သခင်ယေရှု၏ကျေးဇူး တော်အားဖြင့် ကယ်တင်ခြင်းခံရသောအပြစ်သားအဖို့ သာ၍ကြီးသော ဝမ်းမြောက် စေသောအရာရှိနိုင်ဦးမည်လော။

## ဘုရားသခင်သည်မိမိ၏သားသမီးအသီးအသီးတို့၌ စိတ်ပါဝင်စားတော်မူခြင်း

ဘုရားသခင်နှင့် သခင်ခရစ်တော်တို့၏ဆက်သွယ်တော်စပ်မှုအကြောင်း ကို ကျမ်းစာကသေချာထင်ရှားစွာဖော်ပြသဖြင့် အသီးအသီးတို့သည် လူပုံသဏ္ဌာန် နှင့် ပြည့်စုံကြလျက် တစ်ဦးနှင့်တစ်ဦးသည် သီးခြားစွာတည်ရှိနေကြကြောင်း ကိုလည်း ထင်ရှားစွာသိမြင်စေလေပြီ။

ဘုရားသခင်သည် သခင်ခရစ်တော်၏ခမည်းတော်ဖြစ်တော်မူ၏။သခင်ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ သင်ခရစ်တော် အားအလွန်မြင့်မြတ်သောဂုဏ်အသရေကိုပေးထားတော်မူ၏။ ကိုယ်တော် သည် ခမည်းတော်နှင့်တူညီရသောအခွင့်ကိုရရှိတော်မူ၏။ ဘုရားသခင်သည် မိမိ၏အကြံဉာဏ်ရှိသမျှတို့ကို မိမိ၏သားတော်အားဖွင့်ပြတော်မူ၏။

ဤကဲ့သို့တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအကြောင်းကို ယောဟန်အခန်း ကြီး ၁၇ တွင် မိမိ၏တပည့်တော်တို့အတွက် သခင်ခရစ်တော်ဆုတောင်း တော်မူသော အချက်တွင်လည်း ဖော်ပြထား၏။

"ထိုသူတို့အဖို့သာ အကျွန်ုပ်တို့ဆုတောင်းသည်မဟုတ်ပါ။ သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်း ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကသား တို့သည်ယုံကြည် မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်လျက် အဖ၊ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်

သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝ တည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။ ငါတို့သည် တစ်လုံးတစ်ဝ တည်းဖြစ်သကဲ့သို့ အကျွန်ုပ်သည် သူတို့၌ရှိ၍ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့် သူတို့သည်တစ်လုံးတစ်ဝတည်းဖြစ်၍ တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ် ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည်သိစေခြင်းငှာလည်းကောင်း ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ" (ယောဟန် ၁၇း၂၀–၂၃)။

မည်မျှအံ့ဩဖွယ်ဖော်ပြထားသောအချက်ဖြစ်သနည်း။ သခင်ခရစ်တော်နှင့်တပည့်တော်တို့၏တစ်လုံးတစ်ဝတည်းရှိခြင်းအဖြစ်သည် အသီးအသီးတို့၏ လူဇာတိအဖြစ်ကိုမဖျက်ဆီးချေ။ သူတို့သည် အကြံအစည်၊ စိတ်သဘော၊ အကျင့်တို့တွင် တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ သို့သော် ကိုယ်ကာယအားဖြင့် ထိုသို့မဟုတ်ကြ။ ထိုသို့အားဖြင့် ဘုရားသခင်နှင့်သခင်ခရစ်တော်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်တော်မူကြ၏။

ကျွန်ုပ်တို့၏ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို မိမိသဘောအတိုင်းပြုလုပ်ရန် အမိန့်ပေးတော်မူနိုင်သဖြင့် ကျွန်ုပ်တို့၌အဘယ်အရာကို လိုနေကြောင်း သိရှိတော်မူ၏။ ကျွန်ုပ်သည် မိမိတို့ရှေ့၌အနည်းငယ်ဝေး သောနေရာကိုသာ မြင်နိုင်ကြ၏။ သို့ရာတွင် "ငါတို့ကိုစစ်ကြောစီရင်တော် မူသောသူရှေ့၌––– ခပ်သိမ်းသောအရာတို့သည် အကွယ်အကာမရှိဘဲ မျက်မှောက် တော်၌လှန်ထားလျက်ရှိကြ၏" ဟေဗြဲ ၄း၁၃။ လောက၏ရှုပ်ထွေးခြင်းများ အထက်ရှိ ပလ္လင်တော်ပေါ်၌ ဘုရားသခင်သည်ထိုင်တော်မူ၏။ အရာခပ်သိမ်း တို့သည် ဘုရားသခင်၏ရှေ့တော်၌ ထင်ရှားစွာတည်ရှိနေကြ၏။ ၎င်းပြင် မိမိ၏တည်ငြိမ်ကြီးကျယ်သော ထာဝရကာလအဆက်ဆက်ကပင် မိမိအဖို့ အကောင်းဆုံးဖြစ်မည့်အရာများကို စီမံပြုပြင်ထားတော်မူ၏။

ခမည်းတော်မသိမမြင်ရဘဲ စာငှက်တစ်ကောင်မျှမြေကြီးပေါ်သို့ မကျရ။ စာတန်သည် ဘုရားသခင်ကိုမုန်းသောကြောင့်၊ စကားမပြောနိုင်သော သတ္တဝါများကိုဖျက်ဆီးရန်ပင် သူသည်နှစ်သက်လာ၏။ ဘုရားသခင် စောင့်ရှောက်ကာကွယ်တော်မူခြင်းအားဖြင့်သာလျှင် ငှက်များတို့သည်ကျွန်ုပ် တို့အား မိမိတို့၏ဝမ်းမြောက်ဖွယ်သီချင်းများအားဖြင့် ဝမ်းမြောက်ရွှင်မြူးကြ

စေရန် အသက်ရှင်လျက်ရှိနေကြရသေးသည်။ သို့သော် ဘုရားသခင်သည် စာငှက်များကိုပင်မေ့လျော့တော်မမူပါ။ “ထိုကြောင့် မကြောက်ကြနှင့်” သင်တို့ သည် စာငှက်အများတို့ထက် သာ၍မြတ်ကြ၏။ မဿဲ ၁၀း၃၁။

-----*****----

(1) 5T, 435; (2) 8T, 263-273.

## အခန်း (၁၉)
## ခရစ်ယာန်တို့သည်ဘုရားသခင်အကြောင်းကိုဖော်ပြခြင်း

မိမိနိုင်ငံတော်၏စည်းကမ်းဥပဒေများကို မိမိ၏လူများအားဖြင့်ထင်ရှားစေခြင်းငှာ ဘုရားသခင်သည်အကြံရှိတော်မူ၏။ ဤစည်းကမ်းဥပဒေများကို သူတို့သည် မိမိတို့အသက်တာနှင့်အကျင့်၌ထင်ရှားစေကြမည်အကြောင်း ဘုရားသခင်သည် သူတို့အားလောက၏ထုံးစံဓလေ့၊ အလေ့အကျင့်၊ အပြု အမူ၊ အကျင့်အကြံတို့မှခွဲထုတ်ထားခြင်းငှာ အလိုရှိတော်မူ၏။ ဘုရားသခင် သည် မိမိ၏အလိုတော်ကို သူတို့အားထင်ရှားနိုင်မည်အကြောင်း သူတို့ကို မိမိအနီးသို့ယူဆောင်လာရန် ကြံစည်တော်မူ၏။

ယခုခေတ်၌ မိမိ၏လူတို့အားဖြင့် ဘုရားသခင်သည်ဖြစ်မြောက် အောင်ပြုလုပ်လိုတော်မူသောအကြံအစည်တော်မှ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှထုတ်ဆောင်လာသောအခါ သူတို့အားဖြင့်ဖြစ်မြောက်ပြီးစီးအောင် ပြုလုပ်လိုတော်မူသောအကြံအစည်တော်နှင့် အတူတူပင်ဖြစ်ပါသည်။

အသင်းတော်တွင်ဖော်ပြထားသော ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ကရုဏာ၊ ဖြောင့်မှန်ခြင်းနှင့်မေတ္တာတော်ကိုကြည့်ရှုဆင်ခြင်ခြင်းအားဖြင့် လောကသည် ဘုရားသခင်၏ဂုဏ်တော်၊ သဘောတော်ကိုထင်ရှားစွာသိမြင် ရလိမ့်မည်။ ၎င်းပြင် ဘုရားသခင်၏ပညတ်တရားတော်ကို အသက်တာ၌ ထိုသို့ပုံသက်သေဖြင့်ပြကျင့်ပြသောအခါ ဘုရားသခင်ကိုချစ်ခင်၊ ကြောက်ရွံ့၊ ကိုးကွယ်ကြသောသူတို့သည် မြေကြီးပေါ်၌ရှိသောသူတို့ထက် သာ၍မြတ် ကြကြောင်းကို လောကပင်လျှင် အသေအချာသိမှတ်လိမ့်မည်။

ထာဝရဘုရားသခင်သည် မိမိလူအသီးအသီးတို့ကိုကြည့်ရှုတော်မူ လျက် အသီးအသီးတို့နှင့်သက်ဆိုင်သောစီမံကိန်းများကို ရေးဆွဲပြုလုပ်ထား တော်မူ၏။ မိမိ၏သန့်ရှင်းသောတရားများကို လေ့ကျင့်သောသူတို့သည် ထူးခြားသောသူများ ဖြစ်ရမည်ဟု ဘုရားသခင်ကစီမံကြံစည်ထားတော်မူ၏။ ဝိညာဉ်တော်အားဖြင့် မောရှေရေးထားသောစကားများသည် ရှေးဣသရေလ များသာမက ယခုခေတ်ရှိ ဘုရားသခင်၏လူတို့နှင့်လည်းသက်ဆိုင်ပေသည်။ ၎င်းစကားတို့ကား "သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်း သောအမျိုးဖြစ်၏။ မြေကြီးပေါ် မှာရှိသမျှသောလူမျိုးထက် သင်၏ဘုရားသခင် ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ် စေခြင်းငှာ သင့်ကိုရွေးချယ်တော်မူသတည်း" (တရား ၇း၆)။

## သခင်ခရစ်တော်ကဲ့သို့သောအကျင့်ကို ဖြစ်ပေါ်လာစေခြင်း

သခင်ခရစ်တော်၏ဘာသာတရားသည် ၎င်းကိုလက်ခံသောသူကို ဘယ်အခါ မျှယုတ်ညံ့သွားစေခြင်းငှာမပြု။ သူ့အားကြမ်းတမ်းခြင်း၊ မယဉ်ကျေး ခြင်း၊ ကိုယ်ကို အထင်ကြီးခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်နှလုံးခိုင်မာခြင်းသဘော များရှိစေဖို့ဘယ် အခါမျှပြုလုပ်မပေးပါ။ ၎င်းဘာသာတရားသည် ဆန့်ကျင် ဘက်ပြုပြင်၍ အပြုအ မူတို့ကိုယဉ်ကျေးသိမ်မွေ့စေပြီး ဝေဖန်ပိုင်းခြားခြင်းကို သန့်ရှင်းစင်ကြယ်စေလျက် အကြံအစည်များကိုဖြူစင်မြင့်မြတ်စေပြီးလျှင် ၎င်းတို့ကို သခင်ခရစ်တော်၏အလို တော်အတိုင်းဖြစ်လာစေ၏။ မိမိ၏သား သမီးများအတွက် ဘုရားသခင်စီမံထား တော်မူသောပုံစံနမူနာသည် လူတို့က အမြင့်ဆုံးကြံစည်သမျှထက်သာ၍မြင့်၏။ ဘုရားသခင်သည် မိမိ၏ပညတ် တရားတော်တွင် မိမိ၏သဘောတော်၊ဂုဏ် တော်ကိုရေးသားဖော်ပြထားတော် မူ၏။

သခင်ခရစ်တော်နှင့်တူညီခြင်းအမှုသည် ခရစ်ယာန်တို့၏အကျင့်တွင် ပုံစံဖြစ် သည်။ အမြဲသဖြင့်တိုးတက်ရာလမ်းကို ကျွန်ုပ်တို့ရှေ့၌ဖွင့်ပြထား၏။ ကျွန်ုပ်တို့ရရှိဖို့ ရန် မျှော်မှန်းထားသောအကျိုးတစ်ခုရှိသည်။ မီဖို့ရန်ပုံစံတစ်ခု

ရှိသည်။ ၎င်းပြင် ကောင်းမြတ်၊ ဖြူစင်၊ မြင့်မြတ်သောအရာတိုင်းပါဝင်၏။ စုံလင်သောအကျင့်ကိုရရှိရန် အမြဲသဖြင့်ကြိုးစားအားထုတ်လျက် ရှေ့သို့ လည်းကောင်း၊ အထက်သို့လည်းကောင်း အစဉ်တိုးတက်ကြီးပွားအောင်ပြုလုပ် ရကြမည်။[၂]

ကျွန်ုပ်တို့သည် အသီးအသီးအစဉ်ထာဝရ မိမိတို့၏အကျင့်ကပြုပြင် ပေးသည်အတိုင်း ဖြစ်ရကြမည်။ ကောင်းသောအကျင့်တို့ကိုပြုပြင်၍ နေ့စဉ် တာဝန်တို့ကိုဆောင်ရွက်ရာ၌ သစ္စာရှိသောသူတို့၏အသက်တာသည် တောက်ပသောအလင်းကဲ့သို့ဖြစ်လျက် အခြားသောသူတို့၏အသက်တာလမ်း ခရီးတွင် တောက်ပသောအလင်းရောင်ကို ထွန်းလင်းစေလိမ့်မည်။ သို့သော် သစ္စာမရှိသောအကျင့်မျိုး၌မွေ့လျော်နေလျှင် ပျော့ညံ့ပျင်းရိ၍ အမှုမထား ဂရုမစိုက်တတ်သောအကျင့်များကိုတိုး၍ဖြစ်ပေါ်လာစေလျှင် ဤအသက်တာ၌ သန်းခေါင်ယံထက် မှောင်မိုက်သောအမိုက်သည် ဖုံးလွှမ်းလာလိမ့်မည်။၎င်းပြင် ထိုသို့သောသူအား နောင်ကာလအသက်တာကိုမရရှိနိုင်ရန် တားဆီး ပိတ်ပင်ထားလိမ့်မည်။[၃]

ထာဝရအသက်နှင့်ဆိုင်သောစကားများကို ဂရုစိုက်သောသူသည် မင်္ဂလာရှိ၏။ "သမ္မာတရား၏ဝိညာဉ်" အားဖြင့် လမ်းပြခြင်းခံရလျက် သူသည် သမ္မာတရားအပေါင်းထဲသို့ လမ်းညွှန်ခြင်းခံရလိမ့်မည်။ သူသည် လောက၏နှစ်သက်ခြင်း၊ ချီးမြှောက်ခြင်း၊ ချီးမွမ်းခြင်းကိုခံရလိမ့်မည်မဟုတ်။ သို့သော် သူသည်ကောင်းကင်မျက်မှောက်၌ အဖိုးထိုက်တန်လိမ့်မည်။ "ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှု ဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့် ငါတို့ကိုလည်းမသိကြ" (၁ယော ၃း၁)။[၄]

## ယနေ့ရဲရင့်စွာနေထိုင်လော့

ဘုရားသခင်၏သမ္မာတရားကို စိတ်နှလုံးထဲ၌လက်ခံခြင်းသည် သင့်အားကယ်တင်ခြင်းရစေခြင်းငှာ ပညာကိုပေးလိမ့်မည်။ ၎င်းကိုယုံကြည်၍ နားထောင်လိုက်နာခြင်းဖြင့် ယနေ့တာဝန်များနှင့် စုံစမ်းခြင်းများအတွက် ကျေးဇူးတော်ကိုသင်သည် လုံလောက်စွာရရှိလိမ့်မည်။ မနက်ဖြန်အတွက် ကျေးဇူးတော်ကိုသင့်အဖို့မလိုသေး။ ယနေ့နှင့်သာ သင်သည်သက်ဆိုင်သည် ဟု ထင်မှတ်ရမည်။ ယနေ့အတွက် အောင်မြင်လော့၊ ယနေ့အတွက် ကိုယ်ကို ငြင်းပယ်လော့၊ ယနေ့အတွက် ဆုတောင်းလျက်စောင့်နေလော့၊ ယနေ့အတွက်

ဘုရားသခင်၌အောင်မြင်ခြင်းကိုရယူလော့။ ကျွန်ုပ်တို့၌ဖြစ်ပျက်နေသော အခြေအနေများနှင့်ပတ်ဝန်းကျင်၏အဖြစ်အပျက်များ၊ ကျွန်ုပ်တို့ပတ်လည် ၌ နေ့စဉ်ပြောင်းလဲဖြစ်ပျက်နေသောအရာများနှင့် အရာခပ်သိမ်းတို့ကိုဝေဖန် ပိုင်းခြား၍ စစ်ဆေးကြည့်ရှုသော ဘုရားသခင်၏ရေးထားသောနှုတ်ထွက်စကားတော်မှစ၍ ဤအရာများတို့သည် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားကိုလည်း ကောင်း၊ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် မည်သည့်အမှုကိုပြုရမည်ကို လည်းကောင်း ကျွန်ုပ်တို့အားသွန်သင်ခြင်းငှာ လုံလောက်ကြပေသည်။ သင်၏ စိတ်အားအကျိုးမဖြစ်စေသောအကြံအစည်တို့ကို စဉ်းစားမည့်အစား၊ သင်သည် ကျမ်းစာကိုနေ့စဉ်စေ့စေ့ရှာဖွေဖတ်ရှုလျက် ယခုသင့်အဖို့ပင်ပန်းစေသော်လည်း တစ်စုံတစ်ယောက်ကပြုလုပ်ပြီးစီးစေရမည့်တာဝန်များကို နေ့စဉ်အသက်တာ၌ ထမ်းဆောင်နေရမည်။၅

အများသောသူတို့သည် မိမိတို့ပတ်လည်၌ဖြစ်နေသော ကြောက်မက် ဖွယ်ဆိုးသွမ်းမှုများ၊ ပတ်ဝန်းကျင်၌ရှိသောဖောက်ပြန်ခြင်းနှင့်အားနည်းခြင်း အဖြစ်များကို အာရုံစူးစိုက်နေကြပြီး သူတို့၏စိတ်နှလုံးသည် ဝမ်းနည်းခြင်း၊ ယုံမှားခြင်းတို့နှင့်ပြည့်နေသည့်တိုင်အောင် ဤအရာများအကြောင်းကိုသာ ပြောဆိုနေကြသည်။ သူတို့သည် စိတ်ထဲ၌လှည့်စားသော စာတန်၏ကျွမ်းကျင်သောအလုပ်များကိုသာ ထိပ်ဆုံးကထားလျက် မိမိတို့တွေ့ကြုံခံစားရသော စိတ်ပျက်ဖွယ်ရာများကိုစွဲလမ်းနေကြစဉ် ကောင်းကင်ခမည်းတော်၏တန်ခိုးနှင့် မနှိုင်းယှဉ်အပ်သောမေတ္တာတော်ကို သူတို့သည်မမြင်ဘဲနေကြသည်ဟု ထင်မြင် ရသည်။ ဤအမှုအရာအားလုံးသည် စာတန်အလိုရှိသည်အတိုင်း ဖြစ်ပျက် ရလေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာတော်နှင့်တန်ခိုးတော်ကို အနည်းငယ်သာစိတ်စွဲလမ်းကြသောအခါ ဖြောင့်မတ်ခြင်း၏ရန်သူသည် ထိုမျှလောက်ကြီးသောတန်ခိုးနှင့်ပြည့်စုံလျက်ရှိသည်ဟု ထင်မှတ်ခြင်းသည် အမှားဖြစ်၏။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ခွန်အားကြီးခြင်းအကြောင်း ကို ပြောဆိုနေရကြမည်။ ကျွန်ုပ်တို့ကိုယ်တိုင် စာတန်၏ကိုင်ဖမ်းထားခြင်းမှ လွတ်မြောက်ရန် ကျွန်ုပ်တို့၌လုံးလုံးခွန်အားမရှိကြချေ။ သို့သော် ဘုရားသခင်သည် လွတ်မြောက်ရာလမ်းကိုစီမံထားတော်မူ၏။ အမြင့်ဆုံးသောဘုရားသခင် ၏သားတော်၌ ကျွန်ုပ်တို့အတွက်တိုက်ခိုက်ရန် ခွန်အားရှိတော်မူသဖြင့် "ကျွန်ုပ်တို့အားချစ်တော်မူသောကိုယ်တော်အားဖြင့်" ကျွန်ုပ်တို့သည် "များစွာ အောင်မြင်သောသူများ" ဖြစ်လာကြလိမ့်မည်။

ကျွန်ုပ်တို့၏အားနည်းခြင်း၊ ဖောက်ပြန်ခြင်းအမှုတို့ကို အမြဲကြောင့်ကြ စွဲလမ်းနေလျက် စာတန်၏တန်ခိုးအတွက်ညည်းညူနေရာ၌ ကျွန်ုပ်တို့အဖို့ ဝိညာဉ်ခွန်အားကိုမရရှိနိုင်။ ဤကြီးကျယ်သောသမ္မာတရားကြီးသည် ကျွန်ုပ် တို့၏စိတ်နှလုံးထဲတွင် တည်မြဲသောအခြေခံနည်းဥပဒေသအဖြစ်နှင့် တည်ရှိ နေရမည်။ ဤအရာကား ကျွန်ုပ်တို့အတွက်ဆက်ကပ်ပူဇော်ခြင်း၏အကျိုးပင်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် သီးခြားသတ်မှတ်ထား

သော စည်းကမ်းချက်များနှင့်ညီညွတ်စွာ ဘုရားသခင်ထံလာကြသောသူအပေါင်း တို့အား အဆုံးတိုင်အောင် ဘုရားသခင်သည် ကယ်တင်နိုင်တော်မူ၍ ကယ်တင် တော်မူခဲ့ပြီဖြစ်ကြောင်းတည်း။ ကျွန်ုပ်တို့၏အလုပ်ကား မိမိတို့၏အလိုဆန္ဒ ကို ဘုရားသခင်၏အလိုတော်သို့အပ်နှံခြင်းဖြစ်၏။ ထိုနောက် အပြစ်ဖြေရာ အသွေးအား ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ဇာတိကိုခံယူရရှိသောသူများ ဖြစ်လာကြ၏။ သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင့်သားသမီး များဖြစ်လာကြသဖြင့် "ဘုရားသခင်သည် မိမိသားတော်ကိုချစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ကိုချစ်တော်မူ၏" ဟူသော စိတ်ချစရာကတိတော်ကို ကျွန်ုပ်တို့သည် ရရှိကြပြီ။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ သခင်ခရစ်တော်ပြတော်မူသောလမ်းကို ကျွန်ုပ်တို့သည် လျှောက်လိုက်ကြ၏။ ကျွန်ုပ်တို့၏လမ်းတွင် စာတန်ကချထားသောမှောင်မိုက်ကို ပယ်ရှားနိုင်သော တန်ခိုးသည် ကိုယ်တော်၌ရှိတော်မူ၏။ ၎င်းပြင် မှောင်မိုက်နှင့်စိတ်ပျက်ခြင်း နေရာ၌ ကိုယ်တော်၏ဘုန်းတော်နှင့်ဆိုင်သောအလင်းရောင်သည် ကျွန်ုပ် တို့၏နှလုံးထဲ၌ ထွန်းတောက်လာလေ၏။

ညီအစ်ကိုမောင်နှမများတို့၊ ကြည့်ရှုဆင်ခြင်ခြင်းအားဖြင့် ကျွန်ုပ်တို့ သည် ပြောင်းလဲလာကြ၏။ ဘုရားသခင်နှင့်ကျွန်ုပ်တို့ကယ်တင်ရှင်၏ မေတ္တာတော်ကို စိတ်စွဲလမ်းခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏ဂုဏ် တော်သဘောတော်တို့၏စုံလင်ခြင်းအဖြစ်ကို ဆင်ခြင်အောက်မေ့လျက် ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းအဖြစ် တောင်းဆိုခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်တူညီလာအောင် ပြောင်းလဲလာရကြမည်။ ထိုနောက် စာတန်၏ခွန်အားသတ္တိကို ထင်ရှားစေသောသက်သေများတည်းဟူသော အပြစ် များ၊ ပျက်စီးခြင်းများနှင့် စိတ်ပျက်ခြင်းများမှစသော မနှစ်သက်ဖွယ်သော ရှုခင်းများအားလုံးကို ကျွန်ုပ်တို့၏စိတ်ထဲ၌စွဲလမ်းနေစေခြင်း၊ ၎င်းတို့အကြောင်း ကိုပြောဆိုနေခြင်း၊ ညည်းညူနေခြင်းမပြုဘဲနေကြစို့။ ထိုသို့ပြုနေလျှင် ကျွန်ုပ် တို့သည် စိတ်ပျက်လာသည်တိုင်အောင် အခြေအနေသည်ဆိုးလာလိမ့်မည်။ စိတ်ပျက်နေသောဝိညာဉ်သည် မှောင်မိုက်သောကိုယ်ခန္ဓာဖြစ်၍ မိမိကိုယ်တိုင် ဘုရားသခင်ထံတော်မှ အလင်းတရားကိုမရရှိဘဲနေသည်သာမက အခြားသူ တို့ထံမှလည်း ၎င်းအလင်းတရားကို ပိတ်ပင်တားဆီးထားလေပြီ။ စာတန် သည် မိမိအောင်မြင်ခြင်းရှုခင်း၏အကျိုးကိုတွေ့မြင်ခြင်း၌နှစ်သက်၍ လူသတ္တဝါတို့အား သစ္စာမဲ့၍စိတ်အားလျော့စေ၏။[၆]

## ကိုယ်ကျိုးမရှာသောအသက်တာအားဖြင့် ဘုရားသခင်အကြောင်းဖော်ပြလော့

အများဆုံးကျူးလွန်နေကြလျက် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ဝေးကွာစေပြီး ဝိညာဉ်ရေးနှင့်စပ်ဆိုင်၍ ရောဂါများစွာကိုကူးစက်စေတတ်သော အပြစ်သည် ကိုယ်ကျိုးရှာခြင်းဖြစ်သည်။ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနည်းမှ တစ်ပါး အခြားနည်းအားဖြင့် ထာဝရဘုရားသခင်ထံတော်သို့

ပြန်မလာနိုင် ချေ။ ကျွန်ုပ်တို့ကိုယ်တိုင်အားဖြင့် ကျွန်ုပ်တို့သည် ဘာမျှမပြုလုပ်နိုင်ကြချေ။သို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားခွန်အားကိုပေးတော်မူခြင်းဖြင့် ကျွန်ုပ်တို့သည် သူတစ်ပါးအတွက် ကောင်းကျိုးကိုပြုလုပ်ပေးစေခြင်းငှာ အသက်ရှင်နေနိုင်ပြီး ဤနည်းဖြင့်ကိုယ်ကျိုးရှာသောသဘောကို ရှောင်ကြဉ် နိုင်ကြလိမ့်မည်။ အရာခပ်သိမ်းကိုအသုံးဝင်၍ ကိုယ်ကျိုးမရှာသောအသက်တာ၌ ဘုရားသခင်အားပေးအပ်ခြင်းငှာ ကျွန်ုပ်တို့၌ရှိသောဆန္ဒကိုထင်ရှားစေရန် ကျွန်ုပ်တို့သည် ရုပ်တုကိုး ကွယ်သော တစ်ပါးအမျိုးသားတို့၏နိုင်ငံများသို့ သွားရောက်ဖို့မလို။ ကျွန်ုပ်တို့သည် ဤအမှုကို မိမိတို့၏အိမ်၊ အသင်းတော် တို့၌လည်းကောင်း၊ မိမိတို့နှင့်ပေါင်းဖော်သောသူတို့အထဲ၌လည်း ကောင်း၊ မိမိတို့နှင့်အတူအလုပ်လုပ်ကိုင်နေကြသောသူတို့အထဲ၌လည်းကောင်း ပြုလုပ်ရ ကြမည်။ နေ့စဉ်မိမိတို့၏ရိုးရိုးအသက်တာ၌ပင် ကိုယ်ကျိုးရှာသောသဘောကို ငြင်းပယ်ပြီးလျှင် ၎င်းကိုနှိမ် ထားရမည်။ ပေါလုက "ငါသည်နေ့စဉ်သေ၏" ဟုပြောဆိုနိုင်၏။ အသက်တာ၏လုပ်ငန်းကလေး များ၌ နေ့စဉ်ကိုယ်ကျိုးရှာ သောသဘောကို သေစေခြင်းအားဖြင့် ကျွန်ုပ်တို့သည် အောင်မြင်သော သူများ ဖြစ်လာကြ၏။ သူတစ်ပါးအတွက် ကောင်းကျိုးကိုပြုလုပ်ရသောအမှုတွင် ကိုယ်ကျိုးရှာ သောသဘောကို ကျွန်ုပ်တို့သည် လျစ်လျူရှုလျက်ထားရကြမည်။ အများသောသူတို့သည် သူတစ် ပါးအားချစ်ခင်သောသဘော အသေအချာ ကင်းမဲ့ကြ၏။ မိမိတို့၏တာဝန်ကို သစ္စာနှင့်ဆောင်ရွက် ရမည့်အစား သူတို့ သည် ကိုယ်ကျိုး၊ ကိုယ်ပျော်ရွှင်မှုကိုသာရှာကြံနေကြသည်။?

ကောင်းကင်တွင် မည်သူမျှကိုယ်ကျိုးအတွက်စဉ်းစားကြမည်မဟုတ်။ ကိုယ်ပျော်ရွှင်ရေး အတွက်သာ ရှာကြံကြမည်မဟုတ်။ လူသတ္တဝါအပေါင်း တို့သည် ဖြူစင်သောမေတ္တာစစ်အားဖြင့် မိမိတို့ပတ်လည်ရှိ ကောင်းကင်သား များ၏ပျော်ရွှင်ရေးကိုသာ ရှာကြံကြလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းကင် အဖွဲ့အစည်းနှင့်မြေကြီးသစ်၌ ပျော်ရွှင်စွာပေါင်းသင်းဆက်ဆံလိုကြလျှင် ကျွန်ုပ်တို့ သည် မြေကြီးပေါ်၌လည်း ကောင်းကင်၏စည်းကမ်းဥပဒေများကို လိုက်နာစောင့်ရှောက်ရကြမည်။

ကျွန်ုပ်တို့အထဲတွင် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်နှိုင်းယှဉ် ကြည့်ကြလျက် ကျွန်ုပ်တို့၌သေချာ၍ မမှားနိုင်သောပုံစံရှိသောအခါ၌ ပျက်စီး ဆုံးပါးသေတတ်သောလူကို ပုံစံအတွက်ပုံသက်သေယူတတ်ကြသည်ကို ကျွန်ုပ် အားပြထား၏။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို လောကအားဖြင့်လည်းကောင်း၊ လူတို့၏ထင်မြင်ချက်အားဖြင့်လည်းကောင်း၊ သမ္မာတရားကိုလက် မခံမီက ကျွန်ုပ်တို့၌ရှိနေသောအခြေအနေဖြင့်လည်းကောင်း တိုင်းထွာနှိုင်းယှဉ်ခြင်း မပြုအပ်ပေ။ သို့သော် ယခုတည်ရှိနေသကဲ့သို့ လောက၌ကျွန်ုပ်တို့၏ယုံကြည် ခြင်းနှင့်အခြေအနေကို ကျွန်ုပ်တို့ သည် သခင်ခရစ်တော်၏တပည့်တော်ဖြစ် သည်ဟု ဝန်ခံပြောဆိုခဲ့သည့်အခါမှစ၍ ကျွန်ုပ်လမ်းခရီး သည် ရှေ့သို့လည်း ကောင်း၊ အထက်သို့လည်းကောင်း အမြဲဆက်လက်တိုးတက်ကြီးပွားနေလျှင် ၎င်းတို့သည် မည်ကဲ့သို့ရှိနေကြမည့်အခြေအနေမျိုးနှင့်နှိုင်းယှဉ်ရမည်။ ဤ နည်းသာလျှင်ဘေးကင်း လုံခြုံစွာနှိုင်းယှဉ်သောနည်းဖြစ်သည်။ အခြားသော နည်းတို့၌ကား ကိုယ်ကိုလှည့်ဖြားခြင်း အမှုများရှိလိမ့်မည်။ ဘုရားသခင့်လူ

တို့၏အကျင့်နှင့်ဝိညာဉ်ရေးအခြေအနေသည် သူတို့အားပေးသောကောင်းချီး မင်္ဂလာများ၊ အခွင့်အရေးများ၊ အလင်းတရားတို့နှင့်ညီညွတ်ခြင်းမရှိလျှင် သူတို့ကိုချိန်ခွင်၌ချိန်စက်၍ ကောင်းကင်တမန်ကလျော့နေသည်ဟု အကြောင်း ကြားလိမ့်မည်။၈

## မလွှတ်နိုင်သောအပြစ်

သန့်ရှင်းသောဝိညာဉ်တော်ကိုပြစ်မှားသောအပြစ်သည် ဘယ်ကဲ့သို့ သောအပြစ်မျိုးဖြစ်သနည်း။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ် ကို စာတန်၏အလုပ်ဖြစ်လာအောင် မိမိသဘောအတိုင်းမှတ်ယူခြင်းဖြစ်သည်။ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သည် ဘုရားသခင့်ဝိညာဉ်တော်၏ထူးခြား သောအလုပ်ကို သက်သေခံသောသူတစ်ယောက်ဖြစ်သည်ဟုဆိုကြပါစို့။ ထိုအလုပ်သည် ကျမ်းစာနှင့်ညီညွတ်ကြောင်း သူ၌သေချာစွာသိနိုင်သော သက်သေကိုရရှိထား၍ ၎င်းသည် ဘုရားသခင်ထံမှဖြစ်ကြောင်းကို ဝိညာဉ် တော်သည် သူ၏ဝိညာဉ်နှင့်အတူသက်သေခံ၏။ သို့ရာတွင် နောက်များ မကြာမီ သူသည်စုံစမ်းခြင်းကြောင့် ဆုံးရှုံးပျက်စီးသွား၏။ မာနကြီးခြင်း၊ ကိုယ်ကိုကိုယ်လုံလောက်ပြီဟုထင်မှတ်ခြင်း၊ (သို့မဟုတ်) အခြားဆိုးသော အကျင့်တို့သည် သူ့ကိုစိုးမိုးလာ၏။ ၎င်းပြင် ဘုရားသခင်သဘောသက်ဝင် သော သက်သေအားလုံးကိုငြင်းပယ်ပြီးလျှင် သူကသန့်ရှင်းသောဝိညာဉ်တော် ၏တန်ခိုးဖြစ်သည်ဟု အထက်က သူဝန်ခံခဲ့သောအရာသည် စာတန်၏တန်ခိုး ဖြစ်သည်ဟု ဖော်ပြလေ၏။ ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်အားဖြင့် လူ၏စိတ်နှလုံးကိုပြုပြင်တော်မူ၏။ ၎င်းပြင် လူတို့သည် ဝိညာဉ်တော်ကို မိမိသဘောအတိုင်းငြင်းပယ်၍ ၎င်းသည် စာတန်မှဖြစ်ပေါ်လာသည်ဟုဖော်ပြ သောအခါ သူတို့သည် ဘုရားသခင်ကသူတို့နှင့်ဆက်သွယ်သောလမ်းကြောင်း ကိုပယ်ဖြတ်ကြ၏။ ဘုရားသခင်သည် သူတို့အားဖော်ပြဖို့ နှစ်သက်တော် မူသောသက်သေကိုငြင်းပယ်ခြင်းအားဖြင့် သူတို့သည် မိမိတို့၏စိတ်နှလုံးထဲ၌ ထွန်းတောက်နေသောအလင်းကို ပယ်ရှားထားကြ၏။ ထိုသို့ပြုခြင်းကြောင့် သူတို့သည်မှောင်မိုက်ထဲ၌နေရကြ၏။ ထိုသို့အားဖြင့် "သင်၏အလင်းသည် ကား မှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည်အလွန်မိုက်စွတကား" ဟုသခင်ခရစ်တော်မိန့်တော်မူသောစကားတော်သည် မှန်ကန်ပေ၏။ မဿဲ ၆း၂၃။ ဤအပြစ်ကိုပြုသော သူသည် အချိန်အတော်ကြာ ဘုရားသခင်၏သားသမီးကဲ့သို့ ဖြစ်နေသေး၏။ သို့ရာတွင် သူတို့၏အကျင့်များကို တိုးပွားစေဖို့ရန်အခြေ အနေသို့ရောက်လာသဖြင့် သူတို့သည် မည်ကဲ့သို့သောသဘောနှင့်ပြည့်ဝနေ ကြောင်းပြကြသောအခါ၌ သူတို့သည် ရန်သူ၏မြေပေါ်တွင်ရှိကြလျက် သူ၏ မည်းသောအလံအောက်၌ရပ်နေကြသည်ကို တွေ့ရှိရလိမ့်မည်။၉

## သခင်ခရစ်တော်ကိုဝန်ခံခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း

အဖွဲ့အစည်းများ၌လည်းကောင်း၊ အသက်တာတွင် မည်ကဲ့သို့သောဆက်သွယ်မှုမျိုး၌လည်းကောင်း ကျွန်ုပ်တို့သည် ရောနှောဆက်ဆံရာတွင် ကန့်သတ်ထားသည်ဖြစ်စေ၊ ကျယ်ဝန်းသည်ဖြစ်စေ ကျွန်ုပ်တို့၏ဘုရားသခင်ကို ကျွန်ုပ်တို့၏ဝန်ခံနိုင်သောနည်းများစွာရှိ၍ ကိုယ်တော်ကိုငြင်းပယ်နိုင်သော နည်းလမ်းများစွာရှိပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အပြောအဆို၌လည်းကောင်း၊ သူတစ်ပါးအကြောင်းမကောင်းပြောဆိုခြင်းဖြင့်လည်းကောင်း၊ မကောင်း ၍ညစ်ညမ်းသောစကားကိုပြောခြင်း၊ ပြောင်လှောင်ကျီစယ်ခြင်း၊ အသုံးမကျသောစကား၊ ကြင်နာခြင်းမရှိသောစကားကိုပြောခြင်း၊ လီဆယ်လွှဲဖယ်၍ပြော ဆိုခြင်း၊ သမ္မာတရားနှင့်ဆန့်ကျင်ဘက်ပြောဆိုခြင်းဖြင့်လည်းကောင်း ကိုယ်တော် ကိုငြင်းပယ်ကြ၏။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ရှိနေတော်မမူဟု ကျွန်ုပ်တို့သည် မိမိတို့၏စကားများ၌ ဝန်ခံပြောဆိုကြလိမ့်မည်။ ကျွန်ုပ်တို့၏ အကျင့်များတွင် မိမိတို့ကိုယ်တိုင်သက်သာအေးဆေးစွာနေထိုင်ခြင်း၊ ကျွန်ုပ် တို့မဆောင်ရွက်ကြလျှင် အခြားသူတို့ဆောင်ရွက်ရကြမည့်တာဝန်များကိုရှောင်နေခြင်း၊ ၎င်းပြင် အပြစ်ရှိသောပျော်မွေ့ခြင်းကို နှစ်သက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုငြင်းပယ်နိုင်ကြသည်။ အဝတ်အစား၌ကြွားဝါခြင်း၊လောကီပုံသဏ္ဍာန်ကိုဆောင်ခြင်းအားဖြင့်လည်းကောင်း၊ မယဉ်ကျေး သောအပြုအမူအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို ငြင်းပယ်နိုင်သေးသည်။ မိမိတို့၏ထင်မြင်ချက်ကိုနှစ်သက်ခြင်း၊ မိမိကိုယ်ကို ထောက်မ၍ မိမိကိုယ်ကိုဖြောင့်မတ်စေရန် ကြိုးစည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုငြင်းပယ်နိုင်ကြသည်။ စိတ်ရောဂါစွဲကပ်လာအောင် စိတ်ကို အခွင့်ပေးခြင်း၊ ကျွန်ုပ်တို့၏ခက်ခဲသောအမှုနှင့်စုံစမ်းခြင်းဟုထင်ရသောအရာ တို့၌ စိတ်စွဲလမ်း၍ သောကရောက်နေခြင်းအားဖြင့်လည်း ကျွန်ုပ်တို့သည် ကိုယ်တော်ကိုငြင်းပယ်နိုင်ကြသည်။

သခင်ခရစ်တော်၏စိတ်နှင့်သဘောမျိုးသည် မိမိအထဲ၌မရှိလျှင် အဘယ်သူမျှလောက၏ရှေ့၌ သခင်ခရစ်တော်ကိုမှန်ကန်စွာဝန်မခံနိုင်ချေ။ ကျွန်ုပ်တို့၌မရှိသောအရာကို သူတစ်ပါးအားတစ်ဆင့်မပေးကမ်းနိုင်ချေ။ အပြောအဆိုနှင့်နေပုံထိုင်ပုံတို့သည်အတွင်း၌ရှိသောကျေးဇူးတော်နှင့်သမ္မာ တရားတို့ကို အပြင်၌ဧကန်အမှန်ဖြစ်၍ မြင်ရအောင်ဖော်ပြသောလက္ခဏာဖြစ် ရမည်။ စိတ်နှလုံးသည် သန့်ရှင်းစင်ကြယ်၍ ကျိုးနွံလျက်နှိမ့်ချလျှင် အပြင် ၌အသီး (အကျိုး) ကိုမြင်ရ၍ ၎င်းသည် သခင်ခရစ်တော်ကိုဝန်ခံခြင်း၌ အကျိုးအဖြစ်ထွန်းဆုံးဖြစ်သည်။၁၀

—————*****————

(1) 6T, 9,12; (2) 8T, 63,64; (3) 4T, 452; (4) 5T, 439; (5) 3T, 333; (6) 5T, 741-745; (7) 2T, 132,133; (8) 1T, 406; (9) 5T, 634; (10) 3T, 331,332.

## အခန်း (၂၀)
## အသင်းတော်အတွက်သက်သေခံချက်များ

အဆုံးကာလသည်နီးကပ်လာ၍ လောကအားနောက်ဆုံးသတိပေး စကားကိုကြားပြောရသောလုပ်ငန်းသည် ကျယ်ဝန်းလာသောအခါ ခေတ်ကာလသမ္မာတရားကိုလက်ခံသောသူတို့သည် *သက်သေခံချက်များ* ၏သဘော နှင့်သြဇာလွှမ်းမိုးခြင်းအကြောင်းကို ထင်ရှားစွာသိနားလည်ဖို့ သာ၍အရေးကြီး လာပေသည်။ ဤ *သက်သေခံချက်များ* ကို ဘုရားသခင်သည် မိမိစီမံ ထားသောအမှုတွင် တတိယကောင်းကင်တမန်၏သတင်းစကားကို ကြွေးကြော် ခြင်းလုပ်ငန်းနှင့် အစအဦးလုပ်ငန်းပေါ်လာစကပင် ဆက်သွယ်ထားတော်မူပြီ။

ရှေးကာလ၌ဘုရားသခင်သည် ပုရောဖက်နှင့်တမန်တော်တို့၏နှုတ် အားဖြင့်လူတို့အားမိန့်တော်မူခဲ့၏။ ဤခေတ်ကာလ၌ကား မိမိဝိညာဉ်တော်၏ *သက်သေခံချက်များ* အားဖြင့် လူတို့အားမိန့်တော်မူ၏။ ဘုရားသခင် သည် မိမိ၏အလိုတော်နှင့်လည်းကောင်း၊ လူတို့အားလိုက်စေဖို့အလိုရှိတော်

မှုသောလမ်းအကြောင်းနှင့်လည်းကောင်းစပ်ဆိုင်၍ မိမိ၏လူတို့အား ယခု သွန်သင်မိန့်မြွက်တော်မူသည်ထက် သာ၍စိတ်အားထက်သန်စွာ သွန်သင် မိန့်မြွက်တော်မူခဲ့သောအချိန်အခါဟူ၍ မရှိခဲ့ဖူးချေ။

သတ္တမနေ့ဥပုသ်အသင်းသားတို့၏အသက်တာသည် အမည်နာမ အားဖြင့်သာ ခရစ်ယာန်ဟုခေါ် နေကြသော အသင်းသားတို့၏အသက်တာ ထက်သာ၍အပြစ်တင်သင့်သောကြောင့် သူတို့အားသတိပေး စကားများကို ဖော်ပြနေရသည်မဟုတ်ပါ။ သူတို့၌ကြီးကျယ်သောအလင်းတရားရှိ၍ ဘုရားသခင်၏အထူး ရွေးကောက်ခြင်းခံရသောလူမျိုးများဖြစ်ကြသည်ဟု ခေါ်ဝေါ်သမုတ်ခြင်းခံရကြပြီးလျှင် သူတို့၏နှလုံးထဲ၌ ဘုရားသခင်၏ပညတ် တရားတော်ကို ရေးသားထားသောကြောင့်ဖြစ်ပေသည်။

လူအသီးအသီးအမျိုးမျိုးအတွက် ကျွန်ုပ်အားပေးတော်မူသောသတင်း စကားများကို သူတို့ကအ ရေးကြီးစွာတောင်းပန်သဖြင့် အများအားဖြင့် သူတို့ အတွက်မကြာခဏရေးသားထားပေသည်။ ကျွန်ုပ်၏လုပ် ငန်းသည် ကျယ်ဝန်း လာသဖြင့် ဤအရာသည် ကျွန်ုပ်အလုပ်တွင်အရေးကြီး၍ ပင်းပန်းသော လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်လာ၏။

လွန်ခဲ့သောအနှစ်နှစ်ဆယ်အထက် (၁၈၇၁ ခုနှစ်) က ကျွန်ုပ်အား ဖော်ပြထားသောရူခင်းတစ်ခု တွင် စကားဟောပြော၍ရေးသားဖော်ပြရာ၌ အများနှင့်သက်ဆိုင်သောစည်းကမ်းဥပဒေကိုဖော်ပြပြီးလျှင် တစ်ချိန်တည်း၌ပင် လူအပေါင်းတို့သည် သတိပေးခြင်း၊ ဆုံးမခြင်း၊ အကြံဉာဏ်ပေးခြင်းကိုခံယူ ရရှိမည့်အ ကြောင်း၊ လူအသီးအသီး၏ဘေးရန်များ၊ အမှားများနှင့်အပြစ်များ ကိုသီးခြားဖော်ပြစေရန် ကျွန်ုပ်အားညွှန်ပြ ထား၏။ အခြားသောသူတို့အား ပြုပြင်ပေးရသောအမှားမျိုးကို သူတို့သည် မပြုလုပ်ခဲ့သည်ကိုလည်းကောင်း၊ အခြားသူတို့အားပေးသောသတိပေးစကားများသည် မိမိတို့နှင့်မသက်ဆိုင်သည် ကိုလည်းကောင်းသိရှိရန် လူအပေါင်းသည် မိမိတို့၏စိတ်နှလုံးကိုစေ့စပ်စွာ ရှာဖွေစစ်ဆေးကြည့်သင့်ကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ထိုသို့ဖြစ်ခဲ့သော် အကြံပေးချက်နှင့်ဆုံးမစကားများသည် မိမိတို့အတွက်အထူးဖော်ပြထားသည် ဟု သူတို့ သည်ထင်မှတ်ရကြမည်။ ၎င်းပြင် သူတို့ကိုမိမိတို့အတွက် အထူး သဖြင့်ဖော်ပြထားသကဲ့သို့ သူတို့ကမိမိ တို့ကိုယ်တိုင်၌ လက်တွေ့အသုံးချ ရကြမည်။

သခင်ခရစ်တော်၏တပည့်တော်များဟု ခေါ်နေကြသောသူအပေါင်း တို့၏ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးရမည်ဟု ဘုရားသခင်ကစီမံကြိစည် ထားတော်မူ၏။ မိမိ၏တာဝန်ကို စိတ်အားကြီးစွာ သိလိုသည်ဟု ဆိုနေကြ သောသူအပေါင်းတို့၏ဆုတောင်းခြင်းအမှုသည် အမှန်ပင်စိတ်ထက်သန်မှု ရှိကြောင်းသိရှိရန် ဘုရားသခင်သည် စုံစမ်းစစ်ဆေးတော်မူမည်။ ဘုရားသခင် သည် တာဝန်ကိုထင် ရှားစေတော်မူမည်။ ဘုရားသခင်သည် သူတို့၏စိတ် နှလုံးထဲ၌ရှိသောအရာတို့ကို တိုးတက်ကြီးပွားစေရန် အခွင့်အရေးများစွာကို ပေးတော်မူလိမ့်မည်။

ဘုရားသခင်၏ပညတ်တရားကိုစောင့်ရှောက်ကြသည်ဟု ဝန်ခံကြ သောလူမျိုးကို ထာဝရဘုရား သခင်သည် ဆုံးမပြုပြင်တော်မူ၏။ သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် စုံလင်သန့်ရှင်းကြ မည်အကြောင်း သူတို့ ထံမှအပြစ်နှင့်ဆိုးညစ်ခြင်းရှိသမျှကို ပယ်ရှားထားဖို့အလိုရှိတော်မူသောကြောင့် သူတို့၏အပြစ်များကို ဘုရားသခင်သည်ညွှန်ပြလျက်

သူတို့၏လွန်ကျူးခြင်း အမှုများကို သူတို့ရှေ့၌ဖွင့်ပြထားတော်မူ၏။၈

## လူတို့အားကျမ်းစာသို့ညွှန်ပြရန်

သက်သေခံချက်များကိုရေးသားဖော်ပြထားရာ၌ အသစ်သောအလင်း တရားကိုဖော်ပြဖို့မဟုတ်၊ ဖော်ပြပြီးသောမှုတ်သွင်းတော်မူသောသမ္မာတရားတို့ကို စိတ်နှလုံးပေါ်၌ထင်ရှားစွာစွဲမြဲတည်စေရန်ဖြစ်သည်။ ဘုရားသခင်ကို လည်းကောင်း၊လူအချင်းချင်းတို့၌လည်းကောင်း လူတို့ပြုအပ်သောတာဝန် ဝတ္တရားများကို ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ထင်ရှားစွာသီးသန့် ဖော်ပြထားခဲ့လေပြီ၊ သို့ရာတွင် အနည်းငယ်သောသင်တို့သာလျှင် ပေးတော် မူသောအလင်းတရားကို လိုက်နာစောင့်ရှောက်ကြသည်။ သမ္မာတရားကို ထပ်မံ၍မပေးပါ။ သို့သော် လူအပေါင်းတို့သည် အပြစ်လွှတ်ခြင်းအခွင့်ကို မလိုတော့ဘဲနေရကြမည်အကြောင်း ဘုရားသခင်သည် ပေးတော်မူခဲ့ပြီးသော သမ္မာတရားကြီးများကို *သက်သေခံချက်များ* အားဖြင့် လွယ်ကူစွာရှင်းပြလျက် မိမိရွေးချယ်ထားသောနည်းလမ်းအတိုင်း လူတို့၏စိတ်ကို ထကြွနိုးကြားစေပြီး ၎င်းတို့ကိုစိတ်ထဲ၌စွဲလမ်းစေရန်လည်းကောင်း *သက်သေခံချက်များ* ကို လူတို့ရှေ့၌ဖော်ပြထားတော်မူပြီ။ *သက်သေခံချက်များ* တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အထင်အမြင်သေးငယ်သွားအောင် ပြုလုပ်သည်မဟုတ်။ သမ္မာတရား၏လွယ်ကူခြင်းအဖြစ်ကို လူအပေါင်းတို့၏ စိတ်ထဲ၌စွဲလမ်းစေမည်အကြောင်း ၎င်းကိုချီးမြှောက်၍ ၎င်းဘက်သို့စိတ်ပါ လာစေရန်ဖြစ်သည်။၂

ကျမ်းစာနေရာ၌အစားသွင်းရန် ဝိညာဉ်တော်ကိုပေးတော်မူသည် မဟုတ်၊ ဝိညာဉ်တော်ကိုသွန်းလောင်းချပေးနိုင်သည်မဟုတ်။ ဩဝါဒနှင့် ဗဟုသုတအားလုံးကိုစစ်ဆေးဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်သည် စံနမူနာဖြစ်သည်ဟု ကျမ်းစာကအထင်အရှားဖော်ပြထားသည်။ ဟေရှာယက "တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်

သူတို့၌အရဏ်မတက်သေး" ဟုဖော်ပြထား၏။ (ဟေရှာယ ၈း၂၀)။၃

ဘုရားသခင်၏နှုတ်ကပတ်တော်အပြင် သက်သေခံချက်များအားဖြင့် အသစ်သောအလင်းတရားကို ဘုရားသခင်ကထပ်မံပေးတော်မူပြီဟု ထင်မှတ် နေခြင်းဖြင့် ခရစ်ယာန်ညီတစ်ယောက်သည် မိမိ၏စိတ်ကို ရှုပ်ထွေးစေလိမ့် မည်။ သို့ရာတွင် ဤနေရာ၌သူသည် မှားသောအလင်းတရားကိုဖော်ပြနေလေပြီ။ လူတို့အားနှုတ်ကပတ်တော်ကို သာ၍ထင်ရှားစွာနားလည်စေခြင်းငှာ ဤနည်း အားဖြင့် မိမိ၏နှုတ်ကပတ်တော်၌ သူတို့၏စိတ်ကို စွဲလမ်းစေဖို့ပြုလုပ် ရန်သင့်လျော်သည်ဟု ဘုရားသခင်သည်သိမြင်တော်မူပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှောင်မိုက်ဆုံးသောစိတ်ကိုပင် လင်းစေနိုင်လောက် အောင် အလင်းနှင့်ပြည့်စုံ၏။ ၎င်းပြင် ၎င်းကိုနားလည်ခြင်းငှာ အလိုရှိ သောသူတစ်စုံတစ်ယောက်ကိုလည်း ထိုနှုတ်ကပတ်တော်က နားလည်နိုင် သောအခွင့်ကိုပေး၏။ သို့ရာတွင် ဤအရာအားလုံးကိုဆန့်ကျင်ဘက်ပြုလျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာဖတ်ရှုနေကြသည်ဟုဆိုသော သူတို့သည် ၎င်း၏အထင်ရှားဆုံးသောဩဝါဒများကို ဆန့်ကျင်ဘက်ပြုလျက် ပြုကျင့်နေထိုင်ကြသည်ကိုတွေ့ရ၏။ ထို့နောက် ယောကျာ်း၊ မိန်းမတို့အား အပြစ်လွှတ်ခြင်းအခွင့်ကိုမရှိစေတော့ဘဲ ဘုရားသခင်က ထင်ရှား၍အချက် ကျသောသက်သေခံချက်များကိုပေးလျက် လိုက်နာရန်သူတို့ဂရုမစိုက်ဘဲ နေခဲ့ကြသော နှုတ်ကပတ်တော်ထံသို့ သူတို့ကိုပြန်၍ပို့ဆောင်တော်မူ၏။ မှန်ကန်စွာနေထိုင်ပြုမူသောဓလေ့များကိုဖြစ်စေရန် ဘုရားသခင်၏နှုတ်ကပတ် တော်တွင် အများနှင့်ဆိုင်သောစည်းကမ်းဥပဒေများစွာပင်ရှိ၏။ သို့ရာတွင် အများနှင့်ဆိုင်၍ လူအသီးအသီးနှင့်သင့်လျော်သော သက်သေခံချက်တို့ကား အထူးသဖြင့် ဤစည်းကမ်းဥပဒေများကိုသတိပြုစေရန် သတ်မှတ်ထားခြင်းဖြစ်၏။

ကျွန်ုပ်သည်ကျမ်းစာအုပ်ကိုယူ၍ ၎င်း၏ပတ်လည်တွင် ဘုရားသခင် ၏လူတို့အတွက်ပေးထားသော *အသင်းတော်အတွက်သက်သေခံချက်များ* ဟူသော စာအုပ်အများကိုချထား၏။ ကျွန်ုပ်ကား ဤနေရာ၌လူအပေါင်း တို့၏အမှုကိစ္စအားလုံးကို တွေ့ဆုံစေလေပြီဟုပြောဆို၏။ သူတို့ရှောင်ကြဉ်ရမည့်အပြစ်များကိုညွှန်ပြထားပြီး သူတို့အလိုရှိသောအကြံဥာဏ်တို့ကိုတွေ့ရှိ နိုင်လျက် သူတို့၏ကိစ္စများနှင့်တူသော အခြားကိစ္စများအတွက်လည်း ဖော်ပြ ထားလေပြီ။ ဘုရားသခင်သည် သင့်အားပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်း ပေါ်မှာတစ်နည်း သွန်သင်ပေးဖို့ရန်နှစ်သက်တော်မူ၏။

သို့ရာတွင် သက်သေခံချက်များတွင် မည်သည့်အရာများပါရှိသည်ကို အကယ်ပင်သိရှိကြသော သူတို့သည် သင်တို့အထဲ၌များစွာမရှိကြချေ။ သင်သည် ကျမ်းစာ၌ကျွမ်းကျင်ခြင်းမရှိ။ သင်သည် ကျမ်းစာ၏စံနမူနာကို မီအောင် လိုက်ဖို့အလိုရှိလျက် ခရစ်ယာန်တို့၏စုံလင်ခြင်းအဖြစ်ကိုရရှိရန် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို သေချာစွာလေ့ကျက်ဖတ်ရှုခဲ့လျှင် သင်သည် သက်သေခံချက်များကိုလိုလိမ့်မည်မဟုတ်။ ဘုရားသခင်မှုတ်သွင်းတော်မူသော စာအုပ်နှင့် သင်တို့သည်အကျွမ်းဝင်ခြင်းငှာ ဂရုမစိုက်အမှုမထားသောကြောင့် ဘုရားသခင်သည်လွယ်ကူ၍ တိုက်ရိုက်ဖြစ်သောသက်သေခံချက်များအားဖြင့် သင့်ထံသို့ရောက်ရန် ကြိုးစားတော်မူလျက် လိုက်နာစောင့်ရှောက်ဖို့ရန် သင်ဂရုမစိုက် ဘဲနေခဲ့သော မှုတ်သွင်းထားတော်မူသောနှုတ်ကပတ်တော်

ကိုသတိပြုရန် သင့်အားဖိတ်ခေါ်ပြီးလျှင် ၎င်း၏သန့်ရှင်းမြင့်မြတ်သော ဩဝါဒများ နှင့်အညီ သင်၏အသက်တာကိုပြုပြင်ရန် သင့်အားတိုက်တွန်း နှိုးဆော်လျက်နေတော် မူ၏။[၄]

## သက်သေခံချက်များကို၎င်းတို့၏အသီး (အကျိုး) များဖြင့်စစ်ဆေးကြည့်ရှုခြင်း

သက်သေခံချက်များကို ၎င်းတို့၏အသီး (အကျိုး) များဖြင့် စစ်ဆေး စမ်းသပ်ကြည့်ပါစေ။ ၎င်းတို့သွန်သင်သောဩဝါဒ၏သဘောများကား အဘယ် သို့နည်း။ ၎င်းတို့၏ဩဇာလွှမ်းမိုးခြင်း၏အကျိုးကား အဘယ်အရာများဖြစ် ခဲ့သ နည်း။ ဤကဲ့သို့ပြုလုပ်ရန် အလိုရှိသောသူအပေါင်းတို့သည် ဤရူပါရုံ များ၏အသီး (အကျိုး) များနှင့် အကျွမ်းဝင်နိုင်ကြသည်။ ဘုရားသခင်သည် သူတို့အားအသက်ရှင် နေစေသေး၍ စာတန်၏ခွန်အားကိုလည်းကောင်း၊စာတန်အားကူညီနေကြသောလူတို့ ၏ဩဇာအာဏာများကိုလည်းကောင်း တိုက်လှန်ရန်ခွန်အားနှင့်ပြည့်စုံစေခြင်းငှာ သင့်လျော်သည်ဟု ဘုရားသခင်က သိမြင်တော်မူ၏။

ဘုရားသခင်သည် မိမိအသင်းတော်၏အမှားများကိုဆုံးမ၍ သူတို့၏ ယုံကြည်ခြင်းကိုခိုင်ခံ့စေလျက် အသင်းတော်ကိုသွန်သင်တော်မူ၏၊ (သို့မဟုတ်) သွန်သင်ခြင်းမပြုဘဲနေတော်မူ၏။ ဤအမှုသည် ဘုရားသခင်၏အလုပ်ဖြစ် သည်၊ (သို့မဟုတ်) ဘုရားသခင်၏အလုပ်မဟုတ်ဘဲဖြစ်နေလိမ့်မည်။ ဘုရားသခင်သည် စာတန်နှင့်ပူးပေါင်းလျက် မည်သည့်အမှုကိုမျှပြုတော်မမူ။ ကျွန်ုပ်၏လုပ်ငန်းတွင် ဘုရားသခင်၏တံဆိပ်၊ (သို့မဟုတ်) စာတန်၏တံဆိပ် ပါရှိရမည်။ ဤကိစ္စ၌ တစ်ဝက်စီပါရှိသောအလုပ်မျိုးမဟုတ်။ သက်သေခံ ချက်များသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့်သက်ဆိုင်ရမည်၊ (သို့မဟုတ်) နတ်ဆိုးနှင့်သက်ဆိုင်ရမည်။

ထာဝရဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ပရောဖက်ဟောသော စကားချက်သဘောအားဖြင့် ဖော်ပြထင်ရှားစေတော်မူသောအခါ လွန်ပြီး သောနှင့် လာမည့်ကာလများသည် ကျွန်ုပ်၏ရှေ့၌ပေါ်လာကြလေပြီ။ ကျွန်ုပ်

တစ်ခါမျှမမြင်ခဲ့ဖူးသောမျက်နှာများကို ပြတော်မူလျက် နောက်နှစ်ပေါင်းများစွာကြာမှ သူတို့ကိုတွေ့မြင်ရသောအခါ သူတို့ကိုကျွန်ုပ်သိရှိ၏။ ကျွန်ုပ်သည် အိပ်နေရာမှနိုးလာပြီးလျှင် လွန်ခဲ့သောအခါက ကျွန်ုပ်၏စိတ်ထဲ၌ဖော်ပြခဲ့ သောအကြောင်းအရာတို့ကို ထင်ရှားစွာမြင်နေရရာ၊ ၎င်းပြင် ကျွန်ုပ်သည် သန်းခေါင်ယံ၌စာများကိုရေးခဲ့သဖြင့် ထိုစာတို့သည် တိုင်းပြည်ကြီးကိုဖြတ်ကျော် ရောက်ရှိသွားကြလျက် ဘုရားသခင်၏အမှုတော်နှင့်သက်ဆိုင်၍ ကြီးကျယ် သောဒုက္ခကြီးကိုအရေးဆိုက်ရာအချိန်တွင် ကယ်ဆယ်ခဲ့လေပြီ။ ဤအမှုသည် နှစ်ပေါင်းများစွာ ကျွန်ုပ်၏လုပ်ငန်းဖြစ်၏။ ကျွန်ုပ်မထင်မိသောအမှားများကို ဆုံးမသွန်သင်ရန် တန်ခိုးတစ်ခုကကျွန်ုပ်အားတိုက်တွန်းခဲ့ပြီ။ ဤအမှုသည် အထက်မှဖြစ်သလော၊ အောက်မှဖြစ်သလော။[1]

## မှားယွင်းခြင်းဖြစ်စေခြင်းသည်စာတန်၏ရည်ရွယ်ချက်ဖြစ်၏

အများသောအမှုကိစ္စတို့၌ *သက်သေခံချက်များ* ကို လုံးလုံးလက်ခံကြသဖြင့် အပြစ်များနှင့်အပျော်အပါးလိုက်စားမှုများကို ပယ်ဖျက်ကြလျက် ဘုရားသခင်ပေးတော်မူသောအလင်းတရားနှင့် ညီညာစွာပြုပြင်ပြောင်းလဲခြင်း အမှုများကို ချက်ချင်းပြုလုပ်ကြ၏။ အခြားသောကိစ္စများတွင် အပြစ်များကို ပြုလုပ်နေကြပြီးလျှင် *သက်သေခံချက်များ* ကိုငြင်းပယ်ကြလျက် ၎င်းတို့ကို လက်ခံဖို့ငြင်းပယ်ခြင်း၏အကြောင်းရင်းအဖြစ် မမှန်သောဆင်ခြေများကို အခြား သောသူတို့အားပေးကြ၏။ မှန်သောအကြောင်းရင်းကိုမဖော်ပြကြချေ။ နာကြည်း စေသောအကျင့်ကိုစွန့်ပယ်ရန် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ခိုင်ခံ့ခြင်း ရှိလျက် စိုးမိုးနေသောအလိုတပ်မက်တည်းဟူသော အကျင့်နှင့်ဆိုင်သောရဲရင့် ခြင်းကင်းမဲ့နေခြင်းကြောင့် ဤကဲ့သို့ဖြစ်ရသည်။ ယုံမှားခြင်းများကိုအကြံပေးရန်နှင့် ဘုရားသခင်ပေးတော်မူ၍ အချက် ကျကျညွှန်ပြသောသက်သေခံချက်ကို ကန့်ကွက်ချက်များကိုစီမံကြံစည်ရန် စာတန်၌အရည်အချင်းရှိသဖြင့် မယုံကြည်ခြင်း၊ ဆင်ခြေပေးခြင်း၊ စကား ရှောင်ပြောခြင်းတို့သည် အကျင့်တစ်ခု၊ အသိဉာဏ်၏အမှတ်လက္ခဏာတစ်ခု ဖြစ်သည်ဟု အများကထင်မှတ်ကြ၏။ ယုံမှားခြင်းရှိလိုသောသူတို့အဖို့ ယုံမှား နိုင်စရာအကြောင်းများစွာရှိပေသည်။ ယုံကြည်ခြင်းအတွက် ဘုရားသခင်သည် အခွင့်အခါအားလုံးကိုပယ်ရှားဖို့ကြံစည်တော်မမူ။ ဘုရားသခင်သည် သက်သေ ကိုပေးတော်မူသဖြင့် နှိမ့်ချသောစိတ်၊ သွန်သင်ပေးလိုသောသဘောနှင့်

၎င်းသက်သေကိုသေချာစွာစစ်ဆေးကြည့်ရှုလျက် သက်သေ၏အရေးကြီးသော သဘောကိုလိုက်လျက် ဆုံးဖြတ်ရကြမည်။ ဘုရားသခင်သည် ယုံကြည်စေ ခြင်းငှာ ပွင့်ပွင့်လင်းလင်းရှိသော စိတ်သဘောအား လုံလောက်သောသက်သေ ကိုပေးတော်မူ၏။ သို့ရာတွင် မိမိ၏သိမ်ငယ်ကျဉ်းမြောင်းသောဉာဏ်အား ဖြင့် အချို့သောအရာတို့ကိုထင်ရှားစွာမသိနိုင်သောကြောင့် သက်သေခံချက် များ၏အရေးကြီးသောသဘောတို့မှလွဲသွားသောသူသည် မယုံကြည်သော အခြေအနေ၊ ယုံမှားသံသယဖြစ်နေသောအဖြစ်၌ အတိဒုက္ခရောက်လျက်ရှိ နေပြီးလျှင် သင်္ဘောပျက်ရာတွင် ယုံကြည်ခြင်းကင်းမဲ့နေသောသူကဲ့သို့ဖြစ် လိမ့်မည်။

ဘုရားသခင်၏လူတို့အား သက်သေခံချက်များ၌ ယုံကြည်ခြင်း အားနည်းသွားစေရန်ပြုလုပ်ခြင်းသည် စာတန်၏အကြံအစည်ဖြစ်သည်။ စာတန် သည် မိမိ၏တိုက်လှန်ပွဲကိုမည်ကဲ့သို့ကျင်းပရမည်ကိုသိရှိ၏။ လုပ်ငန်း၏ အထွတ်တွင်ရှိသောသူတို့အားမနာလိုခြင်း၊ စိတ်မကျေနပ်ခြင်းရှိစေရန် နှိုးဆော် တိုက်တွန်းခြင်းငှာ စာတန်သည် စိတ်ကိုပြုပြင်ပေး၏။ နောက်တစ်ဖန် ဆုကျေးဇူးများအကြောင်းကို စစ်ဆေးမေးမြန်းကြ၏။ နောက်တစ်ဖန် သူတို့သည် အနည်းငယ်မျှသာအရေးယူလျက်ရှုပါရုံအားဖြင့် ဖော်ပြသောသွန်သင်ချက် များကိုဂရုမစိုက်ဘဲနေကြ၏။ ထိုနောက် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အရေး ကြီးသောအချက်၊ ကျွန်ုပ်တို့အခြေအနေ၌ မှီခိုအားထားရာများတို့နှင့်ပတ်သက် ၍ ယုံမှားခြင်းရှိလာ၏။ ထိုနောက် သမ္မာကျမ်းစာကိုယုံမှားလာကြပြီးလျှင် ပျက်စီးခြင်းသို့ရောက်သွားကြလေ၏။ တစ်ခါကယုံကြည်ခဲ့သော *သက်သေခံ ချက်များ* ကို ယုံမှား၍စွန့်ပယ်သောအခါ လှည့်ဖြားခြင်းခံရသောသူတို့သည် ဤနေရာ၌သာရပ်၍မနေကြသည်ကို စာတန်သည်သိရှိ၏။ ၎င်းပြင် သူတို့အားထင်ရှားစွာပုန်ကန်စေခြင်းငှာ သူသည်နှစ်ဆမျှကြိုးပမ်းလျက် တိုက်တွန်းအားပေး သဖြင့် ထိုပုန်ကန်မှုကိုပြင်၍မရတော့ဘဲ သူတို့သည် အဆုံး၌ပျက်စီးခြင်းသို့ ရောက်ရကြလေ၏။ ဘုရားသခင်၏အမှုတော်နှင့်စပ်ဆိုင်၍ ယုံမှားသံသယ ရှိခြင်း၊ မယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ အားမကိုးသောသဘောနှင့် ရက်စက်စွာမနာလိုခြင်းသဘောများကို မွေးမြူခြင်းအားဖြင့်လည်းကောင်း သူတို့သည် လုံးလုံးလှည့်ဖြားခြင်းခံရအံ့သောငှာ ပြင်ဆင်လျက်နေကြသည်။ သူတို့၏အမှားများကိုပြောပြ၍ သူတို့၏အပြစ်များကိုဆုံးမဖော်ပြဝံ့သောသူတို့ အား သူတို့သည် အလွန်အမျက်ဒေါသထွက်လျက် သူတို့ကိုဆန့်ကျင်ဘက် ပြုကြ၏။

သက်သေခံချက်များကို ထင်ရှားစွာငြင်းပယ်ကြသောသူ (သို့မဟုတ်) ၎င်းတို့အကြောင်းနှင့်စပ်ဆိုင်၍ ယုံမှားခြင်းရှိနေကြသောသူတို့သည် ထိုသူ များသာဖြစ်ကြသည်မဟုတ်။ အလင်းတရားကိုဂရုမစိုက်ခြင်းသည် ၎င်းကို ငြင်းပယ်ခြင်းဖြစ်၏။

သင်သည် *သက်သေခံချက်များ* ၌ယုံကြည်အားထားခြင်းမရှိလျှင် သင်သည် ကျမ်းစာ၏သမ္မာတရားများမှဝေးကွာစွာမျောသွားနေလိမ့်မည်။ အများသောသူတို့သည်ဆင်ခြေပေး၍ ယုံမှားသောအခြေအနေ၌ရှိကြလိမ့်မည် ဟု ကျွန်ုပ်သည်စိုးရိမ်လျက်ရှိခဲ့ပြီ။ ထိုကြောင့် သင်တို့၏ဝိညာဉ်အတွက် ကျွန်ုပ်သည်စိတ်ပူပန်လျက် သင်တို့အားသတိပေးလိုပါသည်။ လူမည်မျှသည် သတိပေးစကားကိုဂရုစိုက်သတိပြုကြလိမ့်မည်နည်း။[၆]

## သက်သေခံချက်များကိုမသိနားမလည်ခြင်းသည်ဆင်ခြေမဟုတ်

အများသောသူတို့သည် အလင်းတရားနှင့်သတိပေး၊ အပြစ်ဖော်ပြ ဆုံးမသောစကားများပါရှိသောစာအုပ်များကို မဖတ်ကြသောကြောင့် ဘုရားသခင်က မိမိ၏လူတို့အားပေးတော်မူသောအလင်းတရားကို တိုက်ရိုက် ဆန့်ကျင်ဘက်ပြုနေကြသည်။ လောကစိုးရိမ်ပူပန်ခြင်း၊ ခေတ်အလိုက်ဝတ်စား ဆင်ယင်မှု၊ ဖက်ရှင်ကိုနှစ်သက်ခြင်း၊ ဘာသာတရားကင်းမဲ့ခြင်းကြောင့် ဘုရားသခင်သည် ကရုဏာများစွာဖြင့်ပေးတော်မူသောအလင်းတရားကို ဂရုမစိုက်အမှုမထားဘဲနေကြစဉ် အမှားများပါဝင်သောစာအုပ်စာတမ်း၊မဂ္ဂဇင်း၊ဂျာနယ် မှစသောစာစောင်တို့သည် တစ်တိုင်းပြည်လုံးအနှံ့အပြားရောက်ရှိသွား ကြလေပြီ။ မယုံကြည်ခြင်း၊ သစ္စာမဲ့ခြင်းအမှုများသည် နေရာတကာ၌တိုးပွား လျက်ရှိ၏။ ဘုရားသခင်၏ပလ္လင်တော်မှသက်ရောက်၍ အလွန်အဖိုးထိုက် သောအလင်းကို တောင်းဇလားအောက်၌ဖုံးထားကြလေပြီ။ ဤကဲ့သို့အမှုမထားဘဲနေခြင်းအတွက် ဘုရားသခင်သည် မိမိ၏လူများအပေါ်၌ တာဝန်ကိုတင်ထားလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားတရားရေး၌တိုးတက်သည် အလျောက်အလင်းတရားကိုတိုးတက်စေသည်ဖြစ်စေ၊ မိမိ၏အလိုဆန္ဒကို လိုက်ဖို့ သာ၍နှစ်သက်သောကြောင့် ၎င်းကိုငြင်းပယ်သည်ဖြစ်စေ ဘုရားသခင် သည် ကျွန်ုပ်တို့၏လမ်း၌ချပေးထားသော အလင်းရောင်တိုင်းအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အားအကြောင်းကြား၍ရှင်းလင်းပြရကြမည်။

*သက်သေခံချက်များ* ကို ဥပုသ်စောင့်သောအိမ်ထောင်တိုင်းတွင် ထားရှိစေရမည်။ ၎င်းပြင် ညီအစ်ကိုမောင်နှမများတို့သည် ၎င်းတို့၏တန်ဖိုး ကိုသိရှိကြလျက်၎င်းတို့ကိုဖတ်ဖို့သူတို့အားတိုက်တွန်းရမည်။၎င်းတို့ကို အနည်းငယ်မျှသာထားကြလျက် စည်းဝေးဇရပ်တွင်စာအုပ်တစ်စုံသာရှိစေခြင်း သည် ကောင်းသောအကြံမဟုတ်ပါ။ အိမ်ထောင်တိုင်း၏စာအုပ်ဗီရိုထဲတွင် ၎င်းတို့ကိုထားလျက် ၎င်းတို့ကိုထပ်ခါထပ်တလဲလဲဖတ်ရကြမည်။ လူအများ ဖတ်နိုင်အောင် လွယ်ကူသောနေရာတွင် ၎င်းတို့ကိုထားရမည်။[၇]

သက်သေခံချက်များ၌ပါရှိသောသတိပေးစကား၊ အားပေးစကားနှင့် အပြစ်ဖော်ပြဆုံးမစကားတို့ကို မယုံကြည်ခြင်းသည် ဘုရားသခင်၏လူတို့ ထံမှ အလင်းတရားကိုပယ်ရှားထားခြင်းဖြစ်သည်ကို ကျွန်ုပ်အားဖော်ပြထား၏။ မယုံကြည်သောသူတို့သည် မိမိတို့၏မျက်စိကိုမှိတ်ထားကြသဖြင့် မိမိတို့၏

မှန်သောအခြေအနေကိုမသိရှိကြ။ အပြစ်ကိုဖော်ပြဆုံးမရာ၌ ဘုရားသခင့် ဝိညာဉ်တော်၏သက်သေခံချက်ကို ဖိတ်ခေါ်ဖို့မလို၊ (သို့မဟုတ်) ၎င်းသည် မိမိတို့အဖို့ မဟုတ်ဟု သူတို့ထင်မှတ်ကြသည်။ ထိုသို့သောသူတို့သည် ဝိညာဉ် ရေးနှင့်ဆိုင်သောအရာတို့တွင် သိကျွမ်းခြင်းမရှိကြောင်းကို သိမြင်မည်အကြောင်း ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဝိညာဉ်ရေး၌ပိုင်းခြားသိနားလည်သောဉာဏ်ကို များစွာလိုနေကြလေသည်။

သမ္မာတရားမှဖောက်ပြန်သွားသောသူအများတို့သည် မိမိတို့၏ လမ်းမှားကိုအကြောင်းပြသောသဘောနှင့် သက်သေခံချက်များတို့၌ ယုံကြည် ခြင်းမရှိကြဟုမှတ်ယူကြသည်။ ယခုပြဿနာကား ဘုရားသခင်အပြစ်ဒဏ် ပေးတော်မူသောရုပ်တုကို သူတို့သည်ပေးအပ်ကြမည်လော၊ (သို့မဟုတ်) သူတို့ သည် မိမိတို့နှစ်သက်သောမှားသောလမ်း၌ပင် ဆက်လက်တည်ရှိနေကြ ပြီးလျှင် သူတို့နှစ်သက်သောအရာကိုပင်ဆုံးမလျက် သူတို့အားဘုရားသခင် ပေးတော်မူသောအလင်းကို ငြင်းပယ်နေကြဦးမည်လော။ ကျွန်ုပ်သည် မိမိ ကိုယ်ကိုငြင်းပယ်၍ ကျွန်ုပ်၏အပြစ်ကိုဖော်ပြသော *သက်သေခံချက်များ* ကို ဘုရားသခင်ထံမှလာသကဲ့သို့ လက်ခံရမည်လော၊ (သို့မဟုတ်) *သက်သေ ခံချက်များ* သည် ကျွန်ုပ်၏အပြစ်များကိုဖော်ပြဆုံးမသောကြောင့် ကျွန်ုပ် သည် ၎င်းတို့ကိုငြင်းပယ်ရမည်လော။

## သက်သေခံချက်များကိုအလွဲအသုံးပြုခြင်း

ပထမဦးဆုံးပုံနှိပ်ခဲ့သောသက်သေခံချက်များတွင် ဘုရားသခင်၏ လူတို့အားပေးတော်မူသောအလင်းတရားကို သတိမရှိမဆင်ခြင်ဘဲ အသုံးပြု ခြင်းအကြောင်း သတိပေးသောအချက်တစ်ခုပါဝင်၏။ အချို့သောသူတို့သည် မလိမ္မာသောလမ်းကို အသုံးပြုကြပြီဟု ကျွန်ုပ်ကဖော်ပြ၏။ မယုံကြည်သော သူတို့အား မိမိတို့၏ယုံကြည်ခြင်းတရားအကြောင်းကိုပြောပြ၍ သူတို့က သက်သေတောင်းသောအခါ သူတို့သည် သက်သေအတွက်ကျမ်းစာအုပ်ကို အားမကိုးဘဲ ကျွန်ုပ်ရေးသားထားသောအရာများကို သူတို့ကဖတ်ပြကြ၏။ ဤသို့ပြုခြင်းသည်မသင့်လျော်၍ မယုံကြည်သောသူတို့အား သမ္မာတရားနှင့်

ပတ်သက်၍အကျိုးယုတ်စေသည်ကို ကျွန်ုပ်အားဖော်ပြထား၏။ *သက်သေခံ ချက်များ* ၏သဘောကို မသိသောသူတို့သည် ၎င်းတို့၏အရေးကြီးသော အဖြစ်ကို နားမလည်နိုင်ကြ။ ထိုကဲ့သို့သောအမှုကိစ္စတို့၌ ၎င်းတို့ကိုညွှန်ပြ ဖို့မသင့်ချေ။

*သက်သေခံချက်များ* ကိုအသုံးပြုနည်းအကြောင်းနှင့်ပတ်သက်၍ မကြာခဏအောက်ပါအတိုင်း အခြားသတိပေးစကားများကို ဖော်ပြထားပါ သည်။–

အချို့သောတရားဟောဆရာတို့သည် အလွန်ဝေးစွာလမ်းမှားနေကြ ၏။ သူတို့ဖော်ပြသော သက်သေခံချက်ကို သူတို့သည်ယုံကြည်ကြသည်ဟု ဝန်ခံပြောဆိုကြပြီးလျှင် အချို့သောသူတို့သည် ၎င်းတို့ကိုညွှန်ပြရာ၌ ကျွမ်းကျင် ခြင်းမရှိသောသူတို့အတွက်ကဲ့သို့ ခိုင်မာသောစည်းကမ်းဥပဒေကို ပြုလုပ်ထား ခြင်းဖြင့်ဘေးဖြစ်စေကြ၏။ သို့သော် သူတို့ကိုယ်တိုင်ပင် ၎င်းတို့အတိုင်းလိုက်နာ စောင့်ရှောက်ခြင်းမရှိကြ။ သူတို့သည် သူတို့ကိုယ်တိုင်လုံးလုံးဂရုမစိုက်ဘဲနေ ကြသောသက်သေခံချက်များကို ထပ်တလဲလဲဖော်ပြကြပြီ။ ထိုသို့သောလမ်း သည် မသင့်လျော်ချေ။

အခြားသူတို့၏အပြစ်များနှင့် အမှားများအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ကဖော်ပြထား သောအရာကို အများသောသူတို့သည် အခွင့်အရေး ယူတတ်ကြသည်ကို ကျွန်ုပ်မြင်ရသည်။ သူတို့သည် ရူပါရုံ၌ဖော်ပြသော အရာတို့၏အဓိပ္ပါယ်ကို အလွန်အကျွံချဲ့ထွင်ထားပြီးနောက် ဘုရားသခင်က ဖော်ပြတော်မူခဲ့သောအရာ၌ အများသောသူတို့သည် ယုံကြည်ခြင်းအားနည်း လာအောင် သူတို့က၎င်းကို အတင်းအကျပ်ပြောဆိုကြသဖြင့် အသင်းတော် ကိုလည်း စိတ်ပျက်အားလျော့စေတတ်ကြ၏။[၉]

## သက်သေခံချက်များတွင်အပြစ်ရှာဝေဖန်ခြင်း၌ ဘေးရောက်စေတတ်ခြင်း

မကြာမီကမြင်သောအိပ်မက်တွင် ကျွန်ုပ်သည်စည်းဝေးနေသောလူ တစ်စုရှေ့သို့ရောက်သွား၍ သူတို့သည် ကျွန်ုပ်အားဖော်ပြသော အရေးအကြီး ဆုံးသောသတိပေးစကားကို စိတ်ထဲမှပယ်ရှားရန် ကြိုးစားအားထုတ်နေကြ သည်။ သူတို့က မမဝှိုက်၏သက်သေခံချက်များကို ကျွန်ုပ်တို့ယုံကြည်ကြ ပါသည်။ သို့ရာတွင် ဆင်ခြင်စဉ်းစားနေသော ထူးခြားသောအမှုကိစ္စ၌ သက်ဆိုင်သောအရာများကို ရူပါရုံတွင်သူမသည် တိုက်ရိုက်မတွေ့မမြင်ရဟု သူမကပြောပြသောအခါ သူမ၏စကားများသည် အခြားသောသူတစ်စုံတစ် ယောက်၏စကားထက်ပင် ကျွန်ုပ်တို့အဖို့အကျိုးမရှိချေဟုပြောဆိုကြ၏။ ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့သက်ရောက်လာ သဖြင့် ကျွန်ုပ်သည်မတ်တတ်ရပ်၍ ထာဝရဘုရားသခင်၏နာမတော်၌ သူတို့ကို ပြစ်တင်ဆုံးမရလေ၏။

ယခုဤအရေးကြီးသော သတိပေးစကားတို့ကိုပြောပြသောအခါ ကြားရသောသူတို့က ဤအရာသည် မမဝှိုက်တစ်ဦးတည်း၏အကြံဉာဏ်ဖြစ် သဖြင့် ကျွန်ုပ်သည် မိမိကိုယ်တိုင်၏သဘောကိုပင် လိုက်နာနေဦးမည်ဟု ပြောဆိုကြ၏။ ၎င်းပြင် သူတို့သည် သူတို့အားမပြုလုပ်စေရန် သတိပေးထားသောအရာကိုပင် ဆက်လက်ပြုလုပ်နေကြလျှင် သူတို့သည်

ဘုရားသခင် ၏အကြံဉာဏ်ကိုရှုတ်ချကြောင်းပြကြသဖြင့် ဘုရားသခင်၏ဝိညာဉ်တော်က ဖြစ်ရလိမ့်မည်ဟု ကျွန်ုပ်အားဖော်ပြသည်အတိုင်း ဖြစ်လာရလေ၏။ ၎င်းကား ဘုရားသခင်၏အမှုတော်ကိုထိခိုက်စေလျက် လူတို့ကိုယ်တိုင်ပျက်စီးခြင်းသို့ ရောက်ခြင်းအကြောင်းတည်း။ မိမိတို့၏အခြေအနေကိုခိုင်ခံ့စေလိုသောဆန္ဒ ရှိသောသူတို့သည် သက်သေခံချက်များထဲမှ မိမိတို့၏ထင်မြင်ချက်ကိုထောက်မလိမ့်မည်ဟု ထင်ရသောအချက်များကိုဆွဲထုတ်ကြလျက် ၎င်းကိုအပေါ်၌ အမှီပြု၍ အခိုင်ဆုံးဖြစ်နိုင်သောအဓိပ္ပါယ်ကို ဖော်ပြထားကြလိမ့်မည်။ သို့သော် မိမိပြုလုပ်သောနည်းလမ်းကိုမေးမြန်းစစ်ဆေးသော၊ (သို့မဟုတ်) မိမိတို့၏ ထင်မြင်ချက်နှင့်မကိုက်မညီညွတ်သောအချက်တို့ကိုမမရိုက်၏အကြံဉာဏ် ဖြစ်သည်ဟု ပြောဆိုကြပြီးလျှင် ၎င်းသည် ကောင်းကင်မှအစပြုဖြစ်ပေါ်လာသည်ကိုငြင်းဆိုကြလျက် ၎င်းကိုမိမိတို့ထင်မြင်ချက်သဘောနှင့် တန်းတူထား ကြလေ၏။

၎င်းပြင် ယခုညီအစ်ကိုမောင်နှမများတို့၊ ကျွန်ုပ်နှင့်လူများတို့၏ စပ်ကြားတွင်ဝင်၍ သူတို့ထံသို့ရောက်ရှိစေခြင်းငှာ ဘုရားသခင်အလိုရှိတော် မူသောအလင်းကို ဖယ်ရှားခြင်းမပြုပါနှင့်။ သင်သည် အပြစ်တင်ဝေဖန်ခြင်းအား ဖြင့် *သက်သေခံချက်များ* ထဲမှအဓိပ္ပါယ်လေးနက်သောအရာရှိသမျှ၊ အချက် ကျ၍ တန်ခိုးနှင့်ပြည့်စုံသောအရာရှိသမျှတို့ကို ယူမပစ်ပါနှင့်။ ကောင်းကင်မှအလင်းသည် အဘယ်အရာဖြစ်သည်ကိုလည်းကောင်း၊ မည်သည့်အရာသည် လူတို့၏ဉာဏ်အားဖြင့်ဖော်ပြသော စကားများဖြစ်သည်ကိုလည်းကောင်း ဝေဖန် ပိုင်းခြားနိုင်ရန် ဘုရားသခင်သည် သင့်အားအစွမ်းသတ္တိကိုပေးတော်မူခဲ့ပြီဟု ပြောဆိုလျက် သင်၏ထင်မြင်ချက်နှင့်ကိုက်ညီသောအချက်တို့ကို သင်သည် ခွဲထုတ်ယူနိုင်လိမ့်မည်ဟုမထင်ပါနှင့်။ *သက်သေခံချက်များ* ကဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ ဖော်ပြခြင်းမပြုလျှင် ၎င်းတို့ကိုငြင်းပယ်လော့။ သခင်ခရစ်တော်သည် ဗေဇလေလနှင့်ပေါင်းနိုင်တော်မမူ။ သခင်ခရစ်တော်၏ မျက်နှာကိုထောက်လျက် လူတို့၏စဉ်းလဲသောဆင်ခြေ၊ ယုံမှားသောအချက် များအားဖြင့် လူတို့၏စိတ်ကိုရှုပ်ထွေးအောင်မပြုလုပ်ပါနှင့်။ ၎င်းပြင် ထာဝရ ဘုရားသခင်ကပြုလုပ်စေလိုတော်မူသောလုပ်ငန်းကို အကျိုးမဖြစ်စေခြင်းငှာ မပြုလုပ်ပါနှင့်။ သင်သည် ဝိညာဉ်ရေး၌ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ကင်းမဲ့ ခြင်းအားဖြင့် ဘုရားသခင်၏ကိုယ်စားတော်ဖြစ်သောဤအရာကို အများသော သူတို့အား ထိမိ၍လဲစေလျက် ကျော့မိဖမ်းဆီးခြင်းခံရစေသောကျောက်မဖြစ် ပါစေနှင့်။[၁၀]

## အပြစ်ဖော်ပြဆုံးမခြင်းကိုမည်ကဲ့သို့ခံယူမည်အကြောင်း

ဘုရားသခင်၏ဝိညာဉ်တော်က ဆုံးမခြင်းကိုခံရသောသူတို့သည် နှိမ့်ချသောတန်ဆာပလာတစ်ဖက်၌ ထကြွပုန်ကန်ခြင်းကိုမပြုအပ်။ သူတို့အား ပျက်စီးခြင်းမှကယ်ဆယ်ရန်ပြောဆိုသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ မှားယွင်း၍သေတတ်သောလူမဟုတ်။ ဆုံးမခြင်းကိုခံယူရန်မနှစ်သက်ခြင်းမှာ

လူ၏သဘောပင်ဖြစ်သည်၊ (သို့မဟုတ်) ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အလင်းကိုမရသေးလျှင် ဆုံးမခြင်းကိုလိုလိမ့်မည်၊ (သို့မဟုတ်) ၎င်းသည် ကောင်းချီးမင်္ဂလာကိုရရှိစေဖို့စီမံထားသည်ကို လူ၏စိတ်နှလုံးသည် သေချာ စွာမသိနိုင်။ လူသည် သွေးဆောင်ခြင်းသို့လိုက်ပါသွား၍ အပြစ်၌နစ်မွန်း နေသောအခါ သူ၏စိတ်သဘောသည် မှောင်မိုက်လာ၏။ အကျင့်နှင့်ဆိုင် သောအာရုံများသည် ပြောင်းလဲသွား၏။ အသိစိတ်ကသတိပေးသောအချက်တို့ကို ဂရုမစိုက်သဖြင့် ၎င်း၏စကားသံကိုထင်ရှားစွာမကြားရတော့ချေ။ သူသည် ဘုရားသခင်၏ရှေ့တော်၌တည်ရှိနေသောအခြေအနေအမှန်ကို မသိ နိုင်သည်တိုင်အောင် အမှားနှင့်အမှန်ကိုဝေဖန်ပိုင်းခြားနိုင်သောသတ္တိသည် သူ၌တဖြည်းဖြည်းယုတ်လျော့သွားလေ၏။သူသည် ဘာသာတရားကိုဟန် အားဖြင့်လိုက်နာစောင့်ရှောက်၍ ၎င်း၏ဩဝါဒများကို စိတ်အားကြီးစွာ ထိန်းသိမ်းပြုစုလိမ့်မည်၊ သို့ရာတွင် ၎င်းသဘောနှင့်ကင်းမဲ့နေလိမ့်မည်။ သူ၏ အခြေအနေကိုမှန်သေသက်သေက အောက်ပါအတိုင်းဖော်ပြထား၏။ "သင်က လည်း ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုဆည်းပူးပြီ။ တစ်စုံတစ်ခုမျှ မလိုဟုပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်ကို မသိပါတကား။" ဘုရားသခင်၏ဝိညာဉ်တော်က ဆုံးမသောသတင်းစကားဖြင့် သူ၏အခြေအနေ သည်ဤကဲ့သို့ဖြစ်သည်ဟုဖော်ပြသောအခါ သတင်းစကားသည် မှန်ကန် သည်ကို သူသည်မသိမမြင်နိုင်ချေ။ ထို့ကြောင့် သူသည်သတိပေးစကားကို ငြင်းပယ်ရမည်လော၊ မငြင်းပယ်ရ။

***သက်သေခံချက်များ*** ၏သဘောနှင့်စပ်ဆိုင်၍ မိမိတို့ကိုယ်တိုင် စိတ်ကျေနပ်ဖွယ်ဖြစ်လိုသောသူတို့သည် ထိုသို့ပြုလုပ်နိုင်မည်အကြောင်း ဘုရားသခင်သည် လုံလောက်သောသက်သေများကိုပေးတော်မူပြီ။ ၎င်းပြင် ၎င်းတို့သည် ဘုရားသခင်ထံတော်မှဖြစ်သည်ဟုဝန်ခံပြီးလျှင် မိမိတို့၏ အပြုအမူတို့၌အပြစ်ရှိကြောင်းကို မိမိတို့ကိုယ်တိုင်မမြင်သော်လည်း ဆုံးမခြင်း ကိုလက်ခံဖို့ရန် မိမိတို့၌တာဝန်ရှိပေသည်။ သူတို့သည် မိမိတို့၏အခြေအနေကိုပြည့်စုံစွာသိရှိကြလျှင် သူတို့သည် ဆုံးမခြင်းကိုလိုလိမ့်ဦးမည်လား။ သူတို့ သည်မသိသောကြောင့် အလွန်နောက်မကျမီ သူတို့သည်နောင်တရ၍ ပြုပြင် နိုင်ကြမည်အကြောင်း ဘုရားသခင်သည် ကရုဏာတော်အားဖြင့် သူတို့ရှေ့၌ အပြစ်ကိုဖော်ပြထားတော်မူ၏။ သတိပေးစကားကိုရှုတ်ချသောသူတို့သည် ကိုယ်တိုင်လှည့်ဖြားခြင်းခံစေခြင်းငှာ ကန်းနေသောအဖြစ်၌ စွန့်ပစ်ထားခြင်းခံ ရလိမ့်မည်။ သို့ရာတွင် ၎င်းကိုဂရုစိုက်၍ လိုအပ်သောကျေးဇူးတော်တို့ကို ရရှိမည်အကြောင်း၊ မိမိတို့ထံမှအပြစ်ကိုပယ်ရှားခြင်းအမှုကို စိတ်အားကြီးစွာလုပ်ဆောင်ကြသောသူတို့သည် ချစ်ခင်သောကယ်တင်ရှင်အား မိမိတို့နှင့်အတူ လာ၍နေထိုင်စေခြင်းငှာ မိမိတို့၏စိတ်နှလုံးတံခါးကို ဖွင့်ပေးကြလိမ့်မည်။ ဘုရားသခင်နှင့်အလွန်ရင်းနှီးစွာဆက်ဆံကြသောသူတို့သည် ဘုရားသခင်က မိန့်မြွက်တော်မူသောအခါ ဘုရားသခင်၏စကားသံတော်ကို သိရှိသောသူများ ဖြစ်ကြလိမ့်မည်။

ဝိညာဉ်ပကတိနှင့်ဆိုင်သောသူတို့သည် ဝိညာဉ်နှင့်ဆိုင်သော အရာတို့ကို ဝေဖန်ပိုင်းခြား၍သိကြလိမ့်မည်။ ထိုသို့သောသူတို့သည် ထာဝရ ဘုရားသခင်က မိမိတို့၏အမှားကိုဖော်ပြသည်ကို ကျေးဇူးတင်ကြလိမ့်မည်။

ဘုရားသခင်သည် မိမိနှင့်ပြုတော်မူသောအမှုများမှ ဒါဝိဒ်သည် ပညာကို သင်ကြားရရှိ၍ အမြင့်ဆုံးသောဘုရားသခင်ကဆုံးမတော်မူသောအခါ နှိမ့်ချခြင်းနှင့် ဦးညွှတ်လေ၏။ ပုရောဖက်နာသန်က သူ၏အခြေအနေအမှန် ကို သစ္စာနှင့်ပုံပမာပြသောအခါ ဒါဝိဒ်သည် မိမိကိုယ်တိုင်၏အပြစ်များကို ကောင်းစွာသိမြင်လာလျက် ၎င်းတို့ကိုပယ်ရှားရန် အကူအညီရရှိလာ၏။သူသည် အကြံပေးချက်ကိုသိမ်မွေ့သော သဘောနှင့်လက်ခံလျက် ဘုရားသခင် ရှေ့တော်၌ မိမိကိုယ်ကိုနှိမ့်ချလေ၏။ "ထာဝရဘုရားသခင်၏တရားတော် သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏" ဟုသူကပြောဆို၏။ (ဆာလံ ၁၉း၇)။

"သားအပေါင်းတို့သည် ခံတတ်သောဆုံးမခြင်းကို သင်သည် မခံဘဲနေလျှင် သားရင်းမဟုတ်" ဟေဗြဲ ၁၂း၈။ ကျွန်ုပ်တို့၏ဘုရားသခင်က "ငါချစ်သမျှသောသူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏" ဟုမိန့်တော်မူ၏။ (ဗျာဒိတ် ၃း၁၉)။ "ဆုံးမခြင်းမည်သည်ကား၊ ခံရစဉ်အခါ ဝမ်းမြောက်စရာမထင်၊ ဝမ်းနည်းစရာထင်တတ်၏။ သို့သော်လည်း၊ ဆုံးမ ခြင်းကိုခံရသောသူတို့သည် နောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သောဖြောင့်မတ် ခြင်းအကျိုးကိုခံရကြ၏" ဟေဗြဲ ၁၂း၁၁။ ဆုံးမခြင်းသည် ပြင်းထန်သည်ဟု ထင်ရသော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းခြင်းကိုခံယူရရှိ မည်အကြောင်း ဘုရားသခင်သည် ၎င်းကိုစီမံထားတော်မူ၏။[၁၁]

-----*****----

## အခန်း (၂၁)
# ကျမ်းစာအုပ်

ကျမ်းစာ၌ ထောင်သောင်းမကသောသမ္မာတရား၏ရတနာများကို အပေါ် ယံရှာဖွေသူတို့ထံမှ ဝှက်ထားလျက်ရှိ၏။ သမ္မာတရားတည်းဟူသော

သတ္တုတွင်းသည် ဘယ်အခါမျှမကုန်မခန်းနိုင်။ သင်သည် ကျမ်းစာကိုသာ၍ ရှာဖွေလျှင် သင်သည် သာ၍စိတ်ဝင်စားလာလျက် သင်သည် ပေါလုကဲ့သို့ "ဘုရားသခင်၏ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား၊ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်၊ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမီနိုင်" (ရောမ ၁၁း၃၃) ဟု သာ၍ကြွေးကြော် လိုသောစိတ်ရှိလာလိမ့်မည်။[၁]

သခင်ခရစ်တော်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် လုံးလုံးညီညွတ်လျက်ရှိ၏။ ၎င်းကိုလက်ခံလျက် လိုက်နာစောင့်ရှောက်ကြလျှင် သခင်ခရစ်တော်သည် အလင်း၌တည်နေတော်မူသကဲ့သို့ အလင်း၌လျှောက် လိုက်လိုသောသူအပေါင်းတို့သည် လျှောက်သွားရန် ၎င်းတို့ကသေချာစွာလမ်းဖွင့် ပေးလိမ့်မည်။ ဘုရားသခင်၏လူများတို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်ကို ရိုသေလေးမြတ်ခြင်းရှိကြလျှင် ဤအောက်အရပ်ရှိအသင်းတော်၌ပင် ကျွန်ုပ်တို့သည် ကောင်းကင်တစ်ခုကိုရရှိကြလိမ့်မည်။ ခရစ်ယာန်တို့သည် နှုတ်ကပတ်တော်ကို စေ့စေ့ရှာဖွေစူးစမ်းရန် စိတ်အားကြီးခြင်း၊ငတ်မွတ် ခြင်းရှိရကြမည်။ သူတို့သည် အချိန်အတော်ကြာကျမ်းချက်တစ်ခုကိုတစ်ခု နှိုင်းယှဉ်လျက် နှုတ်ကပတ်တော်ကိုဆင်ခြင်အောက်မေ့ရန် စိတ်အား ထက်သန်ရကြမည်။ သူတို့သည် နံနက်သတင်းစာ၊ မဂ္ဂဇင်းနှင့်ဝတ္ထုစာအုပ် များထက် နှုတ်ကပတ်တော်၏အလင်းတရားအတွက် သာ၍ စိတ်အား ထက်သန်ရကြလိမ့်မည်။ သူတို့၏အကြီးဆုံးဆန္ဒမှာ ဘုရားသခင့်သားတော်၏အသားကိုစားလျက် အသွေးကိုသောက်ခြင်းဖြစ်ရမည်။ထိုအကြောင်းကြောင့် သူတို့၏အသက်တာသည် နှုတ်ကပတ်တော်၏စည်းကမ်း ဥပဒေများ၊ ကတိတော်များနှင့်အညီ ကြီးပွားလာလိမ့်မည်။ ၎င်း၏သွန်သင် သြဝါဒပေးချက်များသည် အသက်ပင်၏အရွက်များကဲ့သို့ဖြစ်လိမ့်မည်။ ၎င်းသည် သူတို့အဖို့စမ်းရေတွင်းဖြစ်လျက် အသက်စမ်းရေကိုစီးထွက်စေလိမ့် မည်။ မိုးရေကဲ့သို့အားဖြည့်စေသောကျေးဇူးတော်သည် ဝိညာဉ်ကိုအားဖြည့် လျက်ပြန်၍အသက်ရှင်စေပြီးလျှင် ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် မောပန်း ခြင်းအားလုံးတို့ကို မေ့လျော့သွားစေလိမ့်မည်။ သူတို့သည် မှုတ်သွင်းထား တော်မူသော နှုတ်ကပတ်တော်အားဖြင့် ခွန်အားနှင့်ပြည့်စုံလာပြန်လျက် အားပြည့်လာကြလိမ့်မည်။[၂]

၎င်းကိုရေးသားပုံရေးသားနည်းနှင့် ၎င်း၏အကြောင်းအရာသည် ကျယ်ဝန်းသည်ဖြစ်၍ ကျမ်းစာအုပ်သည် လူတိုင်းအားစိတ်ဝင်စားခြင်းကိုဖြစ် စေလျက် လူတိုင်း၏စိတ်နှင့်တွေ့စေ၏။ ၎င်း၏စာမျက်နှာများတွင် အလွန်

ရေးကျသောရာဇဝင်များကိုတွေ့ရှိရ၏။ အသက်တာတွင် အမှန်ကန်ဆုံးသော လူတို့၏အကြောင်းအရာများ၊ တိုင်းပြည်ကိုစိုးမိုးအုပ်ချုပ်ရာ၌ အစိုးရ၏စည်းကမ်း ဥပဒေများ၊ အိမ်ထောင်ကိုစီမံအုပ်ချုပ်ပေးသောနည်း ဥပဒေများ၊ လူ၏ဉာဏ် နှင့်မမီနိုင်သော စည်းကမ်းဥပဒေများကိုလည်း တွေ့ရှိရသည်။ ၎င်းတွင် အလွန်နက်နဲသောသဘာဝပညာနှင့် သာယာနာပျော်ဖွယ်အကောင်းဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်လျက် အလွန်စိတ်မာန်ပါ၍ အလွန်သနားဖွယ်ရာကောင်း သောလင်္ကာကဗျာများပါဝင်၏။ လူဖြစ်သောစာရေးဆရာများ ရေးသားစီမံသော အရာများနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် အလွန်သာ၍ကောင်းသောအရာ မှာ ကျမ်းစာအုပ်၌ရေးသားထားသောအရာဖြစ်ပေသည်။ ၎င်းကို ထိုသို့ဆင်ခြင် စဉ်းစားလိုက်သောအခါ ထိုမျှလောက်ပင် တန်ဖိုးရှိပေသည်။ သို့ရာတွင် ဗဟို အချက်ကြီးနှင့်စပ်ဆိုင်၍ ဆင်ခြင်စဉ်းစားလိုက်သောအခါ ၎င်းတို့သည် အကန့်အသတ်မရှိနိုင်လောက်အောင် လေးနက်ကျယ်ဝန်း၍ အကန့်အသတ် မရှိနိုင်လောက်အောင် တန်ဖိုးရှိပေသည်။ ဤအချက်ကိုအကြောင်းပြုလျက် ဆင်ခြင်ကြည့်သောအခါ အချက်ကြီးတိုင်းသည် အသစ်သောအဓိပ္ပါယ်နှင့် ပြည့်စုံကြပေသည်။ အလွန်ရိုးသားလွယ်ကူစွာဖော်ပြထားသော သမ္မာတရား များတွင်ကောင်းကင်ထက်မြင့်၍ ထာဝရကာလကိုမီနိုင်လောက်အောင် ကျယ်ဝန်းသောစည်းကမ်းဥပဒေများပါဝင်ပေသည်။[၃]

နေ့တိုင်း သင်သည်ကျမ်းစာမှအသစ်သောအရာအချို့ကို သင်ကြား သိရှိရလိမ့်မည်။ ၎င်းတို့တွင် ထာဝရအသက်နှင့်ဆိုင်သောစကားများပါရှိ သောကြောင့် ၎င်းတို့ကိုဝှက်ထားသောဘဏ္ဍာကိုရှာသကဲ့သို့ စေ့စေ့လေ့ကျက် ဖတ်ရှုပါ။ ဤသန့်ရှင်းသောရေးသားချက်တို့ကို ကောင်းစွာသိနားလည်စေ ခြင်းငှာ ဉာဏ်ပညာနှင့်အသိဉာဏ်အတွက်ဆုတောင်းပါ။ သင်သည် ဤ ကဲ့သို့ပြုလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ အသစ်သောဘုန်းအသရေ တော်များကို များစွာတွေ့မြင်ရလိမ့်မည်။ သမ္မာတရားနှင့်ဆိုင်သောအကြောင်း အရာကြီးများပေါ်၌ သင်သည် အဖိုးထိုက်သောအလင်းတရားသစ်များကိုရရှိ ပြီဟု ထင်မှတ်လိမ့်မည်။ သင်၏ထင်မြင်ချက်တွင် ကျမ်းစာများသည် အမြဲ သဖြင့်အသစ်သောတန်ဖိုးကို ရရှိနေလိမ့်မည်။[၄]

ကျမ်းစာ၏သမ္မာတရားများကိုလက်ခံလျှင် ၎င်းတို့သည် လောက၌ စွဲလမ်းခြင်းနှင့်ယုတ်ညံ့ခြင်းအခြေအနေမှ စိတ်ကိုမြှောက်ပင့်ပေးလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိုက်တန်သလောက်ရိုသေလေးမြတ် နှစ်သက်ခြင်းရှိလျှင် အသက်ငယ်ရွယ်သူနှင့် အသက်ကြီးသူတို့သည် အတွင်း ၌ရိုးသားဖြောင့်မတ်သောသဘော၊ စည်းကမ်းဥပဒေနှင့်ဆိုင်သောခွန်အားကို ရရှိကြသဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံတားဆီးနိုင်ကြလိမ့်မည်။[၅]

## စည်းကမ်းစနစ်ဖြင့်ကြိုးစားလေ့ကျက်ခြင်း

မိဘများတို့၊ သင်တို့၏သားသမီးများအား ဘုရားသခင်ကိုကိုးကွယ် ဝတ်ပြု၍ လောက၌ကောင်းသောအမှုကိုပြုစေရန် ပညာသင်ပေးလိုလျှင် ကျမ်းစာအုပ်သည် သင်ခန်းစာစာအုပ်ဖြစ်ပါစေ။ ၎င်းသည် စာတန်၏လှည့်ဖြား

ခြင်းပရိယာယ်ကို ထင်ရှားစွာဖော်ပြ၏။ ၎င်းသည် လူမျိုးကိုကြီးကျယ်စွာ မြှင့်တင်ပေးသောအရာ၊ မကောင်းသောအကျင့်များကိုဖော်ပြလျက် ပြုပြင်ပေး သောအရာ၊ ကျွန်ုပ်တို့အားအမှန်နှင့်အမှားကို ခြားနားသိရှိစေရန် စုံစမ်းရှာဖွေ ပေးသောအရာဖြစ်ပေသည်။ အိမ်၌ဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ မည်သည့် အရာကိုမဆို သင်ကြားပေးသောအခါ ကျမ်းစာအုပ်သည် ကြီးမြတ်သော ပညာကိုသင်ကြားပေးသောအရာအဖြစ်နှင့် ၎င်းကိုပထမဦးဆုံးနေရာတွင်ထား ရမည်။ ၎င်းကိုဤနေရာ၌ထားလျှင် ဘုရားသခင်သည် ချီးမြှောက်ခြင်းခံရ၍ သင်၏သားသမီးများအား စိတ်နှလုံးပြောင်းလဲစေခြင်းငှာ ဘုရားသခင်သည် သင့်အတွက်ပြုပြင်ပေးတော်မူမည်။ဤသန့်ရှင်းသောစာအုပ်၌ သမ္မာတရားနှင့် တင့်တယ်ခြင်းတည်းဟူသော အဖိုးအလွန်ထိုက်သောရတနာသတ္တုတွင်းရှိ သဖြင့် ၎င်းကိုသားသမီးတို့အား အထူးစိတ်ဝင်စားဖွယ်ဖြစ်အောင်မပြုလုပ်ကြလျှင် မိဘများကိုယ်တိုင် အပြစ်တင်ခြင်းခံရလိမ့်မည်။[၆]

စုံစမ်းသောသူသည် မိမိ၏လှည့်ဖြားခြင်းပရိယာယ်ဖြင့် သခင်ခရစ်တော်ထံချဉ်းကပ်သောအခါ "ကျမ်းစာလာသည်" ဆိုသောစကားကိုသာ သခင်ခရစ်တော်ကတစ်ခုတည်းသောလက်နက်အဖြစ် အသုံးပြုတော်မူ၏။ ကျမ်းစာ ၏သမ္မာတရားကိုသွန်သင်ခြင်းအမှုသည် မိဘတိုင်းထမ်းဆောင်အပ်သော ကြီးကျယ်မြင့်မြတ်သောလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ပျော်ရွှင်နှစ်သက်ဖွယ် သောစိတ်နှင့် သားသမီးတို့ ရှေ့တွင် ဘုရားသခင်မိန့်တော်မူသကဲ့သို့ သမ္မာတရားကိုဖော်ပြထားလော့။ မိခင်ဖခင်များဖြစ်ကြသည်အလျောက် နေ့စဉ် အသက်တာတွင်သည်းခံခြင်း၊ကြင်နာသနားခြင်း၊ ချစ်ခင်ခြင်းတို့ကို သင်တို့ ကိုယ်တိုင်လက်တွေ့ကျင့်သုံးကြခြင်းဖြင့် သားသမီးတို့အဖို့ သင်တို့ကိုယ်တိုင် သည် ပုံသက်သေ၊ (သို့မဟုတ်) သင်ရန်စာဖြစ်လာနိုင်ပေသည်။ သူတို့ သဘောအတိုင်းပြုကျင့်စေရန် သူတို့ကိုအခွင့်မပေးပါနှင့်။ သင်တို့၏လုပ်ငန်း သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံပြုမူလျက် သူတို့ အားဘုရားသခင်၏အလိုတော်နှင့်အညီ မွေးမြူစောင့်ရှောက်၍ သွန်သင်ဆုံးမပေးရခြင်းတို့ကိုပြလော့။

သင်တို့၏အိမ်ထောင်တွင် ကျမ်းစာကိုလေ့ကျက်ရာ၌ စည်းကမ်း စနစ်ကိုလိုက်နာစောင့်ရှောက်ပါ။ လောကသဘောသက်ဝင်သောအရာတစ်စုံ တစ်ခုကိုမျှဂရုစိုက်မနေပါနှင့်။ ဝိညာဉ်သည် အသက်မုန့်အားဖြင့် ကျွေးမွေး ခြင်းခံရကြောင်းကိုအသေအချာသိရှိပါစေ။ နေ့စဉ်တစ်နာရီ (သို့မဟုတ်) နာရီဝက်မျှပင် ပျော်ရွှင်စွာပေါင်းသင်းဆက်ဆံသောသဘောဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်၌

စွဲလမ်းခြင်းနှင့်လေ့လာခြင်းအားဖြင့် အလွန်ကောင်း မြတ်သောအကျိုးကျေးဇူးကို ခန့်မှန်းခြင်းငှာမတတ်နိုင်ပေ။ ဖော်ပြထားသော အကြောင်းအရာနှင့်သက်ဆိုင်၍ ခြားနားသောအချိန်များနှင့် ဖြစ်ပျက်သော အခြေအနေအမျိုးမျိုးတွင် ပြောပြသောအချက်အပေါင်းတို့ကိုစုရုံးထားပြီးလျှင် ကျမ်းစာအုပ်ကိုပင် ၎င်း၏အဓိပ္ပါယ်ရှင်းလင်းပေးသောအရာဖြစ်ပါစေ။ ခေတ္တခဏလာရောက်မေးမြန်းသူ (သို့မဟုတ်) ဧည့်သည်များကြောင့် သင်၏ အိမ်ထောင်ကျမ်းစာသင်တန်းကို မဖြုတ်လိုက်ပါနှင့်။ ကျမ်းစာသင်နေစဉ် သူတို့သည်ဝင်လာကြလျှင် သူတို့အားသင်တန်း၌ပါဝင်ရန်ဖိတ်ခေါ်ပါ။ လောက၏အမြတ်အစွန်း (သို့မဟုတ်) ပျော်မွေ့ခြင်းထက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသိကျွမ်းခြင်းပညာကိုရရှိဖို့အရေးကို သာ၍အရေးကြီးသည်ဟု သင်သည်သဘောထားကြောင်းကို သိမြင်ပါစေ။

ကျွန်ုပ်တို့သည် နေ့တိုင်းဆုတောင်းလျက် ကြိုးစား၍ကျမ်းစာကို လေ့ကျက်ဖတ်ရှုကြလျှင် ကျွန်ုပ်တို့သည် နေ့တိုင်းတင့်တယ်သောသမ္မာတရား အချို့ကိုသစ်လွင်၊ ကြည်လင်၍ လေးနက်အဓိပ္ပါယ်ရှိသောအလင်းနှင့် တွေ့မြင်ရလိမ့်မည်။[၇]

ထာဝရဘုရားသခင်၏အလိုတော်အတိုင်း သင်၏သားသမီးတို့ကို မွေးမြူစောင့်ရှောက်၍ ဆုံးမသွန်သင်ပေးလိုလျှင် သင်သည် ကျမ်းစာအုပ်ကို လမ်းပြအဖြစ်သဘောထားရမည်။ သူတို့အတုယူဖို့ရန် သခင်ခရစ်တော်၏ အသက်တာနှင့်ဂုဏ်တော်ကို ပုံစံနမူနာအဖြစ်ဖော်ပြလော့။ သူတို့သည်မှားယွင်း လျှင် ဘုရားသခင်ကထိုအလားတူအပြစ်အကြောင်းနှင့်စပ်ဆိုင်၍ မည်ကဲ့သို့ မိန့်တော်မူသည်ကို သူတို့အားဖတ်ပြလော့။ ဤလုပ်ငန်း၌အမြဲသတိပြုလျက် ကြိုးစားအားထုတ်မှုလိုပေသည်။ မှားသောအမှုအရာတစ်စုံတစ်ခုကို မိဘတို့က သည်းခံနေလျက် ဆရာ၊ဆရာမတို့ကမဆုံးမဘဲထားကြလျှင် အကျင့်မဏ္ဍိုင် တစ်ခုလုံးသည်ချို့တဲ့ပြီးလျှင် မညီမညွတ်ဘဲရှိနေလိမ့်မည်။ သူတို့၏စိတ်နှလုံး သစ်ရှိရမည်ကို သားသမီးများအားသွန်သင်ပေးပါ။ အသစ်သောအတွေ့အကြုံ ကိုခံစားရ၍ အသစ်သောစိတ်ဆန္ဒဖြစ်ပေါ်လာစေရန်လည်း သွန်သင်ပေးပါ။ သူတို့သည် သခင်ခရစ်တော်ထံမှအကူအညီကိုရရှိရကြမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ဖော်ပြထားသော ဘုရားသခင်၏ဂုဏ်တော်၊ သဘော တော်တို့ကို သူတို့သည်ကောင်းစွာသိကျွမ်းနားလည်ရကြမည်။[၈]

## ဘုရားသခင်ထံမှအလင်းရမည်ဟုဖတ်ရှုသောသူအား ကတိထားခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်းကိုစီရင်ရေးသားတော် မူသော ဘုရားသခင်နှင့်သဘောတော်တွင်တူညီလျက် ဉာဏ်မမီနိုင်သောလူသည် ဘယ်အခါ မျှပြည့်စုံစွာနားမလည်နိုင်သော နက်နဲရာများကိုဖော်ပြ၏။၎င်းသည် ကျွန်ုပ်တို့၏စိတ် ကို "အဘယ်သူမျှမချဉ်းကပ်နိုင်သောအလင်းထဲ ၌နေတော်မူထသော" ဖန်ဆင်းရှင်ထံ သို့ညွှန်ပြ၏။ (၁တိ ၆း၁၆)။ လူတို့ ရာဇဝင်၏ခေတ်ကာလအပေါင်းနှင့်သက်ဆိုင်၍ မကုန်မဆုံးနိုင်သောထာဝရ ကာလတွင်သာ ပြည့်စုံခြင်းသို့ရောက်ကြမည့် ဘုရား သခင်၏အကြံတော်များ ကိုလည်း ၎င်းကကျွန်ုပ်တို့အားဖော်ပြထား၏။ ဘုရားသခင် ၏အုပ်စိုးခြင်း အာဏာစက်၊ လူတို့၏နောက်ဆုံးကံကြမ္မာအကြောင်းနှင့်စပ်ဆိုင်၍ အကန့် အသတ်မရှိနက်နဲ၍ အရေးကြီးသောအကြောင်းအရာများကိုလည်း ကျွန်ုပ်တို့ အားသတိပြုစေရန်ဖော်ပြထား၏။

ကျမ်းစာထဲတွင်ဖော်ပြထားသည်အတိုင်း လောကထဲသို့အပြစ်တရား ဝင်ရောက်ခြင်း၊ သခင်ခရစ်တော်၏လူဇာတိအဖြစ်ခံယူတော်မူခြင်း၊အသစ်ပြုပြင်ခြင်း၊ ထမြောက်ခြင်းနှင့်များစွာသောအခြားအကြောင်းအရာတို့ကား လူ၏ ဉာဏ်ဖြင့်ရှင်း လင်းဖော်ပြရန် (သို့မဟုတ်) ပြည့်စုံစွာနားလည်ဖို့ရန်ပင် အလွန်တရာနက်နဲသောအ ရာဖြစ်ပေသည်။ သို့ရာတွင် ကျမ်းစာများသည် ဘုရားသခင် သဘောနှင့်ပြည့်စုံ ကြောင်း လုံလောက်သောသက်သေကို ဘုရားသခင်သည် ကျမ်းစာထဲ၌ ကျွန်ုပ်တို့ အားဖော်ပြထားတော်မူပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် ဘုရားသခင်စီမံထားတော်မူသော နက်နဲရာများကို နားမလည်နိုင်ကြသောကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံမှားခြင်းမရှိရကြ။

ဖန်ဆင်းထားသောသတ္တဝါတို့သည် ဘုရားသခင်နှင့် ဘုရားသခင် ၏အလုပ် အကိုင်များအကြောင်းကို ပြည့်စုံစွာနားလည်ခြင်းငှာတတ်နိုင်ခဲ့လျှင် ထိုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် သမ္မာတရားကိုဆက်လက် ရှာဖွေစရာမလိုတော့ချေ။ ပညာ၌လည်းတိုးပွားခြင်းရှိဖို့မလိုတော့၊ စိတ်သဘော ၌လည်း ဆက်လက်ကြီးပွားတိုး တက်မှုရှိဖို့မလိုတော့ချေ။ ဘုရားသခင်သည် လည်း အမြတ်ဆုံးသောပုဂ္ဂိုလ်မဖြစ် တော့ချေ။ လူတို့သည် ပညာဉာဏ်၊

အစွမ်းသတ္တိတို့၌ အစွမ်းကုန်ကန့်သတ်ထားသောအခြေအနေသို့ရောက်ရှိနေ ပြီဖြစ်၍ ရှေ့သို့တိုးတက်ခြင်းမရှိတော့ချေ။ ဤကဲ့သို့မဖြစ်သည်အတွက်ကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ကြစို့။ ဘုရားသခင်သည် အကန့်အသတ်မရှိ၊ ထာဝရဖြစ်တော်မူ၍ ဘုရားသခင်၏ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှနှင့် ပြည့်စုံတော်မူ၏။ ၎င်းပြင် ထာဝရကာလအဆက်ဆက် လူတို့သည် အစဉ် အမြဲရှာဖွေစူးစမ်းလျက်၊အစဉ်အမြဲ သင်ကြားလေ့လာလျက်နေရကြလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏ပညာ၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်တည်းဟူသောဘဏ္ဍာတို့သည် ဘယ်အခါမျှကုန်ခန်း ခြင်းမရှိနိုင်။

သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းမရှိလျှင် ကျွန်ုပ်တို့သည် အမြဲပင်ကျမ်းစာကိုအလွဲအနက်အဓိပ္ပါယ်ကောက်ယူနေကြလိမ့်မည်။ကျမ်းစာ ကိုများစွာဖတ်ရှုသော်လည်း အကျိုးမရှိသောအခါလည်းရှိပေသည်။ ၎င်းပြင် အများသောသူတို့၌ အသေအချာအကျိုးပျက်စီးရတတ်ကြသည်။ ရိုသေခြင်း၊ ဆုတောင်းခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်ဖတ်သောအခါ ဘုရားသခင်အကြောင်းကို ဆင်ခြင်စဉ်းစားခြင်း၊ စိတ်စွဲလမ်းခြင်းမရှိ၊ ဘုရားသခင်၏အလိုတော်နှင့် မိမိ၏စိတ်သည် မညီညွတ်လျှင် စိတ်သည် ယုံမှားခြင်းနှင့်ဖုံးအုပ်နေ၏။၎င်းပြင် ကျမ်းစာကိုလေ့ကျက်ရာ၌ ယုံမှားသော သဘောသည် တိုး၍ခိုင်မာလာ၏။ ရန်သူသည် စိတ်အကြံအစည်ကိုစိုးမိုး ချုပ်ချယ်ထားလျက် မမှန်သောအနက်အဓိပ္ပါယ်များကိုကောက်ယူစေရန် အကြံ ပေးလိမ့်မည်။၉

## ကျမ်းစာကိုလေ့ကျက်ရန်နှစ်သက်ခြင်းသည် သဘာဝအတိုင်းမဟုတ်

လူကြီးနှင့်တကွလူငယ်တို့သည် နှစ်ဦးစလုံးကျမ်းစာကိုဂရုမစိုက် တတ်ကြ။ သူတို့သည် ၎င်းကိုသူတို့လေ့ကျက်စရာစာအုပ်၊ သူတို့အသက်တာ ၏စည်းကမ်း ဥပဒေဟုသဘောမထားကြချေ။ အထူးသဖြင့် လူငယ်တို့သည် ဤကဲ့သို့ဂရုမစိုက်ခြင်းအမှုကို ကျူးလွန်တတ်ကြသည်။ အများသောသူတို့ သည် အခြားစာအုပ်များကိုဖတ်ဖို့အချိန်ရကြသည်။ သို့ရာတွင် ထာဝရအသက် ကိုညွှန်ပြသောစာအုပ်ကိုကား နေ့စဉ်ဖတ်ရှုလေ့ကျက်ခြင်းမပြုကြ။ အကျိုး မရှိသောဝတ္ထုတို့ကို ဂရုစိုက်လျက်ဖတ်ကြပြီး ကျမ်းစာအုပ်ကိုကား ဂရုမစိုက် ကြချေ။ ဤစာအုပ်သည် ကျွန်ုပ်တို့အားသာ၍သန့်ရှင်းမြင့်မြတ်သောအသက်

တာသို့လမ်းပြ၏။ လူငယ်တို့သည် စိတ်ကူးမျှသာဖြစ်သောဝတ္ထုတို့ကိုဖတ် ခြင်းဖြင့် သူတို့၏စိတ်သည် ပြောင်းလဲခြင်းမရှိလျှင် သူတို့ဖတ်ခဲ့ဖူးသမျှတွင် ကျမ်းစာအုပ်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်သည်ဟု သူတို့ကပြောပြ ကြလိမ့်မည်။[၁၀]

ကြီးစွာသောအလင်းတရားကို ရရှိထားပြီးသောလူတစ်မျိုးအဖြစ်နှင့် ကျွန်ုပ်တို့၏အပြုအမူအလေ့အထတို့၌လည်းကောင်း၊ ကျွန်ုပ်တို့၏စကား အပြောအဆိုတို့၌လည်းကောင်း၊ ကျွန်ုပ်တို့၏အိမ်ထောင်မှုအသက်တာနှင့် ပေါင်းသင်းဆက်ဆံရေး၌လည်းကောင်း မိမိတို့ကိုယ်ကိုမြှင့်တင်ထားရကြမည်။ အိမ်ထောင်တွင် နှုတ်ကပတ်တော်ကို ချီးမြှောက်အပ်သောနေရာ၌လမ်းပြ အဖြစ်ထားပါ။ ၎င်းကိုခက်ခဲသောအမှုကိစ္စရှိသမျှတွင် အကြံဉာဏ်ပေးသောအရာကဲ့သို့သဘောထားပါ။ ပြုကျင့်ရသောအမှုတိုင်းအတွက် စံနမူနာအဖြစ် မှတ်ယူပါ။ အိမ်ထောင်စည်းဝိုင်းတွင် ဘုရားသခင်၏သမ္မာတရားတော်၊ ဖြောင့်မတ်ခြင်း၏ဉာဏ်ပညာသည် ရှေ့ဆောင်ခြင်းမပြုခဲ့လျှင် လူတစ်စုံ တစ်ယောက်၌ မှန်ကန်သောစီးပွားချမ်းသာတိုးတက်ခြင်း ဘယ်အခါမျှမရှိနိုင် သည်ကို ညီအစ်ကိုမောင်နှမများတို့သည် ထင်ရှားစွာသိမြင်ကြပါမည်လား။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းကို ဝန်ထုပ်ကဲ့သို့ထင်မှတ်ခြင်းတည်း ဟူသော ပျင်းရိသောအလေ့အကျင့်မှ မိမိတို့၏စိတ်ကိုထကြွလာစေရန် မိခင်ဖခင်တို့သည် အစွမ်းရှိသမျှကြိုးစားရကြမည်။ သမ္မာတရား၏တန်ခိုးသည် အိမ်ထောင်၌သန့်ရှင်းစင်ကြယ်ခြင်းကို ပြုလုပ်ပေးသောကိုယ်စားတော်ဖြစ်ရမည်။[၁၁]

သားသမီးများအား ငယ်ရွယ်စဉ်အခါကပင် ဘုရားသခင်၏ပညတ် တရားတော်၏တောင်းဆိုချက်အကြောင်းကိုလည်းကောင်း၊ အပြစ်၏စွန်းထင်း ခြင်းမှကင်းလွတ်ရန် ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သခင်ယေရှု၌ ယုံကြည်ခြင်း တရားအကြောင်းကိုလည်းကောင်း သွန်သင်ပေးရမည်။ ဤယုံကြည်ခြင်း တရားကို အကျင့်တရားနှင့်ပုံသက်သေအားဖြင့် တစ်နေ့ပြီးတစ်နေ့သွန်သင် ပေးရမည်။[၁၂]

## ကျမ်းစာလေ့ကျက်ခြင်းသည် အသိဉာဏ်ကိုခိုင်ခံ့စေခြင်း

ကျမ်းစာကို ထိုက်သင့်သလောက်လေ့လာဖတ်ရှုလျှင် လူတို့သည် မိမိတို့၏အသိဉာဏ်၌ ခိုင်ခံ့ခြင်းရှိလာလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ် တော်ကိုအမှီပြုလျက်ရေးသားဖော်ပြသောအကြောင်းအရာများ၊ ချီးမြှင့် ခြင်းခံရလောက်အောင် ၎င်း၏အကြောင်းကို ရိုးသားလွယ်ကူစွာပြောပြခြင်းအမှု၊ စိတ်ထဲ၌၎င်းကဖော်ပြသော မြင့်မြတ်သောအကြောင်းအရာကြီးများတို့ သည် လူ၌အစွမ်းသတ္တိများကို တိုးပွားစေနိုင်၏။ ကျမ်းစာအုပ်သည် စိတ်ကူး

ထင်မြင်ချက်များဆွဲနုတ်ရန် နယ်နိမိတ်မရှိလောက်အောင် နေရာကျယ်ဝန်း ပေသည်။ သေးနုပ် သိမ်ဖျင်းသောအရာတို့ကိုမဆိုသေးဘဲ လူတို့ရေးသားသော စာစောင်တစ်စုံတစ်ခုကို ဖတ်ရှုလေ့လာခြင်း၌ အချိန်ကုန်ခံခြင်းထက် ကျမ်းစာ ၏ကြီးကျယ်သောအကြောင်းအရာတို့ကို ဆင်ခြင်အောက်မေ့ခြင်း၊ ၎င်း၏ မြင့်မြတ်သောထင်မြင်ချက်များနှင့် အကျွမ်းဝင်ဆက်ဆံခြင်းဖြင့် လေ့လာဖတ်ရှု သောသူသည် သာ၍သန့်ရှင်းဖြူစင်လျက် သာ၍မြင့်မြတ်သောအကြံအစည်၊ ထင်မြင်ချက်တို့ကိုရရှိလိမ့်မည်။ ပညာ၏အမြတ်ဆုံးမူလအစဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ငယ်ရွယ်သောသူတို့သည် ဂရုမစိုက် ဘဲနေကြသောအခါ ငယ်ရွယ်သောသူတို့၏စိတ်ဉာဏ်သည် အမြင့်မြတ်ဆုံး သောအခြေသို့ရောက်အောင် ကြီးပွားတိုးတက်ခြင်းမရှိချေ။ အဘယ်ကြောင့် ကျွန်ုပ်တို့၌ကောင်းမြတ်သောစိတ်ထားရှိသောသူ၊ တည်မြဲခိုင်ခံ့သောတန်ဖိုးရှိသောသူအနည်းငယ်မျှသာရှိရခြင်း၏အကြောင်းရင်းမှာ ဘုရားသခင်ကို မကြောက်ရွံ့၊ ဘုရားသခင်ကိုမချစ်၊ ဘာသာတရား၏စည်းကမ်းဥပဒေများကို မိမိတို့၏အသက်တာ၌ ထိုက်သင့်သလောက်မလိုက်နာမကျင့်မသုံးကြသော ကြောင့်ဖြစ်၏။

ကျွန်ုပ်တို့ကိုယ်တိုင် မိမိတို့၏ဉာဏ်ပညာစွမ်းအားကိုပြုစုပေးလျက် ခိုင်ခံ့အောင်ပြုလုပ်ပေးခြင်း၌ နည်းအမျိုးမျိုးကိုအသုံးချစေရန် ဘုရားသခင်သည် အလိုရှိတော်မူ၏။ ကျမ်းစာကို သာ၍ဖတ်ရှုလေ့လာလျှင်၊ ၎င်း၏သမ္မာတရား များကို သာ၍နားလည်လာလျှင် ကျွန်ုပ်တို့သည် အလွန်သာ၍အလင်းတရား နှင့်ပြည့်စုံလျက် အလွန်သာ၍အသိဉာဏ်တိုးပွားသောလူမျိုးတစ်မျိုးဖြစ်လာ လိမ့်မည်။ ကျမ်းစာ၏စာမျက်နှာများကို စေ့စေ့ဖတ်ရှုခြင်းအားဖြင့် ဝိညာဉ်သည် ခွန်အားကိုရရှိ၏။[၁၃]

ကျမ်းစာကိုသင်ကြားပေးခြင်းသည် ဤအသက်တာနှင့်သက်ဆိုင် သောအမှုကိစ္စအပေါင်းတွင် လူတို့အားထမြောက်အောင်မြင်စေရန် များစွာ အကျိုးပေးပါသည်။ တိုင်းပြည်တစ်ခု၏တိုးတက်ကြီးပွားရေးအတွက် တိုက် ထောင့်အမြစ်ကျောက်ဖြစ်သော အခြေခံစည်းကမ်းဥပဒေများကို ၎င်းကဖော်ပြ ၏။ ဤစည်းကမ်းဥပဒေတို့က အဖွဲ့အစည်း၏ကောင်းကျိုးကိုဖြစ်စေလျက် အိမ်ထောင်၏လုံခြုံမှုကိုကာကွယ်စောင့်ရှောက်ပေးကြလေသည်။ ဤစည်းကမ်းဥပဒေများမရှိလျှင် မည်သူမျှဤအသက်တာ၌အသုံးကျခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဂုဏ်အသရေကိုမရှိနိုင်၊ (သို့မဟုတ်) နောင်ကာလတွင်မသေမပျက်စီးနိုင်သော အသက်တာကို ရရှိဖို့မမျှော်လင့်နိုင်။ အသက်တာ၌ မည်သည့်အလုပ်အကိုင် အတွက်၌ဖြစ်စေ၊ မည်ကဲ့သို့သောလူတို့၏အတွေ့အကြုံအဖြစ်အပျက်အတွက် ၌ဖြစ်စေ ကျမ်းစာသင်ကြားခြင်းသည် လိုအပ်သောပြင်ဆင်ခြင်းမဖြစ်သော နေရာဟူ၍ တစ်ခုမျှမရှိချေ။[၁၄]

## ကျမ်းစာတစ်ခုလုံးတွင်သခင်ခရစ်တော်ပါရှိခြင်း

လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရသော ကယ်တင်ရှင်သခင်ယေရှု

၏တန်ခိုးတော်သည် ထာဝရအသက်ကိုပေးနိုင်တော်မူကြောင်း လူများတို့အား ဖော်ပြရမည်။ ဓမ္မဟောင်းကျမ်းသည် ပုံပမာနှင့်အရိပ်တွင် ဧကန်အမှန်ပင် ဧဝံဂေလိတရားဖြစ်သကဲ့သို့ ဓမ္မသစ်ကျမ်းသည် ၎င်း၏ဖွင့်ပြထားသောတန်ခိုး ၌ ထိုဧဝံဂေလိတရားပင်ဖြစ်သည်ကို ကျွန်ုပ်တို့ကသူတို့အားပြရမည်။ ဓမ္မသစ် ကျမ်းသည် အသစ်သောဘာသာကိုဖော်ပြသည်မဟုတ်။ ဓမ္မဟောင်းကျမ်း သည် ဓမ္မသစ်ကျမ်းအားဖြင့်သာ လွန်သွားခြင်းခံရသောဘာသာ တရားကို ဖော်ပြသည်မဟုတ်။ ဓမ္မသစ်သည် ဓမ္မဟောင်း၏တိုးတက်မှုနှင့်ဓမ္မဟောင်း၏ သဘောကို ဖွင့်ပြခြင်းသာလျှင်ဖြစ်သည်။

အာဗေလသည် သခင်ခရစ်တော်၌ယုံကြည်သောသူဖြစ်၍ ကိုယ်တော် ၏တန်ခိုးတော် အားဖြင့် ပေတရု (သို့မဟုတ်) ပေါလုတို့ကဲ့သို့ပင် ဧကန် အမှန်ကယ်တင်ခြင်းခံရ၏။ ဧနောက်သည် ချစ်တော်မူသောတပည့်တော် ယောဟန်ကဲ့သို့ပင် သခင်ခရစ်တော်အကြောင်းကို ဖော်ပြသောသူဖြစ်၏။ ဧနောက်သည် ဘုရားသခင်နှင့်သွားလာသဖြင့် ဘုရားသခင်သည် သူ့ကို ရုပ်သိမ်းတော်မူသောကြောင့် သူသည်မြေကြီးပေါ်၌မရှိတော့ချေ။ သူ့အား သခင်ခရစ်တော် ဒုတိယကြွလာတော်မူခြင်းအကြောင်းနှင့်ဆိုင်သောသတင်း စကားကို အပ်ပေးထားတော်မူ၏။ "အာဒံမှဆင်းသက်၍ ခုနစ်ဆက်မြောက် သောဧနောက်က ထာဝရဘုရားသခင်သည် ခပ်သိမ်း သောသူတို့ကို တရား စီရင်တော်မူခြင်းငှာ အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာ တော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ဟောပြောလေ၏" ယုဒ ၁၄၊၁၅။ ဧနောက် ဟောပြောသောသတင်းစကားနှင့် ကောင်းကင်သို့သူ့ကိုသိမ်းယူခြင်းအကြောင်းသည် သူ၏လက် ထက်၌အသက်ရှင်နေသောသူတို့အဖို့ ထင်ရှားစွာသိမြင်ရ သော ဆင်ခြင်တစ်ခုဖြစ်ပေသည်။ ဖြောင့်မတ်သောသူတို့သည် ကောင်းကင် သို့သိမ်းယူခြင်းခံရမည်ဟုဖော်ပြရန် ဤအရာတို့သည် နောဧနှင့်မသုရှလတို့က တန်ခိုးနှင့်အသုံးပြုနိုင်သောဆင်ခြင်တစ်ခုဖြစ်နိုင်သည်။

ဧနောက်နှင့်အတူသွားလာတော်မူသော ထိုဘုရားသခင်သည် ကျွန်ုပ် တို့၏ဘုရား သခင်နှင့်ကယ်တင်ရှင်သခင်ယေရှုဖြစ်တော်မူ၏။ ထိုအခါက ကိုယ်တော်သည် ယခုဖြစ်သကဲ့သို့ လောက၏အလင်းဖြစ်တော်မူ၏။ ထိုအခါ ၌ အသက်ရှင်နေသောသူတို့အဖို့ အသက်တာ၏ လမ်းကို သူတို့အားသွန်သင် ရန် ဓမ္မဆရာများမရှိဘဲနေသည်မဟုတ်။ အကြောင်းမူကား နောဧနှင့်ဧနောက် တို့သည် ခရစ်ယာန်များဖြစ်ကြ၏။ ဝတ်ပြုရာကျမ်းတွင် ပညတ်တရားများ အားဖြင့် ဧဝံဂေလိတရားကိုပေးထားတော်မူ၏။ ယခုအခါ၌ သေချာတိကျစွာ နားထောင်ခြင်း ကိုလိုသကဲ့သို့ ထိုအခါ၌လည်းလိုပေသည်။ ဤနှုတ်ကပတ် စကား၏အရေးကြီးခြင်းကို ကျွန်ုပ်တို့နားလည်ဖို့ရန် မည်မျှလိုအပ်သနည်း။

အသင်းတော်၌ခေါင်းပါးခြင်း၏အကြောင်းရင်းကား အဘယ်အရာ

နည်းဟူသော ပြဿနာကိုမေးကြ၏။ အဖြေကား၊ ကျွန်ုပ်တို့၏စိတ်ကို နှုတ်ကပတ်တော်မှဆွဲဆောင်သွားရန် အခွင့်ပြုခဲ့ကြပြီ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝိညာဉ်အဖို့အစာကဲ့သို့သုံးဆောင်ကြလျှင် ၎င်းကို ရှိသေလေးမြတ်ခြင်းနှင့်ပြုမူကြလျှင် များစွာသောသက်သေခံချက်တို့ကို ထပ်ခါ တလဲလဲပေးနေဖို့လိုလိမ့်မည်မဟုတ်။ ကျမ်းစာက လွယ်ကူရိုးသားစွာဖြင့် ဖော်ပြထားသောအရာတို့ကိုလက်ခံ၍ လိုက်နာကျင့်သုံးကြလိမ့်မည်။၁

-----*****----

## အခန်း (၂၂)
## လောက၌ရှိသော်လည်းလောကနှင့်မသက်ဆိုင်ခြင်း

ကျွန်ုပ်တို့သည် လူမျိုးတစ်မျိုးဖြစ်သည်အလျောက် သခင်ခရစ်တော် ၏ပုံသဏ္ဍာန်ကိုမဆောင်ဘဲ လောက၏ပုံသဏ္ဍာန်ကိုဆောင်ခြင်းဖြင့် ဘေးဥပဒ် ရောက်သည်အကြောင်း ကျွန်ုပ်အားဖော်ပြထား၏။ ယခုကျွန်ုပ်တို့သည် ထာဝရလောက၏ နယ်နိမိတ်ပေါ်တွင် ရောက်ရှိနေကြသည်။ သို့ရာတွင် ကပ်ကမ္ဘာကုန်ဆုံးရာကာလကို ကျွန်ုပ်တို့အားရွှေ့ထားစေဖို့သွေးဆောင်ခြင်း သည် ဝိညာဉ်များ၏ရန်သူက စီမံကြံစည်ထားသောအမှုဖြစ်သည်။ ဘုရားသခင် ၏ပညတ်တော်ကိုစောင့်ရှောက်၍ ကြီးစွာသောဘုန်းတန်ခိုးဖြင့် ကောင်းကင် ၌မိုးတိမ်ကိုစီးလျက် ကျွန်ုပ်တို့၏ကယ်တင်ရှင်ကြွလာတော်မူခြင်းကိုစောင့်နေ ကြသည်ဟု ဆိုနေကြသောသူတို့ကို စာတန်သည် လှည့်ဖြားသောနည်း အမျိုးမျိုးဖြင့် တိုက်ခိုက်လိမ့်မည်။ ဆိုးသောနေ့ကြီးကိုရွှေ့ဆိုင်းထား၍ လောက ၏ထုံးစံကိုအတုယူလျက် လောက၏သဘောနှင့်တူညီစေရန် များနိုင်သမျှ များသောသူတို့ကို သူသည်သွေးဆောင်လိမ့်မည်။

သမ္မာတရားကိုယုံကြည်သည်ဟု ကြီးစွာဝန်ခံသောသူအများတို့၏ စိတ်သဘောကို လောက၏ဝိညာဉ်သည် အုပ်စိုးလျက်ရှိသည်ကိုမြင်ရသောအခါ ကျွန်ုပ်သည် ကြောက်လန့်ခြင်းရှိလာ၏။ ကိုယ်ကျိုးရှာခြင်း၊ ကိုယ့်

အလိုသို့လိုက်နေခြင်းသဘောများကို သူတို့သည် မွေးမြူကြလျက် မှန်သော ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်း၊ မှန်သောဖြောင့်မတ်ခြင်းသဘောတို့ကို ဖြစ်ပေါ်လာအောင်မပြုလုပ်ဘဲနေကြ၏။[၁]

## ခရစ်ယာန်၏ရိုးသားဖြောင့်မှန်ခြင်း

အမှုကိစ္စတိုင်းတွင် ခိုင်မာသောရိုးဖြောင့်ခြင်းရှိရမည်။မည်မျှပင် သွေးဆောင်ခြင်းခံရသော်လည်း အနည်းငယ်မျှလှည့်ဖြားခြင်း၊ လီဆယ်ခြင်း အမှုကို ဘယ်အခါမျှမပြုရ။ မကြာခဏ ဇာတိပကတိစိတ်သဘောကြောင့် ဖြောင့်မတ်သောလမ်းမှလွဲသွားရန် သွေးဆောင်ခြင်းခံရလိမ့်မည်၊ သို့ရာတွင် ဆံပင်ခြည်မျှင်တစ်ပင်မျှလောက်မပြောင်းလဲပါနှင့်၊ ကိစ္စတစ်စုံတစ်ခု၌ သင်သည် ပြုရမည့်အမှုအတွက် စာချုပ်တစ်စုံတစ်ခုကိုပြုလုပ်ပြီးသည်နောက် အခြားသူ အားအကျိုးဖြစ်စေလျက် သင့်အဖို့အရှုံးထွက်နေသည်ကိုသိရလျှင် စည်းကမ်း ဥပဒေမှဆံခြည်မျှင်တစ်ပင်မျှလောက်ပင်မပြောင်းလဲပါနှင့်။ သင်၏သဘော တူညီချက်အတိုင်း ပြုလုပ်သွားပါ။[၂]

ကျမ်းစာကမမှန်သောအမှု၊ မတရားပြုသောအမှု၊ မဖြောင့်မတ်သော အမှုအပေါင်းတို့ကို အပြင်းအထန်အပြစ်တင်ထား၏။ အမှန်နှင့်အမှားကို သေချာစွာဖော်ပြထား၏။ သို့ရာတွင် ဘုရားသခင်၏သားသမီးတို့သည် ရန်သူဘက်သို့ရောက်နေကြသည်ကို ကျွန်ုပ်အားဖော်ပြထား၏။ သူတို့၏ သိမြင်တတ်သောဉာဏ်သည် တုံးသွားသည်တိုင်အောင် သူတို့သည်သွေးဆောင် ခြင်းသို့လိုက်ပါသွား၍ သူ၏စီမံချက်များကိုလိုက်နာကြ၏။ သမ္မာတရားမှ အနည်းငယ်လွဲသွားခြင်း၊ ဘုရားသခင်၏ပညတ်တရားများမှအနည်းငယ် ပြောင်းလဲသွားခြင်းသည် ငွေရေးကြေးရေး၏အရှုံးအမြတ်နှင့်သက်ဆိုင်လာ သောအခါ အဆုံး၌အလွန်ပင်အပြစ်မရှိလှဟု ထင်မှတ်တတ်ကြသည်။ သို့ရာတွင် သန်းပေါင်းများစွာပိုင်ဆိုင်သူဖြစ်စေ၊ လမ်းပေါ်၌ရှိသူတောင်းစားကဖြစ်စေ ကျူးလွန်ခဲ့လျှင် အပြစ်သည်အပြစ်ပင်ဖြစ်၏။ မှားသောအရာကို ဖော်ပြခြင်းဖြင့် ဥစ္စာပစ္စည်းကိုရရှိအောင်ကြံစည်သောသူတို့သည် မိမိတို့၏ ဝိညာဉ်အပေါ်သို့ အပြစ်ဒဏ်ကိုသက်ရောက်စေလေပြီ။ လှည့်ဖြားခြင်း၊

လိမ်လည်ခြင်းအားဖြင့် ရရှိသောအရာခပ်သိမ်းသည် ရရှိသောသူအဖို့ကျိန်ခြင်း သာဖြစ်လိမ့်မည်။၃

အမှားကိုပြောဆို၍ လှည့်ဖြားခြင်းအမှုကိုပြုကျင့်သောသူသည် မိမိ ၌ရှိသေခြင်းသဘော ကို ပျက်စီးဆုံးရှုံးစေတတ်သည်။ ဘုရားသခင်သည် မိမိ ကိုသိမြင်၍ သူ၏အလုပ်အကိုင်များနှင့် ကျွမ်းကျင်တော်မူကြောင်းကိုလည်း ကောင်း၊ သန့်ရှင်းသောကောင်းကင်တမန်တို့သည် သူ၏အကြံ အစည်တို့ကို ချိန်ဆလျက် သူ၏စကားများကိုနားထောင်နေကြကြောင်းကိုလည်းကောင်း၊ သူသည် မိမိ၏အကျင့်အတိုင်း အကျိုးကိုခံစားရမည်ကိုလည်းကောင်း သူသည် မသိနားမလည်ဘဲနေလိမ့် မည်။ သို့ရာတွင် မိမိကိုယ်တိုင်သိရှိနေသောကြောင့် မိမိ၏အမှားများကို လူနှင့်ဘုရားသခင်၏ စစ်ဆေးခြင်းမှဝှက်ထားရန် ကြိုးစည် ပြုလုပ်နိုင်လျှင် သူ၏စိတ်နှင့်အကျင့်တို့ကို ယုတ်ညံ့စေလိမ့် မည်။ အပြုအမူ တစ်ခုအားဖြင့် အကျင့်ကိုမမှန်းနိုင်၊ သို့သော် ၎င်းသည် အကာအကွယ်ကို ဖျက်ဆီးချိုးဖဲ့သဖြင့် နောက်ဆုံး၌ အလုပ်တွင်လိမ်လည်ခြင်းနှင့်မဖြောင့်မှန်ခြင်း အကျင့်တို့ကို ဖြစ်စေသည်တိုင်အောင် နောက်တစ်ဖန်သွေးဆောင်ခြင်းသို့ အလွယ်တကူလိုက်ပါသွားတတ်၏။ ထိုနောက် ထိုသူတို့ကိုမယုံကြည်နိုင်ကြ တော့ချေ။၄

မိမိ၏အလံတော်အောက်၌ မိမိ၏အမှုတော်တွင်ဆောင်ရွက်နေသော သူတို့အား အလွန် သေချာစွာဖြောင့်မတ်ခြင်းရှိဖို့ အလိုရှိတော်မူ၏။ သူတို့၏ နှုတ်မှလိမ်ညာသောစကားကိုမပြော၊ အကျင့်၌မပျက်စီးမကျူးလွန်စေခြင်းငှာ လည်း အလိုရှိတော်မူ၏။ လျှာသည် မှန်ကန်ခြင်းရှိရမည်၊ မျက်စိအကြည့် သည်လည်း မှန်ကန်ခြင်းရှိရမည်။ အပြုအမူတို့သည် လုံးလုံးဘုရားသခင်က ချီးမွမ်းခြင်းခံရလောက်အောင်ဖြစ်ရမည်။ ငါသည် သင်၏အကျင့်ကိုသိ၏ဟု တည်ကြည်စွာမိန့် တော်မူသော သန့်ရှင်းသောဘုရားသခင်ရှေ့တော်၌ ကျွန်ုပ် တို့သည် အသက်ရှင်လျက်ရှိနေကြ သည်။ ဘုရားသခင်၏မျက်စိတော်သည် အမြဲသဖြင့်ကျွန်ုပ်တို့ကိုကြည့်နေတော်မူ၏။ ကျွန်ုပ်တို့ သည် မတရားသော အမှုတစ်စုံတစ်ခုကိုမျှ ဘုရားသခင်ထံမှဝှက်မထားနိုင်ကြ။ ကျွန်ုပ်တို့၏အပြု အမူတိုင်းကို ဘုရားသခင်သည် သက်သေဖြစ်တော်မူ၏ဆိုသောအချက်သည် အမှန်ဖြစ်၍ လူအနည်းငယ်သာ ဤအချက်ကိုသိရှိနားလည်ကြသည်။၅

## ယုံကြည်သူသည်အလုပ်အကိုင်၌သာ၍ ကောင်းသောသူဖြစ်ခြင်း

သခင်ခရစ်တော်၏အတိုင်းအထွာအားဖြင့် ရိုးသားသောသူသည် ဖြောင့်မှန်သောအမှု၌ မလျော့ကြောင်းကို ပြသောသူဖြစ်သည်။ လောကတွင် မိမိတို့အကျိုးအတွက်ပြုလုပ်နေကြသည့် လှည့်ဖြားသောအလေးချိန်နှင့်

မမှန်သောချိန်ခွင်သည် ဘုရားသခင်ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ လူတစ်ယောက်သည် ဘုရားသခင်နှင့်ဆက်သွယ်နေလျက် မှန်ကန်ခြင်းနှင့် ဘုရားသခင်၏တရားတော်ကိုစောင့်ရှောက်နေသောအခါ သူ၏အသက်တာက သူ၏အကြောင်းကိုထင်ရှားစေလိမ့်မည်။ သူသည် မိမိ၏ဂုဏ်အသရေကို အမြတ်အစွန်းအတွက်ရောင်းမည်မဟုတ်။ သူ၏စည်းကမ်းဥပဒေများသည် မှန်ကန်သောအခြေအမြစ်ပေါ်၌တည်ရှိ၍ လောကအလုပ်အကိုင်တွင် သူ၏ အကျင့်တို့သည် သူ၏စည်းကမ်းဥပဒေကိုထင်ရှားစွာဖော်ပြ၏။ တည်မြဲ သောဖြောင့်မှန်ခြင်းသည် လောက၏ချေးညှော်နှင့်အမှိုက်သရိုက်များထဲတွင် ရွှေကဲ့သို့ထွန်းတောက်လိမ့်မည်။

လှည့်ဖြားခြင်း၊ အမှားပြောခြင်း၊ သစ္စာမရှိခြင်းအမှုတို့ကို လူ၏ မျက်စိရှေ့မှဟန်ဆောင်ကွယ်ဝှက်ထားနိုင်သော်လည်း ဘုရားသခင်၏ရှေ့တော်၌ ထိုသို့မပြုလုပ်နိုင်။ အကျင့်တိုးတက်မှုကိုစောင့်ကြည့်နေလျက် အကျင့်၏ တန်ဖိုးကိုချိန်စက်သောကောင်းကင်တမန်တို့သည် အကျင့်ကိုထင်ရှားစေသော ဤသေးငယ်သည့်အမှုကလေးများကိုပင် စာစောင်များ၌ရေးမှတ်ထားကြသည်။ အလုပ်သမားတစ်ယောက်သည် မိမိ၏နေ့စဉ်လုပ်ငန်းတွင် မိမိ၏အလုပ်၌ သစ္စာမရှိ၊ ပေါ့လျော့သောအခါ အလုပ်အကိုင်တွင် သူ၏စံနမူနာအတိုင်း ဘာသာတရားတွင် သူ၏စံနမူနာကိုလောကသည် ချင့်ချိန်ကြည့်ကြလျှင် လောကသည် မမှန်မကန်စစ်ကြောစီရင်ကြမည်မဟုတ်။

ကောင်းကင်၌ မိုးတိမ်နှင့်လူသားကြွလာတော်မူချိန်နီးကြောင်းကို ယုံကြည်သောကြောင့် မှန်သောခရစ်ယာန်သည် အသက်တာ၏ရိုးရိုးလုပ်ငန်း

တို့တွင်ဂရုမစိုက်ခြင်း၊ သတိကင်းမဲ့ခြင်းရှိလိမ့်မည်မဟုတ်။ မကြာမီပေါ်ထွန်း တော်မူမည့်သခင်ခရစ်တော်ကို စောင့်မျှော်နေသောသူတို့သည် အလုပ်၌ပျင်းရိ ခြင်းမရှိဘဲ လုံ့လဝီရိယရှိကြလိမ့်မည်။ သူတို့သည် မိမိတို့၏လုပ်ငန်းကို သတိကင်းမဲ့စွာ၊မရိုးမဖြောင့်စွာမပြုလုပ်ကြဘဲ သစ္စာနှင့်လည်းကောင်း၊ အချိန် မှန်ကန်စွာနှင့်လည်းကောင်း၊ သေချာစွာနှင့်လည်းကောင်း ဆောင်ရွက်ကြလိမ့် မည်။ ဤလောက၏အရာများတွင် ဂရုမစိုက်ဘဲနေခြင်းသည် သူတို့၏ဝိညာဉ် ရေးကိုလည်းကောင်း၊ လောကနှင့်သူတို့ခွဲခွာနေခြင်းအကြောင်းကိုလည်းကောင်း ဖော်ပြခြင်း၏သက်သေဖြစ်သည်ဟု ကြွားဝါပြောဆိုနေသောသူတို့သည် အကြီး အကျယ်လှည့်ဖြားသောသူများဖြစ်ကြ၏။ လောကအရာများ၌ သူတို့၏စကား မှန်ကန်ခြင်း၊ သူတို့၏သစ္စာစောင့်ခြင်းနှင့် သူတို့၏ရိုးဖြောင့်မှန်ကန်ခြင်းအမှု တို့ကို စစ်ဆေးစုံစမ်းလျက်ရှိ၏။ သူတို့သည် အနည်းငယ်သောအမှု၌သစ္စာ ရှိကြလျှင် များစွာသောအမှုတို့၌သစ္စာရှိကြလိမ့်မည်။

ဤနေရာ၌အများသောသူတို့သည် စွဲလမ်းစစ်ဆေးခြင်း၌မအောင်မြင်၊မခံရပ်နိုင်ကြကြောင်းကို ကျွန်ုပ်အားဖော်ပြထား၏။ လောကအမှုကိစ္စကို ဆောင်ရွက်ရာ၌ သူတို့၏အကျင့်အမှန်ကိုတိုးပွားစေကြပြီ။ သူတို့သည် မိမိ တို့လူအချင်းချင်းနှင့်ပြုသောအမှုတို့တွင် သစ္စာမရှိခြင်း၊ ကြံစည်နေခြင်း၊ မရိုးဖြောင့်ခြင်းအမှုတို့ကို ထင်ရှားစေကြပြီ။ သူတို့၏နောင်မသေမပျက်စီး နိုင်သောကာလကိုမျှော်ကြည့်ရေးသည် ဤအသက်၏လုပ်ငန်းတို့တွင် မည်ကဲ့သို့ မိမိတို့ကိုယ်တိုင်ပြုကျင့်နေကြသည့်အမှုအပေါ်၌ အမှီပြုသည်ကိုလည်းကောင်း၊ ကျပ်တည်းစွာဖြောင့်မှန်ခြင်းအကျင့်သည် ဖြောင့်မတ်သောသဘောကိုဖြစ်စေ ခြင်းငှာ လိုအပ်ကြောင်းကိုလည်းကောင်း သူတို့သည်မဆင်ခြင်ကြချေ။ မရိုးဖြောင့်ခြင်းသည် သမ္မာတရားကိုယုံကြည်သည်ဟု ပြောဆိုနေသောသူအများတို့၌ နွေးရုံသာရှိသောအခြေအနေကိုဖြစ်စေသောအကြောင်းရင်းဖြစ်သည်။ သူတို့သည် သခင်ခရစ်တော်နှင့်မဆက်သွယ်ဘဲနေကြသဖြင့် မိမိတို့ ၏ဝိညာဉ်ကိုပင်လှည့်ဖြားနေကြ၏။ ဥပုသ်စောင့်သောသူတို့အထဲ၌ပင် ရိုးဖြောင့် ခြင်းအမှုသည် ကြောက်မက်ဖွယ်ကင်းမဲ့နေသည်ကို ဖော်ပြရသည်အတွက် ကျွန်ုပ်၏စိတ်၌များစွာဝေဒနာဖြစ်နေပါသည်။[၆]

## လောကနှင့်အလုပ်ကိစ္စတွင်ဆက်သွယ်ခြင်း

အချို့သောသူတို့သည် လောကအမှုကိစ္စတို့ကို သတိပညာနှင့်ဆောင်ရွက်ရာ၌ နေရာတကျစီမံတတ်ခြင်းမရှိကြ။ သူတို့၌လိုအပ်သော အရည်

အချင်းများမရှိကြသဖြင့် စာတန်သည် ၎င်းတို့ကိုအခွင့်အရေးယူတတ်သည်။ ဤကဲ့သို့ဖြစ်ခဲ့လျှင် ထိုသို့သောသူတို့သည် မိမိတို့၏လုပ်ငန်း၌ မသိနား မလည်မှုတွင် ဆက်လက်တည်ရှိမနေအပ်ကြ။ သူတို့သည် မိမိတို့၏အကြံ အစည်အတိုင်းမလုပ်ဆောင်မီ မိမိတို့ကိုယ်ကိုနှိမ့်ချလျက် အခြားသောညီအစ်ကို မောင်နှမများထံ၌ အကြံဉာဏ်တောင်းရမည်။ သူတို့၏အကြံဉာဏ်ကို သင်တို့ သည်အားကိုးနိုင်ကြသည်။ ကျွန်ုပ်အား ဤကျမ်းချက်တစ်ခုကိုညွှန်ပြထား ပါသည်။ "ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီထမ်းရွက်ကြလော့" (ဂလာတိ ၆း၂)။ အချို့သောသူတို့သည် အကြံဉာဏ်ပေးနိုင်သောသူတို့က သူတို့အတွက်ကြံဖန်ပေးနိုင်လောက်အောင် မိမိတို့ကိုယ်ကိုနှိမ့်ချခြင်းမပြုကြသဖြင့် မိမိတို့အကြံဉာဏ်အတိုင်းပြုလုပ်ကြရာ အဆုံး၌ အခက်အခဲများနှင့် ကြုံတွေ့နေရကြလေ၏။ ထိုအခါကျမှသာ ညီအစ်ကိုမောင်နှမများတို့၏ အကြံဉာဏ်၊ ဝေဖန်ချက်တို့ကိုလိုကြောင်း သိမြင်လာကြ၏။ သို့ရာတွင် ထိုအချိန် ၌ပထမ ဦးစွာကပင် တာဝန်သည် မည်မျှသာ၍လေးလံလာပါသည်တကား။ ရှောင်ကြဉ်နိုင်လျှင် ညီအစ်ကိုမောင်နှမတို့သည် တရားစွဲဆိုခြင်းကိုမပြုအပ်။ အကြောင်းကား၊ ထိုသို့ပြုခြင်းဖြင့် သူတို့အားရှုပ်ထွေးပွေလီသွားစေအောင် ရန်သူအားများစွာအခွင့်အရေးရရှိစေလိမ့်မည်။ အနည်းငယ်အရှုံးခံလျက် ဆုံးဖြတ်ချက်ကိုပြုလျှင် သာ၍ကောင်းလိမ့်မည်။

မယုံကြည်သောသူအတွက် ဘုရားသခင်၏လူတို့က အာမခံပေးခြင်း အမှုကို ဘုရားသခင်သည် နှစ်သက်တော်မမူကြောင်း ကျွန်ုပ်တို့သိမြင်ရ၏။ ကျွန်ုပ်အားအောက်ပါကျမ်းချက်များကိုညွှန်ပြထား၏။ သု ၂၂း၂၆။ "လက်ဝါး ချင်းရိုက်သောလူစုနှင့် သူ့ကြွေးကိုအာမခံသောလူစုထဲသို့မဝင်နှင့်" သု ၁၁း၁၅။ "အကျွမ်းမဝင်သောသူ၏အမှု၌ အာမခံသောသူသည် အလွန်နာလိမ့်မည်။ လက်ဝါးချင်းရိုက်သောအမှုကိုမုန်းသောသူမူကား စိုးရိမ်စရာမရှိ။" သစ္စာမရှိသောဘဏ္ဍာစိုးပါတကား။ အခြားသောသူ၊ သူတို့၏ကောင်းကင်ခမည်းတော်၊ ပိုင်သောအရာကိုအာမခံကြ၍ စာတန်သည် သူတို့၏လက်ထဲမှ သူ၏သား သမီးများကိုလုယူဖို့ကူညီရန် အသင့်ရပ်နေ၏။ ဥပုသ်စောင့်သောသူတို့သည် မယုံကြည်သောသူတို့နှင့်တွဲဖက်၍ အစုစပ်ပါဝင်ခြင်းမပြုရ။ ဘုရားသခင်၏ လူတို့သည် အကျွမ်းမဝင်သောသူစိမ်းလူ၏စကားများကို အလွန်ယုံကြည် အားကိုးတတ်၍ သူတို့မပြုလုပ်သင့်ဘဲ သူတို့၏အကြံဉာဏ်ကိုတောင်းတတ်ကြသည်။ ရန်သူသည် သူတို့ကိုမိမိ၏ကိုယ်စားလှယ်ဖြစ်စေလျက် သူတို့ အားဖြင့်ရှုပ်ထွေးသွားအောင်ပြုလုပ်ပြီးလျှင် ဘုရားသခင်၏လူတို့အထဲမှ ဆွဲထုတ်ယူတတ်သည်။?

-----*****----

# အခန်း (၂၃)
# သန့်ရှင်းသောဝိညာဉ်တော်

ကျွန်ုပ်၏သခင်ယေရှုခရစ်ကြွလာတော်မူခြင်းကို မျှော်လင့်ခြင်းသာမက ကြွလာတော်မူခြင်းကို လျင်မြန်စွာရောက်လာစေဖို့ ပြုလုပ်ရခြင်းသည် ခရစ်ယာန်တိုင်းအတွက် အခွင့်အရေးတစ်ခုဖြစ်ပေသည်။ ကိုယ်တော်၏နာမကိုခံယူနေ သောသူအပေါင်းတို့သည် ကိုယ်တော်၏ဘုန်းတော်ကိုထောက်၍ အသီးများ ကိုသီးကြလျှင် လောကတစ်ဝန်းလုံးသည် ဧဝံဂေလိတရားမျိုးစေ့ဖြင့် မည်မျှ လျင်မြန်စွာပျိုးကြဲပြီးလိမ့်မည်နည်း။ နောက်ဆုံးစပါးရိတ်ချိန်အတွက် စပါး များသည် အမြန်မှည့်လာကြ၍ သခင်ခရစ်တော်သည် အဖိုးထိုက်သောစပါး များကိုသိမ်းယူရန် ကြွလာတော်မူလိမ့်မည်။

ညီအစ်ကိုမောင်နှမများတို့၊ သန့်ရှင်းသောဝိညာဉ်တော်အတွက်တောင်းလျှောက်ကြပါ။ ဘုရားသခင်သည် မိမိပြုတော်မူခဲ့သောကတိတော်တိုင်းကို ပြည့်စုံစေဖို့ရန် အသင့်ရှိနေတော်မူသည်။ သင်၏ကျမ်းစာအုပ်ကို သင်၏ လက်ထဲတွင်ကိုင်ထားလျက် ကိုယ်တော်မိန့်တော်မူသည်အတိုင်း အကျွန်ုပ် သည်ပြုလုပ်ပြီးပါပြီ။ "တောင်းကြလော့၊ တောင်းလျှင်ရလိမ့်မည်၊ ရှာကြ လော့၊ ရှာလျှင်တွေ့လိမ့်မည်။ တံခါးခေါက်ကြလော့၊ ခေါက်လျှင်တံခါးဖွင့် ပေးလိမ့်မည်" ဟူသော ကိုယ်တော်၏ကတိတော်ကို အကျွန်ုပ်ဖော်ပြထား ပါသည်ဟု လျှောက်ထားကြလော့။ သခင်ခရစ်တော်က "သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်။" "သင်တို့သည် ငါ၏နာမကိုအမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း" ဟုမိန့်တော်မူ၏။ (မ ၇း၇။ မာ ၁၁း၂၄။ ယော ၁၄း၁၃။

သခင်ခရစ်တော်သည် မိမိ၏အလိုတော်ကို မိမိ၏ကျွန်တို့အား ဖော်ပြခြင်းငှာ မိမိ၏စေတမန်တို့ကို မိမိ၏နိုင်ငံတော်တွင် အရပ်ရပ်ရှိသမျှ သို့စေလွှတ်တော်မူ၏။ ကိုယ်တော်သည် မိမိအသင်းတော်များ၏အလယ်တွင် လျှောက်သွားတော်မူ၏။ ကိုယ်တော်သည်

မိမိ၏တပည့်တော်များကိုသန့်ရှင်း စေရန်၊ မြင့်တင်ပေးရန်၊ မြင့်မြတ်သောအခြေအနေသို့ ရောက်ရှိစေရန် အလိုရှိတော်မူ၏။ ကိုယ်တော်၌ယုံကြည်သောသူတို့၏ဩဇာသည် လောက၌အသက်ရှင် ခြင်း၏အမွေးအကြိုင်ဖြစ်လိမ့်မည်။ သခင်ခရစ်တော်သည် ကြယ်များကိုမိမိ၏လက်ယာလက်တော်တွင်ကိုင်ထားတော်မူသဖြင့် သူတို့အားဖြင့် ကိုယ်တော် ၏အလင်းကို လောကအားလင်းစေခြင်းအမှုသည် ကိုယ်တော်၏ရည်ရွယ် ချက်ဖြစ်ပေသည်။ ထိုသို့အားဖြင့် ကိုယ်တော်သည် မိမိ၏လူများကို အထက် အရပ်ရှိအသင်းတော်တွင် သာ၍မြင့်မြတ်သောအမှုတော်အတွက် ပြင်ဆင်ပေး ခြင်းငှာ အလိုရှိတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကြီးကျယ်သော အလုပ်ကြီးတစ်ခုကိုဆောင်ရွက်ရန်ပေးတော်မူပြီ။ ကျွန်ုပ်တို့က သစ္စာနှင့် ဆောင်ရွက်ကြစို့။ ဘုရားသခင်၏ကျေးဇူးတော်သည် လူတို့တွင်မည်ကဲ့သို့ ပြုပြင်ပေးနိုင်ကြောင်း ကျွန်ုပ်တို့၏အသက်တာ၌ဖော်ပြကြစို့။[၁]

## သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းမပြုမီ တစ်လုံးတစ်ဝတည်းရှိရမည်

တပည့်တော်တို့သည် အမြတ်ဆုံးသောနေရာကိုရရှိရန် ကြိုးစားခြင်း မပြုကြသောအခါ လုံးလုံးတစ်စုတစ်ရုံးတည်းဖြစ်လာကြပြီး နောက်မှသန့်ရှင်း သောဝိညာဉ်တော်ကို သွန်းလောင်းတော်မူကြောင်းကို သတိပြုပါ။ သူတို့သည် စိတ်သဘောတညီတညွတ်တည်းရှိကြ၏။ စိတ်သဘောကွဲလွဲမှုရှိသမျှကို ပယ်ရှားလိုက်ကြပြီ။ ၎င်းပြင် ဝိညာဉ်တော်ကိုချပေးတော်မူပြီးနောက် သူတို့ သက်သေခံကြသောအရာများတို့သည်လည်း အတူတူပင်ဖြစ်ကြ၏။ "ယုံကြည် သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၏" တ ၄း၃၂။ အပြစ်သားတို့သည် အသက်ရှင်မည်အကြောင်း သက်သေခံတော်မူသော ကိုယ်တော်၏ ဝိညာဉ်သည် ယုံကြည်သောသူပရိသတ်တစ်ခုလုံးကို အသက် နှင့်ပြည့်စုံစေတော်မူ၏။

တပည့်တော်တို့သည် မိမိတို့ကိုယ်တိုင်အတွက် ကောင်းချီးမင်္ဂလာ ကိုတောင်း လျှောက်ကြသည်မဟုတ်။ သူတို့သည် ဝိညာဉ်တို့၏ဝန်ထုပ်နှင့် လေးလံလျက်ရှိကြသည်။ ဧဝံဂေလိတရားကို လောက၏အစွန်ဆုံးနေရာတိုင် အောင် ယူဆောင်သွားကြရမည်ဖြစ်၍ သခင်ခရစ်တော်ကတိထားတော်မူသော တန်ခိုးကို ချပေးတော်မူရန် သူတို့ကတောင်းဆိုကြ၏။ ထိုအခါ သန့်ရှင်း သောဝိညာဉ်တော်ကိုသွန်းလောင်းချပေးတော်မူသဖြင့် တစ်နေ့အတွင်းထောင် ပေါင်းများစွာသောသူတို့သည် ပြောင်းလဲခြင်းသို့ရောက်ကြ၏။

ထိုအတူ ယခုကာလ၌လည်းဖြစ်နိုင်ပေသည်။ ခရစ်ယာန်အပေါင်း တို့သည် ငြင်းခုံကွဲပြားခြင်းရှိသမျှတို့ကိုပယ်ရှား၍ ပျောက်ဆုံးသောသူတို့ကို ကယ်တင်ခြင်းအ လို့ငှာ မိမိတို့ကိုယ်ကိုဘုရားသခင်အားပေးအပ်ကြပါစေ၊ ယုံကြည်ခြင်းအားဖြင့် ကတိထားတော် မူသောကောင်းချီးမင်္ဂလာကို သူတို့သည် တောင်းလျှောက်ကြပါစေ။ ထိုအခါ ၎င်းသည် သက်ရောက်လာလိမ့်မည်။ တမန်တော်တို့လက်ထက်၌ သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းပေး ခြင်းအမှုသည် "အဦးမိုး" ဖြစ်၍ အကျိုးကျေးဇူးမှာလည်း အလွန်ကောင်း မြတ် ၏။ သို့ရာတွင် နောက်မိုးသည်သာ၍များပြားလိမ့်မည်။ ဤနောက်ဆုံးကာလ၌ အသက်ရှင်နေသောသူတို့အဖို့ ကတိတော်ကားအဘယ်အရာဖြစ်သနည်း။ "အချုပ်ခံ၍မျှော် လင့်သောသူတို့၊ ရဲတိုက်သို့ပြန်လာကြလော့၊ ငါသည်နှစ်ဆ သောကျေးဇူးကိုပြုဦးမည်ဟု ယနေ့ပင်ပြောထား၏။" "နောက်မိုးရွာရာကာလ တွင် မိုးရွာစေမည်အကြောင်း ထာဝရ ဘုရားထံတော်၌ ဆုတောင်းကြလော့။ ထာဝရဘုရားသည် လျှပ်စစ်ကိုပြင်ဆင်၍ များစွာသော မိုးရွာစေသဖြင့် ခပ်သိမ်းသောလူတို့အဖို့ လယ်ပြင်၌အပင်ပေါက်စေတော် မူမည်။ (ဇာခရိ ၉း၁၂။ ၁၀း၁)။၂

## လူတစ်စုံတစ်ယောက်၏အသုံးကျခြင်းအမှုသည်သန့်ရှင်းသော ဝိညာဉ်တော်အားမိမိကိုယ်အပ်ပေးခြင်းအပေါ်၌အမှီပြုခြင်း

ကျွန်ုပ်တို့သည် မိမိတို့ရှေ့၌ရှိသောအမှုတော်ကို မိမိတို့ကိုယ်တိုင်၏ ခွန်အားဖြင့် လုပ်ဆောင်ရမည်ဟု ဘုရားသခင်ကကျွန်ုပ်တို့အား မိန့်တော်မမူပါ။ ကျွန်ုပ်တို့၏လူ့အစွမ်း သတ္တိနှင့်မညီမညွတ်နိုင်သည့် အရေးကြီးသော အမှုအပေါင်းတို့ကို ဘုရားသခင်သည် ကူညီမစတော်မူရန်စီမံထားတော်မူ၏။ ကျဉ်းကျပ်သောအမှုတိုင်း၌ကူညီရန် ကျွန်ုပ်တို့၏မျှော် လင့်ခြင်းနှင့်ယုံကြည် စိတ်ချမှုခိုင်ခံ့စေရန်နှင့် ကျွန်ုပ်တို့၏စိတ်သဘောကိုလင်းစေလျက် စိတ်နှလုံး ကိုဖြူစင်စေရန် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးတော် မူ၏။

မိမိ၏အသင်းတော်သည် ပြောင်းလဲသောကိုယ်ခန္ဓာဖြစ်လျက် ကောင်းကင်အလင်း နှင့်ထွန်းတောက်ပြီးလျှင် ဇေမာနွေလ၏ဘုန်းတော်နှင့်ပြည့်ဝ နေစေရမည်ဟု သခင်ခရစ်တော် ကစီမံထားတော်မူပြီ။ ခရစ်ယာန်တိုင်းသည် ဝိညာဉ်တော်၏အလင်း၊ ငြိမ်သက်ခြင်းနှင့်ဝန်းရံ နေစေရမည်ဟု ကိုယ်တော် သည်ကြံစည်ထားတော်မူ၏။ မိမိကိုယ်ကိုပယ်ထား၍ မိမိ၏စိတ်နှလုံးထဲ၌

သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းအတွက် နေရာပေးထားလျက် ဘုရားသခင်အားလုံးလုံး ဆက်ကပ်ပူဇော်ထားသောအသက်တာမျိုး၌ အသက်ရှင် သောသူသည် အကန့်အသတ်မရှိအသုံးဝင်ပေသည်။

ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းခြင်း အားဖြင့် မည်ကဲ့သို့သောအကျိုးကိုခံစားရသနည်း။ ထမြောက်တော်မူသော ကယ်တင်ရှင်အကြောင်းနှင့် စပ်ဆိုင်၍ ဝမ်းမြောက်ဖွယ်သတင်းစကားကို လူသတ္တဝါတို့နေထိုင်သော လောကကြီး၏နယ်နိမိတ်အစွန်ဆုံးနေရာများသို့ ရောက်သည်တိုင်အောင် ယူဆောင်သွားရမည်။ တပည့်တော်တို့၏ စိတ်နှလုံး တွင်ပြည့်လျှံနေသည့် ကောင်းမြတ်သောစေတနာသည် အလွန်ပြည့်၊အလွန်လေးနက်၊ အလွန်တာသွားသဖြင့် သူတို့အားမြေကြီးစွန်းတိုင်အောင်သွားစေရန် အားပေးနှိုးဆော်ခြင်းခံရကြလျက် "ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ် ၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်" ဟု သက်သေခံကြ၏။ (ဂလာတိ ၆း၁၄)။ သခင်ယေရှု၌ရှိသကဲ့သို့ သူတို့ သည် သမ္မာတရားကိုကြွေးကြော်ကြသောအခါ စိတ်နှလုံးများကို သတင်း စကား၏ တန်ခိုးသို့အပ်နှံကြ၏။ အရပ်ရပ်တိုင်းမှပြောင်းလဲသောသူတို့သည် စုရုံးလာကြသည်ကို အသင်းတော်သည်မြင်ရလေ၏။ ဖောက်ပြန်သွားကြ သောသူတို့သည် တစ်ဖန်ပြန်၍စိတ်ပြောင်းလဲခြင်းသို့ရောက်လာကြ၏။ အပြစ် ရှိသောသူတို့သည် အလွန်အဖိုးထိုက်သောပုလဲကိုရှာရာတွင် ခရစ်ယာန်တို့နှင့် ပူးပေါင်းကြ၏။ ဧဝံဂေလိတရားကို အပြင်းထန်ဆုံးကန့်ကွက်တားဆီးခဲ့သော သူတို့သည် ဧဝံဂေလိတရားတော်လုပ်ငန်းတွင် ဗိုလ်ဆွဲလာကြ၏။ အားသော သူတို့သည် "ဒါဝိဒ်ကဲ့သို့" ဖြစ်ရလိမ့်မည်။ ၎င်းပြင် ဒါဝိဒ်၏အမျိုးအနွယ် သည် "ထာဝရဘုရားသခင်၏ကောင်းကင်တမန်တို့ကဲ့သို့" ဖြစ်ပျက်ကြလိမ့် မည်ဟူသော အနာဂတ်စကားသည် ပြည့်စုံခြင်းသို့ရောက်လေပြီ။ ခရစ်ယာန် တိုင်းသည် မိမိ၏ညီအစ်ကိုတိုင်းတွင် ဘုရားသခင်၏ မေတ္တာနှင့် ကောင်းမြတ် သောစေတနာမျိုးကိုတွေ့မြင်ရ၏။ ကောင်းကျိုးတစ်ခုသည် ဖြစ်ပေါ်လာလေ ပြီ။ ကြိုးစား၍တုပပြုလုပ်ခြင်းအကြောင်းတစ်ခုသည် အခြားသောအကြောင်းအရာတို့ကို ကြိုက်နှစ်သက်လာ၏။ ယုံကြည်သောသူတို့၏တစ်ခုတည်းသော အလိုတပ်မက်မှုကား၊ သခင်ခရစ်တော်နှင့်တူညီသောအကျင့်ကိုဖော်ပြခြင်းနှင့် ကိုယ်တော်၏နိုင်ငံတော်ကျယ်ဝန်းစေခြင်းငှာ အမှုဆောင်ရွက်ခြင်းဖြစ်သည်။

ဝိညာဉ်တော်နှင့်ဆိုင်သောကတိတော်သည် ရှေးဦးတပည့်တော်တို့နှင့် ဧကန်အမှန်သက်ဆိုင်သည်နည်းတူ ယခုခေတ်ရှိကျွန်ုပ်တို့နှင့်လည်းသက်ဆိုင် ၏။ ပင်တေကုတ္တေပွဲနေ့၌ ကယ်တင်ခြင်းနှင့်ဆိုင်သောစကားကို ကြားရသော သူတို့အပေါ်သို့ တန်ခိုးကိုချပေးတော်မူသည်နည်းတူ ဘုရားသခင်သည် ယခု ခေတ်ရှိယောကျ်ား၊ မိန်းမတို့အပေါ်၌လည်း အထက်မှသက်ရောက်သောတန်ခိုး ကိုချပေးတော်မူလိမ့်မည်။ ထိုအချိန်နာရီ၌ ကိုယ်တော်၏ဝိညာဉ်တော်နှင့်

ကိုယ်တော်၏ကျေးဇူးတော်သည် ၎င်းတို့ကိုအလိုရှိ၍ ကိုယ်တော်၏စကားတော်အတိုင်း ၎င်းကိုလက်ခံမည့်သူအားလုံးအဖို့ဖြစ်ပေ၏။[၁]

## သန့်ရှင်းသောဝိညာဉ်တော်သည်အဆုံးတိုင်အောင် တည်ရှိနေတော်မူမည်

ဝိညာဉ်တော်၏တန်ခိုးသြဇာသည် ကပ်ကမ္ဘာကုန်ဆုံးသည်တိုင်အောင် မိမိ၏တပည့်တော်များနှင့်အတူ အစဉ်မပြတ်ရှိလိမ့်မည်ဟု သခင်ခရစ်တော်က မိန့်တော်မူ၏။ သို့ရာတွင် ကတိတော်ကိုထိုက်သင့်သလောက်ရှိသေလေးစား ခြင်းမပြုကြ။ ထိုကြောင့် ၎င်းသည် ဖြစ်သင့်သည်အလျောက် ပြည့်စုံခြင်းသို့ မရောက်သေးပါ။ အကျိုးအပြစ်ကား မျှော်လင့်ရသည်အတိုင်း ဝိညာဉ်ရေး၌ ငတ်မွတ်ခေါင်းပါးခြင်း၊ ဝိညာဉ်ရေး၌မှောင်မိုက်ခြင်း၊ ဝိညာဉ်ရေး၌ယုတ်ညံ့ လာ၍ သေဆုံးခြင်းကိုသာဖြစ်စေ၏။ သေးငယ်သောအရာများကို ဂရုစိုက် နေကြလျက် အသင်းတော်၏တိုးတက်ကြီးပွားရေးအတွက်လိုအပ်၍ အခြား သောကောင်းချီးမင်္ဂလာတို့ကို ဆက်လက်ချပေးမည်ဖြစ်သောတန်ခိုးတော်ကို အကန့်အသတ်မရှိကြွယ်ဝစွာချပေးတော်မူသော်လည်း ၎င်းသည်ကင်းမဲ့နေ၏။

ဧဝံဂေလိအမှုဆောင်ရွက်ခြင်း၌ အလွန်ပင်တန်ခိုးကင်းမဲ့နေခြင်းမှာ ဝိညာဉ်တော်ကင်းမဲ့နေခြင်းကြောင့်ဖြစ်သည်။ သင်ကြားလေ့လာခြင်း၊အစွမ်းသတ္တိ၊ စကားပြောကောင်းခြင်းမှ စသောအရည်အချင်းများကို သဘာဝအား ဖြင့်ပြည့်စုံခြင်း၊ (သို့မဟုတ်) ကိုယ်တိုင်ကြိုးစား၍ရယူခြင်းရှိသော်လည်း ဘုရားသခင်၏ဝိညာဉ်တော်မပါရှိလျှင် မည်သည့်စိတ်နှလုံး၌မျှထိခိုက်ခြင်းမရှိ၊ အပြစ်သားတစ်ယောက်မျှ သခင်ခရစ်တော်ထံသို့မပြောင်းလဲနိုင်ချေ။ တစ်နည်းအားဖြင့် သူတို့သည် သခင်ခရစ်တော်နှင့်ဆက်သွယ်နေကြလျှင် သူတို့၌ ဝိညာဉ်တော်၏ဆုကျေးဇူးများနှင့်ပြည့်ဝနေလျှင် အဆင်းရဲဆုံးနှင့် ပညာအနည်းဆုံးသောတပည့်တော်ပင်လျှင် စိတ်နှလုံးများကိုကြားပြောပြုပြင်

ပေးသောတန်ခိုးကိုရရှိလိမ့်မည်။ ဘုရားသခင်သည် သူတို့အားစကြဝဠာတွင် အမြတ်ဆုံးတန်ခိုးစီးဆင်းသက်ရောက်ရာလမ်းကြောင်း ဖြစ်စေတော်မူ၏။

ဘုရားသခင်ဘက်၌စိတ်အားကြီးခြင်းအမှုသည် တပည့်တော်တို့အား ကြီးစွာသောတန်ခိုးအားဖြင့် သမ္မာတရားကိုသက်သေခံစေခြင်းငှာ နှိုးဆော် တိုက်တွန်း၏။ ဤကဲ့သို့စိတ်အားထက်သန်မှုမျိုးသည် ကျွန်ုပ်တို့၏စိတ်နှလုံး ကိုရွေးနုတ်ခြင်းမေတ္တာအကြောင်း၊ သခင်ခရစ်တော်အကြောင်းနှင့်လက်ဝါး ကပ်တိုင်၌ရိုက်ထားခြင်းခံရသောကိုယ်တော်အကြောင်းကို ပြောပြလိုသောစိတ် ပြင်းပြသန်းချက်နှင့် ထကြွနိုးကြားလာစေမည်မဟုတ်လော။ စိတ်အားကြီးစွာ ကြိုးစား၍ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ယနေ့ ရောက်လာ၍ လူတို့အားအမှုဆောင်ရွက်စေရန် တန်ခိုးနှင့်ပြည့်ဝစေပြီလော။ ထိုသို့ဖြစ်လျှင် အသင်းတော်သည် အဘယ်ကြောင့်အားနည်းလျက် ဝိညာဉ် တန်ခိုးကင်းမဲ့နေကြသနည်း။[၆]

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အသင်းတော်သားတို့၏ စိတ်ကိုစိုးမိုးအုပ်ချုပ်လာသောအခါ ကျွန်ုပ်တို့၏အသင်းတော်များ၌ စကား ပြောခြင်းအမှု၊ အမှုတော်ဆောင်ရွက်ခြင်းကိစ္စ၊ ဝိညာဉ်ရေးကိစ္စတို့တွင် ယခု မြင်ရသည်ထက်သာ၍မြင့်မြတ်သောစံနမူနာကို တွေ့မြင်ရကြလိမ့်မည်။ အသင်းတော်သားများတို့သည် အသက်ရေအားဖြင့်အားပြည့်လာကြ၍ သခင် ခရစ်တော်ပင်ဖြစ်သည့်တစ်ခုတည်းသောဦးခေါင်း (ခေါင်းဆောင်) လက်အောက်၌ အမှုထမ်းနေကြသောအမှုတော်ဆောင်တို့သည် စိတ်သဘော၊ အပြောအဆို၊ အပြုအမူတို့၌ မိမိတို့၏သခင်အကြောင်းကိုထင်ရှားစွာဖော်ပြကြလျက် ကျွန်ုပ်တို့ဆောင်ရွက်နေကြသည်။ ကြီးကျယ်ခမ်းနား၍နောက်ဆုံးဖြစ်သော အမှုတော်ကြီးတွင် ရှေ့သို့တိုးတက်သွားစေရန် တစ်ယောက်ကိုတစ်ယောက် အားပေးနှိုးဆော်ကြလိမ့်မည်။ ဘုရားသခင်သည် အပြစ်သားများကိုရွေးနုတ် ခြင်းအတွက် မိမိ၏သားတော်ကိုအသေခံဖို့ရန် စေလွှတ်တော်မူသည်ကိုသက်သေခံမည်ဖြစ်သော စည်းလုံးညီညွတ်ခြင်းနှင့်မေတ္တာတို့သည် ကျန်းမာစွာတိုးတက်ကြီးပွားခြင်းရှိကြလိမ့်မည်။ သမ္မာတရားတော်သည် ချီးမြှောက်ခြင်း

ခံရလိမ့်မည်။ ထို့အပြင် ၎င်းသည် ထွန်းညှိထားသောမီးအိမ်ကဲ့သို့ထွန်းလင်းတောက်ပလာသောအခါ ကျွန်ုပ်တို့သည် ၎င်းကိုသာ၍ထင်ရှားစွာသိနားလည်လာကြလိမ့်မည်။၁

ဘုရားသခင်၏လူတို့သည် မိမိတို့ကိုယ်တိုင်၌ ကြိုးပမ်းခြင်းမရှိဘဲ သူတို့၏အမှားများကိုပယ်ရှား၍ ပြုပြင်ပေးစေရန် အသစ်ပြုပြင်ပေးသောအချိန် ကာလကိုစောင့်နေကြလျှင် ကိုယ်ကာယနှင့်ဝိညာဉ်အညစ်အကြေးတို့ကိုဆေးကြော၍ တတိယကောင်းကင်တမန်၏ကျယ်လောင်သောကြွေးကြော်ခြင်းအမှုတွင် ပါဝင်ဆောင်ရွက်ရန်သင့်လျော်စေဖို့ ထိုကာလကိုအမှီပြုနေလျှင် သူတို့သည် လျော့လျက်နေကြောင်းတွေ့ရမည်ကို ကျွန်ုပ်အားဖော်ပြထား၏။ အသစ်ပြုပြင် ပေးသောကာလ၊ (သို့မဟုတ်) ဘုရားသခင်၏တန်ခိုးတော်သည် ဘုရားသခင် စေခိုင်းတော်မူသောအလုပ်အတွက် မိမိတို့ကိုယ်ကိုသင့်လျော်စေရန် ပြင်ဆင်

ခင်းရှိသောသူတို့အပေါ်၌သာ သက်ရောက်လာ၏။ထိုစေခိုင်းတော်မူသော အလုပ်ကား ကိုယ်ကာယနှင့်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့ကို မိမိတို့ ကိုယ်မှဆေးကြောလျက် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် သန့်ရှင်းခြင်းအဖြစ်ကို စုံလင်စေခြင်းတည်း။[၆]

-----*****----

(၁) ၈ွယ ၂၂ယ၂၃း (၂) ၈ွယ ၂၀ယ၂၁း (၃) ၈ွယ ၁၉ယ၂၀း (၄) ၈ွယ ၂၁ယ၂၂း (၅) ၈ွယ ၂၂း (၆) ၃ွယ ၆၁၉.

## အခန်း (၂၄)
## ဆုတောင်းစည်းဝေး

ပြုလုပ်ကျင်းပသောစည်းဝေးတို့တွင် ဆုတောင်းစည်းဝေးများသည် အလွန်စိတ်ပါဝင်စားဖွယ်အကောင်းဆုံးဖြစ်ရမည်။ သို့ရာတွင် ဤစည်းဝေးများကို မကြာခဏညံ့ဖျင်းစွာကျင်းပတတ်ကြသည်။ အများသောသူတို့သည် တရားဟောစည်းဝေးများကိုတက်ကြသော်လည်း ဆုတောင်းစည်းဝေးကိုကား ဂရုမစိုက်ကြချေ။ ဤနေရာ၌တစ်ဖန်စည်းဝေးဖို့လိုပေသည်။ ဘုရားသခင် ထံမှဉာဏ်ပညာကိုတောင်းခံ၍ စည်းဝေးများသည် စိတ်ပါဝင်စားပြီးနှစ်သက် ဖွယ်ဖြစ်မည်အကြောင်း စည်းဝေးများကျင်းပရန် စီမံကိန်းများကိုရေးဆွဲပြုလုပ် ရမည်။ လူများတို့သည် အသက်မုန့်ကိုဆာလောင်မွတ်သိပ်ကြသည်။ သူတို့ သည် ၎င်းကိုဆုတောင်းစည်းဝေး၌တွေ့ကြလျှင် ၎င်းကိုလက်ခံရန် ထိုနေရာ သို့သွားကြလိမ့်မည်။

ရှည်လျား၍ ကဗျာဆန်သောဟောပြောခြင်းနှင့် ဆုတောင်းခြင်းတို့ကို ဘယ်နေရာ၌မဆို ပြုဖို့မသင့်တော့ချေ။ အထူးသဖြင့် ပေါင်းသင်းဆက်ဆံ ရေးစည်းဝေးတွင်ပြုဖို့မသင့်။ ကြောက်ရွံ့၍ ဆုတ်ကန်နေသောသူတို့၏ သက်သေခံချက်တို့ကိုပြည့်လာအောင် ပြုလုပ်ဖို့ရဲရင့်၍ စကားပြောရန်အသင့်

ရှိသောသူတို့ကို အခွင့်ပေးရမည်။ အထူးသဖြင့် အပေါ်ယံလောက်သာဖြစ် ကြသော သူတို့သည် စကားအများဆုံးပြောသောသူများဖြစ်ကြသည်။ သူတို့၏ ဆုတောင်းချက်များသည်ရှည်လျား၍ စက်ကဲ့သို့ထိုသို့ပြုရန်အကျင့်ဖြစ်နေ၏။ သူတို့သည် ၎င်းတို့ကို နားထောင်နေကြသော ကောင်းကင်တမန်နှင့်လူတို့ကို ငြီးငွေ့ပင်ပန်းစေကြပြီ။ ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် တို၍အချက်ကျရမည်။တစ်စုံတစ်ယောက်တွင် ရှည်လျားငြီးငွေ့ဖွယ်ဆုတောင်းချက်များရှိလျှင် ၎င်းတို့ကို တစ်ယောက်တည်းတိတ်ဆိတ်စွာဆုတောင်းဖို့အတွက် ဖယ်ထား ရမည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်၏စိတ်နှလုံးထဲ၌တည်ရှိပါစေ၊ သို့ပြုလျှင် ၎င်းသည် ပျင်းစရာကောင်းသောဟန်ဆောင်မှုတို့ကို ပယ်ရှားလိမ့်မည်။

## လူအများနှင့်ဆုတောင်းချက်များကိုမရှည်စေရ

တပည့်တော်တို့၏ဆုတောင်းချက်သည်တို၍ သူတို့လိုသောအချက် ထက်ဘာမျှပိုမိုမတောင်းရဟူသောသဘောကို သခင်ခရစ်တော်က တပည့် တော်တို့၏စိတ်ထဲ၌ စွဲလမ်းစေတော်မူ၏။ သူတို့၏ဆုတောင်းချက်သည် မည်မျှရှည်၍ မည်ကဲ့သို့သောအကြောင်းအရာကို တောင်းရမည်အကြောင်း ကိုယ်တော်ကဖော်ပြတော်မူ၏။ သူတို့သည် လောကီကောင်းချီးမင်္ဂလာနှင့် ဝိညာဉ်ကောင်းချီးမင်္ဂလာကိုအလိုရှိကြောင်းကိုလည်းကောင်း၊ ထိုအရာတို့ အတွက်ကျေးဇူးတင်ကြောင်းကိုလည်းကောင်း ဖော်ပြပြောဆိုရမည်။ ဤနမူနာ ဆုတောင်းချက်သည် မည်မျှပြည့်စုံသနည်း။ ၎င်းသည် လူအပေါင်းတို့၌ လိုသောအရာအားလုံးကိုဖော်ပြ၏။ ရိုးရိုးဆုတောင်းချက်သည် တစ်မိနစ်၊ နှစ်မိနစ်လောက်သာကြာစေရမည်။ ဆုတောင်းချက်သည် ထူးခြားသောနည်း အားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ကစီမံဖော်ပြပေးသောအခါ ဝိညာဉ်တော်နှင့်ဆုတောင်းသောအခါများလည်းရှိလိမ့်မည်။ တောင့်တလျက်ရှိသောဝိညာဉ်တော်သည် ပြင်းပြစွာနာကျင်ခြင်းရှိလျက် ဘုရားသခင်ထံတော်၌ ညည်းတွား လာ၏။ ဝိညာဉ်သည် ယာကုပ်ကဲ့သို့ထွေးလုံး၍ ဘုရားသခင်၏တန်ခိုးတော်ကို ထူးခြားစွာဖော်ပြခြင်းမရှိလျှင် ငြိမ်သက်ခြင်းရှိလိမ့်မည်မဟုတ်။ ဤအမှုသည် ဘုရားသခင်အလိုတော်ရှိသည်အတိုင်းဖြစ်ပေသည်။

သို့ရာတွင် အများသောသူတို့သည် ပျင်းရိဖွယ်တရားဟောပြော

သကဲ့သို့ဆုတောင်းတတ်ကြသည်။ ဤသူတို့သည် ဘုရားသခင်ကိုဆုမတောင်းကြဘဲ လူတို့အားဆုတောင်းကြသည်။ သူတို့သည် ဘုရားသခင်အားဆုတောင်း နေကြလျက် သူတို့သည် ဘာလုပ်နေကြသည်ကို အကယ်ပင်သိနားလည် ကြလျှင် ထိုသို့သူတို့ ပြုဝံ့သောအမှုအတွက် သူတို့သည်ကြောက်လန့်ကြလိမ့်မည်။ အကြောင်းကား၊လောက၌ဖြစ်ပျက်နေသောအရာများနှင့်သက်ဆိုင် သောပြဿနာအများကို စကြဝဠာကိုဖန်ဆင်းတော်မူသောအရှင်သည် ထူးခြား စွာသိရှိနားလည်ဖို့သင့်သကဲ့သို့ သူတို့သည် ထာဝရဘုရားသခင်အားဆုတောင်း သောဟန်ဖြင့် ရှည်လျားစွာတရားဟောနေကြလေသည်။ ထိုသို့သောဆုတောင်း ချက်တို့သည် အသံမြည်သောတံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာ ပေးတတ်သောလင်းကွင်းကဲ့သို့လည်းကောင်းဖြစ်၏။ ၎င်းတို့ကိုကောင်းကင် တွင်ရေးမှတ်ထားခြင်းမရှိ။ ဘုရားသခင်၏ကောင်းကင်တမန်များနှင့်တကွ နားမထောင်လိုဘဲနားထောင်နေရသည့် သေတတ်သောလူတို့သည် ၎င်းဆုတောင်း ချက်များတို့နှင့်မောပန်းငြီးငွေ့နေကြ၏။

တစ်ခါတစ်ရံသခင်ယေရှုသည် ဆုတောင်းလျက်နေတော်မူသည်ကို တွေ့ရသည်။ ကိုယ်တော်သည် မည်သူမျှမရှိသောတောအုပ်ငယ်သို့လည်းကောင်း၊ တောင်ပေါ်သို့လည်းကောင်း မိမိ၏ခမည်းတော်အား မိမိတောင်း လိုသောအရာတို့ကိုဖော်ပြရန် ကြွတော်မူတတ်၏။ နေ့၏အလုပ်နှင့် စောင့်ရှောက် ပြုစုရသောတာဝန်များသည် ပြီးဆုံးသွား၍ မောပန်းသောသူတို့သည်အနားယူ ကြသောအခါ သခင်ယေရှုသည် ဆုတောင်းခြင်းဖြင့် အချိန်ကိုကုန်လွန်စေ တော်မူ၏။ ဆုတောင်းလျက်စောင့်နေခြင်းအမှုသည် အလွန်ပင်နည်းသော ကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကိုစိတ်ပျက်သွားအောင်မပြုလုပ်လိုပါ။ ၎င်းပြင် ဝိညာဉ်တော်ရလျက် နားလည်ခြင်းနှင့်ဆုတောင်းခြင်းအမှုလည်း သာ၍ပင်နည်းပါးသည်။ စိတ်အားကြီး၍အကျိုးဖြစ်စေသောဆုတောင်းချက် သည် အမြဲပင်အချက်ကျပေသည်။ ၎င်းပြင် ဘယ်အခါမျှငြီးငွေ့ခြင်းရှိမည်မဟုတ်။ ဘုရားသခင်ကိုကြည်ညိုနှစ်သက်သောသူအပေါင်းတို့အဖို့ ထိုသို့ သောဆုတောင်းချက်သည် စိတ်ဝင်စားဖွယ်ဖြစ်၍ အားဖြည့်ဖွယ်ရာဖြစ်ပေသည်။

တိတ်ဆိတ်စွာတစ်ယောက်တည်းဆုတောင်းခြင်းအမှုကို မပြုလုပ်ဘဲနေကြ၏။ ထို့ကြောင့် ဘုရားဝတ်ပြုကိုးကွယ်ရန် စည်းဝေးခေါ်သောအခါ ရှည်လျားငြီးငွေ့ဖွယ်ဖြစ်လျက် ဖောက်ပြန်သောဆုတောင်းချက်များတွင် တစ်ပတ်လုံးဂရုမစိုက်ခဲ့သော တာဝန်များကိုပြန်ပြောပြပြီး ဆုတောင်းရာတွင်

ထပ်ခါတလဲလဲပြောဆိုနေကြလျက် ဂရုမစိုက်ခဲ့သောအရာတို့ကိုအပြစ်ပြေ စေလျက် အပြစ်တင်ခံရ၍ သူတို့အားဒုက္ခရောက်စေသောသြတ္တပ္ပစိတ်ကို ငြိမ်စေခြင်းငှာ မျှော်လင့်ကြ၏။ သူတို့သည် ဘုရားသခင်ရှေ့တော်၌ဆုတောင်းခြင်းဖြင့် မျက်နှာ ရရန်မျှော်လင့်ကြသည်။ သို့သော် မကြာခဏဆုတောင်းခြင်းဖြင့် ဝိညာဉ်ရေး၌ မှောင်မိုက်သွားသည်တိုင်အောင် သူတို့၏စိတ်ကိုယုတ်ညံ့ သောအခြေအနေသို့ရောက် စေ၏။ ဆုတောင်း၍စောင့်နေခြင်းအကြောင်းနှင့် စပ်ဆိုင်သောသွန်သင်ချက်ကို ခရစ်ယာန်တို့သည် အိမ်ထောင်၌အသုံးပြုကြ လျှင် သူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရေးတွင် သာ၍သိနားလည် လာကြလိမ့်မည်။၂

## ဆုတောင်းခြင်း၌သာ၍များပြားသောချီးမွမ်းခြင်းရှိရမည်

"ဝင်သက်၊ ထွက်သက်ရှိသောအရာတိုင်းတို့သည် ဘုရားသခင်ကို ချီးမွမ်း ကြစေ။" ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အားမည်မျှလောက် ကျေးဇူးတင် ရမည်ကို စဉ်းစားကြည့်ကြပါသလား။ ဘုရားသခင်၏သနား ကရုဏာများသည် နံနက်တိုင်းအသစ်ဖြစ်၍ ကိုယ်တော်၏သစ္စာရှိခြင်းသည် ကျွန်ုပ်တို့အားမည်သည့် အခါမျှမပစ်ပယ်တော်မူကြောင်းကို ကျွန်ုပ်တို့မှတ်မိ ကြသလား။ ကိုယ်တော်အား အမှီပြု၍နေရသည်ကိုသိမှတ်၍ ကိုယ်တော်ချပေး တော်မူသောဂုဏ်ကျေးဇူးများအတွက် ကိုယ်တော်ကိုကျေးဇူးတုံ့ပြန်လိုသော သဘောမျိုးပြသကြသလား။ ကောင်းသောဆု ကျေးဇူး၊ စုံလင်သောဆုကျေးဇူး ဟူသမျှတို့သည် အထက်မှဆင်းသက်လာ၍ အလင်း၏အဖထံမှလာရောက် သည့်အကြောင်းကို ကျွန်ုပ်တို့သည် ရံဖန်ရံခါမေ့လျော့ ၍ နေတတ်ကြလေ သည်။

ကျန်းကျန်းမာမာနေထိုင်ရသောသူတို့သည် တစ်နှစ်ပြီးတစ်နှစ်၊ တစ်လ ပြီးတစ်လ သူတို့နေ့စဉ်ရက်ဆက်ခံစားနေသောအံ့သြဖွယ်ရာကောင်းလှသည့် ကရုဏာ ကျေးဇူးများကို မေ့လျော့၍နေတတ်ကြ၏။ ကိုယ်တော်၏ဆုကျေးဇူး များအတွက် ဘုရားသခင်အားချီးမွမ်းခြင်းမပြုလုပ်ကြချေ။ သို့သော်လည်း ဖျားနာသောအချိန်၌ ဘုရားသခင်ကိုအမှတ်ရကြလေသည်။ ဖျားနာခြင်းမှ ပျောက်ကင်းရန် ကြိုးစား၍ ဆုတောင်းတတ်ကြလေသည်။ ဤကဲ့သို့ပြုလုပ် ခြင်းသည်လည်း မှန်ကန်ပေ၏။ ကျန်းမာနေသည်ဖြစ်စေ၊ ဖျားနာသည်ဖြစ်စေ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခိုလှုံရာဖြစ်တော်မူ၏။ သို့သော်လည်း

အများသောသူတို့သည် မိမိတို့၏ပြဿနာများကို ကိုယ်တော်ထံ၌မအပ်ကြပေ။ ခွန်အားနည်းခြင်းနှင့်ရောဂါကို မိမိအားနှိပ်စက်နိုင်ရန် အခွင့်ပေးကြလေသည်။ သူတို့တွင်ပူပန်ခြင်းနှင့်ဗျာပါသောကများခြင်းတို့ကို မတိုးပွားစေဘဲရပ်တန့်စေနိုင်ပါက သူတို့သည် ရောဂါမှလျင်မြန်စွာပျောက်ကင်းခြင်း၌ သာ၍သေချာလိမ့်မည်။ သူတို့သည် အချိန်ကြာမြင့်စွာကျန်းကျန်းမာမာနေထိုင်ရခြင်း၏ ကောင်းချီးမင်္ဂလာများကို မှတ်မိ၍ ဤအဖိုးထိုက်တန်လှသောဆုကျေးဇူးကို သူတို့တွင်ရှိစေရန် ဖန်ဆင်းရှင်၌အသစ်သောတာဝန်ခံခြင်းများရှိအပ်သည်ကိုမမေ့ သင့်ကြပေ။ လူနူဆယ်ယောက်တို့ကိုပျောက်ကင်းစေသောအခါ တစ်ယောက် သောသူသာလျှင်ပြန်လာ၍ သခင်ယေရှုကိုကျေးဇူးတင်ကြောင်းပြောဆိုခဲ့လေ သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကရုဏာတော်တို့ထိခြင်းကို မခံရသောလူနူကိုးယောက်တို့၏ ကျေးဇူးမတင်တတ်သောသဘောမျိုးမရှိစေရန် ဆင်ခြင်ကြရမည်။ [၃]မကျရောက်မီက ကျရောက်လာမည့်မကောင်း မှုများကို စဉ်းစား ဆင်ခြင်၍ စိတ်မချမ်းမသာမဖြစ်စေရ။ သို့ဖြစ်ခြင်းသည် ဉာဏ်ပညာကင်းမဲ့ ၍ ခရစ်ယာန်နှင့်လုံးဝမတူချေ။ ဤကဲ့သို့စိတ်သဘောမျိုးရှိခြင်းဖြင့် ကောင်းချီး မင်္ဂလာများကိုမခံစားရသည့်အပြင် နောင်ရေးအခြေအနေကိုလည်းတိုးပွားစေ ရန် ဟန့်တားထားသည်နှင့်တူလေသည်။ ဘုရားသခင်သည် ယနေ့လုပ်ရန် တာဝန်ဝတ္တရားများကို ကျွန်ုပ်တို့ပြုလုပ်၍ စုံစမ်းနှောင့်ယှက်ခြင်းကိုခံစားကြ ရန်အလိုရှိလေသည်။ ယနေ့နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့် လည်းကောင်းမပြစ်မှားရန်စောင့်ထိန်းရမည်။ ယနေ့ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချီးမွမ်း၍ဂုဏ်ပြုရမည်။ ယနေ့အသက်ရှင်သောယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရန်သူကိုနိုင်နင်းကြရမည်။ ကိုယ်တော်ထင်ရှားခြင်းကျွန်ုပ် တို့၌မရှိပါက ကျွန်ုပ်တို့ရပ်တည်၍မနေနိုင်ဟု စိတ်ပိုင်းဖြတ်ခြင်းပြု၍ရှာဖွေ ရမည်။ ယနေ့သည် ကျွန်ုပ်တို့အသက်ရှင်ရေးအတွက် နောက်ဆုံးနေ့အဖြစ် သဘောထား၍ စောင့်မျှော်ပြီးအလုပ်လုပ်ကြရမည်။ သို့ဖြစ်ပါက ကျွန်ုပ်တို့၏ အသက်တာသည် မည်မျှစိတ်စေတနာထက်သန်ခြင်းရှိအံ့နည်း။ စကားပြော ခြင်း၌လည်းကောင်း၊ အပြုအမူ၌လည်းကောင်း သခင်ယေရှုနှင့်နီးကပ်စွာ လိုက်လျှောက်လိမ့်မည်ဖြစ်၏။

## သေးငယ်သောအရာများတွင်ဘုရားသခင်သည် စိတ်ဝင်စားတော်မူ၏

ဆုတောင်းခြင်း၏အဖိုးတန်သောအခွင့်အရေးကို မှန်ကန်စွာလေးစား

နှစ်သက်သူ (သို့မဟုတ်) မုန်ကန်စွာတိုးတက်အောင်ပြုသောသူအနည်းငယ် သာရှိကြ၏။ကျွန်ုပ်တို့သည် သခင်ယေရှုထံတော်သို့သွား၍ ကျွန်ုပ်တို့၏ လိုသောအရာအားလုံးကိုပြောပြရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ အနည်းငယ်သောစိုးရိမ်ပူပန်မှုများ၊ အရှုပ်အထွေးများသာမက ကြီးကျယ်သော ဒုက္ခကြီးများကိုလည်း ယူဆောင်လာရကြမည်။ ကျွန်ုပ်တို့အားနှောင့်ယှက် ဒုက္ခရောက်စေသောအရာရှိသမျှကို ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံယူဆောင် လာကြရမည်။ ခြေလှမ်းတိုင်းတွင် သခင်ခရစ်တော်ကိုအလိုရှိသည်ဟု သိရှိ လာသောအခါ စာတန်သည် စုံစမ်းရန်အခွင့်အနည်းငယ်ရရှိလိမ့်မည်။ ကျွန်ုပ် တို့၏အကောင်းဆုံးနှင့်ထောက်ထားစာနာဆုံးသောမိတ်ဆွေထံမှ ကျွန်ုပ်တို့ကို ဝေးကွာအောင် စာတန်သည် ကြိုးစားအားထုတ်လိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအပြင် မည်သူ့ကိုမျှ မိမိတို့၏ အားကိုးအားထားရာလူအဖြစ် မထားအပ်ပေ။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးထဲ၌ရှိသမျှကို ကိုယ်တော် နှင့်ဘေးကင်းစွာဆွေးနွေးတိုင်ပင်နိုင်သည်။

ညီအစ်ကိုမောင်နှမများတို့၊ သင်တို့သည် ပေါင်းသင်းဆက်ဆံရေး အတွက်စည်းဝေးသောအခါ သခင်ယေရှုသည် သင်တို့နှင့်တွေ့ဆုံကြောင်းကို ယုံကြည်ပါ။ သင်တို့ကိုကောင်းချီးပေးရန် ကိုယ်တော်သည် အလိုရှိတော် မူကြောင်းကိုယုံကြည်ပါ။ မျက်စိကိုကိုယ်တိုင်မှလွဲ၍ သခင်ယေရှုကို ကြည့်ပါ။ ကိုယ်တော်၏မနှိုင်းယှဉ်အပ်သောမေတ္တာတော်အကြောင်းပြောပြပါ။ ကိုယ်တော် ကိုကြည့်ရှုခြင်းဖြင့် သင်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်နှင့်အညီ ပြောင်းလဲ လာကြလိမ့်မည်။ ဆုတောင်းသောအခါ တိုတိုတောင်း၍အချက်ကျပါစေ။ သင်၏ရှည်သောဆုတောင်းချက်ဖြင့် ဘုရားသခင်ကိုတရားဟောမနေပါနှင့်။ မြေကြီးပေါ်ရှိဖခင်ထံမှတ်မွတ်သောသူငယ်သည် မုန့်ကိုတောင်းသည်နည်းတူ အသက်မုန့်ကိုတောင်းပါ။ ကျွန်ုပ်တို့သည် ရိုးရိုးနှင့်ယုံကြည်ခြင်းဖြင့်တောင်း လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အားလိုသောကောင်းချီးမင်္ဂလာကို ချပေး တော်မူမည်။

ဆုတောင်းခြင်းသည် ဝိညာဉ်အတွက်အသန့်ရှင်းဆုံးလေ့ကျင့်ခြင်း ဖြစ်သည်။ ဆုတောင်းချက်သည် ရိုးသားစွာနှိမ့်ချလျက် စိတ်အားထက်သန် ရမည်။ သန့်ရှင်းသောဘုရားသခင်ရှေ့တော်၌ အသစ်သောစိတ်နှလုံးထဲမှ ထွက်လာသောအလိုဆန္ဒဖြစ်ရမည်။ မိမိသည် ဘုရားသခင်ရှေ့တော်၌ရှိကြောင်း ကို ဆုတောင်းသောသူသည်သိရှိသောအခါ မိမိကိုယ်ကိုမေ့လျော့သွားလိမ့် မည်။ သူသည် လူ၏သတ္တိကိုပြလိုသောဆန္ဒမရှိတော့ချေ။ သူသည် လူတို့ နားထောင်ကောင်းအောင်ကြိုးစားလိမ့်မည်မဟုတ်ဘဲ ဝိညာဉ်ကတောင့်တသော ကောင်းချီးမင်္ဂလာကိုရရှိရန် ကြိုးစားလိမ့်မည်။၄

လူအများနှင့်ဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ ဝတ်ပြုကိုးကွယ်သော နေရာ၌ ဘုရားသခင်အား မိမိတို့၏လိုလားချက်ကိုတောင်းလျှောက်သောအခါ ဒူးထောက်ရကြမည်။ ကျွန်ုပ်တို့၏ပုံသက်သေဖြစ်သော သခင်ယေရှုသည် ဒူးထောက်၍ဆုတောင်းတော်မူ၏။ (လု ၂၂း၄၁)။ တပည့်တော်တို့အကြောင်း နှင့်စပ်ဆိုင်၍ သူတို့သည်လည်း ဒူးထောက်၍ဆုတောင်းကြ၏ဟုရေးမှတ် ထား၏။ (တ ၉း၄၀။ ၂၀း၃၆။ ၂၁း၅)။ ပေါလုက "ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်၏" ဟုဖော်ပြထား၏။ (ဧဖက် ၃း၁၅)။ ဘုရားသခင်ရှေ့တော်၌

ဣသရေလလူတို့၏အပြစ်ကိုဖော်ပြဝန်ချသောအခါ ဧဇရသည်ဒူးထောက်၏။ (ဧဇရ ၉း၅ ကိုကြည့်ပါ)။ ဒံယေလသည် တစ်နေ့ သုံးကြိမ်ဒူးထောက်ဆုတောင်းလျက် ဘုရားသခင်၏ရှေ့တော်၌ ကျေးဇူးတော် ကိုချီးမွမ်း၏။ (ဒံယေလ ၆း၁၀)။

-----*****----

# အခန်း (၂၅)
# နှစ်ခြင်းမင်္ဂလာ

နှစ်ခြင်းမင်္ဂလာနှင့် ဘုရားသခင်၏ပွဲတော်မင်္ဂလာတို့သည် အောက်မေ့ဖို့ရာအထိမ်းအမှတ်တိုင်ကြီးနှစ်ခုဖြစ်ကြသည်။ တစ်ခုမှာ အသင်းတော်၏အပြင်ဘက်၊ အခြားတစ်ခုမှာ အတွင်းဘက်နှင့်သက်ဆိုင်ကြ၏။ ဤမင်္ဂလာ အဖွဲ့အစည်းနှစ်ပါးပေါ်၌ သခင်ခရစ်တော်သည် မှန်သောဘုရားသခင်၏နာမတော်ကို အက္ခရာတင်ထားတော်မူ၏။

နှစ်ခြင်းမင်္ဂလာကို သခင်ခရစ်တော်က မိမိ၏ဝိညာဉ်နိုင်ငံတော်ထဲသို့ ဝင်ရန်အမှတ်လက္ခဏာဖြစ်စေတော်မူ၏။ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်း သောဝိညာဉ်တော်တို့၏အာဏာစက်အောက်၌ အသိအမှတ်ပြုခြင်းကိုခံလိုသော သူအပေါင်းတို့လိုက်နာရန် သေချာသောစည်းကမ်းချက်အဖြစ် ကိုယ်တော်က ဤအမှုကိုစီမံထားတော်မူ၏။ လူသည် အသင်းတော်၌နေစရာအိမ်ကိုမရမီ ဘုရားသခင်၏ဝိညာဉ်တော်နိုင်ငံ၏တံခါးဝကိုမကျော်ဖြတ်မီ သူသည် ယေဟောဝါဇေဒကနု (ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအရှင်) ဟူသောဘွဲ့နာမကို ခံယူရမည်။ (ယေ ၂၃း၆)။

နှစ်ခြင်းမင်္ဂလာသည် အလွန်ကြည်ညိုဖွယ်၊ လောကကိုစွန့်ပယ်ခြင်း အမှုဖြစ်သည်။ ခရစ်ယာန်အသက်တာ၏တံခါးဝ၌ပင် ခမည်းတော်၊ သား

တော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမသုံးပါး၌ နှစ်ခြင်းကိုခံသောသူတို့သည် စာတန်၏လက်အောက်မှထွက်လာကြပြီး မင်းစည်းစိမ်ရှိသောအိမ်ထောင်သားများ၊ ကောင်းကင်ရှင်ဘုရင်၏သားသမီးများဖြစ်လာကြသည်ကို ဖော်ပြကြ၏။ "ထိုသူတို့ အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမ တို့ကြနှင့်" ဟူသောအမိန့်တော်ကို သူတို့သည်လိုက်နာကြပြီ။ "သင်တို့ကို ငါသည် လက်ခံမည်၊ သင်တို့၏အဘဖြစ်မည်၊ သင်တို့သည်လည်း ငါ၏သားသမီး ဖြစ်ကြလိမ့်မည်ဟု ထာဝရတန်ခိုးနှင့်ပြည့်စုံသော ထာဝရ ဘုရားမိန့်တော်မူ၏" ဟူသောကတိတော်ကို သူတို့၌ပြည့်စုံစေလိမ့်မည်။ ၂ကော ၆း၁၇၊၁၈။

နှစ်ခြင်းခံယူရာ၌ ကျွန်ုပ်တို့ကိုယ်တိုင်ဝန်ခံကြသော ကတိသစ္စာတို့ သည် များးစွာသောအမှုကိစ္စတို့ကိုပါဝင်ကြသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမတော်၌ ကျွန်ုပ်တို့သည် သခင်ခရစ်တော် နည်းတူ သေခြင်း၌ မြှုပ်နှံခြင်းကိုခံ၍ ကိုယ်တော်နည်းတူ သေခြင်းမှထမြောက် လျက် အသစ်သောအ သက်တာ၌နေထိုင်ရကြမည်။ ကျွန်ုပ်တို့၏အသက်တာသည် သခင်ခရစ်တော်၏အ သက်တာနှင့် နှောင်ဖွဲ့လျက်ရှိရမည်။ ထိုအခါ မှစ၍ ယုံကြည်သောသူသည် မိမိကိုယ်ကိုဘုရားသခင်အားလည်းကောင်း၊ သခင်ခရစ်တော်အားလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားလည်း ကောင်း ဆက်ကပ်ပူဇော်ထားသည်ဟု စိတ်ထဲ၌အမြဲစွဲမှတ်ထားရမည်။ သူသည် ဤကဲ့သို့သောအသစ်သောဆက်သွယ်မှုတွင် လောကနှင့်စပ်ဆိုင်သောအရာ အပေါင်းကို ဒုတိယနေ့၌ထားတတ်သည်။ သူသည် ကြွားဝါခြင်း၌လည်း ကောင်း၊ ကိုယ့်အလိုသို့လိုက်ခြင်း၌လည်းကောင်း အသက်ရှင် မနေတော့ကြောင်းကို လူအများရှေ့၌ဝန်ခံဖော်ပြလေပြီ။ သူသည်သတိမရှိ၊ အမှုမဲ့ အမှတ်မဲ့အသက်တာမျိုး၌ တည်ရှိမနေတော့ချေ။ သူသည် ဘုရားသခင်နှင့် ပဋိညာဉ် ပြုထားလေပြီ။ သူသည် လောကအဖို့အသေခံခဲ့ပြီ။ သူသည် မိမိ အားပေးအပ်ထား သောအစွမ်းသတ္တိများကို ဘုရားသခင်အဖို့အသုံးပြုရန် ကိုယ်တော်အသက်ရှင်လျက် သူသည် ဘုရားသခင်၏တံဆိပ်တော်ကိုခံယူ ကြောင်းကိုလည်းကောင်း၊ သခင်ခရစ် တော်၏နိုင်ငံတော်သား၊ ဘုရားသခင် ဇာတိသဘောကိုခံယူသောသူဖြစ်ကြောင်းကို လည်းကောင်း ဘယ်အခါမျှမမေ့

အပ်ပေ။ မိမိသည် ယခုမိမိ၌ဖြစ်သမျှ၊ လွန်ခဲ့သောကာလ၌ဖြစ်ခဲ့သမျှအတိုင်း မိမိကိုယ်ကို ဘုရားသခင်အားအပ်နှံပေးလျက် မိမိ၏ဆုကျေးဇူးအပေါင်းကို ဘုရားသခင်၏ဘုန်းတော်အတွက် အသုံးပြုရမည်။

## နှစ်ခြင်းခံလိုသောသူသည်သေချာစွာပြင်ဆင်ထားခြင်းရှိရမည်

နှစ်ခြင်းခံလိုသောသူသည် သေချာစွာမိမိကိုယ်ကိုပြင်ဆင်ထားဖို့လိုပေသည်။ အများအားဖြင့် သူတို့အားသွန်သင်ပေးတတ်ကြသည်ထက် သာ၍ သစ္စာရှိစွာသွန်သင် ပြသပေးဖို့လိုပေသည်။ သမ္မာတရားကိုလက်ခံလာကြသော လူသစ်များအားခရစ်ယာန် အသက်တာ၏အခြေခံစည်းကမ်းဥပဒေများကို ထင်ရှားစွာဖော်ပြရမည်။ သူတို့သည် ကယ်တင်ခြင်းခံရရန် ခရစ်တော်နှင့် ဆက်သွယ်ကြပြီဟူသောသက်သေအဖြစ် သူတို့၏ယုံကြည်ခြင်းကိုဝန်ခံပြောဆို ချက်ကိုအားမကိုးနိုင်။ "ကျွန်ုပ်ယုံကြည်ပါပြီ" ဟုသာ ကျွန်ုပ်တို့သည်ပြောဆို ရကြမည်မဟုတ်၊ သမ္မာတရားကိုကျင့်ရမည်။ ကျွန်ုပ်တို့သည် အပြောအဆို၊ အပြုအမူ၊ အကျင့်အကြံတို့၌ ဘုရားသခင်၏အလို တော်နှင့်ညီညွတ်ခြင်းအား ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆက်သွယ်လျက် ရှိကြောင်း သက်သေ ပြရမည်။ ပညတ်တော်ကိုလွန်ကျူးခြင်းအပြစ်ကို တစ်စုံတစ် ယောက်သည် စွန့်ပစ်သောအခါတိုင်း သူ၏အသက်တာသည် ပညတ်တရားတော် နှင့်ညီညွတ် လာလျက် ၎င်းကိုစုံလင်စွာလိုက်နာ၏။ ဤအမှုသည် သန့်ရှင်းသော ဝိညာဉ် တော်၏အလုပ်ဖြစ်သည်။ သေချာစွာလေ့လာဖတ်ရှုသောနှုတ်ထွက်စကားတော် ၏အလင်း၊ အသိစိတ်၏အသံ၊ သန့်ရှင်းသောဝိညာဉ်တော်၏အားထုတ်မှု များတို့အား ဖြင့် ကာယ၊ စိတ်၊ ဝိညာဉ်မှစ၍ လူတစ်ကိုယ်လုံးကိုရွေးနုတ်ရန် မိမိကိုယ်ကိုလုံးလုံး ဆက်ကပ်ပူဇော်တော်မူသော သခင်ခရစ်တော်အတွက် မှန်ကန်သောမေတ္တာကို စိတ်နှ လုံးထဲ၌ဖြစ်ပေါ်လာစေ၏။ ၎င်းပြင် နာခံထောင် ခြင်းအားဖြင့် မေတ္တာကိုထင်ရှားစေ ၏။ ဘုရားသခင်ကိုချစ်၍ ဘုရားသခင်၏ ပညတ်တော်တို့ကို လိုက်နာစောင့်ရှောက် သောလူတို့နှင့် ဘုရားသခင်ကိုမချစ်၊ ဘုရားသခင်၏တရားတော်တို့ကို ဂရုမစိုက် သောသူတို့စပ်ကြားတွင် ခြားထား သောလမ်းကြောင်းကိုသေချာထင်ရှားစေလိမ့်မည်။

ဘုရားသခင်အား လုံးလုံးဆက်ကပ်ပေးအပ်ဖို့လိုကြောင်း တစ်စုံတစ်ယောက်ကိုမျှသိမြင်စေခြင်းငှာ စာတန်သည်အလိုမရှိ။ ဝိညာဉ်သည် ဤကဲ့သို့ပေးအပ်ခြင်းကိုမပြုဘဲနေသောအခါ အပြစ်ကိုမစွန့်ပစ်တော့ချေ။ အစားအသောက်၌ စိတ်အလိုကြီးခြင်း၊ တပ်မက်ခြင်းစိတ်တို့သည် ကိုယ်ကို အုပ်စိုးလာ၏။ စုံစမ်းသွေးဆောင်ခြင်းသည် အသိစိတ်နှင့်ရှုပ်ထွေးလာသဖြင့် မှန်ကန်သောစကားကို ပြောဆိုခြင်းမရှိတော့ချေ။ ကျော့ဖမ်း၊ သွေးဆောင်၊လှည့်ဖြားရန် ရှာကြံနေကြသော စာတန်၏ကိုယ်စားလှယ်တို့နှင့် ဝိညာဉ်အသီး အသီးတို့သည် တိုက်လှန်ရန်တိုက်ပွဲရှိကြောင်းကို လူအပေါင်းတို့သည်သိရှိ ခဲ့ကြလျှင် ယုံကြည်ခြင်းတရား၌ နုနယ်သေးသောသူအပေါင်းတို့သည် သာ၍ ကြိုးစားလျက်လုပ်ဆောင်ကြလိမ့်မည်။

## ကလေးများနှစ်ခြင်းမင်္ဂလာအတွက်ပြင်ဆင်ပေးခြင်း

နှစ်ခြင်းခံဖို့အလိုရှိကြသော သားသမီးတို့၏မိဘတို့၌လုပ်ဆောင်ရန် အလုပ်တစ်ခုရှိသည်။ ၎င်းအား မိမိတို့ကိုယ်ကိုစစ်ဆေးကြည့်ရှုခြင်းနှင့် မိမိ တို့၏သားသမီးတို့အား သစ္စာနှင့်သွန်သင်ပေးခြင်း၌ပြုလုပ်ရန် လိုသောအမှု ဖြစ်သည်။ နှစ်ခြင်းခံခြင်းသည် အလွန်သန့်ရှင်း၍ အရေးကြီးသောအမှုတစ်ခု ဖြစ်သဖြင့် ၎င်း၏အနက်အဓိပ္ပါယ်ကို သေချာစွာသိရှိနားလည်အပ်ပါသည်။ ၎င်းသည် အပြစ်အတွက်နောင်တရ၍ သခင်ယေရှုခရစ်၌ အသစ်သော အသက်တာထဲသို့ဝင်ရောက်လာခြင်းကိုဆိုလို၏။ နှစ်ခြင်းမင်္ဂလာကိုအချိန် မကျဘဲ အလျင်အမြန်ပြုလုပ်ဖို့မသင့်။ မိဘနှင့်သားသမီးတို့သည် ၎င်း၏ တန်ဖိုးကိုတွက်ကြည့်ကြပါစေ။ မိမိတို့၏သားသမီးများအား နှစ်ခြင်းခံစေဖို့ ရန် သဘောတူခြင်းအားဖြင့် မိဘတို့သည် မိမိတို့၏သားသမီးများ၏ အကျင့် ကိုတည်ဆောက်ပေးရာတွင် သူတို့အားလမ်းပြပေးရန် သူတို့အတွက်သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်လာစေခြင်းငှာ မိမိတို့ကိုယ်တိုင်သန့်ရှင်းစွာကတိခံဝန် ချက်ပြုကြသည်။ ဤသိုးသငယ်တစ်စုသည် မိမိတို့ခံဝန်ချက်ပြုသောယုံကြည် ခြင်းတရားကို မရှုတ်ချဘဲနေကြမည်အကြောင်း၊ သူတို့ကိုအထူးစိတ်ပါဝင်စား စွာစောင့်ရှောက်ကာကွယ်ကြပါမည်ဟု မိဘတို့က ကတိခံဝန်ချက်ပြုကြသည်။

အလွန်ငယ်ရွယ်သောအခါကပင် သားသမီးတို့အား ဘာသာတရား ကိုသွန်သင်ပေးရမည်။ အပြစ်တင်သောသဘောနှင့်မဟုတ်ဘဲ စေတနာထက်သန်၍ အားရရွှင်မြူးသောသဘောနှင့်သွန်သင်ပေးရမည်။ မိခင်တို့မသိမမြင်နိုင်

သောအခြေအနေမျိုး၌ စုံစမ်းသွေးဆောင်ခြင်းအမှုသည် မိမိ၏သားသမီးတို့ အပေါ်သို့ မသက်ရောက်မည်အကြောင်း မိခင်တို့သည် အမြဲသဖြင့်စောင့်ကြည့် နေရကြမည်။ မိဘတို့သည် မိမိတို့၏သားသမီးတို့အား သင့်လျော်၍နှစ်သက် ဖွယ်ဖြစ်သောသွန်သင်ချက်များဖြင့် ကာကွယ်စောင့်ရှောက်ရကြမည်။ အတွေ့ အကြုံမရှိသော ဤသူတို့၏အကောင်းဆုံးမိတ်ဆွေအဖြစ်နှင့် မိဘတို့သည် သူတို့အားအောင်မြင်ခြင်းအလုပ်တွင် မစကူညီရကြမည်။ အကြောင်းကား၊ သူတို့အဖို့အရာခပ်သိမ်း၌အောင်မြင်ခြင်း ရှိရမည်ဟု ဆိုလိုပေသည်။ မှန်သော အမှုကိုပြုလုပ်ရန် ကြိုးစားနေသောမိမိတို့ချစ်ခင်သောသားသမီးတို့သည် ထာဝရ ဘုရားသခင်၏အိမ်ထောင်တွင် ငယ်ရွယ်သောသူများဖြစ်ကြသည်ဟု မိဘ တို့ကထင်မှတ်ကြလျက် ကောင်းကင်ရှင်ဘုရင်၏စကားတော်ကိုလိုက်နာခြင်း အမှုတွင် သူတို့အားဖြောင့်သောလမ်းကိုလိုက်လျှောက်စေရန် ကူညီမစရာ၌ အလွန်ပင်စိတ်ပါဝင်စားခြင်းရှိအပ်ကြသည်။

ဘုရားသခင်၏သားသမီးဖြစ်ရ ခြင်းနှင့် ဘုရားသခင်၏စကားတော်ကိုနားထောင်ရာ၌ အလိုတော်ကိုလိုက်နာခြင်းတို့သည် အဘယ်သို့ဆိုလိုကြောင်းကို သူတို့သည် သားသမီးများအား မေတ္တာနှင့်စိတ်အားထက်သန်စွာ တစ်နေ့ပြီးတစ်နေ့သွန်သင်ပေးရကြမည်။ ဘုရားသခင်၏စကားတော်ကိုနားထောင်ခြင်းသည် မိဘ၏စကားကိုနားထောင် ခြင်းဖြစ်ကြောင်း သူတို့အားသွန်သင်ပါ။ ဤအမှုကိုနေ့တိုင်း၊ နာရီတိုင်း ဆောင်ရွက်ရကြမည်။ မိဘတို့၊ စောင့်ကြည့်နေကြပါ၊ ဆုတောင်းလျက် စောင့်ကြည့်နေကြပါ။ ၎င်းပြင် သင်တို့၏သားသမီးများကို သင်တို့၏အပေါင်း အဖော်၊ မိတ်ဆွေများဖြစ်ပါစေ။

သူတို့၏အသက်တာတွင် ပျော်ရွှင်စရာအကောင်းဆုံးသောအချိန် ရောက်လာ၍ သူတို့သည် စိတ်နှလုံးထဲ၌သခင်ယေရှုကိုချစ်လျက် နှစ်ခြင်းခံ ဖို့အလိုရှိသောအခါ သူတို့နှင့်သစ္စာရှိစွာပြုမူပါ။ နှစ်ခြင်းကိုမခံယူမီ အသက်တာတွင် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းအမှုသည် သူတို့၏ ပထမဦးဆုံးရည်ရွယ်ချက်ဖြစ်သလောဟု သူတို့ကိုမေးကြည့်ပါ။ ထိုနောက် မည်ကဲ့သို့အစပြုဆောင်ရွက်ရမည်ကို သူတို့အားပြောပြပါ။ ဤအရာသည် သူတို့အတွက်များစွာအကျိုးသက်ဝင်သော ပထမသင်ခန်းစာများဖြစ်ကြပါ သည်။ ဘုရားသခင်အဖို့ပထမဦးစွာ မည်ကဲ့သို့အမှုဆောင်ရွက်ပေးရမည်ကို သူတို့အားရိုးရိုးကလေးနှင့်သွန်သင်ပေးပါ။ အလုပ်ကိုတတ်နိုင်သမျှနားလည် လွယ်အောင်ပြုလုပ်စီမံပေးပါ။ ခရစ်ယာန်မိဘတို့၏အကြံဥာဏ်ပေးချက်အတိုင်း ထာဝရဘုရားအား ကိုယ်ကိုဆက်ကပ်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကညွှန်ပြသည်အတိုင်း ပြုမူဆောင်ရွက်ခြင်းတို့သည် အဘယ်သို့ဆိုလို ကြသည်ကိုရှင်းလင်းပြပါ။

သစ္စာနှင့်ကြိုးစားဆောင်ရွက်ပြီးနောက် သင်၏သားသမီးတို့သည် စိတ်နှလုံးပြောင်းလဲခြင်းနှင့် နှစ်ခြင်းမင်္ဂလာ၏အနက်အဓိပ္ပါယ်ကို သိရှိနားလည် ၍ အမှန်ပင်စိတ်နှလုံးပြောင်းလဲကြသည်ကို သင်သည်စိတ်ကျေနပ်ဖွယ်သိရှိ ရလျှင် သူတို့အား နှစ်ခြင်းမင်္ဂလာကိုခံယူပါစေ။ သို့ရာတွင် သူတို့၏ မကျွမ်းကျင်သောခြေကို နားထောင်ခြင်းတည်းဟူသော ကျဉ်းမြောင်းရာလမ်း တွင်လမ်းပြရာ၌ သိုးထိန်းအဖြစ်ပြုမူရန်ရှေးဦးစွာသင်တို့ကိုယ်တိုင်ပြင်ဆင် ထားကြပါဟု ကျွန်ုပ်ကထပ်မံပြောဆိုလိုပါသည်။ မိဘတို့သည်မိမိတို့၏ သားသမီးများအား ချစ်ခြင်းမေတ္တာ၊ ယဉ်ကျေးမှုနှင့်ခရစ်ယာန်နှိမ့်ချခြင်းတွင် လည်းကောင်း၊ ကိုယ်ကိုသခင်ခရစ်တော်အားလုံးလုံးဆက်ကပ်ပေးအပ်ခြင်း အမှုတွင်လည်းကောင်း မှန်သောပုံသက်သေကိုပြနိုင်မည်အကြောင်း၊ ဘုရားသခင် သည် မိဘတို့ကိုပြုပြင်ပေးရမည်။ သင်၏သားသမီးတို့အား နှစ်ခြင်းခံစေဖို့ သဘောတူညီပြီးနောက် သူတို့သဘောအတိုင်းပြုမူစေရန် သူတို့ကိုပစ်ထား လျက် ဖြောင့်သောလမ်း၌သူတို့၏ခြေကိုစောင့်ရှောက်ပေးဖို့ ထူးခြားသော တာဝန်မရှိဟုထင်မှတ်ခဲ့လျှင် သူတို့သည် သမ္မာတရား၌ယုံကြည်ခြင်း၊ ရဲရင့် ခြင်းနှင့်စိတ်ပါဝင်စားခြင်းကင်းမဲ့နေကြလျှင် သင်တို့ကိုယ်တိုင်၌တာဝန်ခံယူရ ကြမည်။

နှစ်ခြင်းခံယူလိုသောအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့သည် ငယ်ရွယ်သောကလေးသူငယ်တို့ထက် မိမိတို့၏တာဝန်ကိုသာ၍သိရှိနားလည် အပ်ပါသည်။ သို့ရာတွင် သင်းအုပ်ဆရာ၌ ဤဝိညာဉ်များအတွက်ပြုလုပ် စရာတာဝန်များရှိသည်။ သူတို့နှင့်အထူးတွေ့ဆုံဆွေးနွေးရခြင်းသည် သင်းအုပ် ဆရာ၏တာဝန်ဖြစ်သည်။ သူတို့အားကျမ်းစာဖတ်ပြ၊ ဆွေးနွေး၍ သူတို့နှင့်

အတူဆုတောင်းပြီးလျှင် သူတို့အပေါ်၌ ထာဝရဘုရားသခင်တောင်းဆိုတော် မူသော အရာတို့ကို ထင်ရှားစွာဖော်ပြပါ။ စိတ်နှလုံးပြောင်းလဲခြင်းနှင့်စပ်ဆိုင်၍ ကျမ်းစာ၏ ဩဝါဒများကို သူတို့အားဖတ်ပြပါ။ ပြောင်းလဲခြင်း၏အကျိုး၊ ဘုရားသခင်ကို သူတို့ကချစ်ကြောင်းပြရသောသက်သေသည် အဘယ်အရာ ဖြစ်သည်ကိုပြောပြပါ။ မှန်သောပြောင်းလဲခြင်းသည် စိတ်နှလုံး၊ အကြံအစည်၊ ရည်ရွယ်ချက်မှစ၍ ပြောင်း လဲခြင်းဖြစ်သည်ကိုဖော်ပြပါ။ မကောင်းသော အကျင့်အပြုအမူတို့ကိုစွန့်ပစ်ရမည်။ မကောင်းပြောဆိုခြင်း၊ မနာလိုငြူစူခြင်း၊ နားမထောင်ခြင်းအပြစ်များကိုပယ်ရှားရမည်။ မကောင်းသောအကျင့်အကြံ အနည်းငယ်တိုင်းကိုပင် တိုက်ခိုက်တွန်းလှန်ပစ်ရမည်။ ထိုနောက် ယုံကြည် သောသူသည် နားလည်ခြင်းနှင့် “တောင်းကြလော့၊ တောင်း လျှင်ရလိမ့်မည်” ဟူသောကတိတော်ကို တောင်းခံနိုင်သည်။

-----*****----

## အခန်း (၂၆)
## ဘုရားသခင်၏ပွဲတော်မင်္ဂလာ

ထာဝရဘုရားသခင်၏အိမ်တော်နှင့်သက်ဆိုင်သောပုံပမာများသည် လွယ်ကူ၍ထင်ရှားစွာနားလည်နိုင်၏။ ထို့အပြင် ၎င်းတို့အားဖြင့်ပုံဆောင် ထားသောသမ္မာတရားများသည် ကျွန်ုပ်တို့အဖို့အလွန်ပင်အဓိပ္ပါယ်လေးနက် ပေသည်။

သခင်ခရစ်တော်သည် ယုဒလူတို့၏ဘာသာတရားတွင်စီမံထားသော အမှုနှစ်ခုနှင့် ၎င်းတို့၏ကြီးကျယ်သောပွဲကြီးနှစ်ခုစပ်ကြားတွင် ကူးပြောင်းခြင်း အခြေ အနေတည်ရှိနေတော်မူ၏။ စွန်းထင်းခြင်းကင်းသော ဘုရားသခင်၏ သိုးသငယ်ဖြစ် သောကိုယ်တော်သည် မိမိကိုယ်ကိုအပြစ်ဖြေရာယဇ်အဖြစ် ပေးအပ်ဆက်ကပ်ရတော့ မည်။ ၎င်းပြင် နှစ်ပေါင်းလေးထောင်ကြာကာလ မိမိအသေခံတော်မူခြင်းကိုညွှန်ပြနေ သောပုံပမာများနှင့် ဘာသာရေးအခမ်းအနား ပွဲများတို့သည် အဆုံးသို့ရောက်တော့ မည်။ ကိုယ်တော်သည် မိမိ၏တပည့်

တော်တို့နှင့်အတူ ပသခါပွဲကိုသုံးဆောင်နေတော်မူစဉ် ၎င်း၏နေရာ၌ မိမိ၏ ကြီးကျယ်သော ဆက်ကပ်ပူဇော်ခြင်းအမှု၏အထိမ်းအမှတ်ဖြစ်ရမည့်ပွဲကို ကိုယ်တော်သည် စီမံခန့်ထားတော်မူ၏။ ယုဒလူမျိုးတို့၏လူမျိုးရေးထုံးစံ အခမ်းအနားပွဲသည် အစဉ်ပပျောက်သွားရလိမ့်မည်။ သခင်ခရစ်တော် တည်ထောင်ခဲ့သောပွဲကို အရပ်ရပ်တိုင်း၌ရှိသော ကိုယ်တော်၏တပည့်တော်တို့သည် ကာလအဆက်ဆက်လိုက်နာစောင့်ရှောက်ရကြမည်။

ပသခါပွဲကို အဲဂုတ္တုပြည်၌ကျွန်ခံရာမှ ဣသရေလလူမျိုးတို့သည် လွတ်မြောက်လာခြင်း၏အထိမ်းအမှတ်ပွဲအဖြစ်ကျင်းပရန် စီမံခန့်ထား၏။ တစ်နှစ်ပြီးတစ်နှစ် ဤအခမ်းအနားပွဲကိုကျင်းပစဉ် သားသမီးများက ၎င်း၏ အဓိပ္ပါယ်ကိုမေးကြသောအခါ ဖြစ်ပျက်ခဲ့သော အကြောင်းအရာကိုပြန်ပြောရ မည်ဟု ဘုရားသခင်ကမိန့်မှာထားတော်မူ၏။ ထိုနည်းအားဖြင့် အံ့ဩဖွယ် ကယ်နုတ်ခြင်းအကြောင်းကို လူအပေါင်းတို့သည် စိတ်ထဲ၌အစဉ်အမြဲသတိရနေရကြလိမ့်မည်။ ဘုရားသခင်၏ပွဲတော်မင်္ဂလာကို သခင်ခရစ်တော်အသေခံ တော်မူခြင်းကြောင့် ကြီးကျယ်စွာကယ်နုတ်ခံရခြင်းအကြောင်း အထိမ်းအမှတ် ဖြစ်စေခြင်းငှာပေးထားတော်မူ၏။ ကိုယ်တော်သည် ဘုန်းတန်ခိုးတော်နှင့် ဒုတိယအကြိမ်ကြွလာတော်မူသည်တိုင်အောင် ဤပွဲတော်ကိုကျင်းပရကြမည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့အတွက် ကိုယ်တော်ပြုတော်မူသော အမှုကြီးကို ကျွန်ုပ်တို့သည် မိမိတို့၏စိတ်ထဲ၌ အမြဲသတိရစေဖို့ဖြစ်၏။

သခင်ခရစ်တော်သည် ပုံသက်သေအားဖြင့် ဘုရားသခင်၏ပွဲတော် မင်္ဂလာကိုမဝင်ဘဲနေခြင်းကို တားမြစ်တော်မူ၏။ ထင်ရှားစွာပြုကျင့်သော အပြစ်ကြောင့် အပြစ်ရှိသောသူသည် မပါမဝင်သည်မှာမှန်ပေသည်။ ဤ အရာကိုသန့်ရှင်းသောဝိညာဉ်တော်က ထင်ရှားစွာသွန်သင်ထားတော်မူ၏။ (၁ကော ၅း၁၁)။ သို့ရာတွင် ဤမျှထက်ကျော်လွန်၍ မည်သူမျှစစ်ကြောစီရင်ခြင်းမပြုအပ်။ မည်သူတို့သည် ဤအချိန်အခါများတွင် မိမိတို့ကိုယ်တိုင် ပါဝင်ရမည်ကို ဘုရားသခင်ကလူများအားပြောစေခြင်းငှာ အခွင့်ပေးထား တော်မမူ။ အကြောင်းမူကား မည်သူသည် စိတ်နှလုံးကိုသိရှိနိုင်သနည်း။ မည်သူသည် တောပင်တို့ကိုစပါးပင်တို့မှခွဲခြားသိရှိနိုင်သနည်း။ "လူတိုင်း ကိုယ်ကိုကိုယ်စစ်ကြောပြီးမှမုန့်ကိုစားစေ။ ထိုနည်းတူခွက်ကိုလည်း သောက်စေ။" အကြောင်းမူကား၊ "ဘုရားသခင်၏မုန့်နှင့်ခွက်ကို မထိုက်မတန်ဘဲ စားသောက်သောသူမည်သည်ကား ဘုရားသခင်၏ကိုယ်တော်နှင့်အသွေးတော်ကို ပြစ်မှားရာရောက်၏။" "မထိုက်မတန်ဘဲစားသောက်သောသူသည် ဘုရားသခင်၏ကိုယ်တော်ကိုပိုင်းခြား၍မသိသော ကြောင့် မိမိအပေါ်သို့အပြစ် ရောက်စေခြင်းငှာ စားသောက်သောသူဖြစ်၏" (၁ကော ၁၁း၂၈၊၂၇၊၂၉)။

မထိုက်မတန်သောသူများပါဝင်ကောင်းပါဝင်မည်ဖြစ်သောကြောင့် မည်သူမျှပွဲတော်မင်္ဂလာတွင်

မိမိတို့ကိုယ်တိုင်မပါမဝင်ဘဲမနေရကြ။ တပည့် တော်တိုင်းသည် လူအများနှင့်အတူပါဝင်ရန် ဖိတ်ခေါ်ခြင်းခံရကြသည်။ ထိုသို့အားဖြင့် သူသည်သခင်ခရစ်တော်ကို မိမိကိုယ်တိုင်၏ကယ်တင်ရှင်အဖြစ် လက်ခံကြောင်းသက်သေခံ၏။

မိမိ၏တပည့်တော်တို့နှင့်အတူ မုန့်နှင့်စပျစ်ရည်ကိုသုံးဆောင်တော် မူရာ၌ သခင်ခရစ်တော်ကိုယ်တော်တိုင် သူတို့၏ရွေးနုတ်ရှင်ဖြစ်တော်မူကြောင်း သူတို့အားကတိခံဝန်ချက်ကိုပြုတော်မူ၏။ ကိုယ်တော်သည် သူတို့အား ပဋိညာဉ်သစ်ကိုပေးတော်မူသဖြင့် ၎င်းအားဖြင့် ကိုယ်တော်ကိုလက်ခံသော သူအပေါင်းတို့သည် ဘုရားသခင်၏သားသမီးများဖြစ်လာကြလျက် သခင် ခရစ်တော်နှင့်အတူ အမွေခံရသောသူများဖြစ်ကြ၏။ ဤပဋိညာဉ်အားဖြင့် ဤအသက်တာဘဝနှင့်နောင်ကာလအသက်တာအတွက် ကောင်းကင်မှချပေး နိုင်သောကောင်းချီးမင်္ဂလာတိုင်းသည် သူတို့အဖို့ဖြစ်ကြ၏။ ဤပဋိညာဉ် စာချုပ်ကို သခင်ခရစ်တော်၏အသွေးတော်အားဖြင့် အတည်ဖြစ်စေရမည်။ ဤစာချုပ်ကိုစီမံပြုလုပ်ခြင်းမှာ တပည့်တော်တို့ရှေ့၌ကျဆုံးသော လူသတ္တဝါ အားလုံးအတွက် ထာဝရပူဇော်ခြင်းအမှုကြီးကို အသီးအသီးအတွက်ခွဲခြား ပြုမူတော်မူသကဲ့သို့ ထင်ရှားစေရန် စီမံထားခြင်းဖြစ်ပေသည်။

## ကျွန်အပေါင်းတို့၏ကျွန်

တပည့်တော်တို့သည် ညစာကျင်းပရာအခန်းထဲသို့ဝင်လာကြသော အခါ သူတို့၏စိတ်နှလုံးသည်နာကြည်း၍ မခံရပ်နိုင်သောသဘောနှင့်ပြည့် နေကြ၏။ ယုဒသည် သခင်ခရစ်တော်၏လက်ဝဲတော်ဘက်သို့ တိုးဝင်ချဉ်းကပ်၍ ယောဟန်သည် လက်ယာတော်ဘက်သို့ချဉ်းကပ်၏။ အမြင့်ဆုံးသောနေရာ တစ်စုံတစ်ခုရှိခဲ့လျှင် ယုဒသည် ထိုနေရာကိုယူရန်စိတ်ပြဋ္ဌာန်း၏။ ၎င်းပြင် ထိုနေရာသည် သခင်ခရစ်တော်နောက် အမြတ်ဆုံးနေရာဟုထင်မှတ်၏။ ၎င်းပြင် ယုဒသည် သစ္စာဖောက်သောသူဖြစ်၏။

စိတ်ဝမ်းကွဲပြားခြင်း၏အခြားအကြောင်းရင်းတစ်ခုသည် ပေါ်လာခဲ့ ပြန်၏။ စားသောက်ပွဲ၌ ကျွန်တစ်ယောက်သည် ဧည့်သည်တို့၏ခြေကို ဆေးကြောပေးရသောထုံးစံရှိသဖြင့် ဤအချိန်အခါအတွက်လည်း ထိုသို့ပြုလုပ် ရန်ပြင်ဆင်ထား၏။ ရေအိုး၊ အင်တုံနှင့်ခြေသုတ်ပဝါများသည် ခြေဆေး မင်္ဂလာအတွက် ထိုနေရာတွင်အသင့်ရှိ၏။ သို့ရာတွင် ကျွန်တစ်ယောက်မျှ မရှိသဖြင့် တပည့်တော်တို့၌ ထိုအမှုကိုဆောင်ရွက်ရန်တာဝန်ရှိ၏။ သို့သော် တပည့်တော်အသီးအသီးတို့သည် နာကြည်းသောစိတ်ရှိသဖြင့် ကျွန်၏တာဝန်

ကိုမဆောင်ရွက်ရန် စိတ်ပြဌာန်းထားကြ၏။ အားလုံးတို့သည် မဆိုင်သကဲ့သို့ အမှုမဲ့အမှတ်မဲ့နေကြလျက် မိမိတို့ပြုလုပ်ရန်ကိစ္စတစ်စုံတစ်ခုမျှမရှိဟု မသိမသာထင်မှတ်နေကြ၏။ သူတို့သည် တိတ်ဆိတ်စွာနေကြခြင်းဖြင့် မိမိတို့ ကိုယ်ကိုနှိမ့်ချဖို့ရန် ငြင်းပယ်နေကြ၏။

တပည့်တော်တို့သည် တစ်ယောက်ကိုတစ်ယောက်အစေခံခြင်းအတွက် ဘာမျှမပြုလုပ်ဘဲနေကြ၏။ သူတို့သည် မည်ကဲ့သို့ပြုကြမည်နည်းဟုသိမြင် ရန် သခင်ယေရှုသည် အနည်းငယ်ကြာစောင့်ကြည့်နေတော်မူ၏။ ထိုနောက် ဓမ္မဆရာတော်ကြီးဖြစ်တော်မူသော ကိုယ်တော်သည် စားပွဲမှထတော်မူ၏။ ကိုယ်တော်၏လှုပ်ရှားခြင်းကိုအနှောင့်အယှက်ဖြစ်စေမည့် အပေါ်ခြုံဝတ်ရုံကို ချွတ်တော်မူပြီးနောက် ခြေသုတ်ပဝါကိုယူလျက် မိမိ၏ခါးတွင်ပတ်စည်း တော်မူ၏။ တပည့်တော်တို့သည် အံ့သြစိတ်ဝင်စားခြင်းနှင့်ကြည့်လျက် နောက်တစ်ဖန်မည်ကဲ့သို့ပြုလိမ့်ဦးမည်နည်းဟု သိမြင်ရန်စောင့်နေကြ၏။ "ထိုနောက်မှ ရေကိုအင်တုံ၌လောင်း၍ တပည့်တော်တို့၏ ခြေကိုဆေးပြီးမှ ခါး၌စည်းသောပဝါနှင့်သုတ်တော်မူ၏။" ဤအပြုအမူကြောင့် တပည့်တော် တို့သည် မျက်စိပွင့်လင်းလာကြ၏။ သူတို့၏စိတ်နှလုံးသည် အလွန်ရှက် ကြောက်ခြင်း၊ နှိမ့်ချခြင်းသဘောနှင့်ပြည့်လာကြ၏။ သူတို့သည် နှုတ်အားဖြင့်ဖော်မပြသောဆုံးမခြင်းကို သိနားလည်လာကြသဖြင့် သူတို့ကိုယ်တိုင်အသစ်သောအလင်းတရားကိုမြင်လာကြလေ၏။

ထိုသို့အားဖြင့် သခင်ခရစ်တော်သည် မိမိတပည့်တော်တို့အပေါ်၌ ထားတော်မူသော မိမိ၏ချစ်ခြင်းမေတ္တာကိုဖော်ပြတော်မူ၏။ သူတို့၏ကိုယ် ကျိုးရှာသောသဘောသည် ဝမ်းနည်းခြင်းနှင့်ပြည့်ဝနေ၏။ သို့သော် သူတို့၏ အခက်အခဲနှင့်စပ်ဆိုင်၍ ကိုယ်တော်သည် သူတို့နှင့်အပြန်အလှန်ပြောဆိုခြင်း ကိုပြုတော်မမူ။ ထိုသို့ပြုရမည့်အစား သူတို့ဘယ်အခါမျှမမေ့နိုင်သောပုံသက်သေကို ကိုယ်တော်သည် သူတို့အားဖော်ပြတော်မူ၏။ သူတို့အတွက် ကိုယ်တော်၏မေတ္တာတော်သည် အလွယ်တကူပျက်စီးပျောက်ကွယ်မသွားချေ။ ခမည်းတော်သည် မိမိ၏လက်တော်ထဲသို့ ခပ်သိမ်းသောအရာတို့ကိုပေးတော် မူသည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ဘုရားသခင်ထံတော်မှကြွလာ၍ ဘုရားသခင်ထံကြွသွားတော်မူရသည်ကိုလည်းကောင်း ကိုယ်တော်သည်သိရှိ တော်မူ၏။ မိမိသည် ဘုရားဇာတိနှင့်ပြည့်စုံတော်မူကြောင်းကို ကိုယ်တော်သည်

အပြည့်အစုံသိနားလည်လာတော်မူ၏။ သို့ရာတွင် ကိုယ်တော်သည် မိမိ၏သရဖူနှင့်ဝတ်ရုံတော်ကိုချွတ်ပယ်ထားပြီးလျှင် အစေခံကျွန်၏ပုံသဏ္ဌာန် ကိုဆောင်ယူတော်မူ၏။မြေကြီးပေါ်၌ ကိုယ်တော်၏အသက်တာတွင် နောက်ဆုံး ပြုတော်မူသောအမှုတစ်ခုမှာ မိမိကိုယ်တော်တိုင်အစေခံအဖြစ်နှင့် ခါးစည်းကို စည်းလျက် အစေခံကျွန်၏တာဝန်ကိုဆောင်ရွက်ခြင်းအမှုပင်ဖြစ်သည်။

ကိုယ်တော်သည် တပည့်တော်တို့၏ခြေကိုဆေးကြောတော်မူသော်လည်း ဤအမှုသည် ကိုယ်တော်၏ဘုရားဇာတိကို အနည်းငယ်မျှ ယုတ်လျော့သွားစေသည်မဟုတ်ကြောင်းကို သခင်ခရစ်တော်က တပည့်တော် တို့အားသိရှိနားလည်စေခြင်းငှာ အလိုရှိတော်မူ၏။ "သင်တို့သည် ငါ့ကို အရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။ ထိုစကားလည်းဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်တို့ခေါ်ကြသည်အတိုင်း ငါမှန်၏။" ၎င်းပြင် အကန့်အသတ်မရှိ အလွန်ကြီးမြတ် တော်မူသောပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့် ကိုယ်တော်သည် ထိုအမှုကိစ္စတွင် ဂုဏ်အသရေရှိစေလျက် အဓိပ္ပါယ်ကိုလေးနက်စေတော်မူ၏။ မည်သူမျှ သခင်ခရစ်တော်လောက်မြင့်မြတ်ခြင်းမရှိကြ။ သို့သော် ကိုယ်တော်သည် အနိမ့်ကျဆုံးသောတာဝန်ကို ဆောင်ရွက်တော်မူ၏။ ဇာတိစိတ်နှလုံးထဲတွင် တည်ရှိ၍ ကိုယ်ကျိုးကိုရှာခြင်းဖြင့် ခိုင်ခံ့လာသော၊ ကိုယ်ကျိုးရှာတတ်သောစိတ်အားဖြင့် ကိုယ်တော်၏လူတို့သည် လမ်းမှားသို့မလိုက်မပါရကြမည် အကြောင်း သခင်ခရစ်တော်ကိုယ်တိုင်နှိမ့်ချခြင်းပုံသက်သေကို ပြတော်မူခဲ့၏။ ဤကြီးကျယ်သောအကြောင်းကြီးကို ကိုယ်တော်သည် လူတို့အား ပေးအပ်တော်မမူ။ ၎င်း၏အကျိုးကို ကိုယ်တော်သည် အလွန်ဂရုပြုတော်မူ သဖြင့် ဘုရားသခင်နှင့်တူညီတော်မူသော မိမိကိုယ်တော်တိုင်သည် မိမိ၏ တပည့်တော်တို့အား အစေခံကျွန်ကဲ့သို့ပြုတော်မူ၏။ သူတို့သည် အမြတ်ဆုံးသောနေရာအတွက် ငြင်းခုံနေကြစဉ် လူတိုင်းဒူးထောက်ရသောကိုယ်တော်၊ ဘုန်းတန်ခိုးရှိသောကောင်းကင်တမန်တို့ ကိုးကွယ်ရကြသောကိုယ်တော်သည် မိမိအားဘုရားသခင်ဟုခေါ်သောသူတို့၏ခြေကိုဆေးကြောရန် မိမိကိုယ်ကို ညွတ်တော်မူ၏။ ကိုယ်တော်သည် မိမိကိုအပ်နှံမည့်သူ၏ခြေကိုဆေးတော်မူ၏။

ယခုတပည့်တော်တို့၏ခြေကိုဆေးတော်မူပြီးနောက် ကိုယ်တော်က "ငါသည်သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ" ဟုမိန့်တော်မူ၏။ (ယော ၁၃း၁၅)။ ဤစကားများ၌ သခင်ခရစ်တော်သည် ဧည့်ဝတ်ပြုခြင်းအကျင့်အလေ့အထကိုသာ မိန့်မှာတော်မူသည်မဟုတ်။ ဧည့်သည်တို့၏ခြေမှဖုန်များကိုပယ်ရှားရန် ဆေးကြောခြင်းထက်သာ၍လေးနက် သောအဓိပ္ပါယ်ကိုဆိုလိုတော်မူ၏။ သခင်ခရစ်တော်သည် ဤနေရာ၌ဘာသာ ရေးနှင့်ဆိုင်သောအမှုတစ်ခုကို တည်ထားတော်မူခဲ့၏။ ကျွန်ုပ်တို့၏ဘုရားသခင် သည် ဤသို့ပြုတော်မူခြင်းဖြင့် ဤနှိမ့်ချခြင်းအမှုသည် ကိုယ်ကိုဆက်ကပ် ခြင်းမင်္ဂလာဖြစ်လာ၏။ တပည့်တော်တို့သည် နှိမ့်ချခြင်းနှင့်သူတစ်ပါး၏ အစေခံခြင်းအကြောင်းကို စိတ်ထဲ၌အမြဲမှတ်မိမည်အကြောင်း သူတို့သည် ဤအမှုကိုအမြဲစောင့်ရှောက်လိုက်နာရကြမည်။

## ပြင်ဆင်ခြင်းမင်္ဂလာ

ဤအမှုသည် ပွဲတော်မင်္ဂလာအတွက်ပြင်ဆင်ခြင်းပြုရန် သခင်ခရစ်တော်ကစီမံခန့်ထားသော ပြင်ဆင်ခြင်းအမှုဖြစ်သည်။ ကြီးမြတ်သော နေရာအတွက် မာနကြီးခြင်း၊ စိတ်သဘောကွဲခြင်းနှင့် ငြင်းခုံခြင်းသဘော တို့သည် တည်ရှိနေသမျှကာလပတ်လုံး၊ စိတ်နှလုံးသည် သခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းအခွင့်ကိုမရနိုင်။ ကိုယ်တော်၏အသွေး၊ အသားနှင့်ဆက်ဆံ ခြင်းရရှိရန် ကျွန်ုပ်တို့သည် ပြင်ဆင်ခြင်းမရှိကြ။ ထို့ကြောင့် ပထမဦးစွာ ကိုယ်တော်၏နှိမ့်ချခြင်းအကြောင်းသတိရစေရန် ပြတော်မူခဲ့သောအမှုကို လိုက်နာပြုလုပ်ရန် သခင်ယေရှုကစီမံခန့်ထားတော်မူခဲ့၏။

သူတို့သည် ဤအမှုကိုပြုလုပ်သောအခါ အသက်နှင့်ဘုန်းတန်ခိုး၏ အရှင်ဖြစ်တော်မူသော ကိုယ်တော်၏စကားတော်တို့ကို ဘုရားသခင်၏သားသမီး တို့သည် သတိရအပ်ကြသည်။ “သင်တို့၌ငါပြုခဲ့သောအမှုကိုနားလည်ကြသလော။ သင်တို့သည် ငါ့ကိုအရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍ လည်းကောင်း၊ ခေါ်တတ်ကြ၏။ ထိုစကားလည်းဟုတ်မှန်သောစကားဖြစ် ၏။ အကြောင်းမူကား သင်တို့ခေါ်ကြသည် အတိုင်းငါမှန်၏။ ငါသည် သခင်ဖြစ်လျက်၊ အရှင်ဘုရားလည်းဖြစ်လျက်နှင့် သင်တို့၏ခြေကိုဆေးလျှင် သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်။ ငါသည် သင်တို့၌ပြုသကဲ့ သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ။ ငါအမှန်အကန်ဆိုသည် ကား၊ ကျွန်သည် သခင်ထက်သာ၍ကြီးမြတ်သည်မဟုတ်။ တမန်သည်လည်း စေလွှတ်သောသူထက်သာ၍ကြီးမြတ်သည်မဟုတ်။ ဤအရာများကိုသင်တို့ သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏။ (ယော ၁၃း၁၂–၁၇)။

လူ၏စိတ်ထဲတွင် မိမိကိုယ်ကိုမိမိညီအစ်ကိုထက်သာ၍ မြတ်သည် ဟုထင်မှတ်ခြင်း၊ ကိုယ်ကျိုးအတွက်လုပ်ဆောင်ခြင်း၊ အမြင့်ဆုံးသောနေရာ ကိုရယူလိုခြင်းသဘောများရှိတတ်သည်။ ၎င်းပြင် မကြာခဏဤအကြောင်း ကြောင့် မကောင်းထင်မြင်ခြင်းနှင့် စိတ်သဘောဆိုးရွားခြင်းအမှုများဖြစ်ပေါ် လာတတ်၏။ ဘုရားသခင်၏ ပွဲတော်မင်္ဂလာမကျင်းပမီ ပြုရသောခြေဆေး မင်္ဂလာသည် ဤကဲ့သို့အလွဲထင်မြင်ခြင်းတို့ကိုပယ်ရှားပြီး ကိုယ်ကျိုးရှာ၍ ကိုယ်ကိုချီးမြှောက်ခြင်းအခြေအနေမှ မိမိညီအစ်ကို၏အစေကိုခံစေမည့် စိတ်နှလုံးနှိမ့်ချခြင်းအခြေအနေတိုင်အောင် နှိမ့်ချခြင်းကိုဖြစ်စေ၏။

ဤကဲ့သို့ပြင်ဆင်ခြင်းပွဲတွင် စိတ်ဝိညာဉ်ကိုစစ်ဆေးရှာဖွေခြင်း၊ အပြစ်ကိုသိမြင်၍ နောင်တရခြင်း၊ အပြစ်လွှတ်ခြင်းခံရပြီဟု အသေအချာသိရှိခြင်း မင်္ဂလာကိုခံယူရရှိစေခြင်းအမှုများဖြစ်လာစေရန် ကောင်းကင်မှစောင့်ကြည့် နေလျက်သန့်ရှင်းတော်မူသောအရှင်သည်

ကြွရောက်တည်ရှိနေတော်မူ၏။ ကိုယ်ကျိုးကိုသာရှာနေသောလမ်းကြောင်းတွင်စီးဆင်း နေသော ရေစီးတည်း ဟူသော စိတ်အကြံအစည်ကိုသခင်ခရစ်တော်သည် ကြွယ်ဝ သောကျေးဇူးတော်အားဖြင့် ပြောင်းလဲသွားစေတော်မူရန် ထိုနေရာ၌ရောက်ရှိနေ တော်မူ၏။ မိမိတို့ဘုရားသခင်၏ပုံသက်သေကိုလိုက်လျှောက်ကြသောသူတို့၏ အာရုံများကို သန့်ရှင်းသောဝိညာဉ်တော်က လျင်မြန်စွာထကြွနိုးကြားစေတော်မူ၏။ ကျွန်ုပ် တို့အတွက် ကယ်တင်ရှင်ကပြတော်မူသော နှိမ့်ချခြင်းအကြောင်းကို သတိရ ကြသောအခါ အကြံတစ်ခုနှင့်တစ်ခုဆက်သွယ်လာ၏။ ဘုရားသခင်၏ကြီးမြတ် သောကောင်းမြတ်ခြင်းကရုဏာအကြောင်း အောက်မေ့သတိရ သောအကြောင်း များနှင့် လောကမိတ်ဆွေတို့၏ကျေးဇူးပြုခြင်းနှင့်ကြင်နာစွာပြုမူခြင်းတို့ကို အောက်မေ့သတိရ သောအကြောင်းများသည် တစ်ခုနှင့်တစ်ခုဆက်သွယ်လာကြ၏။

ဤအမှုကိုမှန်ကန်စွာကျင်းပသောအခါတိုင်း ဘုရားသခင်၏သားသမီး တို့သည် သန့်ရှင်းသောဆက်သွယ်ခြင်းရှိလာကြလျက် တစ်ယောက်ကို တစ်ယောက် ကူညီမစပြီး ကောင်းချီးပေးတတ်၏။ အသက်တာကို ကိုယ်ကျိုး မရှာသောအမှု ဆောင်ရွက်ခြင်းအလုပ်၌ အသုံးပြုကြမည်ဟု သူတို့သည်ပဋိညာဉ် ပြုကြ၏။ ၎င်းပြင် ဤအမှုကိုအချင်းချင်းအတွက်သာ အသုံးပြုကြမည်မဟုတ်။ သူတို့လုပ်ဆောင်ရသော နယ်မြေသည် ဘုရားသခင်၏နယ်မြေလောက် ကျယ်ဝန်းလာ၏။ ကျွန်ုပ်တို့ကစောင့် ရှောက်ပြုစုပေးရမည့်သူတို့သည် လောကတစ်ခု လုံးတွင် ပြည့်ဝလျက်ရှိ၏။ ဆင်းရဲသောသူ၊ အားကိုးရာမဲ့သောသူ၊ မသိ နားမလည်သောသူတို့သည် နေရာတကာ ၌ရှိနေကြသည်။ အထက်ခန်း၌ သခင်ခရစ်တော်နှင့်အတူ ဆက်ဆံခွင့်ရကြသော သူတို့ သည် ကိုယ်တော်ပြုတော် မူသည်နည်းတူ ပြုလုပ်ရန်ထွက်သွားကြလိမ့်မည်။

လူအပေါင်းတို့က ကိုးကွယ်ကျွန်ခံသောသခင်ယေရှုသည် လူအပေါင်း တို့၏ ကျွန်ဖြစ်ရန် ကြွလာတော်မူ၏။ ၎င်းပြင် ကိုယ်တော်သည် လူအပေါင်း တို့၏အစေ ကိုခံတော်မူသောကြောင့် တစ်ဖန်ကိုယ်တော်အား လူအပေါင်း တို့ကအစေခံကြလျက် ချီးမြှောက်ကြလိမ့်မည်။ ၎င်းပြင် ကိုယ်တော်၏ဘုရား ဇာတိသဘောများကိုခံယူလို၍ ကိုယ်တော်နှင့်အတူရွေးနုတ်ခြင်းခံရသောဝိညာဉ် တို့ကို ဝမ်းမြောက်စွာတွေ့မြင်လိုကြ သောသူတို့သည် ကိုယ်တော်ကဲ့သို့ ကိုယ်ကျိုးမရှာဘဲ အမှုဆောင်ရွက်ခြင်းပုံသက်သေ ကို လိုက်လျှောက်ရကြမည်။

## သခင်ခရစ်တော်ဒုတိယကြွလာတော်မူခြင်းကို သတိပေးသောအရာ

သူတို့သည်စားပွဲ၌စုရုံးကြသောအခါ အလွန်ဝမ်းနည်းစရာကောင်း သောအသံဖြင့် ကိုယ်တော်ကဤကဲ့သို့မိန့်တော်မူ၏။ "ငါသည်အသေမခံမီ

ဤပသခါပွဲကို သင်တို့နှင့်အတူစားခြင်းငှာ အလွန်အလိုရှိလေပြီ။ ငါဆို သည်ကား ဘုရားသခင်၏နိုင်ငံတော်၌ ပသခါပွဲမပြည့်စုံမီတိုင်အောင် ယခုမှစ၍ ဤပွဲကိုတစ်ဖန်ငါမစားဟု မိန့်တော်မူလျက် ခွက်ဖလားကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ ဤခွက်ကိုယူ၍အချင်းချင်းဝေကြလော့။ ငါဆို သည်ကား ဘုရားသခင်၏နိုင်ငံတော်မတည်မီတိုင်အောင် ယခုမှစ၍ စပျစ် ရည်ကိုတစ်ဖန်ငါမသောက်ရဟု မိန့်တော်မူ၏" (လု ၂၂း၁၅–၁၈)။

သို့ရာတွင် ပွဲတော်မင်္ဂလာစည်းဝေးသည် ဝမ်းနည်းဖွယ်ရာကောင်း သောအချိန်အခါမဟုတ်၊ ဤအရာအတွက် ၎င်းကိုရည်ရွယ်ထားသည်မဟုတ်။ ဘုရားသခင်၏တပည့်တော်တို့သည် ကိုယ်တော်၏စားပွဲ၌စုရုံးကြသောအခါ သူတို့သည် မိမိတို့၏ ပေါ့ဆပျက်ကွက်မှုတို့ကိုသတိရလျက် ညည်းညူနေရ ကြမည်မဟုတ်။ မိမိတို့၏လွန်ခဲ့သောဘာသာရေးဇာတိတို့သည် မြင့်တင် ပေးခဲ့သည်ဖြစ်စေ၊ ရှုတ်ချခဲ့သည်ဖြစ်စေ ၎င်းတို့ကိုသူတို့သည် စိတ်စွဲလမ်း နေရကြမည်မဟုတ်။ မိမိတို့နှင့် မိမိတို့၏ညီအစ်ကိုမောင်နှမများစပ်ကြားတွင် ရှိနေသောသဘောကွဲလွဲမှုတို့ကို သူတို့သည်ပြန်၍စဉ်းစားနေရကြမည်မဟုတ်။ ပြင်ဆင်ခြင်းစည်းဝေးတွင် ဤအရာအားလုံးပါဝင်၏။ ကိုယ်ကိုစစ်ဆေးခြင်း၊ အပြစ်ကိုဖော်ပြဝန်ချခြင်း၊ သဘောကွဲလွဲမှုများအတွက် ပြန်၍မိတ်သဟာယ ဖွဲ့ခြင်းမှစသော အရာအပေါင်းတို့ကိုပြုလုပ်ပြီးစီးရမည်။

ယခုသူတို့သည် သခင်ခရစ်တော်နှင့်တွေ့ဆုံရန်လာကြသည်။သူတို့သည် လက်ဝါးကပ်တိုင်၏အရိပ်ထဲတွင်ရပ်နေရကြသည်။ သို့ရာတွင် ၎င်း၏ကယ်တင်သောအလင်းထဲတွင်ရှိနေကြသည်။ ဖြောင့်မတ်ခြင်းတရား နေမင်း၏တောက်ပသောအလင်းရောင်ဝင်ရောက်လာရန် သူတို့သည် မိမိတို့ ၏စိတ်ဝိညာဉ်ကိုဖွင့်ထားရကြမည်။ သခင်ခရစ်တော်ကိုယ်တော်တိုင်တည်ရှိ နေတော်မူကြောင်းကိုမမြင်ရသော်လည်း လုံလုံးသိရှိကြလျက် စိတ်နှလုံးကို ကိုယ်တော်၏အဖိုးအထိုက်ဆုံးသောအသွေးတော်နှင့်ဆေးကြောပြီးလျှင် "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်" ဟု ကိုယ်တော် မိန့်တော်မူသောစကားတော်ကို သူတို့သည်ကြားရကြလိမ့်မည်။ (ယော ၁၄း၂၇)။

သခင်ခရစ်တော်၏ကျိုးပဲ့သောကိုယ်နှင့် သွန်းသောအသွေး၏ပုံပမာ ဖြစ်သောမုန့်နှင့်စပျစ်ရည်ကို ကျွန်ုပ်တို့သည်ခံယူကြသောအခါ ကျွန်ုပ်တို့သည် အထက်ခန်း၌ပြုလုပ်သောပွဲတော်တွင် စိတ်အထင်အားဖြင့်ပါဝင်စားသောက် ကြ၏။ လောက၏အပြစ်ကိုဆောင်သွားသော ကိုယ်တော်၏နာကျင်မှုအားဖြင့် ဆက်ကပ်ထားသောဥယျာဉ်တွင် ကျွန်ုပ်တို့သည် ဖြတ်သွားနေကြသည်

ဟုထင်ရ၏။ ကျွန်ုပ်တို့သည် တိုက်လှန်ခြင်းအားဖြင့် ဘုရားသခင်နှင့်မိတ် သဟာယဖွဲ့ခြင်းကိုရကြ၍ ထိုတိုက်လှန်ပွဲအတွက်သက်သေခံကြ၏။ သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံတော်မူရကြောင်း ကျွန်ုပ် တို့အထဲ၌ဖော်ပြတော်မူ၏။

လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုခံတော်မူသော ရွေးနုတ်ရှင်ကို ကြည့်ခြင်းအားဖြင့် ကောင်းကင်ဘုရင်မင်းမြတ်ပြုတော်မူခဲ့သော ပူဇော်ခြင်း အမှု၏အလျား၊ အနံ၊ အနက်နှင့် ၎င်း၏အဓိပ္ပါယ်ကို ကျွန်ုပ်တို့သည်သာ၍ ပြည့်စုံစွာသိနားလည်လာကြ၏။ ကယ်တင်ခြင်းအကြံအစည်သည် ကျွန်ုပ် တို့ရှေ့၌ ဘုန်းတော်ပြည့်ဝ၍ ကရာနိကုန်းအကြောင်းကိုစဉ်းစားခြင်းဖြင့် ကျွန်ုပ် တို့၏နှလုံးထဲတွင်အသက်ရှင်၍ သန့်ရှင်းသောထကြွလှုပ်ရှားမှုများကိုဖြစ်စေ ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌လည်းကောင်း၊ နှုတ်မှလည်းကောင်း ဘုရားသခင် နှင့်သိုးသငယ်ကိုချီးမွမ်းလာကြလိမ့်မည်။ အကြောင်းကား ကရာနိ၏ရှုခင်းကို အမြဲသဖြင့်သတိရနေသောစိတ်ဝိညာဉ်ထဲ၌ မာနတရားနှင့်ကိုယ်ကိုဝတ်ပြု ကိုးကွယ်ခြင်းသဘောများကို မဖြစ်ပေါ်လာစေနိုင်ချေ။

ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ဘုရားသခင်၏ယဇ်ပူဇော်ခြင်းအမှုကြီးကို ဆင်ခြင်အောက်မေ့သော အခါ ဝိညာဉ်သည် သခင်ခရစ်တော်၏ဝိညာဉ်အသက် တာနှင့်ဆက်သွယ်လာ၏။ ထိုဝိညာဉ်သည် ပွဲတော်မင်္ဂလာတိုင်းမှ ဝိညာဉ် ခွန်အားကိုရရှိလာလိမ့်မည်။ ထိုပွဲတော်စည်းဝေးအားဖြင့် ယုံကြည်သောသူကို သခင်ခရစ်တော်နှင့်အမြဲဆက်ဆံချည်နှောင်ခြင်းကိုဖြစ်စေ၏။ ၎င်းပြင် ထိုသို့ အားဖြင့် ခမည်းတော်နှင့်ချည်နှောင်ဆက်သွယ်လာ၏။ အထူးအားဖြင့်ဆိုလျှင် အားကိုးနေရသောလူနှင့် ဘုရားသခင်ဆက်သွယ်စေ၏။

ပွဲတော်မင်္ဂလာစည်းဝေးသည် သခင်ခရစ်တော်ဒုတိယကြွလာတော် မူခြင်းကိုညွှန်ပြသည်။ ဤမျှော်လင့်ချက်ကို တပည့်တော်တို့၏စိတ်ထဲ၌ ထင်ရှားစွာတည်ရှိရန် ဤကဲ့သို့စီမံထားတော်မူ၏။ ကိုယ်တော်အသေခံတော် မူခြင်းကိုအောက်မေ့ဖို့ရန် သူတို့သည်စုဝေးကြသောအခါ မည်ကဲ့သို့ "ကိုယ်တော်သည်ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍ သင်တို့ရှိသမျှသည်သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ် တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှာ သွန်းသောငါ၏ အသွေးဖြစ်၏။ ငါဆိုသည်ကား ဤစပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော် ၏နိုင်ငံ၌ သင်တို့နှင့်အတူငါမသောက်ရမီနေ့တိုင်အောင် ယခုမှစ၍ တစ်ဖန် ငါမသောက်ရဟုမိန့်တော်မူ၏" ဟူသောစကားများကို ပြန်၍သတိရကြ၏။ (မ ၂၆း၂၇-၂၉)။ သူတို့သည် ဒုက္ခဆင်းရဲခြင်းရောက်ကြသောအခါ၌ သူတို့၏ဘုရားသခင်ကြွလာတော်မူခြင်းကို မျှော်လင့်ခြင်း၌စိတ်သက်သာခြင်းကို တွေ့ရှိရကြ၏။ "သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သောအခါ ဘုရားသခင်အသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြကြ၏" ဟူသောအချက်သည် သူတို့အဖို့ မပြောနိုင်လောက်အောင်အဖိုးထိုက်တန်၏။ (၁ကော ၁၁း၂၆)။

ဤနေရာတို့ကိုကျွန်ုပ်တို့သည် ဘယ်အခါမျှမမေ့သင့်။ သခင် ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်တကွ ၎င်း၏သွေးဆောင်နိုင်သောတန်ခိုးကို ကျွန်ုပ်တို့သည် အစဉ်အမြဲသတိရလျက်နေရကြမည်။ ကျွန်ုပ်တို့အတွက် ထင်ရှားစေသော

ဘုရားသခင်၏မေတ္တာတော်အကြောင်းကို သိနားလည်ကြ မည်အကြောင်း ဤပွဲတော်မင်္ဂလာကို သခင်ခရစ်တော်သည်တည်ထားတော်မူ၏။ သခင်ခရစ်တော်မှတစ်ပါး မည်သည့်နည်းအားဖြင့်မျှ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်နှင့် ဘုရားသခင်ကိုတစ်လုံးတစ်ဝတည်းမဖြစ်စေနိုင်။ သခင်ယေရှု ၏ချစ်ခြင်းမေတ္တာအားဖြင့် ညီအစ်ကိုမောင်နှမအချင်းချင်းတို့၏စည်းလုံးခြင်း နှင့် ချစ်ခြင်းမေတ္တာကို ထာဝရကာလတည်မြဲစေရမည်။ သခင်ခရစ်တော်၏ အသေခံတော်မူခြင်းထက် ကျွန်ုပ်တို့အတွက်ကိုယ်တော်၏မေတ္တာက အကျိုး ဖြစ်ထွန်းစေသောအခြားနည်းမရှိနိုင်ချေ။ ကိုယ်တော်အသေခံတော်မူခြင်းကြောင့်သာလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ဒုတိယကြွလာတော်မူခြင်းကို ဝမ်းမြောက်စွာမျှော်လင့်နိုင်ကြသည်။ ကိုယ်တော်၏ပူဇော်ခြင်းအမှုသည် ကျွန်ုပ်တို့မျှော်လင့်ရာအကြောင်း၏ဗဟိုချက်ဖြစ်သည်။ ဤအချက်ပေါ်၌ ကျွန်ုပ်တို့၏ယုံကြည် ခြင်းကိုတည်ထားရကြမည်။[၂]

-----*****----

(1) Ev., 273; (2) DA, 643-661.